
http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မဟာထေရ်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်

ဟောကြားတော်မူသော

# သစ္စာ(၄)ပါး

တရားတော်

အမှတ်စဉ် - ၂၇

ပဌမအကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ


ဟသာတမြို့ရှိ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင် ဓာတ်အစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏

ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဗြဟ္မာ-သိကြား စသည်များက၊ ထင်ရှားပြပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့်ရှု၍မျှော်၊

(လက်ဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း၌

ဟောကြား ဆုံးမတော်မူသော

(ဝိပဿနာလုပ်ငန်းစဉ်)

# နေ့အလုပ်ပေးတရားတော်

(အမှတ်စဉ်- ၂၇)

(ပဌမအကြိမ်)

http://www.dhammadownload.com

http://www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရား၏
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။
မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၇၇/၉၆(၈)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၅/၆၉ (၉)

ပဥ္စမအကြိမ် အုပ်ရေ-၁၀၀၀
၁၉၉၆-ခု၊ ဒီဇင်ဘာလ တန်ဖိုး-၁၅၀ ကျပ်
မျက်နှာဖုံး- ဣစ္ဆာသယ

**ဖြန့်ချိရာဌာန**
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့
အမှတ် (၈၂) နတ်မောက်လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးအောင်ချို မှတ်ပုံတင်အမှတ် (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းပြန့်ပွားရေးအဖွဲ့
အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဣစ္ဆာသယပုံနှိပ်တိုက်
ဒေါ်တင်ထွေးယဉ် (ပုံနှိပ်သူ ယာယီအမှတ် - ၄၆၇)
၁၁၃၊ ၂၄လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


| ရ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ။ | ဝေဒနာခေါ်ရာကို အသွားမလွဲစေနဲ့ ဝေဒနာနုပဿနာတရားတော် | ၁ |
| ၊ | ဒိဋ္ဌိအလေးစာတ်ကြီးပါသွားရင် သံသရာမှာ မြုပ်ကြရဦးမည့်တရားတော် | ၅၈ |
| ၊ | ငရဲရေသောက်မြစ်ပြုတ်ရေးတရားတော် | ၉၆ |
| ၊ | သက္ကာယအပေါ်၌ ဒိဋ္ဌိပြုတ်တဲ့တရား သက္ကာယ၌ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိသို့ နေ့အလုပ်ပေးတရားတော် | ၁၂၆ |
| ၊ | စိတ္တာနုပဿနာ (အခြေခံ) ၆–၁၀–၆၁ | ၁၅၅ |
| ၊ | ကိုယ့်ကိုယ်ကို ပဋိစ္စသမုပ္ပာဒ်နဲ့ဆုံးမနည်း | ၁၈၂ |
| ၊ | အလုပ်လုပ်လျှင် မဂ်ရနေပုံသစ္စာဒေသနာတော် | ၂၂၆ |
| ၊ | မှားသောအကျင့်နှင့် မှန်သောအကျင့် ကျင့်ကြသူများ လက်တွေ့ဝိပဿနာ | ၂၇၂ |
| ၊ | ဝေဒနာချုပ်ပြီး အနိစ္စတွေ့အောင်ရှု သေခါနီး ဝေဒနာချုပ်ပုံများ | ၃၁၈ |
| ၊ | ပဋိစ္စသမုပ္ပာဒ်စက်လည်ပုံ | ၃၆၈ |
| | ပဋိစ္စသမုပ္ပာဒ်အဝိုင်း စက်ရဟတ်လည်ပုံ | ၄၂၁ |
| | အဓိပတိသုံးပါးထား၍ တရားအားထုတ်ပါ၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပာဒ်ကိုသာ ဝိပဿနာရှုပါ | ၄၆၅ |

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း
## နမော ဗုဒ္ဓါယ သိဒ္ဓမ်

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ မရောက်မီ ဘုရားအလောင်းဘဝ၌ ရှိစဉ်က ဆင်ခြင်တွေးတောတော်မူသည်။ အဘယ်သို့ ဆင်ခြင်တွေးတောတော်မူသနည်းဆိုသော် သတ္တဝါတွေသည် ဆင်းရဲလေစွတကား၊ အလွန်ဆင်းရဲခြင်းသို့ ရောက်လေစွတကား၊ ပဋိသန္ဓေလည်းနေရ၏၊ အိုလည်းအိုရ၏၊ နာလည်းနာရ၏၊ သေလည်းသေရ၏၊ တစ်ဖန် ပဋိသန္ဓေလည်း နေရ၏၊ ဤသို့အားဖြင့် အိုလက်စမသတ်၊ နာလက်စမသတ်၊ သေလက် စမသတ်၊ တစ်ဖန် ပဋိသန္ဓေနေခြင်း လက်စမသတ်၊ ဤကဲ့သို့ မီးခိုးမဆုံး မိုးမဆုံး ရဟတ်ခြားပမာ တချာချာပတ်၍ တဖြစ်တည်းဖြစ်၊ တပျက်တည်း ပျက်လျက်နေသော သဘောတရား ဖြစ်ချေ၏တကား၊ သတ္တလောက တည်းဟူသော သတ္တဝါ တွေသည် ဤအိုမှု, နာမှု, သေမှု, တစ်ဖန်ပြန်၍ ပဋိသန္ဓေ နေရမှုတည်းဟူသော ဆင်းရဲအစုမှ ဘယ်သောအခါမှ သာလျှင်၊ အဘယ်တရားဖြင့်သာလျှင် ဤ အိုမှု, နာမှု, သေမှု, ပဋိသန္ဓေ နေမှုတည်းဟူသော ဆင်းရဲစုမှ ထွက်မြောက်ရာကို ရပါအံ့နည်း၊ ဤထွက်မြောက်ရာဖြစ်သော တရားသည်လည်း ငါ့အား အဘယ်သောအခါမှ ထင်မြင်နိုင်ပါအံ့နည်းဟု ဆင်ခြင်တော်မူသည်။

ဤသို့အားဖြင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသော တရားတို့သည် အဘယ်အကြောင်းရှိသော် ဖြစ်ပေါ်လာသနည်း...

http://www.dhammadownload.com



ဟူ၍ နောက်ဆုတ် ပဋိလောမနည်းဖြင့် ဆင်ခြင်တွေးတောတော်မူသည်၊ ဇာတိဟူသော တရားသည် အဘယ်အကြောင်း ရှိခဲ့သော် ဖြစ်ပေါ်သနည်း၊ ဇာဓိဟူသော တရားသည် အဘယ်တရား ရှိခဲ့သော် ဖြစ်ပေါ်သနည်း၊ ဇရာ, မရဏဟူသော တရားသည် အဘယ်တရားရှိခဲ့သော် ဖြစ်ပေါ်သနည်း၊ နောက်ဆုတ် - နောက်ဆုတ် တွေးတောတော်မူသည်။

တစ်နည်းဆိုသော် - ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အဆုံးကစ၍ ပဋိလောမနည်းဖြင့် ဇာတိ စသည်ဖြစ်ပေါ်ကြောင်း၊ ဇရာ စသည်ဖြစ်ပေါ်ကြောင်း၊ မရဏ စသည်ဖြစ်ပေါ်ကြောင်း လက်သည် အရင်းကို ရှာတော်မူသည်။

ဤသို့ ဆင်ခြင်တွေးတောတော်မူရာ-

၁။ ဤအကြောင်းတရား ဖြစ်ပေါ်သည်ရှိသော်
ဤအကျိုးတရားဖြစ်၏။

၂။ ဤအကြောင်းတရား မရှိခဲ့သော်
ဤအကျိုးတရားမရှိ။

၃။ ဤအကြောင်းတရား ဖြစ်ပေါ်ခြင်းကြောင့်
ဤအကျိုးတရားဖြစ်၏။

၄။ ဤအကြောင်းတရားချုပ်ခြင်းကြောင့်
ဤအကျိုးတရားချုပ်၏။

ဤအကြောင်းတရား - အကျိုးတရား ဆက်စပ်ပုံ၊ အကြောင်းကြောင့် အကျိုးဖြစ်ပုံ၊ အကြောင်းချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံ စသည်ကို ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း

http://www.dhammadownload.com



**သိမြင်တော်မူ၍ ဤအကြောင်း, အကျိုး ဆက်စပ်ပုံက တစ်ခုပြီး တစ်ခု လက်သည် အရင်းကျကျ ရှာဖွေ ဆင်ခြင်တော်မူရာ ဤသို့ ဆင်ခြင်တော်မူသည်၏ အဆုံး၌ အဝိဇ္ဇာ, တဏှာကို လက်ဆုပ်လက်ကိုင် မိတော်မူသည်။**

သို့ရာတွင် အဝိဇ္ဇာ, တဏှာသည် ဝေးသောအကြောင်းဟူ၍ ဤအချက်၌ မှတ်ထားကြစေလိုပါသည်။ သစ္စာဖွဲ့ပါက သမုဒယ သစ္စာ ဖြစ်သည်ဆိုသော အချက်ကိုလည်း မှတ်သားထားကြစေ လိုပါသည်။

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောတော်မူသည်မှာ သမုဒယတဏှာ လောဘသည် ဘုံဘဝကို လွန်စွာ နှစ်သက်တွယ်တာ တောင့်တခြင်း ဖြစ်သည်။ ဤဘုံဘဝကို တောင့်တသော တဏှာလောဘသည်လည်း ကုသိုလ်ကောင်းမှု ဖြစ်သော ဒါနမှုနှင့် ဆက်သွယ်ကြောင်း၊ မိဿကံဖြစ်နေကြောင်း ကိုလည်း ပေါ်လွင်အောင် အပြစ် အာဒီနဝကိုပြ၍ ဒကာ ဒကာမတို့အား လွန်စွာ သိရှိနားလည်ကြစေလိုတော်မူသည်။

ဖော်ပြခဲ့သည့်အတိုင်း ဆုတောင်းတဏှာကြောင့် ရ,ထားသော မိမိတို့ ခန္ဓာကြီးသည် လက်ရှိဘဝ အို, နာ, သေနှင့်အတူ အဖော်လုပ်ပြီး နေရသည်။ ထို...အို, နာ, သေဆိုသော တရားသည်လည်း သစ္စာဖွဲ့ပါက ဒုက္ခသစ္စာ အမှန်ပင်တည်း၊ မည်သည့် ဇာတိမဆို မည်သည့် ဇာတိရရ အို, နာ, သေနှင့်သာ တွဲနေရသည်ဆိုတာ မည်သူမျှ ငြင်းနိုင်ဖွယ် မရှိပေ။

ဆုတောင်းတဏှာ အဓိပ္ပာယ်ကိုလည်းကောင်း၊ ၎င်း၏ အပြစ်ကိုလည်းကောင်း ကျေးဇူးရှင် ဆရာတော်ကြီးသည် တွင်တွင်

http://www.dhammadownload.com



ကျယ်ကျယ်ကြီး နားလည်အောင် ဟောပြလေ့ရှိသဖြင့် တပည့် ဒကာ ဒကာမတွေ နားရည်ဝနေပြီး ၎င်းအဓိပ္ပာယ်နှင့် အပြစ် အာဒီနဝကို သိတန်သလောက် သိကြရပေသည်။

ဗုဒ္ဓမြတ်စွာသည် သံသရာရှည်လေသမျှ ဒုက္ခရှည် ခြင်းကြောင့် လွန်စွာမှပင် စက်ဆုပ်တော်မူသည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ၏ သားတော်ပီပီ ဒကာ ဒကာမတွေ သံသရာခရီးသည် အပြစ်နှင့် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်နှင့် ဇာတိအမျိုးမျိုးရပြီး သံသရာရှည်ပြီး ဒုက္ခတန်း ရှည်ကြမည်ကို အလွန်ပင် သနားတော်မူသည်။

ရှေ့ပိုင်းတွင် ဖော်ပြပြီးခဲ့သည့်အတိုင်း သံသရာရှည်ခြင်း သည် ဆုတောင်းကြောင့်၊ ဆုတောင်းခြင်းသည်လည်း ဘဝ တဏှာကြောင့်ဟု ပြဆိုခဲ့ရာ ရှင်းပြရန် လိုအပ်သည့်အတိုင်း အောက်တွင် ရှင်းလင်းဖော်ပြမည် ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်အတိုင်းဆိုပါက အို, နာ, သေ သည် ဇာတိကြောင့်ဟု ဆိုသည်။ (ဤနေရာ၌ အပယ် ဇာတိကို ထည့်၍ ပြောရန်ပင် မလိုပါ။)

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာများမှာ ပုဂံခေတ်ကစပြီး မည်သည့်ဥစ္စာမဆို လှူကြ, တန်းကြသည့်အခါ၌ ဆုတောင်း တစ်ပုံကြီး တောင်းကြကြောင်း ကျောက်စာများက သက်သေ ခံလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုမျှမကသေး ကျိန်ဆဲခြင်း များကိုပင် တွေ့ရပါသေးသည်။

မြန်မာစာ ထွန်းကားသော အင်းဝခေတ် တစ်ခေတ်လုံး ဆုတောင်း လွန်စွာမှပင် ခေတ်စားခဲ့သည်။ စာပုံနှိပ်စက်နှင့်

http://www.dhammadownload.com



စာအုပ်များ ပေါ်ပေါက်**လာသော အခါ**များ၌ကား…ဘုရားရှိခိုး အမျိုးမျိုး၊ ဆုတောင်း**အမျိုးမျိုး** ရိုက်နှိပ်ထုတ်ဝေ ရောင်းချကြပြန်သည်။ ဤသို့ **ခေတ်တစ်ခေတ်**၏ အမွေအနှစ်သည် တစ်ခေတ်သို့ ဆက်ခဲ့ပြန်သည်။ သို့နှင့်ပင် ဘာကလေးလှူလှူ ဆုတောင်းရမည်ဆိုသော အစဉ်အလာကြီးသည် အရိုးခိုက်အောင် စွဲခဲ့သည်။

ကျေးဇူးရှင် မဟာထေရ် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဤအစွဲကို ဗုဒ္ဓသာသနာတော်ဝင်း ခေတ်ပြင်သသောဖြင့် ပဋိစ္စသမုပ္ပာဒ် သစ္စာနှင့် ဟပ်၍ ဘဝတဏှာဖြစ်သော **ဆုတောင်းတဏှာ**၏ အပြစ်ကိုပြ၍ ဟောကြားတော်မူရာ **အချို့ချို့**က ဒါန ပယ်သလိုလိုပင် မတရားစွပ်စွဲကြသော အသံများ အနည်းငယ် ထွက်လာသေးသည်ဟု သိရသည်။ သို့သော် ဓမ္မမစ္ဆရိယသာ ဖြစ်ချေသည်။

ယခုအခါ၌ အမြို့မြို့အရွာရွာတွင် မိမိတို့ တတ်အားသမျှ ဆိုသလို လှူကြ၊ တန်းကြသည်မှာ ပြောစရာ မရှိအောင်ပင် ဖြစ်ပါသည်။ ရှင်ပြု – ကထိန်ခင်း – ဆွမ်းကြီးလောင်း – ကျောင်းကန်တန်ဆောင်း – ရေတွင်း – ရေကန် စသည်ဖြင့် ခြိမ့်ခြိမ့်သဲမျှ လှူကြ၊ တန်းကြသည်မှာ တကယ်မွန်မြတ်သော စေတနာသဒ္ဓါတရား ကြီးမားစွာဖြင့် လှူကြ၊ တန်းကြသည်ကို နှစ်ပေါက် တွေ့မြင်ကြရသည်မှာ ဝမ်းမြောက်မဆုံး ဖြစ်ပါသည်။ သို့ရာတွင် တစ်ဘဝထက် တစ်ဘဝ မြင့်သည်ထက် မြင့်အောင် ဆိုသော ဘဝကောင်းစားရေး ရည်ရွယ်ချက်ကလေးများ မပါဘူး… ဟူ၍ မဆိုနိုင်ပေ။

http://www.dhammadownload.com



**တစ်ဘဝထက် တစ်ဘဝ** မြင့်သည်ထက်မြင့်**အောင်ဟု** ရည်ရွယ်**ချက်ကလေးများ** တွေ့ရှိကြသည်ဆိုသည်မှာ **သတ္တု** ဖြန့်**လိုက်ခဲ့ပါလျှင် လူ့**ဘဝထက် နတ်ဘဝ၊ နတ်ဘဝထက် ဗြဟ္မာဘဝ စသည်ကို တောင့်တပြီး လှူကြ, တန်းကြသည်ဆိုလျှင် များမည် မထင်ပါ။

ထို့ကြောင့် ဇာတိရခဲ့လျှင် ဘာဇာတိရရ ဒုက္ခသစ္စာ ဖြစ်လေသောကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဤမျှ ပြင်ဆင် ဟောတော်မူခဲ့သည်ဟူ၍ ရိပ်မိကြလျှင် ဤတရားစာအုပ် ၁တ်ရကျိုး နပ်ပေလိမ့်မည်။

ဗုဒ္ဓမြတ်စွာသည် ဗြဟ္မာပြည်သို့ရောက်၍ **ကမ္ဘာပေါင်း** ၁၄၀၀၀ အသက်ရှည်ကြသော ရာမသား ဥဒကအားလည်း းကောင်း၊ ကမ္ဘာပေါင်း ၆၀၀၀၀ အသက်ရှည်သော **ကာလာမ** ၏သား အဠာရအားလည်းကောင်း အရှုံးကြီး ရှုံးလေစွ၊ အရှုံးကြီး ှုံးလေစွ...ဟူ၍ မြတ်စွာဘုရားသခင် ကရုဏာတော်နှင့် ၊မွှသံဝေဂဖြင့် ညည်းညူတော်မူလေသည်။

ဤသည်ကို ထောက်၍လည်းကောင်း၊ "ဇာတိပိဒုက္ခာ"ဟူ၍ းဟာတော်မူသော တရားတော်များကို ထောက်၍လည်းကောင်း၊ ၁ည်သည့်ဇာတိကို ရသည်ဖြစ်စေ ဇာတိရပါက ခန္ဓာရမည်ဖြစ်ရာ 'ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"ဟူ၍ တစ်ဖန် ဟောတော်မူသည်ကို းထာက်၍လည်းကောင်း စကြဝတေးမင်း ဇာတိကိုဖြစ်စေ၊ ပကြားမင်းဇာတိကိုဖြစ်စေ၊ ဗြဟ္မာမင်းဇာတိကိုဖြစ်စေ မည်သည့် ာတိကိုပင်ရရ "ဇာတိပစ္စယာ ဇရာမရဏ"ဟူ၍ လာသည့် ခတိုင်း ဇာတိရပါက ဇရာမရဏကို ရမည်မှာ မုချဖြစ်သည်။

http://www.dhammadownload.com



ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် ရေးမှုတွေကိုပယ်ပြီး ဇာတိချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကိုသာ တောင့်တ၍ လှူကြ, တန်းကြပါဟူ၍ ပြင်ဆင်ပေးတော်မူခြင်း ဖြစ်သည်။

ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးအား ရဟန်းတစ်ပါးက သုခနှင့်ဒုက္ခ ဟောတော်မူပါဘုရား--ဟု လျှောက်ထားရာ နောက်တစ်ဖန်ဖြစ်ခြင်းသည် ဒုက္ခ၊ နောက်တစ်ဖန် မဖြစ်ခြင်းသည် သုခဟူ၍ ဟောတော်မူသည်။

တစ်ဖန် ဖြစ်ခြင်းသည် ဇာတိပင်ဖြစ်ရာ တစ်ဖန်ဖြစ်လျှင် ဒုက္ခဟု ဆိုသောကြောင့် ဇာတိသည်ပင် ဒုက္ခဖြစ်သည်။

ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ ဇာတိ, ပစ္စယာ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဉပါယာသာ သမ္ဘဝန္တိ ဆိုသောကြောင့် ဇာတိရလျှင် အို, နာ, သေနှင့်တကွ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်း၍ ပင်ပန်းခြင်း၊ နှလုံးမသာယာခြင်း၊ သက်ကြီးရှိုက်ငင် ပင်ပန်းခြင်းတို့ ဖြစ်ပွားကုန်ဟူ၍ အဓိပ္ပာယ်ရှိသည်။

ကျွန်ုပ်တို့သည် မည်သူမျှ အို, နာ, သေကို မလိုချင်ကြပေ။ သို့ရာတွင် နောင်ဘဝကိုလှမ်း၍ အို, နာ, သေကို ဆုတောင်းကြပြန်သည်။ ဤသို့ ဆုတောင်းသော်လည်း တောင်းမှန်းမသိပေ၊ ဆိုသည်မှာ နတ်ဖြင့်ဖွင့်ဟ၍ အို, နာ, သေကို ဆုမတောင်းသော်လည်း စုတေမနေ သေသောအခါ၌ နတ်ဖြစ်ရကောင်းနိုးနိုး၊ သိကြားမင်းဖြစ်ရ ကောင်းနိုးနိုးဆိုသော မိမိ၏ တောင့်တမှုကို မသိဘဲ တောင့်တလျက် ရှိကြသည်သာ များ၏။ စဉ်းစားကြပါကုန်၊ မိမိကိုယ်မိမိ ဝေဖန်ကြပါကုန်၊ ပေါ်ပါလိမ့်မည်၊

http://www.dhammadownload.com



မည်သူမျှ ဖြစ်လေရာဘဝများ၌ ဆင်းရဲခြင်းတို့ အလိုမရှိကုန်၊ ထိုစကားသည် မှန်၏။

ကောင်းမှုပြုလျှင် ကောင်းကျိုးရမည် အမှန်ဖြစ်သည်။ (ဘုရားဟော) ကောင်းမှုပြုသူသည် ဆုတောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ ကောင်းကျိုးရမည်မှာ မုချပင်၊ ဥပမာ အားဖြင့် နမ်းအားလုံး ဆုံထဲတွင်ထည့်၍ ကြိတ်ပါက ဆုတောင်း သည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ ဆီထွက်ရမည် အမှန်ပင် ဖြစ်သည်။ ကျောက်စရစ်ခဲကို ဆုံထဲထည့်၍ ဆီ ထွက်ပါစေ သတည်းဟူ၍ မည်မျှပင် အာပေါက်အောင် ဆုတောင်းသော်လည်း မည်သည့်အခါမျှ ဆီထွက်မည် မဟုတ်ချေ၊ ထို့ကြောင့် ကုသိုလ် ကောင်းမှုပြုသူသည် ဆုတောင်းသည်ဖြစ်စေ၊ မတောင်းသည် ဖြစ်စေ အကျိုးပေးမြဲ တစ်ထစ်ချ ယုံကြည်နိုင်သည်။

သို့ရာတွင် ယခုဘဝ ခန္ဓာကြီး ရ,ထားသည်မှာ ဇာတိ ကြောင့်ဖြစ်ရာ ဇာတိသည်လည်း ဒုက္ခသစ္စာ၊ ခန္ဓာသည်လည်း ဒုက္ခသစ္စာပင် ဖြစ်ရကား ရပြီးသား ဒုက္ခသစ္စာ လက်ရှိဖြစ်ပါလျက် နောက်ဒုက္ခတစ်ခု ထပ်၍ ဆုတောင်းခြင်းသည် သင့်မသင့်–လျော်မလျော် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဒကာ ဒကာမများအား အသိဉာဏ်ရရှိ သဘောပေါက်ကြရန် ပြင်ဆင် နိုင်သမျှ ပြင်ဆင် ဟောပြတော်မူခဲ့သည်။

ခန္ဓာငါးပါးကို ဒုက္ခသစ္စာဟူ၍ နားမလည်, လည်အောင် ဆရာတော်ဘုရားကြီးသည် အပင်ပန်းခံ၍ ပြသတော်မူခဲ့သည်၊ တစ်ဖန် ဒုက္ခသစ္စာဟု နားလည်သဘောပေါက်ရန် အပင်ပန်းခံ၍ သင်ကြားပြသတော်မူပြန်သည်။ ဒုက္ခသစ္စာကို လက်ဝယ်ရှိပြီး

http://www.dhammadownload.com



ထားသူသည် နောက်တစ်ဖန် ဒုက္ခသစ္စာကို ထပ်၍ ဆုတောင်းယူခြင်းသည် လူလိမ္မာခေါ်မလား၊ လူမိုက်ဟုခေါ်မလား ဟူ၍ပင် ဒကာဒကာမ အရင်းများအား နာကြည်းအောင် ပြောဟောတော်မူခဲ့သည်။

ဤသို့ နာကြည်းအောင် ပြောဟောတော်မူခြင်းမှာလည်း ဖြစ်စဥ်ကိုက် ဟောတော်မူခြင်းဖြစ်ရာ ဆရာတော်ကြီးသည် မိမိအကျိုး လုံး၀မပါ၊ ဒကာ ဒကာမတွေအား သနားကရုဏာကြီးလွန်း၍သာ ဤမျှ ဒုက္ခခံ၍ အပင်ပန်းခံပြီး ဟောကြားတော်မူခြင်းဖြစ်ရာ ဤမျှ အပင်ပန်းခံပြီး ဟောကြားတော်မူသော တရားတော်များကို နားမလည်,လည်အောင် ဖတ်ကြပါရန် အထူးတိုက်တွန်းအပ်ပါသည်။

ဗုဒ္ဓဘာသာ၀င်ဟူ၍ အခေါ်ခံနေသူတိုင်း ဒုက္ခကို ဒုက္ခမှန်း သိကြဖို့ အလွန်အရေးကြီးပါသည်။ ဤစကားသည် မှန်ပါသည်။ ထိုမျှမကသေး ဒုက္ခဖြစ်ကြောင်းကိုလည်း ထို့နည်းတူ သိဖို့ အရေးကြီးသည်။ ဒုက္ခကို ဒုက္ခမှန်း မသိကြ၍ ဒုက္ခကိုပင် သုခထင်ပြီး တစ်ဖန် ဆုတောင်းယူနေခြင်း ဖြစ်သည် ဆိုရပေမည်။

ဒုက္ခဖြစ်ကြောင်းကိုလည်း ဒုက္ခဖြစ်ကြောင်းမှန်း မသိ၍ ဘ၀တဏှာဖြင့် ဆုတောင်းပြီး လှူဒါန်းနေကြခြင်း ဖြစ်ပါသည်။ ဒါနပြုခြင်းသည် ကုသိုလ်ကောင်းမှု ဖြစ်သည်။ ထိုဒါနကြောင့် ဘုံဘ၀ကို ဆုတောင်းယူခြင်း ဖြစ်သည်။ တဏှာဖြစ်သည်။ ထို့ကြောင့် အကုသိုလ်ခေါ်သည်။ အဖြူကံ, အမည်းကံ ရောနှောခြင်း ဖြစ်သည်။ အကျိုးပေးပါက ဘုံဘ၀တောင့်တလျှလျှင် ဘုံဘ၀ကို ရမည်ဖြစ်ရာ သံသရာစခန်းသတ် မဖြစ်နိုင်တော့ချေ။

http://www.dhammadownload.com



သံသရာဖြတ် ဖြစ်သော ဝိပဿနာအလုပ် – မလုပ်ဘဲနေပါက သံသရာရှည်မည် ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်လာခြင်းသည် သတ္တဝါများကို သံသရာတည်းဟူသော ဝဲဩဃမှထွက်၍ ဟိုမှာဘက်ကမ်း တည်းဟူသော နိဗ္ဗာန်သောင်ကမ်းကို ပို့ဆောင်ခြင်းငှာသာ ပွင့်တော်မူလာရာ လူ့စည်းစိမ်ကလေး, နတ်စည်းစိမ်ကလေး, ဗြဟ္မာစည်းစိမ်ကလေးမျှကို ပို့ပေးနိုင်အောင် ပွင့်ထွန်းပေါ် လာရခြင်း မဟုတ်ရကား သာသနာတော်နှင့် ကြုံလာတုန်း၊ သဒ္ဓါတရားရှိတုန်း၊ သူတော်ကောင်းတရား နာကြား ဆည်းကပ် ခြင်း၊ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ကို လုပ်ခြင်း စသော အလုပ်များကို မသေမဦးခင် ဉာဏ်ကဦးအောင် ကြိုးစားကြပါကုန်ဟူ၍ နှိုးဆော်တိုက်တွန်းအပ်ပါသတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်
ရန်ကုန်မြို့

http://www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူအပ်သော
ဝေဒနာခေါ်ရာကို အသွားမလွဲစေနဲ့

# ဝေဒနာ နုပဿနာ – တရားတော်

ပဋိစ္စသမုပ္ပာဒ်ကို ဒကာ ဒကာမတွေ...ပဋိလောမဆိုတဲ့ သဘောနဲ့ ပြန်ပြီးဟောနေတာသည် အမှား ပေါ်အောင်လို့ ဟောနေတယ်လို့ မောင်နိုင်၊ မောင်ဘမီတို့ မှတ်ရမယ် (မှန်ပါ့) ဒါကို မပြောလို့ရှိရင် အမှားဟာ မသိဘူး၊ ကိုယ့်ဟာကိုယ် မှန်တယ်ပဲ ထင်နေသေးတာပဲ...(မှန်ပါ့)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပာဒ် အဆုံးကနေပြီး သကာလ... ဒကာ ဒကာမတွေ စ,ပြပြီးတော့မှ ဝိပဿနာရှုပြီး သကာလ ၎င်း ပဋိစ္စသမုပ္ပာဒ် ဖြစ်ရမယ်ဆိုတဲ့ ဥစ္စာပေါ်လာပြီ...(မှန်ပါ့)။

ဒကာ ဒကာမတွေ အို,သေဆိုတဲ့ ဒီဘက်ကနစ်ခု ပြထားတယ်။ ဒီဘက်နှစ်ခုဟာ ဘာပါလိမ့်...(အိုသေပါဘုရား) ပါဠိလိုတော့ ဇရာ, မရဏပေါ့လေ...(မှန်ပါ့)။

အဲဒီ...ဇရာ မရဏ ဒကာ ဒကာမတွေမှာ အခု လက်ရှိလား၊ လက်မဲ့လားလို့မေးရင် ဘယ့်နှယ် ပြောကြမလဲ (လက်ရှိပါဘုရား)။

http://www.dhammadownload.com



လက်ရှိဖြစ်ပြီး သကာလနေတယ်ဆိုတာ အားလုံးသိပြီးသား ဖြစ်နေတော့ ဒီနှစ်ခုဟာလဲ သစ္စာအားဖြင့် ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

သစ္စာအားဖြင့်လဲ ဒုက္ခသစ္စာဖြစ်နေတယ်ဆိုတာ ရှင်းနေတော့ ဘုန်းကြီးတို့ဒကာဒကာမတွေမှာ ဘာရ,ရပါ လို၏... တွေ့ကြုံရပါလို၏ ...လို့ ဆုတောင်းကောင်း, မတောင်းကောင်း အခုကတည်းက ဝေဖန်ကြည့်ပါ... (မတောင်းကောင်းပါ ဘုရား)။

ဘာကြောင့်တုံး...လို့ အမေးထုတ်ခဲ့သော် ဒုက္ခသစ္စာ နှစ်ခု ဖြစ်နေသောကြောင့်လည်းကောင်း၊ ဇရာလဲ ဒုက္ခသစ္စာ၊ အိုမှုဆိုတာ ကိုယ်ကိုယ်တိုင်လဲ မအိုချင်တဲ့ စိတ်ထားက လူတိုင်းရှိကြပါလိမ့်မယ်၊ ကိုယ်ကိုယ်တိုင် မသေချင်တဲ့ စိတ်ထား ကလဲ လူတိုင်း ရှိကြပါလိမ့်မယ်။

အဲဒါကြောင့် ဒီဇရာ,မရဏဆိုတဲ့ တရားနှစ်ခု ပဋိစ္စသမုပ္ပာဒ် အဆုံး ဒီနှစ်ခုသည်ကားလို့ဆိုရင် ဆုတောင်း၍ မယူကောင်းသော တရား၊ တောင်းခဲ့သော ဒီပုဂ္ဂိုလ်သည် အကန်းမို့ တောင်းတာပဲလို့ ဆုံးဖြတ်ချက်ချ...(မှန်ပါ)။

ဇရာ, မရဏတွေ့ရပါလို၏လို့ တောင်းခဲ့သော် ဘယ်လို လုပ်ဆိုကြမလဲ...(အကန်းပါဘုရား)အဲ...အကန်းမို့တောင်းတာ၊ ဗာလ ပုထုဇဉ်လူမိုက်မို့ တောင်းတာဆိုတာကို ရဲရဲတင်းတင်း အခု ဒကာဒကာမတွေ ဆိုနိုင်ကြပလား... (ဆိုနိုင်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဪ...ဇရာ, မရဏတွေများ ဆုတောင်းယူတဲ့ ပုဂ္ဂိုလ်များ ဟာဖြင့် ဒုက္ခသစ္စာ မသိရှာလို့ဘဲလို့ ကိုခင်လှ ဆိုနိုင်မလား... (ဆိုနိုင်ပါတယ်ဘုရား)။

တောင်းကောင်း၊ မတောင်းကောင်း...(မတောင်းကောင်း ပါဘုရား)။

ဒုက္ခသစ္စာဆိုတာ ဒကာ ဒကာမတို့ ပိုင်းခြားထားပြီး သကာလ မင်းဟာမင်းနေရစ်ပါကွာလို့ ပြောရမှာနော်... (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာတို့နောက် မလိုက်ဘဲနဲ့ မင်းဟာမင်း နေရစ်လို့ ဒီလိုပိုင်းခြားပြီးသကာလ ထားရစ်ခဲ့ရမှာကို ဘုန်းကြီး တချို့မသိတဲ့ ဒကာ ဒကာမတွေက လူ့ပျို့ပျို့ရွှယ်ရွှယ်ကလေး ဖြစ်ရပါလို၏ ဆိုရင် လူ့အိုက နေမှာမဟုတ်ပါဘူး...(မှန်ပါ့) နေပါ့ မလား...(မနေပါဘုရား)။

လူပျို့ ဖြစ်ရပါလို၏ ...ဆိုရင် လူ့အို လိုက်လာမယ်ဆိုတာ သဘောကျပလား...(ကျပါပြီဘုရား) လူ့သေ လိုက်လာမယ် ဆိုတာကော...(သဘောကျပါပြီ) အဲဒါ ဘာသစ္စာတွေတုံး... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ပျို့နေတာ၊ သူ့သဘောကတော့ဖြင့် အိုဘက်သွားနေတယ်၊ သေဘက်သွားနေတယ်ဆိုတာ ငြင်းစရာ မရှိအောင် မှန်ပါတယ်လို့ ဆုံးဖြတ်ချက် ချပါ...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီ ဇရာ မရဏသည် ဘုန်းကြီးတို့ ဒကာ ဒကာမတွေပဲ စဉ်းစားကြပါတော့၊ လာစရာအကြောင်း မရှိဘဲနဲ့တော့ မလာတန်ဆိုတဲ့ အိမ်မှာ ဧည့်သည် ရောက်လို့ရှိရင် လာစရာ အကြောင်းရှိလို့ သူလာသလို၊ သူဘယ်က လာပါလိမ့်မတုံး ဆိုတဲ့ လက်သည်အကြောင်းတော့ ရှာဖို့ ကောင်းတယ်... (မှန်ပါ့)။

ကောင်းတဲ့အခါကျလို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ လက်သည်ရှာရင် ဇာတိပဲတွေ့မယ် (မှန်ပါ့) လက်သည်ရှာရင် ဘာတွေ့မလဲ...(ဇာတိတွေ့ပါမယ်ဘုရား)။

ဒါကြောင့် ဘုရားက ဇာတိပစ္စယာ ဘယ့်နှယ်ဟောသလဲ... (ဇရာမရဏပါဘုရား) ဇာတိပစ္စယာ၊ ဇရာ မရဏလို့ ကိုစောမောင်တို့ ဆိုထားတော့ သြော် ဇာတိရှိလို့ ဇရာ မရဏ လာတာကိုး... (မှန်ပါ့ဘုရား)။

ဇာတိ အကြောင်းမဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား) ဇရာ မရဏက (အကျိုးပါဘုရား) အကျိုးဖြစ်နေတော့ ဒါဖြင့် ဇရာ မရဏသာ ဆုမတောင်းကောင်းတာ မဟုတ်သေးပါဘူး၊ ဇာတိကိုလဲ မတောင်းကောင်းပါဘူး...(မှန်ပါ့) သဘောပါကြပလား...(ပါပါပြီဘုရား)။

ဇာတိကိုကော... (မတောင်းကောင်းပါ ဘုရား) ဘာကြောင့်တုံးလို့ ဆိုရင်ဖြင့် ဇာတိလို့ရှိရင် ဇရာ မရဏ လုပ်မယ့် လက်သည်တစ်ယောက်ပဲလို့ ကိုစောမောင်တို့ ပြောလို့ ရှိရင် ငြင်းနေဖို့ မလိုတော့ဘူး...(မလိုပါဘုရား)။

http://www.dhammadownload.com



မလိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ဇာတိကြောင့် ဇရာ မရဏဖြစ်နေတာ အထင်အရှားဖြစ်ပြီး သကာလနေတော့ အင်း...ဒီဥစ္စာသည်ကားလို့ ဆိုရင် ဇာတိ တောင်းရင် ဇရာ မရဏ လိုက်လာမှာပဲနော်...(မှန်ပါ့ဘုရား)။

ပဋိသန္ဓေနေမှု တောင်းတဲ့ပုဂ္ဂိုလ်သည် အိုမှု, သေမှုတို့ဖြင့် ရှောင်လွှဲလို့ လွတ်ကင်းစရာအကြောင်း မရှိဘူး...(မှန်ပါ့) ရှိပါ့မလား (မရှိပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဇရာ မရဏနဲ့ ဇာတိ ဘယ်ဟာ ကြောက်စရာကောင်းသတုံး (ဇာတိ ကြောက်စရာကောင်းဝါ တယ် ဘုရား)။

ဘာကြောင့်တုံးဆိုတော့ အကြောင်းဖြစ်နေလို့ (မှန်ပါ့) အကြောင်းဆိုတော့ အကျိုးကိုဖြင့် ပေးတော့မှာပဲ ဆိုတာ မှန်နေမယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒီဇာတိကို ဒကာ ဒကာမတွေက တစ်ခါ ဘယ်ကလာသတုံး၊ ဇာတိ ဘယ်ကလာပါလိမ့် မတုံးလို့ ဒကာ ဒကာမတွေက လက်သည် ရှာလိုက်လို့ရှိရင်ဖြင့် တွေ့မှာပဲ။

ဇာတိဟာ ကံလုပ်တဲ့ ပုဂ္ဂိုလ်က လာတာ (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား) ဇာတိကဘာတုံး (ကံလုပ်တဲ့ ပုဂ္ဂိုလ်က လာတာပါဘုရား)။

ဒါကြောင့် ပါဠိတော်သာ ရွတ်ကြပေတော့၊ ခင်ဗျားတို့ ဘယ့်နှယ့်တဲ့တုံး၊ ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား)။

http://www.dhammadownload.com



ဟော...ဒါဘုန်းကြီးကပြောတာမဟုတ်ပါဘူး။ သူ့ဖြစ်စဉ်အတိုင်း ဓမ္မသဘောကို ဒီဟာတွေ ဘုရားက နာမည်တပ်ပေးတာ (မှန်ပါ့ဘုရား)။

ဖြစ်စဉ်ကို နာမည်တပ်ပေးတာ၊ ဘုရားမပွင့်လဲ သတ္တဝါတွေမှာ ဒီပဋိစ္စသမုပ္ပါဒ်အတိုင်း သွားနေကြတော့ ဘုရားပွင့်လာတော့ နာမည်တပ်ပေးတာသာ ရှိတယ်လို့ ကိုစံလှတို့၊ ကိုစောမောင်တို့ မှတ်ရမယ်...(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကံလုပ်တဲ့ ပုဂ္ဂိုလ် ဘာရမလဲ...(ဇာတိရပါ့မယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးက ပြောလိုက်တယ်။ မင်းတို့ ကံမလုပ်ကြနဲ့ ဆိုလို့ရှိရင် ဒကာဒကာမတွေဟာ ဆက်နေမှာစိုးတဲ့အတွက် ကံမလုပ်ပါနဲ့ ဉာဏ်လုပ်ပါလို့ သွင်းလိုက်တယ်နော်... (မှန်ပါ့ဘုရား)။

ဥပမာမယ် ဒါနပေးလိုက်တယ်။ ဒုက္ခ ဝဋ်မှကျွတ်တဲ့ နိဗ္ဗာန်ရောက်ရပါလို၏ ဆိုရင် ဒီကံသည် ဒကာ ဒကာမတို့ ဉာဏ်ဦးစီးတယ်...(မှန်ပါ့ဘုရား)။

ဒုက္ခဝဋ်မှ ကျွတ်မှ ကျွတ်ရပါလို၏ ဆိုတော့ ဒုက္ခမြင်တာ ကံလား၊ ဉာဏ်လား...(ဉာဏ်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာတို့ မနေ့က ပြောခဲ့တယ်။ ကံအမိ ကံအဖ ဖြုတ်ပြီး ဉာဏ်အမိ, ဉာဏ်အဖကလေး ဒီနေရာ

---

* ဝဋ္ဋဒါနမလုပ်ဘဲ ဝိဝဋ္ဋဒါန လုပ်ပါဟု ဆိုသည်။

http://www.dhammadownload.com



တပ်လိုက်လို့ရှိရင် ကိုစောမောင် ပြီးသွားတယ်...(မှန်ပါ့) မပြီးဘူးလား...(ပြီးပါတယ် ဘုရား)။

လှူကြ, ပေးကြ, ကမ်းကြပေါ့ဗျာ...(မှန်ပါ့) သို့သော် ဉာဏ်အမိ, ဉာဏ်အဖကို ဒုက္ခမြင်တဲ့ လှူဒါန်းပေးကမ်းခဲ့သည် ရှိသော် ဇာတိဒုက္ခသစ္စာ ရပါ့မလား...(မရပါဘုရား)။

ဇရာ မရဏ ဒုက္ခသစ္စာကော...(မရပါဘုရား) ဒါဖြင့် ဇာတိ ဇရာ မရဏ ဒုက္ခသစ္စာ လွတ်တယ်လို့ မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ် ဘုရား)။

ဒါက ဝိပါက ဝဋ်တဲ့၊ ဝိပါက ဝဋ်ဆိုတာ ဟောဒီအကြောင်းကြောင့် ဟောဒီအကျိုးတွေ လာတာ၊ အကျိုးဆိုတာ ဝိပါက သဘောကျပလား...(ကျပါပြီဘုရား) ဒီဝိပါကဝဋ် ကိုစောမောင် ကျွတ်, မကျွတ်...(ကျွတ်ပါတယ် ဘုရား)။

ဒါဖြင့် မလှူနဲ့၊ မပေးနဲ့၊ မကမ်းနဲ့ဆိုတာလား... (ဉာဏ်ဦးစီး လိုက်လို့ ဆိုတာပါဘုရား)။

ဉာဏ်ဦးစီး လိုက်တဲ့အခါကျတော့ကို အနာဂတ်ဘဝဖြစ်တဲ့ ဒီသုံးခုဟာ အနာဂတ်ဘဝပဲ...(မှန်ပါ့)အနာဂတ်ဘဝဖြစ်တဲ့ ဇာတိ ဇရာ မရဏ ချုပ်ရာကိုသာလျှင် ရချင်တဲ့ဆန္ဒ ပြင်းပြပြီး လုပ်လို့ရှိရင် ခန္ဓာကိုယ်ပေါင်နှံပြီး သကာလ လှူပါတဲ့။ ကျေးဇူးများပါတယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီ ဘုရား)။

ထောင်ကျချင်လို့ မလုပ်နဲ့၊ ထောင်ထွက်ချင်လို့ ငွေထိုးရင် ကောင်းတယ်၊ ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



**ငွေထိုးတဲ့ ပုဂ္ဂိုလ်မှာလဲ ဒကာ ဒကာမတို့ အမျိုးမျိုးရှိတယ်နော်။** ထောင်ကျချင်လို့ ငွေထိုးတဲ့ ပုဂ္ဂိုလ်ကျတော့ **မောင်နိုင်မောင်ဘမိုတို့က ဘယ့်နှယ် အမှုသည်ပါ လိမ့်မတုံး၊ ကိုယ်ထောင်ကျဖို့ ကိုယ်ငွေထိုးရတယ်။**

ကျုပ်ကို ထောင်ချဖြစ်အောင် ချပါလို့ ငွေထိုးတဲ့ အမှုသည်ကျတော့ ဒကာ ဒကာမတွေက ဘယ်လိုဆိုကြမလဲ . . . (လူမိုက်ပါဘုရား)။

ကိုစောမောင် . . .(မှန်ပါ့ လူမိုက်ပါဘုရား) ထောင်လွတ်ချင်လို့ ငွေထိုးခဲ့သော် . . .(လူလိမ္မာပါဘုရား)။

ဒီမှာလဲ ဒကာ ဒကာမတို့ ထောင်လွတ်ချင်လို့ ခင်ဗျားတို့ အလှူအတန်းတွေဆိုတာ ငွေကုန်ကျတာပေါ့။ သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီတော့ ထောင်လွတ်ချင်လို့ ငွေထိုးလို့ ရှိရင်ဖြင့် **ဇာတိထောင်၊** ဇရာ မရဏထောင်၊ ဗျာဓိ သောကပရိဒေဝထောင်ကြီးထဲ ကျစရာ ရှိသေးရဲ့လား . . .(မရှိပါဘုရား)။

အဲဒီတော့ တူပေမယ့်လဲ ငွေထိုးတာနဲ့ အတူတူပါပဲတဲ့။ ဒကာ ဒကာမတို့ ထောင်လွတ်ချင်လို့ ငွေထိုးရင် လူလိမ္မာ . . . (မှန်ပါ့) ဒါဆိုထိုက်မထိုက် . . .(ဆိုထိုက်ပါတယ် ဘုရား)။

လောကဖြစ်စဉ်လဲ ဒီအတိုင်းလို့ မပြောနိုင်ကြဘူးလား . . . (ပြောနိုင်ပါတယ် ဘုရား) ဒီမှာလဲ လှူကြ, ပေးကြ, ကမ်းကြ ဇာတိထောင်၊ ဇရာမရဏထောင် ကျအောင်တော့ ကိုစောမောင်

http://www.dhammadownload.com



ဒီအလှူမပေးနဲ့...(မှန်ပါ့) ဇာတိထောင်၊ ဇရာမရဏထောင်မှ လွတ်တဲ့အလှူမျိုးကျတော့...(ပေးပါဘုရား)။

ဒါဖြင့် ဇာတိကို ဒုက္ခသစ္စာမှန်း၊ ဇရာကို ဒုက္ခသစ္စာမှန်း၊ မရဏကို ဒုက္ခသစ္စာမှန်းသိတဲ့ ပုဂ္ဂိုလ်မှာလဲ ထောင်ထွက်တဲ့ အလုပ်လုပ်မှာကိုးဗျ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

ထောင်ထွက်တဲ့ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်က သစ္စာသိတဲ့ ပုဂ္ဂိုလ်မှ လုပ်တာ ကိုစံလှ...(မှန်ပါ့) သစ္စာ မသိတဲ့ ပုဂ္ဂိုလ်က... (မလုပ်ပါဘုရား)။

ဒီထောင်ပဲ ကျချင်တယ်၊ နောက်ဘဝလူဖြစ်ရပါလို၏ ဆိုတော့ ဒီဇာတိ ဖြစ်ရပါလို၏၊ ဒီဇရာ၊ မရဏ ဖြစ်ရပါလို၏ ဆိုတော့ ဒကာ ဒကာမတို့ ဒါတွေဟာ ထောင်ကြီး သတ်သတ်ပဲ ဆိုတာကော သဘောကျပလား...(ကျပါပြီ ဘုရား)။

ဒါဖြင့် ကိုစံလှတို့၊ ကိုစောမောင်တို့ သစ္စာမသိတဲ့ ပုဂ္ဂိုလ် လှူမှုတန်းမှုဟာဖြင့် ထောင်ကျဖို့ ငွေထိုးတဲ့ ပုဂ္ဂိုလ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

ဘာမသိတဲ့ ပုဂ္ဂိုလ်ပါလိမ့်...(သစ္စာမသိတဲ့ ပုဂ္ဂိုလ်ပါ ဘုရား)အဲ သစ္စာမသိတဲ့ ပုဂ္ဂိုလ် လှူမှုပေးမှု၊ ကမ်းမှု၊ လုပ်ခဲ့သော် လောကပုံပြင်မှာ ဘယ်သူနဲ့ တူသတုံးဆိုလို့ ရှိရင်ဖြင့် ရိုပ်မိကြပလား...(ရိပ်မိပါပြီ ဘုရား)။

ကိုယ်ထောင်ကျချင်လို့ ဘာလုပ်တာတုံး...(ငွေထိုးတာပါ ဘုရား) ကောင်းကြသေးရဲ့လား...(မကောင်းပါဘုရား)။

http://www.dhammadownload.com



ဒါ ဝဋ်ဆုတောင်းတဲ့ ပုဂ္ဂိုလ်၊ ဟောဒီ ဝဋ်သုံးခု ဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ထောင်ကျချင်လို့ ငွေထိုးတာနဲ့ အတူတူပဲ ... (မှန်ပါ့ဘုရား)။

မှန်မှန်ပြောလို့ရှိရင်ဖြင့် ဒါဟာ ဦးဘလေး ငြင်းဖို့ လိုသေးသလား ...(မလိုပါဘုရား) ဘာသစ္စာတုံးသာ အကဲခတ်လိုက်တော့၊ ဘာမှ ငြင်းမနေနဲ့တော့၊ ဒီသုံးခုဟာ ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါ ဘုရား)။

ကြည့် ဓမ္မစကြာသွားကြည့်လဲ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ ဆိုတာ ဘုရားအဆူဆူ မစွန့်တဲ့ တရားပါပဲတဲ့။ ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာချည့်ပြောတာပဲ၊ ကိုစံလှ ငြင်းနေဖို့ လိုသေးသလား ...(မလိုပါဘုရား)။

ဒါဖြင့် လူ့ဇာတိလဲ ...(ဒုက္ခသစ္စာပါ ဘုရား) နတ်ဇာတိကော ...(ဒုက္ခ သစ္စာပါဘုရား) ဗြဟ္မာဇာတိကော ...(ဒုက္ခသစ္စာပါ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခမရောက်အောင် လူ့ပြည်ရောက်ကြောင်း၊ နတ်ပြည်ရောက်ကြောင်း၊ ဗြဟ္မာ့ပြည်ရောက်ကြောင်းလုပ်တဲ့ ပုဂ္ဂိုလ်များသည် ဒုက္ခရောက်ချင်လို့ လုပ်တာ (မှန်ပါ့ဘုရား)။

ဒါ ဘယ်သူ့မှ မပြောဘဲနဲ့ မှန်နေတဲ့ စကားပဲလို့ဆိုရင် မောင်နိုင်၊ မောင်ဘမိုတို့ ငြင်းဖို့လိုသေးသလား ...(မလိုပါ ဘုရား) ပေါ်ကြပလား ...(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ ပြင်ဖို့ဆင်ဖို့သည် ကားလို့ဆိုရင် လှူဒါန်း ပေးကမ်းတိုင်း၊ တရားဓမ္မကြိုးစား

http://www.dhammadownload.com



**တိုင်း ဒကာဒကာမတို့သည် ဒီဒုက္ခသစ္စာမှ လွတ်ချင် ကျွတ်ချင်လို့ လှူဒါန်းပေးကမ်းမှသာလျှင် ဒုက္ခကျွတ်မှာပဲ၊ ကိုစောမောင်ရ . . .** (မှန်ပါ့ဘုရား)။

ဒုက္ခရချင်လို့ လုပ်ခဲ့သော် ရမှာပဲ။ ဒုက္ခပဲ ပြန်ရမယ် ဆိုတာ သဘောပါပလား . . .(ပါပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဒီကံသည် နှစ်မျိုးရှိတယ်ဆိုတာကော သဘောကျပလား . . .(ကျပါပြီ ဘုရား) ဉာဏ်ဦးစီးတဲ့ ကံ၊ တဏှာ ဦးစီးတဲ့ကံ၊ ရှင်းပလား . . .(ရှင်းပါပြီ ဘုရား)။

ဘယ်ကံကို ရှောင်ရမှာတုံး . . .(တဏှာဦးစီးတဲ့ ကံကို ရှောင်ရမှာပါ ဘုရား) ဉာဏ်ဦးစီးတဲ့ ကံကို ဆောင်ရမယ် . . . (မှန်ပါ့ဘုရား)။

ဒါကလေးပြင်ဖို့တော့ ကိုစောမောင်တို့ ဝန်လေးစရာ မလိုပါဘူး . . .(မလိုပါဘုရား) မောင်နိုင် မောင်ဘမိုတို့ကော . . . (မလိုပါဘုရား)။

မလိုပါဘူးကွ၊ ငွေထိုးပြီး ထောင်ကျခံတာတော့ ဒီထက် မိုက်တာ မရှိဘူး။ မင်းတို့ပဲ တွေးကြပါတော့ဟဲ့။ ရာတွေ့စရာ ရှိသေးသလား (မရှိပါဘုရား) ကိုစံလှရေ . . .(မရှိပါဘုရား)။

ဒီနေရာမှာ ကံလုပ်တဲ့အခါမှာ ကိုစံလှ အတော် ငွေကုန် တယ် . . .(မှန်ပါ့)။ အတော်ခြိုးခြံပြီး လုပ်ကြရတယ် ဆိုတာကော သဘောပါပလား . . .(ပါပါပြီဘုရား)။

**အဲဒီမှာ လုပ်လဲ လုပ်ရသေးတယ်။ ဇာတိ, ဇရာ, မရဏာထောင်ထဲလဲ ကျရသေးတယ်ဆိုတော့ ဩော် ဒါဖြင့်**

http://www.dhammadownload.com



အင်မတန် ဆိုးဝါးတဲ့ လူမိုက်တို့၏ လမ်းပဲလို့ ဆိုလို့ ရှိရင်လဲ မငြင်းကြပါနဲ့တော့...(မှန်ပါ့)။ ငြင်းဖို့ လိုသေးသလား... (မလိုပါဘုရား)။

ဘယ်သူတို့၏ သွားရာလမ်းပါလိမ့်... (လူမိုက်တို့၏ သွားရာလမ်းပါဘုရား) လူမိုက်တို့၏ သွားရာလမ်းဆိုတာ ကောင်းကောင်း ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ နေရာကျပြီ ဆရာဘုန်းကြီးသည် အထွတ်အထိပ်ဖြစ်တဲ့ ဒုက္ခ ဝဋ်မှ ကျွတ်တဲ့ အလူမျိုး အတန်းမျိုးကိုသာလျှင် ဒကာ ဒကာမတွေ ကြိုးစားကြပါ ဆိုတာ တိုက်တွန်းတယ်နော်...(မှန်ပါ့ဘုရား)။

ဒုက္ခရောက်မယ့် ငွေထိုးထောင်ကျအလုပ်ကိုဖြင့် ကိုစောမောင်တို့ ရှောင်ပါကြဉ်ပါဆိုတာ အထပ်ထပ် သတိပေးတယ်... (မှန်ပါ့) ရှင်းကြပလား ဒကာ ဒကာမတို့...(ရှင်းပါပြီဘုရား)။

တဏှာဦးစီးတဲ့ကံကိုဖြင့်...(ရှောင်ရပါမယ်) ဉာဏ်ဦးစီးတဲ့ ကံကို...(ဆောင်ရပါမယ်) အဲဒီတော့ ဉာဏ်ဦးစီးယင် ဒီကံက ဉာဏ်နောက် လိုက်ရမယ်...(မှန်ပါ့) တဏှာဦးစီးလို့ ရှိရင် ဒီကံသည် တဏှာနောက်ကို လိုက်ရတော့မယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဉာဏ်ဦးစီးရင် ဒီကံက...(ဉာဏ်နောက် လိုက်ရပါမယ်) ဉာဏ်နောက်လိုက်တော့ သူက နောက်လိုက်ဖြစ်နေတော့ သူ လုပ်ချင်တာလုပ်လို့ ရသေးရဲ့လား...(မရပါ) တဏှာဦးစီးတဲ့ ကံကျတော့ တဏှာကို သူ ကျော်လွန် ထွက်နိုင်ရဲ့လား...

http://www.dhammadownload.com



(မထွက်နိုင်ပါ) မထွက်နိုင်တော့ တဏှာခိုင်းသလို ကံ လက်သမားသည် ခန္ဓာအိမ်တွေ မဆောက်ရပေဘူးလား... (ဆောက်ရပါတယ်ဘုရား) ကိုစောမောင် တယ်ကြောက်စရာ ကောင်းသဗျာ...(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ပြောတာသည် ဝိပဿနာ မပြောသေးဘဲနဲ့ ခင်ဗျားတို့ရဲ့ မိုက်မှုဟာ ဒီအပြစ်ရှိတယ်။ လိမ္မာမှုဟာ ဒီပြစ်လွတ်တယ်ဆိုတာ ဝေဖန်ပြောတုံး (မှန်ပါ့) သဘောပါကြပလား...(ပါပါပြီဘုရား)။

မိုက်မှုဟာ ဒီအပြစ်သင့်တယ်၊ လိမ္မာမှုဟာ ဒီအပြစ်လွတ် တယ်။ ထောင်ကျလွတ်နဲ့ ထောင်ကျမလွတ်ကို ရှင်းပြနေတယ်... (မှန်ပါ့) ကောင်းကောင်း ကျေနပ်ပလား...(ကျေနပ်ပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမ တို့ ကံလာတယ်ဆို တော့၊ ကံကြောင့် ဇာတိဖြစ်ရတယ်ဆိုတာတော့ ဒါသေချာပြီ နော်... (သေချာပါပြီ ဘုရား)။

ကောင်းပြီ၊ ဒီကံက ဘယ်ကလာပါလိမ့်မတုံး မေးကြဦး... (ဥပါဒါန်ကလာပါတယ်) ဩော်...ဥပါဒါန်ဆိုတာ ဒကာ ဒကာမတို့ ယခုဘဝ ယခုခန္ဓာကိုယ်လဲ စွဲလမ်းတာ ဥပါဒါန်ပဲ... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

နောက်ခန္ဓာတွေ စွဲလမ်းတာကော...(ဥပါဒါန်ပါ ဘုရား) နောက်ခန္ဓာတွေ ရချင်တာကော...(ဥပါဒါန်ပါဘုရား)။

http://www.dhammadownload.com



ဩော်...ဒါဖြင့် ဒီကံဟာ ကိုစောမောင် ဥပါဒါန်ကို မကျော်နိုင်တော့ဘူး...(မကျော်နိုင်ပါဘုရား) ကျော်နိုင်သေးရဲ့လား...(မကျော်နိုင်ပါဘုရား)။

ဥပါဒါနပစ္စယာ ကမ္မဘဝေါ ကိုး...(မှန်ပါ့)ငါကြောင့်ဖြစ်တာ ငါရကြိုက်သလိုစီမံကွ၊ မပြောပေဘူးလား...(ပြောပါတယ်ဘုရား) ဥပါဒါန်တည်းဟူသော ကံကြောင့် မင်းကံဖြစ်ရတာ၊ မင်းဟာ ငါမွေးတဲ့သား မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား) ငါ့သြဇာ လိုက်နာရမယ်ဆိုတော့ ဥပါဒါန်သြဇာကို ကံလိုက်နာတယ်...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်သူ့သြဇာကို ဘယ်သူက လိုက်နာသတုံး...(ဥပါဒါန် သြဇာကို ကံကလိုက်နာပါတယ်) အဲ ဥပါဒါန် သြဇာကို ကံက လိုက်နာနေတယ် ဆိုတာလဲ ပဋိစ္စသမုပ္ပာဒ်ရတဲ့ ပုဂ္ဂိုလ်အပေါင်းဖြင့် ဒါငြင်းဖို့ မလိုဘူး၊ ကိုစောမောင် ငြင်းချင်သေးသလား...(မငြင်းချင်ပါဘုရား) ဘယ်သူ့သြဇာ လိုက်နေသတုံး...(ဥပါဒါန်သြဇာ လိုက်နေပါတယ် ဘုရား)။

အဲ...ဥပါဒါန် ဆိုတာက နောက်ဘဝ စွဲလမ်းတာလဲ ကာမုပါဒါန်၊ သဘောကျပလား...(ကျပါပြီ) အဲဒီတော့ နောက်ဘဝ စွဲလမ်းတဲ့ ကာမုပါဒါန်၊ နောက်ဘဝ လူကောင်း နတ်ကောင်း ဖြစ်ချင်တဲ့ ကာမုပါဒါန်ကစွဲလမ်းခြင်းကြောင့် ဖြစ်ရတဲ့ ကံသည် ကိုစံလှ ဘယ်နည်းမှ ဥပါဒါန်၏ သဘောကို မလိုက်လျောဘဲ မနေနိုင်တော့ဘူး...(မှန်ပါ့) သဘောပါကြပလား (ပါပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကိုစောမောင်တို့၊ မောင်နိုင်တို့ သြော် ဒီလိုပြော လိုက်တော့မှ သြော် ကံပေမယ့် လဲ တဏှာ ဦးစီးနေတယ်ဆိုတာ တဏှာဥပါဒါန် ရောလျက် ဦးစီးမနေဘူးလား...(စီးပါတယ် ဘုရား)။

ဒါဖြင့် ခုနင်ကပြောတဲ့ အတိုင်း မောင်နိုင်၊ မောင်ဘမို တို့က ကျေနပ်ပလား...(ကျေနပ်ပါပြီ) ဉာဏ်ဦးစီးတဲ့ ကံလို့ ဆိုမလား...(မဆိုနိုင်ပါဘုရား) ကိုစောမောင် ဘယ်သူ ဦးစီးသလဲ (တဏှာဦးစီးပါတယ်ဘုရား)။

အဲ...တဏှာဦးစီးတဲ့ ကံဆိုတော့ တဏှာနဲ့ ဥပါဒါန်က တော့ အနုနဲ့အရင့် ကွာခြားခြင်းကြောင့် တဏှာပါပဲ...(မှန်ပါ့) ကောင်းကောင်း ကျေနပ်ကြပလား...(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဥပါဒါနပစ္စယာ ကမ္မဘဝေါဆိုတာ များ ငြင်းနေဖို့ လိုသေးသလား...(မလိုပါဘုရား) ငြင်းလို့ရှိရင်လဲ ခင်ဗျားတို့ အင်မတန်မှားမယ်တဲ့၊ ဘာကြောင့်တုံးဆိုတော့ ဒီလမ်းမကြီးဟာ ကိုယ်သွားနေတဲ့ လမ်းမကြီးကို ပင်လျှင် ကိုယ်မသိလို့ ငြင်းတာဘဲ၊ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ် ဘုရား)။

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ရှေ့တစ်ဆင့် တက်ပါဦးတဲ့၊ ဒီဥပါဒါန် ဘယ်က လာသတုံးဆိုတော့ အို...တဏှာကလေးက တဏှာကြီး ဖြစ်တာ...(မှန်ပါ့)။

လိုချင်ကလေးက လိုချင်ကြီးဖြစ်တာ ထူးသေးရဲ့လား... (မထူးပါဘုရား) တဏှာနဲ့ ဥပါဒါန်ဆိုတာ လောဘချင်းပဲ မဟုတ်လား...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ တဏှာက လာတယ်ဆိုတာ သဘောကျပလား...(ကျပါပြီ) ဒါဖြင့် တဏှာဩဇာကို ဥပါဒါန်က ခံရတယ်...(မှန်ပါ့ဘုရား)။

ဥပါဒါန်ဩဇာကို...(ကံက ခံရပါတယ်) ကံဩဇာကို ဟောဒီ ဇာတိက ခံပေတော့၊ ကံအမိ, ကံအဖ စီမံသလို ခံပေတော့၊ မင်း ကိုးလခွဲ ဆယ်လလောက် အငတ်အပြတ်နေတော့ ကွာဆိုတော့ ဒီကံက စီမံတော့ ဒီကောင်ကလေးဟာ အမိဝမ်းခေါင်းထဲမှာ ကိုးလခွဲ ဆယ်လလောက် အငတ်အပြတ်နဲ့ မနေရဘူးလား...(နေရပါတယ်ဘုရား) ဘယ်သူက စီမံ တာတုံး... (ကံစီမံတာပါဘုရား)။

ကံကလဲ ဒကာ ဒကာမတို့ သူ့သဘောနဲ့ စီမံတာလား၊ သူ့အထက်က အရှင်သခင်တို့ သဘောနဲ့ စီမံတာလား... (သူ့အထက်က အရှင်သခင်တို့သဘောအတိုင်း စီမံတာပါဘုရား)။

အဲတဏှာ ဥပါဒါန် အရှင်သခင်တွေ ဩဇာအာဏာကို မလွန်ဆန်နိုင်တာနဲ့ ကိုဇောမောင် ကံသည်ကားလို့ ဆိုလို့ရှိရင် ဖြင့် လုပ်ရရှာတယ်...(မှန်ပါ့) သဘောကျပလား... (ကျပါ ဘုရား)။

ဟ ချောက်ထဲ တွန်းချလိုက်ပါလို့ ဒီနှစ်ခုက ဩဇာပေးတော့ ကံက တစ်ခါတည်း ဇာတိချောက်ထဲတွန်းချတယ် (မှန်ပါ့ဘုရား)။

ဇရာချောက်ကော...(တွန်းပါတယ်) မရဏချောက်ကော (တွန်းချပါတယ်) ကောင်းကောင်း သဘောပါကြပလား... (ပါပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့၊ ဒကာ ဒကာမတွေဟာ ဒီလို ဆရာကောင်း သမားကောင်းတွေ့တုံးမှာ ဒီဥစ္စာ မဖျက်တော့ ပါဘူးဆိုလို့ရှိရင် ငွေထိုး ထောင်ချည့် ကျဦးတော့မှာပဲ... (မှန်ပါ့) ကိုစံလှ ဘယ်နှယ်ဆိုမလဲ...(ငွေထိုးထောင်ကျပါ ဘုရား) သဘောပါ ကြပလား...(ပါပါပြီဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ ကံပေါ်မှာ ဘယ်သူ ခြယ်လှယ် နေတယ်ဆိုတာ သဘောပါပလား...(ပါပါပြီ) တဏှာ ဥပါဒါန်က...(ခြယ်လှယ်နေပါတယ်ဘုရား)။

တဏှာ ဥပါဒါန်က ကုသလာဓမ္မာလား၊ အကုသလာ မမ္မာလား...(အကုသလာ ဓမ္မာပါ ဘုရား) ဒါဖြင့် အကုသလာ ဓမ္မာဆိုတဲ့ မကောင်းတဲ့ တရားက အုပ်ချုပ်ပြီး သကာလ နေတော့ မကောင်းတဲ့ ကံကိုပဲ ကဲ မောင်နိုင်၊ မောင်ဘမှိတို့ ကလဲဆိုကြပေတော့...(မှန်ပါ့ဘုရား)။

သူ့အထက် ဆရာကြီးက လူယုတ်မာနှစ်ယောက်ကိုး... (မှန်ပါ့) လူယုတ်မာလက်အောက်ခံဆိုတော့ အင်း သူလဲ ယုတ် မာတာပဲ...(မှန်ပါ့) ဆိုနိုင် မဆိုနိုင်...(ဆိုနိုင်ပါတယ်) ကဲ ကောင်းကောင်း ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ ဒုက္ခသစ္စာမြင်တဲ့ ပုဂ္ဂိုလ်လုပ် တဲ့ အလုပ်မှပဲ ဉာဏ်ဦးစီးတော့တယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)

ဒုက္ခမသိတဲ့ ပုဂ္ဂိုလ်ကဖြင့် လုပ်ချင်တာ လုပ်နေတာပဲ ဉာဏ် ဦးစီးသေးရဲ့လား...(မစီးပါ) ဉာဏ်ဦးမစီးတော့ ဉာဏ်

http://www.dhammadownload.com



နေရာ မှာ ဘယ်သူ ဝင်နေသတုံးဆိုတော့ တဏှာ, ဥပါဒါန် ဝင်နေတယ်...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နောက်ဆုတ်လက်သည်ကို လိုက်လိုက် လိုက်လိုက် ဖမ်းလိုက်တဲ့အခါ တဏှာ, ဥပါဒါန်ပဲ တွေ့တာပဲ...(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

နောက်ဆုတ်လိုက်တဲ့အခါ ကျတော့ ဘာတွေတွေ့သလဲ...(တဏှာ ဥပါဒါန် တွေ့ပါတယ်) အေး တဏှာ, ဥပါဒါန်ပဲ တွေ့နေတယ်ဆိုသဖြင့် ကျေနပ်ကြပါတော့ တဲ့၊ ဒီလက်သည်မှ တစ်ပါး အမိုက်ဆုံး လက်သည်ဖြင့် ရှာမတွေ့တော့ပါဘူးဆိုတာ သဘောပါပလား...(ပါပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ အလုပ်ပြကြပါစို့။ ဒီနှစ်ခုကို ခင်ဗျားတို့က သစ္စာဖွဲ့လိုက်တော့ကို သမုဒယသစ္စာ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီဟာတွေ ဖြစ်ကြောင်းကိုးကွ၊ ဒါဖြင့် သူ့ကို ဘာဆိုကြမလဲ (သမုဒယသစ္စာပါဘုရား) ဒီလေးခုက...(ဒုက္ခသစ္စာပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် သမုဒယသစ္စာ မပယ်ဘဲနဲ့ ကိုစောမောင် ဒီဒုက္ခသစ္စာတွေတော့ ဘယ်နည်းနဲ့မှ ဝဋ်မကျွတ်ဘူး...(မှန်ပါ့) သဘောပါကြပလား...(ပါပါပြီဘုရား)။

သမုဒယသစ္စာ မပယ်ဘဲနဲ့ ဒီဒုက္ခသစ္စာ လေးချက်ကိုတော့ဖြင့် ကိုစံလှ မငြင်းမဆန် ခံရတော့မယ်...(မှန်ပါ့) ကျုပ်တို့ ခင်ဗျားတို့ ကြုံရတော့မယ်...(မှန်ပါ့) မကြုံပါနဲ့ဆိုလို့ ရမှာလား... (မရပါဘုရား)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် ဒီသမုဒယသစ္စာကို ဘုရားက ပယ်ရမည့် တရားတဲ့၊ သဘောကျပလား...(ကျပါပြီဘုရား) ဒုက္ခသစ္စာကို နောက်ထပ်မတွေ့အောင် လုပ်ရမယ့်တရား...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

သမုဒယကတော့ ဘာတုံး...(ပယ်ရပါမယ်) သမုဒယတော့ ပယ်ရမယ်၊ ဒုက္ခတော့ဖြင့် နေရစ်လို့ ထားခဲ့ရမယ်... (မှန်ပါဘုရား)။

သမုဒယတော့ သတ်ပစ်ရမယ် ကိုစောမောင်...(မှန်ပါ) ဒုက္ခသစ္စာတော့ နေရစ်လို့ ထားခဲ့ရမယ်...(မှန်ပါ) ကဲသဘောပါကြပလား...(ပါပါပြီဘုရား)။

ဒုက္ခသစ္စာတော့ ဘာလုပ်ရမလဲ...(နေရစ်လို့ ထားခဲ့ရပါမယ်ဘုရား) သမုဒယသစ္စာတော့ (ပယ်ရပါမယ်) အဲ... ပယ်ရမယ်၊ သတ်ကိုပစ်ရမယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ပယ်ရမယ့်တရားကို ခင်ဗျားတို့က ခေါင်းဆောင်ထားတယ်။ ဒုက္ခရောက်မယ့်တရားတော့ ဟုတ်လား ပွေ့ဖက်ပြီး သကာလ ခင်ဗျားတို့က သိမ်းဆည်းရာ ရောက်နေတယ်...(မှန်ပါ) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဖယ်ရမယ့်တရားတော့ ခေါင်းဆောင်တင်ထားတယ် ဟုတ်လား။ နေရစ်တော့ဆိုရမယ့် တရားတော့ လိုက်ခဲ့ပါခေါ်တယ်...(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒုက္ခသစ္စာကျတော့ ခင်ဗျားတို့က ဘယ့်နှယ်တုံး... (လိုက်ခဲ့ပါခေါ်ပါတယ်) လိုက်ခဲ့ပါ၊ ကျုပ်နဲ့အတူတူ နေရအောင်ဆိုတဲ့ သဘော မရောက်ဘူးလား...(ရောက်ပါတယ်ဘုရား)။

ဘယ့်နှယ်လုပ်ကြတာလဲ ...(ကန့်လန့်လုပ်ပါတယ်ဘုရား)။

သမုဒယသစ္စာ ပယ်ရမယ်ဆိုတဲ့ တရားကျတော့လဲ ခင်ဗျားတို့က လက်သပ်မွေးတယ် (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

သမုဒယသစ္စာကျတော့ ဘုရားက ဘာတဲ့ (ပယ်ရပါမယ်) အဲဒါကျတော့ ဘယ့်နှယ်တုံး...(လက်သတ်မွေးပါတယ်ဘုရား)။

လက်သပ်မွေးတယ် ဆိုသဖြင့် သူ့ကို လက်သပ်မွေးကတည်းက ခင်ဗျားတို့တော့ဖြင့် ဂြိုဟ်မွေးမိတာနဲ့ အတူတူပဲ... (မှန်ပါ့) သဘောကျပလား...(ကျပါပြီ) ဂြိုဟ်ဝင်တာပဲဆိုတာ ရှင်းပလား...(ရှင်းပါပြီဘုရား)။

လောဘကို ခေါင်းဆောင်ထားမိ၊ ဉပါဒါန်ကို ခေါင်းဆောင်ထားမိကတည်းက ဒီဂြိုဟ်လောက်ကြီးတာ ရှိသေးရဲ့လား... (မရှိပါဘုရား)။

ဒီဘဝမှာ ဂြိုဟ်ဝင်တယ်ဆိုလို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ ပစ္စည်းဆုံးရှုံးရုံနဲ့ လူမမာရုံပဲ ရှိမှာဘဲ၊ သေတန်တာ သေရုံပဲ ရှိမှာပဲ...(မှန်ပါ့) ဘဝပေါင်းများစွာတော့ ဒုက္ခမရောက်ဘူး... (မှန်ပါ့)။

http://www.dhammadownload.com



သူ့ကိုသာ လက်သပ်မွေးထားလိုရှိရင် ဘဝပေါင်းများစွာ ဇာတိပေါင်း ရေတွက်နိုင်ပါ့မလား...(မရေတွက်နိုင်ပါ) ကိုဋေမောင် ဇရာပေါင်း... (မရေတွက်နိုင်ပါဘုရား)။

မရဏပေါင်း... (မရေတွက်နိုင်ပါ) ဘယ်သူ့ကို ကျုပ်တို့ လက်သပ်မွေးမိလို့ပါလိမ့်...(တဏှာကိုပါဘုရား) ပယ်ရမယ့် တရားကို ကျုပ်တို့ လက်သပ်မွေးမိလို့ ...(မှန်ပါ့ဘုရား)။

ထားပစ်ခဲ့ရမည့် တရားကို ကျုပ်တို့ကိုယ်တိုင် လုပ်ရတယ်၊ သူ့လက်သတ်မွေးမိတာ ဒါကိုယ်ပိုင် ဖြစ်သွားတယ်... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

သမုဒယသစ္စာ လက်သပ်မွေးမိလို့ ဟုတ်လား၊ ဒုက္ခသစ္စာ ဘာဖြစ်ရမလဲ... (ကိုယ်ပိုင် ဖြစ်ရပါတယ်) အမလေး... နာလိုက်တဲ့ ဖြစ်ခြင်း၊ မနာဘူးလား ဒကာ ဒကာမတို့... (နာပါတယ်ဘုရား)။

ဘယ်သူ့လက်သပ်မွေးမိသတုံး... (သမုဒယ လက်သပ်မွေးမိပါတယ်) သမုဒယ လက်သပ်မွေးမိတော့ ကျုပ်တို့ ကိုယ်ပိုင်ပစ္စည်း ဘာဖြစ်လာသတုံး...(ဒုက္ခဖြစ်လာပါတယ်) ဒါသေသေချာချာ မှတ်ပါ ဒကာ ဒကာမတို့... (မှန်လှပါဘုရား)။

သမုဒယသစ္စာဘာတုံး...(လက်သပ်မွေးမိပါတယ်) လက်သပ်မွေးမိလို့ မောင်နိုင် လာလတ္တံ့ ဒုက္ခတွေ ဘယ်သူ့ပစ္စည်း ဖြစ်မလဲ...(ကိုယ်ပိုင်ပစ္စည်း ဖြစ်ပါတယ်) အဲဒါ တစ်သံသရာ လုံးဟာ ဒီအတိုင်းဖြစ်နေခဲ့တာပဲ...(မှန်ပါ့) ငြင်းဖို့များ လိုသေးသလား...(မလိုပါဘုရား)။

http://www.dhammadownload.com



တစ်သံသရာလုံးဟာ ဒကာ ဒကာမတို့ ဘယ်သူ့ အဖော် လုပ်နေသတုံး... (ဒုက္ခသစ္စာ အဖော်လုပ်နေပါတယ်) အဲ... ဒုက္ခသစ္စာ အဖော်လုပ်နေတယ်၊ ဘယ်သူ့ကို လက်သပ်မွေးပါလိမ့် (သမုဒယသစ္စာကို လက်သပ်မွေးပါတယ်) အဲ...ဒါဖြင့်...

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသာရံ။

ဣတ္ထဘာဝံ ယထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။

တစ်ခါတည်း ပါဠိတော်တွေမှာ ဘုရားက ဟောတယ်၊ တဏှာကို အဖော်လုပ်နေတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒုက္ခနဲ့ ခွဲမရတော့ဘူးကွ၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

တဏှာအဖော်လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ...(ဒုက္ခနှင့် ခွဲမရ တော့ပါဘုရား) ဒုက္ခနဲ့ အိုးစားကွဲမယ်လို့ ပြောလိုက်တယ်... (မှန်ပါ့) ကဲ...ဟောထိုက် မဟောထိုက်...(ဟောထိုက်ပါတယ် ဘုရား)။

ကောင်းပြီ...ဒါဟာ ဘုန်းကြီးက ဟန်သာ ရှေ့ကနေပြီး ပြပြီးသကာလ ထားပါတယ်...တဲ့။ ဒကာ ဒကာမတွေ၏ ဖြစ်စဉ်ကို နှစ်ပိုင်း ပိုင်းပြောနေတာ...(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ကိုစောမောင် ဘယ်နှပိုင်း ပိုင်းပြောနေတာလဲ... (နှစ်ပိုင်း ပိုင်းပြောနေတာပါဘုရား) ရှေ့ပိုင်းက သမုဒယသစ္စာ၊ နောက်ပိုင်း က...(ဒုက္ခသစ္စာပါဘုရား) ဒါပဲရှိတယ်၊ ဒကာ ဒကာမတို့ ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ . . . ဒီတဏှာ, ဥပါဒါန်ကို လက်သည် ရှာကြဦးစို့ **ဆို**တော့ ဘယ်ကလာပါလိမ့်မလဲ . . . ဆိုလို့ ရှိရင်လဲ ဒကာ **ဒကာမ**တို့ ဝေဒနာကလာတယ်လို့ ခင်ဗျားတို့ လူတိုင်း ဖြေရ **မှာ**ပဲ . . . (မှန်ပါ့ဘုရား)။

တဏှာ, ဥပါဒါန် ဘယ်ကလာသလဲ . . . (ဝေဒနာက **လာပါ**တယ်ဘုရား)။

သြော် . . . ဒါဖြင့် ဝေဒနာပစ္စယာ တဏှာကိုး၊ ကိုစောမောင် **ငြင်းချင်**လိုသေးသလား . . . (မလိုပါဘုရား) မလိုတော့ပါဘူးတဲ့၊ **ဘုရား**မပွင့်လဲ ဒီအတိုင်းမဟုတ်လား . . . (မှန်ပါ့) ဘုရားပွင့်လဲ **မဖြစ်ကြ**ရင် ဒီအတိုင်းပေါ့ . . . (မှန်ပါ့ဘုရား)။

**အဲဒီ**တော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်မှုက **အရေးကြီး** တယ် . . . (မှန်ပါ့ဘုရား)။

ဘုရားမပွင့်ပေမယ့် ကိုယ့်ပဋိစ္စသမုပ္ပါဒ် မဖြတ်ရင် **ဒီအတိုင်းနေမှာပဲ** . . . (မှန်ပါ့) ဘုရားသခင် ကိုယ်တော်မြတ်ကြီးတွေ ပွင့်သွားတာ လူတွေ ကုန်ပါတော့လား၊ မေးစရာကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ဘုရားက ဂင်္ဂါသဲမှုန်နဲ့အမျှ ပွင့်သွားပြီဆိုတော့ လူတွေ ရော၊ နတ်တွေရော သဲမှုန်နဲ့ စာမယ်ဆိုရင် ဘုရားတစ်ဆူဆူမှာ သတ္တဝါကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေတစ်သိန်း နောက်ဆုံးပိတ် မပါ**ဘူး**လားဗျာ . . . (ပါပါတယ်ဘုရား)။

**ကုန်**ပါတော့လားလို့ ခင်ဗျားတို့က **မေး**လို့ရှိရင် သူ့ ပဋိ**စ္စသမုပ္ပါဒ်က တန်း**လျက်ပဲ၊ ရှင်းပလား . . . (**ရှင်းပါပြီ** ဘုရား)။

http://www.dhammadownload.com



ဘုရားပွင့်လဲ သူဖြတ်ရဲ့လား . . . (မဖြတ်ပါဘုရား) မဖြတ်တော့ သူနဲ့ ဘုရားပွင့်တာနဲ့ ဘာဆိုင်သတုံး . . . (မဆိုင်ပါဘုရား) သဘောပါပလား . . .(ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားပွင့်လဲ ကိုယ့်ပဋိစ္စသပ္ပါဒ်ကို ကိုယ်ဖြတ်ဖို့က ပိုအရေးကြီးတော့တယ်ဆိုတာ ပေါ်လာပြီလား . . . (ပေါ်ပါပြီဘုရား) ရှင်းပြီနော် . . .(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားပွင့်ဖို့ တွေ့ချင်တာဟာ ဒကာ ဒကာမတို့ ခင်ဗျားတို့ တွေ့ချင်တာဟာ တခြားတော့ မဟုတ်ပါဘူး၊ တရားနာချင်တာပါပဲ . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)

တရားနာရုံသာ နာလို့သာဖြင့် ကိုစောမောင် မပြီးသေးဘူး (မှန်ပါ့) ကိုယ့်ပဋိစ္စသပ္ပာဒ် ဖြတ်တဲ့နည်း လိုချင်လို့ဆိုရင် သိပ်ကောင်းတယ်၊ သဘောကျပလား . . .(ကျပါပြီဘုရား)။

ကိုင်း . . .ဒါဖြင့် ဒီဝေဒနာသည် ဒကာ ဒကာမတို့ ဘာလုပ်ရမယ့် တရားတုံးလို့ မေးလို့ရှိရင် ပွားရမယ့်တရား ဖြစ်တယ်။ သဘောကျပလား . . .(ကျပါပြီဘုရား)။

တဏှာအားကြီးတဲ့ပုဂ္ဂိုလ် ဝေဒနာရှုလို့ ပြောထားတဲ့ ဥစ္စာ ဟုတ်မှ ဟုတ်ကဲ့လားလို့ ခင်ဗျားတို့ ငြင်းဖို့ မလိုဘူး . . . (မှန်ပါ့) သူ့နောက်က ဘာလိုက်လေ့ ရှိသတုံး . . . (တဏှာ လိုက်လေ့ ရှိပါတယ်ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ရာဂစရိုက်၊ လောဘစရိုက်ကြီးတဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာ နုပဿနာ ပေးဆိုတာများ ငြင်းဖို့လိုသေးသလား... (မလိုပါဘုရား)။

ဘာကြောင့်တုံးဆိုတော့ သူ့ပဋိစ္စသမုပ္ပါဒ် ခင်ဗျားတို့ လုံလောက်အောင် မပြဘူးလား... (ပြပါတယ်ဘုရား) ဝေဒနာ နောက်က ဘာလိုက်လေ့ ရှိသတုံး...(တဏှာလိုက်လေ့ ရှိပါတယ် ဘုရား)။

ဒါဖြင့် ဝေဒနာနောက်က တဏှာလိုက်လေ့ ရှိပြီး သကာလ နေတာကလဲ ကမ္ဘာနဲ့ မြေစာဆိုသလိုပဲ မခွဲတမ်း လိုက်တယ် ဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

အဲ......မခွဲတမ်းလိုက်တာ သေချာတဲ့အတွက် တဏှာ အားကြီးတဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာရှုမှသာလျှင် ပြတ်တော့မယ်ဆိုတာ ငြင်းဖို့လိုသေးသလား...(မလိုပါဘုရား)။

ဘယ့်နှယ်ကြောင့်တုံးလို့ မောင်နိုင်၊ မောင်ဘမိုတို့က မေးချင်သေးသလား၊ မမေးနဲ့တော့ ဝေဒနာပစ္စယာ...(တဏှာပါ ဘုရား)။

ဒါဖြင့် ဝေဒနာနုပဿနာဟာ ဘယ်လိုပုဂ္ဂိုလ် ရှုကောင်း သတုံးလို့ ဆိုတဲ့ ဥစ္စာ ယနေ့အဓိပ္ပာယ် ထွက်လာပြီ... (ထွက်လာပါပြီ ဘုရား) မထွက်လာသေးဘူးလား...(ထွက်လာ ပါပြီဘုရား)။

တဏှာများတဲ့ ပုဂ္ဂိုလ်၊ လောဘများတဲ့ ပုဂ္ဂိုလ် ဘယ်ဟာ ရှုရမတုံး...(ဝေဒနာရှုရပါမယ်ဘုရား) ဘယ်သူက ပြောသတုံး လို့ဆိုတော့ သူ့ဖြစ်စဉ်က ပြောတယ်...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကိုစောမောင် ဘယ်သူပြောသတုံး ...(သူ့ဖြစ်စဉ်က ပြောပါတယ်ဘုရား)။

ဒကာ ဒကာမတို့ သေချာပလား ... (သေချာပါပြီဘုရား) ဘယ်သူကပြောသတုံး (သူ့ဖြစ်စဉ်က ပြောပါတယ်ဘုရား) သူ့ဖြစ်စဉ်က ငြင်းလို့ရရဲ့လား ...(မရပါဘုရား) ဒီအတိုင်းမှ တစ်ပါး သူဒီပြင် လမ်းခွဲသွားသေးသလား ......(မခွဲပါဘုရား) ဝေဒနာမရှုတဲ့ပုဂ္ဂိုလ် ဘာလာမယ် ...(တဏှာလာမယ်ဘုရား)။

ဒါဖြင့် ပစ္စည်းများများ၊ သားသမီးချစ်စရာ များများ ပုဂ္ဂိုလ်မှာ မောင်နိုင်, မောင်ဘမို ဘာပေးမှ တော်ပါ့မတုံး ... (ဝေဒနာပေးမှ တော်ပါမယ် ဘုရား) ဝေဒနာ နုပဿနာပေး ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဘာပေးရမလဲ ... (ဝေဒနာ နုပဿနာ ပေးရပါမယ်ဘုရား) ဝေဒနာနုပဿနာ ပေးရမယ်ဆိုတဲ့ ဥစ္စာက ကွဲ ...မောင်နိုင်, မောင်ဘမိုတို့ တရားတစ်ပွဲလုံး ဒကာ ဒကာမတွေပဲ စဉ်းစား ကြပါတော့တဲ့၊ တဏှာစရိုက်ရှိတဲ့ ပုဂ္ဂိုလ် ဝေဒနာပေးလို့ ဆိုတဲ့ဥစ္စာဟာ တပည့်တော်တို့ဖြင့် ဝေဒနာနဲ့ တော်မှ တော်ပါ့ မလားလို့ သံသယမရှိနဲ့ ... (မှန်ပါ့ဘုရား) သဘောကျပလား ... (ကျပါပြီ) ကိုစောမောင် သံသယရှိသေးသလား ...(မရှိပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာ ဘယ်အချိန် ကင်းသတုံးလို့ ဘုန်းကြီးကပဲ မေးပါရစေ၊ ဒကာ ဒကာမတို့ ... (ဘယ်အချိန်မှ မကင်းပါဘုရား) ဘယ်အချိန်မှ မကင်းဘူး ... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တပည့်တော်တို့ ဘယ်အချိန်မှ မကင်းလို့ရှိရင် ဘယ်အချိန်မဆို တပည့်တော်တို့ သန္တာန်မှာ ဒကာ ဒကာမတွေ သန္တာန်မှာ ဝေဒနာသာ အကုန်ချုပ်ကြည့်စမ်း...ဆိုတော့ ဝေဒနာ အကုန်ချုပ်ကြည့်စမ်း ကိုစောမောင်၊ သုခလဲ မရှိတော့ဘူး၊ ဒုက္ခကော...(မရှိတော့ပါဘုရား) ဥပေက္ခာကော...(မရှိတော့ပါဘုရား) မရှိတော့ သတ္တဝါတွေကို ပျောက်ထွက်သွားတယ်... (မှန်ပါ့) အကုန်ပျောက်မယ်၊ မပျောက်ဘူးလား...(ပျောက်ပါတယ်ဘုရား)။

တစ်ခါတလေ သုခနဲ့ အသက်ရှင်နေတာကိုး၊ တစ်ခါတလေ ကျတော့...(ဒုက္ခနဲ့အသက်ရှင်ပါတယ်ဘုရား) ဒီသုံးခုနဲ့ လွဲပြီး အသက်ရှင်နေတဲ့ တရား ကိုစံလှ ရှိသေးသလား... (မရှိပါဘုရား) သဘောပါပလား...(ပါပါပြီဘုရား)။

ဒါဖြင့် ဒီဝေဒနာတွေကို ဒကာ ဒကာမတွေက ကုန်အောင် လိုက်မယ် ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သေသေချာချာ ခင်ဗျားတို့သည် ဝေဒနာကုန်လို့ ရှိရင်ဖြင့် ခန္ဓာ ဒုက္ခသစ္စာ ကုန်မှာပဲ...(မှန်ပါ့ဘုရား) မကုန်သေးဘူးလား...(ကုန်ပါတယ်ဘုရား)။

ဝေဒနာကုန်ရင်...(ခန္ဓာဒုက္ခသစ္စာကုန်ပါတယ်ဘုရား) ကိုစောမောင် ဒါသူများပြောလား၊ ခင်ဗျားတို့ ဖြစ်စဉ်ကိုက်လား (ဖြစ်စဉ်ကိုက်ပါဘုရား) အားလုံး ဒကာ ဒကာမတွေ ဘယ်လို ဆုံးဖြတ်ကြမယ်...(ဖြစ်စဉ်ကိုက်ပါဘုရား) ဖြစ်စဉ်ကိုက်ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ ခန္ဓာကြီးဟာ ဘုရားက ဘာခန္ဓာလို့ ဟောသတုံး...(ဝေဒနာက္ခန္ဓာပါဘုရား) ဝေဒနာက္ခန္ဓာ ဟောလိုက်တော့ကို ဘယ်အချိန်တုံးလို့ မေးတော့လဲ အချိန်တိုင်း... (မှန်ပါ့ဘုရား)။

သုခဝေဒနာ ရှိတဲ့အချိန်မှာ သုခဝေဒနာက္ခန္ဓာပဲ၊ ဒုက္ခဝေဒနာ ရှိတဲ့အခါမှာကော...(ဒုက္ခဝေဒနာက္ခန္ဓာပါဘုရား) တစ်ခါတလေ ဥပေက္ခာဝေဒနာက္ခန္ဓာနဲ့ကော မရှိကြဘူးလား... (ရှိပါတယ်ဘုရား) သဘောပါကြပလား...(ပါပါပြီဘုရား)။

ဒါဖြင့် ကိုစောမောင်တို့ ကိုစံလှတို့ ဘယ်အချိန်ဝေဒနာ ကင်းသတုံး...(မကင်းပါဘုရား) ဘယ်အချိန်မှ မကင်းလို့ ရှိရင်ဖြင့်တဲ့ ဘယ်အချိန်မဆို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝေဒနာက ဖော် – လာခဲ့ပါ၊ ပဿ – ရှုပါဆိုတာ ခေါ်မခေါ် (ခေါ်ပါတယ်ဘုရား) သို့သော် ...ခင်ဗျားတို့ သွား,မသွား... (မသွားပါဘုရား) ကိုစောမောင် သွားရဲလား...(မသွားပါဘုရား)။

ဘာဖြစ်လို့ ဒီဒကာ ဒကာမတွေ မသွားပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ကို ခင်ဗျားတို့ သွားတာက သွားတဲ့အခါ ကျတော့ သွားပါတယ်...တဲ့၊ ကျောမှာယားတယ် ကိုစောမောင်၊ ကျောမှာ ဘာဝေဒနာပေါ်သတုံး...(ဒုက္ခဝေဒနာ ပေါ်ပါတယ် ဘုရား) အဲဒီမှာ အယားပျောက်ချင်တဲ့ သဘောဆိုတဲ့ တဏှာနဲ့တော့ သွားဖျောက်တယ်...(မှန်ပါ့) ဝေဒနာက ခေါ်လို့သွားတာ... (မှန်ပါ့) ဝေဒနာ မခေါ်ရင်...(မသွားပါ ဘုရား) အင်း...တဏှာနဲ့ သွားတယ်၊ ခင်ဗျားတို့ ဉာဏ်နဲ့ မသွားဘူး...(မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် **"ဗောဓိပဿိကော…"** ဆိုတဲ့ဥစ္စာသည် ခေါ်တယ် ဆိုတာ သေချာပလား…(သေချာပါပြီ ဘုရား) ဗောဓိ - လာခဲ့ပါ၊ ပဿ - ရှုပါလို့၊ ကဲ … ဒကာ ဒကာမတွေ ဘုရား ဟောတော်မူတာ ကိုက်ပလား…(ကိုက်ပါပြီဘုရား)။

ဥပမာ…ခြေထောက်မှာ အနာတွေဆိုလို့ ရှိရင်ဖြင့် ခင်ဗျားတို့ ခြေထောက်မှာပဲ နာတာကလေးကို သွားပြီး သကာလ နှိပ်ကြ နယ်ကြတယ် ကိုယ့်ဟာကိုယ်လေ…(မှန်ပါ့)။

ကိုစောမောင် ဒါဉာဏ်နဲ့ သွားတာလား၊ တဏှာနဲ့ သွားတာလား…(တဏှာနဲ့ သွားတာပါဘုရား) ဘယ်သူက ခေါ်လို့တုံး…(ဝေဒနာက ခေါ်ပါတယ်ဘုရား) ခေါ်ပေမယ့် ခင်ဗျားတို့ အသွားလွဲနေတယ်…(မှန်ပါ့) ဘာနဲ့ သွားသတုံး… (တဏှာနဲ့သွားပါတယ်ဘုရား) သွားရမှာက ဘာနဲ့သွားရမှာတုံး… (ဉာဏ်နဲ့ သွားရမှာပါဘုရား)။

အဲ…အခုတော့ဖြင့် ဝေဒနာ ပစ္စယာ, တဏှာကျတော့ ခင်ဗျားတို့က သွားတတ်တယ်၊ ဝေဒနာနဲ့ ခေါ်တိုင်း, ခေါ်တိုင်း ဒကာ ဒကာမတို့ တဏှာနဲ့တော့…(သွားပါတယ်) တဏှာနဲ့ သွားတော့ ဝေဒနာပစ္စယာ တဏှာသာ ဖြစ်တယ်၊ သဘောကျ ပလား…(ကျပါပြီ) ဘာဖြစ်သွားသတုံး… (ဝေဒနာ ပစ္စယာ တဏှာပါဘုရား)။

ဉာဏ်နဲ့ သွားလိုက်တော့ ဝေဒနာ ပစ္စယာ ပညာလို့ ဒီကြားမှာ ဉာဏ်နဲ့ သွားလိုက်လို့ရှိရင် ဒကာ ဒကာမတို့ ဝေဒနာပစ္စယာပညာဖြစ်မယ်၊ ဝေဒနာခေါ်ရာကိုသွား ကိုစောမောင်

http://www.dhammadownload.com



(မှန်ပါ့ဘုရား) ဘာဖြစ်သွားမလဲ...(ပညာဖြစ်သွား ပါမယ် ဘုရား)။

အဲ...ဝေဒနာကလေးသည် ကားလို့ဆိုရင် ဒါဝေဒနာပဲ၊ ဒါ အနိစ္စပဲလို့သာ သွားကြည့်စမ်းပါ၊ ဝေဒနာကတော့ ခေါ်မှာပဲ... (မှန်ပါ့)တဏှာလဲသူခေါ်မှာပဲ၊ဉာဏ်ကိုကော...(ခေါ်မှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တဏှာနဲ့ ဘာနဲ့ သွားရမလဲ... (ဉာဏ်နဲ့ သွားရပါမယ်ဘုရား)။

အဲ...တဏှာနဲ့တော့ သွားတတ်တယ်၊ ဉာဏ်နဲ့တော့ မသွားတတ်ဘူးဆိုတဲ့ ဥစ္စာကလေးကို ဘုန်းကြီးများက သင်ပေး တာပဲ...(မှန်ပါ့) ခင်ဗျားတို့ သွားနေကျလမ်းက...(တဏှာနဲ့ သွားပါတယ် ဘုရား)။

ဒီတစ်ခါ တဏှာနဲ့ မသွားပါနဲ့၊ ဉာဏ်နဲ့ သွားပါလို့ ကိုစံလှ ဒါကလေးကို ပြင်ပေးတာပဲ...(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုရားပွင့်တာသည် တဏှာနဲ့ သွားနေကျတာကို ဉာဏ်နဲ့သွားဖို့ ဟောတော်မူဖို့ ပွင့်လာတာ...(မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘုရားပွင့်တော်မူတဲ့ အဓိပ္ပာယ်သိပလား...(သိပါပြီဘုရား) သတ္တဝါတွေ တဏှာနဲ့သွားရင် ဒီချောက်ကျမယ်ဆိုတာ မြင်တော်မူတယ်၊ တဏှာ, ဥပါဒါန်, ကံ, ဇာတိ, မရဏ ချောက်မကျပေဘူးလား...(ကျပါတယ်ဘုရား)။

ဉာဏ်နဲ့သွားပါလို့ ကိုယ်တော်မြတ်ကြီး ဟောချင်ပြောချင် လွန်းလို့ ဒကာ ဒကာမတွေ ဘုရားအဖြစ်ကို မရရအောင် ကြိုးစားလာတယ်ဆိုတာ သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုရားက ဘာနဲ့ သွားစေချင်သလဲ . . . (ဉာဏ်နဲ့ သွားစေချင်ပါတယ်ဘုရား) ခင်ဗျားတို့ ထုံးစံက ဘာနဲ့ သွားနေသလဲ . . . (တဏှာနဲ့ သွားနေပါတယ်ဘုရား)။

အဲဒီတော့ကို ဘုရားပွင့်လာတဲ့ အဓိပ္ပာယ်လဲ ပေါ်ကြပြီ . . . (ပေါ်ပါပြီဘုရား)။

ဘုရားသည်ကား . . လို့ဆိုရင် ဘယ်အသွားနဲ့ သွားဖို့ရာ ဘုရားအဖြစ်ကို ယူထားသတုံး၊ သတ္တဝါတွေကို ဟောချင်လို့ "လောကတ္ထစရိယံ"ဆိုတဲ့ လောကလူတွေအတွက် ကျင့်လာတယ် ဆိုတာလဲ ဒကာ ဒကာမတွေကို ဉာဏ်နဲ့ သွားပါလို့ ဟောချင်လွန်းလို့ ဘုရားအဖြစ်ကိုယူလာတာဆိုတာ သဘောပါကြပလား . . . (ပါပါပြီဘုရား) ကိုစောမောင် ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်သန္တာန် ဘုရား ပွင့်မပွင့် ဟာဖြင့် ဘုရားရှေ့ကထားလို့ ဘုရားပွင့်လာတာ မဟုတ်သေးဘူး . . . (မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

သူက ဉာဏ်နဲ့ သွားဆိုတဲ့နေရာမှာ ဉာဏ်နဲ့ သွားမှသာလျှင် ဒကာ ဒကာမတွေ ဘာဖြစ်မလဲ . . . (ဘုရားနဲ့ တွေ့ပါမယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ တစ်နေ့ ဘယ်နှခါ ဘုရားနဲ့ တွေ့လဲဆိုတော့ "ဧဟိပဿိကော" ခေါ်ရာကို ဉာဏ်နဲ့ သွားမိလို့၊ ဧဟိ – လာခဲ့၊ ပဿ – ရှုပါလို့ ဆိုတဲ့အတိုင်း ဉာဏ်နဲ့ သွားဖြစ်လို့ရှိရင် ခင်ဗျားတို့ သန္တာန်မှာ ဘုရားတွေ့နေတာပဲ . . . . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

http://www.dhammadownload.com



တဏှာနဲ့ သွားနေလို့ရှိရင် ဘုရားကို မပွင့်ဘူး၊ ခင်ဗျားတို့ သန္တာန်မှာ ထုံးစံအတိုင်းနေတာပဲ၊ ဘုရားဟောထားတာက တခြား၊ ခင်ဗျားတို့ သွားနေတာက တစ်ဖုံ၊ ဒီအပြင် ဘာရှိသတုံး... (မရှိပါဘုရား)။

ဒါဖြင့် ကိုယ့်သန္တာန် ဘုရား ပွင့်မပွင့် သိပြီလား... (သိပါပြီဘုရား) ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဉာဏ်နဲ့သွားရင်... (ဘုရားပွင့်ပါတယ်ဘုရား)။

ဝေဒနာပေါ်တိုင်းပေါ်တိုင်း တဏှာနဲ့ သွားနေရင် (ဘုရားမပွင့်ပါဘုရား) မပွင့်ပါဘူး...တဲ့၊ သံသရာခရီးသည် အလုပ်လုပ်တာ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ်သူ့အလုပ် လုပ်ပါလိမ့်...(သံသရာခရီးသည် အလုပ် လုပ်ပါတယ်ဘုရား) သံသရာခရီးသည်ဆိုတာက ဘုရား မပွင့်လဲ သူ့လမ်းသူ သွားတာပဲ ကိုစောမောင်ရေ...(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုရား ပွင့်မပွင့် ဘာနဲ့ ချိန်ကြပါ့မယ်၊ ဇဟိ ပဿိကော...လို့ တရားတွေကတော့ ခေါ်မယ်၊ ဝေဒနာ သုံးမျိုးက ဘယ်အခါမဆို ခေါ်နေမှာပဲ၊ သုခဝေဒနာကကော... (ခေါ်ပါတယ်ဘုရား)။

သုခဝေဒနာကလဲ ခေါ်တယ် ဒကာ ဒကာမတို့၊ ခင်ဗျားတို့ ကြည့်ပါလား၊ သုခဝေဒနာက ခေါ်တာများ သေချာလိုက်တာ၊ ဥပမာ...မောင်နိုင်, မောင်ဘမှိတို့က အိုက်နေတယ် ဆိုကြပါစို့ ကွာနော်...(မှန်ပါ့) အိုက်နေတဲ့အခါမှာ လေပြည်လေညင်း ကလေး တိုက်တဲ့အခါကျတော့ကို...ကျုပ်ဗျာ အခုမှ နေကောင်း

http://www.dhammadownload.com



တယ်လို့ ပြောတော့ကို ဒီကျော လေတိုက်လို့ရှိရင် ကျောမှာ အေးသွားတယ်၊ ရင်ကလေး အိုက်လို့ရှိရင် ရင်မှာ အေးသွားတယ်ဆိုတာ အဲဒီအေးတဲ့ဆီပဲခင်ဗျားတို့ တဏှာက ရောက်သွားလို့ သာလျှင် ကျူပ်ဖြင့် အခုမှ နေကောင်းသွားတယ်ဆိုတာ ပြောတာဗျ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနာ ခေါ်မခေါ် ... (ခေါ်ပါတယ်ဘုရား)။

ကိုစောမောင် သုခဝေဒနာကကော...(ခေါ်ပါတယ် ဘုရား) ဒုက္ခဝေဒနာကကော... (ခေါ်ပါတယ်ဘုရား)။

ဒုက္ခဝေဒနာကလဲ အယားဖျောက်ပေးပါဦး၊ နှိပ်ပေးပါဦး၊ နင်းပေးပါဦး၊ မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား)။

သုခဝေဒနာကလဲ ခေါ်တယ်ဆိုတော့ ဟေ့ – လာခဲ့၊ ပဿ – ရှုပါ၊ မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား) ခေါ်သေမယ့် ခင်ဗျားတို့က အသွားက လွဲနေတယ်၊ ဘာနဲ့ သွားနေသလဲ... (တဏှာနဲ့ သွားနေပါတယ်ဘုရား)။

ဘုရားပွင့်လာတာက ဘယ်အကျိုးငှာတုံး၊ ပညတ်နဲ့သွားဖို့ ပွင့်လာတာ၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေက ကိုယ့်အသွားက မဟန်လို့ ပေါ့ဗျာ...(မှန်ပါ့) သာသနာပသွားသွားနေတယ်လို့ စွဲချက် တင်လိုက်ရင်လဲ ကိုစောမောင် မငြင်းပါနဲ့... (မငြင်းပါဘုရား) သာသနာပ ဒီအတိုင်း သွားနေတာပဲ မဟုတ်လား...(မှန်ပါ့) သာသနာတွင်းသွား ဟုတ်ပါရဲ့လား... (မဟုတ်ပါဘုရား)။

http://www.dhammadownload.com



သာသနာတွင်း သွားဆိုတာက ဒကာ ဒကာမတို့ ဝေဒနာက ခေါ်တယ်လို့ ဆိုလို့ရှိရင်ဖြင့် ကျုပ်ဟာဖြစ်ပါပြီ၊ ကျုပ်ဟာ ပျက်ပါပြီ၊ ခင်ဗျားကြည့်ပါဦး၊ မပြောဘူးလား... (ပြောပါတယ်ဘုရား)

ဟာ မကြည့်ဘူး၊ ခင်ဗျားတို့က ကြည့်လိုက်ရင်လဲ မဂ်ဖြစ်မှာပဲ...(မှန်ပါ့ဘုရား)။

ကြည့်လိုက်ရင် ဘာဖြစ်မယ်...(မဂ်ဖြစ်ပါမယ်) မကြည့်ရင် ဘာဖြစ်မလဲ...(တဏှာဖြစ်ပါမယ်) မကြည့်ရင်တော့ တဏှာ တော့ တဏှာမဟုတ်ဘူး၊ ကြည့်လျက်နဲ့ တဏှာဖြစ်တာက သူ့ဟာက...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

အယားပျောက်တယ်ဆိုတာ ဒကာ ဒကာမတို့ ယားတာက ဒုက္ခဝေဒနာ ဟုတ်လား...(မှန်ပါ့) ပျောက်စေချင်တာက တဏှာကိုး...(မှန်ပါ့)။

ဘာနဲ့ သွားသတုံး... (တဏှာနဲ့ သွားပါတယ်ဘုရား) ယားတာက ဒုက္ခဝေဒနာ၊ ပျောက်စေချင်တဲ့သဘောနဲ့ သွားတာ... (တဏှာပါဘုရား)။

ဒါကြောင့် ဝေဒနာပစ္စယာ တဏှာဆိုတာဟာ ဒကာ ဒကာမတို့ သူများ ပြောလား၊ ကိုယ်နေ့တိုင်း အလုပ်လုပ်နေ တာလား...(ကိုယ်နေ့တိုင်း အလုပ်လုပ်နေတာပါဘုရား)။

ဒါဖြင့် ဖေါ်ပဿိ တောထဲ သွင်းလိုက်ပါလား၊ ဖေါ် – လာခဲ့ပါ၊ ပဿ – ကျုပ်ကိုကြည့်ပါ ဆိုတော့ ခင်ဗျားတို့ဟာ သွားတော့ သွားတယ်၊ ကြည့်တော့ ကြည့်ခဲ့တယ်။ တဏှာနဲ့

http://www.dhammadownload.com



ကြည့်တယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား) ဉာဏ်နဲ့ (မကြည့်ပါဘုရား)။

ဩော်...ဒါကလေး တစ်လုံး ထည့်လိုက်ရလို့ ရှိရင် နိဗ္ဗာန် ရောက်မှာပါလားလို့သာ မှတ်ပါတော့...(မှန်ပါ) ဟုတ်လား...(မှန်ပါဘုရား)။

တဏှာနဲ့ သွားမယ့် နေရာ ဘာနဲ့ သွားလိုက်သတုံး... (ဉာဏ်နဲ့ သွားပါတယ်ဘုရား) တဏှာနဲ့ သွားမယ့် နေရာ ဉာဏ်နဲ့ သွားလိုက်တော့ ဒီဝေဒနာကလေးဟာ သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ ဩော်...ဒါကလေးဟာ ဉာဏ်နဲ့ သွားလိုက်တဲ့ အခါကျတော့ ပေါ်တာကလေးသိ၊ မောင်နိုင်တို့ဟင်...(မှန်ပါ)။

မရှိတာကော...(သိပါတယ်ဘုရား) ပေါ်တာလဲသိ၊ ပျက်တာလဲသိဆိုတော့ သမုဒယဓမ္မာနုပဿီ ဝါ ဝယဓမ္မာနုပဿီ ဝါ ဆိုတဲ့အတိုင်း ဝေဒနာကို ရှုတော့တာပါပဲ။ မရှုဘဲ နေသေးရဲ့လား...(မနေပါဘုရား)။

အဲ...ဉာဏ်နဲ့ သွားတဲ့အခါကျတော့ ဖြစ်တာနဲ့ ပျက်တာပဲ တွေ့တယ်...(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

ဝေဒနာနဲ့ ခေါ်လို့ တဏှာနဲ့ သွားတဲ့အခါကျတော့ အခုမှ အယားပျောက်သွားတယ်ဆိုပြီး သကာလ ယားလို့ ပျောက်ချင်လို့ သွားတော့ တဏှာမနေဘူးလား... (နေပါတယ် ဘုရား)။

http://www.dhammadownload.com



ပျောက်သွားတဲ့အခါကျတော့ နောက်ဒီလိုလုပ်မှပဲ ဆိုတဲ့ ဥပါဒါန် လိုက်လာတယ်...(မှန်ပါ) မလိုက်ဘူးလား... (လိုက်ပါတယ်ဘုရား) သဘောပါပလား...(ပါပါပြီဘုရား)။

အင်း...ဒါဖြင့် ဖော် ပဿိကောဟာ ဒကာ ဒကာမတို့ ကောင်းကောင်း သဘောကျပါတော့လို့ ဆိုတာ ယနေ့ ပြောလိုက်တယ်...(မှန်ပါ) ကဲ...ကိုစောမောင် ကျေနပ် ပလား... (ကျေနပ်ပါပြီဘုရား)။

ခေါ်မခေါ်...(ခေါ်ပါတယ်ဘုရား) စဉ်းစားကြည့်ပါ။ ညကြီး မှောင်ကြီးထဲတောင် ခင်ဗျားတို့သည် ကိုယ့်လက်ကလေးနဲ့ ပေါင်ယားရင် ပေါင်ကုတ်တာပဲ၊ ကျောယားရင်...(ကျောကုတ်ပါ တယ်ဘုရား)၊ ခြေဖဝါးက ယားရင်...(ခြေဖဝါးကုတ်ပါတယ် ဘုရား)။

ကဲ...ခေါ်လို့လား၊ မခေါ်လို့လား...(ခေါ်လို့ပါဘုရား) ဘာနဲ့ သွားနေကြသလဲ...(တဏှာနဲ့ သွားပါတယ်ဘုရား) ဉာဏ်နဲ့ သွားလိုက်လို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ အနိစ္စ တွေ့မယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

တဏှာနဲ့ သွားလို့ရှိရင် ဒကာ ဒကာမတို့သည်ကား လို့ဆိုရင် ဝေဒနာ ပစ္စယာ တဏှာဆိုပြီး သကာလ ခင်ဗျားတို့ ပဋိစ္စသမုပ္ပာဒ်တန်း ဒါ ဉာဏ်နဲ့သွားရင် ပြတ်မယ်။ သဘော ကျပလား...(ကျပါပြီဘုရား)။

တဏှာနဲ့ သွားရင် ဆက်မယ်...(မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့ ဒီအလုပ်ဟာ ဘုန်းကြီးတို့ ပြောပေးတာ ကလေးပဲ အကူအညီ ပေးပါတယ်။ သွားနေကျလမ်းပါလို့ မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်ဘုရား)။

သွားနေကျလမ်း ဟုတ်ကြပါရဲ့လား... (ဟုတ်ပါတယ် ဘုရား)။

ဝေဒနာခေါ်ရာကို ခင်ဗျားတို့ မသွားဘူးလား... (သွားပါ တယ်ဘုရား)။

စဉ်းစားကြည့်ပါ၊ ရန်ကုန်မှာ အရောင်းအဝယ်ကောင်းတယ် ဆိုတော့ ရန်ကုန်မပြေးကြဘူးလား... (ပြေးပါတယ်ဘုရား) ဝေဒနာခေါ်ရာ သေသေချာချာသွားတာ၊ မသွားဘူးလား ... (သွားပါတယ်)... ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဟိုမှာ သံယောဇဉ်ကလေး ရှိတယ်ဆိုလို့ရှိရင် သံယောဇဉ် ကလေး နေမကောင်းဘူးလို့ ကြားလိုက်လို့ရှိရင် နေမကောင်းတဲ့ ဒုက္ခဝေဒနာက ဒီက အမေ မိဘတွေ အကုန် ခေါ်တော့တာပဲ... (မှန်ပါ) မခေါ်ဘူးလား ... (ခေါ်ပါတယ်ဘုရား)။

ဟိုကလေးက လာခဲ့ပါလို့ ခေါ်တာလား၊ ဝေဒနာက ခေါ်တာလား...(ဝေဒနာက ခေါ်တာပါဘုရား) သဘောကျ ပလား...(ကျပါပြီဘုရား)။

ဟိုမှာ ပျော်စရာ ပါးစရာတွေ ရှိသတဲ့၊ ဒါဖြင့် သွားဦးမှပဲ ဆိုတာလဲ သုခဝေဒနာက ခေါ်တာ ...(မှန်ပါ) ကိုဇောမောင် မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဇာတိ – လာခဲ့၊ ပဿ – ရှုပါလို့ ဝေဒနာမှာလဲ နှစ်ခု ရှိမရှိ...(ရှိပါတယ်ဘုရား) အဲဒါ အသွားမလွဲစေနဲ့လို့ ယနေ့ ရှင်းရှင်းလင်းလင်း ပြောတယ်...(မှန်ပါ)။

အသွားလွဲရင်ဖြင့် တဏှာနဲ့ သွားရင် နောက်က ဥပါဒါန် လိုက်မယ်...(မှန်ပါ) ကံနောက်က လိုက်မယ်။ မလိုက်ပေဘူးလား...(လိုက်ပါတယ်ဘုရား)။

ဇာတိကော...(လိုက်ပါတယ်) ဇရာ မရဏကော ... (လိုက်ပါတယ်) သူခေါ်တဲ့ဆီကို ဉာဏ်နဲ့ သွားလိုက်လို့ရှိရင်ဖြင့် သူဘာဖြစ်နေသတုံး ကြည့်လိုက်တဲ့အခါကျတော့ သူဖြစ်ပြီး ပျက်သွား, သေတာတွေ့မှာပဲ... (မှန်ပါ) မတွေ့ပေဘူးလား... (တွေ့ပါတယ်ဘုရား)။

မဂ္ဂင်ငါးပါးနဲ့ တွေ့တယ်ဆိုကတည်းက ဒါဟာ ဘုရားဟောထားတဲ့အတိုင်း ခင်ဗျားတို့ ဘုရားပွင့်တဲ့အလုပ် လုပ်တာလို့ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီကတည်းက ဘုရားပွင့်သည်နှင့် တစ်ပြိုင်နက်တည်း၊ ကိုယ့်ဉာဏ်ဝင်လာသည်နဲ့ တစ်ပြိုင်နက်တည်း လာနေကျ ပဋိစ္စသမုပ္ပါဒ် တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ် ဟင်... (မှန်ပါ) နောက်အနာဂတ်ဘဝ ဇာတိ ဇရာ မရဏကော... (ချုပ်သွားပါတယ်ဘုရား)။

ကိုစောမောင်၊ ဒါသူများ ပြောလား......တဲ့။ အတွေ့အမှန်ပဲလား...(အတွေ့အမှန်ပါဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် တရားဟာကွာ...နာတော့ နာခဲ့ရပါတယ်။ ကောင်းလဲ ကောင်းပါတယ် ဆိုတာဟာ ခင်ဗျားတို့ဟာ ပြောသံကြားတောင်းတာ...(မှန်ပါ) အခုဟာကတော့ ကိုယ့်ခန္ဓာထဲ ကိုယ်ဖျောက်ကြတယ်။ ရိပ်မိပလား ... ရိပ်မိပါပြီဘုရား)။

ဘာဖျောက်ကြတာတုံး... (ကိုယ့်ခန္ဓာထဲ ကိုယ်ဖျောက်ကြပါတယ်ဘုရား) ဒီ ဖေဟိပဿိကောနဲ့ ပြောလိုက်တော့ ပိုမပေါ်ဘူးလား...(ပေါ်ပါတယ် ဘုရား)။

အင်း...ဒုက္ခဝေဒနာကလဲ ဒကာ ဒကာမတွေ ကိုယ်သန္တာန်မှာ ကိုယ့်ဒုက္ခဝေဒနာတလဲ ကိုယ်ခေါ်တာပဲ... (မှန်ပါ) ကိုယ့်သားသမီး ဒုက္ခ ဝေဒနာကကော... (ကိုယ့်ခေါ်ပါတယ်)။

သူတို့က ကျွေးချင် မွေးချင်လိုတဲ့၊ ကန်တော့ချင်လိုတဲ့၊ လာပါဦးဆိုတော့ ဟိုက သုခဝေဒနာကနေပြီး ဒီအမေ မိဘ ပင့်ယူတာပဲ၊ မပင့်ဘူးလား...(ပင့်ပါတယ်ဘုရား)။

ပင့်တဲ့အခါကျတော့ ကိုဇောမောင်တို့ ဘယ့်နှယ်နေကြသလဲ...(သွားပါတယ်ဘုရား) ဘယ်သူပင့်တာတုံး...(ဝေဒနာက ပင့်တာပါဘုရား)။

အဲ...သားသမီးက ပင့်တာမဟုတ်ဘူး၊ ဝေဒနာကနေ ပင့်နေတာ...(မှန်ပါ) သဘောကျပလား...(ကျပါပြီ) ရှင်းကြပလား...(ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတွေ သေသေချာချာ စဉ်းစားလို့ ရှိရင် **ဖေဟိပဿိကော** ဟုတ်ပါရဲ့လား... (ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ အသွားမလွဲစေနဲ့ဆိုတာ ဆရာ့တာဝန် . . . (မှန်ပါ့) ဆရာက ပြောတဲ့ တာဝန်ပဲ ဟုတ်လား . . .(မှန်ပါ့) ခင်ဗျားတို့က မလွဲအောင် သွားလို့ရှိရင် ဒါ နားထောင်တဲ့ အခိုက်မှာယ် မရောက်ဘူးလား . . .(ရောက်ပါတယ်ဘုရား)။

ဟာ . . .အရွဲ့တိုက်မယ် ဘုရားဆိုလို့ရှိရင်လဲ မတတ်နိုင်ဘူးပေါ့ . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

သို့သော် များသောအားဖြင့်လဲ ဝိပဿနာအလုပ်ကင်းနေတဲ့ ပုဂ္ဂိုလ်ဟာ အရွဲ့တိုက်တာများတယ် . . .(မှန်ပါ့)။

ကိုစံလှ . . . ဘယ့်နှယ်တုံး . . .(အရွဲ့တိုက်တာများပါတယ်ဘုရား) မများဘူးလား . . .(များပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီအရွဲ့တိုက်တော့ ဘုရားကိုလဲ အရွဲ့တိုက်ရာရောက်တယ်၊ ဟေိပဿိကောဆိုတဲ့ ဥစ္စာကိုလဲ၊ တရားဂုဏ်တော်ကိုလဲ ခင်ဗျားတို့သည် ပယ်ရာမရောက်ဘူးလား . . .(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားပယ်, တရားပယ်တွေလို့ ဆိုရင်လဲ ကိုစောမောင် စကားကြီးတယ်လို့သာ ဆိုရမယ်။ ဖြစ်စဉ်ကတော့ ကိုက်နေတယ် . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

ဘုရားပွင့်မှ ဒီကြားမှာ ဉာဏ်ထိုးနိုင်မယ်၊ မဟုတ်ဘူးလား . . .(မှန်ပါ့)။

တရားကလဲ ခေါ်ပါလျက်သားနဲ့ မသွားခဲ့လို့ ရှိရင်ဖြင့် ခင်ဗျားတို့သည် ခင်ဗျားတို့သန္တာန် ဘုရားလဲ မပွင့်ဘူး၊ တရားလဲ မရှိဘူး . . . (မှန်ပါ့)။

http://www.dhammadownload.com



ဘယ်နှယ်ဆိုကြမယ်... (တပည့်တော်တို့ သန္တာန်မှာ ဘုရားမပွင့် ဘုရားမရှိ ဖြစ်နေပါတယ်ဘုရား)။

ဘုရားလဲ မပွင့်ဘူး၊ တရားလဲ မရှိဘူး ဆိုတာတော့ ကိုစောမောင်၊ တော်တော်ကြီးတဲ့ စကားပါလား...(မှန်ပါ့) သို့သော်တဲ့ ဟေိပဿိကော ခင်ဗျားတို့ သဘောကျထားတော့ကို ဩော် ဟုတ်သားပဲ ဘုရားပွင့်မှ ဒီနေရာ ဒါလာတာ... (မှန်ပါ့ဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဒီနေရာ မဂ္ဂင် လာနိုင်တာကိုး၊ ဘုရားမပွင့်ရင် ဘယ်တော့များ လာဖူးသတုံး... (မလာပါဘုရား) ဝေဒနာ ပစ္စယာ တဏှာသာ လာနေကြတယ်...(မှန်ပါ့) မဂ်လာတယ်လို့ ထုံးစံ ရှိရဲ့လား...(မရှိပါဘုရား)။

ကဲ... ဒါဖြင့် ဘုရားပွင့်တဲ့ သဘောဟာလဲ ကိုယ်အလုပ် လုပ်မှ ကိုယ့်သန္တာန် ဘုရားပွင့်တာ... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

တစ်ခါ တရားတွေကလဲ တရားအတိုင်း လုပ်ပါမှ ကိုစောမောင်ရဲ့ တရားကျင့်တာကိုး...(မှန်ပါ့)။

ဒါဖြင့် ဒီနေရာမှာ ဝေဒနာသုံးမျိုးကဖြင့် လှည့်ခေါ်နေမှာ ပဲ...(မှန်ပါ့) ဉာဏ်နဲ့ သွားကြပါ့...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဝေဒနာသုံးမျိုးကတော့...(ခေါ်နေမှာပါ) သွားတော့ ဘာနဲ့ သွားကြမလဲ ...(ဉာဏ်နဲ့ သွားရပါမယ်ဘုရား)။

http://www.dhammadownload.com



အဲ...ဉာဏ်နဲ့ သွားလိုက်လို့ရှိရင်ဖြင့် ဉာဏ်ဆိုတာ အမှန်သိတာ (မှန်ပါ) ဩော်... သူ ဒီနေရာမှာဖြစ်ပြီး ဒီနေရာမှာ ပျက်သွားတယ်လို့ ဉာဏ်က သိတယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ဉာဏ်ဒီလိုသိတာ၊ တဏှာကတော့ ဒီလိုမှ မဟုတ်ဘဲ၊ ဝေဒနာကလေးဖြစ်ခဲ့သော် တဏှာလိုက်လာတယ်၊ မလိုက်ဘူးလား...(လိုက်ပါတယ်ဘုရား)။

သူသွားတော့ သဘောကျပြီး ပြန်ခဲ့တယ်။ သဘောကျတဲ့ တဏှာ နောက်တော့ စွဲလမ်းတယ် မလာဘူးလား...(လာပါတယ်ဘုရား)။

ကာယကံ, ဝစီကံတွေက...(လာပါတယ်ဘုရား) အဲ... ကမ္မဘဝ မဖြစ်သေးဘူးလား...(ဖြစ်ပါတယ်ဘုရား)။

ကမ္မဘဝမစွယာသာ လာရင်တော့ ကယ်မရတော့ဘူး။ ရပါ့မလား...(မရပါဘုရား) ဘာလာတော့မလဲ...(ဇာတိ လာပါတော့မယ်) ဇာတိ ဇရာဆိုတဲ့ အနာဂတ်ဘဝဟာ ကိုစောမောင် ဆက်မှာလား၊ မဆက်ဘူးလား...(ဆက်မှာပါဘုရား)။

ဖြတ်လို့ရသေးရဲ့လား (မရပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည် ချောက်ကျတဲ့ပုဂ္ဂိုလ်၊ ချောက်လွတ်တဲ့ ပုဂ္ဂိုလ်ဘယ်ပုဂ္ဂိုလ်ထဲသွင်းမလဲ...(ချောက်ကျတဲ့ပုဂ္ဂိုလ်ပါဘုရား)။

အဲဒါကြောင့် ရှောင်ကြပါဆိုတာ သေသေချာချာ လေးလေးနက်နက်ပြောနေတာ...(မှန်ပါ) သဘောပါပလား...(ပါပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ...ဒါဖြင့် ယနေ့ည ဟောတဲ့တရားမှာ မောင်နိုင်, မောင်ဘမှီ အသွားမလွဲစေနဲ့...(မှန်ပါ)။

ဘာဟောပါလိမ့် ...(အသွားမလွဲစေပါနဲ့ဘုရား) ဒီတစ်လုံးပဲ ပါပါသေးတယ် ဒကာဒကာမတို့...(မှန်ပါ) ဝေဒနာကဖြင့် ခေါ်မှာပဲတဲ့၊ သုခလာလဲ...(ခေါ်မှာပဲဘုရား) ဒုက္ခလာလဲ...(ခေါ်မှာပါပဲဘုရား) ဥပေက္ခာကကော... (ခေါ်မှာပါဘုရား) ခင်ဗျားတို့က ဘယ့်နှယ်တုံး...(အသွားမလွဲစေရပါဘုရား)။

အသွားမလွဲစေနဲ့ ဆိုတော့ ဥပေက္ခာဝေဒနာက ခေါ်ပုံကလေး ဒကာ ဒကာမတွေကို မလာရသေးဘူး ကိုစောမောင်...(မှန်ပါ)။

ဥပေက္ခာဆိုတာ မျက်လုံးက ဖွင့်ချင်တယ်ဆိုရင် မမြင်ဘူးလား...(မြင်ပါတယ်ဘုရား) မြင်သည်နှင့် တစ်ပြိုင်နက်တည်း မြင်တာကလေးဟာ သဘောကျလိုက်တာ ဆိုတာ တစ်ခါတည်း ဥပေက္ခာဝေဒနာ နောက်ကနေပြီး သကာလ မြင်တာကလေးဟာ သဘောကျတယ်လို့ ခင်ဗျားတို့ တဏှာနဲ့ သွားချင်သွားမယ်... (မှန်ပါ) မသွားပေဘူးလား...(သွားပါတယ်ဘုရား)။

မြင်တာကလေး သဘောကျတယ် ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ တဏှာနဲ့ သွားတာ မကျဘူးလား ... (ကျပါတယ်ဘုရား)။

မြင်တဲ့ဥပေက္ခာ ဝေဒနာကလေးဟာ မြင်ပြီး ပျက်တာပဲ ဆိုရင် ဘာနဲ့သွားမလဲ...(ဉာဏ်နဲ့သွားပါ့မယ်) အဲ... ကိုစောမောင် သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



မြင်တာကလေး သဘောကျတယ် ဆိုရင် ဘာနဲ့ သွားသတုံး (တဏှာနဲ့ သွားပါတယ် ဘုရား)။

မြင်တာက ဥပေက္ခာဝေဒနာ သဘောကျတယ်ဆိုတော့ ဥပေက္ခာ ဝေဒနာနောက်ကို တဏှာလိုက်သွားတယ်... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် မြင်တာကလေး သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မြင်ပြီး ပျက်သွားတာကိုးလို့ ဆိုတော့ မြင်တဲ့ ဥပေက္ခာဝေဒနာက နေပြီး ဉာဏ်ခေါ်ယူတယ်...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဟေိပဿိကောကဖြင့် ဘယ်တရားမဆို ရှိတယ် ဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)။

သုခဝေဒနာမှာလဲ ဘာရှိသတုံး...(ဧဟိပဿိကော ရှိပါတယ်ဘုရား) ဒုက္ခဝေဒနာမှာကော...(ဧဟိပဿိကော ရှိပါတယ်ဘုရား) ဥပေက္ခာ ဝေဒနာမှာကော... (ဧဟိပဿိကော ရှိပါတယ်ဘုရား) ဒါဖြင့် ဒကာဒကာမတွေ သဘောပါပလား... (ပါပါပြီဘုရား)။

ဧဟိက ဘာပါလိမ့်...(လာပါ) ပဿိက...(ရှုပါ) ဒါဖြင့် ဘယ်ဝေဒနာကမဆို သူ့ကို လာပါရှုပါ၊ ကိုစောမောင် မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့ ဝိပဿနာ အထူးရှာနေရမှာလား၊ ဒီပါဠိတစ်လုံးနဲ့ပဲ အကုန်ပြီးပလားလို့ မေးရင် ဘယ့်နှယ် ပြောကြမလဲ... (တစ်လုံးနဲ့ပြီးနိုင်ပါတယ်ဘုရား) သဘော ပါကြပလား... (ပါပါပြီဘုရား)။

http://www.dhammadownload.com



တစ်လုံးနဲ့ပဲ အကုန်ပြီးတယ်ဆိုတော့ သူက ခေါ်တိုင်းသွား သဘောကျပလား...(ကျပါပြီဘုရား)။

သူက ခေါ်တိုင်းသွားရင် ဒီဉာဏ်သည်ကားလို့ ဆိုရင် ခေါ်တိုင်းသာသွားနေလို့ရှိရင်ဖြင့် ဉာဏ်သည် ပထမတော့ဖြင့် ခေါ်တိုင်းသွားတဲ့ ဉာဏ်နုကလေးပေါ့ဗျာ၊ နောက်ကျတော့ ခေါ်တိုင်းသွားတဲ့ ဉာဏ်ရင့်ကြီး မဖြစ်ပါဘူးလား... (ဖြစ်ပါတယ် ဘုရား) ဖြစ်ရမယ်ဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)။

အဲ...နောက်ကျတဲ့အခါကျတော့ကို သူလဲ ဖြစ်ပျက်၊ ဖြစ်ပျက်ကနေပြီး ခေါ်တာမျိုး၊ ကျုပ်ကို လာကြည့်ပါဦး...။ ကျုပ်သည် အသေကောင်ပါပဲလို့ မှန်းစရာကြီး အဖြစ်နဲ့ကော သူက မခေါ်ပေဘူးလား... (ခေါ်ပါတယ်ဘုရား)။

တော်တော်ကြာကျလို့ရှိရင် မုန်းတဲ့ပုဂ္ဂိုလ် ဖြစ်ပြီးသကာလ ဒီက သွားပါများတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိရင် မုန်းနေကျ ပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီဝေဒနာက နောက်ကျတော့ ဒီဒုက္ခကြီး ကြည့်နေရတာပဲတဲ့၊ ကြည့်တဲ့ပုဂ္ဂိုလ်က ခေါ်တိုင်း သွားနေရတော့ ကျုပ်ဖြင့် ကြည့်ကိုမကြည့်ချင်ဘူးဆိုတာ လာမလား မလာဘူးလား...(လာပါမယ်ဘုရား)။

မကြည့်ချင်ရင် သူပေါ်ပါဦးမလား...(မပေါ်ပါ) ဒါဖြင့် ဝေဒနာဆုံးတယ်၊ မဆုံးဘူးလား... (ဆုံးပါတယ်ဘုရား)။

ဝေဒနာဆုံးတယ်ဆိုတော့ ကိုစောမောင်၊ ကိုစံလှ စဉ်းစား စမ်း၊ ခန္ဓာဆုံးတာမှ ဟုတ်ကဲ့လား...(ဟုတ်ပါတယ်) ဝေဒနာက္ခန္ဓာကိုးဗျ...(မှန်ပါ့) သဘောပါပလား... (ပါပါပြီ ဘုရား)။

http://www.dhammadownload.com



ဝေဒနာဆုံးတော့ သူတို့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ သညာ, သင်္ခါရ, ဝိညာဏ်သူတို့က ဖြစ်စေတဲ့ ရုပ်တွေက ကျူပ်တို့ နေရစ်ဦးမယ်ဆိုလို့ ရပါ့မလား...(မရပါ) ဒါကြောင့် ဝေဒနာဟာ ဝေဒနိဋ္ဌချုပ်လို့ ရှိရင်ဖြင့် ဘာကျန်ရစ်စရာများ ရှိသေးသလဲ... (မရှိပါဘုရား)။

ဒါကြောင့် "ဝေဒနာနံခယာဘိက္ခု" ဝေဒနာနံ–ဝေဒနာတို့ကို၊ ခယာ–ကုန်အောင် ရှုနိုင်သော၊ ဘိက္ခု–ရဟန်းသည် နိစ္ဆာတော နိတ္တဏှော–တဏှာမရှိသည်ဖြစ်၍၊ ပရိနိဗ္ဗုတော–ကိလေသာ ပရိနိဗ္ဗာန်စံသည်၊ ဟောတိ–ဖြစ်၏၊ ဒီဘဝ ကိလေသာတွေ ကုန်တော့တာပဲတဲ့...(မှန်ပါ့ဘုရား)။

ကိလေသာ နှစ်ပါးကုန်သွားတော့ ဒီဟာတွေ လာပါ့ဦးမလား... (မလာပါဘုရား) အနာဂတ်ဘဝ ပေါ်ပါဦးမလား (မပေါ်ပါဘုရား)။

ဒါဖြင့် ဘုရားဟောတော်မူတာ ကိုစံလှတို့, ကိုစောမောင်တို့ ကုန်အောင်ရှုဆိုတဲ့ သဘောကလေးဟာ ဘယ်သဘောပါ ပါလား... (ပါပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာတစ်လုံးနဲ့လဲ နိဗ္ဗာန်ရောက်နိုင်တယ် ဆိုတာလဲ သေချာကြပလား... (သေချာပါပြီဘုရား)။

ကိလေသာ ပရိနိဗ္ဗာန်စံဆိုတာ ဘယ်တော့ လာဦးမှာတုံး... (မလာပါ) မလာလို့ရှိရင်ဖြင့် ကိလေသာ ပရိနိဗ္ဗာန် စံသွားပြီ၊ ချုပ်သွားပြီဆိုရင်ဖြင့် ကိလေသာကြောင့် ဖြစ်မယ့် ဝဋ်တွေဟာ တစ်ခါတည်း ကိလေသာဝဋ် ကျွတ်သွားတော့ ဟောဒီ ကမ္မဝဋ်က

http://www.dhammadownload.com



ဘယ့်နှယ်နေသတုံး...(ကျွတ်သွားပါတယ်) သဘောပါကြပလား... (ပါပါပြီဘုရား)။

ဩော်...ဒါဖြင့် ဝေဒနာမြင်အောင်ကြည့်၊ ဝေဒနာဖြစ်ပျက်ကို မြင်အောင်ကြည့်၊ ဝေဒနာဖြစ်ပျက် မုန်းအောင်ကြည့်၊ ဝေဒနာဖြစ်ပျက် ဆုံးအောင်ကြည့်ဆိုတဲ့ ဉာဏ်သုံးဆင့်ဟာကိုစောမောင်တို့ ကောင်းကောင်းကျေနပ်ဖို့ပဲ... (မှန်ပါ့) ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

ဒါက ဘယ့်နှယ်ကြောင့် ဒီလို ဟောရတာတုံးလို့ မေးတဲ့အခါကျတော့ ဝေဒနာနုပဿနာရယ်လို့ ဘုရားက သီးသန့်ထားခဲ့လို့၊ ပဋိစ္စသမုပ္ပါဒ်မှာလဲရှုစရာက သူ့အရင် လာတွေ့တာပဲဆိုတာ သဘောကျပလား...(ကျပါပြီဘုရား)။

ဒီဟာတွေကတော့ ပယ်ရမယ့်တရား၊ ဒီဟာတွေကပိုင်းခြားထားပစ်ခဲ့ရမယ်ဆိုတော့ ဒီသမုဒယသစ္စာ ချုပ်ပါမှဒီဒုက္ခသစ္စာ ကျုပ်တို့နောက် မလိုက်မှာကိုးဗျ...(မှန်ပါ့) သူသာရှိနေလို့ရှိရင် ဒါတွေက ချုပ်ပါ့မလား... (မချုပ်ပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာပယ်၊ ဒုက္ခသစ္စာ မလိုက်ခဲ့နဲ့လို့ပိုင်းခြားခဲ့၊ သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာခေါ်ရာကို ကျုပ်တို့သွားရမှာလား၊ မသွားရဘူးလား...(သွားရမှာပါ) ဘာနဲ့ သွားရမလဲ... (ဉာဏ်နဲ့သွားရပါမယ်ဘုရား)။

ထုံးစံက ဘာနဲ့သွားလေ့ရှိသတုံး... (တဏှာနဲ့ သွားလေ့ရှိပါတယ်) တဏှာနဲ့သွားလို့ရှိရင် ဒုက္ခက္ခန္ဓသာ ဖြစ်မယ်...

http://www.dhammadownload.com



(မှန်ပါ့) ဒုက္ခက္ခန္ဓသာ သမုဒယောဟောတိ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ပြောတဲ့ ဒုက္ခက္ခန္ဓသာ သမုဒယောဟောတိ ပြတယ်၊ ဒီဒုက္ခအစုကြီးလာမယ်၊ ဒီဒုက္ခအစုကြီး မလာဘူးလား... (လာပါတယ်ဘုရား)။

ဒီတဏှာတွေက လိုက်ပကောဗျ၊ ဝေဒနာနောက်ကနေပြီး၊ ဒါဝေဒနာ ခေါ်တော့ခေါ်ပါရဲ့၊ တဏှာနဲ့သွားတယ်၊ ဉပါန်ဒါန်နဲ့ စွဲတယ်၊ သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ကိလေသဝဋ္ဋ မဖြစ်ပေဘူးလား......... (ဖြစ်ပါတယ်) ကိလေသဝဋ္ဋ ဖြစ်လို့ရှိရင်ဖြင့် ဉပါဒါနပစ္စယော ကမ္မဘဝေါ ဆိုတော့ ဟောဒီမှာ ကမ္မဝဋ္ဋ ပေါ်လာတယ်... (မှန်ပါ့)။

မပေါ်ဘူးလား...(ပေါ်လာပါတယ်ဘုရား) ကမ္မဝဋ္ဋ ပေါ်လို့ရှိရင် အနာဂတ်ဘဝ ဝိပါကဝဋ္ဋဆိုတာ လာမှာလား မလာဘူးလား...(လာမှာပါ) ဒါဖြင့် ဝဋ္ဋဆက်ပြီး ...(မှန်ပါ့)။

အသွားမတတ်တော့...(ဝဋ္ဋဆက်ပါတယ်) အသွား တတ်တော့... (ဝဋ္ဋပြတ်ပါတယ်) ဝဋ္ဋပြတ်တယ်ဆိုတော့ ကိလေသဝဋ္ဋက စပြတ်တယ်...(မှန်ပါ့)။

ပြီးတော့...ကမ္မဝဋ္ဋကကော ...(ပြတ်ပါတယ်) ဒီဘက်က ဝိပါကဝဋ္ဋကော...(ပြတ်ပါတယ်) သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဝဋ္ဋပြတ်တာ သည်ကားလို့ဆိုယင် အသွားတော်မှ ဝဋ္ဋပြတ်မှာ ...(မှန်ပါ့) အသွားမတော်ရင် (ဝဋ္ဋဆက်ပါတယ်

http://www.dhammadownload.com



ဒါဖြင့် ဝဋ်ပြတ်တာ သည်ကားလို့ဆိုရင် အသွားတော်မှ ဝဋ်ပြတ်မှာ ...(မှန်ပါ) အသွားမတော်ရင် (ဝဋ်ဆက်ပါတယ် ဘုရား) ဝဋ်ဆက်မယ်ဆိုတော့ ဩော်...ဒါဟာ သူများပြောလား၊ တို့ သန္တာန်၏ ဖြစ်စဉ်ကို တို့ဟာတို့ဖြတ်ဖို့ ဟောတာလားလို့ မေးလို့ရှိရင် ခင်ဗျားတို့ ဘယ့်နှယ်ဖြေပါ့မလဲ...(ကိုယ့်ဟာကိုယ် ဖြတ်ဖို့ ဟောတာပါဘုရား)။

ကိုယ့်ဟာကိုယ်ဖြတ်ဖို့ ဟောတာနော် ဒကာဒကာမတို့တဲ့၊ ခင်ဗျားတို့ ဒါန,သီလ, အမျှဝေလို့ မရဘူးဆိုတာကကော သဘောကျပလား...(ကျပါပြီ) ကိုယ့်ဟာကိုယ် ဒီကြားကို ဉာဏ်ဝင်မှ...(မှန်ပါဘုရား)။

ဒါန ပေးလှူပြီးသကာလ သားတွေ သမီးတွေ အမျှယူကြ ရပါတယ်။ မရဘူးလို့ ဟောကိုမဟောဘူး...(မှန်ပါ) သဘော ကျမှလား...(ကျပါပြီဘုရား)။

သို့သော်...ကိုယ့်ပဋိစ္စ သမုပ္ပါဒ်ကို ဖြတ်မှုကျလာတော့ဖြင့် သူများကပေးတဲ့ အမျှနဲ့ ကိုယ်ပြတ်မှာလား... (မပြတ်ပါဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

သူများပေးတဲ့အမျှနဲ့ ကိုယ်ပြတ်လို့ရှိရင်ဖြင့် ဘုရား ဖြစ်ရင် ဘုရား၏ အမျိုးတွေဟူသရွေ့ အဝီစိသွားစရာ တစ်ယောက်မှ မပါဘူး၊ ဒေဝဒတ်လဲ မသွားနိုင်ဘူး * ဒေဝဒတ်

---

* သုပ္ပဗုဒ္ဓ

http://www.dhammadownload.com



အဖေလဲ သွားစရာလိုသေးသလား၊ အမွေပေးနိုင်လို့ရှိရင် သဘောကျပလား . . .(ကျပါပြီ) ပေးနိုင်ရဲ့လား . . .(မပေးနိုင်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ်တိုင်လုပ်မှ ကိုယ်တိုင်ရမှာဖြင့် သားလုပ်ရင် သားရမယ်။ သမီးလုပ်ရင် (သမီးရမှာပါ ဘုရား) သဘောပါပလား . . .(ပါပါပြီဘုရား)။

ဒါဖြင့် ဒီဟာက အမွေယူလို့ရတဲ့ အလုပ်မဟုတ်ဘူး . . . (မှန်ပါ့) ကိုစောမောင် ဘယ့်နှယ်ဆိုကြမလဲ . . . (မရပါဘုရား) အမွေဆိုတာ မောင်ဘမိုရဲ့ သူပေးတဲ့ အဖို့ဘာဂကို အမွေဆိုတာ မဆိုကြဘူးလား . . .(ဆိုပါတယ်ဘုရား)။

အဲဒီအမွေမျိုး ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ရမှာ ဖြစ်နေတော့ ကိုယ့်ဉာဏ်နဲ့ ကိုယ်ဖြတ်ရမယ် . . . (မှန်ပါ့) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။

အမွေပေးလို့ . . .(မရပါ) မရဘူးဆိုတာသဘောပါပလား . . . (ပါပါပြီဘုရား)။

ဩော် . . .ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်အလုပ် ကိုယ်လုပ်ကြ ဟုတ်လား . . . (မှန်ပါ့) ကိုယ့်အလုပ် ကိုယ်လုပ်ကြ ဆိုတဲ့ဟာသည် ဒကာဒကာမတို့ "အတ္တာဟိ အတ္တနော နာထော" ဆိုတာ၊ ဒါကြောင့် ဒါလာဟောတာ . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

**မိမိလုပ်ရမယ့်** မဂ္ဂင် အလုပ်သည်သာလျှင် မိမိ၏

http://www.dhammadownload.com



ဝတ်ကျွတ်ရာပဲ၊ သူတစ်ပါးက ကိုးကွယ်ရာ မဖြစ်ပါဘူးတဲ့ ကိုစောမောင်ရ...(မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ်လုပ်တဲ့ မဂ္ဂင်မှတစ်ပါး ဘုန်းကြီးတို့ ဒကာ ဒကာမတို့ ကယ်မယ့်သူ ယူမယ့်သူ ရှိသေးရဲ့လား... (မရှိပါ)။

ဒါကြောင့် သူတို့မလုပ်လို့ ကိုယ်မလုပ်ဘူးဆိုတာ ဒါဟာ ဒီစိတ်တွေ မမွေးပါနဲ့ဆိုတာ ကိုစောမောင် တိုက်တွန်းသင့် မတိုက်တွန်းသင့်...(တိုက်တွန်းသင့်ပါတယ်) သဘောပါကြ ပလား...(ပါပါပြီဘုရား)။

ဒါဖြင့် ဝေဒနာမှာ ဘာဂုဏ်ရှိသတုံးလို့ မေးလို့ရှိရင် ဖောပဿိဂုဏ် ရှိတယ်...(မှန်ပါ့) ဘာရှိသတုံး... (ဖောပဿိ ဂုဏ်ရှိတယ်) ဖောက ဘာပါလိမ့်...(လာပါဘုရား) ပဿက... (ရှုပါဘုရား)။

ဒါဖြင့် ဝေဒနာဖြင့် အမြဲမပြတ် ပေါ်လိမ့်မယ်၊ ခြေလှမ်း မလွဲဖို့ သိပ်အရေးကြီးတယ်...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

တဏှာနဲ့ မလှမ်းဘဲနဲ့ ဉာဏ်နဲ့သာ လှမ်းပေးစမ်းပါ... ဒကာဒကာမတို့၊ ဝဋ်ပြတ်ပါလိမ့်မယ်...(မှန်ပါ့) ဆိုထိုက်ပလား (ဆိုထိုက်ပါတယ်ဘုရား)။

ဟောဒီ ကိလေသာဝဋ်ကော...(ပြတ်ပါတယ်) ဟောဒီ ကမ္မဝဋ်ကော ... (ပြတ်ပါတယ်) ဟောဒီ ဝိပါကဝဋ်တွေ... (ပြတ်သွားပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် သူများပြောလား၊ အသွားတော်လို့ နေရာကျတာလား... (အသွားတော်လို့ နေရာကျတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အင်မတန် သွားထိုက်တဲ့နည်းကို ဆရာဘုန်းကြီးက ယနေ့ ရှင်းရှင်းလင်းလင်း မပြောဘူးလား... (ပြောပါတယ်ဘုရား)။

သွားရမယ်နော် ဒကာဒကာမတို့ (မှန်ပါ) ဝေဒနာရှိရာကို ဘာနဲ့ သွားကြမလဲ...(ဉာဏ်နဲ့ သွားကြပါမယ်ဘုရား)။

အဲ... ဝေဒနာရှိရာ ဉာဏ်နဲ့ လိုက်သွားတော့ကို သွားသာ သွားရတယ်၊ ဝေဒနာလဲ မတွေ့ဘူး၊ ဒကာဒကာမတို့ တွေ့သေးရဲ့လား...(မတွေ့ပါဘုရား)။

ဝေဒနာမတွေ့တော့ ဝေဒနာမရှိတာတော့ တွေ့လိမ့်မယ် (မှန်ပါ) ဝေဒနာတော့ဖြင့်...(မတွေ့ပါဘုရား) ဘာတွေ့မလဲ...(မရှိတာတွေ့မှာပါ ဘုရား)။ မရှိတာတွေ့တော့ မရှိတာက အနိစ္စ၊ သွားတာက မဂ္ဂ ဖြစ်သွားတယ်...(မှန်ပါ)။

မရှိတာက... (အနိစ္စပါ) သွားတာက...(မဂ္ဂပါ) သြော်...ဒါဖြင့် မဂ်ဆိုတာသည်ကား...ဆိုလို့ရှိရင် ကိုဇောမောင် ဖောဟိပဿိကောဆိုတဲ့ အတိုင်း ခေါ်ရာကို သွားမှသာလရင် မဂ်ရမှာနော်...(မှန်ပါ) ခေါ်ရာကို မသွားလို့ရှိရင်...(မဂ်မရပါ ဘုရား)။

ဒါဖြင့် ဖောဟိပဿိကောဆိုတာ အနိစ္စလဲ ဖောဟိပဿိကော ဒုက္ခကော...(ဖောဟိပဿိကောပါဘုရား) အနတ္တကော...

http://www.dhammadownload.com



(ဖေဟိပဿိကောပါဘုရား) အနိစ္စ ဒုက္ခမှလွတ်တဲ့ နိဗ္ဗာန်ကော... (ဖေဟိပဿိကောပါ ဘုရား)။

ဖေဟိပဿိကောပဲ၊ ဒါတွေ သူခေါ်တိုင်း သွားနေရင် နိဗ္ဗာန်တွေ့တော့မယ်၊ မတွေ့ပေဘူးလား... (တွေ့ပါတယ် ဘုရား)။

ဒါဖြင့် ခေါ်တိုင်းသွားရင် ပထမ အနိစ္စ တွေ့မယ်၊ နောက်ကို အနိစ္စအဆုံးတွေ့မယ်... (မှန်ပါ့) သဘော ကျပလား...(ကျပါပြီဘုရား)။

အနိစ္စက အနိစ္စနော်... (မှန်ပါ့) ဖြစ်ပြီးပျက်တာက (အနိစ္စပါဘုရား) အနိစ္စအဆုံးက...(နိစ္စပါ) သဘော ကျပလား... (ကျပါပြီဘုရား)။

အနိစ္စ, အနိစ္စကဘာပါလိမ့်၊ ဖြစ်ပြီး ပျက်သောကြောင့် သူ့ကိုဘာခေါ်ကြမယ်... (အနိစ္စ) အနိစ္စအဆုံးက ဘာတုံး... (နိစ္စပါဘုရား)။

ဒါဖြင့် အနိစ္စအဆုံးမှာ အနိစ္စရှိတယ်...(မှန်ပါ့) အနိစ္စဆိ သွားလို့ရှိရင်ဖြင့် အနိစ္စနောက်ကို ဆက်လိုက်သွားလို့ ရှိရင် အနိစ္စဟာလဲ အနိစ္စအဆုံးရှိတယ်...(မှန်ပါ့) မရှိပေဘူးလား... (ရှိပါတယ် ဘုရား) ဒုက္ခမှာကော...(ဒုက္ခအဆုံး ရှိပါတယ် ဘုရား)။

အဲ...ရှုချင်တာသာရှု၊ အဆုံးကျအောင် လိုက်လို့ သတိ ပေးလိုက်ပါတယ်...(မှန်ပါ့)။

http://www.dhammadownload.com



သူကတော့ဖြင့် ခေါ်မှာပဲ၊ အနိစ္စကလဲ ဟောပဿိကော၊ အနိစ္စအဆုံးကလဲ...(ဟောပဿိကောပါပဲဘုရား)။

အဲ...အနိစ္စကလဲ ဟောိ-လာခဲ့ပါ၊ ပဿ-ရှုပါပဲ... (မှန်ပါ့ဘုရား) ခေါ်မှာပဲ...(မှန်ပါ့)။

အဲဒီတော့ ဒကာဒကာမတို့ အသွားမလွဲဖို့ အရေးဟာ ကိုယ့်အရေး...(မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ... (အသွားမလွဲဖို့ အရေးဟာ ကိုယ့်အရေးပါဘုရား)။

အဲဒီလို သွားတဲ့ပုဂ္ဂိုလ်ဟာဖြင့် အနိစ္စတွေ့လို့ရှိရင် အနိစ္စအဆုံးကို သေသေချာချာ တွေ့ပါလိမ့်မယ်ဆိုတာ ငြင်းဖို့ လိုသေးသလား ...(မလိုပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ တစ်သံသရာလုံး အသွားလွဲနေကြလို့ ဒုက္ခတွေ့ကြတာ ...(မှန်ပါ့) သဘော ပါပလား ...(ပါပါပြီဘုရား)။

တစ်သံသရာလုံး ဘာပါလိမ့်...(အသွားလွဲနေလို့ ဒုက္ခ တွေ့တာပါ ဘုရား)။

အဲ...ယခု ဆရာဘုန်းကြီးနဲ့တွေ့ပြီ၊ ဘုရားလဲ ပွင့်အောင်၊ ခင်ဗျားတို့ သန္တာန်မှာ သွားတဲ့ဆီလဲ အသွား တည့်အောင်သာ သွားမယ်ဆိုလို့ရှိရင် သံသရာပြတ်မယ် ...(မှန်ပါ့)။

ဆုတောင်းလို့ ပြတ်မှာလား၊ အသွားတတ်မှ ပြတ်မှာ လား... (အသွားတတ်မှ ပြတ်မှာပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကိုဖြင့် ရပါလို၏ ဆုတောင်းနေရုံနဲ့ မရဘူး... (မှန်ပါ့) အသွားတည့်မှ ရမယ်... (မှန်ပါ့)။

http://www.dhammadownload.com



အနိစ္စအဆုံးမှာ ဘာရှိသတုံး...(နိဗ္ဗာန်ရှိပါတယ်) နိစ္စ..၊ နိဗ္ဗာန်ရှိတယ်၊ သဘောကျပလား ...(ကျပါပြီဘုရား) ဒုက္ခကို စပြီးတွေ့အောင်ရှာနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခအဆုံးတော့ တွေ့မယ်... (တွေ့ပါမယ်ဘုရား)။

ဒါဖြင့် ဒုက္ခမလဲ ဟေ့ပသိကောနဲ့ မခေါ်ပေဘူးလား... (ခေါ်ပါတယ်) ဒုက္ခအဆုံးကကော...(ခေါ်ပါတယ်) ခေါ်မှာပဲ၊ ခေါ်ရာသွား ခင်ဗျားတို့ သဘောကျပလား... (ကျပါပြီဘုရား)

ဒါဖြင့် ဒီတရားကလေးဟာလဲ ဖြစ်ပြီးပျက်တယ်၊ ဘယ်သူတားလို့ ရသတုံး...(မရပါဘုရား) မရလို့ရှိရင် ဒါဟာ အနတ္တ ခေါ်ရာကိုလဲ ဉာဏ်နဲ့သွား ...(မှန်ပါ) သဘောပါပလား (ပါပါပြီဘုရား)။

ဒါဖြင့် ခေါ်တိုင်းခေါ်တိုင်းသွားတော့ ဒီသင်္ခါရ အနတ္တဟာလဲ အဆုံးမရှိပေဘူးလား...(ရှိပါတယ်ဘုရား) ရှိတော့ အနတ္တ နိဗ္ဗာန်တစ်မျိုး မတွေ့ပေဘူးလား... (တွေ့ပါတယ်ဘုရား) အဲဒါလဲ ဟေ့ပသိကောနဲ့ ခေါ်လျက်ပါပဲ...(မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ တရားတော်ကဖြင့် သွားတတ်တဲ့နည်းနဲ့သာ သွားလို ့ရှိရင်ဖြင့် ခင်ဗျားတို့ကို ကယ်တင်မလို့ခေါ်တာလဲရှိတယ်၊ မသွားတတ်လို့ နစ်မွန်းအောင် ခင်ဗျားတို့သွားလို့ရှိရင်လဲ ခင်ဗျားတို့ နစ်မွန်းမှာပဲ... (မှန်ပါ)။

သွားတတ်လို့ရှိရင်လဲ နစ်မွန်းခြင်းမှလဲ ပျောက်ကင်းမှာပဲ ဆိုတာ ငြင်းနေဖို့ လိုသေးသလား... (မလိုပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)

http://www.dhammadownload.com



ဒါဖြင့် အသွားတတ်တော့ ဝေဒနာနိရောဓာ တဏှာနိရောဓော ဖြစ်တယ်...(မှန်ပါ) အသွားမတတ်တော့ ဝေဒနာပစ္စယာ... (တဏှာပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

အသွားမတတ်ရင်... (ဝေဒနာပစ္စယာ တဏှာပါဘုရား) အသွားတတ်ရင်... (ဝေဒနာနိရောဓာ တဏှာနိရောဓောပါဘုရား)။

ဟော...ဝေဒနာနိရောဓောဆိုတော့ သွားလိုက်ကတည်းက ဝေဒနာချုပ်တာ တွေ့တာကိုး...(မှန်ပါ) မတွေ့ဘူးလား... (တွေ့ပါ တယ်ဘုရား)။

ဝေဒနာချုပ်တာပဲ တွေ့တယ်ဆိုတော့ ဒီမဂ် ဝင်မလာဘူးလား...(လာပါတယ်) မဂ်ဝင်လာတော့ ဒီဘက်က တဏှာတွေဟာ လာသေးရဲ့လား...(မလာပါဘုရား) မလာပဲနဲ့ နိရောဓော ဖြစ်တယ်...(မှန်ပါ)။

ဒါဖြင့် ဒါကလေး မှတ်သွားကြ၊ အသွားတည့်ရင် ဝေဒနာ နိရောဓာ... (တဏှာနိရောဓော) ဒါဖြစ်ရမယ်၊ သဘောကျပလား ... (ကျပါပြီဘုရား)။

အသွားမတည့်ပါဘူး။ သွားတော့ သွားတာပဲ ဆိုတော့ ဝေဒနာပစ္စယာ... (တဏှာပါဘုရား) ဝေဒနာပစ္စယာ တဏှာဆိုတော့ ဒီဘက်က ဝဋ်တွေ မလာပေဘူးလား ... (လာပါတယ်ဘုရား)။

http://www.dhammadownload.com



ကဲ... ဒီထက် သေချာစရာ ရှိသေးရဲ့လား... (မရှိပါဘုရား) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ကဲ......ယနေ့ ဒီတွင် ဝတ်ပါဦး...

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
'မိုးကုတ် ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူအပ်သော
ဒိဋ္ဌိအလေးဓာတ်ကြီးပါသွားရင် သံသရာမှာ မြုပ်ကြရဦးမည့်

# တရားတော်

ဒကာ ဒကာမတွေ မှတ်စရာကလေးတွေ ရှေ့ပိုင်းက သတိထားပြီး နားထောင်ပါ၊ ဝေသာလီပြည်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သီတင်းသုံးပြီး နေတဲ့အခါမှာ သလ္လဆိုတဲ့ လိစ္ဆဝီမင်းသားတစ်ယောက်၊ အဘယဆိုတဲ့ လိစ္ဆဝီမင်းသားတစ်ယောက် နှစ်ယောက်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ တွေ့ကြတယ်၊ တွေ့ကြတော့ သူတို့ နဂိုက မှတ်ထားတာက သီလစင်ကြယ်ရင်ပြီးရော တရားကျင့်ဖို့ မလိုဘူး။

သူတို့ဆရာ တိတ္ထိတွေက ဟောထားတော့ ဒီနှစ်ခုနဲ့ပဲ သီလစင်ကြယ်ပြီး သကာလ အကျင့်ကို မကျင့်ဘဲနေရင် ပြီးတာပဲ။ ဒါနဲ့ပဲ ဩဃလေးပါး ကူးမြောက်နိုင်ပါတယ်ဟု ဟောထားပါတယ်လို့ သလ္လဆိုတဲ့ လိစ္ဆဝီက ဘုရားကို လျှောက်တယ်...(မှန်ပါ့ဘုရား)။

သီလစင်ကြယ်ရင်ပြီးရော အကျင့်ကိုတော့ မကျင့်နဲ့၊ စက်ဆုပ်စရာပဲဆိုပြီး သကာလ အကျင့်မလိုဘူး၊ သီလလုံခြုံရင် ပြီးတာပဲလို့ မှာထားတယ်တဲ့...(မှန်ပါ့)။

http://www.dhammadownload.com



အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ သာမည တရား အဖို့အစုပဲလို့ မှတ်ထားပါလို့ ဘုရားက ဆုံးဖြတ်ချက် ချတယ်။

သီလဆိုတာ သာမည တရား အဖို့အစုလို့ မောင်နိုင် မောင်ဘမိုတို့ မှတ်ရမယ်နော်...(မှန်ပါ)။

အဘယ်ကြောင့် သာမည တရားအဖို့အစုလို့ ဆိုရသတုံး ဆိုတော့ အခု ငါးပါးသီလ ယူကြတယ်၊ ဒကာ ဒကာမတွေကို ဘုန်းကြီးကလဲ ပေးတယ်။ ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာ ဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ ... ဆိုတာ ကာယကံ၊ ဒါနဲ့ ကိုယ်နဲ့ မလွန်ကျူးရင် ကိုစံလှတို့၊ ကိုစောမောင်တို့ ပြီးတာပဲ မဟုတ်လား ...(မှန်ပါ)။

အထူးအားထုတ်နေစရာ ဟုတ်သေးရဲ့လား... (မဟုတ်ပါ ဘုရား) မလွန်ကျူးရင် ပြီးတာပဲနော်... (မှန်ပါ)။

တစ်ခါ မုသာဝါဒ ဆိုတာလဲ စကားမပြောဘဲ နေလိုက်လို့ ရှိရင် မုသာဝါဒဖြစ်စရာ ရှိသေးရဲ့လား ... (မရှိပါဘုရား)။

သေရည်သေရက် မသောက်လဲ ပြီးသွားတာပဲ၊ သဘော ကျပလား ... (ကျပါပြီဘုရား)။

အဲဒီတော့ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီလဆိုတာ ကွာတဲ့ သာမည တရားအဖို့ အစုပါတဲ့ ကာယကံ, ဝစီကံကလေးလောက်သာ လုံခြုံပြီးသကာလနေပြီး မနောကံ ဖွက်ပေါက်နေတာ မသိလို့ တိတ္ထိတွေက မသိလို့ ဟောတာပါလို့ ဘုရားက အဖြေပေးလိုက်တယ်...(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

http://www.dhammadownload.com



သီလတစ်ခုက ငါးပါး ပေးလိုက်တဲ့အခါ ကာယကံ, ဝစီကံပဲ ပါတယ်၊ ကိုစောမောင်တို့ ကိုစံလှတို့...(မှန်ပါ့) မနောကံပါရဲ့လား...(မပါပါဘုရား) သဘောပါကြပလား... (ပါပါပြီဘုရား)။

ဒါဖြင့် အရေးကြီးတာက ခင်ဗျားတို့မှာ မနောကံက အကုသိုလ် အဖြစ်ဆုံးကိုးဗျ...(မှန်ပါ့)။

အဲဒီတော့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါဥပမာပြမယ် သလ္လရာတဲ့၊ မင်း သေသေချာချာမှတ်ပါတဲ့... (မှန်ပါ့ဘုရား)။

လူတစ်ယောက်သည် ဓားမကြီးကိုင်ပြီး သကာလ တောထဲမှာ အင်ကြင်းပင်ကြီး ဖြောင့်ဖြောင့် တွေ့တယ်ကွာတဲ့၊ အင်မတန် သစ်လွင့်တဲ့ အင်ကြင်းပင်ကြီးကို တွေ့တယ်။

မြစ်ကို ကူးမလို့ လှေခုတ်ဖို့ လိုက်ရှာတဲ့အခါ အင်မတန် လှေလုပ်ဖို့ သင့်တော်တဲ့ အင်ကြင်းပင်ကြီးကို တွေ့တယ်ကွာတဲ့။

အဲဒီ အင်ကြင်းပင်ကြီးကို အဖျားကို ဖြတ်ကွ၊ အရင်းကို ဖြတ်ကွတဲ့၊ လှေပုံသဏ္ဌာန်လုပ်ကွတဲ့၊ ပါးပွတ်ပြီး သကာလ ဟိုဘက် ဒီဘက်ချကွ...တဲ့။ ကျောက်တွေ ဘာတွေနဲ့ တိုက်ပြီး သကာလ ချောကွ။ သို့သော်...အတွင်းကိုတော့ ဘာမှ မနှိုက်နဲ့၊ မနှိုက်ဘဲနဲ့ ပင်လယ်ကြီး ကူးကြည့်စမ်းပါလားကွ၊ မြစ်ကြီး ကူးကြည့်စမ်းပါလားကွ၊ **ဒီ**တုံးကြီး ချပြီး သကာလ ဆိုတော့ လှေမှာ အတွင်းက ထွင်းရမှာသာလျှင် မောင်နိုင်၊ မောင်ဘမှိတို့ လိုရင်း မဟုတ်လား၊ ရေပေါ်မှာပေါ့ကွာ...(မှန်ပါ့) နို့ မဟုတ် လို့ ရှိရင် ပေါ်စရာအကြောင်းရှိရဲ့လား... (မရှိပါဘုရား)။

http://www.dhammadownload.com



ဒီလိုနဲ့ပဲ မင်းတို့ ကူးကြည့်ပါ ...တဲ့၊ ကူးတဲ့ ပုဂ္ဂိုလ်ရော၊ ဒီတုံးကြီးရော တစ်ခါတည်း နစ်မြုပ်ဖို့ရာ အကြောင်းမှ တစ်ပါးဘာမှ မရှိဘူးတဲ့...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဘာကြောင့်တုံးဆိုတော့ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး ပြပါ့မယ်ကွာတဲ့... (မှန်ပါ့)။

ငါ့ကိုယ်, ငါဟာ ဆိုတဲ့ ဒိဋ္ဌိတွေ မောင်နိုင်, မောင်ဘမှီတို့ ဒီရုပ်နာမ်အပေါ်မှာ ငါ့ကိုယ်, ငါဟာဆိုတဲ့ ဒိဋ္ဌိ အစွဲကြီးက သီလမျှလောက်နဲ့ ဒိဋ္ဌိအစွဲ ပြုတ်ပါ့မလား ...(မပြုတ်ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိရှိလို့ အပါယ်ရောက်သွားတယ်ဆိုတာ ဒကာဒကာမတွေလဲ သိပြီးသား ဖြစ်ပါလိမ့်မယ်... (သိပါတယ်ဘုရား)။

သောတာပန် တည်တယ်ဆိုတာ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်လို့ အပါယ်လေးပါး တံခါးပိတ်ပြီး သောတာပန် တည်တယ်ဆိုတာက အထင်အရှား မဟုတ်လား... (မှန်ပါ့)။

အဲဒီတော့ ခုနင်က သီလမြုပ်တတ်တဲ့ ဒိဋ္ဌိကို ပယ်ပါရဲ့လား... (မပယ်ပါဘုရား) သီလကျင့်ရုံမျှနဲ့ ဒိဋ္ဌိပြုတ်ပါ့မလား... (မပြုတ်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အင်ကြင်းပင်ကြီး ပါးပွတ်ပြီး သကာလ အရင်းအဖျားဖြတ်ပြီး လှေပုံသဏ္ဌာန်ခုတ်ပြီး ဝမ်းတွင်းက အစာတွေ မထုတ်ဘဲ ကူးသလိုပဲပေါ့ တဲ့။

http://www.dhammadownload.com



သံသရာကူးတော့တာပဲတဲ့၊ ကူးပြင်ကူးဗြားသော်လည်း မြုပ်ရမှာသာ ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဘုရား သေသေချာချာ ရှင်းမပြဘူးလား ... (ပြပါတယ်ဘုရား) ကိုစံလှ ကျေနပ်ပလား ... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် မောင်နိုင်, မောင်ဘမှိတို့က သီလ ကလေး လောက်နဲ့ပဲ တင်းတိမ်ပြီး နေကြလို့ရှိရင်ဖြင့် ဝမ်းစာမထုတ်တဲ့ လှေကြီးလိုပဲ မြုပ်ဦးမယ်ဆိုတာ ဘာမှ သံသယမရှိကြပါနဲ့ ... (မှန်ပါ) သဘောပါကြပလား ... (ပါပါပြီဘုရား)။

သီလကလေးလောက်နဲ့ မတင်းတိမ်နေပါနဲ့ဆိုတာ သီလဆိုတာ သာမည ဓမ္မအစုကလေးမျှသာ ဖြစ်တယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သလ္လကို သေသေချာချာ ဟောတဲ့အတွက် ဥပမာပုံနဲ့ ပြလိုက်တော့လဲ မောင်နိုင်, မောင်ဘမှိတို့ မရှင်းဘူးလား... (ရှင်းပါတယ်ဘုရား)။

လှေလုပ်လောက်တဲ့ အင်ကြင်းပင်ကြီး အရင်းအဖျား ဖြတ်ပြီး သကာလ၊ ပါးတွေ ဘာတွေ ပုတ်ပြီး သကာလ၊ ကျောက်တွေ ဘာတွေနဲ့ချော၊ လှေသဏ္ဌာန်လုပ်ပြီး သကာလထား၊ ကိုစောမောင် ဒီအတိုင်း တက်စီးပြီး ကူးကြည့်စမ်းပါလား၊ ရပါ့မလား ... (မရပါဘုရား) မြုပ်မယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဘာကြောင့်တုံး ... ဝမ်းစာမထုတ်လို့ ဆိုတဲ့ အဓိပ္ပာယ်က ပါနေတယ် ... (ပါပါတယ်ဘုရား) ရှင်းပလား ... (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ဒီမှာပဲ ကာယကံ, ဝစီကံလောက်နဲ့ ပြင်ဘက်ကနေပြီး ပွတ်တိုက်နေလို့ အထဲမှာ မနောကံ ဗွက်ပေါက်ပြီး ဒီဒိဋ္ဌိဝိစိကိစ္ဆာတွေ ရှုပ်နေတာတွေကို ဒကာ ဒကာမတွေက ပြစ်ပျက်မရှုတော့ ဒိဋ္ဌိကွာပါ့မလား... (မကွာပါဘုရား)။

မကွာတော့ ဒိဋ္ဌိအလေးခတ်ကြီးက ဝမ်းထဲမှာ ရှိနေလို့ ဘယ်နည်းနဲ့မှ ကူးမြောက်ဖို့ မရောက်နိုင်သေးဘူး ဆိုတာကိုလဲ ဘုရားက သလ္လတို့, အဘယတို့ကို သေသေချာချာ ဟောပြန်တော့ ဩော် ... ကိလေသာ ရေယဉ်ကြီးကို ကူးပင် ကူးငြားသော်လဲတဲ့ ဒကာ ဒကာမတို့ အင်ကြင်းပင်မှာ အတွင်းက အစာတွေ ထုတ်ပြီး မပစ်လိုက်တဲ့အတွက် ဟိုမှာဘက်ကမ်း တည်းဟူသော နိဗ္ဗာန် ကူးချင်ငြားသော်လဲ ကိလေသာရေယာဉ်ထဲမှာသာ မြုပ်ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပြောတာ... (မှန်ပါ့) သဘောပါကြပလား... (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ကို သတိပေးပါတယ်၊ ဩော်... သီလကလေး ဆောက်တည်ပြီးသကာလ သီလကလေးယူပြီး အိပ်လိုက်မယ်၊ သီလကလေးယူပြီး သကာလ သွားစရာ လာစရာရှိ သွားမယ်ဆိုတဲ့ သာမည အစုကလေးနဲ့ တင်းမတိမ်ပါနဲ့လို့ ဘုန်းကြီးက ဘုရားဟောတာကြည့်ပြီး သကာလ သေသေချာချာ ဒကာ ဒကာမတွေအား ပြောကြားနေတယ်... (မဟာန်ပါ့ဘုရား) သဘောပါသလား...(ပါပါတယ်ဘုရား)။

ဒါဖြင့် သီလက မနောကံ ဒိဋ္ဌိတွေ ပယ်နိုင်ပါရဲ့လား... (မပယ်နိုင်ပါဘုရား) မပယ်နိုင်ကတည်းက ဒိဋ္ဌိမပယ်ရင် အပါယ် လွတ်ပါ့မလား ... (မလွတ်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် သည်ပုဂ္ဂိုလ်သည်ကားလို့ ဆိုရင်ဖြင့် အကူး မတတ်သေးဘူး ဆိုထိုက် မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် အားလုံးသော ဒကာ ဒကာမတွေ တို့ဥပုသ်စောင့်နေတာပဲကွာဆိုလို့ ရှိရင်ဖြင့် ဒကာ ဒကာမတွေက ဟာ ဒီဥစ္စာ အင်ကြင်းပင်ကြီး အဖျားအရင်း ပြတ်ပြီးသကာလ ဝမ်းစာမထုတ်ဘဲနဲ့ လှေခုတ်ကူးနေတဲ့ နိဗ္ဗာန်ရောက်ချင်လို့ ဆိုပြီး ကူးတော့ကူးတာပဲ မောင်နိုင်, မောင်ဘမှိတို့ရဟင်... (မှန်ပါ့) ရောက်နိုင်ပါ့မလား... (မရောက်နိုင်ပါဘုရား) ဘာ့ကြောင့်တုံးလို့ မေးတော့ ဝမ်းစာမထုတ်လို့ ... (မှန်ပါ့)။

ဒါဖြင့် ဝမ်းထဲမှာရှိတဲ့ မနောက်ကျွဲနေတဲ့ ငါ့ကိုယ် ငါ့ဟာတွေကိုစံလှတို့, ကိုစောမောင်တို့ စွန့်ပစ်နိုင်တဲ့ သဘောကို ကျင့်ဦးမှပေါ့ဗျာ... (မှန်ပါ့) သဘောပါကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကွာတဲ့ အကျင့်ကို ဒကာ ဒကာမတို့ မကျင့်သေးသရွေ့ ကာလပတ်လုံးဖြင့် အမြုပ်ဓာတ် မလွတ်သေးပါဘူး ဆိုတာကို ဆုံးဖြတ်ချက် ချကြပါ... (မှန်ပါ့) အမြုပ်လွတ်ပါ့မလား... (မလွတ်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘုရားပေးတဲ့ ဥပမာနဲ့လဲ မောင်နိုင်, မောင်ဘမှိတို့က ကျေနပ်လောက်ပါပြီ... (မှန်ပါ့)။

အင်ကြင်းပင်ကြီး ခုတ်ပြီးကွာ လှေပုံသဏ္ဍာန်သာ သူထွင်းနေတယ်၊ ဝမ်းစာတွေတော့ သူထုတ်ပါရဲ့လား... (မထုတ်ပါဘုရား)။

http://www.dhammadownload.com



မထုတ်ဘဲနဲ့ လေ့ပေါ် ခွစီးပြီး ဟိုမှာဘက်ကမ်း ဆိုတဲ့ ကမ်းကိုကူးခဲ့သော် အလယ်တွင် နစ်လိမ့်မယ်၊ အစ,တွင် နစ်လိမ့်မယ်ဆိုတာ ဒကာ ဒကာမတို့ သံသယရှိဖို့ လိုသေးသလား...(မလိုပါဘုရား) သဘောပါကြပလား... (ပါပါပြီဘုရား)။

ဒါဖြင့် သီလထက် မြတ်တာ ဘာရှိသေးသလဲကွလို့ ပြောတဲ့ အပြောတွေကိုလဲ ဒကာ ဒကာမတွေက ကြည့်ရှောင်ဖို့ အရေးကြီးတယ်... (မှန်ပါ)။

သီလအပေါ်မှာ အညွန့်တပ်ပါဦး ဆိုတာကိုလဲ ဟောထိုက် မဟောထိုက်... (ဟောထိုက်ပါတယ်ဘုရား) သဘောပါကြပလား... (ပါပါပြီဘုရား)။

ဘာကြောင့်တုံးလို့ မေးတဲ့အခါ ကျလို့ရှိရင်ဖြင့် **ဒိဋ္ဌိ**ဟာ အလေးခတ်လား၊ အပေါ့ခတ်လားလို့ မေးတော့ **သောတာပတ္တိမဂ်**ရတဲ့ ပုဂ္ဂိုလ်တွေမှာ အပါယ်လေးပါးမှ လွတ်တယ်**ဆိုတာ** ဒိဋ္ဌိလွတ်သွားတာ...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် သီလလောက်က ဒိဋ္ဌိပယ်နိုင်ပါရဲ့လား ... (မပယ်နိုင်ပါဘုရား) မပယ်နိုင်တော့ ဝိပဿနာမှ ဒိဋ္ဌိပယ်နိုင်တယ် ဆိုတာကော သဘောကျပလား ... (ကျပါပြီဘုရား)။

ဒိဋ္ဌိမပြုတ်သမျှ ဒကာ ဒကာမတို့ အပါယ်နဲ့ လွတ်ရေး, ကျွတ်ရေး မရှိသေးဘူးဆိုတာကော ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



**အဲဒီတော့** ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိ အလေးဓာတ် ပါနေတဲ့အတွက် ဤမှာ ဘက်ကမ်းမှ ကိုစောမောင် ဟိုမှာဘက်ကမ်း မရောက်နိုင်ဘူးကွတဲ့... (မှန်ပါ) ဒီလှေကြီးဟာ ရောက်ပါ့မလား ...(မရောက်ပါဘုရား) လှေက ပုံသဏ္ဍာန်သာ ရှိတာကိုးဗျ၊ ဝမ်းစာထုတ်ရဲ့လား... (မထုတ်ပါဘုရား) မထုတ်တော့ မြုပ်ရမယ်ဆိုတာက အထူးပြောဖို့ လိုသေး သလား... (မလိုပါဘုရား)။

ဒါကြောင့် ရှေးက ဒကာ ဒကာမတွေက တချို့ သီလ ကလေး အားကိုးပြီး သကာလ အားမကိုးနဲ့လို့ ဆရာဘုန်းကြီးက မဟောသေးဘူး၊ ဟိုမှာ ဘက်ကမ်းတော့ မရောက်ဘူးလို့ ဟောရတယ်... (မှန်ပါ) သဘောကျပလား... (ကျပါပြီ) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ သီလကလေး ဆောက် တည်ပြီး သကာလ ခင်ဗျားတို့ ဝိပဿနာ အညွန့်တပ် လိုက်တာပေါ့ဗျာ ...(မှန်ပါ) ဝိပဿနာ အညွန့်တပ်လိုက်တော့ သီလက ကာယကံ, ဝစီကံလုံပြီး သကာလ ဝိပဿနာက မနောကံ ဖြစ်နေတဲ့ ဒိဋ္ဌိတွေကို ဖြစ်ပျက်မြင်အောင် ကြည့်တဲ့အခါ ကျလို့ရှိရင် ငါ့ကိုယ် ငါ့ဟာ ဟုတ်သေးရဲ့လား...(မဟုတ်ပါ ဘုရား)။

ငါကိုယ့်, ငါ့ဟာ မဟုတ်ဘူးဆိုကတည်းက ဒိဋ္ဌိက ငါ့ကိုယ် **ငါဟာ ထင်တာ ဒိဋ္ဌိဖြစ်ပြီး သကာလနေတော့**

http://www.dhammadownload.com



ငါ့ကိုယ် ငါ့ဟာ မဟုတ်ကြောင်း ကောင်းကောင်း သိသွားတော့ ဒီယောဂီပုဂ္ဂိုလ်မှာ ဒိဋ္ဌိ မပြုတ်ဘူးလား . . . (ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်ကတော့ဖြင့် ဒကာ ဒကာမတို့ ခန္ဓာကြီးနဲ့ပဲ ဟိုမှာဘက်ကမ်း ကူးမယ်ဆိုလို့ရှိရင် မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်ကြီးက ဘာနဲ့တူသတုံးဆိုလို့ရှိရင် ကိုစောမောင် မှတ်စမ်း၊ လှေနဲ့တူတယ် . . . (မှန်ပါ့) ဝိပဿနာ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်က လှေထွင်းနေတဲ့ ပုဂ္ဂိုလ်နဲ့ မတူဘူးလား . . . (တူပါတယ်ဘုရား)။

လှေထွင်းနေတဲ့ ပုဂ္ဂိုလ်သည် လှေထွင်းပြီးမှ သူသည်ချ, စီးခဲ့သည်ရှိသော် တဏှာတည်းဟူသော ရေယဉ်ပေါ်မှာ ဖြတ်ပြီး သကာလ ဤမှာဘက်ကမ်း တည်းဟူသော သမ္မာဒိဋ္ဌိနယ်မှ ဟိုမှာဘက်ကမ်း တည်းဟူသော သက္ကာယဒိဋ္ဌိတို့၏ ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်ဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်မါ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အတွင်းမထွင်းလို့ရှိရင် မရဘူးလို့ ပြောတဲ့တရားပဲ . . .(မှန်ပါ့) သဘောပါကြပလား . . . (ပါပါပြီ ဘုရား)။

အတွင်းက မစင်ကြယ်ရင်တော့ မရနိုင်ပါဘူးဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် အတွင်းစင်ကြယ်အောင် ခန္ဓာကိုယ်ထဲမှာ အလေးဓာတ် ဘယ်သူတုံးလို့ မေးလို့ရှိရင် ဒိဋ္ဌိ . . . (မှန်ပါ့)

http://www.dhammadownload.com



သဘောကျပလား...(ကျပါပြီဘုရား) ဒိဋ္ဌိအလေးဆုံးပဲ မဟုတ်လား... (မှန်ပါ့)။

အဲဒါကြောင့် ဒိဋ္ဌိပြုတ်တော့ ဒကာ ဒကာမတွေ စဉ်းစားကြည့်ပါ၊ အပါယ်လွတ်တယ်လို့ မဆိုဘူးလား... (ဆိုပါတယ်ဘုရား) ဒိဋ္ဌိမပြုတ်တော့... (အပါယ်မလွတ်ပါဘုရား)။

ဒါဖြင့် သီလက ဒိဋ္ဌိပြုတ် မပြုတ်... (မပြုတ်ပါဘုရား) ကာယကံကိုးဗျ၊ ဒိဋ္ဌိက မနောကံ...(မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မနောကံဒိဋ္ဌိ မပြုတ်သရွေ့ ကာလပက်လုံး သီလကလေးလောက်နဲ့ဖြင့် ဒကာ ဒကာမတို့ မတင်းတိမ်ပါနဲ့၊ သီလပေါ်မှာ မနောကံတည်းဟူသော အညွန့်ကိုတပ်ပြီး မနောကံ အလုပ်လုပ်ပါမှ ဒိဋ္ဌိပြုတ်တော့မယ်ဆိုတဲ့ ဥစ္စာကို ဘုရားက အင်္ကြင်းပင်ကြီး ခုတ်ပြီးပြတဲ့ ဥပမာနဲ့ သလ္လကိုဟောတာ ... (မှန်ပါ့) သဘောပါကြပလား... (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လုပ်ဖြစ်အောင် လုပ်ရလိမ့်မယ်၊ ဒီအညွန့်ကို တပ်ဖြစ်အောင် တပ်ရလိမ့်မယ်။

ဝမ်းစာမထွင်းတဲ့ လှေဟာဖြင့် ကိုစောမောင် ဘယ်နည်းနဲ့မှ ဟိုဘက်ကမ်း မရောက်ဘူး...(မှန်ပါ့) စီးသူရော သစ်တုံးရော မြုပ်မှာပဲ ...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

ဝမ်းစာထွင်းပြီး သကာလ လှေလုပ်ခဲ့သည် ရှိသော် ဘယ်လိုမြုပ်တတ်တဲ့ အသားဖြစ်စေ ကိုစံလှတို့ ပေါ်ရမယ်... (မှန်ပါ့) မပေါ်ပေဘူးလား... (ပေါ်ပါတယ် ဘုရား)။

http://www.dhammadownload.com



အဲဒါတွေ နားလည်တော့မှ အားလုံး ဒကာ ဒကာမတွေ ဘုန်းကြီးများက လေးလေးနက်နက် သတိပေးလိုက်တာက ဒကာ ဒကာမတို့ ဥပုသ်ကလေး စောင့်ကာမျှနဲ့ တင်းတိမ် မနေဘူးလို့ ဆိုထိုက် မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား) သဘောပါကြပလား ... (ပါပါပြီဘုရား)။

ဒါဖြင့် ဥပုသ်လဲ စောင့်ကြပါ၊ စောင့်ပြီး သကာလ ဒကာ ဒကာမတွေက ဒီဋ္ဌိအလေးစာတ်တွေကိုလဲ ဉာဏ်နဲ့ ကော်ထုတ်ပြီး သကာလ အပေါ့ဓာတ်ဖြစ်အောင် လုပ်ပါမှ "စတ္တူဟာပါယေဟိစ ဝိပ္ပမုတ္တော" အပါယ်လေးပါးမှ လွတ်တော့ မယ်ဆိုတဲ့ဥစ္စာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အခုပြောတဲ့ အဓိပ္ပာယ်သည် ကားလို့ဆိုရင် ဘုန်းကြီးက ကြံဖန်တန်ဆာဆင်ပြောတဲ့ အသွားလဲ မဟုတ်လို့ တိကနိပါတ်အင်္ဂုတ္တိုရ်မှာ သလ္လနဲ့ အဘယကို သေသေချာချာဟောသည် ဖြစ်လေသောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် သီလကလေးလောက်နဲ့ တင်းတိမ် မနေဘဲနဲ့ သမာဓိပညာနဲ့ တွဲလွှတ်ပြီးသကာလ ခန္ဓာထဲက ကြိုက်ရာ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးရဲ့ အပျက်ကိုရှုပါ။ ရှုလိုက်လို့ရှိရင် အပျက်မြင်လို့ရှိရင်ဖြင့် ငါမဟုတ်လို့ ပျက်တာဘဲ၊ ငါ့ဥစ္စာမဟုတ်လို့ ... (ပျက်တာပါ) ဆိုတော့ ဒိဋ္ဌိက ဘယ့်နှယ် နေသလဲ ... (ပြုတ်ပါတယ်ဘုရား)။

အဲ ... ဒိဋ္ဌိပြုတ်သွားတဲ့အခါကျတော့ ခုနင်က သစ်တုံးကြီး ကို ဆောက်နဲ့ထွင်းသလို ဉာဏ်ဆောက်နဲ့ ထွင်းလိုက်တဲ့အတွက်

http://www.dhammadownload.com



လေ့သဖွယ်ဖြစ်ပြီး သကာလ ဒီခန္ဓာကြီးဟာ ဟိုမှာဘက်ကမ်း ကူးပါလိမ့်မယ်လို့ ဘုရားက သေသေချာချာအမိန့်ထုတ်တယ်... (မှန်ပါ) သဘောပါကြပလား... (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လုပ်မှရမယ်ဆိုတဲ့ အကြောင်းကိုလဲ သူပြောပြပြန်တာပဲ... (မှန်ပါ) ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

သလ္လနဲ့ အဘယကို သေသေချာချာ ဟောတဲ့အတွက် တိတ္ထိတွေ ဟောသလို သီလကလေးလုံပြီးတော့ မကျင့်ဘဲနေရင် ပြီးတာပဲဆိုသည့် ဥစ္စာသည် ကဲ... မောင်နိုင်, မောင်ဘမှီတို့ ပုံပမာနဲ့ ပြောလိုက်တော့လဲ မရှင်းဘူးလား ... (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒကာ ဒကာမတို့ သီလလဲ ဆောက်တည်ကြပါလို့ ပြောတယ်နော်... (မှန်ပါ)။

သီလဆောက်တည်ပြီး သကာလ ဒီအတိုင်း မနေပါနဲ့၊ ဝိပဿနာအလုပ် လုပ်ပါဆိုတဲ့ ဥစ္စာ လေ့ဖြစ်အောင်လို့ ဝမ်းစာတွေ အထွင်းခိုင်းသလို ဟိုမှာဘက်ကမ်း ကူးနိုင်အောင်လို့ ဒိဋ္ဌိ ဖြုတ်ခိုင်းနေတာပဲ... (မှန်ပါ)။

အဲဒီတော့ ဒိဋ္ဌိဟာ အလေးခတ်လား၊ အပေါ့ခတ်လား ဆိုတာ စဉ်းစားကြည့်ပါ... (အလေးခတ်ပါဘုရား)။

ဒေဝဒတ်ကြီးဟာ ငါဘုရားဖြစ်ချင်တယ်ဆိုပြီး ငါနိုပ်စက်ချလိုက်တာ တစ်ခါတည်း အခု-အဝီစိရောက်နေပြီ... (မှန်ပါဘုရား)။

http://www.dhammadownload.com



ကောကာလိကတို့လဲ တစ်ခါတည်း ငါနှိပ်စက်ချလိုက်တဲ့ ဥစ္စာ ဒကာ ဒကာမတို့ အခု အဝီစိမှာ ကျမနေဘူးလား… (ကျနေပါတယ်ဘုရား)။

သုပ္ပဗုဒ္ဓဆိုတဲ့ ဒီဒေဝဒတ်ရဲ့ အဖေဟာလဲ ငါ့သမီး ပစ်ထားခဲ့တယ်၊ ငါ သူ့တော့ဖြင့် ဘယ်နည်းနဲ့မှ ရှိသေကိုင်း ညွတ်ခြင်း ငါတော့ မပေးနိုင်ဘူးဆိုတာနဲ့ဘဲ မြေမျိုပြီးသကာလ အဝီစိမရောက်ဘူးလား … (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ စဉ်းစားမိပါပြီ၊ သီလဟာ ဒိဋ္ဌိမပြုတ်ဘူး…(မှန်ပါ့) သဘောပါကြပလား…(ပါပါပြီ ဘုရား)။

သီလမှာ ဒိဋ္ဌိပြုတ်ပါရဲ့လား… (မပြုတ်ပါဘုရား) ဒိဋ္ဌိ သည်ကား … လို့ဆိုရင် ဝိပဿနာ မနောက်နဲ့ ကြိုးစားမှ ဒိဋ္ဌိ ပြုတ်မယ်ဆိုတာ သဘောကျပလား … (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မမှာထိုက်ဘူးလား…(မှာထိုက်ပါ တယ်ဘုရား) သီလကလေးနဲ့ တင်းတိမ်မနေပါနဲ့၊ ဝိပဿနာ အညွန့်တပ်ပါလို့ဆိုတာ လေ့ဝမ်းစာ ထွင်းပါလို့ ပြောတာ… (မှန်ပါ့) သဘောပါကြပလား… (ပါပါပြီဘုရား)။

ဝမ်းစာမထွင်းရင်တော့ (မြုပ်မှာပါဘုရား) အဲ… မောင်ဘမိုတို့, မောင်နိုင်တို့ ကူးကြည့်စမ်းပါကွာ မြစ်တစ်ခုကို မြုပ်မှာပဲ စီးသူရော၊ ပစ္စည်းရော၊ ဘယ့်နှယ်နေသတုံး… (မြုပ်မှာပါဘုရား)။

http://www.dhammadownload.com



အဲ...ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီလကလေး လုံခြုံရုံနဲ့ တင်းတိမ်မနေကြနဲ့ဆိုတာ သလ္လတို့ အဘယတို့ကို သေသေချာချာ ကိုယ်တော်တိုင် ဟောသည် ဖြစ်လေသောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အညွှန့်မတပ်ရင် မဖြစ်တာ ထင်ရှားလာပြီဆိုသဖြင့် ဘာမှ သံသယမရှိဘဲနဲ့ မှတ်ကြရ တော့မယ်... (မှန်ပါ့) မှတ်ထိုက်ပလား... (မှတ်ထိုက်ပါပြီ ဘုရား)။

ဘယ်သူက ဘာပြောပြော ဒကာ ဒကာမတို့ ဒီမှာအ ကိုယ်တော်တိုင် ဟောထားတဲ့အတွက် ဒကာ ဒကာမတို့သည် ဝမ်းစာဆိုတဲ့ ဒိဋ္ဌိကိုဖြင့် ထွင်းပါ...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အဲ ... ဒိဋ္ဌိပြုတ်လို့ရှိရင်ဖြင့် ဝမ်းစာ ထွင်းသောကြောင့် ဤခန္ဓာကိုယ်တော်ကြီးဟာ ပေါ်ပါပြီတဲ့၊ မမြုပ်ပါဘူး... (မှန်ပါ့)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးမှာ ပေါ်ခန္ဓာ၊ မြုပ်ခန္ဓာ နှစ်မျိုး ရှိတာပေါ့...(မှန်ပါ့) ဒိဋ္ဌိရှိရင်...(မြုပ်ခန္ဓာပါ) ဒိဋ္ဌိပြုတ်ရင်... (ပေါ်ခန္ဓာပါဘုရား)။

ပေါ်ခန္ဓာ ဖြစ်နေသောကြောင့် ဒကာ ဒကာမတို့ ခုနင်က ဝဋ္ဋကိုလဲ ထောက်လိုက်လို့ရှိရင် ဒိဋ္ဌိဆွဲချလိုက်တာချည့်ပဲ... (မှန်ပါ့) မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်ဘုရား)။

ဒေဝဒတ်ကလဲ ငါဘုရားဖြစ်ချင်တယ်ဆိုတော့ ဒိဋ္ဌိဆွဲ မကျဘူးလား... (ကျပါတယ်ဘုရား)။

http://www.dhammadownload.com



ကောကာလိကကလဲ ထို့အတူပဲတဲ့။ ငါတို့ သာသနာသာ ကြီးပွားချင်တယ်ဆိုတဲ့ ငါဒိဋ္ဌိကြောင့် ကောကာလိကလဲ ငရဲကျတယ်... (မှန်ပါ)။

ယသော်ဓေယာ အဖေ သုပ္ပဗုဒ္ဓလဲ ငါ့သမီး ခင်ပွန်းပဲ၊ ငါ့သမီးလဲ ပစ်ထားခဲ့သေးတယ်၊ ငါ့သူ့ကို ဘယ်မှာ ကြည်ညိုနိုင်ပါ့မလဲဆိုပြီး သကာလ... ငါဆိုတဲ့ အစွဲက နှိပ်ချလိုက်တာနဲ့ ခုနစ်ရက်ရှိတော့ မြေမမျိုဘူးလား... (မျိုပါတယ်ဘုရား)။

ဒါ ဘယ်သူကြောင့် ကျသွားသတုံးလို့ မေးလို့ရှိရင် ဒကာ ဒကာမတို့ သိလောက်ပါပြီ...(သိပါပြီဘုရား) ဘာတုံး... (ဒိဋ္ဌိဆွဲချလိုက်တာပါ) ဒိဋ္ဌိ ဆွဲချလိုက်တယ်ဆိုတာ မသေချာဘူးလား... (သေချာပါတယ်ဘုရား)။

ဒါကြောင့် ဒီလို ကြားနာရပြန်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အင်ကြင်းပင်ကြီး ဥပမာပြလိုက်လို့ ဝမ်းစာထွင်း မထွင်းကိုလဲ ထူးထူးခြားခြား မပြောဘူးလား... (ပြောပါတယ်ဘုရား)။

မထွင်းဘဲနဲ့စီးရင် မြုပ်တယ်ကွ... ထွင်းပြီးစီးရင် ရောက်တယ်ကွ၊ မသေချာကြဘူးလား... (သေချာပါတယ်ဘုရား)။

အဲဒီ သေချာတာတွေကို သေသေချာချာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘွင်းဘွင်းကြီး ပြောတဲ့အတွက် ဒကာ ဒကာမတွေက တင်းတိမ်နေတာကလေးကို အညွန့်တပ်ပေးပါဆိုတာကိုဖြင့် မရှောင်မလွှဲသာဘဲနဲ့ကို တပ်ရတော့မယ်... (မှန်ပါ)။

http://www.dhammadownload.com



သီလဆောက်တည်တိုင်း ဆောက်တည်တိုင်း ဒကာ ဒကာမတို့ ဝိပဿနာဖြင့် အညွန့်တပ်ကြပါ ... (မှန်ပါ့) သဘောပါပလား (ပါပါပြီဘုရား)။

ဘာလုပ်ကြမယ် ... (ဝိပဿနာအညွန့် တပ်ကြရပါမယ် ဘုရား)။

ဝိပဿနာအညွန့် မတပ်လို့ရှိရင်ဖြင့် မြုပ်မယ်ဆိုတာဟာ ဒကာ ဒကာမတို့ သီလတန်ခိုးကြောင့် နတ်ပြည်ရောက်သွားမယ်၊ ရှာန်ရရင် ဘဝဂ်ဘုံတိုင်အောင် ရောက်ချင်ရောက်သွားမယ် ပေါ့ဗျာ... (မှန်ပါ့)။

သို့သော်... အလေးခာတ် ပါသွားတဲ့အတွက် ဘာဖြစ် မတုံး... (ပြန်မြုပ်မှာပါဘုရား) ပြန်မြုပ်မယ်ဆိုတာ သဘောကျ ပလား... (ကျပါပြီဘုရား)။

ပြီးတော့ကို ... ဒကာ ဒကာမတွေ ဒါက သီလတွင် မတင်းတိမ်နဲ့၊ ဝိပဿနာ ဖြည့်စွက်ပါဆိုတာကို ဒကာ ဒကာမတွေအား တိုက်တွန်းတဲ့ ဝတ္ထုပဲ... (မှန်ပါ့)။

သီလတွင် ဘာတုံး... (မတင်းတိမ်ပါနဲ့ဘုရား) ဘာဖြည့်စွက်ရမတုံး... (ဝိပဿနာဖြည့်စွက်ရပါမယ်ဘုရား)။

ဝိပဿနာ ဖြည့်စွက်ပါဆိုတော့ ဝိပဿနာ လုပ်နည်း ကိုတော့ အမျိုးမျိုးပဲ နေ့တိုင်း ဟောနေတာပေါ့ဗျာ...(မှန်ပါ့)။

တစ်ခါ ဒကာ ဒကာမတွေမှာ ဘုရားက ဒိဋ္ဌိအလေးခာတ် ကြောင့် မြုပ်သွားတာတဲ့ကွ... (မှန်ပါ့)။

http://www.dhammadownload.com



သီလသမားမြုပ်ရတာသည် ဘာကြောင့် မြုပ်တယ်ဆိုတာကလဲ သဘောပါပလား... (ပါပါပြီဘုရား) ဒိဋ္ဌိအလေးခာတ်ကျန်နေလို့ မြုပ်ရတယ်... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

သီလသမားတွေသည် ဒကာ ဒကာမတို့ တစ်ဖန်မြုပ်ရတာဘယ့်နှယ်ကြောင့်ပါ့လိမ့် (ဒိဋ္ဌိအလေးခာတ် ပါလို့ပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ဘုရားက ဒိဋ္ဌိကို ပဓာနထားတယ်၊ ဝိစိကိစ္ဆာကို ပဓာနထားရဲ့လား ... (မထားပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေကလဲ ပါဠိတော်လာတာဖြစ်နေသောကြောင့် ခင်ဗျားတို့က သေသေချာချာ မှတ်ပါတဲ့။ ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာ အထူးဖြုတ်စရာမရှိလို့ မှတ်လိုက်... (မှန်ပါ့) သဘောပါကြပလား... (ပါပါပြီဘုရား)။

ငါ, ငါ့ဥစ္စာ ဖြုတ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေဝိစိကိစ္ဆာဆိုတဲ့သံသယ ပြုတ်တာပါပဲ... (မှန်ပါ့)။

ဒိဋ္ဌိဖြုတ်ပြီးသား ပုဂ္ဂိုလ်မှာ ဝိစိကိစ္ဆာ အထူးဖြုတ်နေစရာမရှိတော့ဘူး... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိုစောမောင် ဘာဖြုတ်ရင် ဘာပြုတ်သလဲ ... (ဒိဋ္ဌိဖြုတ်ရင် ဝိစိကိစ္ဆာပြုတ်ပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ ဘာဖြုတ်ရင် ဘာပြုတ်သတုံး... (ဒိဋ္ဌိဖြုတ်ရင် ဝိစိကိစ္ဆာ ပြုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒကာ ဒကာမတို့ ဖြစ်ပျက်မြင်တဲ့ ဒကာ့ ဒကာမတွေသည် ဘုရားက ဒီလို ဟောထားပါတယ်၊ ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာ ပြုတ်တယ်လို့ ဟောထားတယ်၊ ရှင်အာနန္ဒာက မေးတယ်။ အရှင်ဘုရားတဲ့ လောကကြီးထဲမှာ မြဲသလား မမြဲဘူးလားဆိုတဲ့ အမေးတွေဟာ ဒါ ဒိဋ္ဌိအမေးတွေချည့် ပါပဲတဲ့၊ အဲဒီအမေးတွေ စင်ကြယ်သွားတဲ့ ပုဂ္ဂိုလ်မှာ ဘယ်လိုမျိုး ကျေးဇူးခံစားရပါ လိမ့်မလဲတဲ့။

ဒီအမေးတွေကို သဘောကျပြီး ဒီဥစ္စာ သူတို့မေးနေတာ မြဲသလား မမြဲဘူးလား မေးဖို့လိုသေးသလား ...(မလိုပါဘုရား)။

"သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ"ဆိုတော့ ဩော်...လောကကြီးထဲမှာ မြဲတဲ့ တရားလဲ မရှိဘူး၊ အနိစ္စတရားသာ ရှိတာပဲ၊ မမြဲတဲ့ တရားချည့်ရှိတာပဲဆိုတာ သဘောပါကြပလား... (ပါပါပြီ ဘုရား)။

အဲဒီကဲ့သို့ သဘောပါတဲ့ ပုဂ္ဂိုလ်ကျတော့ ဝိစိကိစ္ဆာ ပြုတ်ပြီးသား ဖြစ်တယ်လို့ ဟောတယ်... (မှန်ပါ)။

ဘာကြောင့်တုံးဆိုလို့ ရှိရင် သူသိထားတယ်၊ ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်ဟာ အကြောင်းချုပ်လို့ အကျိုးချုပ်တယ်၊ အကြောင်း မချုပ်လို့... (အကျိုးမချုပ်ပါဘုရား) အကြောင်းချုပ်ရင်... (အကျိုးချုပ်ပါတယ်ဘုရား)။

ဒါကြောင့် အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ သိထားတဲ့ ပုဂ္ဂိုလ်က ဘာကြောင့် ချုပ်ပါလိမ့်မလဲဆိုတဲ့ ဝိစိကိစ္ဆာ လာသေးရဲ့လား... (မလာပါဘုရား)။

http://www.dhammadownload.com



အကြောင်းဖြစ်ရင် ... (အကျိုးဖြစ်ပါတယ်) အကြောင်းချုပ်ရင် ... (အကျိုးချုပ်ပါတယ်ဘုရား)။

အဲဒီလို သိထားတော့ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်တယ်ဆိုတာ ဒကာ ဒကာမတွေက အဖြစ်အပျက်ကို သိမထားဘူးလား ... (သိထားပါတယ်ဘုရား) ဖြစ်ပျက် သိထားတော့ ဘယ်နှယ်ကြောင့် ဖြစ်ပါလိမ့် မတုံးဆိုတဲ့ ဝိစိကိစ္ဆာ ဝင်ခွင့် ရသေးရဲ့လား ... (မရပါဘုရား)။

ဘယ်နှယ်ကြောင့် ချုပ်ပါလိမ့်မလဲဆိုတဲ့ ဝိစိကိစ္ဆာကိုကော (မလာပါဘုရား) ဒါဖြင့် ဒိဋ္ဌိပြုတ်ကတည်းက ဘာတုံး ... (ဝိစိကိစ္ဆာ ပြုတ်ပါတယ်ဘုရား)။

အကြောင်းဖြစ်၍ အကျိုးဖြစ်တယ်၊ သဘောကျပလား ... (ကျပါပြီဘုရား) အကြောင်းချုပ်၍ ... (အကျိုးချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အဖြစ်နဲ့အပျက် မြင်တဲ့ပုဂ္ဂိုလ်ဟာ ဝိစိကိစ္ဆာ အထူးသတ်စရာ လိုသေးသလား ... (မလိုပါဘုရား)။

အဲဒါကြောင့် ကိုစောမောင်တို့ရေ ... ဒါကလေးတော့ ထူးထူးခြားခြားမှတ်ပါ၊ ရှင်အာနန္ဒာကို ဘုရားကိုယ်တော်တိုင် ဟောလို့ ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်များ ဝိစိကိစ္ဆာ အထူးဖြုတ်စရာ မလိုဘူးဆိုတာ သေသေချာချာ မှတ်ပါ ... (မှန်ပါ) သဘောပါကြပလား ... (ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်တာနဲ့ ပျက်တာ မြင်တိုင်း, မြင်တိုင်း ဒိဋ္ဌိဝိစိကိစ္ဆာသည် ပြုတ်နေတာပဲ ... (ပြုတ်ပါတယ်ဘုရား) သဘောကျပလား ... (ကျသွားပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း... ဒါလောက်ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဆရာကောင်း သမားကောင်းနဲ့ တွေ့ကြုံနေတာလဲ တစ်ကြောင်း၊ ကျမ်းအမျိုးမျိုးနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာတွေကို ညှိနှိုင်းပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောတာ တစ်လုံးတလေမှ မမှားရအောင် ပြောနေတဲ့အတွက် ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိပြုတ်နေတာ...(မှန်ပါ) ဝိစိကိစ္ဆာကကော... (ပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တော့ကို သီလဗ္ဗတပရာမာသ, ဆိုတာတော့ ဗုဒ္ဓဘာသာဝင်တွေမှာ ရှိဖို့ ခဲယဉ်းလို့ ဟောဖို့ သိပ်မလိုလှဘူး... (မှန်ပါ)။

နွားတို့အကျင့်၊ ခွေးတို့အကျင့်ဟာ နိဗ္ဗာန်ရောက်ကြောင်းလို့ ဘယ်သူများ ထင်သေးသတုံး... (မထင်ပါဘုရား)။

အဲဒီတော့ အဲဒီအကျင့်မျိုးကတော့ အိန္ဒိယမှာရှိတဲ့ အချို့ပုဂ္ဂိုလ်တွေကို ရည်ရွယ်ထားတာနော်... (မှန်ပါ)။

အဲဒီတော့ ဒီမှာဖြင့် မောင်နိုင်, မောင်ဘမိုတို့ ဖြစ်ပျက်မြင်ရင် ဘာပြုတ်သတုံး ...(ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ပါတယ်ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ သီလကလေးနဲ့ တင်းတိမ်မနေနဲ့၊ ဖြုတ်တတ်တဲ့ တရားနှစ်ခုကိုလဲ ကိုစောမောင် ဖြုတ်လိုက်ပါဦး...(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

ဖြုတ်တတ်တဲ့ တရားနှစ်ပါးကိုလဲ... (ဖြုတ်ရမှာပါဘုရား) ဖြုတ်ရမှာ ဆိုလို့ရှိရင်ဖြင့် "ဖြုတ်"ဆိုတာ ကိုယ့်ခန္ဓာကို ငါ ငါ့ဥစ္စာထင်လို့ ဖြုတ်ကြတာကိုးဗျ... (မှန်ပါ)။

http://www.dhammadownload.com



အဲဒီတော့ ငါ ငါ့ဥစ္စာ မထင်ဘဲနဲ့ စိတ်ကလေးပေါ်လာလာ ဝေဒနာကလေး ပေါ်လာလာ ဒကာ ဒကာမတွေ သန္တာန်မှာပေါ်တဲ့ အချိန်လဲ မရှိတော့ အဲဒီ အဖြစ်အပျက်ကလေးကို ခင်ဗျားတို့ ရှုပေး... (မှန်ပါ့)။

ဒါ... ဘာလုပ်နေတာပါလိမ့်မတုံး ဆိုတာကော ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) ဘာလုပ်နေတာတုံး...(ဝမ်းစာထွင်းနေတာပါဘုရား) ဘယ်ဝမ်းစာတွေ ထွက်သွားအောင်လို့ ထွင်းပါလိမ့်... (ဒိဋ္ဌိဝိစိကိစ္ဆာပါဘုရား)။

အဲ... ဒိဋ္ဌိဝမ်းစာ အလေးစာတ်တွေ ထွက်သွားအောင်လို့ ဖြုတ်နေတာ ဖြစ်သောကြောင့် ဉာဏ်ခန္ဓာတည်းဟူသော လှေကို အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒိဋ္ဌိထွင်းပြီးသား လှေကြီးနဲ့ ဟိုမှာဘက်ကမ်း နိဗ္ဗာန်ကူးမယ်ဆိုရင်ဖြင့် ရောက်ပါ့မယ်ကွာ... လို့ ဘုရားက တာဝန်ခံတယ်... (မှန်ပါ့)။

ဒိဋ္ဌိမထွင်းဘဲနဲ့သာ ကူးမယ်ဆိုရင်ဖြင့် မြုပ်လိမ့်မယ်ကွတဲ့ (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး တရားနာကြတဲ့ ပုဂ္ဂိုလ်တွေ ဘုန်းကြီးမှာ တာက ဘယ်လိုမှာသတုံးလို့ ဆိုလို့ရှိရင် သီလထက် ကောင်းတာ ဘာရှိသေးသတုံးလို့လဲ ပြောချင်ပြောကြမယ်...(မှန်ပါ့) မပြောပေဘူးလား... (ပြောပါတယ်ဘုရား)။

အဲဒီ ပြောတဲ့ပုဂ္ဂိုလ်တွေရှိခဲ့သော် ခင်ဗျားဟာ အင်ကြင်းပင်ကြီး အလုံးလိုက် မထွင်းဘဲနဲ့ လှေလုပ်စီးနေတာကိုး၊ အဲဒီ**တော့ ဝမ်းစာတွေ** ထွင်းပါဦး၊ ဒါနဲ့ ကူးလို့ မရပေဘူး

http://www.dhammadownload.com



ဆိုတာကို ဘုရားက သေသေချာချာ ဥပမာနဲ့ပြသည် ဖြစ်လေသောကြောင့် တစ်ယောက်တစ်ယောက်လဲ အားပေးကြပါ... (မှန်ပါ) မပေးထိုက်ဘူးလား... (ပေးထိုက်ပါတယ်ဘုရား)။

သူ့ခမျာ... စေတနာကောင်းနဲ့ ဥပုသ်စောင့်နေတာဗျ... (မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

စေတနာ သူ့ထက်ကောင်းတာ ရှိသေးသလား... (မရှိပါဘုရား)။

တစ်လ လေးသီတင်းရယ်... ရှစ်သီတင်းရယ်... စီးပွားရေး ဘယ်လိုပဲနေနေကွာ... ဒီဟာကတော့ အရယူမယ်ဆိုတော့ နည်းတဲ့ စေတနာလား... (မနည်းပါဘူး)။

စေတနာကောင်းပေမယ့်လဲ ဗဟုသုတ ဆရာသမားကောင်း မတွေ့ပြန်လို့ရှိရင်လဲ တင်းတိမ်တာ စောသွားလို့ ရှိရင်လဲ ကိုစံလှ မှားမယ်... (မှားပါတယ်ဘုရား)။

တင်းတိမ်တာက မတင်းတိမ်လောက်ဘဲနဲ့ ဒကာ ဒကာမတို့ တင်းတိမ်နေလို့ ရှိရင်ဖြင့် မမှားပေဘူးလား ... (မှားပါတယ်ဘုရား)။

ကိုစောမောင် ကျေနပ်ပလား ... (ကျေနပ်ပါပြီဘုရား) အားလုံး ဒကာ ဒကာမတွေကော ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ငါးပါးသီလ ဆိုတာက မဆောက်တည်လဲ ရှိ၊ ဆောက်တည်ကော... (ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီလိုရှိနေတော့ သီလရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ဝိပဿနာ အညွှန့်မတပ်ရင် မဖြစ်ဘူးဆိုတာ ဒီဝတ္ထုက သက်သေခံနေ တယ်...(မှန်ပါ့) မခံပေဘူးလား... (ခံပါတယ်ဘုရား)။

ဒါဖြင့် ကြိုးစားကြပါ၊ ကြိုးစားကြပါဆိုတာ ဒကာ ဒကာမတွေ ဒီက ပြန်လို့ရှိရင်ဖြင့် နာရီဝက်ရတဲ့ ပုဂ္ဂိုလ် နာရီဝက် ထိုင်ပေါ့ဗျာ... (မှန်ပါ့)။

ဒါ ဒိဋ္ဌိဖြုတ်နေတာ၊ ဝမ်းစာထွင်းနေတာပဲ၊ ဟိုမှာဘက် ကမ်းကူးဖို့ လှေကြီးဖြစ်အောင်လို့။

ကဲ...ဒါဖြင့် ကိုစောမောင် မလုပ်မဖြစ်တဲ့ အလုပ်က ပေါ်လာကြပလား... (ပေါ်လာပါပြီဘုရား) ဝမ်းစာထွင်းနေတဲ့ အလုပ်ဟာ ဟိုမှာ ဘက်ကမ်း ကူးလို့ရတဲ့ ပုဂ္ဂိုလ်၏ အလုပ်... (မှန်ပါ့ဘုရား)။

နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်း ကူးလို့ရတဲ့ ပုဂ္ဂိုလ်၏ အလုပ်ကဖြင့် ဝမ်းစာမထွင်းရင် မဖြစ်ပါဘူး... (မှန်ပါ့ဘုရား) ဒီလောက်လေးတာ ရှိကို မရှိဘူး...(မှန်ပါ့)။

ဒေဝဒတ်ကြီးဟာ ခင်ဗျားတို့ ကျုပ်တို့ စဉ်းစားကြည့်ပါ။ အလေးချိန် ခင်ဗျားတို့ ကျုပ်တို့နဲ့ အတူတူပဲ နေမှာပါပဲ... (မှန်ပါ့)။

သို့သော် ... ဒိဋ္ဌိဆွဲချလိုက်တာ မြေကြီးကို အက်ပြီး အောက်ရောက်သွားတယ် ... (မှန်ပါ့) မရောက်ဘူးလား ... (ရောက်ပါတယ်ဘုရား)။

အဲ့ဒါ ... လူအလေးချိန် လေးတာလား၊ ဒိဋ္ဌိလေးလို့လား (ဒိဋ္ဌိလေးလို့ပါဘုရား) သဘောပါကြပလား ... **(ပါပါပြီဘုရား)**။

http://www.dhammadownload.com



အားလုံးမြေမျိုတဲ့ ပုဂ္ဂိုလ်မှာ လူအလေးချိန် ခင်ဗျားတို့ ကျုပ်တို့နဲ့ အတူတူပါပဲ၊ ဘယ့်နှယ်ကြောင့် သူ့သည်ကား ... လို့ဆိုရင် မြေကြီးအက်ပြီး သကာလ အဝီစိကျအောင် အက်ပြီး သကာလ ရောက်ရပါလိမ့်မတဲ့လို့ အမေးထုတ်လို့ရှိရင် ခန္ဓာ လေးတာ မဟုတ်ဘူး၊ ဒိဋ္ဌိလေးတာ ... (မှန်ပါ့) သဘောပါကြ ပလား ... (ပါပါပြီဘုရား)။

ဘာလေးပါလိမ့် ... (ဒိဋ္ဌိလေးတာပါဘုရား) ဒိဋ္ဌိလေးတာ ဒကာ ဒကာမတွေ ကြည့်စမ်းပါလား၊ တစ်ခါတလေများ ခန္ဓာကိုယ်ကြီးများ လေးနေတဲ့အခါ ကိုစောမောင်၊ ရှိသေး တယ် ... (ရှိပါတယ်ဘုရား)။

စိတ်လေးလိုက်တာ ... တဲ့၊ စိတ်လေးလို့ရှိရင် ငါ့သား, ငါ့သမီးဆိုတဲ့ ဒိဋ္ဌိဝင်လို့ လေးတာ ... (မှန်ပါ့)။

ငါ့သားများ ဘာဖြစ်မတုံး၊ ငါ့သမီးများ ဘာဖြစ်မတုံး၊ ငါ့ပစ္စည်းများ ဘာဖြစ်မတုံး၊ ငါ့အိမ်ငါ့တိုက်များ ဘာဖြစ်မတုံးဆိုတဲ့ အဲဒီ ငါဝင်လာရင် လေးလာတာပဲ ... (မှန်ပါ့) သဘောပါကြ ပလား ... (ပါပါပြီဘုရား)။

စိတ်လေးတာ ဘယ်သူဝင်လာလို့တုံး ... (ငါ ဝင်လာလို့ပါ ဘုရား) ငါဝင်လာလို့ဆိုတော့ အဲဒီပုဂ္ဂိုလ်ဟာ ထ,ရတာလဲ လေးလေး ပြောရတာကော ... (လေးလေးပါဘုရား)။

သူ့မှာ အကုန် အလေးနဲ့ချည့် မသွားဘူးလား ..

http://www.dhammadownload.com



အင်း ... ကိုစောမောင်တို့ ကိုစံလှတို့က ဘယ်သူ့ကြောင့် လေးပါလိမ့်မတုံး ... (ဒိဋ္ဌိကြောင့်ပါဘုရား)။

ငါ့သား ဘာဖြစ်မတုံးဆိုလို့ လေးတာကိုး ... (မှန်ပါ့) ငါ့သမီး ဘာဖြစ်မတုံးလို့ ဆိုလို့ကော ... (လေးပါတယ်ဘုရား) ငါ့ပစ္စည်း ဘယ်သူများ ကြံစည်ကြမတုံးဆိုလို့ကော ... (လေးပါတယ်ဘုရား)။

အဲဒီ စိတ်လေးတိုင်း စိတ်လေးတိုင်းဟာ ဒကာ ဒကာမတို့ ဘာထင်ကြသတုံး ... (ဒိဋ္ဌိပါဘုရား)။

ဒိဋ္ဌိကြောင့် လေးတာ ခင်ဗျားတို့ ဂုဏ်ယူမနေနဲ့ ... (မှန်ပါ့) သဘောပါကြပလား ... (ပါပါပြီဘုရား)။

စိတ်လေးလိုက်တာ စိတ်လေးလိုက်တာဆိုတော့ ထ,တာကလဲ ခပ်လေးလေး၊ ပြောတာကလဲ ခပ်လေးလေး၊ အိပ်ပြန်လဲ ခပ်နွဲ့နွဲ့ ဟင် ... ဒီလိုကော မနေဘူးလား ... (နေပါတယ်ဘုရား)။

ထ,ပြန်လို့ရှိရင်လဲ ခပ်လေးလေး၊ ကိုစောမောင် ... လာမလာ ... (လာပါတယ်ဘုရား)။

ဒါဘယ်သူ့ကြောင့် လေးနေတာလဲ (ဒိဋ္ဌိကြောင့် လေးနေပါတယ် ဘုရား) ငါဘာဖြစ်ဦးမှာလဲဆိုတဲ့ **ဝိစိကိစ္ဆာ** ကြောင့်ကော (လေးပါတယ်ဘုရား)။

အဲ ... ဒိဋ္ဌိဝိစိကိစ္ဆာ ဝင်လိုက်ပြီဆိုမှဖြင့် ဘယ့်နှယ် ဖြစ်လာသလဲ ... (လေးလာပါတယ်ဘုရား) ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီ လေးရင်းမိတ္တနဲ့များ ဒကာ ဒကာမတို့ စုတိစိတ်ကျသွားလို့ရှိရင်ဖြင့် ဘယ်သူ့မှ ဗေဒင်မမေးပါနဲ့ သွားပြီ၊ ငရဲသာ ဆုံးဖြတ်ချက်ချပါ . . .(မှန်ပါ့) မဟုတ်ဘူးလား . . .(မှန်ပါ့)။

ဘယ်သူက ဆွဲချသွားသတုံး (ဒိဋ္ဌိက ဆွဲချသွားပါတယ်ဘုရား)။

ဒိဋ္ဌိက ဆွဲချသွားလိုက်တာ ဒကာ ဒကာမတို့ ကယ်မယ့်ယူမယ့်သူ ပေါ်လာသေးရဲ့လား . . . (မပေါ်လာပါဘုရား) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌိဖြုတ်ကြပါစို့လို့ မဆိုထိုက်ဘူးလား . . .(ဆိုထိုက်ပါတယ်ဘုရား)။

ကဲ . . .ဒိဋ္ဌိဖြုတ်ရအောင် ဒကာ ဒကာမတို့ ဒီနေ့ ဝိပဿနာတရားကို၊ ဒိဋ္ဌိဖြုတ်တာသည် အလုပ်လုပ်မှ ပြုတ်တယ် . . . (မှန်ပါ့ဘုရား)။

အသိနဲ့ ပြုတ်တာက ဉာတပရိညာ . . . တဲ့၊ အဲဒါက ခဏပြုတ်သွားတာကွတဲ့ (မှန်ပါ့) မဂ်နဲ့ ဖြုတ်မှ သေသေချာချာ ပြုတ်မှာကိုးဗျ . . . (မှန်ပါ့) မဂ်နဲ့ဖြုတ်မှ အပြုတ်အစစ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

မပွားများဘဲနဲ့ စာသိပေသိနဲ့ ပြုတ်တာကဖြင့် တဒင်္ဂ ပြုတ်တာပဲ . . .တဲ့၊ ကိလေသာကတော့ ဒကာ ဒကာမတို့ ဝမ်းထဲမှာ အနုသယသဘောနဲ့ ကိန်းလျက်ပါပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ပွားများပြီး မင်္ဂနဲ့ ဖြတ်မှ အပြတ်နော်... (မှန်ပါ့ဘုရား)။

ကိုင်း ...ဒါဖြင့် မနေ့က တရားပဲ ဒကာ ဒကာမတို့၊ မနေ့က ဝေဒနာမှာဆုံးတယ်၊ ဒီနေ့ စိတ်မှာဆုံးကြရအောင်... (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့၊ ခင်ဗျားတို့မှာ ဇရာမရဏ ရှိပါရဲ့လား ... (ရှိပါတယ်ဘုရား) အိုမှုကြီးလဲ နေ့တိုင်းရှိတယ်၊ ခဏခဏ တိုးနေတယ်ဆိုတာ သေချာနေတယ်...(မှန်ပါ့) သေခါနီးကကော ဖြစ်မှ ဖြစ်ကြရဲ့လား...(ဖြစ်ပါတယ်ဘုရား)။

တရားဟောစကထက် အခု နည်းကျတယ်ဆိုတော့ အိုမှု သေမှုကတော့ ကျုပ်တို့ ခန္ဓာကိုယ်ထဲမှာ ရှိပြီးသားအတိုင်းပဲလို့ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီအိုမှု, သေမှုကို **မောင်နိုင်,** မောင်ဘမြိတို့က လက်သည်ရှာကွ (ဇာတိက လာပါတယ်ဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ကိုစံလှ ဘယ်က လာသတုံး... (ဇာတိက လာပါတယ် ဘုရား) အားလုံး ဒကာ ဒကာမတွေ... (ဇာတိက လာပါတယ် ဘုရား)။

ဇာတိဆိုတာ ပဋိသန္ဓေနော် ... (မှန်ပါ့) ပဋိသန္ဓေနေမှုရှိတဲ့ ပုဂ္ဂိုလ်ဖြင့် အိုမှု, သေမှုက ပြေးလို့ လွတ်ပါ့မလား၊ အမေး ထုတ်လိုက်တယ်...(မလွတ်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့ ပဋိသန္ဓေနေမှုနဲ့ အိုမှု, သေမှု ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး... (ပဋိသန္ဓေနေမှုက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဟုတ်သားပဲ... ပဋိသန္ဓေက သမုဒယသစ္စာ... (မှန်ပါ့) အိုမှု သေမှုက ဒုက္ခသစ္စာ...(မှန်ပါ့) ကိုစောမောင် ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

ပဋိသန္ဓေက...(သမုဒယသစ္စာပါဘုရား) သမုဒယဆိုတာ သူ့ကြောင့်ဆိုတော့ သမုဒယမဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား) သူက သမုဒယသစ္စာ၊ ဒီနှစ်ခုက...(ဒုက္ခသစ္စာပါ ဘုရား)။

ကောင်းပြီ ... ဒါဖြင့် ဒကာ ဒကာမတို့ သမုဒယသစ္စာကို ကျုပ်တို့ ပယ်ခဲ့သော်... ကျုပ်တို့ ဒုက္ခသစ္စာ လာဦးမလား... (မလာပါဘုရား) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

သမုဒယပယ်ခဲ့သော်...(ဒုက္ခသစ္စာမလာပါဘုရား) ဒါဖြင့် ဘယ်ဘဝမှ မလိုချင်တဲ့ဉာဏ်နဲ့ ကျုပ်တို့ နေကြ ထိုင်ကြမယ်ဆိုရင်ဖြင့် ဘယ်အိုသေမှ မလာပါဘူး...(မှန်ပါ့)။

ဒီအိုသေ နှစ်ခု လာသေးရဲ့လား...(မလာပါဘုရား) သဘောပါကြပလား (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဇာတိက ဘာသစ္စာ... (သမုဒယသစ္စာပါ) ဇရာ မရဏက...(ဒုက္ခသစ္စာပါ) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သမုဒယနဲ့ ဒုက္ခ ဘယ်ဟာ သာပြီး ကြောက်ရမတုံး...(သမုဒယ ကြောက်ရပါမယ်) သမုဒယ

http://www.dhammadownload.com



ကြောက်လိုက်လို့ ရှိရင် ကိုစောမောင် ဒုက္ခလာသေးရဲ့လား . . . (မလာပါဘုရား)။

အဲ . . . ခင်ဗျားတို့က ဘာဖြစ်ရပါလို၏၊ ညာဖြစ်ရပါလို၏ ဆိုတော့ သမုဒယကို ဖြစ်အောင်လုပ်တာ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

လူ့ဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏ . . . ဆိုတော့ သမုဒယ ဖြစ်ရပါလို၏၊ သမုဒယ ဖြစ်မှ ဒုက္ခဖြစ်မှာ . . . (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဘာဖြစ်မှ ဘာဖြစ်မှာတုံး (သမုဒယဖြစ်မှ ဒုက္ခဖြစ်မှာပါ) ရှင်းပြီနော် . . .(ရှင်းပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် ကိုစောမောင် ပဋိစ္စသမုပ္ပာဒ် ပဋိလောမ ပြတယ်နော် . . .(မှန်ပါ့) ပဋိလောမပြတော့ သစ္စာနှစ်ပါး ကွဲကွဲမသွားဘူးလား . . .(ကွဲသွားပါတယ်ဘုရား)။

ဒါက ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟောတာနော် . . .(မှန်ပါ့) ဘုရားဟောလို့ ဘုန်းကြီးတို့ ရဲရဲပြောပြီး သကာလနေတာ၊ ဖြစ်စဉ်ကလဲ ကိုက်လွန်းလို့ ငြင်းစရာလဲ မလိုပါဘူး . . .(မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ဇာတိ ဘယ်က လာပါလိမ့် . . .(ကမ္မဘဝက လာပါတယ်ဘုရား)။

သြော် . . . ဒါဖြင့် ဒကာ ဒကာမတွေ ကံက လုပ်လိုက်တာ

http://www.dhammadownload.com



ကံကောင်းလို့ ဇာတိဖြစ်လာတာလား၊ ကံဆိုးလို့ ဇာတိဖြစ်တာလား . . . (ကံဆိုးလို့ပါဘုရား)။

အဘယ့်ကြောင့် ကံဆိုးလို့ ဇာတိဖြစ်လာသတုံးလို့ အမေးထုတ်ခဲ့သော် ကံက သမုဒယသစ္စာ၊ ဇာတိက ဒုက္ခသစ္စာ လာဖြစ်တယ် . . .(မှန်ပါ့) မဖြစ်ဘူးလား . . .(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကံက ဘာသစ္စာ . . . (သမုဒယသစ္စာပါဘုရား) ဇာတိက . . .(ဒုက္ခသစ္စာပါဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဘာကြောင့်တုံးဆိုတော့ ကံကအကြောင်း၊ အကြောင်းဆိုတော့ သမုဒယမကျဘူးလား . . .(ကျပါတယ်ဘုရား)။

ဇာတိက . . .(အကျိုးပါဘုရား) အကျိုးဆိုတော့ ဇာတိကို ဘုရားက ဘာသစ္စာ ဟောသတုံး . . . (ဒုက္ခသစ္စာ ဟောပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ သိပြီးသား အတိုင်းပါ . . .တဲ့၊ ဘုန်းကြီး ကြံဖန်ဟောစရာ မလိုတော့ ကံကြောင့် ဒုက္ခရောက်တာ . . .(မှန်ပါ့) ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

ဘယ်သူ့ကြောင့်များ ဒုက္ခရောက်ပါလိမ့် . . .(ကံကြောင့် ဒုက္ခရောက်ပါတယ်ဘုရား) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။

ဒါကြောင့် တစ်နေ့ကလဲ စကားသုံးခဲ့ပြီ၊ ဉာဏ်အမိ ဉာဏ်အဖ လုပ်ကြစမ်းပါလို့ ဆိုတာ ကိုစောမောင် ပြောထိုက် မပြောထိုက် . . .(ပြောထိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ လုပ်နေတာက ဘာတုံး . . . (ကံအမိ, ကံအဖပါ ဘုရား)။

အဲ . . . ကံအမိ, ကံအဖကို ပြောင်းပေး၊ ဒီနေရာမှာ ဉာဏ်အမိ ဉာဏ်အဖဖြစ်အောင်လုပ် . . .(မှန်ပါ့) ဒီဒုက္ခသစ္စာမြင်ပြီး ကုသိုလ်လုပ်ပေါ့ဗျာ . . .(မှန်ပါ့)။

ကံလဲ ပါသွားတာပဲ၊ သို့ပေမယ့် ကံက ပြဋ္ဌာန်းသလား၊ ဉာဏ်က ပြဋ္ဌာန်းသလား . . . (ဉာဏ်ကပြဋ္ဌာန်းပါတယ် ဘုရား)။

အဲ . . . ဒုက္ခသစ္စာ သိပြီးလုပ်တဲ့ စေတနာမျိုးကျတော့ လုပ်ပါတဲ့၊ ဝဋ်ကျွတ်ကျင်လို့ လုပ်တာပဲ၊ လှူဒါန်း ပေးကမ်း အကုန်လုပ်ကြပါလို့ သတိပေးလိုက်တယ် . . . (မှန်ပါ့) မပေးထိုက် ဘူးလား . . . (ပေးထိုက်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ကံအမိ, ကံအဖဆိုရင် ဒုက္ခ လာမယ်၊ ဉာဏ်အမိ, ဉာဏ်အဖ ဦးစီးပြီးသကာလ . . . ဟောဒီ ဒုက္ခကြီးကို မရချင်လို့ လုပ်ပါတယ်ဆိုတော့ ဒါနနဲ့လဲလုပ်၊ သီလနဲ့လဲလုပ်၊ ကိုစောမောင် မဖြစ်ဘူးလား . . . (ဖြစ်ပါတယ် ဘုရား)။

သို့သော် . . . ဘယ်သူ ဦးစီးသလဲ . . . (ဉာဏ်ဦးစီးပါတယ် ဘုရား) အဲ . . . ဉာဏ်ဦးစီးမှာတော့ စိုးရိမ်၊ ကံဦးစီးမှာတော့ စိုးရိမ်စရာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဉာဏ်ဦးစီးပြီး လုပ်တဲ့ အလှူအတန်း အပေးအကမ်း ကျတော့ ဟောဒီ ဒုက္ခတွေ လွတ်တယ် . . .(မှန်ပါ့)။

http://www.dhammadownload.com



ကံဦးစီးရင် ဒကာ ဒကာမတို့ သိတဲ့အတိုင်းပဲ ဝဋ်ကံလို့ မှတ်ပါ ...(မှန်ပါ) ဉာဏ်ဦးစီးရင် ဝဋ်ကျွတ်တယ်လို့မှတ်ပါ ... (မှန်ပါ)။

ဒါဖြင့် ကံဦးစီးတာကျတော့ ဝဋ္ဋကုသိုလ် ... (မှန်ပါ) ဉာဏ်ဦးစီးတာကျတော့ ...(ဝိဝဋ္ဋကုသိုလ်ပါ) ရှင်းနေတဲ့ သူ့ဟာ ငြင်းစရာ လိုသေးသလား ...(မလိုပါဘုရား) သဘောပါ သလား ... (ပါပါပြီဘုရား)။

တစ်ခါ သွားပါဦး ... သွားပါဦး ဒကာ ဒကာမတို့ ... ကံဘယ်က လာပါလိမ့် ... (ဥပါဒါန်က လာပါတယ်ဘုရား)။

ဒီကတည်းက သေချာနေပြီ၊ ကိုစောမောင် ဥပါဒါန်က ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုတဲ့ ဥပါဒါန်တရားလေးပါး မရှိဘူးလား ... (ရှိပါတယ် ဘုရား)။

ဒီဥပါဒါန် အကြောင်းက ဘာဖြစ်တာတုံး ... (ကံဖြစ်ပါ တယ်ဘုရား)။

ဒါဖြင့် ဥပါဒါန်က ဘာသစ္စာတုံး ... (သမုဒယ သစ္စာပါ ဘုရား) ကံက ...(ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ကံကြောင့် ဒုက္ခဖြစ်နေတယ်ဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

ဒကာဒကာမတို့ အခု လူ့ဘဝ ဘယ်သူပို့လိုက် ပါလိမ့် ...(ကံပို့လိုက်ပါတယ်ဘုရား) ကံပို့လိုက်တော့ အခု

http://www.dhammadownload.com



စားမှုသောက်မှု ရှာရတာနဲ့ကော... (ခွဲလို့ မရပါဘုရား) အနာရောဂါကော...(ခွဲလို့ မရပါဘုရား) မလွတ်ပါဘူး။ ကျွေးလိုက် မွေးလိုက်ရတာလဲ အားရဲ့လား...(မအားပါဘုရား) ကျွေးကျိုးကော နပ်ကဲ့လား (မနပ်ပါဘုရား) မနပ်တာလဲ မသေချာဘူးလား...(သေချာပါတယ်ဘုရား)။

ကျွေးရင်း မွေးရင်းနဲ့ အိုပွဲ, နာပွဲကြီး ခင်းနေတာ ခန္ဓာက...(မှန်ပါ့) မခင်းဘူးလား...(ခင်းပါတယ်ဘုရား)။

ကျွေးရှင်, မွေးရှင်ရယ်လို့ ခင်ဗျားတို့ကို ခန္ဓာက ငဲ့ရဲ့လား... (မငဲ့ပါဘုရား) မငဲ့ဘူးဆိုတာ သေချာပလား... (သေချာပါပြီ ဘုရား)။

ကောင်းပြီ... ဒါဖြင့် ဥပါဒါန်က သစ္စာဘာသစ္စာ... (သမုဒယ သစ္စာပါဘုရား) ကံက...(ဒုက္ခသစ္စာပါဘုရား)။

ဩော်...ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး သည် ကံက ဒုက္ခသစ္စာဟော့... ဆိုတဲ့ဥစ္စာ ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

ကံက လောကီလား၊ လောကုတ်လား၊ တစ်ခါ ပြန်မေး...(လောကီပါဘုရား) လောကီကံ။

ဒါကြောင့် ဇာတိလာတာပေါ့၊ လောကုတ္တရာကံဖြင့် ဇာတိလာပါ့မလား... (မလာပါဘုရား)။

ဒါဖြင့် ကံဟာ လောကီစိတ် ရှစ်ဆယ့်တစ်ထဲက အပါအဝင် ဖြစ်နေတော့ ယှဉ်ဖော်ယှဉ်ဖက်အဖြစ်နဲ့ သူမပါဘူးလား... (ပါပါတယ် ဘုရား) ပါရင် ဒုက္ခသစ္စာမှတစ်ပါး **ဘာမှ မဖွဲ့**နဲ့ သူ့ကို...(မှန်ပါ့) သဘောပါပလား...(ပါပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီကျအောင် နားမလည်တဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ကံပဲ အားကိုးနေဦးမှာပဲ...(မှန်ပါ့)။

ကံဟာ သေသေချာချာ စဉ်းစားကြည့်တော့ ဘယ်ထဲက ဖြစ်နေသလဲ...(ဒုက္ခသစ္စာပါဘုရား)။

အဲ...ကံဒုက္ခသစ္စာကို ခင်ဗျားတို့က အမွန်းတင်ပြီး သကာလ နေကြမယ်ဆိုလို့ ရှိရင်ဖြင့် ဇာတိကို ငါပေးပါမယ် ပြောမှာပဲ(မှန်ပါ့) ဇရာ မရဏကော...(ပေးမှာပါဘုရား)။

ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ ဝိဝဋ္ဋညာဏ် ဦးစီးကြ ပါဆိုတဲ့ စကားကိုဖြင့် မသုံးရင် မဖြစ်တော့ဘူး...(မှန်ပါ့ဘုရား) သဘော ပါပလား...(ပါပါပြီဘုရား)။

ဥပါဒါန် ဘယ်က လာပါလိမ့်...(တဏှာက လာပါတယ်) တဏှာက ဘာသစ္စာ...(သမုဒယသစ္စာပါ) ဥပါဒါန်က... (ဒုက္ခသစ္စာပါဘုရား)။

ကဲ...ခင်ဗျားတို့ ဒုက္ခရောက်နေတာဟာ ဒီဥပါဒါန် တွေကြောင့် ဒုက္ခရောက်နေတာ... (မှန်ပါ့) သားစွဲ, သမီးစွဲနဲ့ စွဲလုံးဟူသ၍ ဘာဆိုကြပါ့မယ်...(ဥပါဒါန်ပါဘုရား)။

အဲ...ဥပါဒါန်ကြောင့် စားမဝင် အိပ်မပျော်တွေ မလာဘူးလား၊ လာသလား...(လာပါတယ်ဘုရား)။

ဘယ်သူ့ကြောင့် ဒုက္ခဖြစ်နေတာလဲ... (ဥပါဒါန်ကြောင့် ပါဘုရား) ဥပါဒါန်ကြောင့် ဒုက္ခဖြစ်နေတယ်ဆိုတော့ ဒုက္ခဖြစ်အောင် ဘယ်သူက ကျေးဇူးပြုသတုံး... (တဏှာက ကျေးဇူးပြုပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ဥပါဒါန်က... (ဒုက္ခသစ္စာပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒကာဒကာမတို့၊ ခင်ဗျားတို့ သားရေးသမီးရေး၊ စီးပွားရေး ကြောင့် ဒုက္ခဖြစ်နေတာကောပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ကောင်းပြီ...ဥပါဒါန်ရှိတဲ့ပုဂ္ဂိုလ် ဒုက္ခဖြစ်တာ...(မှန်ပါ့) ဥပါဒါန်လွတ်တဲ့ ပုဂ္ဂိုလ်ဟာ (ဒုက္ခမရှိပါဘုရား) ဒုက္ခ သိမ်းတာပဲဆိုတာ သဘောပါကြပလား......(ပါပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သစ္စာ သေသေချာချာမရှင်း သေးဘူးလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ထဲက ဘာပါသတုံး... (သမုဒယနဲ့ ဒုက္ခသာ ပါပါတယ်) ကိုစောမောင် ရှင်းပလား... (ရှင်းပါပြီဘုရား)။

အားလုံး ဒကာဒကာမတွေ ဒါ အင်မတန် သတိထားဖို့ ကောင်းပါတယ် အခု ဥစ္စာ...(မှန်ပါ့)။

သမုဒယနဲ့ ဒုက္ခပါတယ်ဆိုကတည်းကိုက ဒီ ပဋိစ္စသမုပ္ပာဒ် လွတ်မှ ချမ်းသာတော့မယ်...(မှန်ပါ့) ဒီပဋိစ္စသမုပ္ပာဒ် လွတ်တာက ဘာတုံးလို့ ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ နိရောဓနဲ့ မဂ္ဂမှ လွတ်မယ်...(မှန်ပါ့)။

ဒီပဋိစ္စသမုပ္ပာဒ်ထဲတော့ ဘာပါနေသတုံး...(သမုဒယနဲ့ ဒုက္ခ ပါပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သီးသန့်လုပ်ယူရမှာက မဂ္ဂနဲ့ နိရောဓ လုပ်ယူရမယ်...(မှန်ပါ့) မလုပ်ရင်ဖြစ်ပါ့မလား...(မဖြစ်ပါ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ နိရောဓ မဂ္ဂမပါသရွေ့ ကာလပတ်လုံး ဒီသံသရာကြီး ပြတ်ပါ့မလား... (မပြတ်ပါ ဘုရား) သဘောပါကြပြီနော်...(ပါပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် စဉ်းစားပါဦး...ဒကာဒကာမတို့ ဒီတဏှာက ဘယ်ကလာသတုံး...(ဝေဒနာကလာပါတယ် ဘုရား)

ဝေဒနာက လာတယ်ဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)

ဝေဒနာက ဘာသစ္စာ...(သမုဒယသစ္စာပါ) တဏှာက... (ဒုက္ခ သစ္စာပါဘုရား)။

အဲ...တဏှာကြောင့် ဒုက္ခဖြစ်နေတယ်ဆိုတာကော မပေါ် သေးဘူးလား...(ပေါ်ပါပြီဘုရား)။

ဒကာဒကာမတို့...ဒီတဏှာဟာ ဝေဒနာက လာတယ် ဆိုတော့ ဝေဒနာနောက်က ဝေဒနာကို ဖြစ်ပျက်ရှုတဲ့ မဂ္ဂင်မသွင်းခဲ့သော် ဒကာဒကာမတို့ မနေ့ကလဲ ပြောခဲ့ပါတယ်၊ ဒီတဏှာလာမှာပဲ...(လာမှာပါဘုရား) ဒီမဂ်ဝင်ရင်တော့... (မလာပါဘုရား)။

ဒါဖြင့် သူက ဖြစ်ပျက်ပါမှ ဒီကရှုတာက မဂ်ဖြစ်မယ်... (မှန်ပါ)။

ဒါဖြင့် ဒီကြားဝင်မှ ဒါတွေပြတ်မယ်... (မှန်ပါ့ဘုရား)

http://www.dhammadownload.com



ဒါကြောင့် မနစ်က ဟောခဲ့ပါတယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဘုရားက ဘယ်နေရာမှာ ဖြစ်သတုံး ဆိုတော့ ခင်ဗျားတို့ သိထားတာက ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ... (မှန်ပါ့)။

ဗောဓိပင်နဲ့ ရွှေပလ္လင်ဆိုတာ ဒကာဒကာမတွေ အမြင် ပြောတာ၊ သေသေချာချာ စဉ်းစားတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ်...(မှန်ပါ့) သဘောကျပလား... (ကျပါပြီ ဘုရား)။

ဘယ်မှာဘုရားဖြစ်ပါလိမ့် ...(ဝေဒနာနဲ့ တဏှာကြား မှာပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ မိုးကလဲ ရွာတယ်၊ ဒီနေ့ ဒီတွင် သိမ်းပါဦးတော့။

ကဲ...ယနေ့ ဒီတွင် တော်ပါဦး...

သာဓု...သာဓု...သာဓု

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မင်္ဂလာတိုက်ကျောင်း၌ ဟောကြားတော်မူအပ်သော
ငရဲ ရေသောက်မြစ်ပြတ်ရေး

# တရားတော်

(၄-၁၀-၆၁)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ကွာ... ဒီပြင်ဟာ စားရေးသောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ဒါကထည့်ပြီး စကားမပြောပါနဲ့တဲ့။

တိရစ္ဆာန်လဲ ရှာစားတာပါကွာတဲ့၊ မထူးပါဘူးတဲ့၊ ဟောဒီ ငရဲရေသောက်မြစ် တစ်ခုတော့ မင်းတို့ အရေးတကြီး ဖြတ်စမ်းပါကွတဲ့၊ သိပ်မှာတာပဲ...(မှန်ပါ့)။

ငရဲရေသောက်မြစ်ဆိုတဲ့ဥစ္စာ ဘာတုံးလို့ဆိုလို့ရှိရင် အခုပေါ်လာတာ ကလေးတွေဟာ စိတ်ကလေးတွေမှန်း သိလျက်သားနဲ့ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ အိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ဝတ်ချင်တဲ့စိတ်ကလေး ပေါ်လာ တယ်၊ အဲဒါကို ငါလုပ်နေတဲ့ဥစ္စာ ဘုရားက စက်ဆုပ်ဆုံးပဲ... (မှန်ပါ့ဘုရား)။

စားချင်တဲ့ စိတ်၊ ဝတ်ချင်တဲ့ စိတ်၊ အိပ်ချင်တဲ့စိတ်၊ ပြောချင်တဲ့စိတ်၊ တိုချင်တဲ့စိတ် ဒီစိတ်ကလေးတွေဟာ သူ့ အကြောင်း တိုက်ဆိုင်တာ ပေါ်လာတာပဲ... (မှန်ပါ့) အဲဒါကို

http://www.dhammadownload.com



ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ကလဲ လာတဲ့စိတ်ကို ငါလုပ်နေတာပဲ...(မှန်ပါ့)။

လာတဲ့စိတ်ကို...(ငါလုပ်နေပါတယ်ဘုရား) လာတဲ့စိတ်ကို ငါ မလုပ်ပါနဲ့လို့ သတိပေးလိုက်တယ်နော်...(မှန်ပါ့)။

လာတဲ့စိတ်ကို ငါမလုပ်ပါနဲ့၊ လာတဲ့စိတ်ဟာ စိတ်တစ်မျိုးပဲ၊ ဒါဟာ စိတ်တစ်မျိုးပဲလို့ စားချင်တဲ့စိတ်လာတယ်၊ ဩော် ဒါ စားချင်တဲ့စိတ် တစ်မျိုးပဲ၊ ဒါလောက်တွင် ထားပါ (မှန်ပါ့ဘုရား)။

အိပ်ချင်တဲ့စိတ် လာပြန်တော့ အိပ်ချင်တဲ့စိတ် တစ်မျိုးမဲလို့ မှတ်လိုက်တာပေါ့ (မှန်ပါ့) ပြောချင်တဲ့စိတ် လာရင်ကော (ပြောချင်တဲ့စိတ် တစ်မျိုးပါဘုရား)။

ဒီလိုသာမှတ်နေ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ရ(မှန်ပါ့) ဒိဋ္ဌိပြင်ဘာမှ မပြောင်းပါနဲ့...(မှန်ပါ့)။

စားချင်တဲ့စိတ်လာလဲ ဩော် ...စားချင်တဲ့စိတ်ပဲ၊ အိပ်ချင်တဲ့စိတ်လာရင်...(အိပ်ချင်တဲ့ စိတ်ပါပဲဘုရား)။

ကျင်ကြီးစွန့်ချင်တဲ့စိတ် လာရင် ကျင်ကြီးစွန့်ချင်တဲ့ စိတ်ကလေးကိုး...,(မှန်လှပါ) ကျင်ငယ်စွန့်ချင်ရင် ကျင်ငယ်စွန့်ချင်တဲ့ စိတ်ကလေးကိုး...(မှန်ပါ့)။

ဒီလိုသာချည့် ပေါ်တဲ့စိတ်ကို သူ့ကိစ္စနဲ့သူ ပေါ်လာတာကိုး၊ သူ့ကိစ္စနဲ့သူ ပေါ်လာတာကိုး...လို့ ဒီ ဒကာဒကာမတွေက သိနေလို့ရှိရင် ဒါငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်ဆိုတာ ပေါ်လာတာပဲ...(မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါ အထူး ဂရုစိုက်ပြီးတော့ နားထောင်ပါလို့ ဆိုတာ သတိပေးတယ်နော်...(မှန်ပါ့)။

အရေးအကြီးဆုံးက ဘာအရေးကြီးဆုံးတုံး...ဆိုတော့ ငါပြုတ်ဖို့၊ ငါ့ဥစ္စာပြုတ်ဖို့ ဒါအရေးကြီးဆုံး မှတ်စမ်းပါ... (မှန်လှပါဘုရား)။

ငါပြုတ်ရင် ဒိဋ္ဌိပြုတ်တယ်၊ ငါ့ဥစ္စာပြုတ်ရင် တဏှာ ပြုတ်ပါတယ်...(မှန်လှပါ)။

ငါပြုတ်ရင် (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ငါ့ဥစ္စာ ပြုတ်ရင်... (တဏှာပြုတ်ပါတယ်ဘုရား) တဏှာပြုတ်လို့ အားလုံး ဒကာ ဒကာမတွေ မှတ်စမ်းပါ...(မှန်ပါ့)။

ဩော်...ဒါဖြင့် ဘယ်လိုဖြုတ်ပြီးတော့ ဘယ်လိုလုပ်ရမှာ တုံးလို့မေးတဲ့အခါကျတော့ ခုနင်ကပြောခဲ့တဲ့ အတိုင်းတဲ့၊ ဘာကလေးပေါ်လာလာ ငါမဟုတ်တာ သိနေဖို့အရေးအကြီးဆုံး ပါပဲ...(မှန်ပါ့)။

ဥပမာမယ်...ဆေးလိပ် သောက်ချင်တယ်၊ ဆေးလိပ် သောက်ချင်တယ်ကိုး...လို့ သိနေရမယ်၊ ငါမဟုတ်ဘူး... (မှန်ပါ့)။

တံတွေးထွေးချင်ရင်ကော...(တံတွေးထွေးချင်တဲ့ စိတ်ပါ ဘုရား) တံတွေးထွေးချင်တဲ့စိတ်ပဲ၊ ငါမဟုတ်ဘူး... (မှန်လှပါ

http://www.dhammadownload.com



ဥပမာမယ်...ဒကာဒကာမတွေက ဒီပစ္စည်းကလေးတစ်ခု ကိုင်ချင်တယ်၊ ကိုင်ချင်တဲ့စိတ်ကလေး ပေါ်လာတာကို:... (မှန်ပါ့ဘုရား)။

ပေါ်လာတဲ့စိတ်တိုင်း, ပေါ်လာတဲ့စိတ်တိုင်းဟာ သူ့ ကိစ္စနဲ့သူ ပေါ်လာတော့ကို သူ့ကြောင်းတိုက်ဆိုင်လို့ ပေါ်လာတယ်၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတယ်။ စိတ်ကလေးပဲ၊ စိတ်ကလေးပဲ၊ စိတ်ကလေးပဲလို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့က သိနေရမယ်...(မှန်လှပါဘုရား)။

ထိုကဲ့သို့ သိနေတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒီခန္ဓာကိုယ်ထဲ ပေါ်သရွေ့ စိတ်တွေဟူသရွေ့ဟာ ပေါ်လာတဲ့ စိတ်ကို ပေါ်တိုင်းပေါ်တိုင်း သိနေလို့ရှိရင် ဒိဋ္ဌိပြုတ်တယ်... (မှန်ပါ့ဘုရား)။

ပေါ်လာတဲ့စိတ်ကို... (ပေါ်တိုင်းပေါ်တိုင်း သိနေလို့ ရှိရင် ဒိဋ္ဌိပြုတ်ပါတယ် ဘုရား) ဒိဋ္ဌိပြုတ်တယ်၊ ဒါကလေးကို တစ်ခါတည်း မှတ်ထားပါ...(မှန်ပါ့)။

ပေါ်လာတဲ့စိတ်ကို ပေါ်တိုင်းပေါ်တိုင်း သိရင်...(ဒိဋ္ဌိပြုတ် ပါတယ်ဘုရား)။

ရှူချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ဩော်...ရှူချင်တဲ့ စိတ်ကို:...လို့ သိပေး...(မှန်ပါ့)။

ရှိုက်ချင်တဲ့စိတ် ပေါ်လာရင်ကော...(ရှိုက်ချင်တဲ့ စိတ်လို့ သိရပါမယ်ဘုရား)။

http://www.dhammadownload.com



ဒီလို ပေါ်တိုင်း ပေါ်တိုင်း သိရင် ဘာပြတ်သတုံး...(ဒိဋ္ဌိ ပြတ်ပါတယ်ဘုရား)။

နေရာကျပြီ၊ နေရာကျပြီ...နောက်က ဒကာမကြီးတွေ ဂရုစိုက်ပါ...(မှန်ပါ့)။

မိမိစိတ်ရယ်လို့ မရှိဘူး၊ သူ့ပေါ်လာလဲ ဖျတ်ခနဲ ဖျတ်ခနဲပေါ်လာတဲ့ စိတ်ကလေးကို ဘာရယ်လို့တော့ ခင်ဗျားတို့က အဘိဓမ္မာနဲ့ နာမည်မတပ်ချင်နေ...(မှန်ပါ့)။

ဩော်...စားချင်တဲ့စိတ် ပေါ်ပြန်ပြီ၊ ဆေးလိပ်သောက်ချင်တဲ့စိတ် ပေါ်ပြန်ပြီ၊ အိပ်ချင်တဲ့စိတ် ပေါ်ပြန်ပြီ...(မှန်လှပါဘုရား)။

ဣဿာစိတ် ပေါ်ပြန်ပြီ၊ မစ္ဆရိယစိတ် ပေါ်ပြန်ပြီ (မှန်ပါ့) ဣဿာဆိုတာ ငြူစူတာ၊ မစ္ဆရိယဆိုတာ ဝန်တိုတာ... (မှန်ပါ့ဘုရား) ပေါ်တိုင်းပေါ်တိုင်း သိနေရင် ဒိဋ္ဌိပြတ်တယ်လို့ မှတ်ထားကြပါ။

အဲဒါ အခု ဘုန်းကြီးပြောတော့သာ လွယ်တာနော်၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ကိုယ့်ဟာကိုယ်ကျတော့ ခင်ဗျားတို့ လစ်လစ်သွားတယ် (မှန်လှပါ) လစ်လစ်သွားတယ်။

အဲဒီတော့...... ယနေ့သည် အဆင်းကလေးမြင်တယ်၊ ဖြူနီကြောင်ကျားမြင်တယ်၊ ဟော မြင်တဲ့စိတ်ပေါ်ပြီ... (မှန်ပါ့ဘုရား)

ဘုန်းကြီးဟောတဲ့ တရားကို ကြားကြတယ်၊ ကြားတဲ့စိတ် ပေါ်တယ်...(မှန်ပါ့)။

အနံ့ကလေးနံတယ်၊ ဩော်...အနံ့သိတဲ့စိတ်ကလေး ပေါ်နေတယ်၊ လျှာပေါ် ချိုချဉ်ဖန်ငန်ကလေး တင်လိုက်တယ်။

http://www.dhammadownload.com



ဩော် . . . ငန်တာသိတဲ့စိတ်၊ ချိုတာသိတဲ့စိတ်ကလေး ပေါ်လာတယ်၊ ဖန်တာသိတဲ့ စိတ်ကလေး ပေါ်လာတယ်၊ ပေါ်တိုင်းပေါ်တိုင်း သိလို့ရှိရင် ဒိဋ္ဌိပြုတ်ပါတယ် . . . (မှန်လှပါဘုရား)။

ပေါ်တိုင်းပေါ်တိုင်း သိရင် . . .(ဒိဋ္ဌိပြုတ်ပါတယ် ဘုရား) ဒိဋ္ဌိပြုတ်တယ်လို့ မှတ်ထားကြစမ်းပါ . . .(မှန်ပါ့)။

ကောင်းပြီ၊ ဘယ်စိတ်ပေါ်ပေါ် ပေါ်တိုင်း ပေါ်တိုင်း သိရင် ဘာဖြစ်ကြမယ် . . .(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌိ ဘယ့်နှယ်ကြောင့် ပြုတ်ပါလိမ့်မလဲလို့ အမေးထုတ်တော့မှ နဂိုက ငါထင်နေတယ်၊ ပြောချင်တဲ့ စိတ်ကလေး ပေါ်တာကို ငါပြောလိုက်ရမယ်လို့ ငါပြောလိုက်ရတော့ မလား ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ခင်ဗျားတို့က သုံးချင်လဲ သုံးပါတယ် . . . (မှန်လှပါဘုရား)။

အိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာပြန်လဲ ငါအိပ်တော့မယ်၊ ခင်ဗျားတို့က အိပ်ချင်တဲ့စိတ်ကို ငါလုပ်ပယ်မယ်လို့ ငါ မရောစေနဲ့ ပြောတာပါ . . .(မှန်ပါ့) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး . . .(ငါမရောစေနဲ့ပါဘုရား) ငါမရောစေနဲ့တဲ့၊ ဒီဥစ္စာ ငါရောရင် ဒိဋ္ဌိဖြစ်လို့ . . .(မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် စိတ်ပေါ်တိုင်း ပေါ်တိုင်း ဘာစိတ်ပေါ်ပေါ် စားချင် စားချင်တဲ့စိတ်လို့သိ၊ အိပ်ချင်တဲ့စိတ်လို့ သိ၊ ဒီလို သိနေလို့ ရှိရင် ဘာပြုတ်သလဲ . . .(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ဒါကို ထပ်ပြန်တလဲလဲ မှတ်မိအောင်ပြောနေတယ်လို့မှတ်ပါ . . .(မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် ဦးမာဒင်တို့ သန္တာန်၊ ဦးသန်းမောင်တို့သန္တာန်မှာ တစ်စိတ်ပြီး တစ်စိတ် လာနေမှာပဲ...(မှန်လှပါဘုရား) မလာပေဘူးလား...(လာပါတယ် ဘုရား)။

တစ်စိတ်ပြီးတစ်စိတ် လာနေမယ်၊ အဲဒီ လာတဲ့စိတ်ကို ဩော်...တစ်စိတ်လာပြန်ပြီ၊ ဩော် တစ်စိတ်လာပြန်ပြီ၊ ဩော်... တစ်စိတ်လာပြန်ပြီလို့ သိနေလို့ရှိရင်ဖြင့် ဩော်...ဒါ ငါမဟုတ်တာကလေးတွေ သူ့အကြောင်း တိုက်ဆိုင်လို့ ပေါ်လဲ စိတ်ကလေးတွေ စိတ်စဉ်အတိုင်း ပေါ်နေတာကိုး၊ တစ်စိတ်ပြီး တစ်စိတ်၊ တစ်စိတ်ပြီး တစ်စိတ် အစဉ်အတိုင်း ပေါ်နေတာကိုးလို့ သိပြန်လို့ရှိရင်ဖြင့် ဒါ ခင်ဗျားတို့ ဒိဋ္ဌိပြုတ်တဲ့ ဝိပဿနာ ဖြစ်လာလိမ့်မယ်...(မှန်ပါ့ဘုရား) ဒိဋ္ဌိပြုတ်တဲ့ ဝိပဿနာ ဖြစ်မယ်...(မှန်ပါ့ဘုရား)။

ဝိပဿနာလို့သာ ဆိုရတယ်၊ ဒိဋ္ဌိပြုတ်တဲ့ ဝိပဿနာ ဖြစ်ပါတယ်၊ ခုနင်က အနိစ္စမြင်တဲ့ ဝိပဿနာ၊ ဒုက္ခမြင်တဲ့ ဝိပဿနာ မဟုတ်သေးပါဘူး...(မှန်ပါ့)။

ဒါဖြင့် ဒါ ပေါ်တိုင်း ပေါ်တိုင်း ဘယ်စိတ်ပေါ်ပေါ် သိနေလို့ ရှိရင်ဖြင့် ဘာပြုတ်သတုံး...(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ဘာစိတ်ပေါ်ပေါ် သိနေရင်...(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား) အဲဒီတော့ ဒိဋ္ဌိဟာ အလွယ်ပြုတ်ရမှာလား၊ ပေါ်တဲ့ စိတ်ကို ပေါ်တိုင်း ပေါ်တိုင်း သိရမှာလားလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ...(ပေါ်တိုင်း ပေါ်တိုင်း သိရမှာပါဘုရား)။

http://www.dhammadownload.com



ပေါ်တိုင်းပေါ်တိုင်းသိနေလို့ ဒီစိတ် စိတ်တစ်မျိုး ပေါ်ပြန်ပြီ၊ စိတ်တစ်မျိုး ချုပ်သွားပြီ၊ စိတ်တစ်မျိုး ပေါ်ပြန်ပြီ၊ စိတ်တစ်မျိုး၊ ပေါ်ပြန်ပြီလို့ ဦးသန်းမောင်တို့ ဦးမာဒင်တို့က သိနေလို့ရှိရင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါ ပျောက်တယ်...(မှန်ပါ့ဘုရား) မပျောက်ဘူးလား... (ပျောက်ပါတယ်ဘုရား)

ပုဂ္ဂိုလ် သတ္တဝါ ပျောက်ထွက်သွားတော့ကို ပုဂ္ဂိုလ်မဟုတ်ဘူး၊ သတ္တဝါလဲ မဟုတ်ဘူး၊ ငါလဲ မဟုတ်ဘူး၊ သူတစ်ပါးလဲ မဟုတ်ဘူး၊ စိတ်ကလေး ပေါ်နေတာပဲ၊ စိတ်ကလေး ပေါ်နေတာပဲ၊ ဒီလိုသိပြီး ခင်ဗျားတို့ ပေါ်တဲ့ စိတ်ကို အမှတ်ပြု သိနေကြလို့ရှိရင် ဒိဋ္ဌိပြုတ်တယ် မှတ်ပါ...(မှန်လှပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြုတ်နည်း ပြောပြီးလို့ရှိရင် ဝိစိကိစ္ဆာ ဖြုတ်နည်း ပြောတော့မယ်နော်...(မှန်ပါ့) ဒိဋ္ဌိဟာ သူ့ဟာက ပေါ်တိုင်းပေါ်တိုင်း သိနေရင် ဒိဋ္ဌိပြုတ်တယ်...(မှန်ပါ့) သို့သော်လဲ ဒါက သက္ကာယ ဒိဋ္ဌိသာ ပြုတ်တာ (မှန်ပါ့) မှတ်မိကြပလား... (မှတ်မိပါပြီဘုရား)။

ဘာပြုတ်သတုံး...(သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား) သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ မပြုတ်သေးဘူး...(မှန်ပါ့)။

ဘာပြုတ်သတဲ့တုံး...(သက္ကာယဒိဋ္ဌိ ပြုတ်သွားပါတယ်ဘုရား) သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ မပြုတ်သေးပါဘူး...(မပြုတ်သေးပါ ဘုရား)။

http://www.dhammadownload.com



သေသေချာချာ မှတ်ကြပါ၊ ဒကာဒကာမတွေ ဒီဥစ္စာ ဘုရားတစ်ဆူပွင့်မှ တစ်ခါကြားရတယ်လို့ အောက်မေ့ရတယ်... (မှန်ပါ့ဘုရား) ဘုရားတစ်ဆူပွင့်မှ တစ်ခါကြားရတာ... (မှန်ပါ့ဘုရား)။

အခုပဲ ခင်ဗျားတို့ မကြားဘူးလို့ မဖြတ်တတ်လို့ ရှိရင်ဖြင့် ငါ မဟုတ်တာကို ငါလုပ်နေလိမ့်မယ်ဆိုတာလဲ ဦးသန်းမောင်တို့ ဦးမာခင်တို့ ငြင်းဖို့မလိုဘူး... (မလိုပါဘုရား) ငါမဟုတ်တော့ ငါလုပ်ကြတော့မှာပဲ...(မှန်ပါ့)။

ဒီဟာကို ငါမဟုတ်တာ ငါလုပ်လို့ရှိရင် ဒီရောဂါဟာ ကူးစက်တော့မယ်...... (မှန်ပါ့ဘုရား) ဘယ်လိုကူးစက်မလဲ ဘာမှမဆိုင်တဲ့ ဟိုဘက်က ရုပ်နာမ်ကိုလဲ ငါ့သားလုပ်တော့မယ်။ ငါ့သမီးကော မလုပ်ပေဘူးလား...... (လုပ်ပါတယ်ဘုရား)။

ပေါ်လာတဲ့ စိတ်ကလေးကို ငါမဟုတ်, သူမဟုတ်၊ စိတ်ကလေးတွေသာ ပေါ်နေတာ၊ စိတ်စဉ်တန်း ပေါ်နေတာလို့ မသိလို့ ရှိရင်ဖြင့် ဒီရောဂါဟာ ဒိဋ္ဌိရောဂါဟာ ပွားသွားတော့ မယ်...(မှန်ပါ့) ဒီရောဂါဟာ ပွားသွားတော့မယ်ဆိုတာ မှတ်ရုံပဲ... (မှန်လှပါ) ဒီရီကော်ဒါကလေးလဲ ငါ့ဟာ၊ ဒီမိုက်ကရိုဖုန်းကလေးလဲငါ့ဟာ... (မှန်ပါ့) သြော်... ဒါတွေ ဘယ်က လာပါလိမ့်မတုံး...(မှန်ပါ့)။

သြော်...ဒါ...ဘယ်က လာပါလိမ့်မတုံး၊ ဒီ...ငါ့ဥစ္စာ တွေ ဘယ်ကများ လာပါလိမ့်မတုံး၊ ခုနင်က ပေါ်လာတဲ့ စိတ်ကို ငါရယ်လို့ ထင်နေလို့၊ ဒီစိတ်က ဟိုဟာကို ပိုင်တယ်လို့

http://www.dhammadownload.com



ထင်ပေးလိုက်တော့ ငါ့ဥစ္စာဘက် ကူးသွားတယ်...(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)

မိမိစိတ်ကို ငါထင်နေရင် ပစ္စည်းကို ငါ့ဥစ္စာလို့ တစ်ခါတည်း ကူးစက်ပြီး ဒီဝေဒနာပွားသွားတာပဲ...(မှန်ပါ့ဘုရား) ဒါဂရုစိုက်ပြီး နားထောင်ပါ၊ ဘာဟောနေသတုံးလို့ မေးမနေနဲ့၊ ဒိဋ္ဌိဖြုတ်နေတယ်လို့သာ အောက်မေ့...(မှန်ပါ့ဘုရား)။

ဘာလုပ်နေတာတုံး...(ဒိဋ္ဌိဖြုတ်နေပါတယ်ဘုရား) ဒိဋ္ဌိဖြုတ်နေတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ လေးလေးစားစား မှတ်ပါလို့ ပြောတာနော်... (မှန်ပါ့)။

လေးလေးစားစား ဘယ့်နှယ်မှတ်ရမတုံး၊ ခင်ဗျားတို့ အမိသတ်နိုင်တယ်၊ အဖသတ်နိုင်တယ်၊ သူတစ်ပါးဥစ္စာတွေ လိမ်လည်တယ်၊ ကောက်ကျစ်တယ်၊ ခိုးတယ်၊ ဝှက်တယ်၊ ဓားပြတိုက်နိုင်တယ်၊ သူပုန်ထနိုင်တယ်ဆိုတာ ဒိဋ္ဌိက ပွားတာ...(မှန်လှပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ကျန်တဲ့ အကုသိုလ်ဟူသရွေ့...(ဒိဋ္ဌိ ပွားတာပါ ဘုရား) ဒါ့ကြောင့် သူ့ကို အရေးတကြီးဖြုတ်နေတာ... (မှန်လှပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကျန်တဲ့ အကုသိုလ်တွေဟူသရွေ့ ခင်ဗျားတို့ အမိလဲ သတ်နိုင် တယ်၊ အဖလဲ သတ်နိုင်တယ်၊ ဘုရားလဲသတ်နိုင်တယ် ဆိုကြပါစို့...(မှန်လှပါဘုရား)။

ဘယ်ကလာတာတုံး...ဦးမာဒင်တို့၊ ဦးသန်းမောင်တို့... (ဒိဋ္ဌိက ပေါက်ပွားလာတာပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် သူဟာ ငရဲရေသောက်မြစ်ဆိုတာ မမှန်ဘူးလား . . . (မှန်ပါတယ် ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ၌ တို့ဆရာ ဘုန်းကြီး အခု အရေးတကြီး ပြောနေတာ ရေသောက်မြစ် အရင်းကျကျ ဖြတ်ပေးနေတာကိုး . . .(မှန်လှပါ)။

တို့အပါယ်ကိုသွားမှာ စိုးရိမ်လို့ ဒီရေသောက်မြစ် ဖြတ်ပေး နေတာလားလို့ဆိုတာ လေးလေးစားစား မှတ်ပါလို့ ဆိုတာ ပြောလိုက်တယ် . . .(မှန်ပါ့) ရှင်းပြီနော် . . .(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဘယ်စိတ်ပေါ်ပေါ် စားချင်တဲ့စိတ်ပေါ်လဲစားချင်တဲ့ စိတ်လို့သိပါ (မှန်ပါ့) အိပ်ချင်တဲ့စိတ် ပေါ်လာရင် . . . (အိပ်ချင်တဲ့ စိတ်လို့ သိရပါမယ်ဘုရား) အိပ်ချင်တဲ့စိတ်လို့ သိပေးနေ . . . (မှန်ပါ့)။

ပြောချင်တဲ့စိတ်လာရင် ပြောချင်တဲ့စိတ်လို့ အသိပေးနေလို့ ရှိရင် သြော် . . .ဒါဟာ စိတ်ကလေး၊ စိတ်ကလေး၊ စိတ်ကလေး ဆိုတာ စိတ်ကလေးတွေ သိသိ၊ သိသိနေတော့ ငါက ဒီအထဲ မရောလို့ရှိရင် ငါပြောချင်တယ်ဆိုတဲ့ဥစ္စာ မလာတော့ ပါဘူး . . .(မှန်ပါ့)။

ငါ့ကိုယ်, ငါဟာကော လာသေးရဲ့လား . . . (မလာတော့ပါ ဘုရား)။

မလာတော့ဘူး၊ ဒါစိတ်ကလေး သီးသန့်ပေါ်တာ၊ ဒါစိတ် ကလေး သီးသန့်ပေါ်တာလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ သိနေရမယ် . . .(မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် ဒီဥစ္စာ စားချင်တဲ့ တဏှာ...(မှန်ပါ့) စားချင်တဲ့ တဏှာပြီးလို့ရှိရင်ဖြင့် ဒကာဒကာမတွေမှာ မစားရ မနေနိုင်တဲ့ တဏှာ လာပြန်တယ်...(မှန်ပါ့)။

ဒါက စားချင်တဲ့ တဏှာ၊ ဒါက မစားရ မနေနိုင်တဲ့ တဏှာပါ...(မှန်ပါ့)။

ဒါက ဘာတုံး...(စားချင်တဲ့တဏှာပါဘုရား)ဒီဟာက... (မစားရမနေနိုင်တဲ့ တဏှာပါဘုရား)။

ဩော်...တဏှာက နှစ်မျိုးရှိတယ်ကိုး...(မှန်ပါ့) သဘောကျပြီနော်...(မှန်ပါ့ဘုရား)။

စားချင်တဲ့တဏှာ၊ မစားရ မနေနိုင်တဲ့တဏှာ ဘယ်နှမျိုး ရှိသတုံး...(နှစ်မျိုးရှိပါတယ်ဘုရား)။

မစားရ စားရအောင် အားထုတ်မယ်ဆိုတဲ့အလုပ် ပေါ်လာပြန်ပြီ...(မှန်ပါ့) မစားရရင် စားရအောင် အားထုတ်မယ်... (မှန်ပါ့) ဒီအလုပ်ကော မလာဘူးလား...(လာပါတယ် ဘုရား)။

ဒါဖြင့် စားချင်တဲ့ တဏှာ၊ မစားရ မနေနိုင်တဲ့ တဏှာ၊ မစားရ စားရအောင် အားထုတ်တဲ့တရား ဘယ်နှမျိုး ရှိသတုံး... (သုံးမျိုးပါဘုရား)။

သုံးမျိုးရှိတယ်...တဲ့၊ ခင်ချင်တဲ့တဏှာ၊ စွဲစွဲလမ်းလမ်း တဏှာ မဟုတ်ဘူးလား...(မှန်ပါ့)။

ခင်ဖို့ရာ အားထုတ်တဲ့အလုပ် မဟုတ်ဘူးလား... (မှန်ပါ့) ဒါ သုံးမျိုးကတော့ဖြင့် နေရာတိုင်းရှိမှာပဲ...(မှန်ပါ့)။

http://www.dhammadownload.com



နေရာတိုင်းရှိတော့ စာလို့သုံးတော့ တဏှာပစ္စယာ ဥပါဒါန် ဥပါဒါနပစ္စယာ ကမ္မဘဝေါ ...(မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

တဏှာပစ္စယာ ...(ဥပါဒါန်ပါဘုရား) တဏှာပစ္စယာ ဆိုတာ ဒီကြားထဲမှာ အကြောင်းအကျိုး ဆက်သေးတယ်၊ တဏှာပစ္စယာ (ဥပါဒါန်ပါဘုရား)။

ဒီကြားထဲ ပြတ်နေလို့ ပစ္စယာဆိုတဲ့ အကြောင်းကလေး ပြတ်နေရင် ဒါပေါ်ပါဘူး ...(မှန်ပါ့)။

ဒါကြောင့် တဏှာ ပစ္စယာ ဥပါဒါန် ...(မှန်ပါ့) ဥပါဒါန ပစ္စယာ ကမ္မဘဝေါ ...(မှန်ပါ့)။

ဒါ သေသေချာချာ မှတ်ပါ ...တဲ့၊ ဒီနေ့ ခပ်ရှင်းရှင်း ပြတယ် ... (မှန်ပါ့)။

မြင်ကြရဲ့လား နောက်ကလူတွေ ...(မြင်ပါတယ် ဘုရား) မမြင်ရင် မြင်အောင်ကြည့်မှ မရဘူး ...(မှန်ပါ့)။

မမြင်ရင် မြင်အောင်ကြည့်မှ မရဘူး၊ခပ်ကျဲကျဲထားရတယ်၊ ခေါင်းချင်း၊ ခြားခြားကလေး သွားရတယ်၊ ပုလိပ်များ တန်းသလို ... (မှန်ပါ့)။

တစ်ယောက်ခေါင်းကြားကို တစ်ယောက်ခေါင်း ဝင်ရ တယ်၊ ဒီလိုမှရတယ်၊ နို့မဟုတ်ရင်မရဘူး ...(မှန်ပါ့)။

စားချင်တာက တဏှာ၊ မစားရမနေနိုင်တာက ...(ဥပါဒါန် ပါ ဘုရား) မစားရ စားရအောင် အားထုတ်မယ် ဆိုတာက ... (ကမ္မဘဝ ပါဘုရား)ကံ၊ ကာယကံ၊ ဝစီကံ ...(မှန်ပါ့) ရှင်းပြီနော် ...(မှန်ပါ့)။

http://www.dhammadownload.com



ဒါ **သေသေချာချာကြည့်**ပါ၊ ဒကာဒကာမတို့ ဒါကို ပေါ့ပေါ့ တန်တန် မလုပ်ပါနဲ့၊ ကိုယ့်သန္တာန်ဖြစ်နေတာ ကိုယ်မသိလို့ ပြောပါတယ်...(မှန်ပါ)။

ဆင်ခြင်တာဟာတဏှာ... (မှန်ပါ) စွဲစွဲလမ်းလမ်းဖြစ်တာက...(ဥပါဒါန်ပါဘုရား) စွဲစွဲလမ်းလမ်းဖြစ်လို့ **မခင်ရင် မနေနိုင်ဘူးဆိုတဲ့** အားထုတ်မှုက... (ကမ္မဘဝပါဘုရား)။

ဒါခင်ဗျားတို့ သန္တာန် ဒီသုံးခု တန်းနေတာပဲ...လို့ မှတ်လိုက် စမ်းပါ၊ ဒီဘဝမှာ ဒီသုံးခုဟာ အချက်အချာပဲ... (မှန်ပါဘုရား) ဒီသုံးခုဟာ အချက်အချာပဲလို့ မှတ်ကြပါ။

ခင်ဗျားတို့ ပါးစပ်ထဲမှာ ရ, ထားစရာကလေး တစ်ခုက တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ... (မှန်ပါ) ကမ္မဘဝ ပစ္စယာ ဇာတိ၊ ဒီသုံးခုကလေးတော့ ရအောင် လုပ်ထားပါ...(မှန်လှပါ)။

ဒါခင်ဗျားတို့ **သန္တာန်မှာ...တဲ့**၊ တစ်ခုသော ဝတ္ထုပစ္စည်းကို မြင်တယ်၊ မြင်ရင် လိုချင်တယ်၊ လိုချင်ရင် တဏှာပဲ... (မှန်ပါဘုရား)။

ဘယ်တော့မှ မရပ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ လိုချင်လို့ ရှိရင်ဖြင့် စွဲစွဲလမ်းလမ်း ရချင်တာပဲ... (မှန်လှပါ) ဥပါဒါန် မလာဘူးလား...(လာပါတယ်ဘုရား)။

စွဲစွဲလမ်းလမ်း လိုချင်လို့ရှိရင် အားထုတ်ရမှာပဲဆိုတာ ကမ္မဘဝကကော မလာဘူးလား...(လာပါတယ်ဘုရား)၊

http://www.dhammadownload.com



ဒါ ဒီသုံးခု ဦးသန်းမောင်တို့ သန္တာန်မှာ ဝမ်းထဲမှာ အစဥ်တန်းတာပဲ၊ စဥ်ပြီး တန်းသွားတာပဲ...(မှန်လှပါ)။

မျက်လုံးပေါက်ကလဲ ဒီသုံးခုတန်းနေတာပဲ၊ နားပေါက်ကလဲ...(ဒီသုံးခု တန်းနေပါတယ်ဘုရား) နှာခေါင်းပေါက်ကကော...(တန်းနေပါတယ်ဘုရား) လျှာပေါက်ကကော...(တန်းနေပါတယ် ဘုရား)။

ကိုယ်ပေါက်က...(တန်းနေပါတယ်ဘုရား) မနောပေါက်က...(တန်းနေပါတယ် ဘုရား) အဲ...တစ်ပေါက်ပြလိုက်ရင် ပြီးတာပဲ။

ကိုင်း...ဒါဖြင့် ခင်ဗျားတို့ ရွတ်ထားတဲ့ ပါဠိကိုရွတ်ပါ ဆိုတော့ တဏှာ, ဒါက တဏှာ(မှန်ပါ့) ဒါက ပစ္စယာ...(မှန်လှပါ)ဒါက ဥပါဒါန်...(ဥပါဒါန်ပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီက ဘာတုံး...(တဏှာပါဘုရား) ဒီအနီးကလေးက...(ပစ္စယာပါဘုရား) ဒါက...(ဥပါဒါန်ပါဘုရား)။

ဒီတစ်ခုနဲ့တစ်ခု အကြားထဲမှာ ပစ္စယာ ဆိုတာကလေးက သူနဲ့သူဆက်ပေးတယ် (မှန်လှပါဘုရား) တဏှာနဲ့ ဥပါဒါန်ကို ဆက်ပေးတယ်၊ ပစ္စယာဆိုတဲ့ သဘောကလေးဟာ...(မှန်ပါ့ဘုရား)။

တရားတစ်မျိုးတော့ မဟုတ်ပါဘူးတဲ့...(မှန်ပါ့) ဆက်ပေးတဲ့ သတ္တိဟာ ရှိသကိုး...လို့ သိအောင်ပြတာ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါကလေးဟာ ဘာကလေးပါလိမ့်...(ပစ္စယာပါဘုရား) ပစ္စယာဆိုတာကကော...အကြောင်းတရားက အကျိုးတရားကို ဆက်ပေးတယ်တဲ့...အဆက်မပြတ်ပါဘူး ပြောတာပါ... (မှန်ပါ့ဘုရား)။

အဆက်ပြတ်သေးရဲ့လား...(မပြတ်ပါဘုရား) တဏှာ ပစ္စယာ ဥပါဒါန်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် တဏှာ ပစ္စယာ ဥပါဒါန်ဆိုတော့ ဒီတဏှာကလေးဟာက လိုချင်ပြီးတော့ကို ချုပ်သွားတယ်၊ ချုပ်သွားပြီးတော့ ဥပါဒါန်ပေါ်တယ်...(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ပေါ်သတုံးဆိုတော့ ဒီပစ္စယာကလေး ကြောင့် ပေါ်တာ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ်သူ့ကြောင့် ပေါ်တာတုံး...(ပစ္စယာကြောင့် ပေါ်ပါ တယ်ဘုရား)။

ပစ္စယာဆိုတာ အကြောင်း...(မှန်ပါ) ဘယ်သူ့ကြောင့် တုံးလို့ မေးဖို့မလိုဘူးလား...(လိုပါတယ်ဘုရား) လိုတော့ ရှေ့ချုပ်သွားသော တရား၏အကြောင်း...(မှန်ပါ့)။

ဒါဖြင့် တဏှာပစ္စယာ, ဥပါဒါန်မှာ ဒီတဏှာက အကြောင်းပြုလို့ ဥပါဒါန်ဖြစ်တယ်...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

တဏှာက... (အကြောင်းပြုလို့ ဥပါဒါန်,ဖြစ်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါ သေသေချာချာ မှတ်ပါ ...တဲ့၊ တဏှာက အကြောင်း ပြုလို့ ဥပါဒါန်ဖြစ်တယ်၊ ဩော်...ဒါဖြင့်ဒါဟာ ဒီတဏှာ၏ စွမ်းရည်သတ္တိကလေးပြတာ၊ ပစ္စယာဆိုတာ...(မှန်လှပါဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒီတဏှာက ချုပ်သွားတော့ ပစ္စယာက လေးက ကျန်ရစ်တော့ ဒါပေါ်တာပဲ...(မှန်ပါ့)။

ဒါဖြင့် ဒီတရားကလေးဟာ ချုပ်သာသွားခဲ့တယ်...တဲ့၊ ဒီတရားကို ဖြစ်ခွင့်ပေးခဲ့တယ်...(မှန်ပါ့) မပေးဘူးလား... (ပေးခဲ့ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး...တဏှာပစ္စယာ ဥပါဒါန်ကိုး...(မှန်ပါ့) သဘောပါရဲ့လား...(ပါပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင် မေးမယ်၊ ဦးသန်းမောင်က မေးမယ်၊ ဘုန်းကြီးကော မေးမယ်၊ ခင်ဗျားတို့ ကြိုက်သလိုဖြေ၊ မှားရင် ဘုန်းကြီး ဩော်...ဒါဟာ သဿတဒိဋ္ဌိသေပြီ၊ ဥစ္ဆေဒဒိဋ္ဌိ သေပြီဆိုတာ ဘုန်းကြီးရှင်းပြမယ်နော်...(မှန်ပါ့)။

တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ဒီလိုချည့်သွားမှာပဲ...(မှန်ပါ့) ကမ္မဘဝပစ္စယာ ဆိုလို့ရှိရင်လဲ ဒီအတိုင်း လာမှာပဲ...(မှန်ပါ့)။

ဒီကြားတည်း ပစ္စယာတော့ ပါရှမှာပဲ...(မှန်ပါ) ပြီးတော့မှ သူ ကမ္မဘဝပစ္စယာဇာတိ၊ ဒီလိုလာမှာပဲ၊ မလာပေဘူးလား... (လာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ စာရထားတာနဲ့ ဘာမှ မဆိုင်ဘူးလို့ အောက်မေ့ပါ...(မှန်ပါ့)။

http://www.dhammadownload.com



ဘယ့်နှယ်ကြောင့် ဘာမှ မဆိုင်ဘူးလို့ ဆိုသတုံးလို့ မေးစရာလိုတော့ ကြည့်လေ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ကျုပ်တို့အမြင်က ဒါဖြစ်နေတယ် (မှန်ပါ့)ဂု စာကတော့ တဏှာပစ္စယာ ဥပါဒါနံ။

ကျုပ်တို့အမြင်က အခု ဆရာဘုန်းကြီးပြလိုက်တော့... တဏှာပစ္စယာ ဥပါဒါနံ။

ဪ...ဒီတဏှာမှာ အကြောင်းရှိတယ်၊ ဥပါဒါနံ ဖြစ်စေတဲ့ အကြောင်းကလေး သူ့ထဲမှာပါတယ်...(မှန်ပါ့) မပါဘူးလား... (ပါပါတယ်ဘုရား)။

ဒါကြောင့်...တဏှာ ပစ္စယာ ဥပါဒါနံ... (မှန်ပါ့) ဒီဥပါဒါနံဟာ အလိုလိုပေါ်တာလား၊ တဏှာက အကြောင်းပြု တာလား...(တဏှာက အကြောင်းပြုတာပါဘုရား)။

ဒါဖြင့် ဒီတဏှာ အကြောင်းကလေးနဲ့ သူဆက်တယ်... (မှန်ပါ့) မဆက်ဘူးလား... (ဆက်ပါတယ်ဘုရား)။

အံမာလေး... ဒါကလေး မနည်းပြောရပါလား၊ ဆက်တော့ကို ဘုန်းကြီးတို့ ဒကာဒကာမတွေ ဆက်ပါတယ်လို့ သိသွားရင် အတော် ကျေနပ်တယ်(မှန်ပါ့ဘုရား) တဏှာပစ္စယာ (ဥပါဒါနံပါဘုရား) မဆက်ဘူးလား... (ဆက်ပါတယ်ဘုရား) တဏှာတည်းဟူသော အကြောင်းတရားနဲ့ ဥပါဒါနံဟာ ဆက်နေတယ်...(မှန်ပါ့) တဏှာတည်းဟူသော တရားက အကြောင်းမပြုခဲ့လို့ရှိရင် ဒီဥပါဒါနံပေါ်မှာ မဟုတ်ဘူး... (မှန်ပါ့ဘုရား) ပေါ်မလား (မပေါ်ပါဘုရား) ဒါဖြင့် တဏှာနဲ့

http://www.dhammadownload.com



ဥပါဒါန်အကြောင်း အကျိုးဆက် မဆက် (ဆက်ပါ တယ်ဘုရား) ဆက်တယ်နော်...(မှန်ပါ့)။

ကဲ... ဆက်လို့ရှိရင်ဖြင့်အခု ဥပါဒါန်ပေါ်နေပြီ(မှန်ပါ့) မပေါ်သေးဘူးလား(ပေါ်နေပါပြီဘုရား)။

အလိုလိုပေါ်တာလားတဲ့၊ ရှေ့ဓမ္မက ပေါ်ခွင့်ပေးခဲ့တာလား...(ရှေ့ဓမ္မက ပေါ်ခွင့်ပေးခဲ့တာပါဘုရား) သဘောကျပလား...(ကျပါပြီ) ရှေ့ဓမ္မက ချုပ်သွားလို့ ပေါ်ခွင့်ပေးခဲ့တယ်(မှန်ပါ့)။

ဩော်... ဒါဖြင့် တို့သန္တာန်ဖြစ်တဲ့ စိတ်တွေဟာ ဒီလိုပါပဲ ဆက်ဆက်သွားမှာပဲဆိုတာ မသိဘူးလား...(သိပါတယ် ဘုရား)။

အဲဒီတော့ကို ရှေ့ချုပ်သွားတဲ့ အကြောင်းနဲ့ နောက်အကျိုးနဲ့ဟာ ဆက်နေတယ်...(မှန်ပါ့) မဆက်ဘူးလား... (ဆက်ပါတယ် ဘုရား)။

ဆက်တာသိသဖြင့်တဲ့ ဦးမာဒင်က ရှင်းတယ်၊ ဦးသန်းမောင်တို့ နောက်လာတဲ့ ဒကာမကြီးတွေက မရှင်းဘူး၊ မရှင်းမှာစိုးလို့ ထပ်ပြောတာ (မှန်ပါ့)။

ဒါဖြင့် ဒီအကြောင်း ချုပ်သွားငြားသော်လဲ ဒီအကျိုးပေါ်သင့် မပေါ်သင့်... (ပေါ်သင့်ပါတယ်ဘုရား)။

ဘာဖြစ်လို့ ပေါ်သင့်သတုံးဆိုတော့ ပစ္စယာတဲ့၊ အကြောင်းက ဆက်နေတယ်(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီအကျိုးဟာ အလိုလို ပေါ်တာလား၊ ရှေ့အကြောင်းကြောင့် ပေါ်တာလား (ရှေ့အကြောင်းကြောင့် ပေါ်တာပါဘုရား)။

ရှေ့အကြောင်းကြောင့်ပေါ်ခဲ့လို့ရှိရင် ဖြစ်တဲ့ ဥစ္ဆေဒဒိဋ္ဌိ ဒီဒကာဒကာမတွေ လွတ်သွားပြီ... (မှန်ပါ)။

ဒါကလေးက အလိုလိုပေါ်တာလား၊ အကြောင်းကြောင့်ပေါ်တာလား၊ (အကြောင်းကြောင့် ပေါ်တာပါဘုရား) ဒါဖြင့် အကြောင်းနဲ့ အကျိုးဟာ ပြတ်သေးရဲ့လား... (မပြတ်ပါဘုရား)။

မပြတ်လို့ ယူတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိဆိုတာ ပြတ်တယ်လို့ ယူတယ်၊ အခုတော့ ဥစ္ဆေဒဒိဋ္ဌိဖြစ်သေးရဲ့လား... (မဖြစ်ပါဘုရား) ရှေ့အကြောင်းနဲ့ ဒီအကျိုးဟာလေ... (မပြတ်ပါဘုရား) မပြတ်တာ သိနေတယ်၊ ဩော်... ဒီအကြောင်းမရှိဘဲနဲ့ ဒီအကျိုးပေါ်ပါ့မလား (မပေါ်ပါဘုရား)။

ကောင်းပြီ... ဒါကလေးတစ်လုံး ခင်ဗျားတို့ ပိုင်လို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိဖြင့် တို့သန္တာန်မှာ မရှိဘူးလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ) ဘာမှမရှိတာတုံး ...(ဥစ္ဆေဒဒိဋ္ဌိ မရှိပါဘုရား)။

အဲဒီ ဥစ္ဆေဒဒိဋ္ဌိရှိနေလို့ရှိရင်လဲ ဘုန်းကြီးက ဘယ်လိုပဲ ဟောတတ် ပြောတတ်ငြားသော်လဲ ဒီဓမ္မကလေးတွေကို ဟောမှာကိုး၊ နောက်ဖြစ်ဟောတော့မယ်... (မှန်ပါ)။

ဒါမှ အကြောင်းအကျိုးဆက်နေတဲ့ သဘောမသိလို့ရှိရင် ခင်ဗျားတို့ကို ဘုန်းကြီး ဘယ်လောက်ပဲ ဟောဟော ခင်ဗျားတို့ သောတာပန် မတည်နိုင်ဘူး... (မှန်ပါ) သိပ်ကြောက်စရာ

http://www.dhammadownload.com



ကောင်းတယ်... (မှန်လှပါ) သော်တာပန်တည်ခွင့်ကို မပေးနိုင်ဘူး၊ ဒီဥစ္စာဒိဋ္ဌိခံနေလို့ ...(မှန်လှပါဘုရား) ရှင်းပလား(ရှင်းပါပြီဘုရား)။

ဘာခံနေသတုံး... **(ဥစ္စာဒဋ္ဌိ ခံနေပါတယ်ဘုရား)** ဒါကြပ်ကြပ် **စဉ်းစားပါ... (မှန်ပါ့) ခင်ဗျားတို့က** အနိစ္စ, ဒုက္ခ, အနတ္တလုပ်ရင် တည်မယ်လို့ **ထင်နေတယ်၊** မဟုတ်ဘူး၊ မရောက် နိုင်ဘူး၊ ဒါအရင်းရှင်းပြီးမှ လုပ်ရင် ရောက်မယ်... (မှန်ပါ့) ဒါအရင် မရှင်းဘဲနဲ့ လုပ်ရင် (မရောက်ပါဘုရား) မရောက်ဘူးလို့ သေသေချာချာ မှတ်ပါ... (မှန်ပါ့)။

ဒါဖြင့် သော် ဝိပဿနာ၏ အခြေအမြစ်ကို ပြောနေတာကိုး ဆိုတာကို ဦးမာဒင်တို့ ဦးသန်းမောင်တို့က မှတ်ရမယ် (မှန်လှပါဘုရား) **မပျင်းနဲ့** ဒီဥစ္စာကို၊ ဒါ... ရှင်းဖို့ သိပ်အရေးကြီးတယ်... (မှန်ပါ့)။

ဒါရှင်းပြီးတယ်ဆိုရင်ဖြင့် ဖြစ်ပျက်နှစ်ခါ သုံးခါမြင်တယ် ဆိုရင် ခင်ဗျားတို့ ခဏကလေးနဲ့ပြီးသွားမယ်... (မှန်ပါ့) ဒါ... မရှင်းဘဲနဲ့ အားထုတ်ရင် ဘုရားလက်ထက်က နှစ်ပေါင်းများစွာ အားထုတ်နေတာ မရဘူး...(မှန်ပါ့)။

ဒါ... မရှင်းဘဲနဲ့ အားထုတ်ရင်(မရပါဘုရား) ရကို မရဘူး၊ ဒိဋ္ဌိ အပင်းခံနေတယ်... (မှန်ပါ့) ဒိဋ္ဌိ အပင်းခံနေတာ ဘယ်လို အားထုတ်အားထုတ် မရဘူး... (မှန်ပါ့) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို **မပေါ်လာဘူး...** (မှန်ပါ့)။

http://www.dhammadownload.com



ကဲ... ဘယ်လောက် ကြောက်စရာ ကောင်းသတုံး... (ကောင်းပါတယ်ဘုရား) ဘာဖြစ်လို့တုံး... ရှင်းသင့်တာ မရှင်းလို့... (မှန်ပါ့) ဒိဋ္ဌိခွာသင့်တာကို... (မခွာလို့ ပါဘုရား) မခွာလို့ဆိုတော့ သိပ်နစ်နာနေတယ်... (မှန်ပါ့)။

ကြပ်ကြပ်စဉ်းစားကြပါ။ ဒီဥစ္စာ ဆရာရင်း, သမားရင်း ပြောနေတယ်လို့ အောက်မေ့... (**မှန်လှပါဘုရား**)။

နို့မဟုတ်လို့ ရှိရင် **ခင်ဗျားတို့**ဟာ ဘုန်းကြီးတို့ ကိုယ့်ကိုယ်ကို ချီးမြှောက်ချင်လို့လဲ **မဟုတ်ဘူး**၊ ဒီလိုရှင်းပေးတဲ့ ဆရာသမားက ရှားတယ်... (မှန်ပါ့)။

ရောက်လာရင် မင်းရှုကွာ၊ စားတာသိ၊ သွားတာသိ၊ နေတာ သိအောင်လုပ်ကွာဆိုတော့ ဒိဋ္ဌိတွေ မပြုတ်ဘဲ ဗရပွေနဲ့ဆိုရင် ဘယ်ကလာ ရမှာတုံး... (မှန်ပါ့)။

ဒါဖြင့် တဏှာ ပစ္စယာ, ဥပါဒါန်ဆိုတာ ဒီဥပါဒါန်ဟာ ဦးမာဒင် အကြောင်းကင်းသလား မကင်းဘူးလား... (မကင်းပါဘုရား) ဘယ်အကြောင်းရှိသတုံး (ပစ္စယာအကြောင်း ရှိပါတယ်ဘုရား)... တဏှာအကြောင်းရှိတယ်... (မှန်ပါ့, တဏှာအကြောင်း ရှိပါတယ်ဘုရား) ဒါဖြင့် တဏှာက အကြောင်းပြုလိုက်လို့ ဥပါဒါန်ပေါ်တာ... (မှန်ပါ့)။

ဒါဖြင့် တဏှာနဲ့ ဥပါဒါန်သည် အကြောင်းအကျိုး ဆက်လျက်ပဲ... (ဆက်လျက်ပါဘုရား) ဆိုနိုင်ကြမယ်... (ဆိုနိုင် ပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တဏှာသည် ချုပ်ပျောက်ပင်သားဘြားသော်လဲ သူ့သတ္တိ ဒီမှာ ပေးထားခဲ့တဲ့အတွက် အကျိုးတရား ပေါ်ရတယ် (မှန်ပဲ့) မပေါ်ဘူးလား... (ပေါ်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် တို့သန္တာန်မှာ စိတ်စဉ်တွေဟာ တစ်စိတ်ပြီး တစ်စိတ်၊ တစ်စိတ်ပြီးတစ်စိတ် တန်းပေါ်တယ်၊ သူ့အကြောင်းနဲ့ သူ့အကျိုးဆက်နဲ့ ဆက်ဆက်ပေါ်တာကို... (မှန်လှပါ) ဒီလို မသိဘူးလား... (သိပါတယ်ဘုရား)။

ခုနင်က စားချင်တဲ့စိတ်ပြီး အိပ်ချင်တဲ့စိတ်၊ အိပ်ချင်တဲ့ စိတ်ပြီး ကျင်ကြီးကျင်ငယ်စွန့်ချင်တဲ့စိတ်တွေ ဆက်ဆက်မသွား ဘူးလား... (သွားပါတယ်)။

ဒါအကြောင်းအကျိုး **ဆက်ဆက်သွားတာ**...(မှန်ပဲ့) **သိပလား** ...(သိပါပြီဘုရား)။

အကြောင့်အကျိုး ဆက်သွားတာသိသဖြင့် အကြောင်း အကျိုး ပြတ်သေးရဲ့လား... (မပြတ်ပါဘုရား) ဒါဖြင့် မပြတ်ဘူးဘုရား, ဆက်နေတယ်လို့ သိပြီနော်... (မှန်ပဲ့)။

အကြောင်းအကျိုး (မပြတ်ပါဘုရား) ဘယ်ဒိဋ္ဌိ စင်သွား သတုံး...(ဥစ္ဆေဒဒိဋ္ဌိ စင်သွားပါတယ် ဘုရား)။

အဲ...ပြတ်တယ်ယူမှ ဥစ္ဆေဒဒိဋ္ဌိဖြစ်တာကို...(မှန်ပဲ့) အခုတော့ မပြတ်မှန်းသိတော့ ဥစ္ဆေဒဒိဋ္ဌိစင်မသွားဘူးလား... (စင်သွားပါတယ် ဘုရား)။

အဲဒီ ဥစ္ဆေဒဒိဋ္ဌိ စင်သွားတော့ ဥစ္ဆေဒဒိဋ္ဌိစင်ပလား... (စင်ပါပြီဘုရား)။

http://www.dhammadownload.com



ပြန်ပြီးပြတယ်၊ ပြန်ကြည့်ကြပါ **(မှန်ပါ့)** တဏှာပစ္စယာ ဘာတဲ့တုံး . . . (ဥပါဒါန်ပါဘုရား)။

ဖြတ်ဆို . . . ဒီတဏှာက ချုပ်သွားတယ်၊ ချုပ်သွားတော့ သူ့ပစ္စယာကလေး ထားပစ်ခဲ့တဲ့အတွက် ဒါလာပေါ်တယ် . . . (မှန်ပါ့) မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ရှေ့တဏှာဟာ ချုပ်လဲချုပ်တယ်၊ သတ္တိလဲ ထားခဲ့တယ် . . . (ထားခဲ့ပါတယ်ဘုရား)။

ချုပ်ကော . . . (ချုပ်လဲချုပ်ပါတယ်ဘုရား) သတ္တိကော (သတ္တိလဲ ထားခဲ့ပါတယ်ဘုရား) ထားခဲ့လို့ ပေါ်တာပေါ့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ရှေ့တဏှာချုပ်တာ ခင်ဗျားတို့သိထားဖို့ သိထားဖို့ (မှန်ပါ့) ဒါကလေးဟာ ချုပ်တယ်လို့သိသဖြင့် ဩော် . . . ဖြစ်လဲဖြစ်တယ်၊ ချုပ်လဲချုပ်တယ်လို့သိတယ်၊ ချုပ်တာကလေးသိသဖြင့် သဿတဒိဋ္ဌိ စင်တယ် . . .(မှန်ပါ့) ဒါပေါ်တာသိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ စင်တယ် . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

တကယ်ရှင်းရဲ့လား . . .(မှန်ပါ့၊ ရှင်းပါတယ်ဘုရား) သေသေချာချာ လုပ်နော် . . . (မှန်ပါ့) သေသေချာချာလုပ် ဒီဥစ္စာ ဘုရားတစ်ဆူမှ တစ်ခါပေါ်တာ . . .(မှန်ပါ့)လွယ်လွယ်ကူကူ မှတ်မနေနဲ့ . . . (မှန်ပါ့)။

ဒါသိရင် သိတဲ့အချိန်ကစပြီး အပါယ်မသွားဘူး . . (မှန်ပါ့) နည်းတဲ့သတ္တိ မဟုတ်ဘူး . . . (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ပြန်ပြတယ်၊ ခင်ဗျားတို့က စားချင်တဲ့စိတ် တဏှာကလေး ပေါ်တယ်၊ ဝက်သားစားချင်တယ်၊ ပုစွန်စားချင်တယ်၊ စားချင်တဲ့ တဏှာကလေးပေါ်တော့ မစားရ မနေနိုင်ဘူးဟော့ ဥပါဒါန် လာတယ်...(မှန်လှပါ)။

မနေနိုင် ငါသွားမယ်ဆိုတော့ ကာယကံ, ဝစီကံလာတယ်၊ မလာဘူးလား (လာပါတယ်ဘုရား)။

ဒါ ခင်ဗျားတို့ သန္တာန်မှာ တန်းနေတယ် ဆိုရင် လွဲပါ့ မလား... (မလွဲပါဘုရား)

ဒါဖြင့် သုံးကြပါစို့တဲ့၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဟုတ်လား... (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် ဒီတဏှာကလဲ ခင်ဗျားတို့ သိတဲ့ အတိုင်းတဲ့၊ သင်္ခါရမို့ ပျက်သွားတယ် (မှန်ပါ့) ဖြစ်ပြီးပျက်ရတာပဲ၊ စိတ်ကလေးကိုး... (မှန်ပါ့) ဖြစ်ပြီးတော့... (ပျက်ရပါတယ် ဘုရား)။

ဒါသိလိုက်တယ်၊ တဏှာကလေးဟာ ပစ္စယာလဲ လုပ်သွား တယ်၊ သူလဲ ပျက်တယ်... (မှန်ပါ့)။

ပစ္စယာလဲ... (လုပ်သွားပါတယ် ဘုရား) ပျက်လဲ ပျက်တယ်...(မှန်ပါ့)။

ဒါဖြင့် ပျက်တာ မြင်သဖြင့် ဘယ်ဒိဋ္ဌိစင်သတုံး... (သဿတ ဒိဋ္ဌိ စင်ပါတယ်ဘုရား) နေရာကျပြီ၊ပျက်တာမြင်သဖြင့် သဿတ ဒိဋ္ဌိစင်တယ်၊ သက္ကာယဒိဋ္ဌိစင်တယ်... (မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ပျက်တာမြင်သဖြင့်... (သဿတဒိဋ္ဌိနဲ့ သက္ကာယဒိဋ္ဌိ စင်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိကော ပါသွားတယ်...(မှန်ပါ့) မပါသေးဘူးလား... (ပါပါတယ်ဘုရား)။

ဒါဖြင့် ပျက်တာမြင်သဖြင့် **ဘာစင်သွားပါလိမ့်** (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား) သဿတဒိဋ္ဌိ**ဆိုတာ** ခိုင်မြဲတယ်ယူတာ... (မှန်ပါ့) ခိုင်ကြရဲ့လား... (မခိုင်ပါဘုရား)။

ပစ္စယာဆိုတဲ့ သဘောကလေးကို မြင်လိုက်တဲ့အတွက် သူက ကျေးဇူးပြုလို့ ဟောဒီ ဥပါဒါန်ပေါ်တာကလေးဟာ ခင်ဗျားတို့ သန္တာန်မှာ မရှိဘူးလား၊ ရှိသလား... (ရှိပါတယ်ဘုရား)။

ရှိတော့ကို ဩော်... အရင်တရားဟာ ချုပ်လဲချုပ်သွားတယ်၊ နောက်တရားကိုလဲ **အမွေပေးခဲ့တယ်၊** ဖြစ်ခွင့်ပေးခဲ့တယ်...(မှန်လှပါဘုရား) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ် ဘုရား)။

**အဲ**...ဖြစ်ခွင့်ပေးတယ်လို့ဆိုသောကြောင့်၊ ဖြစ်တာလဲ မြင်ရသောကြောင့် ဩော်... ဒီဥစ္ဆေဒဒိဋ္ဌိ မရှိဘူး... (မှန်ပါ့)။

သူသည် သေသွားငြားသော်လဲ ဒီတရားကို အကြောင်းအကျိုး ဆက်ထားခဲ့တယ်... (မှန်ပါ့) မဆက်ဘူးလား... (ဆက်ပါတယ် ဘုရား)။

ဒါဖြင့် ဆက်တာသိသဖြင့် ဥစ္ဆေဒဒိဋ္ဌိကော ရှိသေးရဲ့လား... (မရှိပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီလိုလုပ်၊ ဟောဒီတရားကလေး ပျက်သွားရင် ဘ်ဒိဋ္ဌိ စင်သတုံး (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား) ဟောဒီ တရားကလေး ပေါ်လာတာ သူ့အကြောင်း ကင်းရဲ့လား... (မကင်းပါဘုရား) မကင်းလို့ ဆက်သွားတာမြင်သဖြင့်... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား) သုံးခုစင်သွားပြီ...(မှန်ပါ့)။

ပေါ်တာ စိတ်ပဲလို့သိရင် သက္ကာယဒိဋ္ဌိစင်တယ်...(မှန်ပါ့ ဘုရား)။

နောက် ပေါ်တိုင်း ပျက်တိုင်း သိရင်... (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)။

မရှင်းမချင်းပြောနေမှာဘဲ၊ ခင်ဗျားတို့ နားငြီးလဲပြောရမှာပဲ၊ နားမငြီးလဲပြောရမှာဘဲ၊ ဒီဥစ္စာ ငရဲမျိုးစေ့ကိုးဗျ...(မှန်လှပါ)။

ခင်ဗျားတို့ဝမ်းထဲ ငရဲမျိုးစေ့ ရှိနေတာကို အဝေးကြီးက လာပြီး ဒါကလေးမှ ယူထုတ်မပေးဘူးလို့ **ရှိရင်** ခင်ဗျားတို့ကံနဲ့ ခင်ဗျားတို့ဆိုရာလဲ ရောက်တယ်...(**မှန်ပါ့ဘုရား**)။

အပါယ်ချတာ ဒိဋ္ဌိကချတာနော် (မှန်ပါ့) ခင်ဗျားတို့က ကံမကောင်းလို့ အပါယ်ရောက်တယ်လို့ ထင်ကြတယ်၊ ဒိဋ္ဌိက ချတာ... (မှန်လှပါဘုရား)။

တဏှာကိုလဲငါ, ဥပါဒါန်ကိုလဲငါ...(မှန်ပါ့) ကံကိုလဲ... (ငါပါဘုရား)။

ငါဆိုတော့ ငါမရှိဘဲနဲ့ ငါလုပ်လို့ကျတာ...(မှန်ပါ့) ဒီကံကြောင့် ဒါလောက် မဟုတ်ဘူး၊ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ အထင်ကတော့ ဘယ်လိုထင်သတုံးလို့ မေးတော့ အကုသိုလ်က အပါယ်ချလိုက်တယ်၊ ခင်ဗျားတို့က ဒီလိုဖြစ်နေတယ်... (ဒီလိုဖြစ်နေပါတယ်ဘုရား)။

စင်စစ် ဘုန်းကြီး တစ်ခုဥပမာပြမယ်၊ ခင်ဗျားတို့ ရန်ကုန်မှာ အာဏာနည်ဲ ခေါင်းဆောင်ကြီးတွေ လုပ်ကြံမှုမှာ ဂဠုန်စောကို ကြိုးပေးလိုက်တယ်၊ ဟုတ်လား... (မှန်ပါ)။

ဂဠုန် တိုက်ရိုက်သတ်တာလား၊ ဂဠုန်တပည့်တွေက သတ်တာလားလို့မေးရင် ဘယ့်နှယ် ဖြေကြမလဲ... (ဂဠုန် တပည့်တွေက သတ်တာပါဘုရား)။

သို့သော်...အကြောင်းရင်းကတော့ဂဠုန်ပဲ... (မှန်ပါ) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီမှာ ကံကတော့ ပစ်ချလိုက်တယ်လို့ ဆိုတာပဲ၊ ဒိဋ္ဌိက နောက်က အမိန့်ပေးလို့ ချလိုက်တာ (မှန်ပါ) ဒိဋ္ဌိက အမိန့်ပေးလို့ ကံက ပစ်ချလိုက်တာ... (မှန်ပါ)။

ဒိဋ္ဌိပြုတ်တော့အပါယ်မကျဘူးဆိုတော့ ကံက ဘာ တတ်နိုင်သေးသတုံး... (ဘာမှ မတတ်နိုင်ပါဘုရား) တတ်နိုင်သေးရဲ့လား... (မတတ်နိုင်ပါဘုရား) ဒီကတည်းက ကံသွားပြီပေါ့ဗျာ... (မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့က အခိုင်းအစေက စွဲချက်တင်နေ တယ်...(မှန်ပါ) ကြိုးကလေးဆွဲတဲ့လူကို စွဲချက်တင်နေတယ်၊ ကြိုးကလေး ဆွဲတာက ဘာဆိုင်သတုံးဗျာ၊ ဒီက စက်ရှင်မင်းကြီးက

http://www.dhammadownload.com



အမိန့်ထုတ်တာက လိုရင်းပဲ၊ မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

ခင်ဗျားတို့က ကြိုးဆွဲတဲ့လူကို **ကံ**လုပ်နေတာ . . .(မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိကံဟာ နောက်က ဒကာတွေရော ဒကာမတွေ ဘယ်ဟာကကြောက်စရာ ကောင်းသတုံး . . . (ဒိဋ္ဌိက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

အခု ခင်ဗျားတို့က ကံကြောက်တယ်တဲ့၊ အတော်ရှော်တဲ့ လူတွေပဲ၊ မရှော်ဘူးလား . . . (ရှော်ပါတယ်ဘုရား) သေသေ ချာချာ ရှော်ပါတယ် . . . (မှန်ပါ့)။

သြော် . . . ဒါ **အမိန့်ပေးတဲ့လူကို** ကြောက်ရမယ်၊ သတ်တဲ့လူက အခိုင်းအစေပဲ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ယခု လက်သည်စစ်စစ် ဖမ်းတော့ကို အခု တရားပွဲမှာ စစ်စစ်ဖမ်းလိုက်တဲ့အခါကျတော့ အခု နောက်ဆုံးပိတ်မှာဆိုရင် အသတ်ခိုင်းတဲ့ လက်သည်စစ်ကို ဖမ်းကြတာပဲ . . . (မှန်ပါ့) သတ်တဲ့လူတော့ ဒါလောက်အရေး မကြီးလှဘူး၊ ကြီးရဲ့လား . . . (မကြီးပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ အပါယ်ချတာဟာ ကံက ချတာလား၊ သြော် . . . ဒါ အမိန့်ပေးနေတဲ့ ဒိဋ္ဌိကချတာလား . . . (ဒိဋ္ဌိက ချတာပါဘုရား)။

ဟုတ်မှ ဟုတ်ကဲ့လားလို့မေးတော့ ခင်ဗျားတို့ ရထားတဲ့ ပရိတ်ကြီးထဲသွားကြည့်၊ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်လိုက်တဲ့အတွက်

http://www.dhammadownload.com



အပါယ် အကျိုးပေးမှ **လွတ်**တယ်ဆိုပြီး သဟာဝသာ ဒဿန သမ္ဗဒါယမှာ လာတယ်... (မှန်ပါ့)။

ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်လိုက်တဲ့**အတွက်** အပါယ်လေးပါး ကျသေးရဲ့လား... (မကျပါဘု**ရား) ကံ**ပယ်လိုက်လို့ လို့လာရဲ့လား...(မလာပါဘုရား)။

အဲဒါတွေတော့ မတွေ့တော့ **အပါယ်ကျ**လိမ့်မယ်၊ ဒီကံတွေ ချည့် လုပ်နေလို့**ရှိရင်တဲ့**၊ ဆွဲချနေတာ **ကံ**ကိုချည့်ပြောနေတာ ပဲ...ရှင်းပ**လား... (ရှင်း**ပါပြီဘုရား)။

ဒါဖြင့် **ဘယ်သူ့**ကြောင့် အပါယ်ကျတာတုံး... (ဒိဋ္ဌိကြောင့် **အပါယ်ကျ**တာပါဘုရား) ဘုရားကလဲ (ဒိဋ္ဌိကြောင့် လို့ဟောတော်မူ**တယ်**...(မှန်ပါ့) မဟောဘူးလား...(ဟောပါ တယ် ဘုရား)။

ဘယ့်နှယ့်ကြောင့် ခင်ဗျားတို့က ကံဘက် ပြောင်းသွားတာ တုံး၊ သူများပြောသံကြားနဲ့ သူများပါးစပ် လမ်းဆုံးနေ**တာလား**၊ သူများပါးစပ် လမ်းဆုံး**တာ** ကြောက်စရာ အကောင်း**ဆုံးပဲ**... (မှန်ပါ့ဘုရား)။

ကဲ...နာရီပိုသွားပြီ၊ တော်ကြဦးစို့...

သာဓု...သာဓု...သာဓု

http://www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မင်္ဂလာတိုက်ကျောင်း၌ ဟောကြားတော်မူအပ်သော
သက္ကာယအပေါ်၌ ဒိဋ္ဌိပြုတ်တဲ့တရား
သက္ကာယ၌ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိသို့

# နေ့အလုပ်ပေး တရားတော်

(၅-၁၀-၆၁)

သောတာပန် အငယ်စားဖြစ်တယ်လို့ မှတ်ထားကြပါ . . . (မှန်ပါ့) ဥပမာ . . . မျက်လုံးက ဖွင့်လိုက်တယ်၊ ဖွင့်လိုက်လို့ ရှိရင်ဖြင့် တစ်ခုခုတော့ သူမြင်တော့မှာပဲ . . .(မှန်ပါ့)။

မျက်လုံးဖွင့်လိုက်တယ်၊ ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် တည်း ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ဖျတ်ဆို မြင်စိတ်ကလေးဟာ ပေါ်လာတယ်။

ဩော် . . . ဒါ မြင်စိတ်ကလေးပါလားလို့ ပေါ်ပေါ်ချင်း သိပေးရမယ် . . .(မှန်ပါ့)။

ပေါ်ပေါ်ချင်းဘာလုပ်ရမလဲ . . . (သိပေးရပါမယ်ဘုရား) ဩော် အခုမှပေါ်တဲ့ မြင်စိတ်ကလေးပါလား၊ အားလုံးဒကာ ဒကာမတွေ အခုမှပေါ်တဲ့ မြင်စိတ်ကလေး ပါလားလို့ သိပေးရမယ် . . .(မှန်ပါ့)။

ဖျတ်ဆို အသံကလေးတစ်ခု ကြားလိုက်တယ်၊ မြင်စိတ် မရှိဘူး၊ ကြားစိတ်ကလေး ပေါ်တယ်လို့ သိပေးပါ . . . (မှန်ပါ့)။

http://www.dhammadownload.com



အနံ့ကလေးတွေ လေကယူလာတယ်၊ နှာခေါင်းထဲ သွားတိုးတယ်၊ တိုးတဲ့အခါ မွှေးတယ်, ကြိုင်တယ်၊ ဩော်... ဒါဟာ အနံ့သိတဲ့ စိတ်ကလေး ပေါ်ပါလားလို့ ပေါ်ရင် သိပေးပါ... (မှန်ပါ)။

လျှာပေါ်မှာ ကိုယ့်တံတွေး မျိုမျို၊ လျက်ဆားကလေး သျက်လျက် ဒီပြင် စားသောက်ဖွယ်,ဘောဇဉ် စားချင်တာစား၊ စားတဲ့စိတ်ကလေး လျှာလယ်ရောက်လို့ ပေါ်လာတယ်ဆိုရင် ချိုတာသိ၊ ချဉ်တာသိ၊ ဒီသိတဲ့ စိတ်ကလေးဟာလဲ ဩော်... ဒါဟာ စားစိတ်ကလေး ပေါ်ပါလားလို့ ပေါ်တိုင်းသိပေးပါ... (မှန်ပါ)။

ကိုယ်ပေါ်မှာ ယားတယ်, ယံတယ်, နာတယ်, ဩော်... ဒါဟာ ယားတဲ့စိတ်ကလေး ပါလား၊ နာတဲ့ စိတ်ကလေးပါလား၊ သူ့နေရာနဲ့သူ ဩော်... ဒါပေါ်တာကိုးလို့ သိပေးပါ၊ ကိုယ်ပေါ်မှာယားတဲ့စိတ်ကလေးနော်... (မှန်ပါ) ဒုက္ခ စိတ်ကလေး... (မှန်ပါ)။

ပြီးတော့ ကိုယ်ပေါ်မှာ လေကလေး ဘာကလေးတိုက်၊ နေကောင်းတဲ့စိတ်ကလေး ပေါ်တတ်တယ်(မှန်ပါ)။

လေကလေး တိုက်တယ်ဆိုရင် ဒီနေရာကလေးက နေရာ ကျလိုက်တာ၊ လည်ပင်းတိုက်တယ်၊ လည်ပင်းတွင်ပဲ ချမ်းသာတဲ့ စိတ်ကလေးပေါ်တယ်၊ ကိုယ်ပေါ်မှာ သုခစိတ်ကလေးလဲ ပေါ်နေ တယ်...(မှန်ပါ)။

ဒါဖြင့် ကိုယ်ပေါ်မှာတော့သုခစိတ်၊ ဒုက္ခစိတ် ဒါကြောင့် အနီနှစ်ခု ခွဲပြတယ်...(မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ် . . .(မှန်ပါ့) ကိုယ်ပေါ်ကျတော့ တစ်ခါတလေ သုခပေါ်တယ်၊ တစ်ခါတလေ ဒုက္ခပေါ်တယ်၊ ဒုက္ခစိတ်၊ သုခစိတ် . . .(မှန်ပါ့)။

ဒါကို အားလုံး **ဒကာဒကာမတွေက** ပေါ်တိုင်း၊ ပေါ်တိုင်း သိပေးပါနော် . . .**(မှန်ပါ့)။**

ဝမ်းထဲမှာတော့ **ဘာပေါ်လေ့ရှိသတုံး** . . .လို့ မေးတဲ့အခါ ကျတော့ ဒါဟာ စိတ္တာနုပဿနာ သင်နေတယ်လို့လဲ မှတ်ကြပါ . . .(မှန်ပါ့)။

တစ်ခါတလေကျတော့ ဝမ်းထဲမှာ ဝမ်းသာစရာကလေး ရန်ကုန်က ဖြစ်စေ၊ ဟင်္သာတကဖြစ်စေ အကြောင်းကြားတယ်၊ ဝမ်းသာစရာ ကလေးကျတော့ ဝမ်းသာတဲ့စိတ်ဟာ ဝမ်းထဲမှာ ပေါ်တယ်၊ သူကတော့ နေရာတခြား ဟဒယ ဝတ္ထုပေါ်မှာ ပေါ်တယ် . . . (မှန်ပါ့)။

တစ်ခါတလေကျတော့လဲ ဝမ်းမသာတဲ့စိတ်၊ ပျင်းရိတဲ့စိတ် ပေါ်တယ် . . . (မှန်ပါ့) ဒါဖြင့် ဒေါသစိတ်ပေါ့နော် . . . **(မှန်ပါ့ဘုရား)။**

**တစ်**ခါတလေကျတော့လဲ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ဟိုဘက်က ဒကာမကြီးတွေက သံသယရှိတဲ့ စိတ်ကလေး ပေါ်တယ် (မှန်ပါ့) ဘယ်ဟာရယ်လို့ မဟုတ်ဘူး၊ သံသယရှိတယ် ဒါ မောဟစိတ်လို့ မှတ်ပါ . . .(မှန်ပါ့)။

http://www.dhammadownload.com



တစ်ခါတလေကျတော့လဲ လောဘစိတ်၊ ဒေါသစိတ်တွင် မဟုတ်ပါဘူး...တဲ့၊ အလောဘ လှူချင်တန်းချင်တဲ့ စိတ်ကလေး ကလဲ ဖျတ်ခနဲပေါ်ချင်ပေါ်တာပဲ...(မှန်လှပါ)။

အဲဒါကျတော့ အလောဘစိတ်...(မှန်ပါ့)။

တစ်ခါတလေကျတော့ အားလုံးသတ္တဝါတွေ...ဪ ကိုယ်က သိတန်သလောက် သိရတယ်၊ မသိရှာသေးဘူးဆိုပြီး သကာလ မေတ္တာကလေးလဲ ပေါ်တတ်တယ်၊ အဲဒါကျတော့ မှတ်ပါ...တဲ့၊ အဒေါသစိတ်လို့...(မှန်ပါ့)။

ကိုင်း...အားလုံး ဒကာဒကာမတွေ ဒါကမြင်စိတ် (မှန်ပါ့ဘုရား) ဒါက ဘာတုံး...(ကြားစိတ်ပါဘုရား) ဒါက... (နံ့စိတ်ပါဘုရား) ဒါက (စားစိတ်ပါဘုရား)။

ဒါက ယားနာစိတ် (မှန်လှပါ) ဒါက ကောင်းတဲ့ စိတ်...(မှန်ပါ့) ဒါက ကိုယ်ပေါ်မှာ ပေါ်တယ်နော်... (မှန်ပါ့ဘုရား)။

ယားနာစိတ်လဲ ကိုယ်ပေါ်မှာပဲ၊ ကောင်းတဲ့စိတ်လဲ ကိုယ်ပေါ်မှာပဲ... (မှန်ပါ့) ဒီငါးခုက ဝမ်းထဲမှာ ပေါ်တယ် (မှန်လှပါဘုရား)။

တစ်ခါတလေ လောဘ ပေါ်တယ်၊ လိုချင်တဲ့ လောဘ၊ တစ်ခါတလေကျတော့ ဒေါသ၊ တစ်ခါတလေကျတော့ မောဟ ပေါ်တယ်၊ တစ်ခါတလေကျတော့ ပေးချင်ကမ်းချင်တဲ့ အလောဘ ပေါ်တယ်လို့သိပေးရမယ်...(မှန်ပါ့)။

တစ်ခါတလေကျတော့ အဒေါသဆိုတဲ့ မေတ္တာကလေးများ ပေါ်လာတာရှိသေးတယ်...(မှန်ပါ့) အဲဒါလဲ အဒေါသစိတ် မေတ္တာပေါ်တယ်လို့ သိပေး...(မှန်ပါ့)။

http://www.dhammadownload.com



ကောင်းပြီ . . .ဒါဖြင့် ခင်ဗျားတို့ အလုပ်သင်ပါပြီ . . .ဟဲ့၊ ပြင်ဘက်က ခြောက်ခု၊ အတွင်းက ငါးခု မှတ်ပါ . . . (မှန်လှပါ)။

ကောင်းပြီ . . . ဒါ အပြင်စိတ်ဆိုတာ အပြင်ဘက်က ပေါ်တာ၊ ဝမ်းထဲမှာပေါ်တာ မဟုတ်ဘူး(မှန်ပါ့) ကြားစိတ် ဆိုရင်တော့ . . .(အပြင်ဘက်မှာ ပေါ်ပါတယ်ဘုရား) နံစိတ်ဆိုရင် (အပြင်ဘက်မှာ ပေါ်ပါတယ်ဘုရား) ယားစိတ်, ယံစိတ်, နာစိတ်ကော . . .(ကိုယ်ပေါ်မှာ ပေါ်ပါတယ်ဘုရား)။

အဲ . . . ကိုယ်ဆိုတော့လဲ ပြင်ဘက်မှာပဲ ပေါ်တယ် နော် . . . (မှန်ပါ့) တစ်ခါ ကောင်းတဲ့စိတ်ကလေး ချမ်းသာတဲ့ စိတ်ကလေး ကော . . .(အပြင်ဘက်မှာ ပေါ်ပါတယ်ဘုရား)။

အဲဒါ အပြင်ဘက်က ရှုစရာ၊ ပြင်ဘက်မှာ ပေါ်တဲ့စိတ်ဟာ ခြောက်မျိုး . . .(မှန်ပါ့)။

လောဘ,ဒေါသ, မောဟ, အလောဘ, အဒေါသ, ဒါက အတွင်းမှာပေါ်တဲ့ စိတ်ငါးခု . . .(မှန်ပါ့ဘုရား)။

ပြီးတော့ ဒီနှစ်ခုတည်းပဲ ဒါကလေးကို ပြင်ဘက် ထုတ်တဲ့စိတ်၊ ဒါကလေးကို ပြန်ရှိုက်တဲ့စိတ် . . .(မှန်ပါ့ဝ။

ဒါကြောင့် ဒကာဒကာမတွေ မှတ်စရာက သြော် . . .အပြင် ဉှေ့သည် ခြောက်ယောက်၊ အတွင်းဉှေ့သည်က ငါးယောက်၊ အိမ်သည် နှစ်ယောက် . . .(မှန်ပါ့)။

အိမ်သည်ဆိုတာက ခင်ဗျားတို့ လေကလေး ပြင်ဘက် ထုတ်တဲ့စိတ် ပေါ်တယ်၊ တစ်ခါတလေ လေကလေး ပြန်ရှိုက်တဲ့ စိတ် ပေါ်တယ် . . . (မှန်ပါ့)။

http://www.dhammadownload.com



ပေါ်တာက ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ဘာလုပ်တာတုံး၊ အိုမသေအောင် စောင့်နေတာ...(မှန်ပါ့) ခင်ဗျားတို့ ပုပ်သိုးပြီး မသွားအောင်လို့ စောင့်နေတဲ့စိတ်...(မှန်ပါ့)။

ဒါဖြင့် အိမ်သည်စိတ် နှစ်ခု...(မှန်လှပါဘုရား) ခန္ဓာအိမ်ကို စောင့်နေတဲ့စိတ်က နှစ်ခုလို့ မှတ်ထား၊ အားလုံး မှတ်ထားကြ နော်... (မှန်ပါ့) ဒါမမှတ်လို့ရှိရင် ဖြစ်ကို မဖြစ်ဘူး... (မှန်ပါ့ဘုရား)။

ပြင်ဘက် ဧည့်သည် ခြောက်၊ အတွင်းဧည့်သည် ငါး၊ အိမ်သည်နှစ်ဦး၊ ဒါပဲ ခင်ဗျားတို့ သန္တာန်မှာ ရှိတယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ကောင်းပြီ...ဒါကို ဒီလိုမှတ်ရမယ်၊ ဩော်... ခန္ဓာကိုယ်ထဲမှာ ဟောဒီတစ်ခု ပေါ်နေလို့ရှိရင် အားလုံးအခု ပြထားတာက ဆယ့်သုံး ပြထားတယ်၊ ခန္ဓာကိုယ်ထဲမှာတော့ ဒီတစ်ခု ဖြစ်နေလို့ရှိရင် ကျန်တဲ့ဆယ့်နှစ်ခု မရှိဘူး... (မှန်ပါ့) ဒီတစ်ခု ဖြစ်နေရင်ကော... (ကျန်တဲ့ဆယ့်နှစ်ခု မရှိပါဘုရား) ဒီတစ်ခု ဖြစ်နေရင်ကော... (ကျန်တဲ့ဆယ့်နှစ်ခု မဖြစ်ပါဘုရား) ကုသိုလ်ကလေးများ ဖြစ်နေရင်ကော (ကျန်တဲ့ဆယ့်နှစ်ခု မရှိပါဘုရား)။

ဩော်...ဒါဖြင့် ဒကာဒကာမတို့ အားလုံးဒကာဒကာမတွေ မှတ်ပါ၊ တစ်စိတ်နဲ့ အသက်ရှင်နေတယ်လို့...(မှန်ပါ့) ဘယ်လို မှတ်ကြမယ်...(စိတ်တစ်ခုနဲ့ အသက်ရှင်နေပါတယ်ဘုရား) တစ်စိတ်နဲ့ အသက်ရှင်နေတယ်လို့ ဆုံးဖြတ်ချက်ချပါနော်...(မှန်ပါ)။

http://www.dhammadownload.com



အခု ဒီရှုတဲ့စိတ်ကလေးနဲ့ အသက်ရှင်နေတယ်၊ နောက် ဒီရှုတဲ့စိတ် မလာရင် သေတာပဲ... (မှန်ပါ) သဘောကျ ပလား... (ကျပါပြီဘုရား)။

ရှိုက်တဲ့စိတ် ရှုတဲ့စိတ် မလာရင်... (သေပါတယ် ဘုရား) မလာရင်... (သေပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဦးသန်းမောင်တို့၊ ဦးမာဒင်တို့ အသက် တမ်း ဘယ်လောက်ပါလိမ့်... (၁နဲ့ ၂ ပါဘုရား)။

အဲဒါ ဒီတစ်စိတ် ချုပ်ပျောက်သွားပြီး နောက်တစ်စိတ် မလာရင် ခင်ဗျားတို့ သေတာပဲ(မှန်ပါ)။

ဒါဖြင့် ဒီဒကာဒကာမတွေ သက်တမ်းဟာရှင်းပါပြီ၊ တစ်စိတ်နဲ့ အသက်ရှင်နေတယ်...(မှန်ပါ)။

ဘယ်လိုမှတ်ကြ...ယ် (တစ်စိတ်ပဲ အသက်ရှင်နေပါတယ် ဘုရား)။

ဒါဖြင့် ဒီတစ်စိတ်ပဲ အသက်ရှင်နေတယ်ဆိုတာ သိတော့ ဩော်...ဒီဒကာဒကာမတွေမှာ ဥပမာ ဒီတစ်စိတ် ပေါ်တယ်၊ မြင်တဲ့ စိတ်ကလေး ပေါ်တယ်၊ သူပေါ်ပြီး နောက်စိတ် မလာတော့ဘူးဆိုရင် ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ဘယ့်နှယ် ဆိုမလဲ... (သေပါပြီဘုရား)။

ဥပမာ ပြောကြပါစို့၊ ခင်ဗျားတို့ စက်တွေဟာ ကိုင်လာ ကြတယ်၊ ဦးမာဒင်ဆိုရင် စက်နဲ့ အသက်မွေးတာ၊ စက်မှာ ထမသာ ပန်းလိုက်တယ်၊ ပထရိုဖြစ်ပြီးတော့... (မှန်ပါ)။

http://www.dhammadownload.com



**နောက်ထပ်ရိုက်တဲ့** စက်ကလဲ မရိုက်ဘူး၊ သူကလဲ မပန်းနိုင်ဘူး ဆိုရင် စက်ဟာ ဖျတ်ခနဲ ရပ်သွားတယ်… (မှန်လှပါ) ပထရိုထွက်တဲ့ တစ်ပတ်ပဲ၊ နောက်တစ်ခါ တစ်ပတ်မထွက်ရင်… (ရပ်ပါတယ်ဘုရား)။

အဲဒီအတိုင်းပဲ၊ ဒီအတိုင်းနေတာ ခင်ဗျားတို့ အသက်က၊ ဒီတစ်စိတ်ပေါ်ပြီး နောက်စိတ်မလာဘူး၊ ဒကာဒကာမတို့ ဘယ့်နှယ်ဆိုမလဲ… (သေပါတယ်ဘုရား)။

ဩော်…ဒီစိတ်တွေဟာ ခင်ဗျားတို့သန္တာန်မှာ သူတို့က ဒီစိတ်ပြီးရင် ဒီစိတ်ပေါ်မယ်၊ ဒီစိတ်ပေါ်မယ်၊ ကျုပ်တို့ ပေါ်ချင်သလို ပေါ်ပေးနေမယ်၊ အသက်တစ်ရာပြည့်အောင် ပေါ်ပေးနေမယ်လို့ ခင်ဗျားတို့ကို တာဝန်ခံတဲ့စိတ် တစ်စိတ်မှ မရှိဘူး…(မှန်ပါ့) ရှိရဲ့လား (မရှိပါဘုရား)။

အဲဒီတော့ ဦးမာဒင်တို့ မှတ်၊ ဦးသန်းမောင်တို့ မှတ်၊ ဒေါ်ကောက်တို့လဲ မှတ်ကြရလိမ့်မယ်၊ တစ်စိတ်နဲ့ အသက်ရှင်နေတာ သေချာပြီ (မှန်ပါ့)။

အဲဒီတော့ကို …ဒီဆယ့်သုံးခုမှာ အပြင်ဧည့်သည်က ဘယ်နှယောက်တဲ့တုံး… (ခြောက်ဦးပါဘုရား)။

အတွင်းဧည့်သည်က… (ငါးဦးပါဘုရား) အိမ်သည်က… (နှစ်ဦးပါဘုရား)။

ကောင်းပြီ၊ ဒါ ခင်ဗျားတို့ သန္တာန်မှာ ဒီဥစ္စာ ခင်ဗျားတို့ကို အသေကောင်အဖြစ်ကို မလုပ်တာ၊ သူတို့ပေါ်ချင်သလို အလှည့်အပတ်နဲ့ ပေါ်နေလို့ မသေဘာ… (မှန်ပါ့)။

http://www.dhammadownload.com



နို့မဟုတ်လို့ရှိရင် **ဒီဆရာ**နဲ့ ဒီကာဒကာမတွေနဲ့ တွေ့စရာ အကြောင်းမရှိပါဘူး...(မှန်ပါ့) ရှိပါ့မလား...(မရှိပါဘုရား)။

မရှိဘူး၊ အိပ်နေ၊ ဦးသန်းမောင်က အိပ်နေ၊ ဒကာကြီး ဦးမာဒင်က အိပ်နေ၊ အိပ်စိတ်တော့လာတယ်၊ နိုးစိတ်မလာတော့ ဦးမာဒင်ရဲ့ ဘယ့်နှယ်ဆုံးဖြတ်ချက်ချမတုံး...(သေပါတယ် ဘုရား)။

နိုးစိတ်ဟာ ခင်ဗျားတို့ အားထုတ်ယူရတာလား... အကြောင်းတိုက်ဆိုင်လို့ ပေါ်တာလား... (အကြောင်း တိုက်ဆိုင်လို့ ပေါ်တာပါ ဘုရား)။

ခင်ဗျားတို့ အကြောင်းတိုက်ဆိုင်လို့ အသက်ရှင်နေတာ ပါလား... (မှန်လှပါ) မဟုတ်ဘူးလား... (မှန်လှပါဘုရား)။

အိပ်တဲ့စိတ်ကလေးလဲ ရှူတဲ့စိတ်၊ ရှိုက်တဲ့စိတ်၊ ရှုးရှဲရှုးရှဲနဲ့ ဒါကလေးနဲ့ အိပ်နေတာပဲ၊ အိပ်တဲ့အခါကျလို့ရှိရင် ခင်ဗျား တို့ကမှတ်၊ အပြင်ဧည့်သည် ခြောက်ယောက် တစ်ယောက်မှ မလာ... (မှန်လှပါ)။

အတွင်းဧည့်သည်ငါးယောက် တစ်ယောက်မှ မလာ၊ သူတို့နှစ်ခုတွင် အလုပ်လုပ်နေတယ်... (မှန်လှပါ) သူတို့နှစ်ခုက ရှူရှိုက် နေတယ်၊ ဒါကလေးနဲ့ပဲ...(မှန်ပါ့)။

ကောင်းပြီ၊ ဩော်... ဒါကလေးနှစ်ခုဟာ အိပ်စိတ်လဲ ဟုတ်တယ်၊ ရှင်တဲ့အခါမှာလဲ သူများမဖြစ်လို့ရှိရင် သူက **ခင်ဗျားတို့** မသေအောင် စောင့်ရှောက်နေတဲ့ စိတ်ကို **အိမ်သည်စိတ်**... (မှန်လှပါ) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



. ကောင်းပြီ၊ ဟိုဒကာမကြီးတွေလဲ နားလည်တယ် မဟုတ်လား...(လည်ပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ၊ သေသေချာချာမှတ်ပါ၊ ဒီဥစ္စာ ဘုန်းကြီးက ဒါကလေးတွေ ဟောနေတယ်လို့ ဒီလို မအောက်မေ့ပါနဲ့...(မှန်ပါ)။

ဒါကလေးတွေ ဟောနေတယ်လို့ မအောက်မေ့နဲ့၊ မဟုတ်ပါဘူး၊ ခင်ဗျားတို့မှာ ဒါကလေး ကြားလိုက်သဖြင့် သက္ကာယဒိဋ္ဌိ ပြုတ်တယ်...(မှန်လှပါဘုရား)။

ဩော်... ဒီအထဲမှာ ငါအလုပ် တစ်လုပ်မှ မပါဘူး၊ ဒီစိတ်ကလေးက လုပ်လိုက်တယ်, မြင်တယ်၊ မြင်တဲ့အခါ ဒီစိတ်အလုပ်...(မှန်ပါ)ကြားတဲ့အခါ ဒီစိတ်အလုပ်။

ကဲ...ခင်ဗျားတို့ အလုပ်ပါသေးရဲ့လား...(မပါပါ ဘုရား)။

ဒါကြောင့် ဩော်.... ဒါကလေးတွေ ပြောနေတယ်လို့ မအောက်မေ့ပါနဲ့၊ ငရဲမျိုးစေ့ ပြုတ်တာလို့ အောက်မေ့ပါ... (မှန်ပါ)။

သက္ကာယဒိဋ္ဌိပြုတ်ပေးနေတာ၊ ရှင်းကြရဲ့လား...(ရှင်းပါပြီ ဘုရား) ဘာပြုတ်နေသတုံး (သက္ကာယဒိဋ္ဌိ ပြုတ်နေပါတယ် ဘုရား)။

အဲဒီတော့ တစ်သံသရာလုံးဟာ ခင်ဗျားတို့ ဘယ်တော့မှ မပြုတ်ခဲ့တဲ့အတွက် တစ်ခါတည်း သံသရာထဲမှာ အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့၊ အပါယ်ဘေးတွေနဲ့၊ ကပ်ဘေးတွေနဲ့

http://www.dhammadownload.com



သူမပြုတ်လို့ တွေ့ရတာ...(မှန်ပါ) သူပြုတ်ရင် တွေ့စရာ မရှိဘူး...(မတွေ့ရပါဘူး) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ကောင်းပြီ ...ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဒါတွေဟာ ခန္ဓာတွေပါပဲ၊ ဘာတုံး... ဒါ ဝိညာဏက္ခန္ဓာဘုရား၊ သူနဲ့ တွဲနေတာတွေကတော့ နာမက္ခန္ဓာပါဘုရား...(မှန်ပါ) ခန္ဓာတွေ ချည့်ပဲမှတ်ပါ...(မှန်ပါ)။

ဒီခန္ဓာ ဖြစ်နေရင် ဒီခန္ဓာမဖြစ်၊ ကျန်တဲ့ နာမက္ခန္ဓာမဖြစ် (မှန်ပါ)။

အဲဒီလို သိသိ၊ သိသိထားတော့ အပြင်ဧည့်သည်ကခြောက်၊ အတွင်းဧည့်သည်က ငါး၊ အိမ်သည်ကနှစ်၊ ဒါကိုဒကာဒကာမ ကြီးတွေက ဒကာကြီးတွေက ဒီနေ့ကစပြီးတော့ ပေါ်တိုင်း သိနေရမယ်...(မှန်လှပါ)။

သူပေါ်ရင်လဲ သိရမယ်၊ သူပေါ်ရင်ကော...(သိရပါမယ် ဘုရား)။

ဘယ်သူမှ မရှိဘူးဆိုရင် သူတို့နှစ်ခုက ကျုပ်ပေါ်ပြီ၊ ကျုပ်ပေါ်ပြီလို့ သူပြောလိမ့်မယ်... (မှန်ပါ) သူတို့နှစ်ခုချင်း လှည့်ကြည့်...(မှန်ပါ) သဘောကျပြီနော်...(ကျပါပြီဘုရား)။

သူတို့နှစ်ခု လှည့်ကြည့်ရင်း မတ္တနဲ့ပဲ ဖျတ်ဆိုမြင်စရာ ကလေး ပေါ်လို့ရှိရင် ဒီစိတ်ပေါ်တယ်၊ သူတို့နှစ်ခုက ရပ်တယ်... (မှန်ပါ ဘုရား)။

တစ်ခါတလေတော့ ဒီယားတဲ့စိတ်ကလေးက ပေါ်နေတော့ ယားတဲ့စိတ်၊ နာတဲ့စိတ်၊ ကိုယ်ပေါ်ပေါ်နေတော့ ဩော်...သူရဲ့ အသက် ရှင်နေတယ် မှတ်လိုက်တာပေါ့... (မှန်ပါ) သဘော ကျမလား... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ခင်ဗျားတို့မသိပြော ပြောနေကျကြားသော်လဲ မှန်တဲ့နေရာ ရှိသေးတယ်၊ မသိပြောတော့ ပြောတာဘဲ... (မှန်ပါ့ဘုရား)။

သူ့မှာ ဝေဒနာနဲ့ အသက်ရှင်နေတာ၊ ဒါ မသိပြော ပြောလိုက် တာ၊ မှန်တော့ မှန်တယ်... (မှန်ပါ့)။

ဒုက္ခစိတ်နဲ့ အသက်ရှင်နေတာ၊ နာတယ်၊ နာတယ် အော်ရင်းနဲ့ သူ့အသက်ရှင်နေတာ... (မှန်ပါ့) နောက်မအော်တော့ သေသွားတာဘဲ... (မှန်ပါ့) အော်တော့ ဒုက္ခစိတ်နဲ့ အသက် ရှင်နေတယ်... (မှန်ပါ့) ရိုပ်မိပလား... (ရိပ်မိပါပြီဘုရား)။

မသိပြော ပြောပေမယ့် တချို့နေရာမှန်တယ်... (မှန်ပါ့) သဘောပါကြပလား... (မှန်ပါ့)။

ဒါဖြင့် ဒီစိတ်တွေကို ဦးမာဒင်ကရော၊ ဦးသန်းမောင်တို့၊ ဒေါ်ကောက်တို့ကရော ပေါ်တိုင်း ပေါ်တိုင်း သိနေရင်တော်ပြီ ဘုန်းကြီးက... (မှန်ပါ့)။

ပေါ်တိုင်းပေါ်တိုင်း သိနေရင် တော်ပြီ၊ ဘာဖြစ်လို့ တော်ရတာ တုံး၊ အို... ပေါ်တိုင်းပေါ်တိုင်း ဒီဥစ္စာတွေဟာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်မှန်းသိပြီ၊ ဒါကလေးတွေ ပေါ်တာလို့သိပြီ၊ ပုဂ္ဂိုလ် သတ္တဝါပေါ်တာ ဟုတ်သေးရဲ့လား... (မဟုတ်ပါဘုရား)။

ယောကျာ်း, မိန်းမပေါ်တာကော... (မဟုတ်ပါဘုရား) ဒါကလေးတွေ ပေါ်နေတာ... (မှန်ပါ့)။

http://www.dhammadownload.com



ဒါကလေးတွေကလဲစိုက်သာကြည့်နေ၊ တော်တော်ကြာ တစ်မျိုး၊ တော်တော်ကြာတစ်မျိုး အကုန်ပေါ်နေတာပဲ(မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပေါ်တာကို ဒါ့ကြောင့် ဒီမှာ သေသေချာချာ ကြည့်ပါ၊ လောဘ, မောဟ, အလောဘ, အဒေါသ... (မှန်ပါ့) အမောဟဆိုတာ မပါဘူး(မှန်ပါ့)။

ဒီမှာ တစ်ခု ချွတ်ယွင်းချက်ရှိတယ်...(မှန်ပါ့) လောဘ, ဒေါသ, မောဟဆိုသဖြင့် အလောဘ, အဒေါသ, အမောဟဆိုတာ လာရမယ် မဟုတ်လား... (မှန်ပါ့)။

ဒါကို ချန်ထားတယ်၊ ချန်ထားတာက သဘောနဲ့ နားထောင် သူက လာတိုင်း သိရမယ့်တရားဖြစ်လို့ ချန်ထားတာ... (မှန်ပါ့ဘုရား) ဟိုဟာတွေက သိစရာ၊ သူကသိတာ... (မှန်ပါ့)။

ဟိုဟာတွေက... (သိစရာပါဘုရား) သူက... (သိတာပါဘုရား) အဲ... သူကသိတာ၊ ရှင်းပြီနော်... (ရှင်းပါပြီ ဘုရား)။

ကျန်ဆယ့်သုံးခုက... (သိစရာပါဘုရား) သိစရာတွေ ပေါ်တိုင်းပေါ်တိုင်း သိစရာ... (မှန်ပါ့) သူက ပေါ်တိုင်းပေါ်တိုင်း သိတာဖြစ်ရမယ်...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါတွေက ပေါ်တိုင်းပေါ်တိုင်း ဘာတုံး... (သိစရာတွေပါ ဘုရား) သိစရာအဖြစ်နဲ့ ခင်ဗျားတို့ကထား... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါက သိတတ်တဲ့ တရားအဖြစ်နဲ့ထားပါ... (မှန်ပါ့) သူက အမြဲတမ်း သိပေးနေရမယ်၊ ရှင်းပလား... (ရှင်းပါပြီဘုရား) သိစရာက ဆယ့်သုံးခု၊ သိတာက တစ်ခု... (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် ဒီလိုသိနေတယ်ဘုရား... ဒကာကြီး ဦးမာဒင်လဲသိတယ်၊ ဒကာမကြီးတွေကလဲသိတယ်၊ ဒါ**သိနေလို့** ရှိရင် ဘာကျေးဇူးရှိသတုံး၊ အင်း... ကိုယ့်အဖြစ် ကိုယ်သိတာ ပေါ့... (မှန်လှပါ) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါကလေးဖြစ်တော့လဲ ဒီကသိပေး၊ ဒါလဲဝမ်းထဲကနေ သိတာပဲ... (မှန်ပါ့)။

**မနောဒွာရကနေပြီး** သိတာပဲ၊ အဲဒီကဲ့သို့ ဒကာ ဒကာမတွေ ပေါ်တိုင်းပေါ်တိုင်း သိနေတော့ကို ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ဒီအထဲမှာ တစ်ခုမှ မပါဘူး... (မှန်ပါ့) ပါသေးရဲ့လား... (မပါပါဘုရား)။

ဒါတွေ ဘာမှမပါတော့ပါဘူး၊ ဒါတွေ ဘာမှ မပါကြောင်း သိတော့ကို သူသည် **သက္ကာယကို** သိတယ်၊ ဒိဋ္ဌိတော့ မဖြစ်တော့ဘူး... **(မှန်လှပါ)။**

ဒါတွေက **သက္ကာယတရားကို**၊ ဒိဋ္ဌိမပါတော့ဘူး... (မှန်ပါ့ဘုရား)။

အဲ... သက္ကာယ**ဖြစ်၍** ဒိဋ္ဌိပြုတ်တယ်... (မှန်ပါ့)။

သူတို့ကတော့ သက္ကာယပဲ...(မှန်ပါ့ဘုရား)။

သို့သော်... ခင်ဗျားတို့က သက္ကာယကို ငါ၊ သူလို့ ထင်သေးရဲ့လား... (မထင်ပါဘုရား) မထင်ရင် ဒိဋ္ဌိပြုတ်တယ် (မှန်ပါ့) သေသေချာချာ မှတ်ပါ... (မှန်ပါ့)။

http://www.dhammadownload.com



သက္ကာယအပေါ်မှာ... (ဒိဋ္ဌိပြုတ်တဲ့တရားပါ ဘုရား) ဒိဋ္ဌိပြုတ်တဲ့တရား... (မှန်ပါ့) ဘယ်လောက် အဖိုးတန်သတုံး... (တန်ပါတယ်ဘုရား)။

ခင်ဗျားတို့ သိထားတာက သက္ကာယဒိဋ္ဌိ... (မှန်ပါ့)။

ခင်ဗျားတို့ သိထားတာ ဘယ်လိုသိသတုံး... (သက္ကာယဒိဋ္ဌိလို့ သိပါတယ်ဘုရား) သက္ကာယဒိဋ္ဌိလို့ သိတယ်။

အခု ဘန်းကြီးက ရှင်းပြောလိုက်တော့ သက္ကာယဒိဋ္ဌိဆိုတာ သူတို့က သက္ကာယပါတဲ့၊ ဒီမှာ သမ္မာဒိဋ္ဌိက မပါဘဲနဲ့ မိစ္ဆာဒိဋ္ဌိဆိုလို့ တရားက မြင်တာပဲ ငါပဲ၊ မိစ္ဆာဒိဋ္ဌိနဲ့လဲ သွားသွားတွဲတယ်... (မှန်ပါ့) အဲဒီတော့ သက္ကာယဒိဋ္ဌိ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါ... ကုသိုလ် စိတ်ကလေးဖြစ်တော့လဲ ငါလှူချင်တယ်... (မှန်ပါ့) ဒါကလေးက ကုသိုလ်၊ ငါလှူချင်တယ်ဆိုတော့ လှူချင်တာက ကုသိုလ်စိတ်၊ လှူချင်တာကို ငါသွားရောတယ် (မှန်ပါ့)။

ငါက သွားရောတော့ ကုသိုလ်စိတ်က သက္ကာယ၊ ငါက သွားရောတော့ ဒိဋ္ဌိ... (မှန်ပါ့) သက္ကာယ...ဒိဋ္ဌိ ဒီလို သွားရောတယ်... (မှန်ပါ့)။

ဒီနေ့ ဘုန်းကြီးက ဒီဒကာဒကာမတွေ ထင်လိုက်တာက ဟောဒီ သက္ကာယဟာ ဒါတွေ သက္ကာယတွေပဲ၊ ဒါတွေ သက္ကာယချည့်ပဲလို့ သိတဲ့အခါကျလို့ရှိရင် ဒါတွေသက္ကာယ တရားတွေ မြင်စိတ်၊ ကြားစိတ်၊ မြင်လဲမြင်ဘဲ့စိတ် ပေါ်ပြီလို့ သိတာပဲ...... (မှန်ပါ့)။

http://www.dhammadownload.com



ကြားကော... (ကြားတဲ့စိတ်ပေါ်ပြီလို့သိပါတယ်ဘုရား) သိတော့ သူက သမ္မ ဒိဋ္ဌိ... (မှန်ပါ့ဘုရား) ငါ ဟုတ်သေးရဲ့လား... (မဟုတ်ပါဘုရား) ငါနဲ့သွားရောသလား... (မရောပါဘုရား)။

မရောတော့ကို ...သက္ကာယသာ ဖြစ်၍ ခုနင်က ငါဆိုတဲ့ဒိဋ္ဌိက အရင်တော့ ငါမြင်တယ်၊ ငါလှူချင်တယ်ဆိုတော့ သူ သွားသွားရောတယ်... (မှန်ပါ့) ဒီဟာတွေနဲ့ သွားသွားရောတယ်၊ မရောဘူးလား...(ရောပါတယ်ဘုရား)။

သက္ကာယထဲမှာ ဒိဋ္ဌိ သွားသွားရောတယ်... (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အခုတော့ မရောဘူး...တဲ့၊ မြင်တာကိုလဲ သြော်... မြင်စိတ်ပေါ်တယ်လို့ ဒီက သိတယ်၊ ကြားတာကိုလဲ... (ကြားစိတ်ပေါ်တယ်လို့ သိပါတယ်ဘုရား)။

ဒါဖြင့် သက္ကာယသာဖြစ်တော့တယ်၊ ဒိဋ္ဌိကမဖြစ်တော့ဘူး၊ ဒိဋ္ဌိပြုတ်တယ်... (မှန်ပါ့ ပြုတ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ပြုတ်ပါလိမ့်မတုံး...လို့ မေးတဲ့အခါကျတော့ သက္ကာယနဲ့ ခါတိုင်းတွဲနေကျ ဒိဋ္ဌိကို သမ္မာဒိဋ္ဌိက ဝင်ပြီးဖြတ်လိုက်တယ်... (မှန်ပါ့)။

နောက် အမှန်သိတာက သမ္မာဒိဋ္ဌိ... (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အမှန်သိတာက... (သမ္မာဒိဋ္ဌိပါဘုရား) အဲ... သမ္မာဒိဋ္ဌိနဲ့ သွားတွဲလိုက်တယ်... (မှန်ပါ့) သက္ကာယနဲ့ဒိဋ္ဌိတော့ မတွဲဘူး (မတွဲပါဘုရား)။

http://www.dhammadownload.com



ဘယ်သူနဲ့ သွားတွဲသတုံး . . . (သမ္မာဒိဋ္ဌိနဲ့ သွားတွဲပါတယ် ဘုရား) သက္ကာယနဲ့ သမ္မာဒိဋ္ဌိနဲ့ သွားတွဲတယ် . . . (မှန်ပါ့)။

အဲဒီတော့ သက္ကာယဒိဋ္ဌိ ပြုတ်တယ် . . . (**မှန်ပါ့**) ဒိဋ္ဌိပြုတ်တော့ကို သက္ကာယနဲ့ ဘယ်သူနဲ့ နေသတုံး . . . လို့ မေးတော့ သက္ကာယသမ္မာဒိဋ္ဌိနဲ့ သွားတွဲတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) သေသေချာချာ ရှင်းပါ . . . တဲ့။

ဒါဖြင့် ဒီနေ့ အပြင်ဒေ့သည်ခြောက်၊ အတွင်းဒေ့သည်ငါး၊ အိမ်သည်ကနစ်၊ ပေါ်တိုင်း၊ သိလို့ရှိရင် ဒါတွေဟာ ပေါ်တိုင်း ဘယ်သူပေါ်ပြီ **ဘယ်သူ**ပေါ်ပြီလို့ သိနေတဲ့အခါ ကျလို့ရှိရင်ဖြင့် အရင်တုန်း**ကတော့ ငါနဲ့**သွားသွားရောတယ် . . . မရောဘူးလား . . . (ရောပါ**တယ်ဘုရား**)။

အရင်တော့ ဒါ**တွေက** သက္ကာယ၊ ဒါကတော့ဖြင့် ဆယ့်သုံးခု ကတော့ကို . . . ဦးမာဒင်ရော၊ ဦးသန်းမောင်ရော မှတ်ကြပါ၊ သူကတော့ သက္ကာယပဲ . . . (မှန်ပါ့)။

သူကတော့ နဂိုက သက္ကာယတရား (မှန်ပါ့) ခန္ဓာတရားတွေမို့ သက္ကာယတရားလို့ မှတ်လိုက် . . . (မှန်ပါ့)။

ခန္ဓာတရားကို (သက္ကာယတရားလို့ မှတ်ပါဘုရား) သက္ကာယတရားလို့ မှတ်လိုက်၊ အဲဒီမှာ ခင်ဗျားတို့က အတွဲတွဲလို့ ဒိဋ္ဌိဖြစ်တယ် . . . (မှန်ပါ့)။

ခုနင်က ငါနဲ့ သွားသွားရောရင် ဘာဖြစ်မလဲ(သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



မရောဘူး. . .တဲ့၊ ဒါဟာ ဒါပဲ၊ မြင်စိတ်ဟာ မြင်စိတ်ပဲလို့ သိနေတော့ ငါနဲ့ ရောသေးရဲ့လား. . . (မရောပါဘုရား) မရောလို့ ရှိရင်ဖြင့် . . .တဲ့၊ သက္ကာယသာ ကျန်ရစ်တယ်၊ ဒိဋ္ဌိက ပြုတ်သွားတယ်. . . (မှန်လှပါ)။

ဘယ့်နှယ်ကြောင့် ပြုတ်ပါလိမ့်မတုံး. . . လို့ဆိုတော့ အမှန်သိတဲ့ သမ္မာဒိဋ္ဌိဝင်လို့ သက္ကာယဒိဋ္ဌိပြုတ်တယ်(မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်က ဘာလုပ်ကြရမှာတုံး. . . လို့ မေးတဲ့အခါကျတော့ ပေါ်တိုင်းပေါ်တိုင်းကို ပေါ်တဲ့ တရား မြင်စိတ်ပေါ်ပြီ၊ ကြားစိတ်ပေါ်ပြီ၊ နံစိတ်ပေါ်ပြီ၊ စားစိတ်ပေါ်ပြီ၊ ကုသိုလ်စိတ် ပေါ်တယ်၊ အကုသိုလ်စိတ် ပေါ်တယ်၊ ရှုစိတ်ပေါ်တယ်၊ ရှိုက်စိတ် ပေါ်တယ်လို့ ခင်ဗျားတို့သိနေလို့ ရှိရင်ဖြင့် သူတို့၏ ပင်ကိုဖြစ်စဉ်ကို ခင်ဗျားတို့က သိတဲ့အတွက် သက္ကာယသာဖြစ်၍ ဒိဋ္ဌိမဖြစ်ဘူး. . . (မဖြစ်ပါဘုရား)။

ဒိဋ္ဌိမဖြစ်တော့ ဘာဖြစ်သတုံးဆိုတော့ သက္ကာယနဲ့ သမ္မာဒိဋ္ဌိနဲ့ သွားတွဲတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သက္ကာယနဲ့. . . (သမ္မာဒိဋ္ဌိနနဲ့ တွဲပါတယ်ဘုရား) အရင်တုန်းကတော့ (မိစ္ဆာဒိဋ္ဌိနဲ့ တွဲပါတယ်ဘုရား) မိစ္ဆာ ဒိဋ္ဌိနဲ့ တွဲတယ်(မှန်ပါ့)။

အဲဒါ ဆရာသမားဆီရောက်လို့ သက္ကာယနဲ့သမ္မာဒိဋ္ဌိနဲ့ တွဲနေတာ။

http://www.dhammadownload.com



အဲဒီတော့ သောတာပန်မှာလဲ ဘုန်းကြီးပြောတဲ့ စိတ်တွေ အကုန်ပေါ်တာပဲ၊ သူက ဒါနဲ့ချည့် သွားသွားတွဲတယ်၊ ပုထုဇဉ်ကတော့ ဒါနဲ့သွားတွဲတယ်၊ မိစ္ဆာဒိဋ္ဌိနဲ့ သွားသွား တွဲတယ်... (မှန်ပါ့) ထူးပလား... (ထူးပါပြီဘုရား)။

သြော်... ဒါဖြင့် တို့ဆရာ ဘုန်းကြီးသင်တာ သက္ကာယနဲ့ သမ္မာဒိဋ္ဌိနဲ့တွဲ... (မှန်ပါ့) သက္ကာယနဲ့ မိစ္ဆာဒိဋ္ဌိဖြုတ်... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

သက္ကာယနဲ့... (သမ္မာဒိဋ္ဌိနဲ့ တွဲရပါ့မယ်ဘုရား) ဘယ်သူ့ကို ဖြုတ်ရမတုံး...(မိစ္ဆာဒိဋ္ဌိကို ဖြုတ်ရပါမယ်ဘုရား)။

အဲ... ရှေးတုန်းက တစ်သံသရာလုံးကတော့ သက္ကာယနဲ့ မိစ္ဆာဒိဋ္ဌိနဲ့သာ သွားသွားတွဲတယ်၊ တွဲတာ မတွဲတာကို ဦးသန်းမောင်တို့၊ ဒကာကြီး ဦးမာဒင်တို့က နားထောင်ကြည့်၊ ကိုယ်ကိုယ်တိုင် တွဲပါတယ်... (မှန်ပါ့)။

ဒါကလေးတွေဟာ ယားစိတ်၊ ယံစိတ် မဟုတ်လား... (မှန်ပါ့ဘုရား)။

တစ်ခါတည်း ဘာဖြစ်တုံး၊ ခင်ဗျား ဒကာမကို ပြောလို့ရှိရင် အို... ငါယားလို့ပေါ့ကွ၊ ယားတဲ့စိတ်နဲ့ ငါနဲ့သွားတွဲတယ်၊ မိစ္ဆာဒိဋ္ဌိနဲ့ သွားတွဲတယ်... (မှန်လှပါ)။

နို့... အခု ဘယ့်နှယ် နေသတုံး၊ မဟုတ်ဘူးလား... (မှန်ပါ့)ငါ သက်သာသွားပြီ၊ ငါနဲ့ သက်သာတဲ့သုခနဲ့ သွားတွဲတယ် ပျောက်သွားတော့ သုခနဲ့လဲ ငါပဲ သွားတွဲတယ်... (မှန်ပါ့)။

ဒါဖြင့် သက္ကာယနဲ့... (မိစ္ဆာဒိဋ္ဌိနဲ့ သွားသွားတွဲတယ်) ရှင်းပလား... (ရှင်းပါပြီဘုရား) သက္ကာယနဲ့... (မိစ္ဆာဒိဋ္ဌိနဲ့ သွားသွားတွဲပါတယ်ဘုရား)အခုတွဲသေးရဲ့လား...(မတွဲပါဘုရား)။

9.A

http://www.dhammadownload.com



အခုတော့ ဒကာ ဒကာမတွေ သက္ကာယနဲ့ တွဲချင်ရင် သမ္မာဒိဋ္ဌိ နဲ့တွဲ...(မှန်ပါ)။

သက္ကာယနဲ့ ဘာနဲ့တွဲကြမလဲ...(သမ္မာဒိဋ္ဌိနဲ့ တွဲရပါမယ် ဘုရား)။

ဒါဖြင့် သက္ကာယနဲ့ သမ္မာဒိဋ္ဌိနဲ့ တွဲတာက အရိယာတို့၏ တပည့်သားဖြစ်မှ တွဲတတ်တယ်...(မှန်ပါ)။

သုတ ဝါ–အကြားအမြင်ရှိသော အရိယ သာဝကော– အရိယာတို့၏တပည့်သားဖြစ်မှ သက္ကာယနဲ့ သမ္မာဒိဋ္ဌိ တွဲတတ်တယ် (မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အရိယာတို့၏ တပည့်သားမဟုတ်ဘူး၊ တော်အောင် ကြီးလာတဲ့၊ တော်အောင်နဲ့ပဲ ဆန်ပေါလို့ ကြီးလာတဲ့ ပုဂ္ဂိုလ်မျိုး တွေကျတော့ သက္ကာယနဲ့ မိစ္ဆာဒိဋ္ဌိနဲ့ သွားတွဲတယ်... (မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် သက္ကာယကြောင့် အပါယ်ကျတာလား၊ မိစ္ဆာဒိဋ္ဌိ ကြောင့် အပါယ်ကျတာလား...(မိစ္ဆာဒိဋ္ဌိကြောင့် အပါယ် ကျတာပါဘုရား)။

ဒါဖြင့် ခင်ဗျားအတွဲတွဲလို့...(မှန်လှပါ) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဘာလွဲတာတုံး ...(မိစ္ဆာဒိဋ္ဌိနဲ့ သက္ကာယ အတွဲလွဲပါတယ် ဘုရား)။

ပေါ်တဲ့ ဓမ္မနဲ့ မိစ္ဆာဒိဋ္ဌိနဲ့ သွားတွဲ၊ ပေါ်တဲ့ဓမ္မနဲ့ မိစ္ဆာဒိဋ္ဌိနဲ့ သွားတွဲ၊ ခင်ဗျားတို့က လောကွတ်များလွန်းပါတယ်... (မှန်ပါဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ခင်ဗျားတို့ "သုတဝါ အရိယသာဝကော" ဖြစ်မှသာလရင် ဒါနဲ့ သွားနိုင်တယ် (မှန်ပါ) သမ္မာဒိဋ္ဌိနဲ့ သွားတွဲတယ်...(မှန်ပါ)။

ဒါဖြင့် မြင်စိတ် ပေါ်လာတယ်၊ မြင်စိတ်လို့ ကိုယ်က သိပေး... (မှန်ပါ) မြင်စိတ်နဲ့ သူနဲ့သွားတွဲတာ သမ္မာဒိဋ္ဌိနဲ့ သွားတွဲတယ်... (မှန်ပါ) ကြားစိတ် ပေါ်လို့ရှိရင် ကြားစိတ်လို့ သိလိုက်ရင် သမ္မာဒိဋ္ဌိနဲ့ သွားတွဲတယ် (မှန်ပါ)ပေါ်တော့ကော... (နံစိတ်နဲ့ သွားတွဲရပါမယ်ဘုရား) နံစိတ်ရယ်လို့ ဒီကသိ (မှန်ပါ) ဘာနဲ့သွားတွဲသတုံး...(သမ္မာဒိဋ္ဌိနဲ့ သွားတွဲပါတယ် ဘုရား) ဒီအရင်တုန်းကတော့... (မိစ္ဆာဒိဋ္ဌိနဲ့ သွားတွဲပါတယ် ဘုရား)။

ကြားတာဟာသ ငါကြားတာကွ၊ ငါ...နားနဲ့ ဆက်ဆက်၊ အံမာလေး...(မှန်လှပါဘုရား) ငါနားနဲ့ဆက်ဆက်လို့ မသုံး ဘူးလား...(သုံးပါတယ်ဘုရား)။

ဒါဖြင့် ကြားစိတ်နဲ့ ဦးသန်းမောင်တို့ ဒိဋ္ဌိ သွားသွား တွဲတယ်...(မှန်ပါ) မတွဲပေဘူးလား...(တွဲပါတယ်ဘုရား)။

ဒါဖြင့် မတွဲ ကောင်းတာနဲ့ သွားတွဲတယ်၊ တွဲကောင်းတာနဲ့ သွားမတွဲတဲ့အတွက် ခင်ဗျားတို့မှာ နစ်နာပါတယ်... (မှန်လှပါဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီက ရှေ့အတွဲမှန်အောင် တွဲကြမလားလို့ဒီနေ့ တရားစ,ပေးတယ်...(မှန်ပါဘုရား) ဒါပေါ်တိုင်း သိနေရမယ်... (မှန်လှပါဘုရား)။

http://www.dhammadownload.com



ပေါ်တိုင်းဘာတုံး...(သိနေရပါမယ်ဘုရား) မြင်တာက မျက်လုံးထဲမှာ သိတာက ဝမ်းထဲကသိရင် တော်ပြီ... (မှန်ပါ့ဘုရား)။

ဖြစ်တာက ကိုယ်ပေါ်မှာ၊ ဝမ်းထဲက ဒီဥစ္စာ သြော်... ယားစိတ်ကလေး ပေါ်ပြီလို့ သိရင်တော်ပြီ...(မှန်ပါ့)။

ကောင်းတဲ့စိတ်ကလေး ပေါ်တာယ်လို့ သိရင်တော်ပြီ၊ လောဘလေး ပေါ်တာကော... (လောဘစိတ် ပေါ်မှန်းသိရင် တော်ပါပြီ ဘုရား) သိရင်တော်ပြီ၊ သဘောကျပလား... (ကျပါပြီဘုရား)။

ဒေါသစိတ် ပေါ်လာရင်ကော...(ဒေါသစိတ် ပေါ်လာတယ်လို့သိရင် တော်ပါပြီဘုရား) ဒေါသစိတ် ပေါ်မှန်းသိရင် တော်ပြီ၊ ဝမ်းထဲက သိ,သိပေး...(မှန်ပါ့)။

မောဟစိတ် ပေါ်လာရင်ကော ...(မောဟစိတ်မှန်းသိရင် တော်ပါပြီဘုရား) ဝမ်းထဲက သိပေးနေရင် တော်ပြီ။

ဒါဖြင့် ဒီက သက္ကာယ၊ဒီက သမ္မာဒိဋ္ဌိ... (မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

သက္ကာယနဲ့ သမ္မာဒိဋ္ဌိ ခင်ဗျားတို့ တွဲတတ်ပြီတဲ့၊ သက္ကာယနဲ့ မိစ္ဆာဒိဋ္ဌိ ကွဲသွားပြီ...(မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

သက္ကာယနဲ့ (မိစ္ဆာဒိဋ္ဌိ ကွဲသွားပါပြီဘုရား) ကွဲပြီ...(မှန်ပါ့) အခုဘာနဲ့ တွဲနေကြသလဲ... (သမ္မာဒိဋ္ဌိနဲ့ တွဲနေပါတယ် ဘုရား)။

http://www.dhammadownload.com



သက္ကာယနဲ့ . . . (သမ္မာဒိဋ္ဌိနဲ့ တွဲနေပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ နားလည်ထားတာက သက္ကာယဒိဋ္ဌိသာ နားလည်တယ်၊ သက္ကာယ, သမ္မာဒိဋ္ဌိကို နားမလည်ဘူး . . .(မှန်ပါ့) မဟုတ်ဘူးလား . . .(မှန်ပါ့) သက္ကာယဒိဋ္ဌိလို့ ပါးစပ်ထဲမှာကို ဝေနေတယ် ပြောကြတာ . . . (မှန်ပါ့)။

သြော် . . .သက္ကာယနဲ့ ဒိဋ္ဌိတော့ တွဲတတ်တယ်၊ သက္ကာယနဲ့ သမ္မာဒိဋ္ဌိနဲ့ မတွဲတတ်ဘူးဆိုတော့ကို ခင်ဗျားတို့ဟာ အဆိပ်ဆေးသာ နတ်တက်နေတာပဲ၊ အဆိပ်ဖြေတဲ့ဆေးကို မလာဘူး . . . (မှန်ပါ့) လာသေးရဲ့လား . . . (မလာပါဘုရား)။

ကောင်းပြီ . . .ဒါဖြင့် ယနေ့ အားထုတ်ရမယ့်တရား ဘယ်တရားတုံးဘုရား ဆိုလို့ရှိရင် ရှုလိုက် ရှိုက်လိုက် ရှုလိုက် ရှိုက်လိုက် နေတော့ ရှုမှန်း ရှိုက်မှန်း သိရှာကနေပြီးတော့ ဖျတ်ဆို မျက်လုံးကလေး ဖွင့်လိုက်လို့ မြင်စိတ်ပေါ်တယ်၊ မြင်စိတ်ဖြစ်ပြီလို့ သိပေး . . . (မှန်ပါ့) ကြားစိတ်ဖြစ်ရင် . . . (ကြားစိတ်ဖြစ်ပြီလို့ သိပေးရပါမယ်ဘုရား) နံစိတ်ဖြစ်ရင် . . . (နံစိတ်ဖြစ်ပြီလို့ သိရပါမယ်ဘုရား။)

အဲဒီကဲ့သို့ သိသိနေတော့ သြော် . . .ဘယ်လိုသိရလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ သမ္မာဒိဋ္ဌိ . . . (မှန်ပါ့) သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိက သိတာ . . . (မှန်ပါ့)။

သြော် . . .ဦးသန်းမောင်တို့၊ ဦးမာဒင်တို့ အမှန် သိရောပေါ့ . . . (မှန်ပါ့)။

http://www.dhammadownload.com



ဘာတုံး . . . (အမှန်သိသွားပါပြီဘုရား) အရင်တုန်းကတော့ အမှားသိ . . . (မှန်ပါ့ အမှားသိပါဘုရား) အရင်တုန်းကတော့ . . . (အမှားသိပါဘုရား)။

အဲ . . . ငါမြင်တယ်ဆိုတော့ ဪ . . . ဒီဥစ္စာက မျက်လုံးစိတ်က မြင်တာ မျက်လုံးစိတ် ငါလုပ်လိုက်တဲ့အတွက် အမှားသိဖြစ်နေတယ် . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)

ဒါဖြင့် ဒီနေ့ တရားနာရတာ ထူးခြားပြီး အားထုတ်ဖို့ တာဝန်ပေးတာဖြင့် တို့ရပြီ . . . (မှန်ပါ့)။

အပြင်ဧည့်သည် ဘယ်နှယောက် . . . (ခြောက်ယောက်ပါဘုရား) အတွင်းဧည့်သည် . . . (ငါးယောက်ပါဘုရား) အိမ်သည် (နှစ်ယောက်ပါဘုရား)။

ဒါတွေမပေါ်လို့ရှိရင် အခု နောက်ထပ်အားထုတ်မယ့် ပုဂ္ဂိုလ်များ ဒါကလေးနှစ်ခု ဪ . . .လေကလေးထွက်လာတယ် သူက လုပ်တာ . . . (မှန်ပါ့)။

လေကလေး ပြန်ရှိုက်နိုင်တာကော . . . (သူလုပ်တာပါဘုရား) ရှိုက်တဲ့စိတ်က လုပ် . . . (မှန်ပါ့) ဒါကလေးသိ . . . (မှန်ပါ့)။

ဒါကလေးသိရာမှ စိတ်ထဲက ဟာ့ဘုန်းကြီး ဘာလျှဦးမယ် ဆိုရင် ဒါကြားဖြတ်ပေါ်လာတာ ကြားဖြတ်ပေါ်ရင် သူ့ တို့မရှိဘူး (မှန်ပါ့) ဒါကသိုလ်စိတ်ကလေးလို့သိပေး . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒီနေ့က ဥပမာ...အိုက်လွန်းလို့ ယပ်ခတ်ချင်တဲ့ **အခါ** ကျတော့ အိုက်တဲ့စိတ်ကလေးပေါ်နေတဲ့ နေရာကို ... ဪ... အိုက်တဲ့စိတ် ပေါ်ပြန်ပြီဆိုပြီး ဒီက သိပေး... (မှန်ပါ့)။

အိုက်တာကလေးပျောက်သွားပြန်လဲ ပျောက်တဲ့ စိတ်ကလေး ပေါ်ပြီလို့ ပျောက်တဲ့စိတ်ဟာ ကိုယ်ပေါ်မှာပဲ ပျောက်သွားတယ်၊ ဒီကနေ သိပေး... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဒါတွေ ပေါ်တိုင်းပေါ်တိုင်း ခင်ဗျားတို့ ဘာလုပ်ရမှာတုံး... (သိရပါမယ်ဘုရား) အသိ နောက်က လိုက်ပေး... (မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ပေါ်တိုင်းပေါ်တိုင်း... (အသိ နောက်ကလိုက်ပေးရပါမယ်ဘုရား) ဘယ်နှခုတုံး...(ဆယ့်သုံးခုပါဘုရား)။

ဆယ့်သုံးခုတည်းဆိုလို့ရှိရင် •ခင်ဗျားတို့ မများဘူးလို့ ဆိုရမယ်... (မှန်ပါ့) များသေးသလား... (မများပါဘုရား)။

· ဒါဖြင့် ဒကာဒကာမတွေ ဒီလို သိတာဟာ ဘာတုံးလို့ မေးတော့ နိဂုံးချုပ်ပဲပြောလိုက်ပါမယ်၊ ဒိဋ္ဌိနှစ်မျိုးရှိတယ်... (မှန်ပါ့)။

အနုသယသဘောနဲ့ ကိန်းနေတဲ့ ဒိဋ္ဌိ တစ်မျိုး၊ ထကြွလာတဲ့ သဘောနဲ့ ကိန်းနေတဲ့ ဒိဋ္ဌိတစ်မျိုး... (မှန်ပါ့)။

ဒါဖြင့် အနုသယဒိဋ္ဌိ၊ပရိယုဋ္ဌာနဒိဋ္ဌိ၊ ဒိဋ္ဌိ ဘယ်နှမျိုးတုံး... (နှစ်မျိုးပါဘုရား)။

အဲ... စာလိုဖြစ်နေတော့ ခင်ဗျားတို့ နားမလည်ဘူး၊ ဒါက ဘုရားဟောတဲ့ သဘောအတိုင်း ပြောတာ... (မှန်ပါ့) ခင်ဗျားတို့ ရှင်းအောင် တစ်မျိုးပြောရမယ်။

http://www.dhammadownload.com



ခင်ဗျားတို့ ရှင်းအောင်ကတော့ ကြောင်ဟာ ဦးသန်းမောင် ကြွက်ကို မြင်လို့ရှိရင် နေနိုင်တဲ့ အကောင်မျိုး မဟုတ်ပါဘူး၊ နေနိုင်ပါ့မလား. . . (မနေနိုင်ပါဘုရား)။

ဒါဖြင့် သူ့ဝမ်းထဲမှာ ကြွက်ကိုမြင်ရင် ဖမ်းမယ်ဆိုတဲ့ စိတ်ကလေးဟာ ဝမ်းထဲမှာရှိတယ်၊ ဒါ အနုသယသဘောပဲ ကိန်းနေတယ်. . . (မှန်ပါ့)။

ကြွက်မြင်ရင် ဖမ်းမယ်ဆိုတဲ့ စိတ်ကလေးဟာ ဝမ်းထဲမှာ ကိန်းနေတယ်. . .(မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

တစ်ခါ ကြွက်ကလေးက သူနဲ့ မနီးမဝေးလာတဲ့အခါ ကျတော့ ဖျတ်ဆို ကပျာကယာထလိုက်ပြီး ခြေသည်းလက်သည်း ကလေးက ထွက်လာတယ်၊ မခုတ်သေးဘူး. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒါက ပင်ကိုက ကြွက်မြင် ခုတ်မယ်ဆိုတဲ့ စိတ်၊ ခုတ်တတ်တဲ့စိတ် သူက. . . (မှန်ပါ့) သူကတော့ ခုတ်မယ်ပြင်တဲ့ စိတ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ကြောင်ဟာ ဘယ်နှစိတ်ရှိသလဲ. . . (နှစ်စိတ်ပါ့ဘုရား) ပင်ကိုက ခုတ်တတ်တဲ့စိတ်၊ ကြွက်မြင်မှ ခုတ်ဖို့ပြင်တဲ့စိတ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဒါဖြင့် ကြွက်မြင်ရင် ခုတ်တတ်တဲ့စိတ်က တစ်မျိုး၊ ခုတ်မယ် ပြင်တဲ့ စိတ်က တစ်မျိုး. . . (မှန်ပါ့) နှစ်မျိုးရှိတယ်။

http://www.dhammadownload.com



အဲ... ယနေ့တော့ဖြင့် ဒိဒိဋ္ဌိ၊ ဒိဒိဋ္ဌိနှစ်မျိုးရှိသွားပြီ... (မှန်ပါ့ဘုရား) ဒါ အနုသယဒိဋ္ဌိဆိုတာက ပင်ကိုသဘောက ခင်ဗျားတို့ ဝမ်းထဲမှာ ကိန်းနေတဲ့ ဒိဋ္ဌိ... (မှန်ပါ့ဘုရား)။

ကြွက်မြင်ရင် ခုတ်ချင်တဲ့ သဘောကလေးဟာ ပင်ကို သဘောက ရှိတယ်... (မှန်ပါ့) နောက် ကြွက်မြင်တဲ့အခါ ခြေသည်း လက်သည်း ထွက်လာတဲ့စိတ်ကော မရှိဘူးလား... (ရှိပါတယ်ဘုရား) အဲဒီ ဒိဋ္ဌိကလဲ တစ်မျိုးပဲ... (မှန်ပါ့)။

ဒါဖြင့် အနုသယဒိဋ္ဌိ၊ ပရိယုဋ္ဌာန ဒိဋ္ဌိ...(မှန်ပါ့) ဒီနေ့ ဒါတွေကို ပေါ်တိုင်းပေါ်တိုင်း သိလိုက်သဖြင့် ဟောဒီ ဒိဋ္ဌိပြုတ်သွားပြီး... (ပရိယုဋ္ဌာနဒိဋ္ဌိ ပြုတ်ပါပြီ) အနုသယဒိဋ္ဌိ မပြုတ်ဘူး... (မှန်ပါ့)။

အနုသယဒိဋ္ဌိကတော့ ဘုန်းကြီးက နောက်အလုပ် ဆက်ပေးရ ဦးမယ်... (မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိနှစ်မျိုးရှိရာတွင် ပရိယုဋ္ဌာန ထကြွတဲ့ ဒိဋ္ဌိ ပြုတ်ပြီ... (မှန်ပါ့) ကိန်းနေတဲ့ဒိဋ္ဌိ မပြုတ်သေးဘူး... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဒိဋ္ဌိပြုတ်ရင် သောတာပန်အငယ်၊ ဒိဒိဋ္ဌိပြုတ်ရင် သောတာပန် အကြီး... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ကြွက်မြင်ရင် လက်သည်းပြင်တာဆိုတဲ့ဒိဋ္ဌိ မျိုးပြုတ်ရင် သောတာပန်အငယ်စား ဖြစ်ပါတယ်၊ အတွင်းမှာရှိတဲ့ ခုတ်တတ်တဲ့

http://www.dhammadownload.com



စိတ် ပျောက်သွားပြီဆိုရင် သောတာပန်**အစစ်**...(မှန်ပါ) သဘောပါပလား... (ပါပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီဟာတွေ ပေါ်တိုင်းပေါ်တိုင်း၊ သိနေရင် ခုနင်က ကြွက်မြင်ရင် ခြေသည်း, လက်သည်းပြင်တဲ့ ဒိဋ္ဌိပြုတ်တာ...(မှန်ပါ) ပရိယုဋ္ဌာနပြုတ်တယ်၊ အနုသယ မပြုတ်နိုင်ဘူး... (မှန်ပါ)။

အနုသယတော့ ခင်ဗျားတို့ အားထုတ်လို့ ဖြစ်ပျက်တွေ **နောက်တော့** ဆုံးပါလိမ့်မယ်၊အဲဒီ ဆုံးတဲ့အခါကျတော့မှ သူပြုတ်ပြီ ပြောရမယ် ...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့သည် ဘာဖြစ်တဲ့နေ့တုံးလို့ မေးလို့ရှိရင်ဖြင့် ပေါ်တိုင်းပေါ်တိုင်းသာ နောက်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အကုန်ထုတ်ကြမယ်လို့ ဆိုလို့ရှိရင်ဖြင့် အပါယ်ကို ကျစေတတ်တဲ့ ဒိဋ္ဌိ၊ အပါယ်ကို အမြဲတမ်း ကျစေတတ်တဲ့ဒိဋ္ဌိ၊ အပါယ်ကို ကျစေတတ်တဲ့ဒိဋ္ဌိ၊ တစ်ဘဝ, နှစ်ဘဝကျအောင် ပြုတ်တယ်... (မှန်ပါဘုရား)။

အမြဲတမ်း ဒိဋ္ဌိလွတ်အောင်တော့ နောက်မှ ဟောရမယ်၊ ဟောရလိမ့်မယ်၊ ဟောလို့လဲမပြီးဘူး၊ အဲဒါက ...(မှန်ပါဘုရား)။

ခင်ဗျားတို့ အားထုတ်ရမယ်... (မှန်ပါ) အခု ဟောလို့ နားလည်တာနဲ့ ဒီဘဝ စုတေမနေ၊ သေလွန်လို့ရှိတောင် အပါယ်တော့ မကျဘူး... (မှန်ပါ)။

ဘုန်းကြီးတို့က ဟောရဲတယ်... (မှန်ပါ) **ပရိယုဋ္ဌာန** ပြုတ်သွား တယ်...(မှန်လှပါ) ရှင်းပြီနော်... (**ရှင်းပါပြီဘုရား)။**

http://www.dhammadownload.com



ဒါဖြင့် အားလုံး ဒကာဒကာမတွေ ကိုယ့်ဒုက္ခ ကိုယ်အပါယ် သွားရမယ့် ဒုက္ခ ကိုယ်ဇာတ်သိမ်းတဲ့ ဖြစ်သောကြောင့် ပေါ်တိုင်း သိကြပါ... (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာလုပ်ရမတုံး... (ပေါ်တိုင်းသိရမှာပါဘုရား) ပေါ်တိုင်း သိပါ၊ သဘောပါပလား (ပါပါပြီဘုရား)။

ကဲ...ဒီနေ့ ဒီတွင် တော်ပါဦး။

သာဓု...သာဓု...သာဓု

http://www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မင်္ဂလာကျောင်း၌ ဟောကြားတော်မူအပ်သော
စိတ္တာ နုပဿနာ(အခြေခံ)

# နေ့အလုပ်ပေး တရားတော်

(၆-၁၀-၆၁)

ဒီဥစ္စာ ကြပ်ကြပ် ဂရုစိုက်ကြပါလို့ သတိပေးတယ်နော်... (မှန်ပါ့) ကိုယ်တိုင်လုပ်ရမှာ ဖြစ်နေတယ်၊ အလုပ်ပေးတဲ့နေ့လို့ မှတ်ကြပါ။

ခန္ဓာကိုယ်ထဲမှာ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်လို့ရှိရင် ကိုယ်ကြီး ရှုရင် ကာယ နုပဿနာ၊ ဝေဒနာရှုရင် ဝေဒနာ နုပဿနာ၊ စိတ်ရှုရင် စိတ္တာနုပဿနာ၊ သစ္စာရှုရင် ဓမ္မာနုပဿနာ လို့ မှတ်ကြပါ... (မှန်ပါ့) ဒီလေးခု တစ်ခုခုရှုရင် နိဗ္ဗာန် ရောက်တာချည့်ပဲလို့ မှတ်ပါ... (မှန်ပါ့)။

သတိပဋ္ဌာန်လေးပါးရှိတဲ့အနက် တစ်ပါးပါးကို အဆုံး ရှုနိုင်လို့ ရှိရင် နိဗ္ဗာန်ရောက်တာချည့်ပဲလို့ မှတ်ထားကြပါ... (မှန်ပါ့)။

ကောင်းပြီ... ဒါဖြင့် ဒီဒကာ ဒကာမတွေ ယနေ့ စပေး ရမှာက စိတ္တာနုပဿနာဆိုတာ မှတ်ထားကြစမ်းပါ၊ ကိုယ့်စိတ် ကိုယ်ရှုတာ... (မှန်ပါ့)။

http://www.dhammadownload.com



စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်... (ကိုယ့်စိတ် ကိုယ်ရှုတာပါ ဘုရား) ကိုယ့်စိတ် ကိုယ်ရှုတာ... (မှန်ပါ့)။

ဩော် ကမ္မဋ္ဌာန်းဟာ တခြားရှာရမှာလား အောက်မေ့တယ်၊ ကိုယ့်စိတ်ကိုယ်ရှုရမှာကိုးလို့ မှတ်ထားကြပါ...(မှန်ပါ့)။

ကမ္မဋ္ဌာန်း တခြားမရှာနဲ့ ကိုယ့်စိတ်ကိုယ်ရှု... (မှန်ပါ့) ကိုယ့်သန္တာန် ပေါ်တဲ့စိတ်ကို ရှုပါ...(မှန်ပါ့)။

ကမ္မဋ္ဌာန်းဆိုတာ တခြားရှာရတာ မဟုတ်ပါလား၊ ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ကို ကိုယ်ရှုရုံပဲဆိုတာ သေသေချာချာ မှတ်ပါ... (မှန်ပါ့)။

နောက်က ဒကာဒကာမတွေ ဘာရှုရလဲ... (ကိုယ့်သန္တာန် ပေါ်တဲ့စိတ်ကို ကိုယ်ရှုရပါမယ်ဘုရား)။

အို... ဒါဖြင့် တို့မှာ သိပ်ပြီးပါရမီထူးတာပဲ၊ ကိုယ့်စိတ်က ခဏခဏပေါ်နေတာ... ကိုယ်က မရှုမိလို့သာ... (မှန်ပါ့)။

ကိုယ့်စိတ် ခဏခဏ ပေါ်နေတာ... (ကိုယ်မရှုမိလို့တာပါ ဘုရား) ကိုယ်က မရှုမိလို့သာလရင် နိဗ္ဗာန်ရောက်ကြောင်းတရား ကိုယ့်ဆီကို မရောက်လာတာကိုး၊ ကိုယ့်စိတ်က ရှုမိလို့ ရှိရင် ကိုယ့်အကြောင်း ကိုယ်သိတဲ့အတွက် နိဗ္ဗာန်ကို ကိုယ်ရှုတဲ့ ဉာဏ်က ပို့မှာပဲလို့ ဒကာဒကာမတွေ အောက်မေ့ထားပါ... (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ကိုယ့်စိတ်ကလဲ ဘယ်လိုစိတ်ရှိသတုံး ဦးမာဒင်က မေ့မေး၊ဦးသန်းမောင်က မေးမေး၊ နောက်က ဒကာဒကာမတွေက မေးမေး ကိုယ့်စိတ်ဟာ အနည်း ကလေးပါ... (မှန်ပါ့)။

http://www.dhammadownload.com



ထပ်ပြန်တလဲလဲဖြစ်နေလို့ များတယ်ထင်တာပါ၊ နာမည်နဲ့ ဆိုင်းဘုတ်ဆွဲပြီး ရေတွက်လို့ရှိရင် ခင်ဗျားတို့ ရှုနိုင်တာက ဆယ့်သုံးပဲရှိတယ်...(မှန်ပါ့)။

ဒါဖြင့် ဒီဆယ့်သုံးလောက်တော့ ဘုရားတပည့်တော်တို့ ပေါ်ရာကို လိုက်မယ်ဆိုလို့ရှိရင်ဖြင့် တပည့်တော် အပျက်မြင်ဖို့ပါပဲ၊ ကိုယ့်စိတ်ကိုယ်မြင်ဖို့ပါပဲလို့ တရားနာတဲ့ ဒကာဒကာမတွေက အမြဲမှတ်ပါ... (မှန်လှပါ)။

ကောင်းပြီ... ဒါဖြင့် အလုပ်တရားကိုပေးတော့ ဘယ်အလုပ်များ လုပ်ပေးရပါလိမ့်မလဲလို့ ဆိုတဲ့ သံသယကို ယနေ့ကစပြီး ဖျောက်ပါတဲ့၊ ကိုယ့်စိတ်ကိုယ်ရှုရင် နိဗ္ဗာန် ရောက်ပါတယ်... (မှန်ပါ့ဘုရား)။

ကိုယ့်စိတ်ကိုယ်ရှုရင်... (နိဗ္ဗာန်ရောက်ပါတယ် ဘုရား) နိဗ္ဗာန်ရောက်ပါတယ်လို့ မှတ်ပါ။

ဒါဖြင့် ကိုယ့်စိတ်ပြပါတော့မယ်တဲ့၊ ဒကာဒကာမတို့ ကိုယ့်စိတ် ကိုယ်ရှုတာ မြင်ကြရပါတော့မယ်၊ ပုထုဇဉ်စိတ်ဆိုတာ မျောက်စိတ်နဲ့ အတူတူပဲ... (မှန်ပါ့)။

ပုထုဇဉ်စိတ်ဆိုတာ မျောက်စိတ်နဲ့ အတူတူပဲ၊ ဘာဖြစ်လို့ ပုထုဇဉ်စိတ်ဟာ မျောက်စိတ်နဲ့ အတူတူလို့ ပြောရပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ ခဏခဏ ပြောင်းလွဲမှု ရှိလို့ မှတ်လိုက်ပါ... (မှန်လှပါ)။

ခဏခဏ ပြောင်းလွဲမှုရှိလို့လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်လိုက်လို့ရှိရင် ဩော်... ပြောင်းလွဲတာလဲသိ၊ ပြောင်းလွဲတဲ့ တရား၏ ပျက်တာကိုလဲသိတယ်...(မှန်ပါ့)။

http://www.dhammadownload.com



ကိုင်း...ဒါဖြင့် ကြည့်ပါတဲ့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒါဟာ အလုပ်စဉ်ပါပဲဆိုတော့ မျက်လုံးဖွင့်လိုက်တယ်၊ ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဒကာဒကာမတို့ **ရှေ့မှာ** ရှိတာ မြင်တာပဲဖွဲ့...(မှန်ပါ့) ရှေ့မှာရှိတာမြင်တာပဲ၊ ဒါဖြင့် ဒီအထဲမှာ မြင်စိတ်ကလေး ဖျတ်ခနဲ ပေါ်တယ်လို့ အောက်မေ့ပါ... (မှန်ပါ့)။

မျက်လုံးကို မျက်လွှာဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ရှေ့မှာရှိတာ မမြင်ကြဘူးလား... (မြင်ပါတယ်ဘုရား) မြင်တော့ကို ဒကာဒကာမတို့ အ**ကန်းဖွင့်**တော့ ဘယ်လိုဖွင့်ဖွင့် မမြင်ဘူး... (မှန်ပါ့)။

ဒကာဒကာမတွေကလဲ မျက်စိကန်း **မဟုတ်တော့**ကို မြင်တယ်ဆိုတာ ပေါ်လာတော့ သြော်... အ**ကန်းတော့ မြင်စိတ်** မပေါ်ဘူး၊ တို့တော့ **မြင်စိတ်**ပေါ်လို့ မြင်**တာကိုး**လို့ မှတ်လိုက်ပါ...(မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတွေမှာ **မြင်တယ်**ဆိုရင် မြင်စိတ်ကလေး ပေါ်ပြီ၊ ကိုယ့်ဟာကိုယ်**သိ... (မှန်ပါ့)** နောက်က သိပေးပါ... **(မှန်ပါ့)**။

ရှေ့က **မြင်စိတ်** ပေါ်လို့**ရှိရင် နောက်က** မြင်စိတ်ပေါ်ပြီလို့ ဒါက သိတာ ဝိပဿနာပဲ... **(မှန်ပါ့)**။

မြင်စိတ်ကလေးပေါ်တာကို သြော်... မြင်စိတ်ပေါ်ပြီလို့ နောက်က သိသိပေးစမ်းပါ... (မှန်ပါ့)။

http://www.dhammadownload.com



**ဝမ်းတွင်းမှာလဲ** သိတဲ့တရားကလဲ ဒကာဒကာမတွေ မှတ်ထားပါ၊ သမ္မာဒိဋ္ဌိ၊ **သမ္မာ**သင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ **ဒိငါး**ခုပေါင်းပြီးတော့ မြင်စိတ်ကလေးပေါ်တိုင်း သူက သိလို့ရှိရင် ဒိငါးခုက သိတယ်... (မှန်ပါ့) မြင်**စိတ်က**လေး ပေါ်တာကို သိအောင် ဒိငါးခုက လိုက်နေတယ်...(မှန်ပါ့)။

ကိုင်း... ဒါဖြင့် ဒကာဒကာမတို့ အခု ဘုန်းကြီး တရားဟောနေတော့ နားထဲမှာ နဂိုက ကြားစိတ်ရှိသလား...တဲ့၊ အသံထွက်မှ ကြားစိတ် ပေါ်ကြသလား... (အသံထွက်မှ ကြားစိတ် ပေါ်ပါတယ်ဘုရား)။

သြော်... ဒါဖြင့် သူ လဲ အသစ်ကလေးပဲ... (မှန်ပါ့) မျက်လုံးလိုပဲ အသစ်ကလေးပဲလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့)။

ဒါဖြင့် ဒါကလေးလာလဲ ကြားစိတ်ပေါ်လို့ရှိရင် နောက်က သြော်...ကြားစိတ် ပေါ်ပြီလို့ ဝမ်းထဲက သိပေး... (မှန်ပါ့)။

ကြားစိတ်ပေါ်ပြီလို့... (ဝမ်းထဲက သိပေးရပါမယ်ဘုရား) ဝမ်းထဲက သိပေးရမယ်။

ကောင်းပြီ၊ တစ်ခါ အနံ့ကလေးတွေ ဘာကလေးတွေ လေက ယူလာတော့ နှာခေါင်းထဲမှာ ပုပ်တယ်၊ ညှီတယ်၊ မွှေးတယ် အစရှိသည်နဲ့ သြော်...မွှေးလိုက်တာလို့ နှာခေါင်းထဲမှာ မွှေးတဲ့စိတ်ကလေး ပေါ်လာတယ်... (မှန်ပါ့)။

ဝမ်းထဲက သိပေး၊ သြော်... **မွှေးတဲ့စိတ်က**လေး ပေါ်ပြီလို့ **သိပေး**... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ပေါ်တာကတခြား၊ **သိတာကတခြား**. . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ပေါ်တာက တခြား၊ သိတာက . . . (တခြားပါဘုရား) **တစ်နည်းအားဖြင့်** ပေါ်တာကရှေ့က၊ သိတာကနောက်က . . . (မှန်ပါ့ဘုရား) ဒီအတိုင်း လိုက်ပေးပါ . . .တဲ့။

ကောင်းပြီ . . . တစ်ခါ လျှာပေါ်မှာ ကိုယ့်တံတွေးကလေး မျိုမျို၊ ချိုချဉ်၊ ဖန်ငန် စားချင်တာစား၊ လျှာလယ်လောက် ရောက်လာတဲ့အခါကျတော့ သိတဲ့စိတ်ကလေး၊ စားစိတ်ကလေး ဟာ ပေါ်လာတယ် . . . (မှန်ပါ့)။

အဲဒီ စားစိတ်ကလေးပေါ်တာကိုလဲ ဩော် . . . စားစိတ် ကလေး ပေါ်ပြီလို့ ဝမ်းထဲက သိပေးပါ . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကိုယ်ပေါ်ကျလာတော့ကို . . .တဲ့၊ ယားတယ်ယံတယ်၊ နာတယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတာ ကိုယ်ပေါ်မှာ ပေါ်ပါ လိမ့်မယ်တဲ့ . . .(မှန်ပါ့)။

ပေါ်ပါလိမ့်မယ်တဲ့၊ **ဒါဟာ** ပေါ်တိုင်း . . .ပေါ်တိုင်း ဒကာဒကာမ တွေက ဝမ်းထဲကသိပေး . . . (မှန်ပါ့) ကိုယ့်စိတ် ကလေးပေါ်တယ်၊ ဒုက္ခစိတ်ကလေးပေါ်တယ်လို့ သိသိ ပေးပါ . . .(မှန်ပါ့)။

ငင်းကိုယ်ပေါ်မှာပဲ တစ်ကိုယ်လုံးမှာပဲ သူပေါ်ချင်ရာ ပေါ်လိမ့်မယ်၊ ချမ်းသာတဲ့စိတ်ကလေး၊ လေကလေးတိုက်၊ **10.A**

http://www.dhammadownload.com



လက်မောင်းကလေး တိုက်ရင် လက်မောင်းကလေးတွင် ချမ်းသာတဲ့စိတ်ကလေး ပေါ်တယ်... (မှန်ပါ့)။

အဲဒါကလဲ ပေါ်တိုင်းပေါ်တိုင်း ဝမ်းထဲက သိပေးပါ... (မှန်ပါ့) ပေါ်တာက ကိုယ်ပေါ်မှာ သိတာက... (ဝမ်းထဲမှာပါဘုရား) ဝမ်းထဲကသိတာ... (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဒါသည် ဝမ်းထဲမှာ အရှုတွေ, အသည်းတွေ, နှလုံးသွေးတွေ, အမျိုးမျိုးအဖုံဖုံရှိတဲ့ဆီမှာ ပေါ်တဲ့တရားတွေ မဟုတ်သောကြောင့် အပြင်ဘက် ချည့်သည် ခြောက်ယောက်လို့ မှတ်ထားပါ။

ဒါကို ဦးသန်းမောင်တို့အားလုံး နောက်က ဒကာ ဒကာမတွေ မှတ်စရာ ဒီတစ်ခုပေါ်နေရင် ကျန်တဲ့ငါးခု မပေါ်ပါဘူး...(မှန်လှပါ ဘုရား)။

ဒီတစ်ခုပေါ်နေရင်လဲ ကျန်တဲ့ငါးခု မပေါ်ပါဘူး... (မပေါ်ပါ ဘုရား) ပေါ်ချင်တာပေါ် တစ်ခုသာ ပေါ်တယ်၊ ဘယ်တော့မှ ပြိုင်မပေါ်ဘူး... (မှန်ပါ့)။

တစ်ခုတည်းပေါ်တာကို နောက်က အသိကလေးတောဖြင့် လိုက်နေပါ... (မှန်ပါ့)။

ဒါဖြင့် မြင်စိတ်ပေါ် သိ... (မှန်ပါ့) ကြားစိတ်ပေါ်လဲ (သိရပါမယ်ဘုရား) နံစိတ် ပေါ်ရင်ကော (သိရပါမယ် ဘုရား)။

စားစိတ်ပေါ်ရင် (သိရပါမယ်ဘုရား) ယားစိတ်, ယံစိတ်

http://www.dhammadownload.com



နာစိတ်ပေါ်ရင် . . . (သိပေးရပါမယ်ဘုရား) ကောင်းစိတ် ကလေး ပေါ်နေရင် . . . (သိရပါမယ်ဘုရား) ကောင်းတဲ့ ချမ်းသာတဲ့ စိတ်ကလေးပေါ်လဲ သိပေးပါ . . . (မှန်ပါ့)။

ဒီခြောက်ပါး ဘာခေါ်ကြမယ် . . . (အပြင်ဒွေ့သည် ခြောက်ယောက်ပါဘုရား) အပြင်ဘက်မှာပေါ်လို့, အပြင်ဒွေ့သည် ခေါ်တာ . . .(မှန်ပါ့)။

စာလိုတော့ အဇ္ဈတ္တိကာယတနလို့ ခေါ်တယ်။ *သို့သော် ဒကာဒကာမတွေ နားမလည်ဘူး၊ ကိုယ်အပြင်မှာ ပေါ်တဲ့အတွက် အပြင်ဒွေ့သည်ခြောက်ယောက်လို့ မှတ်ထားပါ၊ ဒါပေါ်တိုင်း ပေါ်တိုင်း အသိက ဝမ်းထဲကနေ ဝမ်းထဲကနေ သိပေးရမယ် . . . (မှန်ပါ့)။

သိပေးတော့ကို ဩော် . . . ဒါတွေဟာ အပြင် ဒွေ့သည် ခြောက်ယောက် အခုပြတာ အစဉ်အတိုင်းပါ . . .တဲ့၊ ပေါ်ချင် တော့ သူက အရင်လဲစပေါ်မယ်၊ သူကရင်လဲ ကြားပေါက် ပေါ်ချင်ပေါ်မယ် . . . (မှန်ပါ့)။

သို့သော် . . .သူက ပေါ်ချင်တာပေါ်ပစေ၊ ဘုန်းကြီးတို့ ဒကာဒကာမတွေက သိပေးရင်ပြီးတာပဲ . . . (မှန်ပါ့)။

---

* စိတ်သည် မနာယတနဖြစ်၍ အဇ္ဈတ္တိ ကာယတနမျိုး ဖြစ်ရကား . . .အတွင်းမှာပင်ဖြစ်၏။ သို့သော် ဒကာ ဒကာမ တွေ နားလည်သဘောပေါက်ရန် ဝမ်းထဲရှိ ဟဒယဝတ္ထုပေါ် မှီဖြစ်လျှင် အတွင်း၊ ခန္ဓာကိုယ်အပြင်ဘက်ကျသည့် ပဉ္စဝတ္ထု မှီဖြစ်လျှင် အပြင်ဟု အမည်ပေးခြင်းဖြစ်သည်ဟု ဆိုလိုသည်။

http://www.dhammadownload.com



သူကတော့ အစဉ်အတိုင်း ပေါ်လိမ့်မယ်လို့ မဟုတ်ဘူး။ ပေါ်ချင်ရာ ကြားဖြတ်အလုပ်တွေလဲ လုပ်မှာပဲ၊ ပေါ်ချင်ရာပေါ်, ဦးသန်းမောင်တို့ ဦးမာဒင်တို့က ဘာလုပ်ကြမယ် . . . (သိပေးရပါမယ် ဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ကိုယ်သိတယ် . . . (မှန်လှပါ) ကိုယ့်စိတ်ကို . . . (ကိုယ်သိပေးရပါမယ်ဘုရား)။

ဒါဖြင့် ဒါဟာ စိတ္တာနုပဿနာ . . . (မှန်ပါ့) စိတ္တက . . . စိတ်၊ အနုပဿနာကရှုတာ၊ စိတ်ကိုရှုသည် . . .(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

မ,နဲ့ အိနဲ့ ပေါင်း မအိပါပဲ . . .(မှန်ပါ့) နားလည်ကြရဲ့လား ခင်ဗျားတို့ . . . (လည်ပါတယ်ဘုရား)။

ကောင်းပြီ . . . ဒါဖြင့် နောက်က ဒကာဒကာမတွေ ဒီဟာကို ပေါ့ပေါ့တန်တန်နဲ့ မနာယူပါနဲ့၊ လေးလေးစားစားနဲ့ နာယူပါ . . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် လေးလေးစားစားနဲ့ နာယူပါလို့ ဆရာဘုန်းကြီးက အမိန့်ရှိရတုံးလို့ မေးလို့ရှိရင် ကိုယ့်စိတ် ကိုယ်သိရင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်ကုန်ပြီ . . . (မှန်ပါ့)။

ကိုယ့်စိတ် ကိုယ်မသိလို့ မရောက်ကြတာ . . .(မှန်ပါ့) အဲဒီတော့ ဒါလေးစားရမယ့် အလုပ်ဆိုတာ ဦးမာဒင် ထင်ရှားသွားပြီ(မှန်ပါ့)။

အားလုံး ဒကာဒကာမတွေ ကိုယ့်စိတ် ကိုယ် မသိကြလို့ ◌က်တာ . . . (မှန်ပါ့)။

http://www.dhammadownload.com



ကိုယ့်စိတ်ကိုယ် မသိကြလို့ ပေါ့ဗျ၊ တော်တော်ကြာမေ့ပြန်ပြီ အင်း... ကိုယ့်စိတ်ကိုယ် မသိဘူး... (မှန်ပါ့) တော်တော်ကြာ စိတ်ကူးကတခြား သွားတာကတစ်ဖုံ ဟာ... ဘာဖြစ်လို့တုံး ကိုယ့်စိတ်ကိုယ် မသိလို့... (မှန်ပါ့)။

ရည်ရွယ်ချက်က တစ်ခြား၊ ဟုတ်လား... လုပ်တာက တစ်ဖုံ...(မှန်ပါ့) ဘာဖြစ်တာတုံး ဒီဥစ္စာ... (ကိုယ့်စိတ် ကိုယ်မသိတာ ဘုရား)။

ဒါကြောင့် ဓားနဲ့ ပြောင်းရိုးစင်းတဲ့ပုဂ္ဂိုလ်၊ မြက်စင်းတဲ့ ပုဂ္ဂိုလ် တောင်သူလယ်သမားကြီးတွေ ရှိပါတယ်၊ ခုတ်တာ ကတော့ဖြင့် ပြောင်းရိုးခုတ်တာပဲ၊ တစ်ခါတလေ လက်ခုတ်မိ တယ်... (မှန်ပါ့) ကိုယ့်စိတ် ကိုယ်မသိလိုက်ဘူး... (မှန်လှပါ ဘုရား)။

ကိုယ့်စိတ်ကိုယ် မသိလိုက်တော့... ဒီနေရာ ခုတ်မယ် ဆိုပြီး ဟိုနေရာရောက်တယ်... (မှန်ပါ့ဘုရား) ကိုယ့်စိတ် ကိုယ်မသိလို့ ဒဏ်သင့်တာ... (မှန်ပါ့)။

ဘုရားက ကိုယ့်စိတ် ကိုယ်သိလို့ရှိရင်ကွာ... တဲ့ မင်းတို့ နိဗ္ဗာန်ရောက်ပါတယ်တဲ့... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အခု အပြင်ဘက် ဘယ်နှစိတ်ရှိသတုံး (ခြောက်စိတ်ပါ) ဒါက ဘုန်းကြီးက ဒီမှာ အဝတ်ဖြူပေါ်မှာ အနီတင်ပြတာ ခင်ဗျားတို့ ခန္ဓာထဲမှာ သူ့နေရာနဲ့သူ ပေါ်ပါတယ်... (မှန်ပါ့) **ပေါ်တိုင်း**ပေါ်တိုင်း သိပေးပါလို့ သတိပေးလိုက်တယ် နော် (မှန်ပါ့)။

http://www.dhammadownload.com



ကောင်းပြီ၊ မကုန်သေးဘူး ဒကာဒကာမတို့၊ တစ်ခါတလေ ကျတော့လဲ ဝမ်းထဲမှာ လောဘကလေးဟာ သူ့အကြောင်း တိုက်ဆိုင်ရင် ပေါ်လာတယ်... (မှန်ပါ့)။

ဒေါသကလေးဟာလဲ သူ့အကြောင်း တိုက်ဆိုင်ရင် ပေါ်လာတယ်၊ မောဟဆိုတဲ့ သံသယစိတ် ပျံ့လွင့်တဲ့ စိတ် ကလေးလဲ ပေါ်လာတယ်... (မှန်ပါ့)။

သူကတော့ ဝမ်းထဲမှာ ပေါ်တယ်၊ အတွင်းဓည့်သည်လို့ မှတ်လိုက်... (မှန်လှပါဘုရား)။

သူ့ကို ဘယ်လိုမှတ်ကြမယ်...(ဝမ်းထဲမှာပေါ်တဲ့ အတွင်း ဧည့်သည်ပါ ဘုရား) ဧည့်သည်တော့ ဧည့်သည်ပဲ၊ သို့ရာတွင် အတွင်းဧည့်သည်အဖြစ် ပေါ်လို့ အတွင်းဧည့်သည်လို့ မှတ်ပါ... (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ် ... (အတွင်းမှာပေါ်လို့ အတွင်းဧည့်သည်ပါ ဘုရား)။

ကောင်းပြီ၊ ဒါက လောဘ, မောဟလွတ်အောင် ခေါ်လိုက် တော့လဲ...(မှန်ပါ့) ဒါတွင်ပဲလားလို့ ဆိုတော့ တစ်ခါတလေကျ တော့လဲ ပေးချင်, ကမ်းချင်, လှူချင်, တန်းချင်တဲ့ အလောဘ ဆိုတာ ပေါ်တယ်... (မှန်ပါ့) အတွင်းဧည့်သည်က တော့ဖြင့် ဒီငါးယောက်လို့ မှတ်ပါ။

အတွင်းဧည့်သည်က ဘယ်နှယောက်တုံး... (ငါးယောက် ပါ ဘုရား) အပြင်ဧည့်သည်က... (ခြောက်ယောက်ပါဘုရား) ခြောက်နဲ့ငါးနဲ့ပေါင်းရင် ဆယ့်တစ်ရှိသွားပြီ... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အိမ်သည်နှစ်ယောက်...တဲ့၊ အိမ်သည်နှစ်ယောက် ဆိုတာ က ဒကာဒကာမတို့ နောက်ကပြထားတယ်၊ ဘာကြောင့်... ပြသတုံး...လို့ မေးတဲ့အခါကျတော့ အိမ်သည်နှစ်ယောက် ဆိုတာ ခင်ဗျားတို့ကို မသေအောင် စောင့်နေတဲ့ ရှုစိတ်နဲ့ ရှိုက်စိတ်... (မှန်လှပါဘုရား)။

ခင်ဗျားတို့ မသေအောင် စောင့်နေတဲ့ ဘာတုံး... (ရှုစိတ်နဲ့ ရှိုက်စိတ်ပါဘုရား) ရှုစိတ်နဲ့ ရှိုက်စိတ်ကိုတော့ ဘုန်းကြီးက အိမ်သည်လို့ နာမည်ပေးလိုက်တယ်... (မှန်ပါ)။

အိမ်သည်လို့ ဘယ့်နှယ်ကြောင့် နာမည်ပေးသတုံး... လို့ မေးတဲ့အခါကျတော့ သူတို့က တစ်ပါးသော စိတ်တွေထက် ခန္ဓာကိုယ် ထဲမှာ အကြိမ်ပိုပြီး ဖြစ်တယ်... (မှန်ပါ့ဘုရား) အကြိမ်များများ ဖြစ်လေ့ရှိတယ်...(မှန်ပါ) အိပ်နေလဲ သူဘို့နှစ်ခုက လှည့်ဖြစ်နေတာပဲ... (မှန်ပါ)။

ဒါဖြင့် သူတို့နှစ်ခု ဘယ်စိတ်ခေါ်ကြမယ်...(အိမ်သည် စိတ် နှစ်ခုပါဘုရား) အမြဲတမ်း ခန္ဓာကိုယ်ထဲမှာ သူများထက်မြဲတဲ့ အတွက်...(မှန်ပါ)။

ဒါဖြင့် အပြင်ဧည့်သည်... (ခြောက်ယောက်ပါဘုရား) အတွင်းဧည့်သည်...(ငါးယောက်ပါဘုရား) အိမ်သည်... (နှစ်ယောက်ပါ ဘုရား) အားလုံး ပေါင်းလိုက်တော့ ဘယ်လောက် ပါလိမ့်... (ဆယ့်သုံးယောက်ပါဘုရား)။

ပုထုဇဉ်မှာ ဒီဆယ့်သုံးခု ပေါ်တိုင်းပေါ်တိုင်း သိနေ၊ ပုထုဇဉ်မှာ ဒီဆယ့်သုံးခုပဲရှိတယ်(မှန်ပါ့ဘုရား) ပေါ်တိုင်းပေါ်တိုင်း

http://www.dhammadownload.com



သိလို့ရှိရင်ဖြင့် . . .တဲ့ . . . ကိုယ့်စိတ်ကခုနင်က အမောဟဆိုလို့ မဂ္ဂင်နဲ့သိတာပဲ . . . (မှန်ပါ့) အမောဟကို နုတ်ထားခဲ့တယ် . . . (မှန်ပါ့)။

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသဆိုတော့ အမောဟမပါဘူး . . .(မပါပါဘုရား) မပါတာက သူက အမောဟ ပညာဖြစ်နေလို့၊ သူက သိတဲ့ဘက်က နေရတယ် . . . (မှန်ပါ့ဘုရား) သူတို့က အသိခံဘက်က နေရတယ် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အသိခံက ဘယ်နှခု . . .(ဆယ့်သုံးခုပါဘုရား) အသိဉာဏ်က (ငါးခုပါဘုရား) အဲ . . .အသိဉာဏ်က ရေတွက်လိုက်ရင် ငါးခုနော်* သို့သော် အသိဉာဏ်တစ်ခုတည်းပဲ ထားပါတော့ (မှန်ပါ့) နားလည်ပလား . . .(မှန်ပါ့)။

ဒါဖြင့် . . .တပည့်တော်တို့ ဝိပဿနာ အရှင်ဘုရားက အရှုခိုင်းတယ်၊ ဒကာဒကာမတွေလဲ မအေမိဘ ဆွေမျိုးဉာတကာကို ကယ်တင် ယူဆောင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်တော့ တပည့်တော်တို့ ဝိပဿနာ ဘာရှုရမှာတုံးလို့ ဒကာဒကာမတွေက နောက်ကို မမေးနဲ့တော့တဲ့၊ ခင်ဗျားတို့ သန္တာန်မှာ ဆယ့်သုံးခု အနက် ခန္ဓာကိုယ်ထဲမှာ တစ်ခုခုဟာဖြင့် သက်စောင့်မှတ်ပါ . . . (မှန်ပါ့ဘုရား) တစ်ခုပဲ စောင့်နေတယ် . . .(မှန်ပါ့ဘုရား)။

အဲဒီဖြစ်တဲ့ တရားကလေးကို သိသိပေးလို့ရှိရင်ဖြင့် ခင်ဗျားတို့သည် စိတ္တာနုပဿနာ ဖြစ်ပါတယ် . . . (မှန်လှပါဘုရား)

---

* ဝိပဿနာ မဂ်ငါးပါးကို ဆိုလိုသည်။

http://www.dhammadownload.com



ဒီစိတ် သိတာက အနုပဿနာ၊ ယားစိတ်၊ ယံစိတ်ပေါ်တယ် သိတာ...(အနုပဿနာပါဘုရား) အကောင်းစိတ်ပေါ်လဲ... (သိတာက အနုပဿနာပါဘုရား) ဒါဖြင့် စိတ္တာနုပဿနာ... (မှန်ပါ့)။

ဩော်... စိတ္တက ရှုစရာ၊ နုပဿနာက ရှုတာ၊ ပေါ်တဲ့ စိတ်က စိတ္တ၊ ရှုတာက... (နုပဿနာပါဘုရား)။

အဲဒီတော့ နေရာကျပြီ...တဲ့၊ တို့ဟာ စိတ္တနဲ့ အနုပဿနာ ကွဲသွားပြီ၊ သတိပဋ္ဌာန်မှာ စိတ္တာနုပဿနာလို့ ဘုရားဟောတော် မူတယ်၊ စိတ္တာနုပဿနာကို တို့က ခွဲသိရမယ်၊ စိတ္တက ပေါ်တဲ့စိတ်၊ အနုပဿနာက တို့က သိတဲ့စိတ်... (မှန်ပါ့)။

စိတ္တက... (ပေါ်တဲ့စိတ်ပါဘုရား) အနုပဿနာက... (သိတဲ့စိတ်ပါဘုရား) သိတဲ့စိတ်ဆိုတော့ ဒါဖြင့် စိတ္တနဲ့ အနုပဿနာဖြစ်အောင် လုပ်ကြပါ... (မှန်ပါ့)။

ဘယ်နှခါ လုပ်ရမှာတုံးဘုရား...လို့ မေးမနေပါနဲ့တဲ့၊ ဆယ့်သုံးခု တင်ပြထားခြားသော်လဲ ပေါ်နိုင်တာ ဆယ့်သုံးခု ပေမယ့် ပေါ်နေတာကတော့ တစ်ခုပဲရှိပါတယ်... (မှန်ပါ့) အဲဒီပေါ်တဲ့ တစ်ခုကို အနုပဿနာဖြစ်ရင်ပြီးတာပဲ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ပေါ်တဲ့စိတ်တစ်ခုကို (အနုပဿနာဖြစ်အောင် လုပ်ရပါမယ် ဘုရား) အနုပဿနာဖြစ်အောင် လုပ်လို့ရှိရင် ဒကာဒကာမတို့ စိတ္တနုပဿနာဆိုတာ ဒါပါပဲ... (မှန်ပါ့) နေရာကျပြီ...နေရာ ကျပြီ။

http://www.dhammadownload.com



နို့... ဒီစိတ်တွေ ဘယ်သူ့ စိတ်တွေတုံးဆိုတော့ အို... ပုထုဇဉ်ဖြစ်တဲ့ တပည့်တော်တို့မှာ ပေါ်ကောင်းတဲ့စိတ်၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်တဲ့စိတ် ဆိုပါတယ်... (မှန်ပါ့)။

အကြောင်းတိုက်ဆိုင်လို့ ပေါ်တဲ့စိတ်က စိတ်ပေါင်း ဘယ်လောက်ရှိသတုံးလို့ မေးလို့ရှိရင်ဖြင့် ဆယ့်သုံးခုပဲ ဘုရား... (မှန်ပါ့)။

ဆယ့်သုံးခု ပေါ်တဲ့အခါကျလို့ရှိရင်ဖြင့် နှစ်ခုပြိုး၊ သုံးခုပြိုး နှစ်ခုပေါင်း သုံးခုပေါင်း ဒီလိုပေါ်သလား၊ တစ်ခုပဲပေါ်သလား ဆိုတော့...(တစ်ခုပဲပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဇောက ဓမ္မော ဟုတ်လား... (မှန်ပါ့) ဇောက ပေါ်တာ၊ ဓမ္မောက ရှုတာ...(မှန်ပါ့)။

အဲ...တစ်ခုပေါ်တာကို တစ်ခုဓမ္မက ရှုလိုက်ရင် ပြီးတာပဲ... (မှန်ပါ့) ဒါ ဇောကဓမ္မောပဲပဲ... (မှန်ပါ့) ရှင်း ပလား... (ရှင်းပါပြီ ဘုရား)။

အံမာလေး... ခင်ဗျားတို့ မနဲ့အိနဲ့ပေါင်း မအိကို အတော် သင်ရတယ်... (မှန်ပါ့) အတော်သင်ရတယ်။

ကိုင်း...သဘောကျပလား...(ကျပါပြီဘုရား) ဒါဖြင့် နေရာကျပြီ...တဲ့၊ ကိုယ့်သန္တာန်ပေါ်တဲ့ စိတ်ပေါင်း ဘယ်လောက် ပါလိမ့်... (ဆယ့်သုံးခုပါဘုရား)။

အဲ... ဆယ့်သုံးကို ပေါ်တိုင်းပေါ်တိုင်း နောက်က သိသိ သိသိ ပေးနေလို့ ရှိရင်ဖြင့်တဲ့ ဒကာဒကာမ**တွေမှာ** သက္ကာယ ဒိဋ္ဌိလဲ ကွာပါတယ်... (မှန်ပါ့) **သက္ကာယဒိဋ္ဌိလဲ** ကွာတယ်၊ သမ္မာဒိဋ္ဌိလဲဖြစ်ပြီ... (မှန်ပါ့)။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိလဲ...(ကွာပါပြီဘုရား) သမ္မာဒိဋ္ဌိလဲ...(ဖြစ်ပါပြီ ဘုရား)။

ဩော်... ကိုယ့်စိတ် ကိုယ်သိတဲ့နည်းဟာဖြင့် မိစ္ဆာ ဒိဋ္ဌိကွာပြီး သမ္မာဒိဋ္ဌိဖြစ်တာကိုးဆိုတာ ဦးမာဒင်တို့၊ ဦးသန်းဖေတို့၊ ဦးသန်းမောင်တို့ သေသေချာချာ မှတ်ပေတော့(မှန်ပါ့)။

ဒါဖြင့် တပည့်တော်တို့ ဘယ်နေရာရှုရမှာတုံး၊ နေရာရယ်လို့ မမှတ်နဲ့၊ ခင်ဗျားတို့ စိတ်ပေါ်တဲ့နေရာ သိပေးရင်ပြီးတာပဲ...(မှန်ပါ့) ဘယ်နေရာရယ်လို့ မဆိုဘူး... (မှန်ပါ့)။

မီးဖိုချောင်မှာပဲနှလုံးသွင်းနေနေ၊ လမ်းသွားရင်းပဲ နှလုံးသွင်းနေနေ ဘာဖြစ်လို့တုံး...ဆိုတော့ စိတ်ပေါ်တဲ့နေရာကို ဦးမာဒင်တို့ သိရမှာကိုးဗျ...(မှန်ပါ့) နေရာလိုသေးသလား... (မလိုပါ ဘုရား)။

ကောင်းပြီ ...ဒါဖြင့် စိတ္တာအနုပဿနာ ကိုက်ကြပြီမဟုတ်လား... (မှန်ပါ့) ပေါ်တာက စိတ်၊သိတာက အနုပဿနာ...(မှန်ပါ့)။

အဲဒါ... ခင်ဗျားတို့ လုပ်တတ်ကြလို့ရှိရင် ခင်ဗျားတို့ကို ရဲဝံ့စွာ ဘုန်းကြီးက တာဝန်ခံတယ်၊ အပါယ် လုံးဝမသွားဘူး၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် မသွားသတုံးလို့ မေးတဲ့အခါကျတော့မှ ခင်ဗျားတို့မှာ ဒီစိတ်ပေါ်လဲ အနုပဿနာနဲ့သိတယ်၊ ဒီစိတ်ပေါ်လဲ အနုပဿနာနဲ့သိတယ်၊ ဒီစိတ်ပေါ်လဲ ကိုယ့်စိတ်ကို ကိုယ်သိနေတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် အသိ၊ နောက် ဝိပဿနာအသိက အမြဲလိုက်ပြီး သကာလ အုပ်ချုပ်ပြီး သိနေတဲ့အတွက် မဂ်အကြိမ်က ခင်ဗျားတို့ ဝမ်းထဲမှာ များတယ်... (မှန်ပါ့)။

မဂ်အကြိမ်များနေတော့ကို ဒါလောဘ၊ လောဘဖြစ်လို့ သိတယ်... (မှန်ပါ့) ဒေါသဖြစ်ကော(သိပါတယ်ဘုရား) မောဟ ဖြစ်ကော...(သိပါတယ်ဘုရား)။

သူတို့ဖြစ်လဲ ဖြစ်တယ်၊ နောက်ကလဲ အသိလိုက်ပေးတယ် ဆိုသဖြင့် သူတို့သည်...တဲ့၊ ဒကာဒကာမတွေက မှတ်စရာက သူတို့ရှေ့ဆက်ပြီး သကာလ အဖော်အသင်းရှာပြီးမှ ကျုပ်တို့ကို အပါယ်ပို့မှာကိုး... (မှန်လှပါ) သူတစ်ယောက်တည်း မပို့နိုင်ဘူး...(မှန်ပါ့)။

မပို့နိုင်တာ ရှင်းပြမယ်...တဲ့၊ အဲဒီအခါကျတော့ ဒကာ ဒကာမ တွေ နားရည်လဲဝပါပြီ၊ တချို့လဲ ဦးသန်းမောင်တို့က မဝသေးတော့ လောဘဆိုရင် ဒီကသိလိုက်ပြီ ဦးမာဒင် (မှန်ပါ့)။

လောဘစိတ်ဖြစ်ရင် (သိလိုက်ပါပြီဘုရား) သိလိုက်တော့ လောဘဟာ တဏှာမဟုတ်လား...(မှန်ပါ့)။

သူဟာ ဥပါဒါန် ဆက်နိုင်သေးရဲ့လား... (မဆက်နိုင်ပါ ဘုရား) မဆက်နိုင်ဘူး၊ ဒီအသိက လိုက်ထားလို့... (မှန်ပါ့) ဆက်နိုင်သေး ရဲ့လား... (မဆက်နိုင်ပါဘုရား)။

ဥပါဒါန်မှ မဆက်နိုင်လို့ရှိရင် ကမ္မဘဝကော... (မဆက်နိုင်ပါဘုရား) ဇာတိကော... (မဆက်နိုင်ပါဘုရား)။

http://www.dhammadownload.com



ဩော်... ဒါ သိတဲ့နောက် သံသရာဆက်မယ့် တရားတွေ ဖြတ်ချလိုက်တယ်...(မှန်ပ့ါ) ရိပ်မိပလား...(ရိပ်မိပါပြဘုရား)။

နောက် သံသရာဆက်မယ့်တရား၊ ဒါတွေ ဖျက်ပစ်လိုက်တယ်... (မှန်ပ့ါ) နားလည်ရဲ့နော်... (မှန်ပ့ါ)။

ဒီအသိ ဘယ်လောက် ကျေးဇူးများသတုံး...(**များပါတယ်**ဘုရား) နောက်သံသရာ ဆက်မယ့်ဟာတွေ ဘယ်**နှယ်တုံး**... (ဖျက်ပစ်လိုက်ပါတယ်ဘုရား) ဖျက်ပစ်လိုက်တ**ယ်၊ ဖြတ်**ပစ်လိုက်တယ်... (မှန်ပ့ါ)။

ခင်ဗျားတို့က ဒီအသိမလိုက်ရင် သူက တဏှာ ဥပါဒါန်ကံ ဇာတိ ဇရာ မရဏ မဆက်ပေဘူးလား... (ဆက်ပါတယ်ဘုရား)။

ဥပမာမယ်... ဒေါသကလေးဖြစ်တာကို ခင်ဗျားတို့က အသိမလိုက်ဘူးဆိုပါတော့၊ အသိမလိုက်လို့ရှိရင် ဒေါသကသူ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာကျအောင် သူပို့ချလိုက်တယ်... (မှန်ပ့ါ) ကဲ... အဖြတ်မပါလို့ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဥပမာ...ဒါဟာ မောဟ မဟုတ်လား (မှန်ပ့ါ) မောဟကို မသိလိုက်ဘူး၊ ခင်ဗျားတို့က မသိလိုက်တော့ သူကလဲဘာတုံးဆိုတော့ မောဟစိတ်ကလေး ဝိစိကိစ္ဆာဖြစ်တယ်၊ မသိလိုက်ဘူး၊ မသိလိုက်တာက အဝိဇ္ဇာလာမယ်...(မှန်ပ့ါ)။

http://www.dhammadownload.com



အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ်နဲ့ သူဆက်တော့မယ်... (မှန်ပါ့) မဆက်ပေဘူးလား...(ဆက်ပါတယ်ဘုရား) အသိ သိလိုက်တော့ ဘယ်နှယ့်တုံး... (ပြတ်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ခင်ဗျား အပါယ်လေးပါးတံခါး ဇာတိ ဇရာ မရဏ နောက်ဘဝ သူဖြတ်ပေးတဲ့တရား...(မှန်ပါ့) အသိက ဖြတ်ပေးတယ်... (မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီ ဘုရား)။

အသိကဘာတုံး... (ဖြတ်ပေးပါတယ်ဘုရား) ဩော်... ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘုန်းရှိကံရှိလို့ အခုတွေ့ကြပြီ၊ တွေ့တဲ့အတိုင်းလဲ အခု တပည့်တော်မယ် ဘုရားလို့ ဦးသန်းဆောင် ကပဲ လျှောက်လျှောက်၊ ဦးမာဒင်ကပဲ လျှောက်လျှောက်၊ မုံရွာက ဒကာကြီးကပဲ လျှောက်လျှောက် သိအောင်လုပ်တော့မယ် ဘုရားဆိုတာ တပည့်တော် သံသရာကို တပည့်တော်ဖြတ်ပါ တော့မယ်ပြောတာ... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

တပည့်တော်ဒုက္ခကို တပည့်တော် သိမ်းပါတော့ မယ်ပြောတာ... (မှန်ပါ့)။

ကောင်းပြီ... ဒါဖြင့် ဒီအသိကလေး တစ်လုံးဟာ အတော်ကျေးဇူးများတယ်... (မှန်လှပါ) သံသရာဖြတ်တဲ့ အသိပါလား ... (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်...(သံသရာဖြတ်တဲ့အသိပါ ဘုရား) သံသရာဖြတ်တဲ့ အသိဆိုတော့ ဩော်... ဒါဟာ ဒါနနဲ့ဘာမှ မဆိုင်ဘူး၊ သီလနဲ့ကော...(မဆိုင်ပါဘုရား)။

http://www.dhammadownload.com



မဆိုင်ပါဘူး... တဲ့ဥစ္စာက ဒါ...ဒါန လုပ်နေတာလား မေးတော့ မဟုတ်ပါဘူး...တဲ့၊ ဖြစ်တာကို သိနေတာ... (မှန်ပါ့ဘုရား)။

သီလနဲ့ကော...(မဆိုင်ပါဘုရား) သမထနဲ့ကော... (မဆိုင်ပါ ဘုရား) မဆိုင်ဘူး...တဲ့၊ ဒါ ဝိပဿနာသက်သက်ပဲ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာသက်သက်ဆိုတော့ ဒီအသိဟာ ဘာလုပ်တတ်သတုံးမေးတော့ ခုနင်က ခင်ဗျားတို့ အဖြေထွက်ပါပြီ၊ ဘာလုပ်တတ် သတုံး၊ ဒီအသိလေးက သံသရာကို ပြတ်တယ်... (မှန်ပါ့)။

သူက မဂ်ကိုး...ဗျ၊ သူကမဂ်ဆိုတော့ ဘာလုပ်တတ် သတုံး (သံသရာဖြတ်ပါတယ်ဘုရား) ရော...သိပ်အဖိုးတန် ပါလား... (တန်ပါတယ်ဘုရား)။

ကျုပ်တို့တော့ အိုဘေး, နာဘေး, သေဘေး, အပါယ် ဘေးတွေ သူကဖြတ်ပစ်တယ်...(မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့ သံသရာရှည်တာ သူမပါခဲ့လို့ (မှန်ပါ့) သူ့အားမကိုးမိလို့... (မှန်လှပါ) သူ့ကိုလဲ ကျုပ်တို့က လုပ်ရ ကောင်းမှန်း မသိလို့...(မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သံသရာ ရှည်နေတော့ အခု ဆရာဘုန်းကြီးနဲ့လဲတွေ့ပြန်၊ ဒကာ ဒကာမတွေကိုလဲ ဘုန်းကြီးက စေတနာထားပြန်၊ ဒကာဒကာမ

http://www.dhammadownload.com



တွေကလဲ အလိုရှိပြန်ဆိုတော့ဖြင့် သြော်... ဒီဘဝဟာ တို့ဇာတ်သိမ်းနိုင်တဲ့ဘဝလို့ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့)။

ဒုက္ခဇာတ်သိမ်းနိုင်တဲ့ ဘဝဆိုတာ အခုသက်သေခံ လုံလောက် ပြီ... (မှန်ပါ့ဘုရား)။

ကောင်းပြီ... ဒီလိုသိလိုက်တော့ဘုရား သံသရာ ဖြတ်တာလဲ တပည့်တော်တို့ သိပါပြီ၊ ဘယ့်နှယ်ကြောင့်... ဒီသံသရာကြီးကို မဂ်က ဖြတ်နိုင်ပါလိမ့်မတုံးဆိုတော့ ဒီတရားတွေက မသိဘဲထားတဲ့ ပုဂ္ဂိုလ်တွေ အတွက်မှာ ဥပမာ...ထမင်းအိုးတစ်ခု တည်ထားကြတယ်၊ တည်ပြီး မီးထိုးထား လိုက်တယ်။

ကိုယ်က မသိဘူး၊ ကိစ္စများလွန်းလို့ ဘာမှမသိရင် ဒီထမင်းအိုးဟာ သူ့အစဉ်တိုင်းတော့ သူသွားတာပဲ၊ နည်းနည်း ဆူတယ်၊ နည်းနည်းကလေး အလတ်စားရှိတယ်၊ နောက် နည်းနည်းကလေး ရေနွေးငွေ့ချလိုက်မယ်ဆိုရင် နပ်ဖို့အခြေအနေလဲ ရှိတယ်။

ဒီ့ထက်မေ့နေလို့ရှိရင် ဆန်ပြုတ်ဖြစ်သွားဖို့ အခြေအနေလဲ ရှိတယ်၊ နောက် ထမင်းရည်ချည့်ဖြစ်သွားဖို့ အခြေအနေလဲ ရှိတယ်၊ မရှိဘူးလား...(ရှိပါတယ်ဘုရား)။

မေးတဲ့ လူပုဂ္ဂိုလ်အပေါင်းတော့ ထမင်းက သူ့လမ်းစဉ် အဆုံးအတိုင်း သွားမယ်၊ မဟုတ်ဘူးလား... (မှန်ပါ့)။

ဒီ့ထက်မေ့လို့ရှိရင် အချဉ်ပေါက်သည့်တိုင်အောင် နှစ်ရက် သုံးရက်မေ့ရင်...(မှန်ပါ့) မသွားပေဘူးလား... (သွားပါတယ် ဘုရား)။

http://www.dhammadownload.com



အဲဒါ ...ထမင်းချက်တဲ့လူ မေ့မှုကြောင့် ဒီထမင်းသည် အမျိုးမျိုး ဖောက်ပြန်ပြီး သူ့လမ်းအတိုင်း သူသွားတယ်... (မှန်ပါ့) မသွားဘူးလား...(သွားပါတယ်ဘုရား)။

အဲဒါ... မေ့မှုအပြစ်ဟာ ကိုယ်လုပ်ထားတဲ့ ထမင်းတောင်မှ အဆုံးကျအောင် ပျက်စီးခြင်းသို့ ရောက်တယ်... (မှန်ပါ့)။

ခင်ဗျားတို့လဲ ဒါတွေကိုဖြစ်တယ်, သိတယ်ဆိုတော့ မေ့မှုကင်းသွားတယ်... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဖြစ်တယ်သိ...မေ့မှု... (ကင်းသွားပါတယ်ဘုရား) မေ့မှုကင်းသွားတဲ့အတွက် ခင်ဗျားတို့ သူတို့က ဆက်သွားမယ့်တရားတွေ ဒီတရားကနေပြီး သက္ကာလ မြင်တာကစပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်၊ ပဋိသန္ဓေနေမယ်၊ အိုမယ်၊ နာမယ်၊ အပါယ်သွားမယ် ဆိုတာ သူတို့အစဉ်အတိုင်း သွားမယ်... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က နောက်က အသိ ထိန်းထိန်းပေးလိုက်တဲ့အတွက် ခုနင်က ထမင်းလို ရပ်ချိန်မှာ ရပ်ပစ်လိုက်တယ်... (မှန်လှပါဘုရား)။

ရပ်ချိန်မှာ ရပ်ပစ်လိုက်တော့ ထမင်းကောင်း သုံးရတယ်... (မှန်ပါ့) မေ့နေလို့ရှိရင်... (ထမင်းကောင်း မသုံးရပါဘုရား) မသုံးရတော့ အကုန်ပျက်စီးမယ်...(မှန်ပါ့) ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဩော် ...ထမင်းအကြောင်း နားလည်ကြလို့ရှိရင် ကိုယ့်စိတ်အကြောင်းလဲ နားလည်နိုင်ပါတယ်... (မှန်ပါ့)။

ထမင်းအကြောင်း နားလည်ကြရင်... (ကိုယ့်စိတ်အကြောင်း နားလည်ပါတယ်ဘုရား) ကိုယ့်စိတ်အကြောင်းလဲ နားလည်ကြပါတယ်ဆိုတော့ ဒါဖြင့် ဒီအသိတစ်လုံးဟာ တယ်နေရာ ကျပါလားဆိုတဲ့ဥစ္စာ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား... (ပေါ်လာပါတယ် ဘုရား)။

ဒါတွင်မကသေးဘူး...တဲ့၊ သူသည် အပယ်သံသရာကြီးနဲ့ တကွ အို, နာ, သေ, မွဲ, ကွဲဆိုတဲ့ သံသရာကြီးကိုလဲ အသိတစ်လုံးက နေပြီး ကယ်တင်လိုက်ပါတယ်...(မှန်လှပါဘုရား) ခင်ဗျားတို့ကို ကယ်တင်တာ... (မှန်လှပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ကယ်တင်ရပါလိမ့်မတုံး ...လို့ မေးတဲ့အခါကျတော့ ဒီမြင်စိတ်ကလေး ပေါ်တယ်၊ မြင်စိတ်ကလေးလို့ ဒီက သိနေ... (မှန်ပါ့)။

ကြားစိတ်ကလေးပေါ်ရင်လဲ... (ကြားစိတ်ကလေး သိနေရ ပါမယ်ဘုရား) သိပြီးသကာလ နေတဲ့အတွက် ခင်ဗျားတို့မှာ ငါမြင်တာ မြင်စိတ်ကမြင်တာလား... (မြင်စိတ်က မြင်တာ ပါဘုရား) ငါ ကြားတာလား၊ ကြားစိတ်က ကြားတာ လား...(ကြားစိတ်က ကြားတာပါ ဘုရား)။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိ ပြုတ်တဲ့အသိ ဖြစ်ပါတယ်... (မှန်လှပါဘုရား) သက္ကာယဒိဋ္ဌိရှိမှလဲ အပါယ်သွားမှာကိုး... (မှန်ပါ့ဘုရား) အခုတော့လဲ သက္ကာယဒိဋ္ဌိပြုတ်တဲ့အသိ ဖြစ်နေပါတယ်... (မှန်ပါ့)။

ဒါကြောင့် သူသည် သံသရာလဲဖြတ်တယ်၊ သက္ကာယဒိဋ္ဌိလဲ ဖြုတ်တယ်... (မှန်ပါ့) သမ္မာဒိဋ္ဌိကိုလဲ ဖြစ်စေတယ်... (မှန်ပါ့ဘုရား)။

မြင်တယ်သိတယ်ဆိုတော့ သမ္မာဒိဋ္ဌိပေါ့၊ အရင်တုန်း... ကတော့ ဒါကလေးဟာ ငါထင်ပြီး ဖြစ်နေကြတယ်...(မှန်ပါ့)။

အခုတော့ ငါမထင်ဘူး၊ မြင်စိတ်၏အလုပ်၊ ကြားစိတ်၏ အလုပ် မဟုတ်ဘူးလား... (မှန်ပါ့) ဒါ နံစိတ်၏အလုပ်၊ ဒါ စားစိတ်၏ အလုပ်... (မှန်ပါ့)။

ဒါဖြင့် ဒီစိတ်ကလေးတွေ ပေါ်တိုင်းပေါ်တိုင်း ဒါစားစိတ် ပေါ်ပြီလို့၊ ယားစိတ် ယံစိတ် ပေါ်ရင်ကော... (သိရပါမယ်ဘုရား) လောဘပေါ်ရင်...(သိရပါမယ်ဘုရား) ဒေါသပေါ်ရင်... (သိရပါမယ် ဘုရား)မောဟပေါ်ရင်... (သိရပါမယ်ဘုရား) ကုသိုလ်စိတ် လုပ်ချင်ကော... (သိရပါမယ်ဘုရား)။

အဲ... နဂိုက ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ ကြားဖူးတာက သာမည ဆရာသမားတွေနဲ့တွေ့တော့ ဟောဒီ ကုသိုလ်စိတ်ကလေး၊ မင်း... ထပ်ပြန်တလဲလဲသိပေး၊ ဒါ... စာဂါနုဿတိ ခေါ်တယ်... (မှန်ပါ့) မဟုတ်ဘူးလို့ ဘုန်းကြီးက

http://www.dhammadownload.com



မငြင်းဘူး ဟုတ်တယ်၊ သို့သော် သမထသင်ထားတာကိုး . . . (မှန်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီ ဘုရား)။

ဘာသင်ထားတာတုံး . . . (သမထသင်ထားပါတယ်ဘုရား) အဲ . . . အနုဿတိဆိုပဲဗျာ၊ အနုဿတိ ဆယ်ပါးထဲက ဒါက သမထမှတ်ပါ . . . (မှန်ပါ့) အနုဿတိပါရင် သမထမှတ်ပါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူက စာဂါနုဿတိ သင်တာ . . . (မှန်ပါ သမထ ပါဘုရား) သမထသင်ထားတာဟာ ဗြဟ္မာဖြစ်ကြောင်း သင်ထားတာ . . . (မှန်ပါ့) ရိပ်မိလား . . . (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်ကြောင်းလဲ . . . (ဗြဟ္မာဖြစ်ကြောင်း သင်တာပါဘုရား) အံမာလေး ကျုပ်တို့က ကမ္ဘာပျက်တိုင်း ဗြဟ္မာပြည် ရောက်ဖူးလှပြီ . . . (မှန်ပါ့) နောက်ထပ်သွားဖို့ မလိုပါဘူး၊ အခုဟာ ဗြဟ္မာလူထွက်တွေ ဒီရောက်နေတာ . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါ သူက ဗြဟ္မာပြည်ကို သွားနေပြန်လို့ရှိရင် ခင်ဗျားတို့ တော့ အောက်တန်းပို့တဲ့ဆရာနဲ့ တွေ့တာပဲ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဘယ်ဆရာနဲ့ တွေ့သလဲ . . . (အောက်တန်းပို့တဲ့ ဆရာနဲ့ တွေ့တာပါဘုရား)။

အဲဒါကြောင့် ဆရာသိပ်အရေးကြီးတယ် (မှန်ပါ့ဘုရား) အခုတော့ဖြင့် ဥပမာ ကုသိုလ်စိတ်ဖြစ်တယ်၊ ဦးမာဒင်တို့ ဦးသန်းမောင်တို့က သိပေးပါ . . . (မှန်ပါ့)။

http://www.dhammadownload.com



သိပေးတော့ ကုသိုလ်စိတ်ကလေးဟာ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်လို့ သိတာဟာ ဒီအသိဟာ သေးတဲ့အသိ မဟုတ်ဘူး... (မှန်ပါ)။

ဘာဖြစ်လို့တုံးဆိုတော့ နှစ်စိတ်ပြိုင်မပေါ်နိုင်ဘူး၊ ပေါ်ရဲ့လား ...(မပေါ်ပါဘုရား) အဲဒီတော့ သူပျက်ပြီးမှ သိတာက ပေါ်ရမှာ... (မှန်ပါ) ဒါဖြင့် သူ့အဖြစ်အပျက်ကို သိတယ်... (မှန်ပါ) ဒါဖြင့် အဖြစ်သိရင် အပျက်သိတယ်၊ ထိုးလိုက်တော့... (မှန်ပါ) အဖြစ်သိရင်...(အပျက်သိပါတယ် ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကိုသိတော့ကို ဒါက ဦးသန်းမောင်၏ ဒီစိတ်နဲ့ အသက်ရှင်နေတာကလေးကို ဦးသန်းမောင်ကဖြစ်လဲ ဖြစ်တယ် ပျက်လဲပျက်တယ်၊ ဦးမာဒင်က ဖြစ်လဲဖြစ်တယ် ပျက်လဲပျက်တယ်၊ ဦးမာဒင်က ဖြစ်လဲဖြစ်တယ် ပျက်လဲ ပျက်တယ်ဆိုတော့ ဖြစ်ပျက်ကို သိတယ်... (မှန်ပါ)။

ဖြစ်ပျက်ဆိုတော့ ကိုယ်ခဏလေးဖြစ်ပြီး ကိုယ်ခဏလေး သေတာကိုသိတယ်... (မှန်ပါ) ကိုယ့်အသေကို ကိုယ်သိတာ... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကိုယ့်အနိစ္စကို... (ကိုယ်သိပါတယ်ဘုရား) **ကိုယ့် ဒုက္ခကို**...(ကိုယ်သိပါတယ်ဘုရား) ကိုယ့်**အသေ... (ကိုယ်** သိပါတယ် ဘုရား) ကိုယ့်ဒုက္ခသစ္စာကို... **(ကိုယ်သိပါတယ်)** ဒါကြောင့် အဖိုးတန်တာ...(မှန်ပါ) သစ္စာသိ**တယ်... (မှန်ပါ)** ရှင်းကြပလား... (ရှင်းပါပြီဘုရား) ဘာသိတာတုံး ...**(သစ္စာ** သိပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် သစ္စာသိလို့ရှိရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက **သစ္စာဟော**မှ နိဗ္ဗာန်ရောက်မယ်ကွ...တဲ့၊ ကျန်တဲ့တရား နိဗ္ဗာန် **ရောက်**တရား မဟုတ်ဘူးတဲ့... (မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒါကလေးဟာဖြစ်ပျက်သွားတော့ ဘာသစ္စာတုံး (**ဒုက္ခသစ္စာပါ**ဘုရား) သိတာက (မဂ္ဂသစ္စာပါဘုရား)။

**ဒါဖြင့်** မဂ္ဂသစ္စာက နောက်လာမယ့် ကိလေသာတွေကို လာခွင့်ပေးသလား... (မပေးပါဘုရား) ဒါဖြင့် သမုဒယ ချုပ်**စေ**တယ်... (မှန်ပါ့)။

ဒါဖြင့် နောက်ဘဝတွေ လာသေးရဲ့လား မေးတော့... (**မလာ**ပါဘုရား) မလာတာ နိရောဓသစ္စာ...(မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီ ဘုရား) သဘောပါကြပလား... (ပါပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မင်္ဂလာကျောင်း၌ ဟောကြားတော်မူအပ်သော
ကိုယ့်ကိုယ်ကို ပဋိစ္စသမုပ္ပါဒ်နဲ့ ဆုံးမနည်း
ထောပတ်ဆီသာဖြစ်စေပြီး အိုးခြမ်းပဲ့ မဖြစ်စေနဲ့

# နေ့အလုပ်ပေး တရားတော်

(၁-၁၂-၆၁)

ဒကာဒကာမတွေ တရားအားထုတ်နည်းကို သင်ပေးရမယ် ဆိုတဲ့ ဥစ္စာလဲ ခဏခဏပဲ၊ မရသေးတဲ့ပုဂ္ဂိုလ်ရအောင်၊ ရပြီးသား ပုဂ္ဂိုလ် မြဲအောင်ဆိုတာ ဒကာကြွယ် သင်ပေးရတယ်နော်... (မှန်ပါ့)။

တရားအားထုတ်နည်းဆိုတဲ့ ဥစ္စာက ပဋိစ္စမုပ္ပါဒ်ကို ကြည့်ပါ...တဲ့၊ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ဥစ္စာ တခြားမှတ်မနေနဲ့ ဒကာဒကာမတွေက ခန္ဓာပဲလို့ မှတ်ပါ... (မှန်ပါ့)

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ဒကာဒကာမတွေ ကြည့်လိုက်တော့ ၂ နံပါတ်ထဲမှာ ဝိညာဏ်ဆိုတာလဲ ပဋိသန္ဓေ စိတ်လို့ မှတ်ပါ... (မှန်ပါ့)။

နာမ်ရုပ်ဆိုတဲ့ ဥစ္စာကတော့ ဒကာဒကာမတွေသန္တာန်ရှိတဲ့ ဖဿတို့ ဝေဒနာတို့ သညာတို့ကို ဆိုတယ်... (မှန်ပါ့) ရုပ်ဆိုတာကတော့ ကိုင်တွယ်ရတာကို ဆိုပါတယ်... (မှန်ပါ့)။

http://www.dhammadownload.com



ချိန်တွယ်ရတာ . . . (ရုပ်ပါဘုရား) အဲဒါတွေကို ဆိုပါတယ်၊ ချိန်တွယ်မရတဲ့ဝေဒနာ, သညာတွေကတော့ဖြင့် ဒါတွေဟာ နာမ်လို့ မှတ်ထားလိုက်ပါ . . . (မှန်ပါ့)။

သဠာယတနဆိုတာကလဲ ရုပ်နဲ့ နာမ် တွဲနေတယ်၊ ရုပ်နဲ့ နာမ် ဘယ်လိုတွဲသတုံးဆိုတော့ စက္ခု, သောတ, ဃာန, ဇိဝှာ ကာယဆိုတဲ့ ငါးခုသော အာယတနလို့ ခေါ်တယ်၊ စိတ်ကိုတော့ မနာယတနလို့ခေါ်တော့ ပေါင်းလိုက်တဲ့အခါ ခြောက်ခုသွား ဖြစ်တယ် . . . (မှန်ပါ့)။

အဲဒါ သဠာယတနဆိုတာက ရုပ်ငါးခု စိတ်တစ်ခုကို ခေါ်တယ် . . . (မှန်ပါ့)။

ဖဿကတော့ ဖဿ စေတသိကပဲလို့ မှတ်လိုက်တာ ပေါ့ . . . (မှန်ပါ့) ဝေဒနာကတော့ . . . (ဝေဒနာစေတသိက်ပါ ဘုရား) ဝေဒနာ စေတသိက်လို့မှတ်တော့ ဩော် . . . ၂ နံပါတ်ထဲ ပါတာတွေဟာ နာမ်တွေ ရုပ်တွေပါလားလို့ သိသွားတယ် . . . (မှန်ပါ့)။

ခန္ဓာဖွဲ့လိုက်တော့ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ ဖဿက သင်္ခါရက္ခန္ဓာ၊ နာမ်ရုပ်တွေကလဲ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ရူပက္ခန္ဓာတွေနဲ့ ပေါင်းလိုက်တော့ ဒကာကြွယ်ရေ ၂ နံပါတ်ထဲ ပါတာတွေဟာ ခန္ဓာငါးပါး . . . (မှန်ပါ့)။

၂ နံပါတ်ထဲ ပါတာတွေက (ခန္ဓာငါးပါးပါဘုရား)။

ကောင်းပြီ . . . အဲဒီ ၂ နံပါတ်ထဲ ခန္ဓာငါးပါးတွေ သိထားတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,

http://www.dhammadownload.com



ဝေဒနာလို့ တခြားလား အောက်မေ့တယ်၊ ခန္ဓာငါးပါးတွေ ပါလားဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား)။

ဒီခန္ဓာသည် နောက်ခန္ဓာဖြစ်ကြောင်းနဲ့ မဆက်ဖို့... (မှန်ပါဘုရား)။

ဒီခန္ဓာသည်...(နောက် ခန္ဓာဖြစ်ကြောင်းနဲ့ မဆက်ဖို့ပါဘုရား)။

ကြပ်ကြပ် ကြည့်ထားပါ ဒကာဒကာမတို့၊ ဒါ ယခု ရထားတဲ့ ဒကာဒကာမတွေ သန္တာန်မှာ နေ့တိုင်းပေါ်တဲ့ စိတ်တွေ ပေါ့ဗျာ... (မှန်ပါ)။

နေ့တိုင်းပေါ်တဲ့ရုပ်၊ နေ့တိုင်းပေါ်တဲစိတ်တွေပဲ... (မှန်ပါဘုရား) ခန္ဓာဖွဲ့လိုက်တော့ ခန္ဓာဘယ်နှပါး ဖြစ်သတုံး... (ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား)။

ခန္ဓာငါးပါးဖြစ်သွားတော့ ဒီမှာ မြားကလေးပြတယ်နော်... (မှန်ပါ) စပ်ချင်လို့ရှိရင် စပ်နိုင်ပါတယ်၊ မစပ်ချင်လို့ရှိရင်လဲ ဒီကြိုးကလေးတွေက ဖြတ်နိုင်ပါတယ်... (မှန်ပါ)။

မစပ်ချင်ရင်... (ကြိုးကလေးတွေက ဖြတ်နိုင်ပါတယ်... ဘုရား) ဖြတ်နိုင်ပါတယ်၊ ကြိုးတန်းပေါ် လိုက်လို့ရှိရင်ဖြင့် ဒါဖြတ်လမ်းပါပဲ၊ မဖြတ်ချင်လို့ရှိရင်ဖြင့်လဲ ဒကာဒကာမတွေ ထုံးစံအတိုင်းနေရင် စပ်သွားတာပဲဆိုတာ ထင်ရှားပါတယ်... (မှန်ပါ)။

http://www.dhammadownload.com



အဲဒီတော့ ဝိပဿနာ လုပ်နည်း သင်တော့မယ်ဆိုတော့ ဒကာဒကာမတွေ ဩော်... ဒီမှာနံပါတ်က ၂၊ ဒီနံပါတ်က ၃... (မှန်ပါ့) ၂ နဲ့ ၃ ကို မကူးအောင်လုပ်တာ ဝိပဿနာလို့ မှတ်ပါ...(မှန်ပါ့)။

ဘယ့်နှယ်ဖြေကြမလဲ... (၂ နဲ့ ၃ မကူးအောင် လုပ်တာ ဝိပဿနာပါဘုရား) ၂ နဲ့ ၃ မဆက်အောင်နော်... (မှန်ပါ့) ပြတ်သွားအောင် လုပ်တာ၊ ဘာခေါ်ကြမယ်... (ဝိပဿနာပါ ဘုရား)။

ဩော်... ဝိပဿနာဆိုတာ တိုတိုပြောတော့ ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း မဆက်ဖို့ဘဲ... (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီ ဘုရား)။

ဘာနဲ့ဘာတဲ့... (ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း မဆက်ဖို့ပါ ဘုရား) ဒီက ခန္ဓာပေါ့ဗျာ...ဒီကခန္ဓာထဲက ပေါ်လာတဲ့ တရားတွေက ခန္ဓာဖြစ်ကြောင်း... (မှန်လှပါ) အဲဒီတော့ ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း မဆက်ဖို့... (မှန်ပါ့ဘုရား)။

ဝိပဿနာလုပ်တာသည် ဘယ်ကျိုးငှာပါလိမ့်... (ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်း မဆက်ဖို့ပါဘုရား) ခန္ဓာရယ်၊ ခန္ဓာဖြစ်ကြောင်း ရယ် မဆက်အောင် ဝိပဿနာဉာဏ်သွင်းရမယ်...(မှန်ပါ့)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် ဒကာဒကာမတို့ ဒီအစပ်ကလေးက ဖြတ်တာပဲဆိုတာ မှတ်ထားစမ်းပါ.... (မှန်လှပါ ဘုရား)။

http://www.dhammadownload.com



ဝိပဿနာဉာဏ်ဆိုတာ ဘာပါလိမ့်... (အစပ်ကလေး ဖြတ်တာပါဘုရား)။

ဘယ်သူနဲ့ ဘယ်သူစပ်မှာ စိုးရိမ်ရပါလိမ့်မတုံးမေးတော့ ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်းစပ်မှာ စိုးရိမ်ရတယ်... (မှန်ပါ့) သဘောပါပလား...(ပါပါပြီဘုရား)။

ခန္ဓာနဲ့ ခန္ဓာဖြစ်ကြောင်းစပ်မှာ သိပ်စိုးရိမ်ရတယ်... (မှန်ပါ့ ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ဩော်...ငါတို့ဆရာဘုန်းကြီးက ဘုရားဟောတဲ့အတိုင်း တိုက်တွန်း၊ ဝိပဿနာလုပ်ကြ၊ ဝိပဿနာလုပ်ကြလို့ဆိုတဲ့ ဥစ္စာ အဓိပ္ပာယ်ပေါ်သွားပြီ ဒကာကြွယ်ရေ... (ပေါ်ပါပြီဘုရား)။

ခန္ဓာနဲ့ နောက်ခန္ဓာဖြစ်ကြောင်း စပ်သွားမှာ ဘုရားသိပ်စိုးရိမ်တယ်... (မှန်ပါ့) မစိုးရိမ်ဘူးလား... (စိုးရိမ်ပါတယ် ဘုရား)။

လက်ရှိခန္ဓာနဲ့ နောက်ခန္ဓာဖြစ်ကြောင်းနဲ့ စပ်သွားမယ်ဆိုလို့ **ရှိရင်ဖြင့်** အနာဂတ်ခန္ဓာ ဒုက္ခသစ္စာကြီးလာမယ်...(မှန်ပါ့) **စပ်သည်**နှင့် တစ်ပြိုင်နက်တည်း သမုဒယသစ္စာ ပေါ်မယ်... (မှန်ပါ့ ဘုရား)။

ခန္ဓာနဲ့ခန္ဓာဖြစ်ကြောင်း စပ်လိုက်လို့ရှိရင် ဖြစ်ကြောင်း ပေါ်ရင် သမုဒယသစ္စာ...(မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီ ဘုရား)။

ဒီသမုဒယသ**စ္စာသာ** လာမယ်ဆိုရင် နောက် ဒုက္ခသစ္စာနဲ့ ဒီအဆက်ဟာ ဆက်ရတော့မယ်...(မှန်ပါ့) ဒီအစပ်ဟာ မစပ်ပါနဲ့ **ဆိုလို့ရရဲ့**လား... (မရပါဘုရား)။

http://www.dhammadownload.com



အေး... ဒါတွေသိတော့မှ ဝိပဿနာ မလုပ်လို့ ရှိရင်ဖြင့် ဒကာကြွယ်တို့၊ ဦးလှဘူးတို့၊ မောင်ဘာသော်တို့ **စဉ်းစား** ပါနော်...(မှန်ပါ့)။

နောက် ဒုက္ခသစ္စာဖြစ်ကြောင်းနဲ့ ဆက်တော့မှာပဲ... (မှန်လှပါ) သဘောပါကြပလား... (ပါပါပြီဘုရား)။

ဘာနဲ့ ဆက်မှာ စိုးရိမ်ရသလဲ... (နောက် ဒုက္ခ ဖြစ်ကြောင်းနဲ့ ဆက်မှာ စိုးရိမ်ရပါတယ်ဘုရား)။

ဒါဖြင့် နောက်ဒုက္ခဖြစ်ကြောင်းနဲ့ ဆက်မှာကို ဒကာဒကာမ **တွေက** သိနေတော့ ယခုလဲ အိုဘေး, နာဘေး, သေဘေးနဲ့ နေရတဲ့ ခန္ဓာကြီး ၂ နံပါတ်မှာ...(မှန်ပါ့)။

နောက် အိုဘေး, နာဘေး, သေဘေးနဲ့စပ်ကြောင်းကို လုပ်မယ်ဆိုလို့ရှိရင် စပ်ရတော့မှာပဲ... (စပ်ရမှာပါဘုရား)။

စပ်ကြောင်းကိုလုပ်ရင်... (စပ်ရတော့မှာပါဘုရား)။

အဲဒီတော့ ဒီစပ်ကြောင်းပြတ်သွားဖို့ရာဟာ ဘာမှဖြတ်နိုင် သတုံးလို့ ဒကာကြွယ် မေးရင် ဘယ်နှယ့်ပြောပါ့မတုံး... (ဝိပဿနာမဂ်နဲ့ ဖြတ်ရပါမယ်ဘုရား) ဝိပဿနာမဂ်နဲ့ ဖြတ်ရမှာပဲ... (မှန်ပါ့)။

ဒီထက် ပိုမိုပြီး သကာလ အားထုတ်နိုင်လို့ရှိရင်ဖြင့် လောကုတ္တရာမဂ်ရရင် ပိုပြတ်တယ်... (မှန်ပါ့) ဝိပဿနာမဂ် ရရင်လဲ ပြတ်တာပါပဲ.. (မှန်ပါ့)။

လောကုတ္တရာမဂ် ရလို့ရှိရင်လဲ အမြစ်နဲ့တကွ ပိုပြီး ပြတ်တယ်လို့ မှတ်လိုက်ပါ... (မှန်ပါ့) ရှင်းကြပလား... **(ရှင်းပါပြီဘုရား)။**

http://www.dhammadownload.com



ဒါဖြင့် ၂ နဲ့ ၃ မကူးအောင် ဘာလုပ်ကြမယ်... (ဝိပဿနာမဂ်နဲ့ ဖြတ်ရပါမယ်) ဝိပဿနာကို အားထုတ်ရမယ်... (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေ ခင်ဗျားတို့က အင်မတန်ထုံ, အင်မတန် ပျင်းလွန်းလို့ ပုံစံကြီးနဲ့ ဒကာကြွယ် ပြနေရတယ်... (မှန်လှပါဘုရား)။

ပြောရုံကလေးနဲ့ မပြီးတာနဲ့ အမြင်ပါ တစ်ခါတည်းပြပြီး သကာလ နေရတော့ ဩော်... တို့အတွက်ဟာဖြင့် အခါကောင်း အခွင့်ကောင်းဖြင့် ကြုံပေါ့ဆိုတဲ့ဥစ္စာ ကိုယ့်အတွက် ဝမ်းသာကြမယ်... (မှန်ပါ့ဘုရား)။

အင်မတန်မှ ဝမ်းသာစရာ ကောင်းပါတယ်... (ကောင်းပါ တယ်ဘုရား) ၂ နဲ့ ၃ မကူးတာ ဝိပဿနာမှ တတ်နိုင်တယ်... (မှန်ပါ့) မဂ်မှ တတ်နိုင်တယ်...(မှန်ပါ့)။

ဘာနဲ့ဘာ မကူးဖို့လဲ... (၂ နဲ့ ၃ မကူးဖို့ ဝိပဿနာမှ တတ်နိုင်ပါတယ်ဘုရား)။

ကြည့်လေ...၂ ဒုက္ခသစ္စာထဲက ၃ သမုဒယသစ္စာ ပွားလာရင် ၄ ဒုက္ခသစ္စာဆိုတာ လာလိမ့်မယ်...(လာပါတယ် ဘုရား) မလာပါနဲ့ ဆိုလို့... (မရပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒုက္ခ, သမုဒယ၊ သမုဒယ, ဒုက္ခ... (မှန်ပါ့) မဂ္ဂနဲ့နိရောဓ ကြား **မညှပ်ဘူး...(မှန်ပါ့)။**

http://www.dhammadownload.com



သံသရာခရီးသည်ဆိုတာ သမုဒယဒုက္ခ, သမုဒယဒုက္ခ လှည့်နေတာ သံသရာခရီးသည် ခေါ်ပါတယ်... (မှန်ပါ့)။

သံသရာခရီးသည်ဆိုတာ ဘာပါလိမ့်... (သမုဒယနဲ့ ဒုက္ခ လှည့်နေပါတယ်ဘုရား) သမုဒယ, ဒုက္ခ၊ နောက်တစ်ခါ လာပြန် တော့ကော... (သမုဒယ, ဒုက္ခ လာပါတယ်ဘုရား) နောက်တစ်ခါ လာပြန်တော့ (သမုဒယ, ဒုက္ခ လာပါတယ် ဘုရား)။

သမုဒယက အကြောင်း၊ ဒုက္ခက အကျိုး... (မှန်ပါ့) သမုဒယ ဆိုတာ ဆင်းရဲကြောင်း၊ ဒုက္ခဆိုတာ ဆင်းရဲကျိုး... (မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘာတွေလှည့်သတုံးလို့ မေးတော့မှ ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုးတွေလှည့်နေတယ်...(မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီ ဘုရား)။

ဒကာကြွယ် နောက်တုံးက ဘယ်လိုများနေခဲ့, ထိုင်ခဲ့ပါလိမ့် မတုံး... (ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး လှည့်နေပါတယ် ဘုရား)။

ဟုတ်သားပဲ၊ ဒီမှာ ဆင်းရဲကြောင်း, ဆင်းရဲကျိုး၊ ဆင်းရဲ ကြောင်း၊ ဆင်းရဲကျိုး၊ သမုဒယနဲ့ ဒုက္ခချည်း လှည့်နေတယ်... (မှန်ပါ့)။

ဘာများရောနေသတုံး...(ဘာမှမရောပါဘုရား) **မဂ္ဂဆိုတဲ့** နိဗ္ဗာန်ရောက်ကြောင်းကလဲမပါ... (မှန်ပါ့) **နိရောဓဆိုတဲ့** **နိဗ္ဗာန်ရောက်** ကြောင်းလဲ မရောက်၊ ဒီအထဲမှာ ပါကိုမပါ**ဘူး**... (မပါခဲ့ပါဘုရား)။

http://www.dhammadownload.com



သြော် . . . ငါတို့ နောက်တုန်းက ဘယ်လိုများ နေခဲ့ထိုင်ခဲ့ရ ပါလိမ့်မတုံးဆိုတော့ သူများပြောသံကြားတော့ ခင်ဗျားတို့က ပြောချင်တာပြောလိမ့်မယ် . . .(မှန်ပါ့)။

နတ်လဲဖြစ်ခဲ့ဖူးပြီ ဘုရား၊ ဗြဟ္မာလဲ ဖြစ်ခဲ့ဖူးပါပြီဘုရား ဒါ . . . အမျိုးမျိုး ပြောနေမှာပ . . .(မှန်ပါ့)။

အဲဒါ . . . သစ္စာနားမလည်တော့ ဒီအတိုင်း ပြော နေတယ် . . . (ပြောပါတယ်ဘုရား) သစ္စာ နားလည်တဲ့ ပုဂ္ဂိုလ် ကတော့ နောက်ကဖြစ်ခဲ့တာဆိုလို့ရှိရင်ဖြင့် အော့ချင်အန်ချင် လောက် အောင်ပဲ စက်ဆုပ်ပါတယ် . . .(မှန်ပါ့)။

ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့ မောင်ဘထော် ရေ . . . ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး လှည့်နေတယ် . . . (လှည့်နေပါတယ် ဘုရား)။

ဦးဘအုန်း ဘာလှည့်နေသတုံး . . .(ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး လှည့်နေပါတယ်ဘုရား)။

ခင်ဗျားတို့ အခုပါလာတဲ့ စာရွက်ကလေးကြည့်လိုက်ရင် သိပါပြီ . . . (သိပါပြီဘုရား) ဘာနဲ့ ဘာလှည့်နေသတုံး ဆင်းရဲကြောင်းနဲ့ ဆင်းရဲကျိုး လှည့်နေပါတယ်ဘုရား)။

သြော် . . . ဒါဖြင့် ဆင်းရဲတာရယ် ဟုတ်လား . . .(မှန်ပါ့) ချမ်းသာတာရယ် ပါခဲ့ကြတယ် . . . (ပါခဲ့ပါတယ် ဘုရား) မျက်ရည်ကြီးငယ် ကျခဲ့တာရယ်၊ သေပွဲဝင်တာရယ် ဒါပဲရှိတယ် . . . (မှန်ပါ့၊ ဒါပဲရှိပါတယ်ဘုရား)။

http://www.dhammadownload.com



ဘယ်ဟာတွေနဲ့ နေခဲ့ရသတုံး ဆိုတော့မှ အပူလောင် နေတာရယ်၊ အပူလောင်လို့ သေတာရယ် ဒါပဲရှိတယ်... (မှန်ပါ့ဘုရား)။

ဦးဘအုန်း ဘာရှိသတုံး... (အပူလောင်နေတာရယ်၊ သေတာရယ် ဒါပဲရှိပါတယ်ဘုရား) သမုဒယသစ္စာက ပူတတ်တဲ့ တရား၊ အပုလောင်လို့သေရတာက ဒုက္ခသစ္စာ...(မှန်ပါ့ဘုရား)။

ဒါဖြင့် အပူနဲ့ လောင်စာပဲ ရှိတယ်ဆိုတော့ မီးနဲ့လောင်စာပဲ လှည့်နေတယ်...(မှန်ပါ့) မီးတစ်လှည့်, လောင်စာတစ်လှည့်... (မှန်ပါ့)။

ဩော်...ဒကာကြွယ် နောက်တုန်းက စကြဝတေး မင်းကြီးများ ဖြစ်ခဲ့လေသလား...လို့ သူများက မေးရင်ဖြင့် ပြောသံကြားတော့ဖြင့် ဟုတ်မှာပေါ့ဘုရား အစစ်ကတော့ဖြင့် မီးရယ်, လောင်စာရယ် လှည့်လောင်နေတာပဲလို့ မှတ်လိုက်ပါ... (မှန်ပါ့) သဘောကျကြပလား...(ကျပါပြီဘုရား)။

ဘာလှည့်နေသတုံး... (မီးနဲ့လောင်စာပဲ လှည့်နေပါတယ် ဘုရား)။

ဘယ်တော့ အေးငြိမ်းခြင်းရခဲ့သလဲလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ...(ဘယ်တော့မှ မရခဲ့ပါ ဘုရား)။

ဩော်... ဒီအေးငြိမ်းခြင်းမရခဲ့တာ, ချမ်းသာခြင်းမရခဲ့တာ ဘာကြောင့်ပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် မီးဆက်သွားလို့ လောင်စာထဲက မီးပြန်ဖြစ်တယ်...(မှန်ပါ့)။

ဒီဘက်က သမုဒယသစ္စာဆိုတာက ဒကာဒကာမတွေ... သိတဲ့အတိုင်း အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဆိုတာကတော့ မီးတွေ...(မှန်ပါ့)။

2.B

http://www.dhammadownload.com



ဒီဘက် ဝိညာဏ် နာမ်ရုပ် သဠာယတန ၂ နံပါတ်တွေက လောင်စာတွေ...(မှန်ပါ) လောင်စာထဲကနေပြီး သကာလ မီးတွေ တစ်ခါပြန်ထွက်လာတယ်...(မှန်ပါ)။

လောင်စာထဲကနေပြီး ...(မီးတွေ ပြန်ထွက်လာပါတယ် ဘုရား) သမုဒယသစ္စာမီးတွေ ပြန်ပေါ်လာတယ်... (မှန်ပါ) မီးတွေ ပြန်ပေါ်လာပြန်တော့ လောင်စာတစ်ခါဖြစ်ပြန်တယ် (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ မီးဖြစ်လိုက် လောင်လိုက်၊ မီးဖြစ်လိုက် လောင်လိုက်နဲ့ ဦးဘအုန်း ဘယ်တော့များ ချမ်းသာခဲ့တာပါသတုံး... (ဘယ်တော့ကမှ မပါခဲ့ပါဘုရား) မောင်ဘသော် ပါသေးသလား...(မပါပါဘုရား)။

အဲဒါတွေကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ အတိအလင်း ဟောတယ်၊ ဆရာဘုန်းကြီးကလဲ အခု ဘုရားဟောတော်မူတဲ့အတိုင်း ပြပြီးသကာလ နေတယ်၊ ခင်ဗျားတို့ မမြင်နိုင်လို့ ပုံစံကြီးချပြရပြန်တယ်...(မှန်ပါ)။

အဲဒီတော့ တပည့်တော်တို့ဖြင့် ဘုရား၊ ဒီအဝိုင်းစက်ကြီးဖြင့် မလည်ချင်ပါဘူး၊ ဒါစိတ်ဆုံးဖြတ်ချက် ချရလိမ့်မယ်... (မှန်ပါဘုရား)။

အဝိုင်းစက်ကြီးတော့ ...(မလည်ချင်ပါ ဘုရား) မီးတစ်လှည့် လောင်စာတစ်လှည့်တော့ ဘုရား ကြောက်လှပါပြီ... (မှန်ပါ ဘုရား)။

မီးတစ်လှည့် လောင်စာတစ်လှည့်တော့... (ကြောက်လှ ပါပြီ ဘုရား)။

http://www.dhammadownload.com



ကြောက်လှပါပြီဆိုတဲ့ဥစ္စာ ဒကာဒကာမတွေမှာ စဉ်းစားကြည့်၊ သားပူ, သမီးပူ, ဆွေပူ, မျိုးပူတွေကလဲ ခန္ဓာထဲက ပေါက်ဖွားတာ... (မှန်ပါ့)။

ဟာ... ဒါဖြင့် ထင်းထဲက မီးဖြစ်ပြန်ပြီ...(မှန်ပါ့) ထင်းထဲက မီးဖြစ်ပြန်တယ်ဆိုတာ ဟောဒီ ခန္ဓာကြီးက ထင်းပါပဲ။ ဟောဒီထင်းထဲက မီးဖြစ်လာပြန်တယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ထင်းထဲက မီးဖြစ်လာတယ်၊ မီးဖြစ်လို့ တစ်ခါမီးထဲကနေပြီး သကာလ လောင်စာတစ်ခု ကူးလောင်ပြန်တာပဲ... (မှန်ပါ့) မလောင်ဘူးလား ...(လောင်ပါတယ်ဘုရား)။

အဲဒါတွေသိတော့ သြော်...သံသရာ ဒုက္ခဆိုတာ ဒါပါပဲ (မှန်ပါ့) ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဒုက္ခကြီး လက်စမသတ်နိုင်ပါလိမ့် မလဲလို့ မောင်ဘသော်တို့၊ ဒကာကြွယ်တို့ မေးဖို့အချိန် ရောက်ပါပြီ... (ရောက်ပါပြီဘုရား)။

အေး...မင်းတို့ ကလျာဏမိတ္တဆိုတဲ့ ဆရာကောင်း မတွေ့ခဲ့တော့ကွာ မင်းတို့သည် ၂နဲ့၃ မကူးခဲ့လို့ မရဘူးဟော့... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

တပည့်တော် ဘယ့်နှယ်ကြောင့် လောင်စာနဲ့ မီးချည့်လှည့်နေရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ တပည့်တော်တို့ ကလျာဏမိတ္တဆိုတဲ့ ဆရာကောင်း သမားကောင်း မတွေ့ခဲ့ဘူး ဘုရား ...(မှန်ပါ့)။

http://www.dhammadownload.com



မတွေ့တော့ ဘာဖြစ်သတုံးလို့မေးတော့ ၂ကနေပြီး ၃ဘက် ကူးသွားတယ်...(မှန်ပါ)။

၂ခန္ဓာငါးပါးထဲက ၃ခန္ဓာငါးပါး မီးထတောက်တယ်... (မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

၂ခန္ဓာငါးပါးထဲက ၃ခန္ဓာငါးပါးမီးတွေ ထ,ထပြီး တောက်နေပြီဘုရား...လို့ ဆိုလို့ရှိရင် မလွဲပါဘူး...(မလွဲပါဘုရား)။

အဲဒီ ၂ခန္ဓာငါးပါးထဲက ၃ဆိုတဲ့ တဏှာဥပါဒါန်ဘဝတွေကလဲ... (မှန်ပါ) တဏှာဥပါဒါန် ဘဝ အဝိဇ္ဇာသင်္ခါရတွေကများ ...(မှန်ပါ)။

ကိုင်း... ဒကာဒကာမတို့ သူများပြောတာ မယုံလို့ရှိရင်ဖြင့် ဥပမာ ဘုန်းကြီးတို့ ဒကာဒကာမတွေ မနက်ကရောင်းဝယ်ပြီးကြပလားလို့ မေးလို့ရှိရင်ဖြင့် ပြီးခဲ့ပါပြီ ဘုရား၊ တချို့လဲ မပြီးသေးဘူး၊ သိမ်းလာခဲ့ရတာပဲ အစရှိသည်နဲ့ လျှောက်ကြမယ်... (မှန်ပါ) မလျှောက်ပေဘူးလား... (လျှောက်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီလို လျှောက်ရပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ခုနင်က ရောင်းဝယ်ကိစ္စ တဏှာဥပါဒါန်ကံတွေဟာ ဒကာဒကာမတို့ သူများအံထဲမှာ ပေါ်တာလား၊ ကိုယ့်ခန္ဓာထဲမှာပဲ ရောင်းဝယ်ကိစ္စတွေက ပေါ်လာတာလား... (ကိုယ့်ခန္ဓာထဲမှာ ပေါ်လာတာပါဘုရား)။

အဲ...ဒါဖြင့် ဒကာဒကာမတို့ ၂ ထဲက ၃ ကူးနေကြတယ်... (မှန်ပါ) ဘယ်လိုဆိုကြမယ်...(၂ ထဲက ၃ ကူးနေကြပါတယ် ဘုရား)။

http://www.dhammadownload.com



ဩော်...ဒါဖြင့် ၂နံပါတ်က လောင်စာ၊ ၃နံပါတ်က မီး...(မှန်ပါ့) ထင်းထဲက မီးဖြစ်လာကြတယ်...(မှန်လှပါ) ရှင်းကြပလား...(ရှင်းပါပြီပါဘုရား)။

ဘာဖြစ်လာကြသလဲ... (ထင်းထဲက မီးဖြစ်လာကြပါတယ် ဘုရား)။

ဒီ မီးကနေပြီး နောက်ထင်းတစ်ခု သူလုပ်ဦးတော့မယ်... (မှန်လှပါ) ၄နံပါတ် သူက သွားတော့မယ်...(မှန်ပါ့) မသွားပါနဲ့ဆိုလို့ ရသေးရဲ့လား...(မရပါဘုရား)။

ကဲ...ဒါဖြင့် ဒကာဒကာမတွေ ရောင်းဝယ်နေတဲ့ ခန္ဓာကြီးထဲကနေပြီး တဏှာဥပါဒါန်ကံတွေ ပေါက်ပွားလာသလားလို့ မေးရင် ဘယ့်နှယ် ဖြေကြမလဲ... (ပေါက်ပွားပါတယ်ဘုရား)။

ဒီလောက် ပေါက်ပွားလို့ရှိရင် ဒကာဒကာမတို့ နောက်ဇာတိ ဇရာမရဏဆိုတဲ့ ၃နံပါတ်ဖြင့် တပည့်တော်တို့ ဖြစ်ရဦးမှာလားမေးရင် ဘယ့်နှယ်ဖြေကြမလဲ...(ဖြစ်ရပါမယ်ဘုရား) နိယာမတရားလို့ ဆိုတာ မှတ်ထားကြပါ... (မှန်ပါ့)။

အဲဒါကြောင့် ဒကာကြွယ်ရေ ...အမြင် ပြောတဲ့အခါကျတော့ ရှင်းပါပြီနော်...(မှန်ပါ့)။

ဒကာကြွယ် ဘယ်ကဖြတ်မတုံးလို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် ကဲပဋိစ္စသမုပ္ပာဒ်က ဒကာကြွယ် သိပြီမဟုတ်လား... **(သိပါပြီဘုရား)။**

http://www.dhammadownload.com



၁ အစပ်ကတော့ ဖြတ်လို့မရဘူး... (မရပါဘုရား) ၂ အစပ်ကတော့ ဖြတ်မယ်ဆိုရင်...(ရပါတယ်ဘုရား)။

၁ အစပ်ကတော့ လွန်ပြီးကျွံပြီး ဖြစ်နေတယ်...(မှန်ပါ့) ဘာဖြစ်လို့တုံး၊ အတိတ်ဘဝက လုပ်ခဲ့ပြီးဖြစ်သောကြောင့် ဒီအစပ်ဟာတော့ ဒီဘက်ရောက်နေပြီ...(မှန်ပါ့)။

ကျုပ်တို့က ဒီဘက်ရောက်နေတယ် ဒီ လှမ်းဖြတ်လို့ မရဘူး...(မှန်ပါ့) ဒီဟာကလေးတော့ မဆက်ချင်လဲဖြစ်တယ်... (မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီဘုရား) ဆက်ချင်လဲ ဖြစ်တယ်...(မှန်ပါ့)။

အဲဒီတော့ ဆက်ချင်လဲဖြစ်ဆိုတော့ မနက်က ခန္ဓာထဲက ဒကာဒကာမတွေနေပြီး ၂နံပါတ်ထဲကနေပြီး ၃နံပါတ်ဆိုတဲ့ တဏှာ, ဥပါဒါန်, ကံ, အဝိဇ္ဇာ, သင်္ခါရတွေ ပေါက်ပွားခဲ့ကြ သလားလို့ မေးခဲ့လို့ရှိရင် ပေါက်ပွားခဲ့ကြတယ်လို့ ဒကာကြွယ် ဖြေရမယ်...(မှန်ပါ့) မဖြေရဘူးလား...(ဖြေရပါတယ်ဘုရား)။

အင်း...ဘယ့်နှယ်ကြောင့် ဖြေရပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ တပည့်တော်တို့ ထုံးတမ်းက ဒီလိုပဲဘုရာ့... (မှန်ပါ့) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

ဒကာဒကာမတွေ ထုံးတမ်းက မသေရခင်က သေကြောင်း ရှာတယ်...(မှန်ပါ့)။

မသေရခင်က... (သေကြောင်းရှာပါတယ်ဘုရား) ဒီဥစ္စာ မသေခင်၊ မသေခင်တာတွေက ဘာတွေတုံး၊ သေကြောင်း... (မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် မသေခင်က နောက်ထပ် သေကြောင်းရှာတယ်... (မှန်ပါ့)။

မသေခင်က... (နောက်ထပ် သေကြောင်းရှာပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဒကာဒကာမတို့ လုပ်နေတဲ့ အလုပ်ကဖြင့် မသေခင်က သေကြောင်းရှာတဲ့အလုပ် လုပ်နေတယ်...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ခင်ဗျားတို့ ကလေးတွေကျတော့ အော်လိုက်တာ၊ ဒီကောင်ကလေးက သေချင်ပြန်ပလား...တဲ့...(မှန်ပါ့) အော်ကြတယ်၊ ခင်ဗျားတို့...(အော်ကြပါတယ်ဘုရား)။

ဒီကောင်ကလေးဟာ သေချင်ပလား...လို့ ဒကာကြွယ်တို့လဲ စိတ်ဆိုးတဲ့အခါ ပြောမိတယ်... (ပြောမိပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ဒီကလေးသည်ကားလို့ဆိုရင် ငြိမ်ငြိမ်မနေပဲနဲ့ ဆော့နေလို့ (မှန်ပါ့) ဒီကောင်လေး သေချင်ပြန်ပြီ ထင်တယ်...တဲ့...(မှန်ပါ့) မပြောကြဘူးလား...(ပြောကြပါတယ်ဘုရား)။

ဒကာကြွယ်တို့ကိုလဲ ဘုန်းကြီးက ပြောရလိမ့်မယ်၊ ဒကာကြွယ်တို့သည်ကားလို့ ဆိုရင်ဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ ငြိမ်ငြိမ်မနေဘဲနဲ့ တဏှာ, ဉပါဒါန်, ကံတွေ ထပ်ပြီးလုပ်နေပြန်လို့ ရှိရင်ဖြင့် ဘယ့်နှယ်ဆိုရမလဲ...(သေချင်ပြန်ပလား) သေချင်ပြန်ပလား မေးရမယ်...(မှန်ပါ့)။

http://www.dhammadownload.com



ဦးဘအုန်း၊ ဒါမေးရမှာပဲ...(မှန်ပါ့) ဒီပြင်ဘာမေးစရာရှိသတုံး...(မရှိပါဘုရား)။

နောက်က ဒကာဒကာမတွေ အခု ပြောတဲ့အကြောင်း နားလည်ပလား...(နားလည်ပါတယ်ဘုရား)။

ခန္ဓာထဲကနေပြီး သင်္ကာလ တဏှာ, ဥပါဒါန်, ကံတွေက မလုပ်ကြဘူးလား...(လုပ်ပါတယ်ဘုရား) အဲဒီတော့ ဒါ... ဘယ့်နှယ်ဆိုတာ...(သေချင်ကြလို့ လုပ်တာပါဘုရား) သေချင်ပြန်ပလားလို့လဲ မေးဖို့ရှိတယ်...(မှန်ပါ့)။

ဒီဟာလုပ်လို့ရှိရင်ဖြင့် ဒီခန္ဓာ ဇာတိ, ဇရာ, မရဏဆိုတဲ့ သေပွဲဟာ တွေ့ရမယ်...(မှန်ပါ့) မတွေ့ပါနဲ့ဆိုလို့... (မရပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကလေးသာဆုံးမတယ် ကိုယ့်ကိုယ်တော့ မဆုံးမဘူး...(မဆုံးမပါဘုရား) ဒကာကြွယ် ဘာဖြစ်နေတာတုံးဗျ...မသိလို့ပါဘုရား...(မှန်ပါ့) မသိလို့ပါ၊ ဒကာ ဒကာမတို့နော်...(မှန်ပါ့)။

အခုလို ပဋိသမုပ္ပာဒ် စက်ရဟတ်ကြီးလည်ပုံကို ကိုယ်တိုင်ကလဲ မသိတော့ ဖြစ်နေတာမသိဘူး...(မှန်ပါ့)။

အခုတော့ဖြင့် အရောင်းအဝယ် ရိုးရိုးက ကိစ္စမရှိဘူးထားပါတော့နော်...(မှန်ပါ့) ပရိယာယ်တွေ မာယာတွေနဲ့ အမျိုးမျိုး အဖုံဖုံ ရရာရကြောင်း လုပ်တဲ့အခါကျလို့ရှိရင် ကိုယ့်ကိုယ်ကို ဆုံးမပါနော်...(မှန်ပါ့) ဆော့ပြန်ပလား၊ မင်းသေချင်ပြန်ပလားသာမေး...(မှန်ပါ့ဘုရား) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဘယ့်နှယ်မေးကြမယ်...(ဆော့ပြန်ပလား၊ သေချင်ပြန်ပလားလို့ မေးရပါမယ်ဘုရား) ဒီအမေးဟာ ဒကာကြွယ်တည့်, မတည့် စဉ်းစား...(တည့်ပါတယ်ဘုရား) အင်မတန်တည့်တယ်...(မှန်ပါ့)။

ဒီခန္ဓာကြီးထဲက ဒါ ပေါက်ပွားလာတော့ ဒါ... သေကြောင်းတွေ...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒီကျတော့ မသေချင်ပါဘူးဆိုတော့ အနာဂတ်ဘဝရပါ့မလား... (မရပါဘုရား) မရတော့ ဒီဟာကလေးတွေ ပေါက်ပွားတိုင်း ပေါက်ပွားတိုင်း ဒီကလေးဟာ ဆော့လိုက်တာ သေချင်လို့လား...တဲ့... (မှန်ပါ့ဘုရား) ဒီလူကြီးဟာလဲ ဆော့လိုက်တာ ဘယ့်နှယ်ဆိုရမလဲ... (သေချင်လို့လားပါပဲ ဘုရား)။

ဒကာကြွယ် သူများမပြောနဲ့၊ ကိုယ့်ကိုယ်ကိုပြောပါ ဟုတ်လား၊ ဟုတ်လား...(မှန်ပါ့)သူများမပြောပါနဲ့...တဲ့ ဘယ်သူ့ဆုံးမရမလဲ...(ကိုယ့်ကိုယ်ကို ဆုံးမရပါမယ်ဘုရား)။

အေး...မင်းဟာ သေချင်ပြန်ပလားကွ...(မှန်ပါ့) ဒကာကြွယ် မမေးသင့်ဘူးလား...(မေးသင့်ပါတယ်ဘုရား)။

သေချင်ပြန်ပလားဆိုတဲ့ဥစ္စာ နောက်ဆုံးပိတ် ဒုက္ခပြောတာပဲ...(မှန်ပါ့) နောက်ဆုံးပိတ် ဒုက္ခဆိုတဲ့ ဥစ္စာက သေရတဲ့ကြားမှာ မင်းပဋိသန္ဓေ နေချင်ပြန်ပလား၊ အိုချင်ပြန်ပလားလဲပါတယ်...(မှန်ပါ့) မပါဘူးလား...(ပါ ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါတွေ ကျကျနန ဘုန်းကြီးတို့ဒကာဒကာမတွေသိတော့ ကိုယ်လုပ်နေတဲ့ အလုပ်ဟာ သေကြောင်းကြံတဲ့အလုပ်၊ တယ်များ တယ်...(များပါတယ်ဘုရား)။

ဟိုမှာ ကြိုးဆွဲချသေဖို့ ကြိုးချည်နေတဲ့ ပုဂ္ဂိုလ်ကမှ ဩော်...ဘေးကသိတဲ့ပုဂ္ဂိုလ်က မြင်တော့ သေကြောင်းကြံနေ ရှာတယ်...(မှန်ပါ)။

ဒကာကြွယ်တို့ကပြောမယ် တယ်မိုက်သကိုး၊ ဝဋ်မကင်း ဘဲကိုး၊ ဒါကြောင့် သူ့ဟာသူ သေကြောင်းကြံနေတယ်... (မှန်ပါဘုရား)။

ခင်ဗျားတို့ ခန္ဓာကြီးက တဏှာ, ဥပါဒါန်, ကံတွေပေါက်ပွား လာတာကလဲ ဘာလာလုပ်တာတုံး... (သေကြောင်းကြံတာ ပါဘုရား) ဒါဖြင့် အတူတူပဲ...(မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အံ့မလေး ဘုန်းကြီးတို့ ဒကာဒကာမတွေ ရင်းရင်းနှီးနှီးနဲ့ အခုနားလည်လို့သာ ဒကာကြွယ် ရှင်းတာနော်...(မှန်ပါ ဘုရား)။

တချို့ ဒကာဒကာမတွေက သေကြောင်းကြံနေတဲ့ အလုပ်ကိုပဲ ကျုပ် အကောင်းလုပ်နေတာလို့ ပြောသေးတယ်... (ပြောပါတယ်ဘုရား)။

ဒီလိုမှ မလုပ်လို့ရှိရင် ကျုပ် ဘာစားမလဲလို့ ဒကာကြွယ် ဆင်ခြေများ လဲလိုက်သေးတယ်...(မှန်ပါ)။

http://www.dhammadownload.com



ကဲ...ဒီဒကာ ဒကာမတွေက ပဋိသမ္ဘိဒါ စက်ရဟတ်ကြီး ကြည့်လိုက်တဲ့အခါကျတော့ သူလုပ်**နေတဲ့ အ**လုပ်ဟာ ဘာလုပ်နေတာတုံးဆိုတာ သေကြောင်း**ကြံနေတာ**...(မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီဟာတွေပေါ်လာရင် သေကြောင်းကြံနေတာပဲ... (မှန်ပါ့) **နောက်ထပ် မ**သေချင်ပါဘူးဆိုလို့ ၄,နံပါတ် ဇရာ မရဏာ **လွတ်နိုင်ပါ့မလား**...(မလွတ်နိုင်ပါဘုရား)။

ဒကာ**ကြွယ်** ခင်ဗျားသည်ကား...လို့ဆိုရင်ဖြင့် **အိမ်မှာ** အရောင်းအဝယ် လုပ်ပြီးသကာလ နေတာဟာ လူ့သာခုခေါ် နတ်သာခုခေါ် လုပ်နေတာလား၊ ကိုယ့်ဟာကိုယ် သေကြောင်း ကြံနေတာလား...(ကိုယ့်ဟာကိုယ် သေကြောင်းကြံ**နေတာပါ** ဘုရား) ဒကာဒကာမတွေ ရိပ်မိသွားပြီ...(ရိပ်မိပါပြီဘုရား)။

ရိပ်မိသွားပြီ၊ သေချင်သေးလို့ ပြန်လုပ်တာပဲ... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား) သေချင်သေးလို့ တဏှာ ဥပါဒါန် ခန္ဓာထဲက ပေါက်ပွားလာတာ...(မှန်ပါ့)။

ဒါကြောင့် ဒကာဒကာမတွေ ကိုယ့်ဟာကိုယ် ကလေးတော့ ဆုံးမတတ်တယ်...(မှန်ပါ့)။

ဒကာကြွယ်ကြီးတို့ အသက်အရွယ်က ကြီးတယ်၊ မောင်ဘသော်တို့ ကြီးလာသော်လဲ ကိုယ့်ကိုယ် မဆုံးမတတ်ဘူး (မဆုံးမတတ်ပါဘုရား) ကဲ...ယနေ့တော့ ဆုံးမတတ်ပြီ... (ဆုံးမတတ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒီတရားတွေ ပေါက်ပွားလာလို့ရှိရင်ဖြင့် ကိုယ့်ကိုယ်ဘယ်လို ဆုံးမကြမယ်...(မင်း သေချင်သေးလို့လား) မင်းသေချင် သေးလို့လားသာမေး...(မှန်ပါ့)။

ဒကာကြွယ် ဘယ့်နှယ်မေးမတုံး...(မင်း သေချင်သေးလို့ လားလို့ မေးတတ်ပါပြီဘုရား) ဦးဘအုန်းကကော... (သေချင် သေးလို့လား မေးပါမယ်ဘုရား)။

သေချင်သေးလို့လားမှတစ်ပါး ဒီပြင်မေးစရာ မရှိဘူး... (မှန်ပါ့ဘုရား) သေချင်သေးလို့ သေကြောင်းကြံတဲ့ တရားတွေ ပေါ်လာတယ်...(မှန်ပါ့ဘုရား) ရှင်းကြပလား... (ရှင်းပါပြီ ဘုရား)။

အဲဒါတွေ သိတော့မှ ဩော်...တို့အဖြစ်သည်ကားလို့ ဆိုရင် ဆရာမကူလို့ ရှိရင်ဖြင့် ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုရင် သေကြောင်းကြံတဲ့ အလုပ်ချည့် လုပ်နေတာကိုး... (မှန်ပါ့)။

ကိုယ့်သဘောနဲ့ ကိုယ်ဆိုရင်ဖြင့်...(သေကြောင်းကြံတဲ့ အလုပ်ချည့် လုပ်နေပါတယ်ဘုရား) နို့ ...အခု သေရပလားလို့ မေးတော့ ဘယ့်နှယ်ဖြေကြမလဲ ...(သေရပါပြီဘုရား) အို...ဒါဖြင့် အသေရှာနေတာပါလား... (မှန်ပါ့)။

အခု မသေခင်က အသေရှာထားတဲ့ အလုပ်ကို လုပ်နေတယ်လို့ မောင်ဘသော်တို့ဆိုရင် မလွဲပါဘူး... (မလွဲပါ ဘုရား) သေလို့ အားမရလို့လားလို့ မေးရင်လဲ ပြီးတာပဲ၊ ဟုတ်တာပဲ... (မှန်ပါ့ ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



သေလို့ အားမရလို့ လားမေးရင်ကော... (ဟုတ်ပါတယ်ဘုရား) ဟုတ်ပါတယ်လို့ပဲ ဒကာဒကာမတွေက ဖြေရမယ်... (မှန်ပါ့ဘုရား)။

ကိုင်း... ဒါဖြင့် ဒကာဒကာမတို့ သေကြောင်းကြံတဲ့ အလုပ်ဟူသရွေ့ဟာဖြင့် ခင်ဗျားတို့သည်ကား... လို့ ဆိုရင် မသေခင်က သေကြောင်းကြံသောကြောင့် အသေရှိလျက်နဲ့ အသေရှာတယ်ဆိုတာ မလွဲပါဘူး၊ လွဲသေးသလား... (မလွဲပါဘုရား)။

ဒီအထဲကမှ ဒကာဒကာမတို့ ဝိညာဏ်, နာမ်ရုပ်တွေဟာ မသေမှ မသေရသေးဘဲ၊ မသေခင်က ခန္ဓာထဲက ဒါတွေ လုပ်နေတယ်...(မှန်ပါ့)။

ဒါတွေလုပ်မှ နောက်တစ်ခါသေရမယ်...(မှန်ပါ့) ဒီကြားမှာ ဇရာ မရဏ ရှိသေးတယ်၊ သေရဦးမှာပဲ...(မှန်ပါ့)။

အဲဒီတော့ မသေခင်က ဘာလုပ်နေသတုံး...(သေကြောင်းကြံနေပါတယ်ဘုရား) အသေကိုရှာနေတယ်...(မှန်ပါ့ဘုရား) ဘယ့်နှယ်ဖြေကြမလဲ... (မသေခင်က အသေရှာနေပါတယ်ဘုရား)။

ဩော်... ဒါဟာ မသေခင်က အသေရှာတယ် ဆိုတော့ ဒကာဒကာမတို့ မိုက်လွန်းတယ်...(မှန်ပါ့)။

ဘယ့်နှယ် အပြစ်တင်ရမလဲ...(မိုက်လွန်းတယ် အပြစ်တင်ရပါမယ်ဘုရား) မိုက်လွန်းတယ်မှတစ်ပါး တခြား အပြစ်တင်စရာ ဘာမှမရှိပါဘူး... (မရှိပါဘုရား) သဘောပါပလား... (ပါ,ပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း . . . ဒါဖြင့် တစ်ခါတော့ဖြင့်ကွာ အတိတ်အကြောင်းကြောင့် ဒီတစ်ခါ သေချင်သေရပါစေတော့၊ နောက်တစ်ခါ သေကြောင်းကြံတဲ့ အလုပ်ကို မလုပ်တော့ပါဘူးလို့ ဒီနေ့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ)။

နောက်ဘဝက သေကြောင်းကြံခဲ့လို့ ယခုဘဝတော့ သေရဦးမယ်၊ နောက်တော့ဖြင့် မသေပါဘူး၊ သေကြောင်းကြံတဲ့ အလုပ် မလုပ်တော့ပါဘူးလို့ဆိုတဲ့ စိတ်ဟာ ယခုအချိန်မှာ ပေါ်ဖို့ အခွင့်အခါရောက်ပြီ . . . (ရောက်ပါပြီဘုရား) မရောက်သေးဘူးလား . . .(ရောက်ပါပြီဘုရား)။

အဲဒီတော့ ဒီရောက်ရုံနဲ့လဲ မပြီးသေးတော့ နောက် သေကြောင်းကြံတဲ့ အလုပ်မလုပ်တော့ပါဘူးလို့ ပါးစပ်က ပြောလို့လဲ မပြီးတော့ ဒီလာမယ့် ၂နဲ့၃ကူးမယ့် ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖြတ်ရလိမ့်မယ် . . .(ဖြတ်ရမှာပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

၂နဲ့၃ကူးတဲ့ ပဋိစ္စသမုပ္ပါဒ်ကို . . . (ဖြတ်ရမှာပါဘုရား) ဘာနဲ့ဖြတ်ကြမယ် . . .(မဂ်နဲ့ ဖြတ်ရပါမယ်ဘုရား) မဂ်နဲ့ဖြတ်ဖို့ပဲ အားကိုးစရာ ရှိတော့တယ်၊ တခြား အားကိုးစရာရှိသေးရဲ့လား . . . (မရှိပါဘုရား)။

အေး . . .ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သြော် . . . တော်သေးတယ်၊ ဘာဖြစ်လို့တုံးဆိုလို့ရှိရင်ဖြင့် မဂ်နဲ့ ဖြတ်လိုက်လို့ အားလုံးပဲ တရားတစ်ပွဲလုံးပဲ လျှောက်တယ် . . . (မှန်ပါဘုရား)။

http://www.dhammadownload.com



ဘာနဲ့ဖြတ်မယ် . . .(မဂ်နဲ့ဖြတ်ပါမယ်ဘုရား) မဂ်နဲ့ဖြတ်မယ်လို့ တရားတစ်ပွဲလုံး လျှောက်ကြတော့ သြော် . . .ဖြတ်စရာလက်နက်ကလေး သူတို့သိသေးတယ် . . . (မှန်ပါ့ဘုရား)။

ဒီလို ပဋိစ္စသမုပ္ပာဒ်ကြီး **နာ.မလည်**တဲ့ ပုဂ္ဂိုလ်များ ဘာနဲ့ ဖြတ်မတုံးမေးတော့ အို . . .**ကျုပ်တို့ဖြင့်** ကုသိုလ် လုပ်ရမှာပဲ (မှန်ပါ့)။

ဦးဘအုန်း ဒါနဲ့ဖြေမယ် . . .(ဖြေပါတယ်ဘုရား) ကျုပ်ဒါ . . . ကုသိုလ်လုပ်ရမှာပဲ၊ မတတ်နိုင်ဘူး . . .(မှန်ပါ့)။

သူ့ဟာ ဘာကုသိုလ်တုံး၊ ဖြတ်တဲ့ကုသိုလ်လား၊ အသေရာတဲ့ ကုသိုလ်လားလဲ သူမသိဘူး . . .(မသိပါဘုရား) သူ့ဟာက ကုသိုလ်လုပ်ရမှာပဲ တစ်ခုသာ သူသိတယ် . . .(မှန်ပါ့)။

အဲဒီတော့ ဦးဘအုန်း မလိုလားဗျာ . . . (လိုပါတယ်ဘုရား) လိုတယ်တဲ့၊ တချို့ကုသိုလ်က ဒကာကြွယ် နတ်ရွာသုဂတိ ပို့လိုက်တော့ အသေတစ်ခုတွေ့တယ် . . .(မှန်ပါ့) မတွေ့ဘူးလား . . . (တွေ့ပါတယ်ဘုရား)။

ဗြဟ္မာ့ပြည်ပို့လိုက်တော့ကော . . .(အသေတစ်ခုတွေ့ပါတယ်ဘုရား) အသေတစ်ခု တွေ့ပြန်တယ်ဆိုတော့ အင်း . . . သေကြောင်းကြံပြန်တာပဲ . . .(မှန်ပါ့)။

သေကြောင်းကြံတဲ့ အလုပ် သူလုပ်မိပြန်တော့လဲ ဦးဘအုန်း အသေလွတ်ပါ့မလား . . . (မလွတ်ပါဘုရား)။

ဒါကြောင့် ဝဋ္ဋဒါန ဝဋ္ဋသီလတွေကို မောင်ဘသော် ကြောက်ရမယ်ဆိုတာ . . .(မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဘာ့ကြောင့်တုံး၊ သေကြောင်းကြံအလုပ်မို့ . . . (မှန်ပါ) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

ဘာတဲ့ တုံး . . .(သေကြောင်းကြံ တဲ့ အလုပ်ပါဘုရား) သေကြောင်းကြံတဲ့ အလုပ်မို့ ကြောက်ရပါတယ်ဆိုတာ ပေါ်ပလား . . .(ပေါ်ပါပြီဘုရား)။

ကိုင်း . . .ဒါဖြင့် ဝဋ္ဋဒါန, ဝဋ္ဋသီလ မလုပ်ဘဲနဲ့ ဝိဝဋ္ဋဒါနနဲ့ ဝိဝဋ္ဋသီလကို လုပ် . . .(မှန်ပါ) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ဒါဖြင့် ဝိဝဋ္ဋဒါန, ဝိဝဋ္ဋသီလလုပ်လို့ ရှိရင်ဖြင့် သဗ္ဗဒါနံ ဓမ္မဒါနံဇိနာတိ ဆိုတဲ့ ဓမ္မဒါနကို ခင်ဗျားတို့ လုပ်ရလိမ့်မယ် . . . (မှန်ပါ)။

ကိုင်း . . .ဒါဖြင့် ဓမ္မဒါန ဆရာဘုန်းကြီးက လုပ်ဖို့ ပြောတယ် ခင်ဗျားတို့က မသိသေးတဲ့ ပုဂ္ဂိုလ်ပြောဖို့ အရေးကြီး ပါတယ် . . .(မှန်ပါဘုရား)။

သနားကြလို့ရှိရင်ဖြင့် ဒိပဋ္ဌိပ္ပသမုပ္ပာဒ် လည်နည်းကိုလဲ ပြောပေးကြပါ . . . (မှန်ပါ) ဖြတ်နည်းကိုလဲ . . . (ပြောပေးရ ပါမယ်ဘုရား) ပြောပေးကြစမ်းပါဆိုတာ အလွန်အရေးကြီးလို့ မှာပါတယ် . . .(မှန်ပါ)။

ဦးဘအုန်း မပြောသင့်ဘူးလား . . . (ပြောသင့်ပါတယ် ဘုရား) ရန်ဖြစ်မယ့်လူတော့ မပြောနဲ့ပေါ့ဗျာ . . .(မှန်ပါ)။

ဟာ . . .သူဖြင့် မသိတဲ့လူဘဲ၊ သေရမှာကြောက်တဲ့ ပုဂ္ဂိုလ်လဲ ရှိပါလိမ့်ဦးမယ် . . .(ရှိပါတယ်ဘုရား) အဲဒီလို ပုဂ္ဂိုလ်ကျတော့ မောင်ဘသော်တို့ ဘာလုပ်ရမလဲ . . . (ပြောရပါမယ်ဘုရား)။

http://www.dhammadownload.com



ပြောပေးရမယ် ဆုံးမပေးရမယ်၊ ဓမ္မဒါန လုပ်ရမယ်... (မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကိုင်း...ဒါဖြင့် သူများကို ဓမ္မဒါနလုပ် ကိုယ်သိပြီးမှ လုပ်ရမှာ ဖြစ်နေတော့ ဒကာကြွယ်ရေ... ၂နဲ့၃ မကူးအောင် ကိုယ်ကိုယ်တိုင် သိအောင် အရင်လုပ်ကြဦးစို့...(မှန်ပါ့)။

ဘာလုပ်ရမယ်... (ကိုယ်သိအောင် အရင် လုပ်ရပါမယ် ဘုရား)။

၂နဲ့၃ဆိုတော့ ဘုန်းကြီးမှာလဲ သက်သာသွားတယ်... (မှန်ပါ့) ၂,ထဲမှာလဲ ငါးခုတောင် ရေရမှာကိုး၊ ၃,ထဲမှာလဲ ငါးခုတောင်ပါနေတယ်...(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဂဏန်းနဲ့ပဲ ဟောနေတယ်ဆိုတာ ဒကာ ဒကာမတွေ သိပါပြီ...(သိပါပြီဘုရား)။

ပုံစံကြည့်လိုက်တော့လဲ ဩော်...၂,က ဒါတွေကိုး၊ ဒါတွေကိုး၊ ၃က ဒါတွေ ဒါတွေကိုးဆိုတာ မရှင်းသေးဘူးလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးဘအုန်း ၂နဲ့၃ မကူးတဲ့နည်း လုပ်ကြပါစို့... (မှန်ပါ့) ဘာလုပ်ရမယ်...(၂နဲ့၃ မကူးတဲ့နည်း လုပ်ရပါမယ် ဘုရား)။

ကိုင်း...သေသေချာချာ မှတ်ကြပါ၊ ဒါ သင်ပါတော့မယ်နော်...(မှန်ပါ့)။

**ကွာ...တဲ့၊ ၂နဲ့၃ မကူးတဲ့နည်း အင်္ဂုတ္တိုရ်မှာ လာတယ်။**

http://www.dhammadownload.com



"အနိစ္စ ယေဝ ဓမ္မာနံ အနိစ္စတ္တံ ပဿတိ၊ သာယံ ဟောတိ သမ္မာဒိဋ္ဌိ" အနိစ္စကို အနိစ္စလို့ သိတယ်၊ ဥပမာ...ဝေဒနာကလေး တစ်ခုထားပါတော့၊ ဖြစ်ပြီးပျက်တာ ဘာခေါ်ကြမယ်... (အနိစ္စပါဘုရား)။

အဲဒီတော့ အနိစ္စကိုတဲ့ အနိစ္စလို့သိလို့ရှိရင် ဒီနေရာမှာ သမ္မာဒိဋ္ဌိ ဝင်တယ်... (မှန်ပါ့) ဝေဒနာကလေးတွေ အနိစ္စကို အနိစ္စလို့သိရင် သိတဲ့သမ္မာဒိဋ္ဌိက ဒီနေရာမှာ ဝင်လိုက်တာပဲ (မှန်ပါ့)။

ဒီအဆက်ကလေး ဘာဖြစ်သွားသတုံး...(ပြတ်သွားပါတယ်ဘုရား) သဘောပါပလား... (ပါ...ပါပြီ ဘုရား)။

၂,က ဒကာဒကာမတို့ ၃ကို ကူးသလား၊ ပြတ်ထွက်သလား... (ပြတ်ထွက်သွားပါတယ်ဘုရား) ပြတ်တယ်ဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)။

အနိစ္စံ ယေဝ ဓမ္မာနံ အနိစ္စတ္တံ ပဿတိ၊ သာယံဟောတိ သမ္မာဒိဋ္ဌိ...(မှန်ပါ့)။

ဦးဘအုန်း ဘာတဲ့တုံး (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိဆိုတာ မဂ်ပဲ...(မှန်ပါ)။

သမ္မာဒိဋ္ဌိဆိုတာ (မဂ်ပါဘုရား) မဂ်သည်ကား...လို့ဆိုရင် ဒီအစပ် ဖြတ်ချတယ်...(မှန်ပါ့) ဘာဖြစ်လို့တုံး...ဆိုတော့ အနိစ္စကို အနိစ္စလို့သိလို့... (မှန်ပါ့) ဝေဒနာကလေးဟာ ဘာတဲ့... (အနိစ္စပါဘုရား) သိတာက ဒီနေရာ မဂ်...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် အနိစ္စကိုသိရင် ပြတ်တယ်... (မှန်ပါ) ဒုက္ခကို သိရင်... (ပြတ်ပါတယ် ဘုရား) အနတ္တကိုသိရင်... (ပြတ်ပါတယ် ဘုရား) သဘောကျပလား... (ကျပါပြီ ဘုရား)

ဩော်...ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ် မပြတ်ဘူး၊ သိတဲ့ပုဂ္ဂိုလ်... (ပြတ်ပါတယ် ဘုရား) ရှင်းကြပလား... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အသိပညာလောက် အရေးကြီးတာ ဒကာကြွယ် ရှာမတွေ့ဘူး... (မတွေ့ပါဘုရား) သံသရာပြတ်ဖြင့် သူပဲ... (မှန်ပါ) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့ ဒကာဒကာမတို့၊ အနိစ္စကို တစ်ခါတည်း မြင်အောင်ကြည့်ပါ၊ ဘယ်လို ကြည့်ရမှာတုံး...လို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် အနိစ္စသည် ဒါကလေးဖြင့် ဝေဒနာကို မဟုတ်ဘူး၊ အနိစ္စကလေးပဲလို့ တစ်ခါတည်း မှတ်ပစ်ပါ... (မှန်ပါ) ဝေဒနာပေါ်တိုင်း ပေါ်တိုင်း အနိစ္စလို့ မှတ်ပါ... (မှန်ပါ)။

အနိစ္စ ပဋိသံဝေဒီ=အနိစ္စလို့ ထိုးထွင်းလို့သိပါ...(မှန်ပါ) ဒါဖြင့် ဝေဒနာကလေးပေါ်လာရင် ဒကာဒကာမတို့ အနိစ္စလို့ အရင်မှတ်၊ ပြီးတော့မှ အနိစ္စလို့သိ...(မှန်ပါ)။

ဝေဒနာကလေး ပေါ်လာရင် ဘယ့်နှယ်လုပ်မလဲ... (အနိစ္စလို့ သိရပါမယ်ဘုရား)။

သတတံ=အမြဲ၊ သမိတံ=မပြတ်၊ ဒါကလေးတွေ ပေါ်လာရင် ဒါ အနိစ္စပဲလို့၊ အဇ္ဈောကိဏ္ဏံ...တဲ့၊ ဒကာဒကာမတို့ မပြတ်ကြိုးစားပါ...တဲ့ (မှန်ပါ) မပြတ် ကြိုးစားပါတဲ့။

http://www.dhammadownload.com



အဇ္ဈောကိဏ္ဏံ=သူ့ကို ရှုနေတုန်းကို အနိစ္စကလေးလို့မှတ်၊ သိပြီးသကာလ ရှုနေတုန်းကို အဇ္ဈောကိဏ္ဏံ ဆိုတာ ဒကာကြွယ် မှတ်လိုက်စမ်း၊ တစ်ပါးသောတရား ဒီကြားထဲမှာ မဝင်စေနဲ့တဲ့ . . . (မှန်ပါ့)။

အနိစ္စလို့မှတ်၊ အနိစ္စလို့သိ၊ အနိစ္စရှုနေတုန်းကို တစ်ပါးသောတရား မဝင်နေနဲ့ . . . တဲ့ (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တစ်ပါးသောကိစ္စဆိုတာ သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စဆိုတဲ့ ဝိတက်တွေပေါ့ဗျာ . . . (မှန်ပါ့) အဲဒါတွေ ဘာတုံး . . . (မဝင်စေရပါဘုရား) မဝင်စေနဲ့နော် ဒကာဒကာမတို့ . . . (မှန်လှပါဘုရား)။

ကိုယ်က အနိစ္စလို့ မှတ်ထား၊ အနိစ္စလို့သိ၊ အနိစ္စလို့ရှု၊ ခပ်များများကလေး ရှုနေပါ . . . (မှန်ပါ့)။

အဲဒီ ရှုနေတဲ့ ၁၀ မိနစ် ၁၅ မိနစ်အတွင်းမှာဖြင့် သားရေး, သမီးရေး, စီးပွားရေးဆိုတဲ့ စိတ်တွေ မဝင်စေနဲ့ . . . (မှန်ပါ့ဘုရား) ဦးဘအုန်း မဝင်စေနဲ့နော် . . . (မှန်လှပါဘုရား)။

"သတတံ . . . သမိတံ အဇ္ဈောကိဏ္ဏံ စေတသာ အဓိမုစ္စ မာနော ပညာယပရိယောဂဟမာနော" ပညာနဲ့သာ တစ်ခါတည်း ခင်ဗျားတို့ ဒီနေရာ ဒီနေရာ၌ သတိကို အသာထားပြီး သကာလ ပညာနဲ့သာ စူးစူးစိုက်စိုက်လုပ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ဒါဖြင့် ကိလေသာကြားမညှပ်ဘဲနဲ့ ကြားက မခိုဘဲနဲ့ ပေါ့ဗျာ ဖြစ်ပျက်နဲ့ မဂ်နဲ့ကြားထဲမှာ အားလုံး ဒကာဒကာမတို့

http://www.dhammadownload.com



ကိလေသာကြားမခိုဘဲနဲ့ လုပ်လိုက်မယ်ဆိုလို့ရှိရင် များများမလုပ်ရပါဘူး ဒကာဒကာမတို့၊ မနက်အားထုတ် ညနေရပါတယ်... (မှန်ပါ့) သဘောကျပလား...(ကျပါပြီ) ကိလေသာ ကြားမခိုစေနဲ့ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဘယ်လိုလုပ်ကြမယ်...(ကိလေသာ ကြားမခိုစေဘဲ လုပ်ရပါမယ်ဘုရား) ကိလေသာ ကြားမခိုလို့ရှိရင်ဖြင့်... တဲ့ အဗ္ဗောကိဏ္ဏံ တစ်ပါးသော ကိလေသာမရောဘဲနဲ့ ပေါ့ဗျာ...(မှန်ပါ့) စေတသာ အဓိမုစ္စမာနော=စိတ်ဟာ တစ်ခါတည်း ဒကာဒကာမတို့ ဖြစ်ပျက်ဆီချည့် လွှတ်ပေးပါ...(မှန်ပါ့)။

ပညာယပရိယောဂဟမာနော=ပညာနဲ့လဲ ဒါဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် နေတာပဲ၊ အပျက်ချည့်မြင်ရင်ပေါ့ဗျာ...(မှန်ပါ့)။

အဲဒီလိုချည့် ရှုနေမယ်ဆိုလို့ရှိရင် ဒကာဒကာမတို့ ၁၅မိနစ်အတွင်းလဲ သူသည် ဖြစ်ပျက်ချုပ်သွားနိုင်တယ်... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်တွေ ချုပ်ပြီးသကာလ ဖြစ်ပျက်တွေ ဆုံးတဲ့နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်...(မှန်ပါ့) တစ်ခါတည်းကို မြင်နိုင်တယ်... (မှန်ပါ့)။

အဲဒါကြောင့် ဘုရားက "သော အာသာဝါနံ ယော" တစ်ခါတည်း အာသာဝကုန်ပါတယ်ကွ...တဲ့၊ အာသဝကုန်တယ်ဆိုတာ ဒီဘက်ကဟာတွေက အာသဝချည့်မှတ်ပါ...(မှန်ပါ့)။

http://www.dhammadownload.com



တဏှာဆိုတာ ဒကာဒကာမတို့ သိတဲ့အတိုင်း...တဲ့၊ **ကာ**မသဝတွေပဲ... (မှန်ပါ့) မဟုတ်ဘူးလား... (မှန်ပါ့) ဒီသဝဆိုတာလဲ အဝိဇ္ဇာသဝဆိုတာလဲ အဝိဇ္ဇာသဝပဲ...(မှန်ပါ့) အာသဝ ဒီဘက်ကလာတဲ့တရားတွေ အကုန် ကုန်ပါတယ်...(မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ အနိစ္စလို့မှတ်၊ အနိစ္စလို့ သိပေါ့ဗျာ...(မှန်ပါ့)။

တစ်ပါးသော ကိလေသာ မရောအောင် သိနေကြမယ်ဆိုရင် တစ်ခါတည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်တယ်၊ တစ်ပါးသော ကိလေသာ မရောစေနဲ့... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာငါးမျိုးရှိတဲ့ အနက်က ပေါ်တိုင်းပေါ်တိုင်း အနိစ္စလို့မှတ်...(မှန်ပါ့) အနိစ္စလို့သိ... (မှန်ပါ့) အနိစ္စလို့လဲ ရှုကြပါ...(မှန်ပါ့) ပညာနဲ့လဲ ရှုးစိုက်လိုက်ပါ...(မှန်ပါ့) တစ်ပါးသော ကိလေသာလဲ ကြားမခိုစေနဲ့...(မှန်ပါ့) ဒီလိုဆိုရင်ဖြင့် တစ်နာရီအတွင်း နာရီဝက်အတွင်းမှာပဲ နိဗ္ဗာန်တွေ့နိုင်တယ်...(မှန်ပါ့) ကြိုးစားကြနော်... (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်ရှုတတ်ကြပလား...(ရှုတတ်ပါပြီဘုရား) ဖြစ်ပျက်ဟာ အနိစ္စကို... (မှန်ပါ့ဘုရား) အနိစ္စလို့မှတ် အနိစ္စလို့ရှု အနိစ္စလို့ သိပေးပါ... (မှန်ပါ့ဘုရား) အနိစ္စလို့မှတ် အနိစ္စလို့ရှု အနိစ္စလို့ သိပေးပါ...

http://www.dhammadownload.com



(မှန်ပါ့ဘုရား) ကိလေသာ ကြားမခြားဘဲနဲ့ သိပေးပါ... (မှန်ပါ့ဘုရား)။

ထိုကဲ့သို့ သိပေးလို့ရှိရင် အာသဝေါကုန်ပါတယ်... (မှန်ပါ့ဘုရား) ဘယ်အာသဝေါတုံးဆိုတာ ဒိဋ္ဌာသဝတို့ ဝိစိကိစ္ဆာဆိုတဲ့ အဝိဇ္ဇာသဝတို့ ကုန်ပါတယ်...(မှန်ပါ့) မကုန်ပေဘူးလား...(ကုန်ပါတယ်ဘုရား)။

ဒိဋ္ဌိဝိစိကိစ္ဆာ အာသဝတွေ အရင် ပယ်ချမယ်...(မှန်ပါ့) ဝိစိကိစ္ဆာဆိုတာ အဝိဇ္ဇာထဲကပါပဲတဲ့၊ သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီလိုရှုလိုက်တဲ့အခါ "ဖျတ်"ဆို ဒကာ ဒကာမတို့ ၂...ကနေ ၃...မကူးဘူး... (မကူးပါဘုရား) မကူးတော့ ဒီအဆက် ကလေးက ဘာဖြစ်သွားသတုံး...(ပြတ်သွားပါတယ် ဘုရား) အဆက်ကလေးဟာ အပြတ်ဖြစ်သွားတယ်...(မှန်ပါ့) ပြတ်သွားတော့ သောတာပန်တည်ရော...(မှန်ပါ့) အာသဝ ကုန်တဲ့အခါကျတော့ နိဗ္ဗာန်မြင်ရော... (မှန်ပါ့) ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝအချို့ ကုန်သွားတယ်...(မှန်ပါ့) ဒိဋ္ဌာသဝကတော့ အကုန် ကုန်တယ်၊ အဝိဇ္ဇာသဝက ဝိစိကိစ္ဆာကုန်တာပေါ့ဗျာ... (မှန်ပါ့) အဲဒီလို ကုန်သွားတော့ သောတာပန် တည်တယ်... (မှန်ပါ့)။

သောတာပန်တည်တော့ အပယ်လေးပါးက "စတူဟ ပါယေဟိစဝိပ္ပမုတ္တော" သဘောကျပလား...(ကျပါပြီဘုရား) "သဟာဝဿ ဒဿန သမ္ပဒါယ"...(မှန်ပါ့)။

http://www.dhammadownload.com



ဒဿနသမ္ပဒါယ=နိဗ္ဗာန်မြင်သည်နှင့်၊ သဟာဝ=တကွသာလျှင် ဖြစ်ပျက်ဆုံးတော့ နိဗ္ဗာန်မြင်သွားတယ် . . .(မှန်ပါ)။

တသော ဓမ္မာ ဇဟိတာဘဝန္တိ တဲ့၊ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသတွေ ကုန်သွားပြီတဲ့ . . .(မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

နိဗ္ဗာန်မြင်မှကုန်သဟေ့တဲ့ . . .(မှန်ပါ) နိဗ္ဗာန် မမြင်သေးရင် . . .(မကုန်ပါဘုရား) မကုန်သေးဘူးဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါနဲ့ နိဗ္ဗာန်မြင်တော့ ကုန်ပြီဆိုကြပါစို့ . . . (မှန်ပါ) သောတာပန်တည်ပြီ ဆိုကြပါစို့ . . . (မှန်ပါ)။

ကဲ . . .နိဗ္ဗာန် မြင်သွားပြီ၊ ဘာ့ကြောင့် တုံးလို့ မေးတဲ့အခါကျတော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အဖြစ်ကဖြင့် ဒီဘက်ကူးသေးရဲ့လား . . . (မကူးပါဘုရား) ကျန်တဲ့ တဏှာဥပါဒါန် တွေက ကူးချင်ကူးပေစေ . . . (မှန်ပါ) ကိစ္စမရှိဘူး၊ ဒါကူးတာ . . . (မှန်ပါ) ကိုယ်အပါယ်သွားမယ့် တရားကတော့ ဒီဘက်မကူးတော့ဘူး . . . (မှန်ပါဘုရား)။

အပယ်မသွားတဲ့တရားတွေ ကူးတာကတော့ ဒကာဒကာမတို့ သိပ်ကြောက်စရာမရှိဘူး . . .(မှန်ပါ) ဒိဋ္ဌိဝိစိကိစ္ဆာကိုတော့ ဒီအဆက်ကနေပြီး ဖြတ်လိုက်ပြီ . . .(မှန်ပါ)။

သောတာပတ္တိမဂ်က ဖြတ်လိုက်တော့ အခု တရားနာနေတာ ဘာတုံးဘုရားဆိုတာ သောတာပန် မပယ်နိုင်တဲ့ တဏှာ ဥပါဒါန်က ကျန်သေးတယ် . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကူးချင်ကူးပစေ၊ ကျုပ်တို့ အပါယ်ကျတဲ့ တရားကတော့... (မကူးတော့ပါဘုရား) မကူးတော့ပါဘူး ဆိုတာ သေသေချာချာ မှတ်ပါ...(မှန်ပါ့)။

ဒကာကြွယ် ရိပ်မိပြီ...(ရိပ်မိပါပြီဘုရား) အပါယ်သွား တရားကတော့ ၂...နဲ့ ၃...ကူးသေးရဲ့လား...(မကူးပါဘုရား) သုဂတိသွားမယ့်တရားတွေ ကူးနေတယ်...(မှန်လှပါ)။

အဲဒီတော့ ကျုပ်တို့မှာ တာဝန်အေးရပြီ ဆိုလို့ရှိရင်ဖြင့် မှန်ပြီလို့ ဦးဘအုန်းဆိုရမယ်...(မှန်ပါ့) တာဝန်အေးသွားပြီ... (မှန်ပါ့) မအေးသေးဘူးလား...(အေးပါပြီဘုရား) ရှင်းသွား ပြီနော်...(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီနည်းကို ဘုရားတပည့်တော်တို့ဖြင့် ဖြစ်ပျက်တွေ၏အဆုံး မြင်ပါပြီဘုရား၊ အနိစ္စလို့မှတ်၊ အနိစ္စလို့ရှု၊ အနိစ္စလို့ သိတာနဲ့ပဲ တစ်ပါးသော တရားတွေ ဖျတ်ခနဲ မရောဘဲ နေတာနဲ့ တပည့်တော်တို့ ဖြစ်ပျက်တွေ အကုန်ချုပ်တဲ့ နိဗ္ဗာန်ကြီး မြင်ပါပြီဆိုတော့ ခုနင်က သုံးဆယ့်တစ်ဘုံဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ မကူးတော့ဘူး...(မှန်ပါ့)။

မကူးတော့ အပါယ်သွားနိုင်သေးရဲ့လား...(မသွားနိုင်ပါ ဘုရား) မသွားနိုင်တော့... သောတာပန်တည်ပြီလို့ မှတ်လိုက်ပါ...(မှန်ပါ) သဘောကျပလား...(ကျပါပြီ ဘုရား)။

မသွားတော့ ဘာတဲ့... (သောတာပန်တည်ပါပြီဘုရား) ဒိဋ္ဌိဝိစိကိစ္ဆာကတော့ မကူးတော့ဘူး...(မကူးပါဘုရား) ၂... နဲ့ ၃...မကူးတော့ပါဘူး (မှန်လှပါ) သဘောပါပလား... (ပါ...ပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း...ဒါဖြင့် ဒီလိုကူးပြီးတော့ ဘယ်လိုများ ကျေးဇူး ရှိပါလိမ့်မလဲလို့ ဒကာကြွယ် မေးဖို့လိုတယ်နော်...(မှန်ပါ)။

အဲဒီတော့...မဟာဝဂ္ဂ သံယုတ်ပါဠိတော် ဝတ္ထုကလေးက ဘယ်လိုလာသတုံးဆိုတော့ မဟာနာမ်မင်းကြီးပေါ့ဗျာ၊ သာကီဝင် မင်းမျိုးတွေ...(မှန်ပါ) အဲဒီ မဟာနာမ်မင်းကြီးက သောတာပန် တည်ပြီးပြီ...(မှန်ပါ)။

သူက မနက်ကတည်းက ဘုရားကျောင်းတော်သွားတယ်၊ မနက် ဘုရားကျောင်းတော်သွားပြီး ညနေကျလို့ရှိရင် ကပ္ပိလဝတ် ပြည်ထဲ ပြန်လာတယ်လို့ မောင်ဘသော်တို့က မှတ်ရမယ်... (မှန်ပါ)။

အဲဒီလို ပြန်လာတော့ ကပ္ပိလဝတ်ပြည်ကလဲ စောင်းသံ တွေရော၊ ဆိုင်းသံတွေရော၊ ဗုံသံတွေရော၊ ဆင်တွေရော၊ မြင်းတွေရော အင်မတန် စည်ကားတဲ့မြို့ကိုး...(မှန်လှပါ)။

ဆင်ဇတွေကလွှတ်လာ၊ မြင်းတွေက လွှတ်လာ၊ သူက ကျောင်းတော်ကပြန်လာတော့လဲ ဒါတွေ တိမ်းရှောင်နေ ရတယ်...(မှန်ပါဘုရား)။

သောတာပန်ကတော့ တည်ပြီးသားနော်...(မှန်ပါ)။

ဒါတွေ တိမ်းရှောင်နေရတာက သူ့စိတ်မှာ ခုနင်က ဖြစ်ပျက်တွေ လက်လွှတ်သွားတယ်...(မှန်ပါ) ဖြစ်ပျက် လက်လွှတ်သွားတယ်၊ ဘာဖြစ်လို့တုံး၊ တိမ်းရှောင်နေရလို့... (မှန်ပါဘုရား)။

ဖြစ်ပျက်တွေ လက်လွှတ်၊ ဘုရားဂုဏ်, တရားဂုဏ် တွေလဲ...(လက်လွှတ်ပါတယ်ဘုရား) လက်လွှတ်ပြီးသကာလ

http://www.dhammadownload.com



နေတော့ ဦးဘအုန်း သူကတွေးတယ်၊ ဩော် ... ငါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီအချိန် ငါသေသွားမယ် ဆိုရင်တော့ ဘယ်များ သွားပါလိမ့်မလဲ၊ သူ့ဟာသူ တွေးလိုက်တယ် ...(မှန်ပါ့) သူ့အတွေးလုံးဟာ ဒီအတိုင်း ပေါ်လာတယ်ဆိုတာ သဘောကျ ပလား ...(ကျပါပြီဘုရား)။

ဒါနဲ့ ... နက်ဖြန် ဘုရားတော့ လျှောက်မှပဲ၊ မလျှောက် လို့ရှိရင် မဖြစ်ဘူး ...(မှန်ပါ့)။

နေ့တိုင်းလဲ ငါကျောင်းကိုသွားတယ်၊ တရားလဲ အားထုတ်တယ်၊ တရားဓမ္မတွေလဲ ဆွေးနွေးလို့၊ ပြန်လာတဲ့ အချိန်ကျရင် ကပ္ပိလဝတ်မြို့ကလဲ ဆင်တွေက လွှတ်လာလို့ ရှောင်ရ၊ မြင်းတွေကလဲ လွှတ်လာလို့ရှောင်ရ၊ တီးတာ မှုတ်တာတွေကလဲ များလွန်းလို့၊ ဒါတွေကလဲ စိတ်အနှောင့် အယှက်တွေကဖြစ်၊ ဒီအချိန်များ သေသွားမယ် ဆိုရင်ဖြင့်၊ ဆင်နင်းမြင်းနင်းလို့ သေသွားမယ်ဆိုရင်ဖြင့် ငါသည် အပါယ် လေးပါး လွတ်မှာမဟုတ်ဘူး ...လို့ သူ့စိတ်ထဲ အောက်မေ့ နေတယ် ...(မှန်ပါ့ဘုရား)။

သောတာပန်ကတော့ တည်ပြီးသား ဖြစ်နေတယ်၊ သူအောက်မေ့ပုံကတော့ တစ်မျိုးဖြစ်နေတယ် ...(မှန်ပါ့)။

ဒါနဲ့ နက်ဖြန်ကျတော့ ဦးဘအုန်း ဘုရားကို လျှောက်တော့ တယ် ...(မှန်ပါ့)။

အရှင်ဘုရား ...ကပ္ပိလဝတ်ပြည်က သိပ်စည်ကားတယ် ဘုရား၊ ဒီတော့ တပည့်တော် ကျောင်းကပြန်တဲ့ အချိန်ကျရင် ဆင်တွေက လွှတ်လာ၊ မြင်းတွေကလွှတ်လာ၊ ခြေလျင်တပ်တွေက

http://www.dhammadownload.com



လာကြတယ်၊ ရောင်ရ တိမ်းရ၊ တီးသံ မှုတ်သံတွေကလဲ နား‌ထဲရှုပ်ပြီး သကာလနေတော့ သတိဟာ ဖြစ်ပျက်တွေ လွတ်ပါတယ်ဘုရား...(မှန်ပါ့)။

အနိစ္စတွေ တပည့်တော် မရှုနိုင်အောင်ဘဲဖြစ်နေတယ်... (မှန်ပါ့) ဒါကို ထားပါတော့ဘုရား...ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တောင် မတွေးနိုင်တဲ့ အခြေအနေ ရောက်နေတယ်... (မှန်ပါ့)။

အဲဒါကြောင့်...တပည့်တော် ဒီအချိန်များ သတိလွတ်တဲ့ အချိန် မေ့သွားလို့ရှိရင် မကောင်းသော သေခြင်းတော့ ဖြစ်လိမ့်မယ်ထင်တယ်...၊ သူ့ဟာသူ သံသယနဲ့ လျှောက်တယ်... (မှန်ပါ့)။

အဲဒီတွင် ...ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဟာနာမ် မင်းကြီး...မကောင်းသောသေခြင်း မသေပါဘူးကွာ၊ မင်း စိတ်ချပါ၊ မင့်မှာရှိတဲ့ သဒ္ဓါ၊ မင့်မှာရှိတဲ့ သီလ၊ မင့်မှာရှိတဲ့ စာဂ၊ မင့်မှာရှိတဲ့ အကြားအမြင်၊ မင့်မှာရှိတဲ့ ပညာဆိုတဲ့ သူတော်ကောင်း ရတနာငါးပါးရှိတယ်၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာပေါ့ဗျာ...(မှန်ပါ့)။

အဲဒီတော့ သူတော်ကောင်း ရတနာငါးပါးက ကွာ...တဲ့၊ ငါပြောပြမယ်၊ မင်းခန္ဓာကိုယ်ကြီးကတော့ မင်းသေသွားတယ် ထားပါ...တဲ့၊ ခန္ဓာကိုယ်ကြီးကတော့ဖြင့် မြေထဲ မမြှုပ်ကြလို့ ရှိရင် ကျီး, လင်းတတို့ ခွေးတို့ ခွေးတို့အစာ ဖြစ်မှာပဲ... (မှန်ပါ့)။

http://www.dhammadownload.com



သဒ္ဓါ, သီလ, သုတ, စာဂ, ပညာကတော့ အထက်သွားမှာပဲ...တဲ့...(မှန်ပါ့) အသားအရိုးကသာ အောက်မှာမြုပ်မှာ... (မှန်ပါ့) သဘောကျပလား...(ကျပါပြီ ဘုရား)။

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာကတော့ အထက်သုဂတိ သွားမယ်...(မှန်ပါ့) ကဲ...ရှင်းနေပြီ...(ရှင်းပါပြီဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ကဲကွာ...ငါ ဥပမာပြမယ်ဟော့၊ မင်းသေသေချာချာ မှတ်ပါ၊ ရေထဲမှာ မြစ်ထဲမှာ ထောပတ်ဆီအိုးမှောက်လို့ အိုးချင်းတိုက်ပြီး ကွဲကျတယ်ကွာ...တဲ့၊ အိုးခြမ်းပဲ့ကတော့ မြစ်ထဲ အောက်ရောက်အောင် သွားမှာပဲ၊ ဆီ...ထောပတ်ကတော့ ပါသွားသည့်တိုင်အောင် အပေါ်ပြန်တက်မယ်...တဲ့...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ထို့အတူတူပဲ...တဲ့၊ မင့်ခန္ဓာကြီးကသာလျှင် မြေစာရင်လဲဖြစ်မယ်၊ ခွေးစာ ကျီးစာ လင်းတစာရင်လဲဖြစ်မယ်... (မှန်ပါ့ ဘုရား)။

မင့်...သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဆိုတဲ့ သောတာပန်တည်ပြီးသား ဒီငါးပါးကိန်းပြီးသားတွေကတော့ သုဂတိ အထက်ပဲ ဆောင်မယ်...(မှန်ပါ့)။

ထောပတ်အိုးကွဲတော့ အိုးခြမ်းပဲ့သာ ရေထဲကျသနော်... (မှန်ပါ့) ထောပတ်ဆီတွေက အပေါ်တက်လျက်...(မှန်ပါ့ ဘုရား)။

ဒီအတိုင်းပဲတဲ့၊ ဒုက္ခချုပ်လို့ နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်များ အတွက်ကတော့ဖြင့် ဒကာဒကာမတို့ လူသာ အလောင်းမြုပ်

http://www.dhammadownload.com



ခံရမယ်တဲ့...၊ ကိုယ့်ရှိတဲ့ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာကတော့ သုဂတိပဲ သွားရမယ်... (မှန်ပါ့) သုဂတိပဲ ဆောင်ပို့မယ်... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်အောင် လုပ်ရလိမ့်မယ်... (လုပ်ရမှာပါဘုရား) ခုနင်က နည်းနဲ့လုပ်ပါ... (မှန်ပါ့)။

နည်းလဲ ပထမကပေးခဲ့ပါပြီ...(မှန်ပါ့) နည်းလဲပေးခဲ့တဲ့ အတွက် ဒီနည်းရလို့ ဒီလိုသေရပါမယ် ဆိုတာလဲ ဒီနေ့ နှစ်ခု စပ်ပြောတယ်...(မှန်ပါ့)။

နှစ်ခု စပ်ပြီးပြောတယ် ဒကာကြွယ်ရေ... (မှန်ပါ့) ဆီအိုး ထောပတ်အိုးကွဲတော့ အိုးခြမ်းပဲ့တွေကတော့ ဒကာကြွယ် မြစ်ထဲ အောက်ရောက်အောင် သွားမှာပဲ...(မှန်ပါ့)။

ဆီ ထောပတ်တို့ကတော့ အောက်မှာနေမလား၊ အပေါ် တက်မလား... (အပေါ်တက်လာမှာပါဘုရား)။

ဒီမှာလဲ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်များကဖြင့် ဒကာဒကာမတို့ သေသေချာချာ မှတ်ပါ၊ ခန္ဓာသာလျှင် မြေမြှုပ်ခံရမယ်...(မှန်ပါ့)။

သဒ္ဓါသီလ, သုတ, စာဂ, ပညာဆိုတဲ့ သူတော်ကောင်း ရတနာတွေကရှိပြီးသား ဖြစ်နေတော့ သူတို့က အထက်ကိုသာ ဆောင်တယ်...(မှန်ပါ့)။

အိုးခြမ်းပဲ့လို မြုပ်သွားလိမ့်မယ်လို့ ဦးဘအုန်း မယူပါနဲ့ (မှန်ပါ့) တခြားစီပေါ့ဗျာ...(မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဒကာဒကာမတွေ အိုးခြမ်းပဲ့ ဖြစ်အောင်တော့ စိတ်မကူးကြပါနဲ့ . . .(မှန်ပါ့) ဆိထောပတ်ဖြစ်အောင် . . . (စိတ်ကူးရပါမယ်ဘုရား)။

စိတ်ကူးရုံကလေးနဲ့ မဖြစ်ဘူး . . .(မှန်ပါ့) တို့ ဆိထောပတ် မဖြစ် ဖြစ်အောင်လုပ်မယ်၊ **သောတာပန်** တည်အောင်လုပ်မယ် (မှန်ပါ့) သဘောပါကြပလား (ပါ . . .ပါပြီဘုရား)။

ဒကာကြွယ် ဘယ်လိုလုပ်ရမယ် . . . (သောတာပန် တည် အောင် လုပ်ရပါမယ်ဘုရား) လုပ်နည်းရပလား ဒကာကြွယ် . . . (ရပြီဘုရား)။

အနိစ္စလို့ ဖြစ်တဲ့ဝေဒနာကလေး သို့မဟုတ် စိတ်ကလေး ဖြစ်ဖြစ်မှတ်၊ အနိစ္စလို့သိ၊ အနိစ္စလို့ ဉာဏ်ထဲသက်ဝင် . . .(မှန်ပါ့)။

တစ်ပါးသော ကိလေသာ မရောဘဲနဲ့ ပညာနဲ့သာ ရှုလိုက်ပါ ဆိုရင်ဖြင့် အပါယ်သွားတဲ့အာသဝ ကုန်တာပဲ . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် အနိစ္စလို့မှတ်၊ **အနိစ္စလို့သိ**၊ အနိစ္စလို့ရှု . . . (မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

တစ်ပါးသော ကိလေသာမရောဘဲနဲ့ ပညာနဲ့ သိနေလို့ ရှိရင်ဖြင့် သောတာပန် တည်တာပါပဲ . . .(မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

မလုပ်တတ်စရာ ရှိသေးသလား . . . (မရှိပါဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ခုနင်ကပြောသလို သဒ္ဓါ, **သီလ, သုတ, စာဂ,** ပညာက မြေမြှုပ်မခံရဘူး၊ အိုးခြမ်းပဲ့

http://www.dhammadownload.com



သဘောဖြစ်သွားတယ်...(မှန်ပါ) သူက ဆိုသဘောဖြစ်ပြီး အပေါ်တက်ပါတယ်...(မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့...ခင်ဗျားတို့ အလုပ်လဲ တတ်ပါတယ်၊ အခုမြင်တဲ့ အဖြစ်မျိုးလဲ ကြိုက်ပါပြီ...(မှန်ပါ)။

ဒကာကြွယ်၊ ဒီအဖြစ်က...(လွဲစရာမရှိပါဘုရား) လွဲစရာမရှိပါဘူးဆိုတာ သေချာပလား... (သေချာပါပြီ ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒီအဆက် ပြတ်သွားတာလဲ ၂ နဲ့ ၃ မကူးတာလဲ သေချာပါပြီ၊ ကူးချင်ကူးပါစေ၊ အပါယ်သွားတဲ့ အကူးတော့ (မဟုတ်ပါဘုရား) သုဂတိသွားတဲ့ အကူးပဲ ကျန်ရစ်တယ်...(မှန်ပါ)။

ဒီတော့ အားငယ်စရာ စိတ်ထား ပြောစရာ မရှိပါဘူး၊ မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်တော့ ဘုန်းကြီး မပြောလိုပါဘူး၊ လုပ်တဲ့ ပုဂ္ဂိုလ်အတွက် ဆရာသမားလဲ ရှိသေမယ်၊ ကိုယ့်ကိုယ်လဲ သနားမယ် မဟုတ်လား...(မှန်ပါ) ဒီလို ဆိုလို့ရှိရင်ဖြင့် ဒကာကြွယ် လုပ်ထိုက်ပါတယ်...(မှန်ပါ)။

ဒါလဲ ဒီအချိန် ဒီကာလ ဒီဆရာသမားနဲ့ ဒီခန္ဓာကလေး ကလဲ မသေခင်ကလေး ပြောနေတာ...(မှန်ပါ) နာနေ ရင်တောင်မှ အတော်ပြည့်သွားပြီ... (မှန်ပါ) ပြောချိန် နာချိန် ဆိုတာလဲ မလွယ်လှပါဘူး... (မှန်ပါ)။

ပြောချိန် နာချိန်၊ ပြောတတ်တဲ့ ဆရာနဲ့ တွေ့ဖို့လဲ မလွယ်၊ နာတတ်တဲ့ နားနဲ့ ပြည့်စုံဖို့ကလဲ မလွယ်...(မှန်ပါ) ပြောတတ်တဲ့ ဆရာနဲ့တွေ့လဲ နာတတ်တဲ့ နားနဲ့ တွေ့လဲ

http://www.dhammadownload.com



ကျန်ခန္ဓာတွေက မလိုက်ပြန်လဲ ဦးဘအုန်း မရဘူး... (မှန်ပါ) ရပ့ါမလား...(မရပါဘုရား)။

ကိုင်း...ဒါဖြင့် အထိသုံးပါးညီဖို့ရာ ဒကာကြွယ် မလွယ်ပါလား...(မလွယ်ပါဘုရား)။

အထိသုံးပါးညီဖို့...(မလွယ်ပါဘုရား) အဲဒီတော့ အခုတော့ဖြင့် ညီနေတယ်...(မှန်ပါ) ပြောတတ်တဲ့ ဆရာလဲ ရှိတယ်၊ ထောင်တတ်တဲ့ နားလဲ...(ရှိပါတယ်) ကျန်းမာရေး ကလဲ ခန္ဓာမှာ...(ပြည့်စုံပါတယ်ဘုရား)။

အဲဒီတော့ ဒီအချိန်ပဲ ခင်ဗျားတို့ အကောင်းဆုံး အချိန် အခါ...(မှန်ပါ့) နောက်ကို အဆိုးချိန်သာ လာမယ်၊ အကောင်းချိန် ကတော့...(မလာပါဘုရား) မလာတော့ဘူးဆိုတာ သေချာ ပလား...(သေချာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် အနိစ္စတစ်လုံး တည်းနဲ့ ကိစ္စပြီးတယ်...(မှန်ပါ)။

အင်္ဂုတ္တိုရ် ပါဠိတော်က "သော အာသဝါနံ ခယာ" လို့ ဆိုတယ်၊ အာသဝ ကုန်ပါတယ်ကွ...တဲ့၊ သူတစ်လုံးရှုတာနဲ့... (မှန်ပါ့)။

အနိစ္စလို့မှတ်၊ အနိစ္စလို့သိ၊ အနိစ္စလို့ရှုပါ၊ ကိလေသာ မခြားဘဲနဲ့ ပညာနဲ့သာ မိအောင် ရှုလိုက်စမ်းပါ...(မှန်ပါ့) ဘယ်နည်းနဲ့မှ အိုးခြမ်းပဲ့ မဖြစ်ပါဘူး...(မှန်ပါ့)။

ထောပတ်ဆီသာ ဖြစ်ရမယ်ဆိုတာလဲ သေသေချာချာ မဟာဝဂ္ဂသံယုတ်မှာ ဟောထားတယ်၊ ရှုနည်းက အင်္ဂုတ္တိုရ်မှာ ဟောတယ်...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် ဒကာ ဒကာမတွေ ဒီဥစ္စာ လုံလောက်ပြီလို့ ယူပါ...(မှန်ပါ့) တို့နာလဲ နာမယ်၊ လုပ်လဲ လုပ်မယ်ဆိုလို့ ရှိရင်ဖြင့် ကိုယ့်ကိုယ်ကို သနားသဖြင့် လုပ်လိုက်စမ်းပါ... (မှန်ပါ့)။

ဘယ်လိုပြော လုပ်ပါလိမ့်...(ကိုယ့်ကိုယ်ကို သနားသဖြင့် လုပ်လိုက်ပါဘုရား) မလုပ်ရင် ကိုယ့်ကိုယ်ကို မေးလိုက်၊ ဩော်...မင့်ကိုယ်မှ မင်းသနားတဲ့ ပုဂ္ဂိုလ် မဟုတ်လို့ရှိရင်ဖြင့် မင်းထက်မိုက်တာ ငါရှာမတွေ့ဘူးလို့ ဆုံးမပါ... (မှန်ပါ့)။

ကိုယ့်ကိုယ်ကိုမှ မသနားရင် သူ့ထက်မိုက် ရှိသေးရဲ့လား (မရှိပါဘုရား) သဘောပါသလား... (ပါပါပြီဘုရား)။

အဲဒီတော့ မလုပ်ဖြစ်တဲ့အချိန် ဘယ့်နှယ်ဆိုကြမလဲ... (ကိုယ့်ကိုယ်ကို မသနားတဲ့ပုဂ္ဂိုလ်ပါဘုရား) မင်းဟာ ကိုယ့်ကိုယ်မှ သနားတတ်တဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး၊ မင်းလောက် ရှော်တဲ့ပုဂ္ဂိုလ် ရှာမတွေ့ဘူးလို့ ဆုံးမပါ...(မှန်ပါ့)။

ထိုကဲ့သို့ ဆုံးမလိုက်ပြီဆိုမှဖြင့် ကိုယ့်ကိုယ်ကို ဆုံးမခက်ကြားသော်လဲ သနားတဲ့စိတ် ပေါ်လာလို့ ရှိရင်ဖြင့် ဒါ လုပ်ရမှာပဲ... (မှန်ပါ့) **သဘောပါကြပလား**...(ပါပါပြီဘုရား)။

ဒါဖြင့်...လုပ်နည်းက အင်္ဂုတ္တိုရ်[၁] လုပ်လို့ ခရီးပေါက်တဲ့ အကြောင်းကို ထောပတ်နဲ့အိုးခွဲပြသလို ဦးဘအုန်းရေ...အဲဒါက မဟာဝဂ္ဂ သံယုတ်[၂] ပါဠိတော်မှာ လာပါတယ်... (မှန်ပါ) ဒါဖြင့် လုပ်နည်းမှန်ရင် ဒီအဖြစ် မှန်ရမယ်...(မှန်ပါ့ဘုရား)။

---

၁။ သတ္တကနိပါတ် အင်္ဂုတ္တိုရ် အနိစ္စာနုပဿီသုတ်။

၂။ မဟာဝဂ္ဂသံယုတ်၊ သရဏာနိဝဂ်မဟာနာမသုတ်။

http://www.dhammadownload.com



အဲဒီတော့ မမှန်မှာလဲ မစိုးရိမ်နဲ့၊ ဆရာကောင်းက လမ်းပြပြီးသကာလ နေတာ၊ ဘုရား ဟောတော်မူတာကို မလွဲအောင် ပြောနေတာဆိုတာကိုလဲ ဒကာကြွယ် ရိပ်မိပြီ... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ကိုယ့်အတွက် စိုးရိမ်စရာ မရှိဘူး၊ လုံ့လဝီရိယ ကလေးနဲ့ ပြင်းထန်၊ ကိုယ့်ကိုယ်ကို သနားတဲ့စိတ် မွေးပြီး လုံ့လဝီရိယ ပြင်းထန်လို့ရှိရင်ဖြင့် ထောပတ်ဖြစ်ရမယ်၊ အိုးခြမ်းပဲ့ မဖြစ်ဘူးဟော့...(မှန်ပါ့) သဘောပါပလား...(ပါ...ပါပြီ ဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မင်္ဂလာတိုက်ကျောင်း၌ ဟောကြားတော်မူအပ်သော
အလုပ်...လုပ်လျှင်... မဂ်ရနေပုံ သစ္စာဒေသနာတော်

# နေ့အလုပ်ပေး တရားတော်

(၂-၁၂-၆၁)

အခု တရားနာတဲ့စိတ်၊ သီလယူတဲ့စိတ်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ...ဆိုတဲ့ ယူတဲ့စိတ်တွေဟာ ရှိပါတယ်နော်၊ ဒီစိတ်တွေကို သစ္စာဖွဲ့ရမယ်... (မှန်လှပါဘုရား)။

ဒီစိတ်တွေ သစ္စာဖွဲ့တဲ့အခါကျတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့၊ ခင်ဗျားတို့ ရထားတာက ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတော့ ဒီဒုတိယပိုင်းထဲမှာ လာနေတယ်... (နေပါတယ်ဘုရား)။

ဪ...ဒီအထဲမှာ သဠာယတနဆိုတော့ မနာယတန ဆိုတော့ မနာယတန ဆိုတာက စိတ်ပဲ... (မှန်ပါ့)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာ ၂ နံပါတ်ထဲပါနေ တယ်...(ပါနေပါတယ်ဘုရား)။

http://www.dhammadownload.com



ပါနေတော့ အခု တရားနာတဲ့စိတ်၊ သိလယ္ဘုတဲ့စိတ်တွေဟာ ဒြော်...ဒုတိယပိုင်းထဲ ပါနေပါလားဆိုတာ သိပြီ...(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံး...ဆိုတော့ ခင်ဗျားတို့ အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရဆိုတာ မြင်တဲ့အတိုင်း ၁...နံပါတ်က နော်...(မှန်ပါ့)။

အဲဒီ အဝိဇ္ဇာသင်္ခါရက ပြုလုပ်လိုက်တဲ့အတွက် ယခုအခါမှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတော့ သဠာယတနထဲမှာ ခြောက်ခုမြောက် စိတ်ပါမလာဘူးလား...(ပါလာပါတယ်ဘုရား)။

ကောင်းပြီ...သည်စိတ်သည်ကား...လို့ ဆိုရင်ဖြင့် အဝိဇ္ဇာ သင်္ခါရ တည်းဟူသော သမုဒယသစ္စာကြောင့် ၁–နံပါတ် သမုဒယ သစ္စာကြောင့် ၂ နံပါတ်ဆိုတဲ့ အထဲမှာ အခုဘဝ ပေါ့ဗျာ...(မှန်ပါ့)။

ယခုပေါ်တဲ့ စိတ်တွေဟူသရွေ့သည် ၂ နံပါတ်ထဲမှာ ပေါ်လာတာလို့ မှတ်ပါ...(မှန်ပါ့)။

ဒါဖြင့် ၁ နံပါတ် သမုဒယသစ္စာက လုပ်လိုက်လို့ ၂ နံပါတ် ဒုက္ခစိတ်တွေ ပေါ်လာတယ်...(မှန်ပါ့)။

ဒါဖြင့် ၂ နံပါတ်စိတ် ဘာသစ္စာဆိုကြမလဲ... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတာက ဒကာ ဒကာမတို့ ဒီအထဲမှာ **သဠာယတနဆိုတာ စက္ခု သောတ ဃာန ဇိဝှာ ကာယမနပဲ၊ အဲဒီထဲက မနဆိုတာ စိတ်လို့မှတ်ပါ...(မှန်ပါ့)။**

http://www.dhammadownload.com



ဒါဖြင့် အခုတရားနာတဲ့ စိတ်တွေ၊ သီလယူတဲ့ စိတ်တွေ၊ သွားရေး၊သမီးရေး၊ စီးပွားရေးနဲ့ ပတ်သက်တဲ့စိတ်တွေ၊ ရောင်းရေး ဝယ်ရေးနဲ့ ပတ်သက်တဲ့စိတ်တွေ ဒါတွေဟာ ၂ နံပါတ်ထဲ ပါလာတယ်...(ပါပါတယ်ဘုရား) ဒီစိတ်တွေကို ဒကာ ဒကာမတွေ ကြည့်လိုက်၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဩော်...ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးက ပြနေတော့ ဒုက္ခသစ္စာဆိုတာ သိပြီနော်...(သိပါပြီဘုရား)။

ဒုက္ခသစ္စာဆိုတာတွေက ဘာဖြစ်လို့ ဒုက္ခသစ္စာခေါ်ပါလိမ့် မတုံး မေးလို့ရှိရင်ဖြင့် စိတ်ကလေးတစ်ခု ပေါ်လာတယ်၊ သီလယူတဲ့ စိတ်ကလေး ပေါ်လာတယ် ပျက်သွားတယ်... (မှန်ပါ)။

တော်တော်ကြာ အားထုတ်ရပြန်ပြီ၊ ခမ္ဘ သရဏံ ဂစ္ဆာမိ ပေါ်အောင် လုပ်တဲ့စိတ်ကလေး အားထုတ်ရပြန်ပြီ၊ ပျက်သွား ပြန်ပြီ...(မှန်ပါ)။

တော်တော်ကြာ ဘုန်းကြီးက ချပေးပြန်တော့ သံဃံ သရဏံ ဂစ္ဆာမိ ဆိုပြန်တော့ ဒကာ ဒကာမတွေကလဲ သံဃံ သရဏံ ဂစ္ဆာမိ ပေါ်အောင် စိတ်ကလေး လုပ်ရပြန်တယ်... (လုပ်ရပါတယ်ဘုရား) မလုပ်ရဘူးလား...(လုပ်ရပါတယ် ဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးတွေဟာ ခဏခဏပေါ် ခဏခဏ ပျောက်သောကြောင့် အနိစ္စ ဒုက္ခသစ္စာ...(မှန်ပါ)။

အနိစ္စလဲ ဟုတ်တာပဲ...(မှန်ပါ) ဒုက္ခသစ္စာလဲ... (ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဩော်...ဒါဖြင့် ဒကာ ဒကာမတွေ အခု သီလယူနေရတာ ခင်ဗျားတို့ကတော့ ကောင်းတယ်။ သီလနဲ့ နေရတာ အကောင်းဆုံး၊ ဝိပဿနာ အားထုတ်ပြီးနေရတာ အကောင်းဆုံးလို့ ထင်တော့ တင်ကြတာပဲ...(မှန်ပါ့)။

ကောင်းတော့ ကောင်းပါတယ်၊ နောင်ရေး ကောင်းတယ်၊ ယခုလုပ်နေရတာကတော့ဖြင့် ဒုက္ခသစ္စာပဲ... (မှန်ပါ့) ယခု ပေါ်ပေါက်နေတာကတော့...(ဒုက္ခသစ္စာပါဘုရား)။

ယခုတော့ ဒကာကြွယ် ဒုက္ခသစ္စာ အထူး ရှာနေစရာလား၊ အခုပေါ်တဲ့စိတ် ကြည့်လိုက်ရင် ဒုက္ခသစ္စာ တွေ့တာပဲ မဟုတ်လား... (မှန်ပါ့)။

ဘာဖြစ်လို့တုံး...မေးတဲ့အခါကျတော့ ဒကာ ဒကာမ တွေကို ရှင်းပြီးသား လင်းပြီးသားပဲ၊ ဒီခန္ဓာကိုယ်ထဲမှာ ယခုအချိန် ဘာပဲပေါ်ပေါ် ဒုက္ခသစ္စာပဲ...(မှန်ပါ့ဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား) ဘာဖြစ်လို့တုံး ၂...နံပါတ်ထဲမှာ နေရတာကိုး... (မှန်ပါ့)။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတဲ့ ၁–နံပါတ်က အကြောင်း ဆက်လိုက်လို့ ၂–နံပါတ် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ သဠာယတနထဲ ပါတဲ့ စိတ်တွေ ဟူသရွေ့ဟာ ဒကာကြွယ် ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါ ဘုရား)။

ဩော်...ဒါဖြင့် ဒုက္ခသစ္စာလို့...အမှန်အကန် သိဖို့ရာသာ အရေးကြီးတော့တယ်၊ ဒုက္ခသစ္စာက ရှိပြီးသားပါလားလို့

http://www.dhammadownload.com



မှတ်ပါ . . .(မှန်ပါ) အနိစ္စလဲ ရှိပြီးသား၊ ဒုက္ခသစ္စာလဲ ရှိပြီးသား . . .(မှန်ပါ) အနိစ္စနဲ့ ဒုက္ခသစ္စာကိုလဲ မောင်ဘသော်တို့က တခြားစီလို့ မှတ်မနေနဲ့ . . .(မှန်ပါ) ဖြစ်ပြီးပျက်တဲ့ ဓမ္မဟူသရွေ့ကို ဒုက္ခသစ္စာချည့်မှတ်လို့ . . .(မှန်ပါ)။

ဖြစ်ပြီး ပျက်တဲ့ အနိစ္စတရားကို ဘာဆိုကြမယ် . . .(ဒုက္ခသစ္စာပါဘုရား) အဲ . . .ဒုက္ခသစ္စာချည့် မှတ်ထားတော့ကို . . .တဲ့၊ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ကြည့်ပါ၊ ၂ နံပါတ်ထဲမှာ ပေါ်သရွေ့တရား ဘာသစ္စာတုံး . . .(ဒုက္ခသစ္စာ တရားပါဘုရား)။

အဲဒီတော့ ဒကာကြွယ် ရှင်းပြီ . . .(မှန်ပါ) ၂ နံပါတ်ထဲ ပေါ်သရွေ့ တရားဟာ . . .(ဒုက္ခသစ္စာပါဘုရား)။

ဘာကြောင့်သူ့ကို ဒုက္ခသစ္စာလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောရပါလိမ့်မတုံး . . .လို့ မေးတဲ့အခါကျတော့ သမုဒယသစ္စာကြောင့် ဖြစ်တဲ့ တရားတွေ . . .(မှန်ပါ)။

အဝိဇ္ဇာ သင်္ခါရ ဆိုတာကို ဒီမှာကြည့် ဒကာ ဒကာမတို့ . . . အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿဝေဒနာပေါ်တယ် . . . (မှန်ပါ)။

အဝိဇ္ဇာ သင်္ခါရ သမုဒယသစ္စာ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေက . . .(ဒုက္ခသစ္စာပါဘုရား)။

ဩော် . . .ဒါဖြင့် အခု တို့ သန္တာန်မှာ ဘာတွေများ ရှိနေပါလိမ့်မတုံးလို့ တွေးကြည့်ရင် သိပါတယ်၊ ဘာတွေ ရှိသလဲ . . .(ဒုက္ခသစ္စာတွေ ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



ဘာပဲလုပ်လုပ် ခင်ဗျားတို့ ဒုက္ခသစ္စာမှ တစ်ပါး ဘာမှ မရှိဘူး...(မရှိပါဘုရား) ဒုက္ခသစ္စာစိတ်ပဲ ရှိတော့တယ်ဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

အဲဒီတော့ ဝိပဿနာရှုတော့ ဒီ...၂ နံပါတ်ပေါ်တဲ့ စိတ်တွေပဲ ရှိမှာပဲ...(မှန်ပါ) ခင်ဗျားတို့ သန္တာန်ပေါ်တာကလဲ ၂ နံပါတ်စိတ်မှတစ်ပါး တခြားသောစိတ် ရှိရဲ့လား... (မရှိပါဘုရား)။

မရှိတော့ ဒီတရားတွေဟာ ဖြစ်ပြီးပျက်တဲ့ ဒုက္ခသစ္စာပဲလို့ ဆိုတာ ဝိပဿနာရှုတော့ကို... ဒကာ ဒကာမတွေ ရှာနေဖို့ လိုသေးသလား...(မလိုပါဘုရား)။

ကိုယ့်သန္တာန်ပေါ်တဲ့ စိတ်ဟူသရွေ့ ဘာဆိုကြမယ်... (ဒုက္ခသစ္စာပါဘုရား)။

ဪ...ဒကာကြွယ် ဒုက္ခသစ္စာတွေ ရှာရသေးသလား... (မရှာရပါဘုရား)။

ရှေးတုန်းကတော့ ဒကာ ဒကာမတွေက ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်မတုံးဆိုတဲ့ တွေးလုံးတွေ ထုတ်နေကြတယ်... (မှန်ပါဘုရား)။

နာမှ ခဲမှ ကိုက်မှ ဒါ... ဒုက္ခသစ္စာလို့ ထင်နေကြတယ်... (မှန်ပါ) မဟုတ်ပါဘူး...တဲ့၊ ခင်ဗျားတို့ သန္တာန်ထဲ ပေါ်ချင်တာ ပေါ်၊ ရုပ်ပေါ်ပေါ် နာမ်ပေါ်ပေါ် ပေါ်ချင်တာပေါ်ပါတဲ့၊ ပေါ်တာ ဟူသရွေ့ဟာဖြင့် မောင်ဘသော်၊ ဒုက္ခသစ္စာပဲ...(မှန်ပါ) ရှင်းကြ ပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ၂ နံပါတ်ထဲပေါ်တဲ့ တရားဟူသရွေ့ ဘာသစ္စာ... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာကြွယ် ခန္ဓာကိုယ် ဉာဏ်စိုက်လိုက်ရင် ဘာတွေ တွေ့မယ်ထင်သတုံး... (ဒုက္ခသစ္စာတွေ တွေ့မှာပါ ဘုရား)။

နာမည်သာပြောင်းနေတယ်... (မှန်ပါ့) နာမည်ပြောင်း တော့ အနိစ္စ တွေ့ပါတယ်ဘုရား၊ ဒုက္ခ တွေ့ပါတယ်ဘုရား... (မှန်ပါ့) ဒုက္ခသစ္စာထဲ အကုန်ဝင်တာပဲ... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာထဲအကုန်ဝင်ပါလိမ့်... (ဒုက္ခသစ္စာထဲ အကုန်ဝင်ပါ တယ် ဘုရား)။

အဲဒီတော့...ဒုက္ခသစ္စာထဲ ဝင်တာတွေကို ဒကာ ဒကာမ တွေက ဥပမာ...ဘုန်းကြီးက အခု စိတ္တာနုပဿနာ ပေးထား တယ် ဆိုပါတော့... (မှန်ပါ့)။

စိတ္တာနုပဿနာ ပေးထားတော့ ဒကာကြွယ်တို့ သန္တာန်၊ မောင်ဘသော်တို့ သန္တာန် စားချင်တဲ့စိတ် ပေါ်လဲ ဒုက္ခ သစ္စာပဲ...(မှန်ပါ) အိပ်ချင်တဲ့စိတ်ပေါ်လဲ... (ဒုက္ခသစ္စာပါ ဘုရား)။

ဘာကြောင့် သူ့ကို ဒုက္ခသစ္စာလို့ ဆိုင်းဘုတ်နာမည် ပေးရပါလိမ့်မလဲလို့ မေးလို့ရှိရင် သူဖြစ်ပြီး ပျက်လို့...(မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဘယ်လိုကြောင့်ပါလိမ့်... (ဖြစ်ပြီးပျက်လို့ပါဘုရား)။

ဖြစ်ပြီး ပျက်တဲ့တရားကို ဝိပရိဏာမလက္ခဏာ, ဒုက္ခသစ္စာလို့ ဆိုတယ်...(မှန်ပါ့) ဒါဖြင့် ဖြစ်ပျက်တာက ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အနိစ္စကလဲ ဒုက္ခသစ္စာမှတ်လိုက်ပါ... (မှန်ပါ့) ဒုက္ခကလဲ... (ဒုက္ခသစ္စာပါ ဘုရား) အနတ္တကလဲ... (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာချည့်ပဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်ထားလိုက်တော့ သြော်...တို့မှာဖြင့် တို့သန္တာန်ပေါ်သရွေ့ ဘယ်စိတ်ပေါ်ပေါ် ဒုက္ခသစ္စာလို့ရှုရုံပဲ...(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို...ဖြစ်ပြီး ပျက်တာကလေး တွေ့လိုက်ပြန်တယ်၊ အနိစ္စလို့ ဆိုချင်သလား ဒကာကြွယ် ဆိုလိုက်၊ အနိစ္စလို့ မှတ်ချင်လဲ မှတ်လိုက်တာပေါ့... (မှန်ပါ့) နောက်ဆုံး ပိတ် တစ်နေ့ကျတော့ အနိစ္စလဲ ဒုက္ခသစ္စာပဲ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာ ရှုတဲ့အခါကျတော့ ဒကာ ဒကာမတို့ စိတ်ကို ဝိညာဏ်လို့ ခေါ်တယ်နော်...(မှန်ပါ့)။

စိတ်ကို ဘယ်လိုခေါ်ပါလိမ့်... (ဝိညာဏ်လို့ ခေါ်ပါတယ် ဘုရား) ဝိညာဏ်လို့ခေါ်တာ သိပြီနော်...(မှန်ပါ့)။

ဒါဖြင့် မြင်စိတ်ကလေး ပေါ်လာတယ်၊ အဆင်းတစ်ခု မြင်တဲ့စိတ်ပေါ့ဗျာ...၊ ဒါကလေးဟာ မြင်ပြီးပျက်တာပဲ... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဆင်းက ပျက်တာကို မယူပါနဲ့၊ မျက်လုံးထဲက စိတ်ကလေးမြင်ပြီး ပျက်တာကိုယူပါ၊ ဒါမှ စိတ္တာနုပဿနာ ဖြစ်မှာ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးဟာ ဝိညာဏ်လို့ခေါ်တော့ ဝိညာဏ် အနိစ္စ... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် ဒီဝိညာဏ်ကလေးဟာ ဒကာ ဒကာမတို့ သိတဲ့အတိုင်း...တဲ့ ဒီထဲမှာ ပါ, ပါတယ်၊ မနာယတနထဲမှာ ပါတယ်၊ ဝိညာဏ်သည် အနိစ္စတရားကလေး၊ ဒီအနိစ္စတရား ကလေးကို ဘာပါလိမ့်မတုံး...လို့ ဒကာကြွယ်က တွေးမနေနဲ့၊ ဒီကြည့်လိုက် ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒီထဲပါတာပဲ...(မှန်ပါ့) ဒီထဲပါတော့ ဩော်...ဒုက္ခသစ္စာ ဟုတ်မဟုတ်ကို သေသေချာချာ ဝေဖန်ယူရင်တော့ သမုဒယ သစ္စာကလုပ်တဲ့ တရားဟူသရွေ့ ဒုက္ခသစ္စာ... (မှန်ပါ့ဘုရား)။

ဒီတော့ အဝိဇ္ဇာသင်္ခါရက ဘာသစ္စာတုံး... (သမုဒယ သစ္စာပါဘုရား) သူက ဆက်စပ်ပြီး လုပ်လိုက်တဲ့အတွက် ဒီထဲပါတဲ့ စိတ်တွေဟာ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ လာဖြစ်တယ်ဆိုတာ သိသွားပြီ... (သိပါပြီဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ကြီးမှာ ဒကာ ဒကာမတွေ သိတဲ့အတိုင်း...တဲ့၊ ဒုက္ခသစ္စာမှ တစ်ပါး ခင်ဗျားတို့ ခန္ဓာထဲမှာ ဘာမှ မရှိဘူး...(မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာကို ဝိပဿနာ ရှုရမှာတုံးလို့ အခြေအမြစ်နှင့်တကွ သေသေချာချာ ရှာတဲ့ အခါကျတော့ ဩော်...သမုဒယက ဖြစ်စေတဲ့ တရားဟူသရွေ့ ဒုက္ခသစ္စာချည့်လို့ မှတ်လိုက်...(မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာပေါင်းလိုက်တော့ အဝိဇ္ဇာသင်္ခါရတည်း ဟူသော သမုဒယသစ္စာက ဖြစ်စေတဲ့တရားကို ဒီဒုတိယ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရားတွေဟာ သမုဒယ သစ္စာကြောင့် ဖြစ်သောကြောင့် အကုန် ဒါ ဒုက္ခသစ္စာပဲ...(မှန်ပါ) ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ပုံစံတွေကြည့်ပါ၊ ပုံစံတွေကြည့်ပါ ဒကာ ဒကာမတွေ၊ အခုပေးထားတဲ့ ပုံစံတွေ ကြည့်လိုက်တော့ ဘာသစ္စာတွေ့သလဲ... (ဒုက္ခသစ္စာ တွေ့ပါတယ်ဘုရား)။

သူ့ကို ဘယ့်နှယ်ကြောင့် ဒကာ ဒကာမတွေက ဒုက္ခသစ္စာ လို့ ဆိုကြသတုံးတဲ့...(သမုဒယသစ္စာက ဖြစ်စေလို့ပါဘုရား)။

ရွှတ်ကြည့်၊ ခင်ဗျားတို့ ရ,ထားတဲ့ ပါဠိကို အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ...(ဝိညာဏံပါဘုရား)။

ကဲ...ဝိညာဏံ အခန်းမှာ ကြည့်လိုက်တော့ ဒီမြားတွေ ပြပြီး အကျိုးတွေ ပြထားတော့ သူ့အတွင်းပါလာတော့ ဒါ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

သူ့ကို ဒုက္ခသစ္စာလို့ ဘာဖြစ်လို့ ပြောကြရသတုံးဆိုတော့ ဒီသမုဒယဖြစ်စေလို့ ဒုက္ခသစ္စာ ဖြစ်ရတယ်...(မှန်ပါ) သမုဒယသစ္စာက အကြောင်း၊ ဒုက္ခသစ္စာက အကျိုး...(မှန်ပါ)။

http://www.dhammadownload.com



ဒုက္ခသစ္စာသည်ကားလို့ ဆိုရင် အလိုလို ပေါ်လာလားလို့ မောင်ဘသော်တို့၊ ဒကာကြွယ်တို့ မေးရင် ဘယ့်နှယ်ဖြေပါ့မယ် . . . (မဟုတ်ပါဘုရား)။

သမုဒယသစ္စာကြောင့် ပေါ်တာ . . .(မှန်ပါ့) သူက ရှင်းနေ တယ်၊ ဒီသမုဒယသစ္စာကြောင့် ဒုက္ခသစ္စာထဲ ရောက်လာတယ် . . . (မှန်ပါ့)။

အဲဒီတော့ ကျုပ်တို့ ရှုတော့ကို . . .ဒီဥစ္စာ ဒုက္ခသစ္စာထဲ ရောက်လာတာလဲ သိပြီ၊ ဉာဏ်ထဲမှာ ဒုက္ခသစ္စာဖြစ်ဖို့ပဲ အရေးကြီးတော့တယ် . . .(မှန်ပါ့)။

ရှုတဲ့ဉာဏ်မှာ . . . (ဒုက္ခသစ္စာပဲဖြစ်ဖို့ အရေးကြီးပါတယ် ဘုရား) အဲဒါကလေး မြင်သွားရင် မဂ်ဆိုက်မှာ သေချာတယ် . . . (မှန်ပါ့)။

ဒါကလေးသာ၊ အစကတော့ ဆိုထားပြီ၊ ခန္ဓာထဲမှာလဲ ဒီအတိုင်းတော့ ဖြစ်နေပြီ၊ ခန္ဓာထဲ ပေါ်သရွေ့ဟာဖြင့် ပေါ်တဲ့ စိတ်ဟာ ဒုက္ခသစ္စာပဲ ဆိုတာတော့ ဒကာကြွယ်တို့ မောင်ဘသော် တို့ ရှုသာနေ . . .(မှန်ပါ့) ရှုနေတော, သူဖြစ်ပျက်တွေ တွေ့နေ မှာပဲ . . .(မှန်ပါ့) ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်တွေ မတွေ့ပေဘူးလား . . .(တွေ့ပါတယ်ဘုရား)။

တွေ့တာက ပထမ တွေ့နေတုန်းကဖြင့် သြော် . . .ဒါအနိစ္စ တွေ့တာပဲ . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား) ပထမတော့ အနိစ္စတွေ့တာပဲ၊ နောက် ရှုဖန်များပြီးလာတော့ အနိစ္စတွေဟာ သြော် . . .မုန်းစရာတွေပါလား . . .ဆိုတဲ့ နိဗ္ဗိန္ဒာဉာဏ် တက်မယ် . . .(မှန်ပါ့)။

http://www.dhammadownload.com



ဘာကြောင့်တုံးလို့ မေးတော့ သမ္မာပဿံ...လို့ ဆိုသောကြောင့် သမ္မာ=ကောင်းစွာ၊ ပဿံ=ဖြစ်ပျက်ကို မြင်သည်ရှိသော်၊ နိဗ္ဗိန္ဒတိ=ဖြစ်ပျက်တို့ ငြီးငွေ့လာ၏ ...(မှန်ပါ) ဖြစ်ပျက်မြင်လို့ရှိရင် နောက် ငြီးငွေ့လာမှာပဲတဲ့...(မှန်ပါဘုရား)။

ဖြစ်ပျက်က ယထာဘူတဉာဏ်ပေါ့ဗျာ၊ ယထာဘူတဉာဏ်က လာတဲ့အခါ နိဗ္ဗိန္ဒဉာဏ် တက်သွားတယ်...(မှန်ပါ) ဘုရားက ဒီအတိုင်း ဟောတယ်ဆိုတာ သဘောကျပလား... (ကျပါပြီ ဘုရား)။

နိဗ္ဗိန္ဒန္တော ဝိရဇ္ဇတိ၊ ငြီးငွေ့ပြီးလို့ရှိရင် မဂ်ပေါ်လာ၏ ...တဲ့... (မှန်ပါ) ဒီခန္ဓာကြီး မလိုချင်တဲ့ မဂ်ပေါ်လာ၏ ...လို့ ဘုရားကဟောတယ်...(မှန်ပါ)။

ဘယ့်နှယ်ကြောင့် မဂ်ပေါ်သတုံးဆိုတော့ ဒုက္ခပိုင်ပိုင်သိလို့ မဂ်ပေါ်တယ်မှတ်ပါ...(မှန်ပါ)။

ဒါဖြင့် ဖြစ်ပျက်ကို ကြိုးစားရှုလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေဟာ ဒီဉစ္စာဟာ ကြာတော့ ဉာဏ်က ထက်ထက်ပြီး သွေးဖန်များလို့ ထက်သလို၊ ဓားသွေးဖန်များလို့ ထက်သလိုပဲ ဉာဏ်ထက်လာတော့ ဩော်...နဂိုက အနိစ္စလို့ မှတ်နေတယ်၊ သေသေချာချာ ရှုရင်း ရှုရင်း ဉာဏ်ကြီးလေလေ ဒုက္ခသစ္စာ ဖြစ်လေလေပဲလို့ ဖြစ်လာရင် ဒုက္ခသစ္စာ အမှန် ဖြစ်လာလို့ ရှိရင် ဒါမဂ်ဆိုက်တော့မလို့သာ မှတ်ပေတော့... (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒုက္ခသစ္စာ အမှန်ဖြစ်လာရင် . . . (မင်္ဂဆိုက်မလို့ပါဘုရား) မဂ်ဆိုက်တော့မလို့ဆိုတာ သေချာပါတယ် . . .(မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ အခုပဋိစ္စသမုပ္ပါဒ် ဒေသနာ အဝိုင်းကြီးပြပြီး ဒကာ ဒကာမတွေဆီမှာ လက်ခံထားပြီး သကာလပြတော့ ဩော် . . . ၂ နံပါတ်အကွက်ထဲမှာ ပေါ်တာတွေ ဘာသစ္စာတွေ ပေါ်သတုံး . . . (ဒုက္ခသစ္စာ ပေါ်ပါတယ် ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

သူ့ကို ဒုက္ခသစ္စာလို့ ခင်ဗျားတို့ ဘယ်သူက ပြောသတုံး ဆိုတော့ ဘယ်သူကမှ မပြောပါဘူး၊ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်တဲ့တရားမို့ . . . (မှန်ပါ့)။

ကောင်းပြီ . . .အဝိဇ္ဇာသင်္ခါရက ဘာသစ္စာတုံး . . . (သမုဒယ သစ္စာပါဘုရား) သမုဒယသစ္စာဆိုတာသည် ဘာကိုဖြစ်စေ သတုံး . . . (ဒုက္ခသစ္စာကို ဖြစ်စေပါသည်ဘုရား)။

ဒါဖြင့် ကိုက်နေတာပဲ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုတာ သမုဒယသစ္စာ . . .(မှန်ပါ့) သင်္ခါရ ပစ္စယာ၊ ဝိညာဏ်, ရုပ်နာမ်, သဠာယတန, ဖဿ, ဝေဒနာတို့က . . .(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုတာ ရှင်းနေတော့ ခင်ဗျားတို့ ရှုတဲ့အခါ ကျတော့ ခင်ဗျားတို့က ဩော် . . .အခု ခန္ဓာကြီး တရားနာနေ တယ်၊ အခု တရားအားထုတ်နေတဲ့ ခန္ဓာကြီးဟာ ၁–ထဲမှာလား ၂–ထဲမှာလား . . .(၂–ထဲမှာပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ရုပ်ရှုလဲ ဒုက္ခသစ္စာတွေမှာပဲ...(မှန်ပါ့) နာမ်ရှုလဲ... (ဒုက္ခ သစ္စာ တွေ့ရမှာပါပဲဘုရား)။

ဒါတွေတွေ့လို့ရှိရင်ဖြင့် တို့တရားလွဲသေးတယ်၊ စောင်းသေးတယ်၊ တိမ်သေးတယ်လို့ ဘယ်တော့မှ မရှိဘူး... (မှန်ပါ့ဘုရား)။

တရားမလွဲတော့ပါဘူး...တဲ့၊ လွဲစရာအကြောင်း မြင်သေးရဲ့လား...(မမြင်ပါဘုရား) သမုဒယသစ္စာကြောင့် ဖြစ်တဲ့ခန္ဓာငါးပါးပဲ...(မှန်ပါ့)။

ဒီခန္ဓာငါးပါးကို ၂–နံပါတ်အကွက်ထဲ ဝင်လာက တည်းက ဒကာကြွယ်တို့က၊ မောင်ဘသော်တို့က၊ ဦးလှဘူး တို့က စဉ်းစားတာပေါ့၊ ဘာသစ္စာထဲ သူရောက်လာသတုံး... (ဒုက္ခသစ္စာထဲ ရောက်လာပါတယ်ဘုရား)။

ဟုတ်မှ ဟုတ်ပါ့မလားလို့ သံသယရှိရင် သူဖြစ်ကြောင်း တွေးလိုက်တာပေါ့...(မှန်ပါ့) သူဖြစ်ကြောင်းတွေးတော့ ဘာပါလိမ့်...(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာ ဖြစ်စေတဲ့ တရားမှန်သရွေ့တော့ နိဗ္ဗာန်တော့ မဖြစ်နိုင်တာ အမှန်ပါ ...(မှန်ပါ့) ဘာသစ္စာ ဖြစ်သတုံး...(ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စာရွက်ကိုကြည့်ပါ၊ ဒီအထဲပါသရွေ့ ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)။

အခု ဒကာ ဒကာမ တွေဟာ ၁–နံပါတ်အကွက်မှာ ၁ နံပါတ် အကွက် နေကြသလား၊ ၂ နံပါတ်အကွက်ထဲမှာ

http://www.dhammadownload.com



နေသလား...(၂နံပါတ်အကွက်ထဲမှာ နေပါတယ်ဘုရား)... ၂ နံပါတ်အကွက်ထဲမှာ နေတယ်ဆိုတာ သေချာပါပြီ...(မှန်ပါ့ဘုရား)။

ကောင်းပြီ...ဒါဖြင့် ၂ နံပါတ်အကွက်ထဲမှာ နေတော့ ၂ နံပါတ်အကွက်ထဲမှာ ဘာပဲပေါ်ပေါ် ဒကာဒကာမတို့ သန္တာန်မှာဖြင့် ရုပ်ပေါ်ပေါ်၊ နာမ်ပေါ်ပေါ်၊ဖဿပေါ်ပေါ်၊ ဝေဒနာပေါ်ပေါ်၊ စိတ်ပေါ်ပေါ် ဒကာဒကာမတို့ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါး ကြိုက်ရာသာ ရှု ဒုက္ခသစ္စာတွေ့မှာပဲ...(မှန်ပါ့)။

တစ်ပါးပါးကို ကြိုက်ရာရှုပါ၊ ကြိုက်ရာရှုရင် ဘာတွေ့လိမ့်မယ်ထင်သတုံး...(ဒုက္ခသစ္စာတွေ့မှာပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောပါတယ်၊ ဝိညာဏံ= စိတ်ဝိညာဏ်ကို၊ အနိစ္စန္တိ= အနိစ္စဟူ၍၊ ပဿတိ=မြင်၏ ...(မှန်ပါ့)။

ဪ...ဝိညာဏ်ဟာ ဖြစ်ပြီးပျက်တာပဲ၊ မြင်စိတ်ကလေးဟာလဲ ဖြစ်ပြီးပျက်တယ်၊ ကြားစိတ်ကလေးကော...(ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

နံစိတ်ကလေးကော...(ဖြစ်ပြီး ပျက်ပါတယ်ဘုရား) လျှာလယ်မှာ စားစိတ်ကလေးဟာကော...(ဖြစ်ပြီး ပျက်ပါတယ်ဘုရား)။

ကိုယ်ပေါ်မှာ ယားစိတ်၊ ယံစိတ်၊ နံစိတ်ကလေးဟာကော... (ဖြစ်ပြီး ပျက်ပါတယ်ဘုရား) ၎င်းကိုယ်ပေါ်မှာ

http://www.dhammadownload.com



ကောင်းတဲ့ ချမ်းသာတဲ့စိတ်ကလေး ပေါ်လာရင်ကော... (ဖြစ်ပြီးပျက်ပါတယ် ဘုရား) ဒီအကွက်က မထွက်ဘဲကိုး...ဗျ။ မထွက်တော့ ဖြစ်ပျက် ဒုက္ခသစ္စာချည်း လာတာပဲ...(မှန်ပါ့)။

ကဲ...ဒီအကွက်ထဲမှာ တစ်ခါ လောဘကလေးပေါ်လာပြန်ပြီ၊ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား) ဒီအကွက်ထဲမှာပဲ။

ဒကာဒကာမတွေက ဒေါသလေးပေါ်လာပြန်ပြီ...(ဖြစ်ပြီးပျက်တာပါပဲဘုရား) ဘာသစ္စာပေါ်ပါလိမ့်... (ဒုက္ခသစ္စာပေါ်ပါတယ် ဘုရား) ရှင်းပြီ...(ရှင်းပါပြီဘုရား)။

ဒီအကွက်ထဲမှာပဲ ဝိစိကိစ္ဆာတို့ ပျံ့လွင့်တဲ့စိတ်ဆိုတဲ့ မောဟတွေ ပေါ်လာပြန်ပြီ...(ဖြစ်ပြီး ပျက်တာပါပဲဘုရား) ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒီအကွက်ထဲမှာပဲ ခင်ဗျားတို့ လျှကြတန်းကြတာလဲ ဒီဘက်မရောက်သေးပါဘူး၊ ဒီအကွက်ထဲကနေပြီး လျှတဲ့တန်းတဲ့ ကုသိုလ်စိတ် ပေါ်တာပဲ၊ ပေါ်ပြန်တော့ကော...(ဖြစ်ပြီးပျက်တာပါပဲ ဘုရား)။

ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား) ဘာစိတ်ပေါ်ပေါ် ပေါ့ဗျာ...(မှန်ပါ့)။

ဒီအကွက်ထဲမှာပဲ တစ်ခါ မေတ္တာပို့နေတယ်...ဘုရားရှေ့ ထိုင်တဲ့ပြီးတော့၊ ကဲ...ဒကာကြွယ်တို့က မေတ္တာပို့တဲ့စိတ် ဘာစိတ်ခေါ်ကြမယ်...(အဒေါသစိတ်ပါဘုရား) ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ဩော်...ဒီအကွက်ထဲနေတော့ ဒီအကွက်ထဲပေါ်တဲ့ စိတ်ဟူသရွေ့ကတော့ ဒုက္ခသစ္စာ ပေါ်ပါတယ်...(မှန်ပါ့) အနိစ္စပေါ်တယ်၊ ဒုက္ခသစ္စာပေါ်တယ်ဆိုတာရှင်းပြီ...(ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် တို့ ဝိပဿနာရှုနေတာ အရှာခက်သလားလို့ ဒကာကြွယ်တို့၊ မောင်ဘသော်တို့က မေးရင်ဘယ်နှယ့်ဖြေကြမလဲ...(မခက်ပါဘုရား) မခက်ဘူးဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

ဘာဖြစ်လို့တုံး...ဆိုတော့ ဒုက္ခသစ္စာမှတစ်ပါး ဘာမှမပေါ်လာဘူး...(မှန်ပါ့) ဒီအပြင် ဘာပေါ်သေးသတုံး...(ဘာမှမပေါ်ပါဘုရား)။

ဒုက္ခသစ္စာဆိုတာကလဲ ဖြစ်ပျက်ပဲ...(မှန်ပါ့) ဒါဖြင့် ဒီအကွက်ထဲပေါ်လာတာတွေကို ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်တယ်၊ ဖြစ်ပြီး ပျက်တယ်လို့ ခင်ဗျားတို့ ရှုနေဖို့ အရေးကြီးပါတယ်...(မှန်ပါ့)။

ရှုရင်းမတ္တနဲ့ပဲ ဒီဉစ္စာ ဉာဏ်ရင့်လာရင် ဒုက္ခသစ္စာထင်လာတာပဲ။

ပထမတော့ဖြင့် ဖြစ်ပျက်အနိစ္စပဲမြင်မှာပဲ၊ နောက် ဉာဏ်ကရင့်ရင့်လာတဲ့အခါကျတော့ ဒီဖြစ်ပျက်ဟာ တခြားလားအောက်မေ့နေတယ် ဒုက္ခ ရောက်နေတာကိုး...(မှန်လှပါဘုရား)။

ဒုက္ခရောက်နေတယ်ဆိုတော့ ဉာဏ်ကလေးပြောင်းကြည့်လိုက်တာပေါ့...(မှန်ပါ့) ဖြစ်တာသည် ပျက်စီးမလို့ဖြစ်တာ...(မှန်ပါ့) ပျက်တာသည် ပျက်စီးသွားတာ...(မှန်ပါ့) ဒါဖြင့်

http://www.dhammadownload.com



ပျက်စီးမလို့ ဖြစ်တာနဲ့ ပျက်စီးသွားတာပဲပေါ်လာတယ်...(မှန်ပါ့) အဲဒါကို ဘာသစ္စာ ဆိုမလဲ...(ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် သံယုတ်ပါဠိတော်ကြီးများကျတော့ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိဒုက္ခ နိရုဇ္ဈမာနာ နိရုဇ္ဈတိ"ဆိုပြီး ဒုက္ခသည်သာလျှင် ဖြစ်၏ မင်းတို့သန္တာန်မှာတဲ့...(မှန်ပါ့) ဒုက္ခ တရားသည်သာလျှင် ချုပ်၏တဲ့၊ မင်းတို့သန္တာန်ဖြစ်တဲ့ တရားဟာ ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်တာပဲရှိတယ်...(မှန်ပါ့) သဘောပါကြပလား...(ပါပါပြီဘုရား)။

ဒကာဒကာမတွေ သန္တာန် ၂-နံပါတ်**အကွက်**ထဲ နေကြသေးတာကိုး ...(မှန်ပါ့) ဒုက္ခသစ္စာကွက်ထဲကကို **မရှေ့** နိုင်ကြသေးဘူးလား...(မှန်ပါ့ဘုရား)။

မရှေ့နိုင်တော့ ဒီအထဲပေါ်လာတာသည် ဖြစ်တာလဲဒုက္ခ သစ္စာ၊ ပျက်တာလဲ...(ဒုက္ခသစ္စာပါဘုရား) ဒီအကွက်ထဲ ပေါ်လာတာဟူသရွေ့ ဒါပဲရှိတယ်...(မှန်ပါ့) ဘာသစ္စာ တွေတုံး.... (ဒုက္ခသစ္စာတွေပါဘုရား)။

ဒါကြောင့် စိတ်ကြို**က်တဲ့လူ**ကစိတ်တစ်လုံးတည်း ပေ...ရှု၊ ဝေဒနာကြိုက်တဲ့လူက **ဝေဒနာ**တစ်လုံးတည်း ပေ...ရှု... (မှန်ပါ့) ရှုလိုက်ပြီဆိုမှဖြင့် နောက်ကျတော့ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလဲ စိတ်မတွေ့ဘူး၊ ဖြစ်ပျက် ဒုက္ခသစ္စာတွေ့မယ်...(မှန်ပါ့ဘုရား)။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ကလဲ ဝေဒနာမတွေ့ပါဘူး၊ ဘာတွေ့ သတုံး...(ဖြစ်ပျက်ဒုက္ခပဲတွေ့ပါတယ်ဘုရား) **ဖြစ်**ပျက်ဒုက္ခ သစ္စာပဲရှိတာကိုး...(မှန်ပါ့) ဝေဒနာ**ဆိုတာနာမည်၊ တကယ်**

http://www.dhammadownload.com



ဉာဏ်ထဲတွေ့တာကြည့်လိုက်တော့ ဝေဒနာမဟုတ်ဘဲနဲ့ ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲ သွားတွေ့တယ်...(မှန်ပါ)။

ဘာသွားတွေ့သလဲ...(ဖြစ်ဒုက္ခ ပျက်ဒုက္ခ သွားတွေ့ပါတယ်) ဖြစ်ဒုက္ခပျက်ဒုက္ခ သွားတွေ့တယ်ဆိုတော့ ဘုန်းကြီးဟောနေတာ မဟုတ်ဘူး။ ဒီမှာကြည့်၊ ဒီထဲမှာ ပေါ်သရွေ့ဟာ ဒုက္ခချည်းပဲ...(မှန်ပါဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

၂-ထဲမှာရှိတဲ့ တရားဟူသရွေ့ ဘာတဲ့တုံး...(ဒုက္ခသစ္စာချည်းပါဘုရား) ဒါဖြင့် ဖြစ်တာလဲဘာဆိုကြမယ်...(ဒုက္ခပါ) ပျက်တာလဲ...(ဒုက္ခပါဘုရား)။

အဲဒီကော့ ခင်ဗျားတို့ သင်္ခါရ စိတ်ကလေးတစ်ခုပေါ်လာလဲ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ) စိတ်ကလေးတစ်ခု ပျက်သွားလဲ... (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကလေး ကြည့်နေရမယ်၊ကြည့်နေပြီဆိုမှဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်ကဒုက္ခသစ္စာ၊ ကြည့်တာကလေးက မဂ္ဂသစ္စာ...(မှန်ပါ)။

သြော်...ဘုန်းကြီးတို့ ဒကာဒကာမတွေ၌ မဂ္ဂသစ္စာပေါ်ဖို့ အရေးကြီးသည်ကားဆိုလို့ရှိရင်ဖြင့် အခြားအရေး မဟုတ်ပါလား၊ ဖြစ်ပျက် ဒုက္ခသစ္စာ မြင်မှ ပေါ်တာလာ...(မှန်ပါဘုရား)။

ဒါကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရပါလို၏ဆိုလို့ မရဘူး...(မရပါဘုရား) ဖြစ်ပျက်ကြည့်လိုက်ပြန်တော့... (ရပါတယ်ဘုရား)ဖြစ်ပျက်ကြည့်ပြန်တော့ မဂ်ရတယ်...(**မှန်ပါ**) **သဘောကျပလား...(ကျပါပြီဘုရား)။**

http://www.dhammadownload.com



မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဘုရားရှေ့ ရ ရပါလို၏ သွား တောင်းတော့ ဘုရားက ရော့ အင့်လို့ မပေးနိုင်ဘူး...(မှန်ပါ့) ကိုယ့် စိတ်ကလေး ကိုယ် ဖြစ်ပျက်ရှုလိုက်တော့ ဘာရသတုံး... (မဂ်ဉာဏ်ရပါတယ်ဘုရား)။

ဩော်...ဒါဖြင့် မဂ်ဉာဏ်ဆိုတာသည် ဒကာဒကာမတို့ ဘုရားပေးလို့ရတဲ့ တရားမျိုး မဟုတ်ဘူး...(မဟုတ်ပါဘုရား) တရားပေးမှရတယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီအထဲရှိတာတွေက ဘုရားတစ်ဆူမှ မပါဘူး၊ တရား ချည်းပဲ...(မှန်ပါ့) ဝိညာဏဓမ္မ နာမ်ရုပ်ဓမ္မဟော ဓမ္မချည့်ပါ နေပါတယ်။ သဠာယတနဓမ္မတဲ့ တရားချည့်ပဲ...(မှန်ပါ့) ဖဿဓမ္မ...(တရားချည့်ပါ) အဲဒီဓမ္မကလေးမှ မဂ်ဉာဏ် ရတယ်...(မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့မဂ်ဉာဏ်ကို ဘယ်သူပေးရသတုံး... (တရားပေးမှရပါတယ်) ဘုရားပေးလို့...(မရပါ) ဘုရားရှေ့မှာ အရှင်ဘုရား ပေးသနားတော် မူပါဆိုလို့ မရဘူး...(မရပါဘုရား) ခင်ဗျားတို့ သန္တာန်မှာရှိတဲ့တရားကို အမြင်မှန်နဲ့ ကြည့်လိုက်လို့ရှိ ရင် တရားက ပေးပါတယ်...(မှန်ပါ့ဘုရား)။

ဘုရားက လမ်းညွှန်အဖြစ် ဟောတော်မူ ဖော်ရတယ်... (မှန်ပါ့)ဘုန်းကြီးကလဲ၊ဘုရားဟောအတိုင်း ဟောဖော်ပဲရတယ်... (မှန်ပါ့) စင်စစ် တကယ်မဂ်ဉာဏ်ပေးတာက ၂-နံပါတ်အကွက်က တရားတွေက ခင်ဗျားတို့ကို မဂ်ဉာဏ်ပေးမယ်... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ဘုရားဆီ သွားတောင်းလို့ မရ...(မှန်ပါ) တရားကို အမြင်မှန်နဲ့ ကြည့်ရင်... (ရပါတယ်ဘုရား)။

ဒကာကြွယ် ကဲ...အဖိုးတန်ပြီ...(တန်ပါတယ်ဘုရား) ရိပ်မိပြီ...(ရိပ်မိပါပြီဘုရား) ဒါဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် လိုချင်လို့ရှိရင် တရားကြည့်ပေး...(မှန်ပါ)။

တရားကြည့်လိုက်တော့ ၂-နံပါတ်အကွက်က တရားကို ကြည့်ရမယ်၊ ဒီအပြင်တရားကို မကြည့်ရဘူး...(မှန်ပါ) ၂-နံပါတ် အကွက်ထဲမှာလဲ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါး ယူကြည့်...(မှန်ပါဘုရား)။

ကာယနုပဿနာဖြင့် ရုပ်ကြည့်...(မှန်ပါ)ဝေဒနာနုပဿနာဖြင့်...(ဝေဒနာ ကြည့်ရပါတယ်) စိတ္တာနုပဿနာဖြင့်...(စိတ် ကြည့်ရပါမယ်ဘုရား)။

အဲဒါတွေ တရားတွေ မဟုတ်လား...(မှန်ပါ) အဲဒီ တရားတွေကို ခင်ဗျားတို့က ပေါ်တိုင်းပေါ်တိုင်း ကြည့်တော့ သူတို့က ကျုပ်တို့ဟာ ဖြစ်ပျက်ပါပဲ သူတို့ကပြောမယ်၊ သူတို့က ပြောခဲ့တဲ့ အခါကျတော့ ခင်ဗျားတို့က သြော်...ဒါတွေဟာ ဖြစ်ပျက်တွေပဲလို့ အနိစ္စတွေပဲလို့ မသိဘူးလား...(သိပါတယ် ဘုရား)။

အဲ...သိတာက သမ္မာဒိဋ္ဌိ...(မှန်ပါ) သမ္မာဒိဋ္ဌိဆိုတာ မဂ္ဂင်ပဲ...(မှန်ပါ) မဂ်ဉာဏ်လဲဆို မဂ္ဂင်လဲဆို အတူတူပဲ... (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ကို မောင်ဘသော် ဘယ်သူပေးလို့ ရပါလိမ့်...(တရားပေးလို့ ရပါတယ်ဘုရား) ဒကာကြွယ် ရှင်းပြီနော်...(ရှင်းပါပြီ) သဘောပါပလား...(ပါပါပြီဘုရား)။

ကောင်းပြီ...ဒါကို တရားပေးလို့ ရတယ်ဆိုတော့ ရှင်းပါပြီနော်...(ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်ဉာဏ်လိုချင်ရင် တရားအားထုတ်ရမယ်... (မှန်ပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

မဂ်ဉာဏ်လိုချင်ရင် ...(တရားအားထုတ်ရပါမယ်ဘုရား)။

နို့...ဘုရားရှေ့ တပည့်တော်တို့သွားတယ်၊ အဲဒါက သူ့ရှေ့သွားပြီး အားထုတ်တာ၊ ပေးတာကတော့ တရားက ပေးတာ...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပေးတာကတော့...(တရားပေးတာပါဘုရား) တရားကမှ ဖြစ်ပြီး ပျက်တာတွေပြတော့ ခင်ဗျားတို့က သြော်...ဖြစ်ပျက်ကို မမြင်ပေဘူးလား...(မြင်ပါတယ်ဘုရား)။

အဲဒီတော့ သမ္မာဒိဋ္ဌိရတယ်...(မှန်ပါ) ဟာ ဒီမဂ္ဂင် ဘယ်သူ ပေးသတုံး...လို့မေးရင်...(တရားပေးပါတယ်ဘုရား)

တရားမှာ ၁-ကွက်မှာရှိတဲ့တရား၊ ၂-ကွက်မှာရှိတဲ့တရား ရှိတယ်...(မှန်ပါ) ၁-ကွက်ကလွန်ပြီးသားဖြစ်နေတယ်၊ အဝိဇ္ဇာ သင်္ခါရ ဆိုတဲ့ ၁-ကွက်က အတိတ်ဘဝဟာ ပြီးခဲ့ပြီ...(မှန်ပါ)။

ယခုပစ္စုပ္ပန်ဘဝ ခင်ဗျားတို့ သန္တာန်ပေါ်တဲ့ တရားက ခင်ဗျားတို့ကို ဆရာဘုန်းကြီးက ပေးတဲ့နည်းနဲ့ ကြည့်လိုက်ပြီဆိုမှ ဖြင့် ခင်ဗျားတို့မှာ မဂ်ဉာဏ်ရတယ်...(မှန်ပါ) သဘောကျ ပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ တရားပေးမှ မဂ်ဉာဏ်ရတယ်... (မှန်ပါ)။

ဒါကြောင့် ဘုရားဆီသွားလို့ရှိရင် ဘုရားက ဘယ်တရား ဘယ်တရား အားထုတ်ကြဟော့... ဘုရားက တရားပေးလိုက်တယ်ဆိုတာ သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒီပေးတဲ့တရားကို ဘာလုပ်ရမလဲ...(အားထုတ်ရပါမယ်ဘုရား) နောက်ဆုံးပိတ် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဒီကိုယ်တော်တွေ ရသွားတဲ့အခါကျတော့ တရားပေးလို့ရတာ...(မှန်ပါ)။

ဘုရားက ဘယ်တရားဘယ်တရားကို အားထုတ်လို့ အားထုတ်စဉ် ဟောလိုက်တယ်...(မှန်ပါ)။

အဲဒီပုဂ္ဂိုလ်တွေ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာကတော့ ဘယ်သူက ပေးတာတုံး... (တရားကပေးတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီဒုက္ခသစ္စာကြီးကို ဖြိုင်ဖြိုင်သာကြည့်ပေး၊ သဘောကျပလား...(ကျပါပြီဘုရား)။

သူက မဂ်ဉာဏ်ကို ခင်ဗျားတို့ပေးပါလိမ့်မယ်...(မှန်ပါဘုရား)။

ခင်ဗျားတို့ကသာ ဖြစ်ပျက်သာ ကြပ်ကြပ်ကြည့်ပေး၊ အနိစ္စ မဂ်ဉာဏ်ဖြစ်ရမယ်...(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် ပဋ္ဌာန်းပါဠိတော်ကြီး ကျတော့"သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" သင်္ခါရေ= သင်္ခါရတရားတို့ကို ဒီတရားတွေပေါ့ဗျာ၊ အနိစ္စတော=အနိစ္စ အားဖြင့် လည်းကောင်း၊ ဒုက္ခတော= ဒုက္ခအားဖြင့် လည်းကောင်း၊ အနတ္တတော= အနတ္တအားဖြင့် လည်းကောင်း၊ ပဿတိ= ရှု၏ မြင်၏ဆိုတော့ မြင်တဲ့စိတ်က မဂ္ဂင်...(မှန်ပါ့)။

ဒါက သင်္ခါရတရား...(မှန်ပါ့) သင်္ခါရတရားကို ခင်ဗျား တို့က ရှုလိုက်တဲ့အခါကျတော့ မဂ်ဉာဏ်ပေါ်တယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

သင်္ခါရတရားဆိုတာ နားမယောင်ပါနဲ့၊ အဝိဇ္ဇာသင်္ခါရက ပြုပြင်လို့ ပေါ်လာတဲ့တရား ဖြစ်သောကြောင့် သူ့ကို သင်္ခါရတရား ခေါ်ပါတယ်...(မှန်ပါ့)။

အကွက်ထဲပါတဲ့တရားက ဘာတရားတုံး... (သင်္ခါရ တရားပါ ဘုရား) သင်္ခါရတရားတဲ့၊ ဖြစ်မှု ပျက်မှုရှိတာ သင်္ခါရတရားလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့)။

သူများပြုလို့ ပေါ်လာတဲ့တရားကိုကော... (သင်္ခါရ တရားလို့ မှတ်ရပါလိမ့်မယ်ဘုရား) သင်္ခါရတရားဆိုတာ ရှင်းသွားပြီ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုရင် ပဋိစ္စသမုပ္ပါဒ်ထဲမှာ အခု ၄-မျိုး ပြထားတယ်၊ ဘယ်အထဲကဟာရှုရမှာတုံး...(၂-အကွက်ထဲက ဟာကို ရှုရမှာပါဘုရား)။

http://www.dhammadownload.com



၂-ကွက်လဲသွားမရှုနဲ့၊ ၃-ကွက်တွေလဲ သွားပြီးရှုစရာ မဟုတ်ပါဘူး၊ သဘောကျပလား...(ကျပါပြီဘုရား) ၄-လဲ အနာဂတ် မရောက်သေးလို့ ရှုစရာ မရှိပါဘူး...(မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ ဘယ်ဟာရှုကြမယ်...(၂-ထဲက ဟာကို ရှုရပါမယ်ဘုရား)။

အဲ... ၂-အကွက်ထဲမှာရှိတဲ့ သတိပဋ္ဌာန်လေးပါး ပါ,ပါပါယ်...(မှန်ပါ) အဲဒါတွေ ကြည့်လိုက်တဲ့အခါကျလို့ရှိရင် တစ်ခုခုဖိပြီးရှုပါ...(မှန်ပါ) စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်... (စိတ် ရှုရပါမယ်) ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်...(ဝေဒနာ ရှုရပါမယ် ဘုရား) သဘော ပါသွားပလား...(ပါပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒါတွေကို ရှုလိုက်တော့ ၂-နံပါတ် ထဲကနေပြီး သကာလ ၂-နံပါတ်က သမ္မာဒိဋ္ဌိကို ပေးတယ်... (မှန်ပါ)။

ဆရာကောင်း သမားကောင်းတွေ့လို့ နည်းနာကောင်းရလို့ ရှိရင် ၂-နံပါတ်မှာရှိတဲ့ တရားတွေက ခင်ဗျားတို့ကို သမ္မာဒိဋ္ဌိ ပေးတယ်...(မှန်ပါ)။

ကဲ...ဒါဖြင့် ပြောကြစို့၊ သူကလေးပေးတယ်, မပေးတယ် သိရအောင်...(မှန်ပါ)။

ဖဝံဘိက္ခဝေ ဝိညာဏံ အနိစ္စတော ပဿတိ...(မှန်ပါ) ဘိက္ခဝေ=ရဟန်းတို့၊ဖဝံ=ဤသို့၊ ဝိညာဏံ = မင်းတို့ သန္တာန်၌ ၂ ကွက်ထဲပါတဲ့ စိတ်ကို၊ အနိစ္စတော= အနိစ္စအားဖြင့်၊

http://www.dhammadownload.com



ပဿတိ=ရှု၏၊ ရှုစမ်းပါကွာတဲ့...(မှန်ပါ့) ၂–ကွက်ထဲပါ စိတ်ကလေးတစ်လုံးကိုပေါ့လေ ဖြစ်ပြီး ပျက်တယ်လို့ ရှုစမ်းပါတဲ့... (မှန်ပါ့)။

ဒကာ ဒကာမတွေ စိတ်ကလေးတစ်လုံးကို ဘာလုပ်ရလဲ... (ဖြစ်ပြီး ပျက်တယ်လို့ ရှုရပါမယ်ဘုရား) ဖြစ်ပျက်လို့ ရှုစမ်းပါ...(မှန်ပါ့)။

ကောင်းပြီ၊ တပည့်တော်တို့ ရှုပါပြီဘုရားလို့ ဒကာကြွယ်ကပဲ လျှောက်ပါတော့နော်၊ မောင်ဘသော်ကပဲ လျှောက်လျှောက် ဦးလှဘူးကပဲ လျှောက်လျှောက်ပေါ့ဗျာ...(မှန်ပါ့) သော အယံ ဟောတိ၊ သမ္မာဒိဋ္ဌိ၊ အယံ=ဤဖြစ်ပျက်ကို ရှုသော၊ သော၊=ထိုပညာသည်၊ သမ္မာဒိဋ္ဌိ=သမ္မဒိဋ္ဌိ မည်၏ (မှန်ပါ့)။

ဒကာ ဒကာမတို့ ဖြစ်ပျက်ရှုတာ ဘာဒိဋ္ဌိ... (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိ မဂ္ဂင်ပေါ်တယ်...(မှန်ပါ့) ရှုလိုက်လို့ ဘာဖြစ်လာသလဲ...(သမ္မာဒိဋ္ဌိ ဖြစ်လာပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဒကာ ဒကာမတို့ သမ္မာဒိဋ္ဌိ မဂ္ဂင်ပေါ်လာတယ်ဆိုတာ သေချာပလား ... (သေချာပါပြီ ဘုရား)။

ဒါဟာ မင်္ဂရချင်လို့၊ ဆုတောင်းလို့ ရတာလားတဲ့၊ ရှုလို့ရတာလား ...(ရှုလို့ရတာပါ ဘုရား) ဘယ်သူ့ကို ရှုလိုက်တာပါလိမ့်...(ဖြစ်ပျက်ကို ရှုတာပါဘုရား) ဖြစ်ပျက်ရှုလိုက်တော့ ခင်ဗျားတို့ ဘာရတုံး (သမ္မာဒိဋ္ဌိ မဂ္ဂင် ရပါတယ် ဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဖြစ်ပျက်ရှုလိုက်တော့ ဝမ်းထဲမှာ သမ္မာဒိဋ္ဌိ မဂ္ဂင် ရတယ်၊ ဥပမာ . . . မျက်လုံးစိတ်ကလေး ဖြစ်ပျက်ရှုလိုက်တော့ ဝမ်းထဲ ဘာရသတုံး . . . (သမ္မာဒိဋ္ဌိမဂ္ဂင် ရပါတယ်ဘုရား) အဒေါသဆိုတဲ့ မေတ္တာစိတ်ကလေး ရှုလိုက်ပြန်လဲ (သမ္မာဒိဋ္ဌိ မဂ္ဂင်ရပါတယ် ဘုရား)။

သမ္မာဒိဋ္ဌိမဂ္ဂင်ကလဲ ဒကာ ဒကာမတို့ ဓမ္မက ပေးတာပါ လား၊ ဖြစ်ပျက်ဓမ္မက ပေးတယ် . . .(မှန်ပါ့)။

ဒါဖြင့် ဘိက္ခဝေ = ရဟန်းတို့၊ ဝိညာဏံ = စိတ်ကလေး တစ်ခုကို၊ အနိစ္စန္တိ = အနိစ္စဟူ၍၊ ပဿတိ = ရှု၏၊ စိတ်ကလေး တစ်ခုကို ခင်ဗျားတို့ ဖြစ်ပျက်လို့ ရှုလိုက်တယ်၊ အယံ = ဤသို့ ရှုခြင်းသည်၊ သောသော = ထိုပညာသည်၊ သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိကွတဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

အဲဒီ သမ္မာဒိဋ္ဌိ ပါလာတယ်ဆိုတော့ ဒကာကြွယ်တို့ သင်ထားတာက သမ္မာဒိဋ္ဌိပါရင် သမ္မာသင်္ကပ္ပပါပြီ . . .(မှန်ပါ့) သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ လောကီမဂ္ဂင် ငါးပါး မပါသေးဘူးလား . . .(ပါ . . .ပါတယ် ဘုရား)ပါတာဟာ တစ်ပြိုင်နက် ဖြစ်တယ် . . .(မှန်ပါ)။

ဒါဖြင့် အနိစ္စတစ်ချက်မြင်ရင် မဂ္ဂင်ဘယ်နှပါး ဖြစ်သတုံး . . . (ငါးပါးဖြစ်ပါတယ်ဘုရား) အနိစ္စတစ်ချက် မဂ္ဂင်ငါးပါး တစ်ခါတည်းရတယ် . . .(မှန်ပါ့ဘုရား) ရှင်းပြီ . . .

http://www.dhammadownload.com



(ရှင်းပါပြီဘုရား) အနိစ္စတရားတစ်ချက်မြင်ရင် . . .(မဂ္ဂင်ငါးပါး ဖြစ်ပါတယ်ဘုရား)။

ဩော် . . . မဂ္ဂင်ကလဲ ဘယ်နေရာများ ပေါ်ပါလိမ့်မတုံး လို့ မေးဖို့ မလိုဘူးလား . . .(လိုပါတယ်ဘုရား) မဂ္ဂင်က ဘယ် နေရာ ပေါ်ရမတုံး ဒကာ ဒကာမတို့၊ မဂ္ဂင်ဆိုတာသည် ဒုတိယကွက်ထဲ ရှုတော့ကို ဒုတိယ ကွက်ထဲပဲ ပေါ်ရတယ် . . . (မှန်ပါ့)။

ဒုတိယကွက်ထဲမှာရှိတဲ့ စိတ်ကို ဒကာ ဒကာမတွေက ဒုတိယကွက်ထဲမှာ နေတာကိုး . . .(မှန်ပါ့)၂နံပါတ် အကွက်ထဲမှာ နေတယ် . . .(မှန်ပါ့) ဒီတော့ ဒီအထဲက တရားကို ရှုတော့ ဒီထဲမှာပဲ မဂ္ဂင်ပေါ်တယ် . . .(မှန်ပါ့)။

ဒါဖြင့် မဂ္ဂင်သည် ဒကာ ဒကာမတို့ ဖြည်းဖြည်းမှ ရမှာလား၊ လက်ငင်းရသလား . . .(လက်ငင်းရပါတယ်ဘုရား)။

ဩော် . . . ဒကာ ဒကာမတွေလဲ လျှာရှည်လိုက်တဲ့ ဖြစ်ခြင်း၊ လက်ငင်းရတာ အကြွေးနဲ့တောင်းနေတော့ အတော် ခက်တယ် . . .(မှန်ပါ့)။

ဝဋ်ဘဝတိုတိုနှင့် မဂ်ဖိုလ် ရရပါလို၏ . . .ဆိုတော့ ဒကာကြွယ် ကြွေးတောင်းတယ် . . .(ကောင်းပါတယ်ဘုရား) ရနိုင်တာက . . .(လက်ငင်းရနိုင်ပါတယ်ဘုရား)။

လက်ငင်းရနိုင်တာလဲ မသိဘူး၊ အကြွေးသာ နင်းတောင်း နေတာပဲဆိုတော့ ဒကာကြွယ် ရှုးချက်သန်တယ် . . . (သန်ပါတယ်) မသန်ဘူးလား . . .(သန်ပါတယ်ဘုရား)။

http://www.dhammadownload.com



ရတာက...(လက်ငင်းပါ) ဒါဖြင့် အခုရတာ မလိုချင်သေးဘူး၊ နောက်မှ ပေးပါလို့ဆိုတဲ့ အဓိပ္ပာယ်မျိုးကော မရောက်ဘူးလား...(ရောက်ပါတယ်) အခု အပါယ်သွားပါရစေဦးပေါ့ဗျာ၊ နို့ တစ်ခေါက်ပြန်မှ ယူပါရစေ...(မှန်ပါ့) အတော်ဆိုးတဲ့ **စကား**ပဲ အဓိပ္ပာယ်ရောက်နေတယ်...(ရောက်ပါတယ်ဘုရား)။

**အဲ**ဒါ ဘယ့်နှယ်ကြောင့် ဘုန်းကြီးက ဒီလို ပြောရသတုံး **ဆိုတော့** ခင်ဗျားတို့ အခု ၁–နံပါတ်ထဲမှာ ဖြစ်နေသလား၊ ၂–**ကွက်**ထဲမှာ ဖြစ်နေသလား...(၂–ကွက်ထဲမှာပါ) ၂–ကွက်ထဲ **ဆိုတော့** ယခုဘဝပါ ဟုတ်တယ်...မဟုတ်တယ် ဒီမှာကြည့်လိုက်၊ **ပစ္စုပ္ပန်**လို့ မပါဘူးလား...(ပါ...ပါတယ်) ဒီမှာလဲ ပစ္စုပ္ပန် **အကျိုး**လို့ မပါဘူးလား...(ပါ...ပါတယ်)။ ဒါဖြင့် **ယခု**ရှိနေတယ်... (မှန်ပါ့) မရှိဘူးလား...(ရှိပါတယ်ဘုရား)။

ယခုရှိနေတော့ ပစ္စုပ္ပန်ဘဝ၊ အဲ... ပစ္စုပ္ပန်ဘဝမှာလဲ ဆရာဘုန်းကြီးက ဒကာ ဒကာမတို့ စိတ်ကလေးတစ်လုံးကို ရှုလိုက်ပါလို့ ပြောတယ်၊ ခင်ဗျားတို့ကလဲ ဩော်... ဖြစ်ပြီးပျက်တာ မြင်လိုက်ပြီဆိုပါတော့...(မှန်ပါ့)။

ဖြစ်ပျက်က အနိစ္စ...(သိတာက မဂ္ဂပါဘုရား) ကဲ... အကြွေးလား...လက်ငင်းလား...(လက်ငင်းပါ) ဘယ်အထဲမှာ ရသတုံး...(၂–အကွက်ထဲမှာ ရပါတယ် ဘုရား)။

၂–နံပါတ် အကွက်ထဲမှာ ရတယ်...(မှန်ပါ့) ဒကာကြွယ် မဟုတ်ဘူးလား...(ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဆုတောင်းတဲ့ ပုဂ္ဂိုလ်က ၄–နံပါတ် အကွက်ထဲမှာ ယူပါရစေ၊ နောက်ကျမှ ယူပါရစေ...(မှန်ပါ့) ဘာဖြစ်လို့တုံး မေးတဲ့အခါကျတော့ ဒကာ ဒကာမတို့ ရနေတာတောင်မှ ယူရမှန်း မသိလို့...(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ဆိုကြမယ်...(ရနေတာတောင်မှ ယူရမှန်း မသိလို့ပါ ဘုရား)။

အဲဒါ ခင်ဗျားတို့ ဘုရားရှေ့ သွားပြီး သကာလ တော်အောင် လျော်အောင် လိမ်မနေကြနဲ့...(မှန်ပါ့ဘုရား)။

ဒကာကြွယ်တို့ တချို့ ဘုရားရှေ့သွားပြီး ဤဆွမ်း ဤကွမ်း ဤဖယောင်းတိုင် ဤမီးအလှူကြောင့် ဟုတ်လား၊ ဝဋ္ဋ ဘဝတိုတိုနှင့် မဂ်ဖိုလ် ရ ,ရပါလို၏ဘုရားဆိုတော့ နောက်တော့ ရပါရစေဘုရားဆိုတော့ လုပ်တာက အခုလုပ်နေကြတယ်၊ ရတာက...(နောက်မှပါဘုရား)။

မဟုတ်ဘူး ရတော့ကိုး...(အခု ရနေတာပါဘုရား) အခုရှု၊ အခုရနေတာဗျ...(မှန်ပါ့) ခင်ဗျားတို့က ဆုတောင်းတာက နောက်မှ ရရပါလို၏တဲ့...(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ဒီပုဂ္ဂိုလ်ဟာ တော်တော်ရူးသေးလို့ဆို... (ဆိုနိုင်ပါတယ်ဘုရား) မောင်ဘသော် ဘယ့်နှယ်ဆိုမလဲ... (တော်တော်ရူးပါသေးတယ်ဘုရား) တော်တော် ရူးတယ်လို့ဆိုသာ ဆိုပါ... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဘာဖြစ်လို့တုန်းဆိုတော့ ဘုရားကလဲ သက်တော်ထင်ရှား မရှိလို့...(မှန်ပါ့) ရှိလို့ရှိရင် နင်လုပ်နေတဲ့ နင်အခုရတော့ နင်မကြိုက်သေးဘူးလား၊ နောက်မှရတာကို နောက်ရရပါလိုလို့ ငါ့ဆီလာတောင်းတယ်၊ အခုရအောင် လုပ်လို့ ပြောမှာပဲ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒီမှာ ခင်ဗျားတို့ ဘုရားရှေ့သွားပြီး ဒကာကြွယ်တို့က အရှူးထတာက အတော်ဆိုးတယ်...(ဆိုးပါတယ်ဘုရား) ဘုန်းကြီး ရဟန်းသံဃာများ ကန်တော့လိုရှိရင်လဲ ခင်ဗျားတို့က ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ကိုရပါလို၏ဘုရား...တဲ့...(မှန်ပါ့) လုပ်ပြန်ပြီ ခင်ဗျားတို့...(လုပ်ပါတယ်ဘုရား)။

ကိုယ်လုပ်နေတဲ့ အလုပ်က အခုရနေတာ မသိလို့ မယူတဲ့ သဘောမျိုးနဲ့...(မှန်ပါ့)၊ ဒီ မသိတာလဲ ပဋိစ္စသမုပ္ပါဒ်ကြီးကို ကိုယ့်ခန္ဓာထဲမှာ အခုဖြစ်ပေါ်နေတာကို မသိဘူး...ဆိုတော့ ခေါင်းမှာလဲ အနာတွေက ပိုးကျနေပြီ၊ သူကဖြင့် ပြုံးတုန်းပဲ ရှိသေးတယ်...(မှန်ပါ့ ဘုရား)။

ယနေ့ထက်ထိ အနာတွေလဲ ပိုးကျတုန်းပဲလို့ ဆိုတော့ မောင်ဘသော် ဒီပုဂ္ဂိုလ်ဟာ စိတ်ကောင်း...မကောင်း... (မကောင်းပါဘူးဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဒီမှာလဲ ထိုနည်းအတူပဲ ဒကာ ဒကာမတို့၊ ကိုယ်နေရတာလဲ ရမှန်းမသိဘဲနဲ့ နောက်မှ ဘုရားဆီလဲ သွားတောင်းတယ်၊ တောင်းရုံနဲ့တော့ ဘုရားကလဲ မပေးနိုင်၊ ခင်ဗျားတို့ကလဲ

http://www.dhammadownload.com



အလုပ်မလုပ်၊ အလုပ်မလုပ်ရင်တော့ နောက်မှလဲ မရဘူး၊ အခု ရနိုင်တာကို အော်တုံး ဟစ်တုံးဆိုလို့ ရှိရင်ဖြင့် ကိုယ့်အနာ ကိုယ်ပေါက်နေတာ မသိတဲ့ လူလိုပါပဲ...(မှန်ပါ့ဘုရား) အတော် ရူးတယ် ...(ရူးပါတယ် ဘုရား) ဒကာကြွယ် ဆိုထိုက်ပလား... (ဆိုထိုက်ပါတယ် ဘုရား)။

အင်မတန်ဖျင်းတဲ့ ဒကာ ဒကာမတွေ ခင်ဗျားတို့ ရထားတဲ့ ဆုတောင်းကို ဖျက်ပစ်ဖို့ ကောင်းတယ်...(မှန်ပါ့)။

ဆုတောင်းဖျက်ပစ်ဖို့ ကောင်းတယ်တဲ့၊ ဘယ့်နှယ်ကြောင့် ဖျက်ပစ်ရမတုံးဆိုတော့ ခင်ဗျားတို့က အလုပ်သမားတွေကိုး... (မှန်ပါ့)။

အလုပ်သမားတွေဆိုတော့ အခုရနေတာက မထင်ရှား ဘူးလား...(ထင်ရှားပါတယ် ဘုရား) ဒီရတာကလေး ကျင့်ဖို့ပဲ အရေးကြီးတော့တယ်...(မှန်ပါ့) ရတာကတော့ ကေန်ပဲ (မှန်ပါ့)။

မဂ္ဂင်ရှစ်ပါးရှိတဲ့အနက်က ငါးပါးကို ရတယ်၊ အဲဒီငါးပါးကို ရနေတဲ့ ဥစ္စာ နောက်မှ ရ ရပါလို၏ ဆိုတော့ ဒကာကြွယ် သူ့ဟာက အတော်ရူးတယ်...(ရူးပါတယ် ဘုရား) မဆိုထိုက်ဘူး လား...(ဆိုထိုက်ပါတယ် ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အခု ဆရာကောင်းတွေ့နေလို့ ဖြစ်နေတော့ တော်တော်ကြာကျတော့ သိ, ကြား လိမ္မာတဲ့ ဆရာတွေနဲ့ တွေ့တဲ့အခါကျတော့ မင်းတို့ဟာ ဝိပဿနာ အလုပ်လုပ်နေတယ် ဆိုတယ်၊ ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်

http://www.dhammadownload.com



ရရပါလို၏လို့ ဝဋ်ဘဝတိုတိုနဲ့ ဆိုတာ နောက် အများကြီး ကျန်သေးတယ်ကွ၊ တိုတိုဆိုတာလဲ နည်းတာမဟုတ်ဘူး... (မှန်ပါ့) တိုတယ် ဆိုပေမယ့်လဲ အရှည်ကြီး...(မှန်ပါ့)။

မင်းလုပ်နေတာက အခုရနေတယ်၊ မင်းကလဲ တိုတို ရ,ရပါလို၏ ဆိုတာ မင်းသည် နောက်မှ ရ, ရပါလို၏ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်...(မှန်ပါ့) မရောက်ဘူးလား... (ရောက်ပါတယ် ဘုရား)။

အဲဒီတော့ ဆရာကောင်း သမားကောင်းနဲ့ တွေ့ရင်ဩော်...အလုပ်တခြား ဆုတောင်းတခြား ဖြစ်နေတယ်လို့ ဆိုလိမ့်မယ် ...(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်...(အလုပ်တခြား ဆုတောင်း တခြားပါ ဘုရား)။

အဲဒါတွေ ခင်ဗျားတို့ သူများရှေ့ သွားပြီးသကာလ ဘုရားရှေ့မှာလဲ မသိအောင်လဲ ဆုမတောင်းပါနဲ့၊ သိ, ကြား လိမ္မာတဲ့ ပုဂ္ဂိုလ်ရှေ့မှာလဲ ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ ရပါလို၏လို့ လုပ်မနေနဲ့၊ အလုပ်သမားမှန်က မဂ်ရနေတာ* ...(မှန်ပါ့) ရင့်မရင့်ကလေးသာ အကဲခတ်ဖို့ လိုတော့တယ်...(မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

အလုပ်သမားမှန်က...(မဂ်ရနေပါတယ် ဘုရား) ဖြစ်ပျက် မြင်လိုက်ရင် ဘာတုံး...(မဂ်ပါဘုရား) မဂ်ဟာ ဘယ်နှပါး ရသတုံး...(ငါးပါးရပါတယ် ဘုရား)။*

---

* ဝိပဿနာမဂ်ငါးပါးတော့ အနည်းဆုံးရနေပြီ။
* လောကီမဂ်ငါးပါး ဆိုလိုသည် (ပုဗ္ဗဘာဂမဂ်)။

http://www.dhammadownload.com



အဲဒါ သိလျက်နဲ့ ဒကာကြွယ် ဝဋ်ဘဝတိုတိုတွေ ဘာတွေ လျှာရှည်မနေစမ်းပါနဲ့၊ လျှာရှည်လေ လွဲလေနဲ့...(မှန်ပါ) မလွဲပေ ဘူးလား...(လွဲပါတယ်ဘုရား)။

အဲဒါတွေ အကုန် ဖျောက်ပါ၊ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ် တောင်းတာကတော့ သူ့ဟာသူ တောင်းနေတာ ဘုန်းကြီးတို့ မဆိုလိုပါဘူး...(မှန်ပါ့ဘုရား) သဘောကျပလား...(ကျပါပြီ ဘုရား)၊

ဒါဖြင့် ခု နင်က စကားနဲ့ပြန်ပြီး သကာလ အဓိပ္ပာယ် ဟပ်ကြည့် ဒကာကြွယ်၊ မဂ်ကို ဘုရားက ပေးသလား... (ဘုရားက ပေးပါတယ်ဘုရား) တောင်းတာက ဘယ်သူ့ဆီ သွားတောင်းသလဲ...(ဘုရားဆီ သွားတောင်း ပါတယ် ဘုရား) ဘုရားကို စမ်းကြည့်လိုက်တော့ ဘယ့်နှယ်တုံး...(ပေးနိုင်ပါတယ် ဘုရား)။

အဲဒါကို သက်သေ သာဓက လုံလောက်အောင် ဘုန်းကြီး နည်းနည်း ပြောပါ့မယ်နော်...(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သူ ဘုရား ဖြစ်လာပြီး တော့ သြော်... လောကကြီးမှာ ကိုးကွယ် အလေးပြုစရာ မရှိရင်တော့ မကောင်းပါဘူးလို့ သူစိတ်ထဲတွေးမိတယ်... (မှန်ပါ့) ကိုးကွယ် အလေးပြုစရာတော့ ရှာဦးမှပဲတဲ့...(မှန်ပါ့) ဘုရား ဖြစ်ပလား၊ မဖြစ်သေးဘူးလား...(ဖြစ်ပြီးပါပြီ ဘုရား) ဘုရားဖြစ်ပြီးမှ ရှာတာ...(မှန်ပါ့)။

http://www.dhammadownload.com



ဒါနဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ လောကကြီးကို အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်**အောင် အကုန်**လုံး ဉာဏ်နဲ့ ရှာတော်မူတယ်... (မှန်ပါ) ငါ့ထက် **သီလ**သာတဲ့ပုဂ္ဂိုလ် ရှိလို့ရှိရင် ငါ ကိုးကွယ်မယ်...(မှန်ပါ)၊ ငါ့ထက် သမာဓိသာတဲ့ ပုဂ္ဂိုလ် ရှိရင်လဲ... (ငါကိုးကွယ်မှာပါဘုရား)...(ငါ့ထက် ပညာသာတဲ့ ပုဂ္ဂိုလ်ရှိရင်လဲ ကိုကွယ်မှာပါ ဘုရား) အလေးပြု ကိုးကွယ် မယ်ဆိုပြီး ရှာလိုက်တာ တစ်ယောက်မှ မတွေ့ဘူး...(မှန်ပါ) ဒကာကြွယ် တွေ့ရဲ့လား... (မတွေ့ပါဘုရား)။

ဒါနဲ့ စိတ်တော်ကြံပြီးတော့ စဉ်းစားတယ်၊ ဩော်... ငါ့ထက် သီလ, သမာဓိ, ပညာသာတဲ့ပုဂ္ဂိုလ် တစ်ယောက်မှ မရှိပါလား၊ ကိုးကွယ်ရာ မရှိပါလား...လို့ ပုဂ္ဂိုလ်ထဲကဖြင့် မရှိပါလားဆိုတော့ တွေးမိတော်မူတယ်...(မှန်ပါ) သဘောပါ ပလား... (ပါ ပါပြီ ဘုရား)။

နောက်တော့မှ တစ်ခါ ပြန်စဉ်းစားပြန်တယ်၊ ဩော်... ငါ... ဘယ့်နှယ်ကြောင့် ဘုရားဖြစ်လာပါလိမ့် မလဲလို့... (မှန်ပါ) ဟာ... ဘုရားတွေ့လို့ ဘုရားဖြစ်လာတာ...(မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်...(ဘုရားတွေ့လို့ ဘုရားဖြစ်တာပါ ဘုရား) ဘုရားတွေ့လို့ ဘုရားဖြစ်တော့ ဘုရားပဲ အလေးပြု ကိုးကွယ်ထားမှပဲ၊ ဒီလို ဆုံးဖြတ်ချက် ချတယ်...(မှန်ပါ) ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါ . . . ဘုန်းကြီးက ခင်ဗျားတို့ တရားပေးမှ ရတယ်ဆိုတာ မယုံမှာ စိုးလို့ ဝတ္ထုထုတ်ပြတာပါ . . .(မှန်ပါ့) ရိပ်မိပလား . . .(ရိပ်မိပါ ဘုရား)။

ဒီတွင်မှ ဝတ္ထုက မဆုံးသေးပါဘူးဒကာကြွယ်ရ၊ *သဟမ္ပတိ ဗြဟ္မာကြီးက ဆင်းလာတယ်၊ အရှင်ဘုရား တွေးလုံးဟာ သိပ်ပြီး တည့်ပါတယ် ဘုရား . . .(မှန်ပါ့) ရှေးက ပွင့်သွားကြတဲ့ အရှင်ဘုရား၏ နောင်တော်တွေဖြစ်တဲ့ ကောဏာဂုဏ်, ကဿပ အစရှိသော မြတ်စွာဘုရားရှင်တို့သည်လဲ တရားပဲ အလေးပြု ကိုးစားသွားကြပါတယ် . . .(မှန်ပါ့ဘုရား)။

တပည့်တော်က ရှေးဘုရားတွေမီတဲ့ ဗြဟ္မာဖြစ်တဲ့အတွက် အရှင်ဘုရား စိတ်ကူးတည့်ပါပေတယ်၊ အရှင်ဘုရားထက် သီလ, သမာဓိ, ပညာသာတဲ့ပုဂ္ဂိုလ် မရှိပါဘူး၊ ဒါကြောင့် ပုဂ္ဂိုလ်အနေဖြင့် အလေးပြုကိုးစားစရာ မရှိဘူး၊ အရှင်ဘုရား ဘုရားဖြစ်လာတဲ့ တရားကို အရှင်ဘုရား အလေးပြု ကိုးစားမယ်ဆိုတာဖြင့် ရှေးဘုရားတွေလဲ ဒီလိုကိုးကွယ်ကြပါတယ်ဆိုတာ သူက ထောက်ခံချက် ပေးလိုက်တယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မဂ်ကိုဘယ်သူပေးမှ ရသတုံး . . .(တရားပေးမှ ရပါတယ်ဘုရား) ဒါဖြင့် ဆုတောင်းရုံလောက် လုပ်မနေကြနဲ့နော် . . . (မှန်ပါ့) ရိပ်မိကြပလား . . .(ရိပ်မိပါပြီဘုရား)။

---

* သဟမ္ပတိဆင်းလာသည်ကို တိုက်ဆိုင်ရန် သံယုတ် ဂါရဝသုတ် စသည်မှာရှိသည်။

http://www.dhammadownload.com



ခင်ဗျားတို့က တော်တော်လျှာရှည်တဲ့ လူတွေ မပေးနိုင်တဲ့ဆီသွားပြီး တောင်းလို့ရှိရင် မခက်ဘူးလား... (ခက်ပါတယ်ဘုရား)။

မပေးနိုင်တဲ့ဆီသွားတောင်းဆိုတာ နတ်ကို ထမင်းဟင်း ပေးပါလို့ တောင်းလို့ရှိရင်ဖြင့် နတ်က နတ်သြဇာစားနေတာ ဟင်းမှမရှိဘဲ...(မှန်ပါ့) ဘယ့်နှယ့်လုပ်ပေးနိုင်မလဲ...(မပေး နိုင်ပါ ဘုရား)။

ဗြဟ္မာဆီသွားပြီး ထမင်းပေးပါ သွားတောင်းလို့ ဗြဟ္မာက ခင်ဗျားတို့သိတဲ့အတိုင်း ပီတိစားနေတာ...(မှန်ပါ့) ပီတိဆိုတဲ့ ဝမ်းမြောက်လုံးကလေးနဲ့ ဗြဟ္မာအသက်ရှင်နေတာ...(မှန်ပါ့) အဲဒါ ထမင်းပေးပါ သွားတောင်းရင် မောင်ဘသော် ရ...မရ (မရပါဘုရား)။

ဒါဖြင့် နတ်ဆီထမင်းသွားတောင်းရင်...(မရပါဘုရား) ရှင်းပြီ...(ရှင်းပါပြီ) ဗြဟ္မာဆီ ထမင်းသွားတောင်းတယ် (မရပါဘုရား) ဘာပြုလို့တုံး၊ မပေးနိုင်လို့ (မှန်ပါ့) ပေးစရာလဲ မရှိဘူး...(မှန်ပါ့) သဘောပါပလား...(ပါ...ပါပြီဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဘုရားရှေ့သွားပြီ မဂ်ဖိုလ်ပေးပါဆိုလို့ မဂ်ဖိုလ်မပေးနိုင်ဘူး၊ မဂ်ဖိုလ်ရစေနိုင်တဲ့နည်းပဲ ပေးလိုက်မယ်... (မှန်ပါ့) သဘောပါပလား...(ပါပါပြီ ဘုရား)။

ဒါဖြင့် ဘယ်သူပေးမှရသတုံး... (တရားပေးမှရပါတယ်) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့ ဘုရားရှေ့သွားတောင်းတဲ့ ပုဂ္ဂိုလ်တွေ တွေ့လို့ရှိရင်ဖြင့် တပည့်တော် သာဝကဆု ဘာဆုတွေဆိုတာ သာဝကဖြစ်ချင်ဖြစ်ပေါ့ဗျ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တော့ မပေးနိုင်တာ အမှန်ပဲ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် လုပ်ယူမှရမယ် (မှန်ပါ) သဘောပါပလား...(ပါ...ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် အခု ဗြဟ္မာကြီးက ထောက်ခံချက် ပေးလိုက်တာလဲ မသေချာဘူးလား...(သေချာပါပြီ) ဒါဖြင့် ခင်ဗျားတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်လိုချင်လို့ရှိရင်ဖြင့် ခန္ဓာထဲက တရားရှုပါ...(မှန်ပါ့ဘုရား)။

မဂ်ဉာဏ်ဖိုလ်ဉာဏ်လိုချင်ရင်...(ခန္ဓာထဲကတရား ရှုရပါမယ်ဘုရား)အဲ...သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးပေါ့ ဗျာ...(မှန်ပါ့) သတိပဋ္ဌာန်လေးပါးဆိုတာ ခန္ဓာထဲက တရား ဆိုတာ...(မှန်ပါ့) ခန္ဓာထဲကတရားဆိုတာ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီလိုဆိုရင် ဒကာကြွယ် မရဘဲ နေမလား ရမလား... (ရပါမယ်ဘုရား) ဒါကြောင့် ခုနင်က နှစ်မျိုးခွဲပြောလိုက်တယ်၊ ဘာမှ မလုပ်တဲ့လူ သွားတောင်းတာကတော့ သူ့ဟာသူ တောင်းချင်တောင်း မတောင်းချင်နေ...(မှန်ပါ့ဘုရား)။

လုပ်တဲ့ပုဂ္ဂိုလ်ကတော့ဖြင့် ဒါအထမြောက်ရပါလို၏ ဆိုပြီး ဒါအထမြောက်ခြင်းကိုသာ ကြိုးစားနေရင်တော့ မတောင်း ရဘူး... (မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဝီရိယပို‌ပေးလိုက် ပညာပိုပေးလိုက် အချိန်ပိုပေးလိုက်... (မှန်ပါ့) မရဘဲရှိပါ့မလား...(ရပါတယ်ဘုရား) သဘော ပါပလား... (ပါပါပြီ ဘုရား)။

ကဲ... ဒကာကြွယ် နေရာကျပလား...(ကျပါပြီ) ခင်ဗျားကော ဒီဆုတောင်းမျိုးတွေ ကျက်ထားသေးသလား (အရင်ကတော့ ကျက်ထားပါတယ်ဘုရား)။

အရင်ကတော့ ကျက်ထားတယ်၊ အခုတော့ ဘယ့်နှယ် ရှိနိုးသတုံး ပြော...ပြောစမ်းပါဦး။

တပည့်တော် အားထုတ်တဲ့တရား အထမြောက်ရပါလို၏ ဆိုရင် ကောင်းတယ်...(မှန်ပါ့) ဝဋ်ဘဝတိုတိုနဲ့ဆိုတော့ ဟိုဝဋ်တွေကလဲ ရှည်သွားဦးမှာကိုးဗျ...(မှန်ပါ့) နည်းတာတွေမှ မဟုတ်ဘဲ...(မနည်းပါဘုရား)။

အဲဒါတွေတိုတယ်ဆိုပေမယ့် ဝဋ်ပေါင်းက ဘယ်လောက် မှန်းလဲ မသိဘူး...(မှန်ပါ့) ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဆိုတာ နဂိုကမှ ဝိုင်းနေတာ...(မှန်ပါ့) ဝိုင်းတာကို အတို ဖြစ်အောင်လဲ မတတ်နိုင်ဘူး...(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အဲဒါတွေတိုတယ်ဆိုပေမဲ့ ဝဋ်ပေါင်းက ဘယ်လောက် မှန်းလဲမသိဘူး... (မှန်ပါ့) ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဆိုတာ နဂိုကမှ ဝိုင်းနေတာ... (မှန်ပါ့) ဝိုင်းတာကို အတို

---

* ဆုတောင်းရုံနဲ့ ကျေနပ်ပြီး အလုပ်–မလုပ်တဲ့ ပုဂ္ဂိုလ် တွေအတွက် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်သည်။

http://www.dhammadownload.com



ဖြစ်အောင်လဲ မတတ်နိုင်ဘူး... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ ဘုရား)။

ဝိုင်းတာ အတိုဖြစ်အောင်... (မတတ်နိုင်ပါဘုရား) ကိလေသာဝဋ်ပြီး ဘာလာသတုန်းမေးရင်... (ကမ္မဝဋ်ပါ) ကမ္မဝဋ်ပြီးရင်ကော... (ဝိပါကဝဋ်ပါဘုရား)

အဲ... ဝိပါကဝဋ်ထဲက ဘာတွေပေါက်ပွားနေသလဲ... (ကိလေသဝဋ်တွေ ပေါက်ပွားပါတယ်) ဟော... ဝိုင်းသွားပြီ ခင်ဗျားတို့... (မှန်ပါ့) ဘယ်မှာ ဝဋ်တိုရမှာတုန်းဗျ၊ လုံးတောင်နေသေးတယ်... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ ဘုရား)။

ဒီအထဲက ဝဋ်ဘဝတိုတိုနဲ့ဆိုတော့ ဒကာကြွယ်ရေ ခင်ဗျားကျက်ထားတဲ့စာ အတော်ခက်နေပါလား...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဆရာကောင်း, သမားကောင်း, နည်းနာကောင်းမတွေ့လို့ရှိရင် စာတိုစာရှည်က ဟာတွေ ဒါကလေးဖြင့် ငါကြိုက်တယ်ဆိုပြီး ကျက်ထားလိုက်တာပဲ...(မှန်ပါ့) ငါကြိုက်တာကလဲ အလွဲချည့်ပဲ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

ဘယ်သူ့မှလဲ မမေး၊ ကိုယ်ကလဲ ဘာမှမပါ၊ ဟုတ်လား... (မှန်ပါ့) အဲဒီလိုဖြစ်နေတော့ ဒကာကြွယ် အားကြီးမခက်ဘူးလား...(ခက်ပါတယ်ဘုရား)။

http://www.dhammadownload.com



စာကလေးကြည့်မယ်ကြံလို့ရှိရင်လဲ ကိုယ့်ခန္ဓာနဲ့ ကိုယ့်ဉာဏ်နဲ့ထည့်ပြီး စဉ်းစားပါဦး၊ မဂ်ဉာဏ်ဆိုတာ ဘယ်သူက ပေးတာပါလိမ့်မတုံးလို့...(မှန်ပါ့) အခုတော့ ဘယ်သူက ပေးသတုံး...(တရားကပေးပါတယ်ဘုရား)။

ဟောဒီ တရားသာရှု၊ ခင်ဗျားတို့ ၂-နံပါတ်အကွက်ထဲက တရားသာရှု (မှန်ပါ့) ခင်ဗျားတို့ ခန္ဓာက ၂-နံပါတ်အကွက်ထဲမှာ၊ ခင်ဗျားတို့ခန္ဓာကိုယ်က တရားချည့်ပဲ...(မှန်ပါ့) ဒိပြင်တခြား ရှိသေးရဲ့လား...(မရှိပါဘုရား)။

အဲဒီတရားတွေကိုသာ ဉာဏ်ကလေးနဲ့ ရှုရှု၊ရှုရှု ပေးနေလို့ ရှိရင် သူကမဂ်ပေးလိမ့်မယ်...(မှန်ပါ့)။

မိမိအားထုတ်တဲ့တရားသည်သာလျှင် မိမိကိုးကွယ်ရာသည် ဆိုတော့ မိမိခန္ဓာကိုယ် မိမိကြည့်ပြီး အားထုတ်တဲ့တရားသည်လျှင် ခင်ဗျားတို့ကိုးကွယ်ရာ...(မှန်ပါ့) မပေါ်သေးဘူးလား... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ကိုးကွယ်ရာဆိုတာ ခင်ဗျားတို့ အားထုတ်တဲ့ တရား ခင်ဗျားတို့ပြန်ပြီး အားကိုးရမယ်...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့၊ အလုပ်စဉ်ကလေးပါ ပေးလိုက်မယ်နော်...(မှန်ပါ့)။

အလုပ်စဉ်ကလေးပါ ပေးလိုက်မယ်တဲ့၊ ဥပမာမယ် စိတ်ကလေးတစ်ခု ဘယ်စိတ်ပေါ်ပေါ် ခင်ဗျားသန္တာန် ပုထုဇဉ် တွေကိုးဗျ၊ ပုထုဇဉ်စိတ်ပဲပေါ်မှာပဲ...(မှန်ပါ့) ပေါ်တဲ့စိတ်ကို မောင်ဘသော်က ဘာလုပ်မလဲ... (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

http://www.dhammadownload.com



အဲ...ဝိညာဏံ အနိစ္စန္တိ ပဿတိ၊ ဝိညာဏံ=အခုပေါ်တဲ့ ပုထုဇဉ်စိတ်ကလေးကို၊အနိစ္စန္တိ=အနိစ္စဟူ၍၊ ပဿတိ=ရှုတယ်... (မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်ဖြစ်တဲ့စိတ်ကလေး ဖြစ်ပျက်ရှုလိုက်တော့ သမ္မာဒိဋ္ဌိမဂ် ဖြစ်သွားတယ်...(ဖြစ်သွားပါတယ်ဘုရား) သမ္မာဒိဋ္ဌိ ဖြစ်သွားကတည်းက သူနဲ့အဖော်လေးခုကလဲ ပါလာတယ်...(ပါလာပါတယ် ဘုရား)။

သဟဇာတအဖြစ်နဲ့ ပါလာတယ်၊ တကွဖြစ်ဖော် ဖြစ်ဖက်ကိုး...(မှန်လှပါဘုရား) မဂ္ဂင်လေးပါး မပါဘူးလား... (ပါလာပါတယ်ဘုရား) ဒါဖြင့် မဂ္ဂင်ပ[illegible] မရဘူးလား... (ရပါတယ် ဘုရား)။

အဲဒီတော့ ရှုရရုံကလေးနဲ့ မင်း .ကျေနပ်မနေနဲ့တဲ့ ဘုရားက၊ ဒါက ယထာဘူတ သမ္မာဒိဋ္ဌိတဲ့...(မှန်ပါ့ဘုရား) တက်လိုက်တဲ့၊ ဒီအနေမနေနဲ့ဆိုပြီး သကာလ တစ်ခါတည်း မောင်ဘသော်တို့ ဒကာကြွယ်တို့က ရှုပေး...(မှန်ပါ့)။

"သမ္မာပဿံနိဗ္ဗိန္ဒတိ"တဲ့၊ အဲဒီလိုဖြစ်ပျက် များများ မြင်လာလို့ ရှိရင် နိဗ္ဗိန္ဒာဉာဏ်ဆိုတာ ပေါ်လိမ့်ဦးမယ်ကွတဲ့... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်ကို သမ္မာဒိဋ္ဌိနဲ့ များများမြင်လာတော့ ဉာဏ်တိုးတက်လာသလား...(နိဗ္ဗိန္ဒာဉာဏ် တိုးတက်လာပါတယ်ဘုရား) သဘောကျပလား...(ကျပါပြီဘုရား) နိဗ္ဗိန္ဒာဉာဏ် တက်လာလိမ့်မယ်ကွတဲ့...(မှန်ပါ့)။

http://www.dhammadownload.com



သမ္မာ=ကောင်းစွာ၊ ပဿံ=ရှုသည်ရှိသော်၊ နိဗ္ဗိန္ဒတိ= ငြီးငွေ့လာလိမ့်မယ်တဲ့...(မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါပြီ ဘုရား)။

ဘယ်နှဉာဏ် •ရသွားပလဲ...(နှစ်ဉာဏ်ပါဘုရား) နှစ်ဉာဏ်ရသွားပြီ၊ ခနင်က သမ္မာဒိဋ္ဌိပေါ်လာကတည်းက ယထာဘူတဉာဏ်တော့ ရတယ်...(မှန်ပါ့) အခုတော့ နိဗ္ဗိန္ဒဉာဏ် တက်တယ်...(မှန်ပါ့)။

ကဲ...နိဗ္ဗိန္ဒဉာဏ်တွင် မင်းလဲရပ်မနေနဲ့၊ ဘုရားက တစ်ခါဟောပြန်တယ်...(မှန်ပါ့) နိဗ္ဗိန္ဒဉာဏ်တွင် ရပ်မနေနဲ့၊ သမ္မာပဿံနိဗ္ဗိန္ဒတိတွင် ရပ်မနေနဲ့ဦး၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိတဲ့၊ မလိုကျင်အောင် ရှုပစ်လိုက်တဲ့...(မှန်ပါ့) ဖြစ်ပျက်ကို ဘာတဲ့...(မလိုချင်အောင် ရှုပစ်ရပါမယ်ဘုရား)။

နိဗ္ဗိန္ဒံ=ငြီးငွေ့သည်ရှိသော်၊ ဝိရဇ္ဇတိ=တဏှာနဲ့ မငြိအောင်ရှုပစ် (ဝါ) မလိုချင်အောင် ရှုပစ်လိုက်...(မှန်ပါ့ ဘုရား)။

မလိုချင်အောင် ရှုပစ်လိုက်တယ်ဆိုတော့ ဖြစ်ပျက်ခန္ဓာကြီး ဒကာဒကာမတွေ အခုပြောတဲ့ ၂-နံပါတ်မှာရှိတဲ့ ဒီငါးခုစလုံး အကုန်ပျောက်တယ် (မှန်ပါ့ဘုရား) ငါးခုစလုံး အကုန်ပျောက်တော့ ဘာသစ္စာ ပျောက်သွားသတုံး...(ဒုက္ခသစ္စာ ပျောက်သွားပါတယ် ဘုရား) ဒကာကြွယ် ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒါတွေ အခုရှုလိုက်သဖြင့် ငါးခုစလုံး ပျောက်သွားတော့ ဘာသစ္စာပျောက်သွားသတုံး...(ဒုက္ခသစ္စာတွေ ပျောက်သွားပါ တယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် လုပ်လိုက်တဲ့ ဒုက္ခနိရောဓာ နိဗ္ဗာန်... (မှန်ပါ့) ဒုက္ခတွေ ချုပ်သွားတော့...(နိဗ္ဗာန်ပါ ဘုရား)။

ကဲ ...ဒါဖြင့် သူပျောက်သွားရင် နိဗ္ဗာန်ပေါ်တာပဲ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ နိဗ္ဗိန္ဒတော=ငြီးငွေ့ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ=မဂ်ဉာဏ်ပေါ်လာ၏ တဲ့...(မှန်ပါ့) မဂ်ဉာဏ်ပေါ်လာလို့ ရှိရင် ဟောဒီ ၂နံပါတ်ထဲက ခန္ဓာငါးပါးကို ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဖွဲ့တော့ ငါးပါးဒကာကြွယ် ဒါ... ပေါ်လာသေးရဲ့လား...(မပေါ်လာပါ ဘုရား)။

ဒါ...ချုပ်သွားတော့ ဒီမှာ စာကလေးဆွဲလိုက် ဒုက္ခနိရောဓော...(နိဗ္ဗာန်ပါဘုရား) ဟော...ဒုက္ခချုပ်ရင် နိဗ္ဗာန်ပဲ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)၊

ဒုက္ခချုပ်တယ်ဆိုတာ ချုပ်မှာပဲ...တဲ့၊ ဒီက ကူးတဲ့ တဏှာကော ကူးသေးရဲ့လား (မကူးပါဘုရား) ၃–နံပါတ် အဆက်လဲ ပြတ်သွားပြီ...(မှန်ပါ့) မပြတ်ဘူးလား... (ပြတ်ပါတယ်ဘုရား) ၃နံပါတ်အဆက် ပြတ်တာက မဂ်ကဖြတ်တာ...(မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီဘုရား) မဂ်ကဖြတ်လဲဖြတ်တယ်၊ ဒုက္ခကိုလဲ ချုပ်စေ တယ်... (မှန်ပါ့)။

မဂ်သည်...(ဖြတ်လဲဖြတ်တယ် ဒုက္ခကိုလဲ ချုပ်စေပါ တယ်ဘုရား) ကိလေသာကိုလဲ ဖြတ်တယ်၊ နိဗ္ဗာန်ကိုလဲ အာရုံပြုတယ်...(မှန်ပါ့)။

http://www.dhammadownload.com



ဒါကြောင့် ဒုက္ခချုပ်သွားတာ၊ သူ ပိုင်းခြားလို့ ချုပ်သွားတာ (မှန်ပါ့) သဘောပါပလား...(ပါပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဉာဏ်သုံးဉာဏ်နဲ့ တက်ပစ်လိုက် (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

အနိစ္စန္တိ ပဿတိ သာယံ ဟောတိ သမ္မာဒိဋ္ဌိ...သမ္မာဒိဋ္ဌိ ဖြစ်အောင်အရင်လုပ်ပစ်လိုက်... (မှန်ပါ့) ဝိပဿနာဖြစ်အောင် အရင်လုပ်ပစ်လိုက်...(မှန်ပါ့) အဲဒါ ယထာဘူတဉာဏ် ခေါ်လိုက်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား) ဖြစ်ပျက်မြင်ရင် ဘာဉာဏ်...(ယထာဘူတဉာဏ်ပါ ဘုရား)။

ကဲ...တစ်ခါတက်လိုက် သမ္မာပဿ နိဗ္ဗိန္ဒတိ၊ ခုနင်က ကောင်းစွာမြင်ပြီးရင် ငြီးငွေ့လာအောင် လုပ်စမ်း (မှန်ပါ့ဘုရား) ဘာပြန်တက်လာသလဲ...(နိဗ္ဗိန္ဒဉာဏ် တက်လာပါတယ် ဘုရား) ဒီဖြစ်ပျက် တစ်ခါထပ်ဖုန်းတာလဲ... (မှန်ပါ့) နိဗ္ဗိန္ဒန္တော ဝိရဇ္ဇတိဆိုရင် ဒုက္ခသစ္စာ ပျောက်ပြီ၊ နိရောဓသစ္စာ ပေါ်လာပြီ... (မှန်ပါ့) ရှင်းပလား ဒကာကြွယ်... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ၂ ကွက်ထဲမှာ အားထုတ်ဖို့ ၂ ကွက်ထဲမှာပဲ သူ သောတာပန်တည်တယ်...(မှန်ပါ့) သကဒါဂါမ်... (တည်ပါတယ်ဘုရား) ဆက်လုပ် အနာဂါမ် ရဟန္တာ ၂ထဲမှာ ဖြစ်တယ်...(မှန်ပါ့) ဒီဘက် ၃–ကူးသေးရဲ့လား...(မကူးပါ ဘုရား)။

၄–ဖြစ်စရာ ရှိသေးရဲ့လား...(မရှိပါဘုရား) ဒါဖြင့် ဟောဒီဘက်က သမုဒယသစ္စာလဲ ပျောက်တယ်...(မှန်ပါ့)။

http://www.dhammadownload.com



၃-နံပါတ်သမုဒယသစ္စာလဲ (ပျောက်သွားပါတယ်ဘုရား) ၄-နံပါတ် ဒုက္ခသစ္စာ...(ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် သမုဒယဒုက္ခ ချုပ်တယ်ဆိုတာ သေချာပြီ (သေချာပါပြီဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု

http://www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မင်္ဂလာတိုက်ကျောင်း၌ ဟောကြားတော်မူအပ်သော
မှားသောအကျန်နှင့် မှန်သောအကျင့် ကျင့်ကြံသူများ
လက်တွေ့ဝိပဿနာ

# နေ့အလုပ်ပေး တရားတော်

(၁၃၂၁-ခု၊ ဒုတိယ ဝါဆိုလဆန်း ၈-ရက်)

ခန္ဓာကိုယ်ကြီး၏ ဖြစ်စဉ်ကိုသိမှ ခန္ဓာကိုယ်ထဲမှာ အဖြစ်အပျက်ကိုဖမ်းဖို့ရာ၌ အခုလို ပါးစပ်ပြောနဲ့ ပြောပြီး သကာလ နေတာတွေလဲ မှတ်မိကြပါတယ်၊ သို့သော်... ဘယ်နေရာကနေပြီး သကာလ ပျောက်တယ်၊ ဘယ်နေရာက ဖြစ်တယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မသိရသေးတဲ့အတွက် အခုတော့ လက်တွေ့ဝိပဿနာကိုပဲ ဒကာဒကာမတွေကို သနားသောအားဖြင့် ပြပေးမယ်လို့ စိတ်ထဲမှာ ပေါ်ပေါက်လာတယ်...(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ လက်တွေ့ဝိပဿနာကိုပဲ ဒီအချိန် ကြိုးစားပါဆိုတာကို မေတ္တာရပ်တယ်...(မှန်ပါ့)။

ဒီဟာကို မမှတ်မိတော့ပါဘူး၊ လက်တွေ့ဝိပဿနာကိုဖြင့် မကြိုးစားတော့ပါဘူးဆိုရင် ရမ်းရှ...မှန်းရှ ဖြစ်နေမှာ စိုးရတယ်...(မှန်ပါ့)။

http://www.dhammadownload.com



အဲဒီကဲ့သို့ ရမ်းရှ . . .မှန်းရှ ဖြစ်နေမှာစိုးတဲ့အတွက် ဒကာ ဒကာမတွေက ခန္ဓာကိုယ်ကြီးဟာ ဘာပါလိမ့်မလဲလို့ မေးလို့ရှိရင် ပဋိစ္စသမုပ္ပာဒ် တရားကြီးပဲလို့ မှတ်ပါ . . .(မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးဟာ ဘာပါလိမ့် . . .(ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား) ပဋိစ္စသမုပ္ပာဒ် တရားကြီးလို့ အားလုံးမှတ်ကြစမ်းပါ . . . (မှန်ပါ့ဘုရား)။

၎င်းခန္ဓာကိုယ်ကြီးအဆုံးဟာ ဘယ်တော့မှ ဆုံးမှာတုံးလို့ မေးလို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပာဒ်ဆုံးမှ ဆုံးမှာပဲ . . .(မှန်ပါ့ဘုရား)။

ဒါကြောင့် ခန္ဓာကိုယ်ကြီးသည်ကား . . .လို့ ဆိုရင် ပဋိစ္စသမုပ္ပာဒ် အစဉ်အတိုင်းဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးလို့ မှတ်လိုက်စမ်းပါ . . .(မှန်ပါ့) နိဗ္ဗာန်ဆိုတာ ပဋိစ္စသမုပ္ပာဒ် အကုန်ပျောက်တာကိုဆိုသည် . . .(မှန်ပါ့)။

ပဋိစ္စသမုပ္ပာဒ် ဆက်နေတာဟာ ခန္ဓာကိုယ်ကြီး၊ ပဋိစ္စ သမုပ္ပာဒ် ပျောက်သွားတာ နိဗ္ဗာန် . . .(မှန်ပါ့) ဒါကြောင့် ပဋိစ္စ သမုပ္ပာဒ်ကိုပဲ သေသေချာချာ ပြပါမယ် . . .(မှန်ပါ့)။

ကောင်းပြီ . . .ဒါဖြင့် ဒကာဒကာမတို့ ပဋိစ္စသမုပ္ပာဒ်ကို ပြတော့မယ်ဆိုတော့ ဘုရားက ဘယ်အကြောင်းကြောင့် ပြခိုင်း တယ်ဆိုတာကလေး အကြောင်းဖော်ပြပါဦးမယ် . . . (မှန်ပါ့ ဘုရား)။

ဘုရားက ဘယ်အကြောင်းကြောင့်တုံး . . .ဆိုလို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပာဒ်အတိုင်း သွားလာနေကြတဲ့ ဒကာဒကာမတွေဟာ မိစ္ဆာပဋိပဒါ မှားသောအကျင့်ကို ကျင့်နေတာဟော့ . . .တဲ့။ ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်အောင်လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ သမ္မာပဋိပဒါ။ အမှန်အတိုင်းကျင့်နေတဲ့ ပုဂ္ဂိုလ်တဲ့ . . .(မှန်ပါ့)*။

* ပဋိပဒါသုတ်-နိဒါနဝဂ္ဂသံယုတ်

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ပဋိစ္စသမုပ္ပာဒ်အတိုင်း သွားလာနေကြတဲ့ ဒကာဒကာမတွေဟာဖြင့် မှားသောအကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေလို့ မှတ်လိုက်ပါတော့...(မှန်ပါ့)။

ပဋိစ္စသမုပ္ပာဒ်သွားတဲ့အတိုင်း သွားနေကြရင် ဘာဆိုကြပါမယ်...(မှားသောအကျင့် ကျင့်နေကြပါတယ်ဘုရား) မှားသောအကျင့်ကို ကျင့်နေကြတယ်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့) ပဋိစ္စသမုပ္ပာဒ်ကြီးဟာဖြင့် ရှိနေတာပဲ၊ သို့သော်...တပည့်တော်တို့ ဒီဟာကို ဖြတ်နေပါတယ်ဆိုရင် မှန်သောအကျင့် ကျင့်နေတဲ့ ပုဂ္ဂိုလ်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပာဒ်အတိုင်း သွားနေကြရင် မှားသောအကျင့်ကို ကျင့်နေတဲ့ပုဂ္ဂိုလ်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့) ပဋိစ္စသမုပ္ပာဒ် ဖြတ်နေတဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိရင် မှန်သောအကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်လို့ မှတ်လိုက်စမ်းပါ၊ တိုတိုမှတ်ချင်တော့ သံသရာဆက်နေတာသည် ပဋိစ္စသမုပ္ပာဒ်အတိုင်း သွားနေတဲ့ပုဂ္ဂိုလ်... (မှန်ပါ့ဘုရား)။

သံသရာဖြတ်တဲ့ ဝိပဿနာအလုပ်...လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဒကာဒကာမတို့ နိဗ္ဗာန်ရောက်တဲ့အကျင့်ကို ကျင့်နေတာပဲ၊ ဒါကြောင့်...မှန်သောအကျင့်လို့ ဆိုထိုက်ပါတယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ...ဒီ ပဋိစ္စသမုပ္ပာဒ်ကို နေ့တိုင်းပြပြီး သကာလ...ဒကာဒကာမတွေ ရှင်းသည့်ထက်

http://www.dhammadownload.com



ရှင်းသွားအောင် ဩော် . . . တို့လုပ်နေလဲ **ကျေးရူးဟာ တကယ်** ခရီးပေါက်လို့ရောက်လို့ပါလား ဆိုတာလဲ **ကိုယ်ပိုင် ဉာဏ်နဲ့** ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်တဲ့အခြေအနေရောက်အောင် ကျေးဇူးများမှာ ဖြစ်လေသောကြောင့် အိမ်မှာနေလို့ရှိရင် ပဋိစ္စသမုပ္ပာဒ် ဆက်နေတယ်လို့ မှတ်လိုက် စမ်းပါ . . .(မှန်ပါ့) ဒါ မှားသောအကျင့်ပဲ . . . (မှန်ပါ့)။

အိမ်မှာနေရင် ဘာလုပ်နေကြပါလိမ့် . . .(မှားသောအကျင့်ကို ကျင့်နေပါတယ်ဘုရား) ပဋိစ္စသမုပ္ပာဒ် ဆက်နေသောကြောင့် ဘယ့်နှယ်ဆိုကြပါမယ် . . .(မှားသောအကျင့်ပါ ဘုရား)။

အခုလို ဝိပဿနာ အလုပ် . . .လုပ်နေတဲ့ ပုဂ္ဂိုလ်ကျတော့ ပဋိစ္စသမုပ္ပာဒ် ပြတ်နေသော**ကြောင့် ဘာ**အကျင့်လို့ ဆိုကြမယ် . . . (မှန်သောအကျင့်ပါဘုရား)။

ဒါဖြင့် မှန်သောအကျင့် ကျင့်မှသာလျှင် သစ္စာဆိုက်၏၊ မှားသောအကျင့်ဆိုလို့ရှိရင် အဝိဇ္ဇာနယ်ပယ်မှာ နေရလိမ့်မယ်လို့ မှတ်လိုက်စမ်းပါ . . .(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကျုပ်မအားလို့ ဘုန်းကြီးတရားကို ပဋိစ္စသမုပ္ပာဒ် တရားတော်ကြီးကို မနာရဘူး ဆိုလို့ရှိရင် မှားသောအကျင့်ကို ကျင့်နေသကိုး . . .လို့ မှတ်လိုက် စမ်းပါ . . .(မှန်ပါ့)။

မအားလို့ မလာနိုင်တဲ့ပုဂ္ဂိုလ် ဘယ်လိုဆုံးဖြတ်ချက် ချမှါမယ် . . . (မှားသောအကျင့် ကျင့်နေလို့ပါဘုရား)။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်တရားကို လာနာပြီးသကာလ သြော်... ဒီလိုဖြတ်နေရပါကလား...လို့ သိသောပုဂ္ဂိုလ်များသည် မှန်သော အကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်များလို့ ဆုံးဖြတ်ချက်ချ...(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

မအားလို့ မလပ်လို့ ဆရာသမားဆီ မရောက်နိုင်ကြဘူး၊ မလာနိုင်ကြဘူးဆိုရင်ဖြင့် ဘာအကျင့် ကျင့်နေသတုံး... (မှားသောအကျင့်ကို ကျင့်နေပါတယ်ဘုရား)။

သြော်...ဟုတ်ပါပြီ၊ မိစ္ဆာပဋိပဒါ...လို့ ဘုရားက ဟောလိုက်တယ်၊ နိဒါန ဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဒီအတိုင်း ဟောထားတယ်...(မှန်ပါ့)။

အခုလို တရားနာပြီးသကာလ တရားနာရင်းနဲ့ ဉာဏ်နဲ့ ဖြတ်၊ အိမ်ရောက်တဲ့အခါကျလို့ရှိရင်လဲ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဉာဏ်နဲ့ဖြတ်နေလို့ရှိရင် မှန်သောအကျင့်ကို ကျင့်နေသောကြောင့် ဒကာဒကာမတွေ ဒုက္ခသိမ်း၍ ငြိမ်းပါလိမ့်မယ်...(မှန်ပါ့ဘုရား)။

မအားလို့ မလပ်လို့ မလာနိုင်ဘူး၊ မသွားနိုင်ဘူးဆိုရင်ဖြင့် ဘာမှ စွဲချက်မတင်နဲ့၊ သူတို့ကို ဒကာသစ်တို့ ဦးလှဘူးတို့က မှားသောအကျင့်ကို ကျင့်နေလို့...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

မအားလို့ မလာနိုင်တဲ့လူ ဘာအကျင့်ကို ကျင့်နေသတုံး... (မှားသောအကျင့်ကို ကျင့်နေပါတယ်ဘုရား)။

အားလို့ လာနိုင်ကြပြန်တော့လဲ ဘယ့်နှယ်ဆိုကြမယ်...(မှန်သောအကျင့်ကို ကျင့်နေပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့်...ခင်ဗျားတို့က မအားလို့မလပ်လို့ဆိုပြီး ဆင်ခြေများလဲမယ် စိတ်ကူးလို့ရှိရင်ဖြင့် ဩော်...တို့ မှားသောအကျင့် ကျင့်နေလို့ အောက် သံသရာလမ်းအကျင့်ကို ကျင့်နေတာပဲလို့ ကိုယ့်ကိုယ်ကို စွဲချက်တင်လိုက်ပါ၊ မှန်လွန်း လို့ကို ဟောနေတယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ဝိပဿီ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက တွေးတယ်၊ ဘုရားမဖြစ်မီ...ရှေ့အဖို့ ကာလကတွေးလိုက်တယ်၊ ဘယ်လိုများ တွေးပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် ဩော်...ဇရာ, မရဏ ဆိုတဲ့ အိုမှုသေမှုဟာ သတ္တဝါတိုင်းနဲ့ ဆက်ဆံနေတယ်...(မှန်ပါ့)။

ဇရာ, မရဏ...ဆိုတဲ့ အိုမှု သေမှုဟာ ဘာတဲ့တုံး (လူတိုင်းနဲ့ ဆက်ဆံနေပါတယ်ဘုရား)။

အေး...ဒါကြောင့် ဒီဘက်ကနှစ်ခုဟာ ဒကာဒကာမတွေ မှတ်ထားပါ၊ ရာဇ မရဏနော်...(မှန်ပါ့) ဒီဇရာ မရဏသည် ဒကာဒကာမတွေ စဉ်းစားပါ၊ ဩော်...သူ့သန္တာန်မှာ ဇရာရှိ လျက်ပဲ၊ အိုမှုရှိလျက်ပဲ... (ရှိပါတယ်ဘုရား)။

ငါ့သန္တာန်မှာကော...(အိုမှုရှိပါတယ်ဘုရား) အိုမှုရှိလျက် သေမှုရှိလျက်ပဲ၊ သေစရာတရားတွေ အပြည့်အစုံမရှိဘူးလား... (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့...ပုဂ္ဂိုလ်တိုင်းမှာ ရှိပြီး သကာလ နေကြတယ်၊ ပုဂ္ဂိုလ်တိုင်းမှာ ရှိပြီးသကာလနေတော့ အိုမှုရှိရင် သေမှုရှိပြန်တယ်၊ သေမှုရှိပြီး သကာလ...ဒီအထဲ အိုသေနဲ့ပဲ

http://www.dhammadownload.com



ဒီဘဝမှာ ဓာတ်သိမ်းသွားပြန်တော့ နောက်တစ်ခါ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ဖြစ်လာပြန်တော့ အိုမှုသေမှုပဲ ပါလာပြန်တယ်... (မှန်လှပါ)။

နောက်တစ်ခါ ပဋိသန္ဓေနေပြန်တော့လဲ ဘာပါလာ သလဲ... (အိုမှုသေမှု ပါလာပါတယ်ဘုရား) တစ်ဘဝမှာလဲ အိုမှုသေမှုနဲ့ပဲ အဖော်လုပ်ရ၊ နောက်ဘဝမှာကော... (အိုမှုသေမှုနဲ့ပဲ အဖော်လုပ်ပါတယ်ဘုရား)။

တယ် ပင်ပန်းပါလား...ဒကာဒကာမတို့ ဖြစ်စဉ်ကဖြင့် တစ်ဘဝမှ အိုမှု, နာမှု, သေမှုနဲ့ မကင်းခဲ့ဘူး...(မကင်းပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

အိုမှု, သေမှုနဲ့ မကင်းခဲ့ဘူး၊ အဲဒါ ဝိပဿီမြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး ဘုရားမဖြစ်မီက သတ္တဝါတွေ အိုလိုက် သေလိုက် ဖြစ်လိုက် ဖြစ်ပြီးသကာလ အိုလိုက် သေလိုက် ဩော်...သူတို့ဖြစ်စဉ်ကဖြင့် ပင်ပန်းလိုက်တဲ့ ဖြစ်ခြင်း မပြော ပါနဲ့တော့၊ အိုမှု သေမှု ဘယ်ကလာတယ်ဆိုတာလဲ မတွေးမိတော့ လာရာကိုလဲ လက်စသိမ်းနိုင်တဲ့ ဉာဏ်က မပေါ်တော့ပါဘူး... (မှန်ပါ)။

အိုမှု သေမှုဟာ ဘယ်ကလာမှန်းလဲ မသိပြန်၊ လာရာဖြစ်တဲ့ တရားမသိတော့ ဒကာဒကာမတို့...လက်စသိမ်းဖို့ရာလဲ အကော်ခဲယဉ်းတယ်...(ခဲယဉ်းပါတယ်ဘုရား) မခဲယဉ်းပေ ဘူးလား...(ခဲယဉ်းပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီကဲ့သို့ ခဲယဉ်းပြီးသကာလ နေတော့ ဒကာဒကာမတို့ လက်စလဲ မသိမ်းနိုင်၊ ဒီဟာကြီးနဲ့လဲ အဖော်လုပ်**နေရတယ်** ဆိုတော့ ကျုပ်တို့ဖြစ်စဉ်ဖြင့် ကောင်းကွက်ကို **တစ်ကွက်မှမပါ** ဘူးလို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ...(မှန်ပါ)။

ကောင်းကွက်တစ်ကွက်ကိုမှ မပါဘူး ဒကာ**ဒကာမတို့**... (မှန်ပါ့) နေ့တိုင်းအဖော်လုပ်နေရတာက ဘာနဲ့ပါလိမ့်...(အိုမှု သေမှုနဲ့ပါဘုရား)။

အိုကလဲ နေ့တိုင်းရှိနေတော့ သေမှုကလဲ သေခါနီးဘက် ပြေးနေတာ တားမရ၊ **ဆီး**မရ၊ ပိတ်မရ၊ ပင်မရဆို အဓိပ္ပာယ်က သေသေချာချာ တွေးကြည့်ပြီးသကာလ နေသောကြောင့် အမြင်ကျယ်ကျယ်နဲ့ အရှည်တွေးတတ်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် ဩော်...ဒီဘဝမှာ အိုမှုသေမှုနဲ့ အဖော်လုပ်ပြီး နေရပြန်တယ်။

အိုပြီး သေပြန်၊ သေပြီးအထည်ဖြစ်၊ အထည်ဖြစ်ပြီး အိုမှုသေမှုနဲ့ အဖော်လုပ်၊ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်ဘဝများမှ သူ့ကိုလွတ်ပါ့မလဲဆိုတာ ဝိပဿီ မြတ်စွာဘုရား ဘုရားအလောင်း ဖြစ်တုန်းက အင်မတန် ပင်ပန်းဆင်းရဲရှာတယ်၊ တွေးရတာ တွေးရတာ...(မှန်ပါ့)။

ဒကာဒကာမတို့ တွေးရတာ **အင်မတန်** ပင်ပန်းဆင်းရဲ ရှာတယ်...(မှန်ပါ့)။

**နို့...ကိုယ်ကိုယ်**တိုင်၊ တွေးကြည့်ပြန်**တော့လဲ** ဒကာ **ဒကာမတွေပဲ** စဉ်းစားပါတော့၊ ဒီဘဝက ဘယ်သူနဲ့ အမြဲအဖော်လုပ်နေရပါလိမ့်...(အိုမှုသေမှုနဲ့ အဖော်လုပ်ရပါတယ်

http://www.dhammadownload.com



ဘုရား) အိုမှုသေမှုနဲ့ အဖော်လုပ်ပြီး သကာလ နေရတယ်ဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် အိုမှုသေမှုနဲ့ အဖော်လုပ်ပြီး သေပွဲနွှဲကြပါပြီ ဆိုပြန်တော့ နောက်တစ်ခါ ခန္ဓာဖြစ်ပြန်တော့ ဘယ်သူနဲ့ အဖော်လုပ်ရသလဲ...(အိုမှုသေမှုနဲ့ အဖော်လုပ်ရပါတယ်ဘုရား)။

နို့ ဘယ်အခါကာလဌ် အိုမှုသေမှုနဲ့ကင်းခဲ့ရတယ်လို့ကော ရှိပါရဲ့လား...(မရှိပါဘုရား)။

ဒါ့ကြောင့် သူ့အကြောင်းကို မရှာသရွေ့ ကာလပတ်လုံးဖြင့် ဒကာဒကာမတို့ ဘယ်နည်းနဲ့မှ အိုမှုသေမှု ဇာတ်ကွဲကြတော့မယ် မဟုတ်ဘူး မပျက်တော့ပါဘူး...(မှန်ပါ့) ဒါဖြင့် သူ့အကြောင်း ရှာကြပါစို့...(မှန်ပါ့)။

ဒကာဒကာမတို့ ဘယ်သူ့အကြောင်း ရှာရမှာပါလိမ့်... (အိုမှုသေမှုအကြောင်းကို ရှာရမှာပါဘုရား) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့...အိုမှု သေမှုအကြောင်းသည် ဘယ်ကလာပါလိမ့်မလဲ...လို့၊ အိုသေတွေက ဘယ်ကလာပါလိမ့် မလဲလို့၊ အိုသေတွေက ဘယ်ကလာပါလိမ့်မလဲလို့ မေးခွန်းထုတ်ဖို့ မလိုလား...(လိုပါတယ်ဘုရား)။

ထိုကဲ့သို့ လိုသည်ဖြစ်လေသောကြောင့် အိုမှု သေမှု သည်ကား...လို့ ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ပဋိသန္ဓေနေမှုက လာတာပဲ... (မှန်ပါ့)။

http://www.dhammadownload.com



ဒီဘက်က ပဋိသန္ဓေနေမှုလို့ မှတ်ပါ၊ ဒီဘက်က သေမှုလို့ မှတ်ပါ . . .(မှန်ပါ့) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

ဒီဘက်ကနှစ်ခုဟာ ဘာပါလိမ့် . . .(အိုမှု, သေမှုပါဘုရား) ဒီဘက်တစ်ခုက ဘာပါလိမ့် (ပဋိသန္ဓေနေမှုပါဘုရား) စာလို သုံးတော့ သူက ဇာတိ၊ သူက ဇရာ မရဏ . . .(မှန်ပါ့) သဘော ကျပလား . . .(ကျပါပြီဘုရား)။

ဇရာ မရဏ၏ အကြောင်းကို ရှာလိုက်လို့ရှိရင် ဒကာ ဒကာမတို့ ဇရာ မရဏဟာ အလိုလို ပေါ်တာလား၊ ပဋိသန္ဓေ နေမှုရှိလို့ ပေါ်တာလား . . .(ပဋိသန္ဓေနေမှုရှိလို့ ပေါ်လာတာပါ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ပဋိသန္ဓေနေမှုက အကြောင်း၊ ဇရာ မရဏက . . .(အကျိုးပါဘုရား) ရှင်းကြပလား . . .(ရှင်းပါပြီ ဘုရား)။

သေသေချာချာကြည့်ပါ ဒကာဒကာမတို့၊ မကြည့်ရင် မဖြစ်ဘူးဆိုတဲ့ အခိပ္ပာယ် သေသေချာချာမှတ်ပါ၊ ဒီတရားက ငုံ့ပြီးနာရမယ့်တရား မဟုတ်ဘူး၊ မော့ပြီးနာရမယ့် တရားလို့ မှတ်ပါ . . .(မှန်ပါ့)။

ဘယ်လို နာရမယ့်တရားလဲ . . .(မော့ပြီးနာရမယ့် တရားပါ ဘုရား) မော့ပြီးနာမှသာလျှင် ခင်ဗျားတို့၏ ခန္ဓာဖြစ်စဉ် သိမယ် . . .(မှန်ပါ့)။

ငုံ့နာလို့ရှိရင်ဖြင့် အသံသာကြားပြီး သကာလ . . .ကြည့်စရာ အထည်တွေ့မယ် မဟုတ်ဘူး . . .(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

http://www.dhammadownload.com



**အဲ**ဒါကြောင့် ဘုန်းကြီး ဒကာဒကာမတွေ ဒီနေ့ပိုင်းမှာ ပြနေတာ နာရီလဲမများပါဘူး၊ တစ်နာရီပဲ ပြနိုင်တယ်...(မှန်ပါ့ဘုရား)။

တစ်နာရီပြတဲ့အခါ ကိုယ့်ခန္ဓာ၏ ဖြစ်စဉ်ကြီးကို ကွက်ကွက်ကွင်းကွင်း ဖြစ်လိမ့်မယ်လို့ မှတ်လိုက်စမ်းပါ...(မှန်လှပါ)။

ကိုင်း...ဒီဘက်က ဘာပါလိမ့် ဒကာဒကာမတို့...(ဇရာ မရဏပါဘုရား) ဇရာ မရဏဆိုတာ ထင်ရှားပြီပေါ့...(မှန်ပါ့ဘုရား)။

ဇရာ မရဏ**သည်ကား**...လို့ ဆိုလို့ရှိရင်ဖြင့် အလိုလိုပေါ်တာလား၊ အကြောင်းရှိလို့ ပေါ်တာလား...(အကြောင်းရှိလို့ ပေါ်တာပါဘုရား) သူ့အကြောင်းက ဘာပါလိမ့် ဒကာဒကာမတို့...(ဇာတိပါဘုရား)။

ဝိပဿီမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားအံလောင်း ဖြစ်စဉ်က ဇရာ မရဏ၏ အကြောင်းကို ရှာလိုက်တဲ့ အခါကျတော့ သြော်...ဇာတိဆိုတဲ့ ပဋိသန္ဓေနေမှုရှိလို့ အိုသေဆိုတဲ့ ဇရာ မရဏက လာတာကိုး...လို့ တွေးမိတယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဇာတိက အကြောင်းဆိုတဲ့ **သမုဒယသစ္စာ**၊ ဇရာ မရဏက အကျိုးဆိုတဲ့ ဒုက္ခသစ္စာ... (မှန်ပါ့ဘုရား)၊

ဇာတိက...(အကြောင်း သမုဒယသစ္စာပါ ဘုရား) ဇရာ မရဏက...(အကျိုး ဒုက္ခသစ္စာပါဘုရား) အကျိုး ဒုက္ခသစ္စာလို့

http://www.dhammadownload.com



**မှတ်လိုက်ကြ**စမ်းပါ ဒကာဒကာမတို့၊ ဒါဟာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဒီအတိုင်းပါပဲ. . . (မှန်ပါ)။

ဇာတိက ဘာတဲ့ (အကြောင်း သမုဒယသစ္စာပါဘုရား) **ဇရာ**မရဏ. . .(အကျိုး ဒုက္ခသစ္စာပါဘုရား) **အကြောင်းသမုဒယ မချုပ်သရွေ့** ဒကာဒကာမတို့ အကျိုးဒုက္ခဟာ **ရှောင်လို့ကွင်းလို့မှ** လွတ်ကင်းစရာ ရှိရဲ့လား. . .(မရှိပါဘုရား)။

ဒါဖြင့် ဒီဇာတိဆိုတာ ပုဂ္ဂိုလ်သတ္တဝါတို့၏ အစပဲ. . . **(မှန်ပါဘုရား)** လူဖြစ်ချင်လဲ **ဇာတိကစ**တယ်. . .(မှန်ပါ) **နတ်ဖြစ်ချင်**ကော. . .(ဇာတိက စပါတယ်ဘုရား) ဗြဟ္မာ **ဖြစ်ချင်ကော** (ဇာတိက စပါတယ်ဘုရား)၊

ဒါဖြင့် ဘယ်သတ္တဝါမဆို အစ, ဘယ်ကတုံး **ဆိုတဲ့** လက်သည်မပေါ်သေးဘူးလား. . .(ပေါ်ပါပြီဘုရား) ဘယ်**သူ**ပါလိမ့်ဗျာ. . .(ဇာတိပါဘု**ရား)**။

ဒါဖြင့် ဒကာဒ**ကာမ**တို့၊ ဒကာဒကာမတို့ မှတ်စရာ **သည်ကား**. . .လို့ဆိုရင်ဖြင့် ဩော်. . .တို့သည်ကား. . .လို့ ဆိုရင် လူဖြစ်ရပါလို၏ ဆိုရင်လဲ ဒီဇာတိကစ,မယ်. . .(မှန်ပါ)။

နတ်ဖြတ်ရပါလို၏ ဆိုရင်ကော (ဇာတိက စ, ပါမယ် ဘုရား) ဗြဟ္မာဖြစ်ရပါလို၏ဆိုရင်. . .(ဇာတိက စ, ပါမယ် ဘုရား)။

ဩော်. . .ခင်ဗျားတို့ ဒုက္ခဖြစ်**ကြောင်းကလေး ပေါ်**ရပါလို၏. . .(မှန်ပါ) ဘယ်လို ဆိုထိုက်ပါ**လိမ့်. . .(ဒုက္ခ**ဖြစ်ကြောင်း ပေါ်ရပါလို၏ဘုရား)။

http://www.dhammadownload.com



ဒုက္ခအကြောင်းကလေး ပေါ်ရပါလို၏ဆိုတော့ ဒုက္ခအကျိုးကြီးနဲ့ ရင်ဆိုင်ရပါလို၏၊ ဦးလှဘူး ပါမပါ...(ပါ, ပါတယ်ဘုရား)။

ဟိုဟာကလေးတွေပါမပါစဉ်းစား... (ပါ...ပါတယ်ဘုရား) အားလုံး ဒကာဒကာမတွေ သဘောကျရဲ့လား... (ကျပါတယ်ဘုရား)။

ရမ်းလဲ သဘောမကျပါနဲ့၊ နှစ်လုံးတည်းကို ဟောနေသေးတယ်...(မှန်ပါ့) မများသေးပါဘူး ဒကာဒကာမတို့... (မှန်ပါ့ဘုရား)။

လူဖြစ်ရပါလို၏ ဆိုတော့ **ဇာတိဖြစ်**ရပါလို၏ ...(မှန်ပါ့) နတ်ဖြစ်ရပါလို၏ ...(ဇာတိဖြစ်ရပါလို၏) ဗြဟ္မာဖြစ်ရပါလို၏ (ဇာတိဖြစ်ရပါလို၏)။

ဩော်...ဇာတိဖြစ်ရလို့ ရှိရင်ဖြင့် ဒကာဒကာမတို့၏ ဆုတောင်းသည် ဇာတိတည်းဟူသော သမုဒယသစ္စာ ဖြစ်ရပါလို၏ (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဘာဖြစ်ရပါလို၏လဲ...(ဇာတိတည်းဟူသော သမုဒယသစ္စာ ဖြစ်ရပါလို၏) ဇာတိဆိုတဲ့ သမုဒယသစ္စာ ဖြစ်ရပါလို၏လို့ ဆုတောင်းလိုက်တာပဲ... (မှန်ပါ့) အဲဒီတော့ ဇရာ မရဏာနဲ့ ရင်ဆိုင်တိုးရပါလို၏ ...(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် ဒီအကြောင်းနဲ့ ဒီအကျိုးကို နားမလည်သေးသရွေ့ ကာလပတ်လုံး ဦးလှဘူးတို့ ဒကာသိုက်တို့ ဇာတိကို ဆုတောင်းချည့်ယူတာပဲ...(မှန်ပါ့) မယူဘူးလား...(ယူပါတယ်ဘုရား)။

http://www.dhammadownload.com



အားလုံး ဒကာဒကာမတွေ ဘာကို ဆုတောင်းယူလေ့ ရှိပါလိမ့်...(ဇာတိကို ဆုတောင်းယူလေ့ ရှိပါတယ်ဘုရား)။

ဇာတိကို ဆုတောင်းယူတဲ့ပုဂ္ဂိုလ် ဇရာ မရဏနဲ့ ရင်ဆိုင်တွေ့ရပါလိမ့်မယ်...(မှန်ပါ)။

ဇာတိ ဆုတောင်းယူတဲ့ ပုဂ္ဂိုလ် ဘာလဲ... (ဇရာ မရဏနဲ့ ရင်ဆိုင်တွေ့ရပါလိမ့်မယ် ဘုရား) ဩော်...ဒါဖြင့် သူများ ပြောလား၊ ကိုယ်တွေ့လား...(ကိုယ်တွေ့ပါဘုရား) အခု ဘာနဲ့ ရင်ဆိုင်တိုးနေရသလဲ...(ဇရာ မရဏနဲ့ ရင်ဆိုင်တိုးနေ ရပါတယ် ဘုရား)။

ဩော်...ခင်ဗျားတို့က နောက်ဘဝက ဇာတိကို မရ,ရ ကြောင်း ကြိုးစားခဲ့တဲ့ ဒကာဒကာမတွေမို့ ဒီဘဝမှာဖြင့် သွားကျိုးဆံဖြူ ငယ်မူပျောက်တဲ့ ဇရာနဲ့လဲ ရင်ဆိုင်တွေ့ရ၊ သေပွဲဝင်တာနဲ့လဲ မဝေးတော့ပါဘူး၊ တွေ့ရမှာပဲ ဆိုထိုက် မဆိုထိုက်...(ဆိုထိုက်ပါတယ်ဘုရား)။

အင်း...ဒါဖြင့် အိုပွဲ, သေပွဲ ရင်ဆိုင်နွှဲရမှာသည် ဘယ်သူ့ ကြောင့် ရင်ဆိုင်နွှဲရပါလိမ့်မတုံး...လို့ မေးလို့ရှိရင် ဇာတိရ မှုကြောင့်...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါကြောင့်...ဘုရားက ဇာတိပစ္စယာ ဇရာ မရဏ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဇာတိကြောင့် ဇရာ မရဏ ရတာကိုတော့ ဒကာဒကာမ တွေကလဲ မသိသေးတော့ ဤကဲ့သို့ ဤအကြောင်းနဲ့ အကျိုး နှစ်ခုကို မသိသေးတဲ့ အတွက် နတ်ဖြစ်ရပါလို၏ ဆိုတော့

http://www.dhammadownload.com



ဇာတိ ရ,ရပါလို၏ . . .(မှန်ပါ့) **မြဟ္မာ**ဖြစ်ရပါလို၏ . . .(ဇာတိ ရ,ရပါလို၏) သဘောကျပလား . . .(ကျပါပြီဘုရား) စကြာဝတေး, မန္တာတ်မင်း, သူဌေးသူကြွယ်ကြီး ဖြစ်ရပါလို၏ ဆိုတာကော . . . (ဇာတိ ရ,ရပါလို၏)။

ဒါဖြင့် ဇရာ မရဏာနဲ့ တပည့်တော်တို့ တပည့်တော်မတို့နဲ့ဖြင့် ရင်ဆိုင်တိုးရပါလို၏ ဆိုတာနဲ့ကော . . .(တူပါတယ်ဘုရား) ဒါ ပဋိစ္စသမုပ္ပာဒ် နားမလည်လို့ အမှားတွေ့ပုံကြီးတာပဲ ဆိုတာ သေသေချာချာ မှတ်ပါ . . .(မှန်ပါ့)။

ကြီးပုံကို ကိုယ်ကိုယ်တိုင်လဲ တွေ့ရပြီမဟုတ်လား (တွေ့ရပါပြီဘုရား) အခု ဒကာဒကာမတို့ ခွဲမရ ခွာမရနဲ့ နေရတာကော ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

ခွဲမရ ခွာမရနဲ့ **ဒကာဒကာမ**တွေ ယခုနေကြရတာက အိုမှုကြီးက မန္တလေးသွားလဲ ပါတာပဲ၊ တောင်မြို့ပြန်လာလဲ ပါတာပဲ၊ မပါဘူးလား . . .(ပါ , ပါတယ်ဘုရား)။

သေမှုကြီးကလဲ တစ်နေ့တခြားနီးလာတဲ့ အမှုကြီးကလဲ ဒကာဒကာမတို့ မန္တလေးသွားပြန်လဲ မန္တလေးနဲ့နီးတာပဲ၊ တောင်မြို့ပြန်လာတော့ ပိုနီးတာပေါ့ . . .(မှန်ပါ့ ပိုနီးပါတယ်ဘုရား) ဦးလှဘူးတို့ သဘောကျပလား . . .(ကျပါပြီဘုရား) ဒကာအေးတို့ သဘောကျပလား . . .(ကျပါပြီဘုရား)။

ကောင်းပြီ . . .ဒါဖြင့် အားလုံး ဒကာဒကာမတွေ ဇရာမရဏာ ဘယ်ကလာသတုံးဆိုတဲ့ လက်သည်ရှာလိုက်တော့ တွေ့ကြပလား . . .(တွေ့ပါပြီဘုရား) ဘယ်ကလာပါလိမ့် . . .(ဇာတိက လာပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဇာတိက သမုဒယသစ္စာ၊ အကြောင်းတရား... (မှန်ပါ့) ဇရာ မရဏက ဒုက္ခသစ္စာဆိုတဲ့ အကျိုးတရား မရဘူးလား...(ရပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့သည်ကား...လို့ဆိုရင် **ဇာတိကို** အရယူတဲ့ပုဂ္ဂိုလ်သည် ဇရာမရဏဖြင့် တို့ခွဲလို့ ခွာလို့ မရတော့ဘူး ဆိုတဲ့ဥစ္စာလဲ သူများပြော မဟုတ်ပါဘူး၊ ကိုယ်တွေ့လို့သာ မှတ်လိုက်ပါတော့...(မှန်ပါ့) သဘောကျ **ပလား**...(ကျပါပြီဘုရား)။

ကောင်းပြီ...ဒကာဒကာမတို့ ဒါ ပဋိစ္စသမုပ္ပာဒ် နှစ်လုံးတည်း ပြနေတယ်၊ သို့သော်...ပဋိစ္စသ**မုပ္ပာဒ်** အကုန် **နားလည်အောင်** ဒကာဒကာမတို့ နေ့စဉ်**ဆက်ပြီး နား**ထောင်ပါ... (မှန်ပါ့)။

နှစ်လုံးတည်း ပြငြားသော်လဲ သြော်...တို့ဖြစ်ထွေ တို့အမှားတော်ပုံကဖြင့် ပေါ်သွားပေါ့ ဆိုတာ ယနေ့တော်တော် ကလေး ပေါ်လာပါတယ်...(မှန်ပါ့)။

ဇာတိကိုရအောင် အားထုတ်မှုကြောင့် ဇရာ မရဏနဲ့ ခွဲမရ ခွာမရ ဖြစ်ရတော့တယ်ဆိုတာ မပေါ်ဘူးလား... (ပေါ်ပါပြီဘုရား) ရှင်း**ကြ**ပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာဒကာမတို့ ဒီဇာတိဆိုတဲ့ **တရားဟာ** ပဋိသန္ဓေနေမှုဆိုတဲ့ တရားသည်ကား...လို့ ဆိုလို့ **ရှိရင်ဖြင့် ဘယ်**ကလာပါလိမ့်မလဲဆိုတဲ့ မေးခွန်းထုတ်ဖို့ မလို **ဘူးလား... (လို**ပါတယ်ဘုရား)။

http://www.dhammadownload.com



ကောင်းပြီ . . .မေးခွန်းထုတ်တဲ့အခါကျလို့ ရှိရင်ဖြင့် ဒကာဒကာမတွေ မှတ်လိုက်ပါတော့၊ ကာယကံ, ဝစီကံ, မနောကံတွေကြောင့် လာတာပဲ . . .လို့ ဒီဘက်က သုံးခု မှတ်လိုက်ပါ။ ကာယကံ, ဝစီကံ, မနောကံတွေကြောင့် လာတာပဲ . . .လို့ ဒီဘက်ကသုံးမှ မှတ်လိုက်ပါ၊ ကာယကံ, ဝစီကံ, မနောကံ, သဘောကျပလား . . .(ကျပါပြီဘုရား)။

ဒီသုံးခုက ကာယကံ, ဝစီကံ, မနောကံပါ . . .(မှန်ပါ့) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။

သြော် . . .ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ကံကလုပ်လို့ ခင်ဗျားတို့ ဇာတိရတယ် . . .(မှန်ပါ့) ဒီဇာတိရတဲ့အတွက် ဇရာ, မရဏနဲ့ ခွဲမရခွာမရ ဖြစ်ရပါတယ် . . .(မှန်လှပါ)။

ဒီပြင် . . .ဘယ်သူကမှ ပြုလုပ်လိုက်တာ မဟုတ်ဘူးဆိုတာ ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

မိမိတို့ ကာယကံ, ဝစီကံ, မနောကံကို မိမိတို့က ပြုလုပ်တဲ့အတွက် ဘာရပါလိမ့် . . .(ဇာတိရပါတယ်) ဇာတိရလို့ ဘယ်သူနဲ့ ရင်ဆိုင်ရသလဲ . . .(ဇရာ မရဏနဲ့ ရင်ဆိုင်ရပါတယ် ဘုရား) ပေါ်ပလား . . .(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်မှာလဲ စဉ်းစားကြည့် လိုက်တော့ ဘဝ ပစ္စယာ ဇာတိ ပေါ်ပလား . . .(ပေါ်ပါပြီဘုရား) ခင်ဗျားတို့ ရ,ထားတာနဲ့ ကိုက်ကဲ့လား . . .(ကိုက်ပါတယ်ဘုရား)။

ဘဝပစ္စယာဆိုတာက ကမ္မဘဝ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော ကမ္မဘဝပစ္စယာ ဘာတဲ့ (ဇာတိပါဘုရား) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



သြော်...ဒါဖြင့် ဒကာဒကာမတွေသည်ကား...လို့ဆိုရင် ဒီကာယကံ, ဒီဝစီကံ, ဒီမနောကံတွေ နှိပ်စက်လိုက်တဲ့ ဖြစ်ခြင်းကြောင့် ဒီဇာတိချောက်ကြီးထဲ လှလှကြီးကျသွားတယ်... (မှန်ပါ့)။

ဇာတိချောက်ထဲ လှလှကြီး ကျလို့ရှိရင်ဖြင့် ဇရာဆိုတဲ့ အိုမှု၊ မရဏဆိုတဲ့ သေမှုနဲ့ဖြင့် မရုန်းနိုင်မကန်နိုင် ခံရတော့တယ်ဆိုတာ ဆုံးဖြတ်ချက်ချပါတော့...(မှန်ပါ့)။

ဘယ်လောက်များ ခင်ဗျားတို့ဖြစ်ထွေ ဆိုးဝါးနေတယ်ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား) ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ကိုင်း...ပါဠိတော်ကို ရွတ်လိုက်ပါတော့...ဆိုတော့ ဘဝပစ္စယာ...(ဇာတိပါဘုရား) ဇာတိပစ္စယာ...(ဇရာ မရဏပါ ဘုရား)။

ဟော ၂ လာဖြစ်တယ် ဒကာဒကာမတို့...(မှန်ပါ့) မဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား) ဒါဖြင့် ၃ကြောင့် ၁–ဖြစ်တယ်၊ ၁–ကြောင့်...(၂–ဖြစ်ပါတယ်ဘုရား) ၂–ဖြစ်တယ်ဆိုတော့ ပါဠိတော်နဲ့ကော ကိုက်ကဲ့လား...(ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီကာယကံ, ဝစီကံ, မနောကံဆိုတာ လူ့ပြည်လိုချင်လို့ ကာယယံနဲ့ လက်အုပ်ချီပြီး ဘုရားရှိခိုးနတ်ဖြစ်ချင်လို့ ဘုရားရှိခိုးဆိုတာတွေ ကာယယံတွေပေါ့ဗျာ.. (မှန်ပါ့)။

http://www.dhammadownload.com



ပါးစပ်ကလဲ ဩကာသ ဩကာသစသည်ဖြင့် လူ,နတ်ဖြစ်ချင်လို့ ရွတ်တဲ့ ဝစီကံတွေကလဲ ဝစီကံပဲ...(မှန်ပါ) စိတ်ထဲကလဲမနောထဲကလဲ လူ, နတ်ဖြစ်ချင်လို့ ဘုရားကို မနောကံနဲ့ ကြည်ညိုလို့ရှိရင်ဖြင့် မနောကံ မဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီသုံးခုဘာတဲ့...(ကာယကံ, ဝစီကံ, မနောကံပါဘုရား)။

ဒီကံတွေသည် ခင်ဗျားတို့ စုတေမနေ သေလွန်တဲ့အခါကျတော့ ကမ္မ ဘဝ ပစ္စယာ ဘယ့်နှယ်ဆိုကြမလဲ... (ဇာတိပါဘုရား)။

ဟော...ဇာတိ ချောက်ထဲကျတယ်...(မှန်ပါ) အမိဝမ်းခေါင်းတည်းဟူသော ဇာတိချောက်ထဲ ကျပါတယ်...(မှန်ပါ) မကျဘူးလား...(ကျပါတယ်ဘုရား)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်မှာဖြင့် ဒကာဒကာမတို့ အကောင်းကိုမပါဘူး၊ အဆိုးချည့်ပဲဆိုတာ၊ ဒါကြောင့် ဒီတရားမနာဘဲနဲ့ နေကြလို့ရှိရင်ဖြင့် ဒီလမ်းအတိုင်း သွားနေဖို့လို့ ဆုံးဖြတ်ချက်ချပါ...(မှန်လှပါ)။

ဒီပဋိစ္စသမုပ္ပာဒ် အနုလောမ အစဉ်အတိုင်း သွားနေရလို့ တပည့်တော်တို့ဖြင့်ဘုရား တရား မနာဖြစ်ဘူး၊ တရား အားမထုတ်ဖြစ်ဘူး...(မှန်ပါ)။

ဘာ့ကြောင့်တုံးလို့ မေးစရာရှိတော့ ဒီကာယကံ ကုသိုလ် ဝစီကံကုသိုလ်၊ မနောကံကုသိုလ်...(တစ်နည်း) ကာယကံ အကုသိုလ်, ဝစီကံ အကုသိုလ်, **မနောကံ** အကုသိုလ်ကော မရှိဘူးလား...(ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါတွေ တွေးတောပြီးနေရတာနဲ့ ဘုရားတပည့်တော်တို့ ရှေ့ရေး, နောက်ရေး တွေးရတယ်၊ သားနဲ့ သမီးနဲ့ ပစ္စည်းနဲ့ နေရတော့ တပည့်တော်တို့ ဒါတွေဟာ မလုပ်ဘဲလဲ မဖြစ်ဘူး ဆိုပြီးတော့ ဒီပဋိစ္စသမုပ္ပာဒ် အစဉ်ကြီး တပည့်တော်တို့ မလုပ်ဘဲ မဖြစ်ဘူးလို့ ပြောတာ...(မှန်ပါ့)။

ဘာပြောတာပါလိမ့်...(ပဋိစ္စသမုပ္ပာဒ် အစဉ်မလုပ်ဘဲ မဖြစ်ဘူးလို့ ပြောတာပါဘုရား) ခင်ဗျားတို့မို့ ရဲရဲတင်းတင်း ပြောရဲပါပေ့ဗျာ...(မှန်ပါ့)။

ဒကာ ဒကာမတို့ ဒီပဋိစ္စသမုပ္ပာဒ်ကို မလုပ်ဘဲ မဖြစ်ဘူး ဘုရားတဲ့ ...(မှန်ပါ့) မလုပ်ရင် တပည့်တော်တို့ ချောက် မကျရဘူး...(မှန်ပါ့)။

ဒါကြောင့် ချောက်ကျနေကျ ကျချင်တယ်ဘုရား)... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား) ဘာတဲ့တုံး... (ချောက်ကျနေကျ ကျချင်ပါတယ်ဘုရား)။

သို့သော်...ခင်ဗျားတို့ ပါးစပ်ကတော့ ရိုင်းလို့ မဖွင့်ဘူး၊ အလုပ်သဘောက ဤအတိုင်းပဲ...(မှန်ပါ့) သဘော ကျပလား (ကျပါပြီဘုရား)။

ပါးစပ်က မဖွင့်တာကတော့ ဘယ့်နှယ်ကြောင့်တုံး (ရိုင်းလို့ မဖွင့်ပါဘုရား) ရိုင်းလို့ မဖွင့်ပါရစေနဲ့ဘုရား၊ အဖြစ် ကတော့ ဒီဇာတိချောက် ကျချင်တာ အမှန်ပါပဲ၊ ဒါကြောင့် တပည့်တော် တရားနာဖို့တောင် မအားဘူး...(မှန်ပါ့) တရား အားထုတ်တာလဲ အချိန်မရဘူး...(မှန်လှပါဘုရား) ဒီ ချောက်လမ်းကို အမှန်အတိုင်း ပြေးနေရလို့ပါ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



အမလေး၊ သနားစရာ ကောင်းလိုက်တာ (မှန်ပါဘုရား) ဒကာထိုက် အားလုံး သနားစရာ ကောင်းတယ်ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်ကား...လို့ ဆိုလို့ရှိရင် မအားတာ ဘာပါလိမ့်မတုံးဆိုတော့ ဩော်... ပဋိစ္စသမုပ္ပာဒ်အတိုင်း လမ်းလျှောက်နေလို့ပါဘုရား...(မှန်ပါ့ ဘုရား)။

မအားတာ ဘာပါလိမ့်...(ပဋိစ္စသမုပ္ပာဒ်အတိုင်း လမ်းလျှောက်နေလို့ပါဘုရား) ပေါ်ပလား...(ပေါ်ပါပြီဘုရား) အဲဒါ ခင်ဗျားတို့ မြို့သုံး သုံးသလောက် ချောက်ကျတယ် ဆိုတာ မှတ်...(မှန်ပါ့)။

ဘာတဲ့တုံး...(မြို့သုံး သုံးသလောက် ချောက်ကျတယ် ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ဟာဖြင့် မအားတာ ဘုန်းကြီးတို့ ကတော့ဖြင့် ဘယ်လို သိပါလိမ့်မတုံးဆိုတော့ ဒီလမ်း လျှောက်ပြေးနေလို့ မအားတာ...(မှန်ပါ့)။

ကာယကံ, ဝစီကံ, မနောကံတွေကလဲ ပြောစရာနဲ့ ဆိုစရာနဲ့ လုပ်စရာနဲ့ ကိုင်စရာနဲ့ ကြောင့်ကြစရာနဲ့ စိုးရိမ်စရာတွေနဲ့ ကာယကံ, ဝစီကံ, မနောကံတွေ လုပ်နေတယ်...(လုပ်ပါတယ် ဘုရား) မလုပ်ပေဘူးလား...(လုပ်ပါတယ်ဘုရား) လုပ်တဲ့အခါ ကြတော့ ကမ္မဘဝ ပစ္စယာ ဘာတဲ့တုံး ...(ဇာတိပါဘုရား) ဩော်...အိမ်မှာ ဘာလုပ်နေကြသတုံးဆိုတော့ ချောက်ကျဖို့ လုပ်နေတယ်ဘုရား...(မှန်ပါ့)။

http://www.dhammadownload.com



ဘာလုပ်နေကြသတုံး...(ချောက်ကျဖို့ လုပ်နေကြပါတယ်ဘုရား) အဲဒါ မအားဘူးဆိုတာ ချောက်ကျတာပဲ...(မှန်ပါ့ဘုရား)။

မအားလို့ ဒီပဋိစ္စသမုပ္ပာဒ် မဖြတ်နိုင်ဘူးဘုရား၊ အားမထုတ်နိုင်ဘူးဆိုတာသည် အစဉ်အတိုင်း ပြောပါရစေ ဆိုတာနဲ့ ဘာထူးသေးသလဲ...(မထူးပါဘုရား) ကမ္မဘဝ ပစ္စယာ...(ဇာတိပါဘုရား) ဇာတိပစ္စယာ...(ဇရာ, မရဏပါဘုရား) ဟော... ဒီလမ်းလျှောက်နေလို့ ဘုရားတပည့်တော်တို့ မအားတာ...(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

နောက်က ဒကာ ဒကာမတွေ ခင်ဗျားတို့ မအားပ၊၊ ဘာပါလိမ့်မတုံး...ပဋိစ္စသမုပ္ပာဒ် အစဉ်အတိုင်း လမ်းလျှောက်နေလို့ (မှန်ပါ့) ပဋိစ္စသမုပ္ပာဒ်ဆိုတာ ဖွင့်လိုက်စမ်းပါဦး ဒုက္ခ အစုကြီးဆိုတာ...(မှန်ပါ့) နောက်ဖြစ်ရမှာတွေလဲ ဒုက္ခပဲ...(မှန်ပါ့) အခု တွေ့ရတာတွေကော...(ဒုက္ခပါပဲဘုရား)။

အဲဒီ ဒုက္ခလမ်းကြီးကို အစဉ်အတိုင်း လျှောက်နေရလို့ တပည့်တော်တို့ဖြင့်ဘုရား...မအားတာဘဲဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ မြို့သုံး သုံးသလောက် အဖြစ်ကဖြင့် ကြမ်းလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့..(မှန်ပါ့) ခင်ဗျားတို့ ချင်းတော့ဖြင့် တယ်ပြီး အဆင်ပြေတယ်၊ တရားနာ လိုက်ဦးမလား၊ အို...စိတ်ထဲကတော့ အာရုံပြုပါတယ် မပြောကြဘူးလား၊ ပြောပါတယ်၊ စိတ်ထဲကတော့ အာရုံပြုပါတယ်တဲ့၊ မလွဲသာတဲ့ •

http://www.dhammadownload.com



ကိစ္စရှိနေတယ်...(မှန်ပါ) ဘာကိစ္စတုံး၊ ဒီချောက်ကို ဆင်းမယ့် ကိစ္စရှိနေတယ်...(မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မဆိုသာတဲ့ ကိစ္စဆိုတာ ချောက်တွန်းတဲ့ ကိစ္စ...(မှန်ပါဘုရား) ဒီ ကာယကံကလဲ မအားဘူး၊ ဝစီကံကကော...(မအားပါဘုရား) မနောကံကကော...(မအားပါဘုရား)။

အဲဒီ မအားဟူသရွေ့ဟာ ဒကာ ဒကာမတို့ လောဘနဲ့ မအား၊ ဒေါသနဲ့မအား၊ မောဟနဲ့ မအား...(မှန်ပါ) ဒီလို မရှိဘူးလားကွယ်...(ရှိပါတယ်ဘုရား)။

တစ်နည်းအားဖြင့်လဲ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ကာယကံကုသိုလ်, ဝစီကံကုသိုလ်, ဘုံဘဝ တောင့်တလုပ်တဲ့ ကုသိုလ်မျိုးနဲ့ မအားလို့ရှိရင်လဲ ချောက်ကျတာ ပဲလို့မှတ်* (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ချောက်ကျတာဆိုတော့ ဒကာ ဒကာမတွေက ကုသိုလ်လုပ်လဲ့ ချောက်ကျတယ် ဆိုတာက လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ပဋိသန္ဓေမှုကိုကြိုက်ပြီး လုပ်လို့ ရှိရင်တော့ ချောက်ကျတယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဒါပြင့် ချောက်မကျတယ်...ကျတယ် ပါဠိတော်က ကမ္မဘဝ ပစ္စယာ...(ဇာတိပါဘုရား) ဇာတိတည်းဟူသော ကျောက်ဟာ သေးသလား...(မသေးပါဘုရား)။

---

* ဘုံဘဝတောင့်တပြီး လှူသည့် ဝဋ္ဋနိဿိတ ကုသိုလ်မျိုးသည်လည်း မိစ္ဆာပဋိပဒါပင်ဖြစ်ကြောင်းကို နိဒါနဝဂ္ဂ သံယုတ်ပဋိပဒါသုတ် အဋ္ဌကထာ၌ ဖွင့်ပြထားသည်။

http://www.dhammadownload.com



ကိုးလခွဲ ဆယ်လ အဝတ်မပတ်ဘဲနဲ့၊ အစား မည်သူမှ ကျွေးမယ့်သူမရှိဘဲနဲ့ ဒုက္ခိတအဖြစ်နဲ့ နေရတယ်...(မှန်ပါ) ဒီ ချောက်ကို သေးတဲ့ချောက်လို့ ဆိုကြမလား...(မသေးပါဘုရား)။

သေးတဲ့ ချောက်လား၊ ကြီးတဲ့ ချောက်လား...(ကြီးတဲ့ ချောက်ပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့သည် ဒီတရားမျိုးကိုလဲ မနာရဘူး၊ မအားမလပ်လို့ လောကီရေးရာ အရောင်းအဝယ်ကလေးက မပြတ်လို့၊ အရောင်းအဝယ် မပြတ်လို့ဆိုတာ ကာယကံ, ဝစီကံ မပြတ်ဘူး...(မှန်ပါ) ယူစရာကော...(မပြတ်ပါဘုရား)။

ကျန်နေတဲ့ စကားကလေးက ခွင်းချက် ရှိနေသေး တယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒါတွေက ကာယကံ, ဝစီကံကြောင့် မအားတာ... (မှန်ပါဘုရား) ကာယကံ, ဝစီကံ လုပ်စရာ မရှိဘူးလား... (ရှိပါတယ်ဘုရား)။

အဲဒါတွေ လုပ်နေတော့ ကာယကံ, ဝစီကံ, မနောကံသည် ကမ္မဘဝ...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား) ကမ္မဘဝ ပစ္စယာ (ဇာတိပါဘုရား)။

တပည့်တော်တို့ ချောက်ကျစရာကလေး ရှိသေးတယ်၊ ဒီနေ့ဖြင့် တရားလဲ အားမထုတ်သေးပါဘူး၊ နာလဲ မနာသေး ပါဘူးဆိုတာ အဲဒီလို တောင်းပန်ရင် ကောင်းတယ်...(မှန်ပါ ဘုရား) မကောင်းဘူးလား... (ကောင်းပါတယ်ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ လာစေချင်လို့ ပြောတာ မဟုတ်ပါဘူး၊ ဖြစ်စဉ်ကိုက်မို့ ပြောနေတာ...(မှန်ပါ့) သနားလို့ ပြောတာပါ... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် မအားတဲ့ ပုဂ္ဂိုလ်မှာ ဘာအလုပ် ရှိတယ်ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပာဒ် အစဉ်အတိုင်း ပြေးမှုအလုပ် ရှိတယ်... (မှန်ပါ့) ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား) ဇာတိပစ္စယာ (ဇရာ မရဏပါဘုရား)။

ဟော...ဒီချောက် ပြေးစရာ ရှိနေလို့ မအားတာပါ ဘုရာ့...(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကာယကံ, ဝစီကံ, မနောကံ, ဆိုတဲ့ ကမ္မဘဝကြောင့် ဖြစ်တဲ့...(ဇာတိဖြစ်ပါတယ်ဘုရား) ဇာတိဆိုတဲ့ ချောက်ထဲ ကျတဲ့အခါကျတော့ ဇရာက ရိုက်တယ်၊ မရဏက သတ်တယ်...(မှန်ပါ့)။

ဒါဖြင့် ချောက်ကျပြီး အရိုက်အနှက်ခံပြီး သကာလ... သေပွဲဝင်စရာ ရှိတာနဲ့ တပည့်တော်တို့ မအားဘူးဆိုတာ ဒါပဲဆိုတာသာ မှတ်လိုက်ပါတော့...(မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဘာကြောင့် မအားကြပါလိမ့်...(ချောက်ကျပြီး အရိုက် ခံစရာ ကလေးက ရှိပါတယ်ဘုရား) သေပွဲဝင်စရာကလေး ရှိပါသေးတယ်...(မှန်ပါ့)။

http://www.dhammadownload.com



အဲဒါကြောင့် မအားတာပါဘုရား...ဆိုတာ ပဋိစ္စသမုပ္ပာဒ် အတိုင်း ပြောစရာရှိလို့...(မှန်ပါ့) ဘယ်လောက် နစ်နာသလဲ... (နစ်နာပါတယ်ဘုရား)။

ဒီတရားမျိုးကို မနာရတော့ဘူး ဆိုလို့ရှိရင် ခင်ဗျားတို့ ပရိယာယ်တွေဟာ အဖိုးတန်တယ်လို့ ထင်နေတာ တကယ့်ကို ဆိုးဝါးတာပဲ...တဲ့ ဒကာ ဒကာမတို့နော်...(မှန်ပါ့ဘုရား) မဆိုးဝါးဘူးလား...(ဆိုးဝါးပါတယ်ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် လက်တွေ့ဝိပဿနာကို ပြပေးမယ်ဆိုတဲ့ ဥစ္စာ ဝိပဿနာမပြခင် မဖြစ်သင့်တာတွေ ပြတုန်းရှိသေးတယ်... (မှန်လှပါ) ဝိပဿနာ မပြသေးပါဘူး ဒကာ ဒကာမတို့...(မှန်ပါ့ဘုရား)။

ဝိပဿနာပြပလား...(မပြသေးပါဘူးဘုရား) မပြသေးပါဘူး၊ ဒကာ ဒကာမတို့၊ ခင်ဗျားတို့၏ ပရိယာယ်တွေ၊ ခင်ဗျား တို့၏ သားရေး...သမီးရေး၊ စီးပွားရေးကိစ္စ ရှုပ်ပုံတွေဟာ ဩော်...တို့သည် ဘာကြောင့် ရှုပ်ရတယ်၊ ရှုပ်ခြင်းကြောင့် တို့သည်ကား...လို့ ဆိုရင် ဘယ်လိုအကျိုး ပျက်စီးရတယ် မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား)။

ဒီ ကာယကံ, ဝစီကံ, မနောကံ ကမ္မဘဝ...(မှန်ပါ့) ကမ္မဘဝလုပ်တဲ့ပုဂ္ဂိုလ်ဟာ ကမ္မဘဝ ပစ္စယာ...(ဇာတိပါဘုရား) ဇာတိရတယ်...(မှန်ပါ့)။

http://www.dhammadownload.com



ဇာတိဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား) ဟုတ်တယ် ဇာတိပိ ဒုက္ခာလို့ သေသေချာချာ ဟောသောကြောင့် တပည့်တော်...မအားတာသည် ဒုက္ခရောက်ဖို့ မအားတာပါ ဘုရား...(မှန်ပါ့) **သဘောကျ**ပလား...(ကျပါပြီဘုရား)။

ဇရာ မရဏာကော ဘာသစ္စာတုံး...(ဒုက္ခသစ္စပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

တပည့်တော်သည်ကား...လို့ ဆိုလို့ရှိရင်ဖြင့် ကာယကံ, ဝစီကံ, မနောကံအလုပ်တွေ လုပ်လို့ မအားနေတာသည် ဒီကံတွေသည်ကား ဒီ ဇာတိဆိုတဲ့ အကျိုးပေးလာရမယ်...(မှန်ပါ့) မလာရပေဘူးလား...(လာရပါမယ်ဘုရား)။

ဇာတိ **အကျိုးပေးလာ**လို့ရှိရင် ဇရာ မရဏာ ရတာနဲ့ အသက်ထွက်ရမယ်**ဆိုတာကော**...(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဘုန်း**ကြီးတို့** ဒကာဒကာမတွေ အခုတွေ့လို့ ဒီလိုပြောလို့ရှိရင်ဖြင့် တစ်ခုပဲ နားထောင်လိုက်ပါ...(မှန်ပါ) ဒီဟာ ဖြတ်ခန်းကိုလဲ သေသေချာ**ချာပြပါ့**မယ်...(မှန်ပါ့)။

သို့သော် တစ်နေ့တည်**း** နာလို့တော့ မရောက်နိုင်ဘူး... (မှန်ပါ့ဘုရား) ကိုယ့်အဖြစ်ဆိုးကို ကုန်အောင်ပြောပါရစေ... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က လျှာ အရိုးမပါတဲ့အတိုင်း လှည့်ပြီးသကာလ ပြောတာတွေဟာ ဘယ်အပြစ် သင့်တယ်ဆိုတာ သိအောင်လို့ ဖော်ပြနေတာ...(မှန်ပါ့) မပြောထိုက်ဘူးလာ... (ပြောထိုက်ပါတယ် ဘုရား)။

http://www.dhammadownload.com



ကာယကံ, ဝစီကံ, မနောကံဆိုတာ လူတိုင်းကင်းကြရဲ့လား (မကင်းပါဘုရား) ကိုယ်နဲ့လုပ်ရမှာလဲ ရှိတယ်၊ပါးစပ်နဲ့လုပ်ရမယ့် အလုပ်ကော...(ရှိပါတယ်ဘုရား) စိတ်ထဲက တွေးဆနေရမယ့် အလုပ်...(ရှိပါတယ်ဘုရား)။

အဲဒီအလုပ်တွေက ခင်ဗျားတို့ လူတိုင်းစေ့ရှိနေတော့ သူတော်ကောင်းအလုပ်ဖြစ်တဲ့ ပဋိစ္စသမုပ္ပာဒ် ဖြတ်ကြောင်း တရားကို မနာနိုင်ဘူးဘုရာ့...(မှန်ပါ့)။

မနာနိုင်ဘူး...အလုပ်တွေက မပြီးမပြတ်နဲ့ တပည့်တော် တို့ဖြင့် အင်မတန် အကျပ်အတည်းတွေ့နေလို့ နာလဲမနာနိုင်ဘူး၊ ကျင့်လဲမကျင့်နိုင်ဘူးဆိုတာ ကမ္မဘဝကို လုပ်နေတာ...(မှန်ပါ့) ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား)။

ဇာတိချောက်ကျတော့မယ်၊ သူနှုတ်ချိုသလောက် သူဒုက္ခ ရောက်တော့မယ်...(မှန်ပါ့) သူလိမ်သလောက် သူဒုက္ခရောက် တော့မယ်...(မှန်ပါ့) မရောက်ဘူးလား...(ရောက်ပါတယ် ဘုရား)။

ဇာတိပစ္စယာ...(ဇရာ မရဏာပါဘုရား) ဇရာ မရဏာ လာမယ်၊ အိုပွဲ, သေပွဲမတွေ့ရပေဘူးလား... (တွေ့ရပါမယ် ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ ဝိပဿနာအလုပ် ဘုန်းကြီး ပေးထားတယ်၊ မလုပ်ဖြစ်တာသည် ဒီကံတွေကြောင့် ဘုရာ့... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



လုပ်ဖြစ်ရင် ဒီကံတွေပျောက်တယ်...(ပျောက်ပါတယ်ဘုရား) မလုပ်ဖြစ်တော့ ဒီကိစ္စတွေက မရှိဘူးလား... (ရှိပါတယ်ဘုရား)။

ကိုယ်နဲ့လုပ်ရမယ့်အလုပ်...(ရှိပါတယ်ဘုရား) ပါးစပ်နဲ့ လုပ်ရမယ့် အလုပ်...(ရှိပါတယ်ဘုရား) စိတ်နဲ့ လုပ်ရမယ့် အလုပ်...(ရှိပါတယ်ဘုရား)။

အဲဒီအလုပ်တွေက ရှိမနေဘူးလား...(ရှိပါတယ်ဘုရား) စီးပွားရေးနှင့် ပတ်သက်၍၊ သားရေး...သမီးရေးနဲ့ ပတ်သက်၍၊ ဆွေမျိုးဉာတကာတွေနဲ့ ပတ်သက်တဲ့ ကိစ္စ...(ရှိပါတယ်ဘုရား)။

အဲဒါတွေက ကာယကံ, ဝစီကံ, မနောကံဆိုတဲ့ ကမ္မဘဝ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား) ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား)။

ဩော်...တပည့်တော်တို့ မအားတာ ဒီအလုပ်တွေလုပ်နေရတဲ့အတွက် မအားတာ...(မှန်ပါ့) ပဋိစ္စသမုပ္ပာဒ် ပြတ်သေးရဲ့လား...(မပြတ်ပါဘုရား)။

မပြတ်ဘူး၊ ဒီဘက် ဇာတိဘက် ဆက်လာတယ်...(မှန်ပါ့) မဆက်ဘူးလား...(ဆက်ပါတယ်ဘုရား)။

ဇာတိဘက် ဆက်လိုက်တဲ့အခါကျတော့ ရှောင်လို့ကွင်းလို့ ရသေးရဲ့လား...(မရပါဘုရား) ဇရာ, မရဏ ဆိုတဲ့ အိုပွဲ, သေပွဲ တွေ့ရတယ်...(မှန်ပါ့)။

http://www.dhammadownload.com



ဩော်...ဒကာဒကာမတို့ အိမ်မှာ မအားတာများ ဘာများဖြစ်နေကြပါလိမ့်မတုံး...ဆိုလို့ရှိရင်ဖြင့် ပဋိသန္ဓေနေမှု ကိစ္စ တပည့်တော်တို့ ကြုံချင်သေး ဘုရား...(မှန်ပါ)။

ဒါကြောင့် ကာယကံ, ဝစီကံ, မနောကံတွေနဲ့ မအားဘဲ ဖြစ်နေတယ်...(မှန်ပါ့)။

အဲဒီ မအားတာသည် ဘာကြုံချင်ပါလို့ပါလိမ့် (ပဋိသန္ဓေ နေမှုနဲ့ ကြုံချင်လို့ပါဘုရား) ပဋိသန္ဓေနေမှုနဲ့ ကြုံတဲ့ ပုဂ္ဂိုလ်ဟာ အိုပွဲ, သေပွဲနဲ့ကော...(ကြုံနေရပါတယ်ဘုရား) မလွဲရင်ဆိုင် ရမယ် ဆိုတာက အရှင်းသားပဲ (မှန်ပါ့) မရှင်းဘူးလား... (ရှင်းပါတယ် ဘုရား)။

အေး...ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ခင်ဗျားတို့ မအားသလောက် ဒုက္ခရောက်တယ်ဆိုတာကော ပေါ်ပလား...(ပေါ်ပါပြီဘုရား) မရှင်းဘူးလား...(ရှင်းပါတယ် ဘုရား)။

ဒါကြောင့် မြို့သုံးတွေရှောင်...(မှန်ပါ့) မရှောင်သင့် ဘူးလား...(ရှောင်သင့်ပါတယ်ဘုရား) ကိစ္စကလေးက ကိစ္စကလေးကနဲ့ အယဉ်သုံးတာ...(မှန်ပါ့)။

ပြောတော့ဖြင့် မဖြစ်တော့ မဖြစ်လောက်ပါဘူး၊ မဖြစ်လောက်ပေမယ့်လဲ ကိုယ်မပါရင် မပြီးလို့...(မှန်ပါ့) အံမာ...မြို့သုံးများ သုံးလိုက်သေးတယ်...(မှန်ပါ့) တော်တော့်ကို ယဉ်တယ်လို့ ထင်ရတယ်...(မှန်ပါ့)။

http://www.dhammadownload.com



ယဉ်သာယဉ်တယ်၊ ဒီဘက်ချောက် ကျသွားပြီ...(မှန်ပါ့) မကျသေးဘူးလား...(ကျပါပြီဘုရား) ဒီဘက် ဇရာ မရဏ နှစ်ခုနဲ့ ရင်မဆိုင်ရဘူးလား...(ဆိုင်ရပါတယ်ဘုရား) အမယ်လေး နှုတ်ချိုသလောက် ခင်ဗျားတို့ ဒုက္ခရောက်မယ်...(မှန်ပါ့)။

ဘာတဲ့...(နှုတ်ချိုသလောက် ဒုက္ခရောက်ပါတယ် ဘုရား) နှုတ်ချိုသလောက် ဒုက္ခရောက်တယ်ဆိုတာ ကောင်းကောင်း ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒါ...ခင်ဗျားတို့က ဖြင့် ဒီလိုပြောလိုက်တော့မှပဲ ခံသာရည်လဲ ရှိပါရဲ့၊ ကိုယ်လဲ နှုတ်ကြမ်းတာလဲ မဟုတ်ပါဘူး၊ အမှန်ပြောရာလဲ ရောက်တာပါပဲ၊ ကိုယ့်ကိစ္စကလဲ မြင်တဲ့ အတိုင်းပဲ...

အမယ်လေး...ဒကာ ဒကာမတွေက တော်တော့ ဘုန်းကြီးနဲ့တော်တော့ လူများကျလာတော့ အပါယ်သွားမှာ တောင် တစ်ခါတည်း နှုတ်ချိုပြီး သွားလိုက်သေးတယ်...(မှန်ပါ့) အတော်မဆိုးဘူးလား...(ဆိုပါတယ်ဘုရား)။

ဘယ့်နှယ်တုံး ဒကာဒကာမတို့ သဘောပါကြ ရဲ့လား... (ပါပါတယ်ဘုရား) သဘောမပါရင်လဲ ကိုယ့်အလုပ်ပဲ ခင်ဗျားတို့ ပါသာပါကြ...(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ ဘုရား)။

သူများအလုပ်လား၊ ကိုယ်သုံးနှုန်းနေတဲ့ အလုပ်လား (ကိုယ် သုံးနှုန်းနေတဲ့ အလုပ်ပါဘုရား) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် နောက်ကို ဒီအသုံး...ဒီအနှုန်းတွေကို အကုန်ဖျက်ပါ၊ တရားနာ လိုက်ချင်ပါရဲ့၊ ကျုပ်မှာ အခုမြင်တဲ့အတိုင်းပဲ စသဖြင့် လုပ်မနေနဲ့၊ လုပ်နေရင် ဇာတိချောက် သွားတော့မယ်၊ ဇရာ, မရဏချောက် သွားတော့မယ်၊ ဒါကို ပြောလိုက်တာပဲ... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အေး...ဒါဖြင့် ဒီကာယကံ, ဝစီကံတွေ ဒကာဒကာမတို့ ဘယ်ကလာတယ်ဆိုတဲ့ လက်သည် ရှာကြပါဦးစို့...(မှန်ပါ့) ကာယကံ, ဝစီကံဆိုတဲ့ ဥစ္စာ ဒကာဒကာမတို့ ဥပါဒါန်ဆိုတဲ့ တရားကြောင့်လာတာ...(မှန်ပါ့)။

ကိုယ့်ပစ္စည်းစွဲလမ်းတဲ့ ဥပါဒါန်ကြောင့် ကာယကံ, ဝစီကံနဲ့ လုပ်ရဦးမှာ...(မှန်ပါ့) ကိုယ်ရချင်တဲ့ပစ္စည်း စွဲလမ်းနေတာနဲ့ ကာယကံ, ဝစီကံနဲ့ လုပ်မှ ပြောမှ ဆိုမှ ပြီးမှာ...(မှန်ပါ့)။

ဥပါဒါန်သည်ကားလို့ ဆိုရင်ဖြင့် လောဘထက် **အဆ** ပေါင်းများစွာကြီးလို့ ဘုရားက ဥပါဒါန်လို့ ခေါ်ကာ...(**မှန်ပါ့** ဘုရား)။

လောဘထက် အဆပေါင်းများစွာကြီးလို့ သူ့ကို ဘာခေါ်ကြသတုံး...(ဥပါဒါန် ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဥပါဒါန ပစ္စယာ...(ကမ္မဘဝေါ) ဥပါဒါန်ကြောင့် ဒီကံတွေ ကမ္မဘဝ ဖြစ်လာတာ...(မှန်ပါ့) ကမ္မဘဝဖြစ်လို့ ဒီဇာတိဖြစ်ရတာ...(မှန်ပါ့) ဒီဇာတိဖြစ်လို့ ဒီဇရာ, မရဏနဲ့ ရင်ဆိုင်ရတယ်...(မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ သုံးနှုန်းပြီးသကာလ နေလိုက်တာ ပစ္စည်းပေါ်၌ လည်းကောင်း၊ သားသမီးပေါ်၌ လည်းကောင်း ဥပါဒါန်ရှိနေလို့ ဒီ ကာယကံ, ဝစီကံတွေနဲ့ အချိန်ကုန်ပြီး ခင်ဗျားတို့ တရားမနာမိတာဘဲ၊ တရား အားမထုတ်မိတာဘဲ . . . (မှန်ပါ့) ဆိုထိုက်ပလား (ဆိုထိုက်ပါတယ် ဘုရား)။

ကြောက်စရာ ကောင်းလိုက်တာဗျာ၊ ကိုယ့်ကိုယ် နစ်အောင်ပဲ တစ်ခါတည်း ကြံစည်နေတော့တယ်ဆိုတဲ့ အဓိပ္ပာယ်ဟာလဲ အတော်မှန်နေပြီ . . .(မှန်ပါပြီဘုရား)။

ခင်ဗျားတို့ အသက်ရှင်လေလေ ဒီကာယကံ, ဝစီကံ များလေလေ ချောက်ကျလေလေပဲ . . .(မှန်ပါ့) ချောက်ကျလေလေ ဒုက္ခမလွတ်လေလေ ဆိုတာကော . . .(မှန်ပါ့) မပေါ်သေးဘူးလား . . .(ပေါ်ပါတယ်ဘုရား)။

ကိုင်း . . .ဒါဖြင့် ဒကာဒကာမတို့ ဩော် . . .တို့ဟာ တို့အမြင်နဲ့တို့တော့ဖြင့် အတော် ယဉ်ကျေးမနေရဘူးလား . . . (နေရပါတယ် ဘုရား) ကာယကံနဲ့ သွားလိုက်, လာလိုက် လုပ်နေတယ်၊ ဝစီကံနဲ့ ပြောဆိုနေရတယ် . . .(မှန်ပါ့) မနောကံနဲ့ တွေးဆနေရတယ် . . .(မှန်ပါ့) နေရတော့ ဒီကံတွေကြောင့် ဘာဖြစ်သတုံး . . .(ဇာတိဖြစ်ပါတယ်ဘုရား) သေသည်၏ အခြားမဲ့၌ ဇာတိဖြစ်တယ်၊ ဇာတိဖြစ်လို့ ဘာရသလဲ . . . (ဇရာ, မရဏ ရပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ မအားတာ ရိပ်မိပါပြီ၊ ဒီ . . .ဥပါဒါန်ကြောင့် . . .(မှန်ပါ့)။

http://www.dhammadownload.com



သားသမီးနဲ့ ပစ္စည်းဥစ္စာကို စွဲလမ်းတာဘာတုံး (ဥပါဒါန် ကြောင့်ပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒီဥပါဒါန်ဟာ ဘယ်ကလာသတုံး ဆိုတဲ့ ပြောင်းပြန်လက်သည် ရှာပါ...(မှန်ပါ့) ဒါကြောင့် တဏှာပစ္စယာ...(ဥပါဒါန်ပါဘုရား) ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)။

ဥပါဒါန် ဘယ်ကလာပါလိမ့်...(တဏှာက လာပါတယ် ဘုရား) တဏှာက ကုသိုလ်လား၊ အကုသိုလ်လား... (အကုသိုလ်ပါ ဘုရား)။

တဏှာဆိုတာ လိုချင်မှု, ရချင်မှု, ခင်မင်မှုပေါ့ဗျာ... (မှန်ပါ့) လိုချင်မှု, ရချင်မှု, ခင်မင်မှုက တဏှာ...(မှန်ပါ့) အားကြီးစွဲလမ်းတာက...(ဥပါဒါန်ပါဘုရား) စွဲလမ်းမှုကြောင့် ကာယကံ, ဝစီကံတွေနဲ့ အားထုတ်တာက (ကမ္မဘဝပါ ဘုရား)။

အဲဒီ ကမ္မဘဝဆိုတဲ့ စေတနာခံတွေ အမျိုးမျိုးပေါ်နေတာ အောက်မေ့တာပဲ၊ ယဉ်ကျေးသလောက် အကျည့်တန်ပါလား သံသရာခရီးလမ်းမှာ...(မှန်ပါ့) မတန်ဘူးလား (တန်ပါတယ် ဘုရား)။

မြို့သုံး သုံးသလောက် **သံသ**ရာခရီးလမ်းမှာ အတော် ကြမ်းတယ်...(ကြမ်းပါတယ်ဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီ ဘုရား)။

ဆိုးလိုက်တဲ့ ဒ**ကာ**ဒ**ကာ**မတွေ မပြောပါနဲ့တော့၊ ဒီတရားမျိုး **မနာရတော့ဘူး ဆိုလို့ရှိရင်ဖြင့်** ကျုပ် ပိုတာ

A

http://www.dhammadownload.com



ကလေးတွေလဲ လှူနေ**တာပဲ**၊ စားဖို့ကတော့ ဒါလောက် မဟုတ်ပါဘူး၊ လှူဖို့, တန်းဖို့ပါပဲ...(မှန်ပါ့)။

အင်း...လှူဖို့တန်းဖို့ပါပဲလို့ ဆိုပြီးသော်လဲ ခင်ဗျားတို့ လှူမှုတန်းမှုသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပာဒ်ကို ပြတ်အောင် မလုပ်နိုင်လို့ရှိရင်ဖြင့် ဒီဒုက္ခပဲပြန်ရတယ်...(မှန်ပါ့ ဘုရား)။

ဒီအထဲမှာ လှူဖို့, တန်းဖို့ စေတနာကံတွေ မပါဘူးလား... (ပါပါတယ်ဘုရား) မ**လှူတတ်**လို့ ရှိရင်ဒီဒုက္ခရမှာပဲ...(မှန်ပါ့) ဒီဒုက္ခရရင် ဒီဒုက္ခနှ**စ်ခုနဲ့** ရင်ဆိုင်ရမယ် ဆိုတာကော... (သေချာပါတယ် ဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ အကြောင်းပြ နေရပါတယ်၊ ခင်ဗျားတို့ ကာယကံ, ဝစီကံအလုပ်တွေက မအားတာ ဘယ့်နှယ်ကြောင့် မ**အားပါလိမ့်**မတုံး ဆိုတော့ ဉပါဒါန်ကြောင့်... (မှန်ပါ့)။

ပစ္စည်းစွဲလမ်း၊ သားသမီးစွဲလမ်း၊ ဉပါဒါန်ကြောင့် မအားတယ်...(မှန်ပါ့) မအားတော့ ဒီကံတွေနဲ့ ဖြစ်သော ကြောင့် ကမ္မဘဝပ**စ္စယာ**...(ဇာတိပါဘုရား) ဇာတိပစ္စယာ... (ဇရာ, မရဏပါ**ဘုရား) သ**ဘောကျပလား...(ကျပါပြီဘုရား)။

ဇရာ မရဏ **လွတ်**ချင်လို့ ရှိရင်ဖြင့် ဒကာဒကာမတို့ ဒီနောက်ကဟာတွေ **သိမ်းနိုင်**မှ ဒီဇရာ မရဏက လွတ်မယ်... (မှန်ပါ့) နောက်ကဟာတွေ **မသိမ်း**နိုင်ရင် ဇရာ မရဏကလွတ်ပါ့ မလား...(မလွတ်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ နောက်ဆုတ် ပဋိလောမ ပြောတာ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီဘက်က ဘာပါလိမ့်...(တဏှာပါဘုရား) ဒီဘက်က ဘာပါလိမ့်...(တဏှာပါဘုရား) ဒါကြောင့် တဏှာကြောင့် ဘာဖြစ်သတုံး...(ဥပါဒါန် ဖြစ်ပါတယ်ဘုရား)။

ဥပါဒါန်ကြောင့်...(ကမ္မဘဝ ဖြစ်ပါတယ်) ကမ္မဘဝ ကြောင့်...(ဇာတိဖြစ်ပါတယ်) ဇာတိကြောင့်...(ဇရာ မရဏ ဖြစ်ပါတယ်ဘုရား)။

သြော်...ဒါဖြင့် ဒီဇရာ မရဏဟာ ဘဝပေါင်းများစွာ အိုလိုက်သေလိုက်၊ အိုလိုက် သေလိုက်နေတာကိုး၊ နောက်ဆုတ် တွေးလာလို့ရှိရင် ဇာတိကြောင့်ဖြစ်တယ်၊ သားသမီးနဲ့ ပစ္စည်း စွဲလမ်းမှုကြောင့်...(ဥပါဒါန်ပါဘုရား) သားသမီးနဲ့ ပစ္စည်းကို ခင်မှုကြောင့်...(တဏှာပါဘုရား)။

ဒါဖြင့် ခင်တာကတဏှာ၊ စွဲလမ်းတာက...(ဥပါဒါန်ပါ ဘုရား) စွဲလမ်းခြင်းကြောင့် ကာယကံ, ဝစီကံတွေနဲ့ ပွေ့ကာပိုက်ကာ ပြောဆိုနေကြတာက ကမ္မဘဝ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဘဝပစ္စယာ...(ဇာတိပါဘုရား) ဇာတိပစ္စယာ...(ဇရာ မရဏပါ) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒကာဒကာမတို့ ခင်ဗျားတို့ ကြောက်စရာကောင်းလိုက်တာ ဦးလှဘူးရေ...(ကောင်းပါတယ်ဘုရား) မပေါ်သေးဘူးလား... (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



အိမ်ကျတော့ ကွမ်းသီးကလေးတွေချပြီး ဒီအတိုင်းကြည့်၊ ဒီအတိုင်းကြည့်ရင် ပေါ်လာလိမ့်မယ်...(မှန်ပါ့)။

ဒီတဏှာသည့်ကားလို့ ဆိုရင် ဒကာသိုက်တို့ လက်သည် ရှာကြဦးစို့...(မှန်လှပါ) ဒီတဏှာလက်သည် ရှာလိုက်တဲ့အခါ ကျတော့ ဒီတဏှာ ဘယ်ကလာပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ခံစားချင်တဲ့ဝေဒနာက လာတာပဲ... (မှန်ပါ့ဘုရား)။

ကောင်းကောင်း စားချင်တယ် ဟုတ်လား...(မှန်ပါ့) ဝမ်းသာတဲ့သောမနဿ ဝေဒနာကြောင့် လာတယ်၊ ဒေါမနဿ ကော...(လာပါတယ်ဘုရား)။

ဒါဖြင့် သောမနဿ ဒေါမနဿ ဥပေက္ခာဆိုတဲ့ ဝေဒနာတို့ကြောင့် တဏှာလာတယ်...(မှန်ပါ့) ဝေဒနာ ပစ္စယာ...(တဏှာပါဘုရား)။

တဏှာပစ္စယာ...(ဥပါဒါန်ပါဘုရား) ဥပါဒါန်ပစ္စယာ (ဘဝပါဘုရား) ဘဝကို ကံဆိုလိုက်ပါတော့...ကမ္မဘဝေါ ကာယကံ, ဝစီကံ, မနောကံ...(မှန်ပါ့) ဘဝပစ္စယာ (ဇာတိပါဘုရား) ဇာတိပစ္စယာ...(ဇရာ မရဏပါဘုရား)။

ဒါဖြင့် ဒီဇရာ မရဏတွေကို နောက်ဆုတ်၊ နွယ်ကြီးကို ဒကာဒကာမတွေ အရင်းဖြတ်၊ အရင်းဖြတ်ချင်တော့ အဖျားကနေမ, လိုက်တာပေါ့ဗျာ...(မှန်ပါ့) မ,ပါများတဲ့အခါ အရင်းမတွေ့ဘူးလား...(တွေ့ပါတယ်ဘုရား)။

http://www.dhammadownload.com



**အဲ . . . ဇရာ မရဏဆိုတဲ့ အဆုံးကနေပြီး၊ အဆုံးကနေပြီး** အညွန့်ကနေပြီး မ, လိုက်ပါ . . .(မှန်ပါ့) မ, လိုက်တဲ့ အခါကျတော့ ဒကာဒကာမတို့ သူ၏ လက်သည်တွေဟာ သူပဲ၊ သူပဲ၊ သူပဲ၊ သူပဲဆိုတာ ပေါ်လာပါလိမ့်မယ် . . .(ပေါ်လာပါတယ် ဘုရား) မပေါ်သေးဘူးလား . . .(ပေါ်ပါပြီဘုရား)။

အခု ဝေဒနာတွေ့ရပြီ . . .(မှန်ပါ့) ဝေဒနာကြောင့် တဏှာ ဖြစ်တယ် . . .(မှန်ပါ့) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။

ကောင်းပြီ . . .ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတာ ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မနေ့ညက ပြောသလို ပြောရဦးမယ် ဒကာ ဒကာမတို့ . . .ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တဏှာ သိမ်းလို့လဲ နိဗ္ဗာန်ရောက်သွားတယ် . . .(မှန်ပါ့) ဇရာ မရဏ သိမ်းလို့ကော . . .(နိဗ္ဗာန်ရောက်သွားပါတယ် ဘုရား)။

ဒါဖြင့် သူက သမုဒယသစ္စာ၊ ဒီဘက်ကဟာတွေက ဒုက္ခသစ္စာ . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်သွား တာသည် ဒီတဏှာသိမ်းလို့၊ ဇာတိ, ဇရာ, မရဏ ဒုက္ခသိမ်းလို့ ဘုရားဖြစ်သွားတယ် . . .(မှန်ပါ့)။

ဒါကြောင့် . . .ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ပွင့်တယ်လို့ဆိုတာ လူတိုင်းသိပြီးသား . . (မှန်ပါ့)။

http://www.dhammadownload.com



ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်မှာပွင့်ပါလိမ့် (ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ပွင့်ပါတယ်) သဘောကျပလား... (မှန်ပါ့ဘုရား)။

အဲဒါ လိုရင်း မဟုတ်သေးဘူး၊ လိုရင်းမဟုတ်သေးဘူး ဆိုတော့ ဒကာဒကာမတွေက ဟာ...ဒီဥစ္စာ ဘုရားကျမ်းဂန်တွေနဲ့ အင်မတန် သေချာနေတာပဲလို့ ဆိုကြလိမ့်မယ်...(မှန်ပါ့ဘုရား)။

ဟုတ်ပါတယ်...တဲ့၊ ဗောဓိပင်နဲ့ ရွှေပလ္လင် အပေါ်မှာ ဘုရားတော့ဖြစ်ပါတယ်၊ အဲဒါက ပွင့်ရာဌာန အနေသာ ပြောခြင်းဖြစ်ပြီးတော့ တကယ့်သဗ္ဗညုတဉာဏ် ဘုရားကတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဘုရား ဘယ်နေရာမှာ ဘုရားဖြစ်ပါလိမ့်...(ဝေဒနာနဲ့ တဏှာအကြားမှာ ဘုရားဖြစ်ပါတယ်)။

ဝေဒနာနဲ့ တဏှာအကြားမှာ ဘုရားဖြစ်တယ်ဆိုတော့ ဝေဒနာနဲ့ တဏှာအကြားမှာ ဒကာဒကာမတို့ သေသေချာချာ မှတ်ပါ...တဲ့၊ ဝေဒနာတွေကို ဖြစ်ပျက်ရှုတယ်...(မှန်ပါ့) ဖြစ်ပျက်ရှုလိုက်တော့ ဒီအထဲမှာ မဂ်မရဘူးလား...(ရပါတယ် ဘုရား)။

ဒကာဒကာမတို့ ဒီဟာကလေးကို ဘုရားပဲ...လို့ ဆုံးဖြတ်ချက်ချ...(မှန်ပါ့) ဒီနေရာမှာ ဝေဒနာတွေလို ဖြစ်ပျက်ရှုတယ်၊ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ ဝေဒနာတွေရဲ့ ဖြစ်ပျက် မြင်လာတယ်...(မှန်ပါ့) ဖြစ်ပျက်တွေ မုန်းလာတယ်...(မှန်ပါ့)။

http://www.dhammadownload.com



ဖြစ်ပျက်တွေဆုံးတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး မဂ်ရတယ်၊ ဒီနေရာမှာ ရတယ် (မှန်ပါ့) အဲဒီမဂ်ရတော့ ဒီဘက်က တဏှာ သေတယ်...(မှန်ပါ့) ဒီဘက်က တဏှာ သေသောကြောင့် ဒီဘက်က နောက်လာမယ့် ဇာတိတွေ၊ ဇရာ မရဏတွေ မသေဘူးလား...(သေပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဝေဒနာနဲ့ တဏှာ ကြားထဲမှာ ဘုရားဖြစ်တယ်...(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဘယ်မှာ ဘုရားဖြစ်ပါလိမ့်...(ဝေဒနာနဲ့ တဏှာအကြား မှာ ဘုရားဖြစ်ပါတယ်) ဘုရားအစစ်ဖြစ်တာက ဒီမှာ...(မှန်ပါ့) သူတည်ရာဌာနကတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်ပါပဲ...(မှန်ပါ့)။

ဘုရားစစ် သဗ္ဗညုတဉာဏ်ရတာ ဒကာဒကာမတို့... မဂ်လေးတန်, ဖိုလ်လေးတန်နဲ့ သဗ္ဗညုတရတာက ဒီကြားမှာ ရတယ်... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားဘယ်နေရာမှာ ဖြစ်ပါလိမ့်... (ဝေဒနာနဲ့ တဏှာ အကြားမှာပါဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဝေဒနာကို ဖြစ်ပျက်ရှုလိုက်တော့ ဒီမဂ်က မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား) ကောင်းပြီ...ဒီက မဂ်လေးတန်ဖြစ်သွားတဲ့ အခါ ဝေဒနာနောက်က ဝေဒနာ ပစ္စယာ တဏှာ လာသေး ရဲ့လား...(မလာပါဘုရား) တဏှာမလာတော့ ဥပါဒါန် တွေကော...(မလာပါဘုရား) ကံတွေကော...(မလာပါဘုရား)

http://www.dhammadownload.com



နောက်ဘဝ အနာဂတ်ဇာတိတွေကော...(မလာပါဘုရား) ဇရာ မရဏတွေကော...(မလာပါဘုရား)။

ဩော်...ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဘုရား ဖြစ်တော့ တဏှာသေတယ်၊ ဟုတ်လား... (မှန်ပါ့) ခန္ဓာရဲ့ အောင်တော်မူတယ်ဆိုတော့ ဒီခန္ဓာတွေ လာသေးရဲ့လား... (မလာပါဘုရား) ဇာတိ, ဇရာ, မရဏတွေ လာသေးရဲ့လား... (မလာပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားပွင့်ရာဌာန သိပလား...(သိပါပြီဘုရား) ဘယ်နေရာပါလိမ့်...(ဝေဒနာနဲ့ တဏှာ ကြားမှာပါဘုရား) ဝေဒနာနဲ့တဏှာကြားမှာ ဘုရားဖြစ်တယ်ဆိုတာ သေသေချာချာ မှတ်ပါ...(မှန်ပါ့)။

ခင်ဗျားတို့ သောတာပန် တည်ချင်လဲ ဝေဒနာနဲ့ တဏှာ ကြားမှာ ရှုတဲ့မဂ်ဝင်ရမယ်...(မှန်ပါ့) သဘောကျ ပလား... (ကျပါပြီဘုရား)။

သကဒါဂါမ် တည်ချင်လဲ ဝေဒနာနဲ့ တဏှာကြားထဲမှာ ဘာလုပ်ရမလဲ...(ရှုတဲ့မဂ် ဝင်ရပါမယ်ဘုရား) ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

အနာဂါမ်တည်ချင်တော့ကော (ဝေဒနာနဲ့ တဏှာကြားမှာ ရှုတဲ့မဂ် ဝင်ရပါမယ်ဘုရား) ရှုတဲ့မဂ် ဝင်လိုက်လို့ရှိရင် တဏှာ ကြားလို့သာ ဆိုရတယ် တဏှာက လာသေးရဲ့လား...(မလာပါ ဘုရား)။

http://www.dhammadownload.com



ရဟန္တာဖြစ်ချင်ပြန်တော့လဲ ဘယ်နေရာကနေ ကြိုးစားရမလဲ (ဝေဒနာနဲ့ တဏှာကြားကပါပဲ ဘုရား) ဝေဒနာနဲ့ တဏှာကြားကနေပြီး မဂ်ဉာဏ်နဲ့ ကြိုးစားလိုက်ပါ...(မှန်ပါ့)။

ကြိုးစားလိုက်တော့ ဒီဘက် တဏှာ မသေဘူးလား... (သေပါတယ်ဘုရား)...ရဟန္တာဖြစ်တော့ နောက်ခန္ဓာတွေကော လာသေးရဲ့လား...(မလာပါဘုရား) ဇာတိ, ဇရာ, မရဏတွေ လာသေးရဲ့လား...(မလာပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ်ကိုယ်တိုင် သောတာပန်တည်ချင်လဲ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်ပါ...(မှန်ပါ့ဘုရား) ကိုယ်ကိုယ်တိုင် သကဒါဂါမ်တည်ချင်တော့ကော...(ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်ရပါမယ်ဘုရား) အနာဂါမ်ဖြစ်ရင်ကော...(ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်ရပါမယ်ဘုရား)။

ဒါဖြင့် မဂ်ဝင်လိုက်သည်နဲ့ တပြိုင်နက်တည်း ကိလေသာချုပ်တယ်...(မှန်ပါ့ တဏှာနိရောဓော၊ ဥပါဒါနနိရောဓော၊ ဇာတိနိရောဓော၊ ဇရာ မရဏ နိရောဓော အကုန်ချုပ်တာပဲ... (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဘက် အကုန်ချုပ်သွားလို့ ရှိရင်ဖြင့် ဒီဥစ္စာ တဏှာချုပ်လဲ နိဗ္ဗာန်...(မှန်ပါ့) ဒီဘက်က ဇာတိ, ဇရာ, မရဏချုပ်ရင်ကော...(နိဗ္ဗာန်ပါဘုရား) ဒါဖြင့် ဒီနေရာမှာလဲ ခင်ဗျားတို့ လုပ်ဖြစ်အောင်လုပ်ပါ...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဩော်. . .ဒါဖြင့် ဒကာဒကာမတို့ ဝိပဿနာ ရှုရှု **ရှုရှုဆိုတာ** ပဋိစ္စသမုပ္ပာဒ် ဘယ်ကြားမှာ ရှုရမယ်ဆိုတာ သိမှသာ**လျှင်** ဒကာဒကာမတို့သည် ရှုရကျိုးနပ်**တော့**မပေါ့ . . .(မှန်ပါ့ဘုရား) **အင်း . . .ဘယ်ကြားက**နေ ရှုရမှာပါလိမ့် . . .(ဝေဒနာနဲ့ **တဏှာအကြားကနေ** ရှုရမှာပါဘုရား) ဒီနေရာပဲ ရှိတယ်၊ ဒါက ခင်ဗျားတို့**၏**ဖြစ်စဉ်ကိုး. . .(မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီနေရာကနေ **ရှုဖို့ရာ အတော်** အရေးကြီးတယ်. . .(မှန်ပါ့) ဘုရားပွင့်လဲ ဒီ**နေရာကပွင့်တယ်** . . .(မှန်ပါ့)။

အရှင်**ကောဏ္ဍည** သောတာပန်တည်တာလဲ ဒီနေရာမှာ တည်**တယ် . . .(မှန်ပါ့**ဘုရား) သဘောကျပလား. . . (ကျပါပြီ ဘုရား) နောက်တော့ အရှင်ဝပ္ပတို့၊ အရှင်အဿဇိတို့ တည်တာကော. . .**(ဒီနေရာမှာ**ပါပဲ ဘုရား)။

ဒါဖြင့် ဒ**ကာဒကာမတို့** ကိုယ့်ခန္ဓာထဲမှာ ခန္ဓာကတော့ဖြင့် ဝိပဿနာအလုပ် မ**လုပ်တော့ဘူး**ဆိုလို့ရှိရင် ဝေဒနာ, တဏှာ, ဥပါဒါန် ကံ တန်းနေတာပဲ. . .(မှန်ပါ့)။

ဒီကြားမှာ ဒါကလေးသွင်းလိုက်တဲ့ အခါကျတော့၊ ဆရာကောင်း သမားကောင်းများထံက နည်းယူပြီး ဒါကလေး သွင်းလိုက်တဲ့အခါ**ကျတော့ ဒကာ**ဒကာမတို့ ဒီဘက်ကအကုန် မပြတ်ဘူးလား. . .(ပြတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ဒီမဂ်ဝင်ရင် မဂ်ဟာ ကိလေသာ ဖြတ်တယ်ဆိုတော့ ဒီသမုဒယသစ္စာ **ဖြတ်ချလိုက်**တာပဲ... (မှန်ပါ့)။

ခန္ဓာကိုယ်လဲ ဖြတ်တယ် **ဆိုသောကြောင့်** အနာဂတ်မှာ **ခန္ဓာတွေကော** လာသေးရဲ့လား...**(မလာပါဘုရား)**။

**ဒါဖြင့်** ဒကာဒကာမတို့ ခင်ဗျား**တို့ခန္ဓာ**ကိုယ်ထဲမှာ ဒါက ဒကာဒကာမတို့၏ ခန္ဓာကိုယ်ဖြစ်စဉ်...**(မှန်ပါ့)**။

ဘုန်းကြီးဆိ တရားလာနာတော့ ဘုန်းကြီးက ဒီ**ကြားမှာ** ဒါကလေး သွင်းပေးလိုက်တယ်၊ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ကလေး သွင်းပေးလိုက်...(မှန်ပါ့) ခင်ဗျားတို့ ကိုယ်**တိုင်** အားထုတ်တဲ့အချိန်ကော...(ဝေဒနာနဲ့ တဏှာကြား**မှာ** ပါပဲဘုရား)။

ဒီနေရာ**မှာပဲ အားထု**တ်လိုက်တဲ့ အခါကျတော့ ဒီဘက်က တဏှာလဲချုပ်**တယ်၊ ဒီဘက်က** ဥပါပါန်ကော...(ချုပ်ပါတယ် ဘုရား) ဒီဘ**က်က ကာယကံ,** ဝစီကံကော...(ချုပ်ပါတယ် ဘုရား)။

ဒါဖြင့် မအားတဲ့ပုဂ္ဂိုလ်ကျတော့ ဒီအစဉ်အတိုင်း သွားနေ လို့... (မှန်ပါ့) ကရားမနာတဲ့ **ပုဂ္ဂိုလ်** ဘယ်လိုဆိုလိုမလဲ... **(ဒီအစဉ်အတိုင်း** သွားနေကြပါမယ် ဘုရား) ဝေဒနာ၊ **တဏှာ၊** ဥပါဒါန်၊ **ကံ၊** ဇာတိ၊ ဇရာ၊ မရဏ (မှန်ပါ့ဘုရား) **ရှင်းပလား** (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဖြတ်လိုက်တဲ့အတွက် ဝေဒနာကဖြစ်ပျက် ဒီကမင်္ဂ...(မှန်ပါ့)။

ဒီလို အားထုတ်လိုက်ပါရော၊ ဒီဘက်က ဘယ့်နှယ်နေကြသလဲ...(ပြတ်ပါတယ်ဘုရား) အကုန်မပြတ်ဘူးလား...(ပြတ်ပါတယ် ဘုရား)။

**ဒါဖြင့်** သမုဒယသစ္စာလဲပြတ်၊ ဒုက္ခသစ္စာကော...(ပြတ်ပါတယ် ဘုရား) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ တရားသာ အားမထုတ်ဘူးဆိုရင် ဒီအစဉ်အတိုင်းဟာ နာရီတိုင်း စက္ကန့်တိုင်း သွားရမယ်...(မှန်ပါ့ဘုရား) ရိပ်မိကြပလား...(ရိပ်မိပါပြီဘုရား)။

တရားအားမထုတ်တော့ပါဘူး၊ ရောင်းရေး ဝယ်ရေး၊ သားရေးသမီးရေးနဲ့သာ ဆိုရင်ဖြင့် ဝေဒနာပစ္စယာ (တဏှာပါဘုရား) တဏှာပစ္စယာ...(ဥပါဒါန်) ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ မသွားပေဘူးလား...(သွားပါတယ်ဘုရား) နောက်တစ်ခါ ရောင်းစရာ, ဝယ်ရာရှိပြန်လို့ ပြောစရာ ဆိုစရာ ရှိပြန်တော့လဲ ဝေဒနာပစ္စယာ...(တဏှာပါဘုရား) အကုန်လာပြန်တာပဲ...(မှန်ပါ့)။

ဒါဖြင့် ပဋိစ္စသမုပ္ပာဒ် တစ်နေ့မှာ ဘယ်နှခေါက်လျှောက်နေသတုံးမေးရင် ဘယ့်နှယ်ပြောပါ့မလဲ...(မရေတွက်နိုင်ပါဘုရား)။

http://www.dhammadownload.com



မရေတွက်နိုင်အောင် လျှောက်လို့ရှိရင် မရေတွက်နိုင်အောင် ချောက်ကျမယ်...(မှန်ပါ) ဇာတိချောက်၊ ဇရာ၊ မရဏချောက် မကျပေဘူးလား...(ကျပါတယ်ဘုရား) ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီကြားမှာ သွင်းဖြစ်အောင် သွင်းပါဆိုတာ အလုပ်ထိုင်ပေးတာကို ပြောတယ်...(မှန်ပါ) ဝေဒနာဖြစ်ပျက်တွေ အလုပ်ထိုင်ပေးလိုက်လို့ ရှိရင်ဖြင့် ဝေဒနာက ဖြစ်ပျက် အလုပ်ထိုင်ပေးတာက မဂ်...(မှန်ပါဘုရား) ဒီဘက်က ပဋိစ္စသမုပ္ပာဒ်**ကြီး** ဘယ့်နှယ်နေသတုံး (ပြတ်ပါတယ် ဘုရား)။

ဒါဖြင့် **မလုပ်**တဲ့ပုဂ္ဂိုလ်နဲ့ လုပ်တဲ့ပုဂ္ဂိုလ် ဤကဲ့သို့ ထူးခြားတယ်ဆိုတာကော မပေါ်သေးဘူးလား... (ပေါ်လာ ပါတယ်ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီဘက်က သွားစရာတွေ တစ်ပုံကြီးရှိတယ်... (မှန်ပါ ဘုရား) သို့သော်လဲ တစ်**နာရီပဲပြောမယ်၊ ဒကာဒကာမ** တွေ ပင်ပန်းမှာလဲစိုးတယ်၊ **ဘုန်းကြီး**များလဲ ပင်ပန်းမှာ စိုးရတယ်၊ တာရှည်လဲ သွားနိုင်အောင် ယနေ့ ဒီတွင်ပဲ နားကြဦးစို့...။

သာဓု ...**သာဓု**...သာဓု

http://www.dhammadownload.com



**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ် **ဆရာတော်ဘုရားကြီး**
မင်္ဂလာတိုက်ကျောင်း၌ ဟောကြားတော်မူအပ်သော
**ဝေဒနာခွာပြီး အနိစ္စတွေ့အောင်ရှု သေခါနီး ဝေဒနာ ခွာပုံများ**

# နေ့အလုပ်ပေး တရားတော်

## (၁၃၂၁-ခု **ဒုတိယ ဝါ**ဆိုလဆုတ် ၉-ရက်)

ဝေဒနာကို အရင်ဖြတ်ရမှာပဲဆို ဒကာဒကာမတွေ အမြင်သားပေါ့ဗျာ...(မှန်ပါ့)။

**ကောင်း**ပြီ...ဒါဖြင့် ကိုင်း...အားလုံး ဒကာဒကာမတွေ **အချက်အလက်**ပြောပြီနော်... **(မှန်ပါ့) နားကြီးကြီး**နဲ့ ထောင်ပါ နား**ကြီး**ကြီး**နဲ့** ထောင်ပါ ဒ**ကာဒကာမတို့...။**

မင့်မှာ ဘယ့်နှယ်များ နေ**သတုံးကွာ**၊ ဟာ...ဒီဝေဒနာ မသက်သာဘူးဘုရား...(မှန်ပါ့) အေး...မင်းမှာ ဝေဒနာနဲ့ အနိစ္စ မကွဲပြားဘဲ ဖြစ်နေတာကိုးကွ...(မှန်ပါ့)။

ဆုံးမပုံ၊ ဆုံးမပုံ သတိထားလိုက်စမ်းပါဦး၊ ဘာတဲ့... (ဝေဒနာနဲ့ အနိစ္စ မကွဲပြားဘဲ ဖြစ်နေပါတယ်ဘုရား) ဝေဒနာနဲ့ အနိစ္စ မကွဲပြားဘဲ ဖြစ်နေတော့တယ် ဒကာဒကာမတို့... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဝေဒနာနဲ့ အနိစ္စ **မကွဲပြားဘူးဆိုတော့ ဒကာဒကာမတွေ** ဘုန်းကြီးက အဲဒီနေရာက**လေး ဉာဏ်ကူပြီး**သကာလ ဆုံးဖြတ်ချက် ချပေးလိုက်ပါတော့မယ်၊ ဝေဒနာကို ကျော်ပြီး သကာလ အနိစ္စတွေ့အောင်ရှာပါ၊ ဝေဒနာကို ခွာဖြစ်အောင် ခွာပါလို့ သတိပေးလိုက်တယ်...(မှန်ပါ့)။

ဥပမာ...သစ်တစ်ပင်မှာ အကာတွေ ခွာလို့ရှိရင် အသားပေါ်ရမယ်...(မှန်ပါ့) မပေါ်ပေဘူးလား (ပေါ်ပါတယ်ဘုရား) ဒီမှာလဲ ဝေဒနာခွာလိုက်လို့ ရှိရင်ဖြင့် အနိစ္စတွေပါ ပါလိမ့်မယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကျပ်ကျပ်သတိထားစမ်းပါ၊ ဝေဒနာခွာလိုက်ရင် (အနိစ္စတွေ့ပါတယ် ဘုရား) ဟုတ်တယ်...တဲ့ ဖြစ်တာနဲ့ ပျက်တာ ဖြစ်တုန်းမှာဝေဒနာ၊ ပျက်တော့ ဝေဒနာသဘောစွန့်ပြီး **အနိစ္စ** မရောက်ဘူးလား...(ရောက်ပါတယ်ဘုရား)။

ဖြစ်တုန်းကတော့...(ဝေဒနာပါဘုရား) ပျက်တော့... (အနိစ္စပါဘုရား)။

ဩော်...ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ သန္တာန်မှာ နှိပ်စက်တဲ့ ဝေဒနာတရား၏ အပျက်ကလေးကို တွေ့အောင်ရှာလို့ ရှိရင်ဖြင့် ဝေဒနာခွာ၍ အနိစ္စတွေ့ပါပြီ...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဘာ...တဲ့...(ဝေဒနာခွာ၍ အနိစ္စတွေ့ပါပြီဘုရား) သာမည အရေးကြီးတယ်များ ထင်ကြသလား... **(မထင်ပါဘုရား)**။

http://www.dhammadownload.com



ဒကာဒကာမတို့ သေတဲ့အခါ ဒုက္ခဝေဒနာတော့ ရောက်ကြရလိမ့်မယ်၊ ရကြလိမ့်မယ် ဆိုတာကတော့ဖြင့် ငြင်းဆန်မနေကြပါနဲ့တော့နော်...(မှန်ပါ)။

အဲဒီတော့ ဒီဝေဒနာသည်**ကား**လို့ ဆိုရင်ဖြင့် ဖြ**စ်တာ**နဲ့ ပျက်တာပဲရှိတယ်...(မှန်ပါဘုရား) ဖြစ်တုန်းက **ဝေဒနာ**၊ ပျက်တော့...(အနိစ္စပါဘုရား)။

အင်း...ဒါဖြင့် ဝေဒနာတုန်းကတော့ ဒုက္ခဝေဒနာက နှိပ်စက်တယ်ထားပါ**တော့၊ ပျက်သွား**တဲ့အခါကျတော့ သူတောင် ပျက်နေတဲ့ **မှဖြစ်တော့ ကိန်းရာပုဂ္ဂိုလ် နှိပ်စက်သေး**ရဲ့လား... (မနှိပ်**စက်ပါဘုရား)။**

**မနှိပ်စ**က်တော့ ဘာဖြစ်လို့ မနှိပ်**စက်ပါလိမ့်မ**လဲလို့ မေးခွန်းထု**တ်လို့ရှိ**ရင် **ဝေဒနာခွာနိုင်တဲ့ ပုဂ္ဂိုလ်**မို့ အနိစ္စသာ တွေ့နေ**သောကြော**င့် ဒ**ကာဒကာမတွေ အနိစ္စ** နောက်ကနေပြီး သကာလ **တွေ့**တဲ့မဂ္ဂ **လိုက်လာ တော့**တယ်... **(မှန်ပါ)**။

ဒါဖြင့် အနိစ္စကလဲ နာတာမဟုတ်၊ **တွေ့**တဲ့ မဂ္ဂကလဲ နာတာမဟုတ်၊ သဘော**ကျ**ပလား...(ကျပါပြီဘုရား)။

အနိစ္စကတော့**...(နာတာ**မဟုတ်ပါဘုရား) တွေ့တဲ့ မဂ္ဂကော... (နာ**တာမဟုတ်**ပါဘုရား) ဒါ ဝေဒနာခွာနိုင်တဲ့ ပုဂ္ဂိုလ် ဒီနှစ်ချက်ရ **ဆိုပါလား**...(မှန်ပါ)။

ဝေဒနာကို ခွာထု**တ်**နိုင်တဲ့ ပုဂ္ဂိုလ် ဘယ်နှချက်ရပါလိမ့်... (နှစ်ချက်ရပါတယ်ဘုရား) အနိစ္စကလဲ နာတာဟုတ်ပါရဲ့လား... (မဟုတ်ပါဘုရား)။

http://www.dhammadownload.com



မဂ္ဂကကော...(နာတာ မဟုတ်ပါဘုရား) အနိစ္စရယ်လို့ ရှုနေတဲ့မဂ္ဂလဲ နာတာမဟုတ်ပါဘူး...(မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ "ဝေဒနံ ဝိက္ခမ္ဘေတွာ"လို့ ဆိုသောကြောင့် ဝေဒနာခွာပြီး သကာလ ဒကာဒကာမတို့ ဝေဒနာလား၊ အနိစ္စလားလို့ မေးပြီး သကာလ သြော်...အနိစ္စ ပေါ်လာတာပါလားဆိုပြီး သကာလ အနိစ္စရောက်တဲ့ သဘော ကလေးပါလားဆိုပြီး သကာလ အပျက်ကလေးကို မြင်အောင် ကြည့်...(မှန်ပါ့)။

ဒါဖြင့် အပျက်ကလေးက ဘာပါလိမ့်...(အနိစ္စပါဘုရား) မြင်အောင် ကြည့်နိုင်တာကလေးက (မဂ္ဂပါဘုရား)။

နေရာကျလိုက်တာဗျာ...(မှန်ပါ့) အပျက်ကလေးဟာ ဘာတဲ့...(အနိစ္စပါဘုရား) မြင်အောင်ကြည့်နိုင်တာ ကလေးက (မဂ္ဂပါဘုရား) တယ်လဲအဖိုးတန်ပါလား ဒကာဒကာမတို့ (မှန်ပါ)။

ဒါဖြင့် သေတဲ့အခါမှာ ဝေဒနာခွာပြီးသကာလ၊ ဝေဒနာ ကျော် လွန်ပြီးသကာလ၊ မဂ္ဂလိုက်ပြီးသကာလ ဒကာ ဒကာမတွေ သေခါနီးမှာ နေပြပါလို့ ဟောလိုက်တယ်...(မှန်ပါ့)။

တော်တော်အရေးကြီးတယ် ဒကာဒကာမတို့၊ ဒါကြောင့် သာမညနားနဲ့ မထောင်ပါနဲ့ ဆိုတဲ့ဥစ္စာ လေးလေးနက်နက်ကြီး မှာကြားရတယ်နော်...(မှန်ပါ့)။

ဒါက ဘယ်လိုပုဂ္ဂိုလ်တုံးဘုရားလို့ မေးတဲ့အခါကျတော့ အခုကိုက အနိစ္စပိုင်ထားတဲ့ ပုဂ္ဂိုလ်မှရမယ် (မှန်ပါ့) သဘော ကျပလား...(ကျပါပြီဘုရား)။

1.A

http://www.dhammadownload.com



အခု ပိုင်ထားမှနော်...(မှန်ပါ) မီးလောင်မှ ရေရှာလို့တော့...(မရပါဘုရား)။

မီးမလောင်ခင်က မဂ်တည်းဟူသောရေကို ယခုက ရှာထားလို့ရှိရင် အနိစ္စတွေ့ရင် မဂ္ဂမဖြစ် ဖြစ်အောင် ကြိုးစားထားလိုက်လို့ ရှိရင်ဖြင့် ဒကာဒကာမတို့ သေခါနီးမှာ မဂ္ဂသစ္စာနဲ့သေရမယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီ ဘုရား)။

ဘာနဲ့ သေရမလဲ... (မဂ္ဂသစ္စာ ဖြစ်ပြီး သေရပါမယ်) မဂ္ဂသစ္စာဖြစ်ပြီး သေရမယ်ဆိုတော့ ဒကာဒကာမတို့ သာမည အဖိုးတန်တဲ့ အဖြေလား၊ အကြီးအကျယ် အဖိုးတန်တဲ့ အဖြေလားဆိုတာ မေးခွန်းထုတ်ပါတော့...(အကြီးအကျယ် အဖိုးတန်တဲ့ အဖြေပါဘုရား)။

စဉ်းစားကြပါ၊ စဉ်းစားကြပါ ဒကာဒကာမတို့... သေနည်းသင်နေတာနော်...(မှန်လှပါ) ဘုရားက အရှင်ဖဂ္ဂုနကို သေနည်းသင်နေတဲ့ တရားလို့ မှတ်လိုက်စမ်းပါ...(မှန်ပါဘုရား)။

ဘုရား၏ ကိုယ်စားလှယ်ဖြစ်တဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သေစရာလက်နက်တွေယူပြီးသကာလ၊ မွေးဖွားလာတဲ့ ပုဂ္ဂိုလ်မို့ သေမှာ ဧကန်သိနေသောကြောင့် သေနည်းကောင်း ပြနေတယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်လိုက်စမ်းပါ... (မှန်ပါဘုရား) ဘယ်လောက်များ အရေးကြီးသတုံး... (ကြီးပါတယ် ဘုရား)။

http://www.dhammadownload.com



အရှင်ဘုရား အသေသင့်ရတာလဲ မလွယ်ပါကလား ဆိုတာ လူမိုက်များပြောတော့ မွေးတစ်နေ့ သေတစ်နေ့လို့ ဆိုတာပဲ၊ သို့သော် လားရာဂတိကို ထည့်ပြောတာ မဟုတ်ပါဘူး . . . (မှန်ပါ့ဘုရား)။

အခုဘဝကတော့ ဒကာဒကာမတို့ လားရာဂတိကိုတောင်း တာလဲ ဖြစ်ချင်ဖြစ်ရမယ် . . .(မှန်ပါ့) လားရာဂတိကို မရှိတဲ့ အခြေအနေလဲ ရောက်ချင်ရောက်မယ် . . .(မှန်ပါ့) သဘော ကျကြပလား . . .(ကျပါပြီဘုရား)။

ဝေဒနာပေါ်ပြီး အနိစ္စတွေ့အောင်ရှာပြီး သေပါ့လားဆိုတာ အမိပ္ပာယ်ပြောလိုက်ပါတယ် . . .(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝေဒနာလား၊ အနိစ္စလားလို့ သေခါနီးမှာ မေးကြစမ်းပါဦး . . .(မှန်ပါ့) မေးတော့ ဘာအဖြေထွက်မယ် ထင်သတုံး (အနိစ္စပါဘုရား)။

ဒါကြောင့် ယဉ်ကျေးမှုရှိတဲ့ ဒကာဒကာမတွေကျတော့ ဩော် . . .ဖြစ်တာက ဝေဒနာ၊ ပျက်တာက အနိစ္စဆိုတာ မသေချာဘူးလား . . .(သေချာပါတယ်ဘုရား)။

ဒါဖြင့် ယဉ်ကျေးပြီးသားအတွက်မှာဖြင့် အသေတတ်နေပြီ (မှန်ပါ့) မယဉ်ကျေးသေးတဲ့ ပုဂ္ဂိုလ်ကတော့ ကျုပ်ဒီဝေဒနာနဲ့ ဒီတောင်က မတက်တော့ပါဘူးဆိုပြီး ဝမ်းနည်းပြီး ဒေါသဇောနဲ့ သေပြီး အပါယ်ကျတတ်တယ် . . .(မှန်ပါ့) ဘယ်လောက်များ ကြောက်စရာ ကောင်းသလဲ . . .(ကောင်းပါတယ်ဘုရား)။

http://www.dhammadownload.com



အသေမတတ်လို့ ဒကာဒကာမတို့နော် ...(မှန်ပါ့) ဘယ်လောက်ထိအောင် ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်လာကြပလား ...(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သေခါနီး ဝေဒနာ လာတဲ့အခါ ရှေးဦးစွာ ဘယ်လိုလုပ်ရမယ်ဆိုတာ ဒီနံပါတ်က ဝေဒနာချွာပါ၊ ဝေဒနာကျော်ပါ ...(မှန်ပါ့) ဘာတွေ့ရမယ် (အနိစ္စတွေ့ရပါမယ်ဘုရား) အနိစ္စတွေ့ရ ပါမယ်နော် ...(မှန်ပါ့ ဘုရား)။

အဲဒီတော့ ဝေဒနာချွာပြီးသကာလ ... ဒါဝေဒနာ မဟုတ်ပါဘူးဆိုပြီး ချွာလိုက်ပြီးသကာလ အနိစ္စကိုဖြစ်ပြီး ပျက်သွားတဲ့ သဘောကလေးကို ဒကာကြွယ်တို့ ဒကာအေးတို့က တွေ့အောင်ရှာလိုက် ...(မှန်ပါ့)။

ရှာလိုက်တော့ တွေ့တယ်လို့ ဆိုကြတော့ အတွေ့ခံတာက အနိစ္စ၊ တွေ့ဉာဏ်က မဂ္ဂ ...(မှန်ပါ့)။

အတွေ့ခံတာက ...(အနိစ္စပါဘုရား) တွေ့ဉာဏ်က ... (မဂ္ဂပါဘုရား) ဒါဖြင့် မဂ္ဂဆိုတော့ ဝေဒနာရှုရင်းနဲ့ မဂ္ဂငါးပါးနဲ့ လဲ သေနိုင်တယ် ...(မှန်ပါ့)။

သို့ ဒီလိုမသေပါဘူးတဲ့ ဖဂ္ဂုနကျတော့ ဒကာဒကာမတွေ သိပ်ကောင်းတယ်ဗျာ ...အနိစ္စတွေ့တဲ့အပြင် အနိစ္စကို တစ်ခါ မုန်းပြသေးတယ် ဖဂ္ဂုနမှာ ...(မှန်ပါ့)။

နောက်လာတဲ့အခါကျတော့ အနိစ္စဆုံးပါရော ...(မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် အနိစ္စတွေ့ အနိစ္စမုန်း၊ အနိစ္စ ဆုံးပြီးသကာလ ဖဂ္ဂုနလေးခါလောက် ဒီအတိုင်းဖြစ်သွားတယ်...(မှန်ပါ့) အနိစ္စမြင် အနိစ္စမုန်း၊ အနိစ္စဆုံးတယ်၊ ၁–နံပါတ်...(မှန်ပါ့) နောက်တစ်ခါပြန်ကြည့်တော့လဲ အနိစ္စမြင် အနိစ္စမုန်း၊ အနိစ္စ ဆုံးတယ်...(မှန်ပါ့) နှစ်ခါရှိသွားပြီ...(မှန်ပါ့)။

နောက်တစ်ခါကျတော့ အနိစ္စမြင် အနိစ္စမုန်း၊ အနိစ္စဆုံး တယ်...(မှန်ပါ့) ဘယ်နှခါရှိပလဲ...(သုံးခါရှိပါပြီဘုရား) ဝေဒနာကို ကျော်ကျော်သွားတယ်နော်...(မှန်ပါ့)။

စတုတ္ထအကြိမ်ကျပြန်တော့လဲ အနိစ္စမြင် အနိစ္စမုန်း၊ အနိစ္စပဲဆုံးသွားတယ်...(မှန်ပါ့) အနိစ္စဆုံးတော့ နိစ္စနိဗ္ဗာန် တွေ့ရတာပေါ့ဗျာ...(မှန်ပါ့) မတွေ့ရဘူးလား... (တွေ့ရ ပါတယ်ဘုရား)။

တွေ့တော့ သူရဟန္တာဖြစ်ရော...(မှန်ပါ့) သူ့အနိစ္စအဆုံး မြင်တာနဲ့ ရဟန္တာဖြစ်တာနဲ့ စုတိစိတ်နဲ့ဟာ တစ်ပြိုင်နက်လို ချုပ်ပြီးသကာလ သမသီသီ ရဟန္တာဖြစ်သွားတယ်...(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ငါ့တရား နာရလို့ သူ့ခန္ဓာထဲ ဉာဏ်ရောက်ပကွာ...ဆိုပြီးသကာလ ဝေဒနာ ခွာနိုင်တဲ့ ပုဂ္ဂိုလ်ကလေး၊ ဝေဒနာကျော်နိုင်တဲ့ ပုဂ္ဂိုလ်ကလေး ဖြစ်လေသောကြောင့် ငါဘုရားကြွချိန်တန်ပြီဆိုပြီး ဘုရားလဲ ကြွသွားပါရော ဒီမှာလဲရဟန္တာဖြစ်တာနဲ့ စုတိချုပ်တာနဲ့ ဒကာကြွယ်တို့ ဒကာအေးတို့ ဒကာသိုက်တို့ တစ်ပြိုင်နက်လို ဖြစ်သွားတယ်...(မှန်ပါ့)။

http://www.dhammadownload.com



သတိထားစမ်းပါ ... သတိထားစမ်းပါ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝေဒနာကျော်ပြီး အနိစ္စတွေ့တဲ့ ဒကာ ဒကာမတွေ၏ အဖြစ်တွေဟာ ဘယ်လောက် မွန်မြတ်တယ်ဆိုတာ ပေါ်လာအောင်လို့ ပြောရတယ် ...(မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ဘုရားသခင်ကြွသွားရော ရှင်အာနန္ဒာက အနားမှာ ရှိတော့ သူဝိညာဏ်ချုပ်တဲ့အချိန်မှာ ရဟန္တာဖြစ်တာနဲ့ ဝိညာဏ်ချုပ်တာနဲ့ တစ်ပြိုင်နက်လို ဖြစ်တော့ ခေါင်းကြည့်လိုက် ပြန်တော့ လက်ယာဘက်စောင်းနေတယ် ...(မှန်ပါ့)။

သတိထားကြစမ်းပါ၊ ခေါင်းဘယ်ဘက် စောင်းပါ လိမ့် ...(လက်ယာဘက် စောင်းပါတယ်ဘုရား) ဖဂ္ဂုန ရဟန္တာ ဖြစ်သွားတော့စောင်းတာက လက်ယာဘက်စောင်းတယ် ... (မှန်ပါ့ဘုရား)။

မျက်စိတွေ, နားတွေ, နှာခေါင်းတွေ အခု အချို့ပုထုဇဉ်တွေ သေတော့ မျက်စိတွေမှတ် ...(မှန်ပါ့)ကြည်ကြည်လင်လင်ကော ရှိသေးရဲ့လား ...(မရှိပါဘုရား)။

နားတွေကလဲ နောက်လန်ပြီးတော့ ...(မှန်ပါ့) ဒီလိုမနေဘူး လား ...(နေပါတယ်ဘုရား) အသားတွေကလဲ ဖြူတဲ့ပုဂ္ဂိုလ်ကလဲ အမျိုးမျိုးဖောက်ပြန်၊ မည်းတဲ့ပုဂ္ဂိုလ်ကလဲ အမျိုးမျိုးဖောက်ပြန် နေတတ်ကြတယ် ...(မှန်ပါ့)။

ရှင်အာနန္ဒာက ဖဂ္ဂုနမထေရ် ကြည့်လိုက်တယ်၊ ခေါင်း ကလေး ကြည့်လိုက်ပြန်လဲ လက်ယာဘက်စောင်း၊ မျက်စိ,

http://www.dhammadownload.com



နား, နှာခေါင်းတွေ ကြည့်လိုက်ပြန်တော့လဲ လူကောင်းလို မသေတဲ့ လူများလိုပဲ ကြည့်ရှုင်နေသတဲ့...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ခေါင်းက ဘယ်ဘက်စောင်းပါလိမ့်...(လက်ယာဘက်စောင်းပါတယ်ဘုရား) မျက်စိ, နား, နှာခေါင်း, ကိုယ်တွေက ဘာတဲ့(ကြည်လင်ပါတယ်ဘုရား) အကုန်ကြည်လင်နေတယ်... (မှန်ပါ့ဘုရား)။

ဒါနဲ့ သူက ဖဂ္ဂုနအလောင်း ထားပစ်ခဲ့ပြီးသကာလ ဘုရားထံ သွားတယ်၊ ဘုရားထံသွားပြီး ဒကာဒကာမတို့... အရှင်ဘုရား ဖဂ္ဂုနမထေရ်သေပုံ ထူးလွန်းလို့ပါ ဘုရားတဲ့... (မှန်ပါ့)။

ဘယ်လိုများ ထူးဆန်းသတုံး အာနန္ဒာ...လို့မေးတော့ ထူးပုံက ခေါင်းကလဲ လက်ယာဘက်စောင်းလို့၊ မျက်စိ, နား, နှာခေါင်းတွေကလဲ မသေတဲ့လူလိုပဲဘုရာ့ ကြည့်ရှုင်နေတယ်၊ အဲဒါ ငါဘုရား တရားကို နှလုံးသွင်းပြီး ငါက ဝေဒနာခွာ, ဝေဒနာကျော်ဆိုလို့ သူက ဝေဒနာနဲ့ အနိစ္စနဲ့ မဂ္ဂနဲ့ချည့်မြင်သွားတယ်၊ ဒါကြောင့် သူရဟန္တာ ပရိနိဗ္ဗာန်စံတာ...(မှန်ပါ့) ပုထုဇဉ် အဖြစ်နဲ့ သေတာမဟုတ်ဘူးတဲ့...(မှန်ပါ့)။

ဒကာဒကာမတို့ နဂိုက ဘာမှမဖြစ်ခဲ့ဘူးနော်... (မှန်ပါ့ဘုရား) သေခါနီးမှ ဝေဒနာကျော်သွားပြီး အနိစ္စတွေ့အောင် ရှုနိုင်တဲ့အချက်ကလေး မည်မျှလောက် ခရီးပေါက်ရောက်သွားတယ်ဆိုတာ သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



သေတတ်ကြပလား...(သေတတ်ပါပြီဘုရား) ဘယ်လိုသေကြပါ့မလဲ...(ဝေဒနာချာပြီး အနိစ္စမြင်အောင် ရှုရပါမယ်ဘုရား) ဝေဒနာကျော်ပြီးတော့ ဘာတွေ့ရမလဲ...(အနိစ္စတွေ့ရပါမယ်ဘုရား)။

အနိစ္စတွေ့အောင်ရှာပြီး သကာလ အနိစ္စရှုရင်း၊ အနိစ္စမှန်းရင်း၊ အနိစ္စဆုံးရင်း အနိစ္စကလေးကို မမြင်ရအောင် ဆုံးသွားတဲ့ အခြေအနေရောက်အောင် ဒကာဒကာမတွေ ရှုလိုက်လို့ရှိရင် ၁- နံပါတ်အဆင့်ဆိုရင် သောတာဝန်...(မှန်ပါ့)။

၂-နံပါတ်အဆင့်ဆိုရင် အနိစ္စမြင်, အနိစ္စမှန်း, အနိစ္စဆုံးသွား ရင် သကဒါဂါမ်...(မှန်ပါ့)။

၃- နံပါတ်အဆင့် အနိစ္စမြင်, အနိစ္စမှန်း, အနိစ္စဆုံးသွားရင် အနာဂါမ်...(မှန်ပါ့)။

၄- နံပါတ်က ဝေဒနာကျော်ပြီးသကာလ အနိစ္စမြင်, အနိစ္စမှန်း, အနိစ္စဆုံးရင် ဘာတဲ့...(ရဟန္တာပါဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ကိုယ့်သေရာလက်နက်ကြီး ကိုယ်ယူလာကြွေးသော်လဲ နောင်တစ်ခါမှာ နောင်တစ်ဖန် မသေနိုင်တဲ့ နည်းကိုဖြင့် ဆရာဘုန်းကြီးက လမ်းညွှန်ပြတော့တယ်...(မှန်ပါ့)။

ဘာနည်းပါလိမ့်...(နောင်တစ်ဖန်သေထည်မရတဲ့ နည်းပါဘုရား) မယူထိုက်ဘူးလား၊ ယူထိုက်သလား...(ယူထိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီတရားမှာ ဒကာဒကာမတို့ ဒီလိုထားလိုက်စမ်းပါ၊ အဖန်ဖန်သေချင်ရင် ဒီနည်းကို မယူပါနဲ့...(မှန်ပါ)အဖန်ဖန် မသေချင်တော့ပါဘူး၊ သေတဲ့လက်နက်ကြီးကို ရွက်ပြီးသကာလ သေခြင်းဆိုးလဲ မသေချင်ပါဘူးဘုရား ဆိုလို့ရှိရင်ဖြင့် ဝေဒနာခွာပြီး သကာလ ... အနိစ္စရှာပြီး တွေ့အောင်၊ မုန်းအောင်၊ ဆုံးအောင် လုပ်လိုက်စမ်းပါ ...(မှန်ပါ)။

သတိပေးထိုက် မပေးထိုက် ...(ပေးထိုက်ပါတယ်ဘုရား) အတော်အရေးကြီးတယ်ဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

ဒါကြောင့် အားလုံး ဒကာဒကာမတွေ မပျင်းကြနဲ့၊ သေနည်းသင်တယ်ဆိုတာ သေမယ့်ပုဂ္ဂိုလ်တွေမို့ သင်တာလို့ မှတ်လိုက် ...(မှန်ပါ) တယ်အရေးကြီးပါလား ...(ကြီးပါတယ် ဘုရား)။

ဒကာကြွယ် ...သာမညလား၊ အလွန့်အလွန်လား ... (အလွန့်အလွန်ပါ ဘုရား) ဒီအထဲမှာ အကုန်မဆိုင်ဘူးလား ဒီတရား ...(ဆိုင်ပါတယ်ဘုရား)။

အကုန်ဆိုင်သောကြောင့် ခင်ဗျားတို့ ပေါ့ပေါ့တန်တန်နဲ့ အပင်ပန်းခံပြီး ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ နာနေတဲ့ အခါမှာ ဘုန်းကြီးတို့ ဒကာဒကာမတွေက အရယူလိုက်စမ်းပါ၊ ဒီသေနည်းကိုဖြင့် အရယူပြီဟ ...လို့ ဆုံးဖြတ်ချက် ချပါနော် ... (မှန်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဖဂ္ဂုနသေပုံ သဘော ကျပလား ... (ကျပါပြီဘုရား) ဝေဒနာခွာပြီး ဘာတွေ့သလဲ ... (အနိစ္စ တွေ့ပါတယ်ဘုရား)။

http://www.dhammadownload.com



ပဌမ အနိစ္စတွေ့၊ ဒုတိယ အနိစ္စမုန်း၊ တတိယ အနိစ္စဆုံးအောင် ရှုပစ်လိုက်တယ်...(မှန်ပါ့) အနိစ္စဆုံးအောင် ရှုပစ်လိုက်တော့ နိစ္စနိဗ္ဗာန် တွေ့ပါတယ်နော်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒီလို သေလိုက်တော့ ရှင်အာနန္ဒာကို ရဟန္တာဖြစ်ပြီး သေတာကွ...လို့ ဘုရားက ဟောလိုက်တော့၊ အာနန္ဒာ... သံဃာတွေ အစည်းအဝေးစုရုံးလိုက်ဟေ့...သေနည်းသုံးမျိုးငါဟောမယ်ဆိုပြီး တရားစလာတာပဲ...(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးကလဲ ဘုရားဟောတော်မူတဲ့အတိုင်း ဘုန်းကြီးတို့ ဒ**ကာဒကာမ**တွေကို သေနည်းသုံးမျိုးကို ဟောပြပါ့မယ်...(မှန်ပါ့ဘုရား) အခု ရဟန္တာဖြစ်ပြီးလို့ သေနည်းက တစ်မျိုးနော်...(မှန်ပါ့)။

ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ ဖဂ္ဂုနမှာတော့ ဘုရားက အနားလာပြီး သကာလ ဟောတော်မူတာ မဟုတ်လား... (မှန်ပါ့ဘုရား)။

မင်းဟာ ဝေဒနာ ကျော်လိုက်ပါလားကွ၊ ဝေဒနာကျော်လိုက်ရင် အနိစ္စတွေ့တာပဲ...လို့ ဟောလိုက်တဲ့အတွက် သူ အနိစ္စတွေ့အောင်ရှာ၊ အနိစ္စကိုမုန်း၊ အနိစ္စဆုံးလို့ ရဟန္တာဖြစ်ပြီး လက်ယာဘက်ခေါင်းစောင်း ဣန္ဒြေတွေ အကုန်ကြည်လင်ပြီး သကာလ... သေပွဲဝင်ရတော့ ဘုရားဆီ ရှင်အာနန္ဒာသွားတော့ အဲဒါ ဖဂ္ဂုန သေတာမဟုတ်ဘူး၊ ဒုက္ခခပ်သိမ်းငြိမ်းပြီး သကာလ ရဟန္တာ ပရိနိဗ္ဗာန်စံတာလို့ ဘုရားက မဟောလိုက်ဘူးလား...

http://www.dhammadownload.com



(ဟောလိုက် ပါတယ်ဘုရား) တယ် ဝမ်းသာစရာကောင်းတယ်... (မှန်ပါ့)။

ဒါဖြင့် အဲဒါပုထုဇဉ်ဘဝနဲ့ ဝေဒနာရတယ်...(မှန်ပါ့) ဒကာဒကာမတွေ ဘာနဲ့ ဝေဒနာရပါလိမ့်...(ပုထုဇဉ်ဘဝနဲ့ ဝေဒနာ ရပါတယ်ဘုရား)။

သို့သော်...ဘုရားက ဝေဒနာကျော်လိုက်ကွ၊ ခွာလိုက်ကွ အနိစ္စရှာလိုက်ကွ...လို့ ဟောလိုက်တဲ့အတွက် ဒကာဒကာမတွေ ရဟန္တာအဖြစ်ကျအောင် ရောက်သွားတယ်ဆိုတာဖြင့် ငြင်းဖို့လိုသေးသလား...(မလိုပါဘုရား) ဘယ်လောက် အဖိုးတန်တယ်ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ယနေ့တရားပွဲမှာနာရတဲ့ ဒကာဒကာမတွေဖြင့် သြော်...သေမယ့်ခန္ဓာကြီး ရထားတာ ဘယ်လိုသေရမှန်း မသိသေးဘူးဆိုတာ ဖျောက်လိုက်...(မှန်ပါ့ဘုရား) ဘာဖျောက် ရမယ်...(ဘယ်လိုသေရမှန်း မသိဘူးဆိုတာ ဖျောက်ရပါမယ် ဘုရား)။

ဘယ်လိုသေရမှန်း မသိသေးဘူးဆိုတာ ဖျောက်လိုက်စမ်း ပါတော့...(မှန်ပါ့) ဘာနဲ့ဖျောက်ရတုံး...ဆိုတော့ ဝေဒနာ ခွာမဟော့...(မှန်ပါ့)။

ဝေဒနာခွာမဟော့...ဆိုတော့ ဝေဒနာမဟုတ်ဘူး၊ ဒီဥစ္စာ အနိစ္စပဲလို့ ဉာဏ်ရှုလိုက်...(မှန်ပါ့) ရှုလိုက်တဲ့အခါ အနိစ္စမြင်လာ မယ်၊ မြင်လာရင် မုန်းမှာပဲ...(မှန်ပါ့) မုန်းလာရင် အနိစ္စဆုံးတာ မကျေနပ်ပေဘူးလား...(ကျေနပ်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲ...ဒီမှာ သောတာပန်၊ နောက်တစ်ခါ ဆုံး သကဒါဂါမ်၊ နောက်တစ်ခါဆုံး အနာဂါမ်၊ နောက်တစ်ခါဆုံး ရဟန္တာအဖြစ်နဲ့ သေတော့ လက်ယာဘက် ခေါင်းစောင်းပြီး သကာလ ဣန္ဒြေကြည်လင်ပြီး သေသောကြောင့် ပရိနိဗ္ဗာန်စံတာ (မှန်ပါ့)။

ဒါအကြောင်းပြုပြီး သကာလဘုရားသခင် ကိုယ်တော်မြတ်ကြီးက အာနန္ဒာသံဃာတွေ စုရုံးလိုက်ဟော့... သေနည်းသုံးမျိုး ဟောမယ်ဆိုပြီး သေပုံသေနည်း ဟောတော်မူတယ်... (မှန်ပါ့ဘုရား)။

ဘုန်းကြီးတို့ ဒကာဒကာမတွေအတွက် ဟောရတဲ့ ဆရာသမားကလဲဝမ်းမြောက်လိုက်တာ၊ ဒကာဒကာမတွေကလဲ **ဒီအတိုင်းသာ** လုပ်**မယ်ဆိုလို့ရှိ**ရင်ဖြင့် တို့ဖြင့် မကြောက်ပါဘူး၊ ဒီနည်းနဲ့ အသုံးချ**မှာပေါ့**လို့ အခု ရဲရဲတင်းတင်း လုပ်ထားလိုက်စမ်းပါ...**(မှန်ပါ့)။**

ဒါကြောင့် မီးလောင်မှလဲ ရေမရှာပါနဲ့ဆိုတဲ့ သတိပေးချက်ကလေးကလဲ မမေ့လိုက်ပါနဲ့...(မှန်ပါ့) ယခုကိုက အနိစ္စတွေ့အောင် ရှာထားကြပါလို့ ဆိုတာကို လေးလေးနက်နက် သတိပေးလိုက်ပါတယ်...(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ သေနည်းသုံးမျိုး ငါဟောမယ်လို့ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော့ ငါကတော့ ပရိနိဗ္ဗာန် စံမှာပဲတဲ့၊ ငါမရှိတော့ ဒီပြင်ပုဂ္ဂိုလ်တွေ ဘယ်လိုသေကြမယ်ဆိုတဲ့ မေးခွန်းထုတ်ဖို့ မင်းတို့လိုလာတဲ့အတွက် ငါဘုရားရှိတဲ့ အခါကျတော့ ငါဘုရားတရားနာပြီး ငါဘုရားက ဝေဒနာ

http://www.dhammadownload.com



ခွာဆိုခွာကြ၊ ဒီလိုသေတော့ ငါဘုရားရှိတုန်းပြောတဲ့ စကားတော့ အခု ဖဂ္ဂုနက ထောက်ခံချက်ပေးသဖြင့် သေချာပေါ့ကွာ... (မှန်ပါ)။

ငါဘုရားမရှိရင် မင်းတို့ **ဘယ်လိုသေ**ကြမတုံး .. ဆိုတာလဲ မေးစရာရှိနေလို့ သေနည်းကို ငါဘုရားရှိတုန်း ငါဘုရား တရားဟော၍ သေပုံကတစ်**မျိုး...(မှန်ပါ)** ရှင်းပလား... (ရှင်းပါပြီဘုရား)။

ငါဘုရား မရှိသည့်နောက်ကျတော့ ငါဘုရား**၏ တ**ပည့်များ ဝိပဿနာနိုင်နင်းတဲ့ ပုဂ္ဂိုလ်များပေါ့ဗျာ... ခုနင်က ဒါနတရား၊ သီလတရားလောက်နဲ့လဲ ရဟန္တာတိုက်ရိုက် **မဖြစ်သေးဘူးပေါ့**ဗျာ၊ သေခါနီးမှာနော်...(မှန်ပါ)။

အဲဒီတော့ အခုလို ဝေဒနာတွေ့တဲ့ အခါကျလို့ရှိရင် ငါဘုရား တပည့်သာဝကများပင့်ပြီး သကာလ...မင်းတို့သည် ဤကဲ့သို့ ဝိပဿနာအလုပ်ကို လုပ်ပါလား၊ ဝေဒနာ ကျော်ပါလား၊ ဝေဒနာခွာပါလား၊ အနိစ္စတွေ့အောင် ရှာပါလား၊ ဒီလိုပုဂ္ဂိုလ်တွေနဲ့ မင်းတို့တွေ့**အောင်** ရှာပြီးသကာလ...နေခဲ့မယ်ဆိုရင်လဲ ပုထုဇဉ် အဖြစ်ကနေ**ပြီး သောတာပန်, သကဒါဂါမ်, အနာဂါမ်** ဖြစ်နိုင်ပါ တယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

တစ်နည်း ရဟန္တာလဲဖြစ်နိုင်ပါတယ်၊ အတက်ကောင်းလို့ ရှိရင် နော်...(မှန်ပါ)။

ဒါဖြင့် ဘုရား၏ တပည့်သားဆီ တရားနာ, တရား အားထုတ် သေရလို့ရှိရင်လဲ သောတာပန်, သကဒါဂါမ်,

http://www.dhammadownload.com



အနာဂါမ် ရဟန္တာကျအောင် ဖြစ်နိုင်ပါတယ်လို့ ဆုံးဖြတ်ချက်ချ လိုက်ပါ တော့...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘုရားမရှိတော့လို့ ဘုရားနဲ့ မတွေ့ရလဲ မပူနဲ့ပေါ့ဗျာ...(မှန်ပါ့)။

ဘုရား၏ တပည့်သားများ အကူအညီ အထောက်အပံ့ ဝိပဿနာ အကူအညီတွေနဲ့ သေကြမယ်ဆိုလို့ရှိရင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်တယ် အာနန္ဒာလို့ ဘုရားက မမှာလား...(မှာပါတယ်ဘုရာ့) နှစ်ချက်ရှိသွားပြီ... (မှန်ပါ့ဘုရား)။

ဘုရားရှိရင် ဘုရား၏နည်းနဲ့ တရားနာပြီး သေပေါ့ဗျာ (မှန်ပါ့) ဘုရားမရှိသည့်နောက် ဘုရား၏ တပည့်သားတွေ၏ တရားကို နည်းယူပြီးသကာလ ဝေဒနာခွာတဲ့နည်းယူပြီး သကာလ ရှုပွားပြီး သေကြလို့ မဟောလား...(ဟောပါတယ်ဘုရား)။

ဒီလိုဆိုတော့လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာမဖြစ်နိုင်ဘူးလား...(ဖြစ်နိုင်ပါတယ်ဘုရား) သဘောကျ ပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘုရားကလဲ မရှိတာ သေချာပြီ...(မှန်ပါ့) ဘုရား၏တပည့် သားမြေးတွေကလဲ ဟောနိုင်တဲ့ ပုဂ္ဂိုလ်က အဝေးရောက်နေမယ်၊ မဟောနိုင်တဲ့ ပုဂ္ဂိုလ်က အနီးရောက်နေမယ် ဆိုလို့ရှိရင်လဲ တော်ရုံတန်ရုံနဲ့ ပြီးချင် ပြီးသွားမယ်...(မှန်ပါ့) ဒီလိုလဲအချိုးမကျသေးဘူး ပေါ့ဗျာ...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီတော့...ဘုန်းကြီးတို့ဒကာဒကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မှာပြန်ပြီ၊ ငါဘုရားလဲမရှိဘူး၊ ငါဘုရား၏ တပည့်သားကောင်းလဲ မတွေ့ကြုံဘူး၊ ဒီဝေဒနာသည် ဘယ့်နှယ် လုပ်ရမတုံး...ဆိုတော့ ဒီလိုရှိတယ်။

အခု ဒကာဒကာမတွေ ဘုန်းကြီးတို့ဆိမှာနာနေတဲ့ ဒကာဒကာမတွေ ဝေဒနာရှုလိုက်မယ်ဆိုရင် ဝေဒနာဟာ ခဏပဲ တွေ့တာပဲ၊ တော်တော်ကြာ ဖျပ်ဖျပ်နဲ့ အနိစ္စကလေးတွေပဲ မြင်တာပဲ...(မှန်ပါ့) သေချာကြရဲ့လား...(သေချာပါတယ် ဘုရား)။

အင်း...ကျုပ်တို့က ကျော်တက်ပြီးသား၊ လွှားတက် ပြီးသား၊ ခွဲတက်ပြီးသားဆိုတဲ့ အခိပ္ပာယ် မရောက်ဘူးလား... (ရောက်ပါ တယ် ဘုရား)။

ဒါကြောင့် ယခုကနေပြီး သကာလ...ဖြစ်ပျက်တွေ့အောင် ရှုထားပါဆိုတာများ မှာလိုက်သဗျာ(မှန်ပါ့) မမှာထိုက်ကြဘူးလား ဒကာဒကာမတို့...(မှာထိုက်ပါတယ်ဘုရား)။

ကောင်းပြီ...ဒါဖြင့် ငါဘုရား မရှိလို့ရှိရင်လဲ မင်းတို့ သည်ကားလို့ဆိုရင် ကိုယ်နာထားတဲ့တရား ရရှိထား၊ ကိုယ်နာ ထားတဲ့တရားကို မင်းတို့ဟာမင်းတို့ ဝေဒနာခွာတဲ့ပြီးသကာလ ဖြစ်ပျက် အနိစ္စကလေးရှုပွားပြီး သကာလ မင်းတို့နေကြမယ် ဆိုရင်ဖြင့် ဖြစ်ပျက်မြင်မှာပါပဲ...တဲ့...(မှန်ပါ့)။

ဖြစ်ပျက်မုန်းတာက အနိစ္စမုန်းပဲ မကျဘူးလား... (ကျပါတယ်ဘုရား) ဖြစ်ပျက်ဆုံးတာကော အနိစ္စဆုံးမှာ ဘာနိဗ္ဗာန် ရှိသလဲ...(နိစ္စနိဗ္ဗာန် ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



နိစ္စနိဗ္ဗာန်ရှိတယ်ဆိုတာ အနိစ္စဆုံးရင် နိစ္စနိဗ္ဗာန်ဟာ ဉာဏ်နဲ့ အာရုံပြုနိုင်တော့တာပဲ...(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘုရားမရှိသော်လဲ မပူပါနဲ့၊ ဆရာသမားတွေ မရှိသော်လဲ မပူပါနဲ့၊ ကိုယ့်ဟာကိုယ် ဝိပဿနာ ရှုပြီး ဝေဒနာခွာပြီး အနိစ္စရှုသေရင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်ပါတယ်...(မှန်ပါ့) ပူစရာများ ရှိသေးသလား...(မရှိပါဘုရား)။

ဒါဖြင့် ၁-နံပါတ် ဘုရားတရားနာရလို့ အားထုတ်ဖြစ်လို့ သေရင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်၏...(မှန်ပါ့)။

၂-နံပါတ်ဘုရား၏ တပည့်သားများ တရားကို နာရလို့ ကျင့်ရ, ကြံရ, ကြိုးကုတ်ရ, အားထုတ်ရလို့ ရှိရင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်၏ပေါ့ဗျာ (မှန်ပါ့)။

ဘယ်သူမှ ဒီနှစ်မျိုးသော ပုဂ္ဂိုလ်တို့ကို ဒကာဒကာမတွေက မတွေ့ရတော့ပါဘူး ဆိုလို့ရှိရင်ဖြင့် ကိုယ်အားထုတ်တဲ့ တရားကို ကိုယ်ပြန်ပြီးသကာလ ဝေဒနာခွာတဲ့ပြီးသကာလ အနိစ္စတွေ့အောင်, အနိစ္စမုန်းအောင်, အနိစ္စဆုံးအောင် ကိုယ့်ဟာကိုယ် ဆင်ခြင်သေလဲ ဘုရားရှိတုန်းကလို ဘုရား၏ တပည့်သား တရားနာတုန်းကလိုပဲ ထိုသေနည်းဟာ သေနည်းသုံးမျိုး အတူတူပဲ...ကွ ရဟန္တာ ထိအောင် ဖြစ်နိုင်တာချည်းပဲ (မှန်ပါ့ဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတွေ ဘုရားဟောတော်မူတဲ့ ဒီသေနည်းကို ဆရာဘုန်းကြီးက နည်းပေးထိုက်...မပေးထိုက်...(ပေးထိုက်ပါတယ်ဘုရား)။

ပေးထိုက်တော့ ဒကာဒကာမတွေကလဲ ယခုနောက်ဆုံးပိတ် ၃–နံပါတ်ကိုဖြင့် မမေ့လိုက်ပါနဲ့...(မှန်ပါ့) ကိုယ်ရှုပွားထားတဲ့ ဝေဒနာကလေးတွေ ရှုပွားထားတဲ့ပုဂ္ဂိုလ်ကလဲ ဝေဒနာ ချုပ်ရုံပါပဲ...(မှန်ပါ့)။

ဝေဒနာချုပြီး သင်္ခါရ အနိစ္စတွေ့အောင်ရှာ၊ အနိစ္စမှန်းအောင်ရှု၊ အနိစ္စဆုံးအောင် ရှုလို့ရှိရင်လဲ နိစ္စနိဗ္ဗာန် ကေန်တကယ် ရပါတယ်လို့ ဘုရားမဟောဘူးလား...(ဟောပါတယ်ဘုရား) ဒါဖြင့် ကိုယ့်ဟာကိုယ် ဆင်ခြင်သေရင်လဲပြီးတာပဲ... တဲ့... (မှန်ပါ့)။

သေတတ်ကြပလား... (သေတတ်ပါပြီဘုရား) ဘယ်လောက်များ အရေးကြီးသလဲ...(ကြီးပါတယ်ဘုရား)။

ဒကာဒကာမတွေ အမိ,အဖ ဆွေမျိုးဉာတကာ မတော်ဖူးသူ မရှိသလောက်ဖြစ်ပြီး သင်္ခါရနေတော့ ဝတ္ထုပေါင်းသက်သေ သာဓကများပြီး ဟောနိုင်ကြွားသော်လဲ၊ အမျိုးမျိုး အဖုံဖုံ ဝိပဿနာဉာဏ်တွေ ဟောနိုင်ကြွားသော်လဲ မှန်းဝင်, ပန်းဝင်ကို စပြောနေတယ်...(မှန်ပါ့ဘုရား) အရေးကြီးတာက ပြောနေတယ်... (မှန်ပါ့) သဘောပါကြပလား...(ပါ, ပါပြီဘုရား)။

ဒါဖြင့် ၁– နံပါတ်က ဘုရားတရားနာရလို့ အားထုတ်သေရင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်ရာ၏...(မှန်ပါ့)။

A

http://www.dhammadownload.com



၂–နံပါတ်က ဘယ့်နှယ်ဆိုကြမယ်... ဘုရား၏ တပည့်သား တရားနာရလို့...(အားထုတ်သေရင်လဲသောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်ပါတယ်ဘုရား)။

၃–နံပါတ် ဘယ်လိုဆိုကြမယ်...(ကိုယ့်ဟာကိုယ် ဆင်ခြင်၊သေရင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်ပါတယ်၊ အဲ... ကိုယ့်ဟာကိုယ် တရားအားထုတ်လို့ ဝေဒနာခွာပြီး ကျော်, အားထုတ်ခဲ့သော် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်ရာ၏ ...(မှန်ပါ့ဘုရား) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားတရားနာရလို့လဲ ဒကာဒကာမတို့ နာရုံနဲ့ မပြီးဘူး၊ ကိုယ့်ဟာကိုယ်ခွာနိုင်မှ...(မှန်ပါ့)။

ဘုရား၏ တပည့်သားတရားကို နာရုံနဲ့ မပြီး၊ ကိုယ့်ဟာကိုယ် ဝေဒနာခွာပြီး အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စဆုံးအောင် ရှုနိုင်ပါမှ...(မှန်ပါ့)ပေါ်မလား...(ပေါ်ပါပြီဘုရား)။

ကိုယ့်ဟာကိုယ် ဆင်ခြင်တဲ့ပုဂ္ဂိုလ်မှာလဲ ဝေဒနာကို ဝေဒနာလို့ ဆင်ခြင်နေလို့ မပြီးဘူး၊ ဝေဒနာကျော်ပြီးအနိစ္စတွေ့အောင်ပဲ ဆင်ခြင်နိုင်မှသာလျှင် ဒကာဒကာမတို့ အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စဆုံးသို့ ရောက်ပါတော့တယ်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

သာမည အရေးကြီးသလား ဒကာဒကာမတို့ အလွန့်အလွန် အရေးကြီးသလား...(အလွန့်အလွန် အရေးကြီးပါတယ်ဘုရား)။

http://www.dhammadownload.com



တွေ့ကြ ကြုံကြရမယ့်ကိစ္စကော ဟုတ်ပါရဲ့လား... (ဟုတ်ပါတယ်ဘုရား) ဒီအထဲမှာ လွတ်မယ့်ပုဂ္ဂိုလ်များ ပါကြသေးသလား...(မပါ,ပါဘုရား)။

ကိုင်း...ဒကာဒကာမတို့ တဏှာနားနဲ့ ထောင်ရင်ဖြင့် သေတတ်ပလားမေးရင် လန့်သွားလိမ့်မယ်...(မှန်ပါ့) ဉာဏ်နားနဲ့ ထောင်လိုက်တဲ့အခါကျတော့ ဒကာဒကာမတို့ သေတတ်ပလားလို့ မေးတော့ ဘယ့်နှယ်ဖြေကြမလဲ...(သေတတ်ပါပြီဘုရား)။

အဲဒါ ဉာဏ်နားတွေမို့နော်...(မှန်ပါ့) တဏှာနားနဲ့ဆိုရင် နိမိတ်မရှိ နမာမရှိ သေတတ်ပလားလို့ မေးလိုက်တာ ကျုပ်ဖြင့် စိတ်ကိုပျက်သွားတာပဲ ဆိုချင်လဲ ဆိုပစ်လိုက်မယ်... (မှန်ပါ့ဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဉာဏ်နားနဲ့ထောင်တော့ ဒကာဒကာမတွေ သေတတ်ပလားမေးတော့ ဘယ့်နှယ်ဖြေကြမလဲ...(သေတတ်ပါပြီဘုရား) လွတ်မှာလား၊ မလွတ်ဘူးလား... (မလွတ်ပါဘုရား)။

ယူလာတာက သူဟာက ဝမ်းထဲက လွတ်ကတည်းက အိုဘေးနဲ့ သေဘေးကို ဝမ်းထဲမှယူပြီး လာခဲ့ကြတယ်...(မှန်ပါ့) လွတ်ပါ့မလား...(မလွတ်ပါဘုရား)။

ဒါကြောင့် အစချီလာ ကတည်းက လွတ်စရာမရှိအောင်ပဲ ဒကာဒကာမတွေ နားလည်မှုရှိအောင် ပြောလာတဲ့အတွက် သေနည်းသုံးမျိုးကို သင်လိုက်ခြင်းဖြစ်ပါတယ် (မှန်ပါ့ဘုရား) ရှင်းကြပလား...(ရှင်းပါပြီဘုရား) သေတတ်ပလား... (သေတတ်ပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုရားကလဲ မရှိတော့ကို ဘုရားကိုယ်တိုင် ဟောဖို့ အားမကိုးနဲ့တော့...(မှန်ပါ့) ဘုရား၏ တပည့်သား ရှိကြားသော်လဲ ကြုံချင်မှကြုံ၊ ဆုံချင်မှဆုံမှာဖြစ်လေသောကြောင့် ဒါလောက် အားမကိုးနဲ့...(မှန်ပါ့)။

ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီး သေနည်းသာ အားကိုးကြ တော့လို့ ၃-နံပါတ်ကို လက်ကိုင်ထားလိုက်ပါတော့...(မှန်ပါ့)။

ဘာလက်ကိုင်ထားရမတုံး..(၃-နံပါတ်ကို လက်ကိုင်ထား ရပါမယ်) ၃-နံပါတ်သေနည်းက ဘာတဲ့...(ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီး သေရမှာပါဘုရား)။

ကိုယ့်ဟာကိုယ် အနိစ္စမြင်၊ ကိုယ့်ဟာကိုယ် အနိစ္စမုန်း၊ ကိုယ့်ဟာကိုယ် အနိစ္စဆုံးပြီးသကာလ သေလိုက်စမ်းပါလို့ ပြောလိုက်တယ်...(မှန်ပါ့)။

အဲဒီလို သေလိုက်လို့ရှိရင် သေတာနဲ့ ရဟန္တာဖြစ်တာနဲ့ တစ်ပြိုင်တည်းလို ဖြစ်နိုင်တယ်...(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ အလွန်အရေးကြီးတဲ့ စကားကို ဆရာဘုန်းကြီး သုံးခွန်းမှာတဲ့အနက်က တစ်ခွန်းကို ဖြင့် အမိယူလိုက်ပါလို့ ပြောလိုက်ပါတယ်...(မှန်ပါ့)။

တစ်ခွန်း အမိယူလိုက်ပါဆိုတာ ဘာပါလိမ့်...(ကိုယ့်ဟာ ကိုယ် ဆင်ခြင်ပြီး သေတာပါဘုရား) ကိုယ့်ဟာကိုယ် ဝေဒနာ ကျော်ပြီး အနိစ္စတွေ ဆင်ခြင်ပြီး သေလိုက်စမ်းပါလို့ ပြောလိုက် ပါတယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း...ဒါဖြင့် တစ်ခွန်းကို ယှူလိုက်ပြန်လို့ ရှိရင်လဲ မီးလောင်မှ ရေရှာတာတဲ့၊ အိမ်ပြောင်လိမ့်မယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

မီးလောင်မှ ရေရှာနေသော်...(အိမ်ပြောင်လိမ့်မယ်) ရေရှာရင်း အိမ်ပြောင်လိမ့်မယ်...(မှန်ပါ့) မီးမလောင်ခင်က ရေရှာခဲ့သော် အိမ်ကျန်ရစ်ပါလိမ့်မယ်...(မှန်ပါ့) သဘော ကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် မီးမလောင်ခင်က ရေရှာကြစို့ဆိုတော့ ဒကာ ဒကာမတို့...(မှန်ပါ့) အခု နောက်ဟောမယ့် တရားက သေခါနီး အထူးရှာမနေရအောင် ဝေဒနာတောင် ရွာမနေရအောင် အခုက အနိစ္စ ရှာထားပါတော့မယ်ဆို မီးမလောင်ခင်က ရေရှာတာ ပေါ့ဗျာ...(မှန်ပါ့)။

ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ ဥပဝါဏ ရဟန်းကလေး သန္ဒိဋ္ဌိကောလို့ဟောတာကို သန္ဒိဋ္ဌိက ဂုဏ်နဲ့ပဲ ခင်ဗျားတို့ ယနေ့ မီးမလောင်ခင်က ရေရှာနည်းကို ပြောပါတော့မယ်... (မှန်ပါ့)။

ဥပဝါဏဆိုတဲ့ရဟန်းက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို မေးတယ်၊အရှင်ဘုရား သန္ဒိဋ္ဌိကော သန္ဒိဋ္ဌိကောလို့ ပြောကြပါတယ်ဘုရား။

အဲဒီ သန္ဒိဋ္ဌိက ဆိုတာကို တပည့်တော်အား အမိန့်ရှိပါ ဘုရားလို့ ဥပဝါဏရဟန်းက လျှောက်လို့ မီးမလောင်ခင် ရေရှာသလို သန္ဒိဋ္ဌိကောနဲ့ရှာကြ...(မှန်ပါ့)။

http://www.dhammadownload.com



"သန္ဒိဋ္ဌိကောတိ သာ မံ ပဿိတဗ္ဗော"ဆိုတော့ ဒကာ ဒကာမတို့ ကိုယ်တိုင်မြင်အောင် ကြည့်နိုင်ဖို့ အရေးကြီး တယ်... (မှန်ပါ့)။

ဘာအရေးကြီးပါလိမ့်...(ကိုယ်တိုင်မြင်အောင် ကြည့်နိုင်ဖို့ အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ်တိုင်မြင်အောင် ကြည့်ဆိုလို့ ရှိရင်ဖြင့် ကိုယ်ကိုယ်တိုင်မှာ ရှိလို့ရှိရင် ကိုယ်ကိုယ်တိုင်မှာ မြင်ရမှာပဲ...(မှန်ပါ့)။

ကိုယ့်ကိုယ်ထဲရှိရင်ဖြင့်(ကိုယ်ကိုယ်တိုင် မြင်ရမှာပါဘုရား) ကိုယ်တိုင်မြင်ရမှာပေါ့ဗျာ...(မှန်ပါ့)။

ကိုယ်ကိုယ်တိုင်မြင်ရမှာပဲဆိုတော့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဟောတော်မူတယ်၊ ဆုံးမတော်မူတယ် ဒကာ ဒကာမတို့... ဒါကလေးကို လေးလေးနက်နက် မှတ်လိုက်စမ်း ပါဦး...(မှန်ပါ့)။

ဝိပဿနာအလုပ် ခနင်က တရားဆက်မိအောင်လို့ သန္ဒိဋ္ဌိကဂုဏ်ကို ထုတ်လာပါတယ်...(မှန်ပါ့) သံယုတ်ပါဠိတော် လို့ မှတ်လိုက်ပါတော့...(မှန်ပါ့)။

သံယုတ်ပါဠိတော်မှာ ဥပဝါဏရဟာန်းက ဘုရားကို လျှောက်တဲ့အတွက် သန္ဒိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်အောင် ကြည့်ပါလို့ပြောတာ...(မှန်ပါ့)။

ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ ကိုယ်တိုင် မြင်အောင် ကြည့်တဲ့ခါကျလို့ ရှိရင်ဖြင့် ခနင်တုန်းက ထိုင်စက ဒကာဒကာမ တွေ မသောင်းမညာပါဘူး၊ အခု တစ်နာရီပြည့်သွားပြီ၊

http://www.dhammadownload.com



တစ်နာရီပြည့်သွားတော့ ဒကာဒကာမတို့ အောက်ပိုင်းက ဝေဒနာ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်ကလေးတွေ မပေါ်လား ဗျာ...(ပေါ်ပါတယ်ဘုရား) ဒုက္ခဝေဒနာ မပေါ်လားဗျာ... (ပေါ်ပါတယ် ဘုရား)။

ဒကာဒကာမတို့ ဒုက္ခဝေဒနာ ပေါ်လာတာကို ခင်ဗျားတို့ သည်ကား...လို့ဆိုရင်ဖြင့် ကိုယ်တိုင်ကြည့်လိုက်ပါ...(မှန်ပါ့ ဘုရား)။

ဩော်...ဒါ ဒုက္ခဝေဒနာလို့ မသိဘူးလား...(သိပါတယ် ဘုရား) ရှုရင်း မတ္တနဲ့ ကြည့်တဲ့စိတ်ကလေးလဲပေါ်ပါရော ဒုက္ခ ဝေဒနာက ချုပ်တယ်...(ချုပ်ပါတယ်ဘုရား)။

ကြည့်တဲ့စိတ်ကလေးပေါ်တော့... (ဒုက္ခဝေဒနာချုပ် ပါတယ်ဘုရား) မကြည့်ဘဲ နေဘုန်းကတော့ ဒီနေရာနာတယ် ပေါ့ဗျာ...(မှန်ပါ့) နာတဲ့နေရာ ကိုယ်တိုင်ကြည့်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒကာဒကာမတို့ နာတာကလေး ရှိသေး သလား၊ မရှိတော့ဘူးလား...(မရှိတော့ပါဘုရား)။

ဒီ မရှိတာကလေးသည်ကား....လို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မရှိတာကို သိတာက နောက်ကလိုက် လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း မရှိတာက အနိစ္စဖြစ်သွားတယ်...(မှန်ပါ့) သိတာက...(မဂ္ဂပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ မဂ္ဂတည်းဟူသော ကိုယ်တိုင် ဉာဏ်နဲ့ မရှိတာကို ကိုယ်တိုင်မမြင်ရဘူးလား...(မြင်ရပါ တယ်ဘုရား)။

http://www.dhammadownload.com



ဘာမြင်ရပါလိမ့်...(မရှိတာကို ကိုယ်တိုင်မြင်ရပါတယ်ဘုရား) ဒါဖြင့် သူများပြောလား၊ ကိုယ်တိုင်မြင်လား... (ကိုယ်တိုင်မြင်ပါဘုရား)။

ကိုယ့်သန္တာန်ဖြစ်တဲ့ ဝေဒနာကလေး၏ နိရောဓဆိုတဲ့ ချုပ်မှုကလေးကို ဒကာဒကာမတို့ သူများပြောလား၊ ကိုယ်တိုင်မြင်လား...(ကိုယ်တိုင်မြင်ပါဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကော သာ မံ ပဿိတဗ္ဗော ကိုယ်တိုင်မြင်အောင်ရှုရမယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ဘယ်လိုရှုရမှာပါလိမ့်...(ကိုယ်တိုင်မြင်အောင် ရှုရမှာပါဘုရား)။

ကိုယ်တိုင်မြင်အောင် ရှုရမယ်ဆိုတဲ့ဥစ္စာသည် ဒကာဒကာမတို့ မှတ်လိုက်စမ်းပါ၊ ဝေဒနာကလေး ပေါ်လာတယ်၊ ဒီနေရာဉာဏ်နဲ့ စိုက်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဉာဏ်ရောက်လာတယ်ဆိုရင် ဝေဒနာက ချုပ်ပြီးသား ဖြစ်နေနှင့်ပြီ...(မှန်ပါ) မဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တော့ ဒါကလေးဟာ မရှိဘူးဆိုတာကလေးကို ဉာဏ်က မသိဘူးလား... .(သိပါတယ်ဘုရား) သိတဲ့ဉာဏ်သည် သန္ဒိဋ္ဌိကော...(မှန်ပါ)။

သိတဲ့ဉာဏ်ကို ဘာဆိုကြမယ်...(သန္ဒိဋ္ဌိကောပါဘုရား) ဒါ သူများပြောလား၊ ကိုယ်တိုင်မြင်တာလား...(ကိုယ်တိုင်မြင်တာပါဘုရား)။

http://www.dhammadownload.com



ဘာကလေးကို မြင်တာတုံး...လို့ဆိုတော့ ခုနင်က ရှိနေတာကလေး မရှိဘူးလို့ ကိုယ်တိုင်မြင်လိုက်တယ်...(မှန်ပါ့)။

ဘယ်လိုမြင်ပါလိမ့်...(ခုနင်ကရှိနေတာကလေး မရှိဘူးလို့ ကိုယ်တိုင်မြင်လိုက်ပါတယ်ဘုရား)။

ခုနင်က ဖြစ်နေတာကြီးဟာ **အခုမရှိတော့**ပါလားလို့ မသိဘူးလား...(သိပါတယ်ဘုရား)။

ဒါဖြင့် မရှိတာသည်ကား...လို့ ဆိုလို့ရှိရင် ကိုယ်တိုင်မြင်စရာ တရား...(မှန်ပါ့) သိတာသည်ကား...လို့ ဆိုရင် ကိုယ်တိုင် မြင်တဲ့တရား (မှန်ပါ့) သဘောပါပလား(ပါ,ပါပြီဘုရား)။

မရှိတာက ဘာတဲ့...(ကိုယ်တိုင်မြင်စရာ တရားပါ) **သိ**တာက (ကိုယ်တိုင်မြင်တဲ့ တရားပါ) သဘောကျပလား... (ကျပါပြီဘုရား)။

ကိုယ်တိုင်မြင်လိုက်တော့သန္ဒိဋ္ဌိကော သာ မံ ပဿိတဗ္ဗော ကိုယ်တိုင်မရှိတာ သိလိုက်ပါတယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကောဆိုတာ မရှိတာကို ကိုယ်တိုင်သိအောင် လုပ်...(မှန်ပါ့)။

သန္ဒိဋ္ဌိကောဆိုတာ ဘာပါလိမ့်(ကိုယ်တိုင်သိအောင်လုပ်ရပါမယ်) ရှိရာက မရှိတာကို ကိုယ်တိုင်မြင်အောင် လုပ်ပါတဲ့... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



သတိထား, သတိထား, အင်မတန်မှန်တဲ့တရား...(မှန်ပါ) သန္တိဋ္ဌိကောဆိုတာ ဘာပါလိမ့်...(ကိုယ်တိုင်မြင်အောင် လုပ်ရပါမယ် ဘုရား)။

အဲ...ရှိရာက ပျက်သွားတဲ့တရားကလေးကို သြော်... ပျက်သွားပေါ့လို့ ကိုယ်တိုင်မသိရဘူးလား(သိရပါတယ်ဘုရား) အဲဒါဘာခေါ်ကြမယ်...(သန္တိဋ္ဌိကောပါဘုရား) သဘော ပါပလား...(ပါ, ပါပြီဘုရား)။

သန္တိဋ္ဌိကောဆိုတာ ဒကာဒကာမတွေ နေရာကလေး ဘာကလေးပြင်ကြတဲ့ အခါကျလို့ရှိရင် ဘယ့်နှယ်ကြောင့်ပြင်ပါ လိမ့်မတုံး မေးတဲ့အခါကျတော့ ဒီနေရာမှာ တပည့်တော်က ပူလွန်းလို့၊ အိုက်လွန်းလို့၊ နာလွန်းလို့၊ ကိုက်လွန်းလို့၊ ခဲလွန်းလို့ ပြောင်းလိုက်ရပါတယ်ဘုရား...လို့ မဆိုနိုင်ဘူးလား...(ဆိုနိုင် ပါတယ်ဘုရား) ပြောင်းလိုက်တော့ ရှိသေးရဲ့လား... (မရှိပါ ဘုရား) ရှိရာက မရှိတဲ့ တရားကလေးမရှိဘူးလို့သိတာသည် (သန္တိဋ္ဌိကောပါဘုရား)။

ရှိရာက မရှိတဲ့တရားကလေးသိရင် ဘာခေါ်ကြမယ် (သန္တိဋ္ဌိကောပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခန္ဓာကိုယ်ထဲမှာရှိပြီး ပျက်သွား တဲ့ တရားချည်းပဲ တစ်ကိုယ်လုံးရှိတယ်...(မှန်ပါ) အဲဒီတော့ ဘယ်စိတ်ပေါ်ပေါ် ရှိရာက မရှိတာသိရင် ပြီးတာပဲ...(မှန်ပါ ဘုရား)။

http://www.dhammadownload.com



ဘယ်ဝေဒနာပေါ်ပေါ်၊ ဘယ်ရုပ်ပေါ်ပေါ်၊ ရှိရာက မရှိတာသိရင် ဘာခေါ်ကြမယ်...(သန္တိသုခကောပါဘုရား) ဩော်... သန္တိသုခကော ကောင်းကောင်းကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် အခုအခါက သန္တိသုခကောဖြစ်အောင် လုပ်သွားတော့ သေခါနီးကျတော့လဲ ဒီသန္တိသုခက ကံ ပျောက်ဦးမှာလား... (မပျောက်ပါဘုရား)။

အဲဒါကြောင့် မိုးမလောင်ခင်က ရေရှာထားပါဆိုတဲ့ တရားကို ဒကာကြွယ်တို့ ဒကာအေးတို့ ဒကာသိုက်တို့ ဟောရတယ်...(မှန်ပါ့) ဦးလှဘူး မဟောရပေဘူးလား... (ဟောရပါတယ်) ရှာတတ်ကြပလား...(ရှာတတ်ပါပြီဘုရား)။

သန္တိသုခကောဖြစ်အောင် ဘယ်လိုလုပ်ကြပါမယ်...(ရှိရာက မရှိတာကိုသိအောင် လုပ်ရပါမယ်ဘုရား)။

စားချင်တဲ့ စိတ်ကလေးပေါ်လာတယ် ဒကာဒကာမတို့... စားချင်စိတ်ကလေး ရှိမနေဘူးလား...(ရှိနေပါတယ်ဘုရား) တော်တော်ကြာကျတော့ စားချင်တဲ့ စိတ်ကလေးသည် ကား...လို့...ဆိုရင်ဖြင့် ဟိုမှာ ကိစ္စရှိလို့ စကားပြောလိုက်တော့ ရှိသေးရဲ့လား...(မရှိပါဘုရား)။

အဲဒါ...သူ့ကို ဘာခေါ်ကြမယ်...(အနိစ္စပါဘုရား) ပျက်သွားပေါ့ ပျက်သွားပေါ့...လို့ မသိဘူးလား...(သိပါတယ်ဘုရား)။

အဲ...ပျက်သွားပေါ့, ပျက်သွားပေါ့လို့ သိတာသည် သန္တိသုခကော (မှန်ပါ့) သဘောကျပလား...(ကျပါပြီ ဘုရား)။

http://www.dhammadownload.com



သန္တိဋ္ဌိကောကို ကောင်းကောင်းကျေနပ်ပလား (ကျေနပ်ပါပြီ) အင်မတန်ကို ဒကာဒကာမတွေ စဉ်းစားမှ သြော်...ဒီဥစ္စာ ခက်တာလဲ မဟုတ်ဘဲနဲ့ တို့သည်ကား...လို့ ဆိုရင်ဖြင့် ကိုယ်တိုင်မမြင်လိုက်ရတာသည် ဆရာကောင်းသမားကောင်း နည်းနာ မရလို့ဘဲ...လို့ဆိုတာ မှတ်လိုက်ပါတော့...(မှန်ပါ့)။

အခုတော့ ဘယ်တရားကလေး ပေါ်ပေါ် ဒကာဒကာမတို့ တွေးလိုက်ရင် ရှိ မရှိ...(မရှိပါဘုရား) မရှိတာကို မသိရဘူးလား...(သိရပါတယ်ဘုရား) သိတာကို ဘာခေါ်ကြမယ်... (သန္တိဋ္ဌိကော ပါဘုရား)။

အေး...ဒကာသိက် မိပြီ ဒီလိုဆိုလို့ရှိရင်...(မှန်ပါ့) မမိသေးဘူးလား...(မိပါပြီဘုရား)။

ဘယ်တရားပေါ်ပေါ် ရှိမရှိ တွေးလိုက်စမ်း... (မရှိပါဘုရား) မရှိတာ မသိဘူးလား...(သိပါတယ်)မရှိတာ အနိစ္စ၊ သိတာက မဂ္ဂ...(မှန်ပါ့) အဲဒီမဂ္ဂဟာ သန္တိဋ္ဌိကော(မှန်ပါ့)။

ဒီမဂ္ဂဟာ ဘာခေါ်ကြမယ်(သန္တိဋ္ဌိကောပါဘုရား) အဲဒါ ဘုရားဘယ်နေရာများ တရားရှာပါ့မတုံး၊ တပည့်တော်တို့ အသက်ကြီး အိုမနဲ့ သေခါနီးပြီ တရားရှာရတာ ခက်လိုက်တာ လို့များ ခက်လိုက်တာ...လို့ ညည်းလုံးထုတ်လို့ ရှိရင်ဖြင့် ကြောင်တောင်ကန်းလို့ပြောရမယ်...(မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်တယ် ဒကာဒကာမတို့ ဘယ်တရားပေါ်လာတာ ရှိ–မရှိတွေးရုံပဲ...(မှန်ပါ့) တွေးတဲ့စိတ်လာရင် မူလဖြစ်တဲ့

http://www.dhammadownload.com



စိတ် ရှိသေးရဲ့လား...(မရှိပါဘုရား) ဒါဖြင့် ၁–မှာဖြစ်ပျက်၊ ၂–မှာ မဂ်...(မှန်ပါ့)။

၁–မှာ...(ဖြစ်ပျက်ပါဘုရား) ၂–မှာ...(မဂ်ပါဘုရား) အဲဒါ ဘာခေါ်ကြမလဲ...(သန္တိဋ္ဌိကောပါဘုရား) အဲ...ရှေ့ကဖြစ်ပျက် နောက်က မဂ်ဟာ သန္တိဋ္ဌိကောပါ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ၏ သန္တာန်မှာ စိတ်မကူးဘဲ နေတဲ့ အချိန် ပါသေးသလား...(မပါပါဘုရား) အဲဒီကူးတဲ့ စိတ်ကလေး ရှိ...မရှိ တွေးစမ်း...(မရှိပါဘုရား) မရှိတာက ဘာခေါ်ကြမယ်...(အနိစ္စပါဘုရား) သိတာက (မဂ္ဂပါဘုရား) အဲဒီမဂ္ဂကို ဘာဆိုကြမယ်...(သန္တိဋ္ဌိကောပါဘုရား)။

အဲ... သန္တိဋ္ဌိကော...တဲ့၊ အဲဒီမဂ်နဲ့ တပည့်တော်ကိုယ်တိုင် ဖြစ်ပါတယ်ဘုရား...လို့ ဆိုရာရောက်ပါတယ်...(မှန်ပါ့)။

ဒကာကြွယ် သိပ်မိပလား(မှန်ပါ့) အင်မတန်မိပါတယ်။

ဒကာဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ကလေးများ ပြတ်ကဲ့လား လို့ မေးတဲ့အခါကျတော့ သတိထားလိုက်စမ်း၊ သတိထားလိုက်စမ်း၊ ရေသောက်ချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ရှိ...မရှိ တွေးလိုက်စမ်းဗျာ...(မရှိပါဘုရား)။

ဒါဖြင့် မရှိတာက...(အနိစ္စပါဘုရား) သိတာက (မဂ္ဂပါဘုရား) အဲဒီ မဂ္ဂ ဘာခေါ်ကြမလဲ...(သန္တိဋ္ဌိကောပါဘုရား) ဟုတ်ကဲ့လား...(ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုယ်တိုင်မြင်တာ ဟုတ်ပါရဲ့လား(ဟုတ်ပါတယ်ဘုရား) ခုနင်က ရေသောက်ချင်တဲ့စိတ်ကလေး ရှိသေးရဲ့လား... (မရှိပါဘုရား)မရှိတာ မသိဘူးလား...(သိပါတယ်ဘုရား)။

ဒါဖြင့် မရှိတာသိတာလဲ ကိုယ်ကိုယ်တိုင်သိပါတယ် မရှိကြောင်းကို (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

သူများပြောလား၊ ကိုယ်တိုင် မရှိကြောင်းကို သိလား... (ကိုယ်တိုင်မရှိကြောင်းကို သိတာပါဘုရား)။

အဲ... ကိုယ်တိုင် မရှိကြောင်းကိုသိတော့ ဘာတဲ့... (သန္တိဋ္ဌိကောပါဘုရား) သန္တိဋ္ဌိကော ကိုယ်တိုင်မြင်ပါတယ်ကွ...တဲ့ မရှိတာကို...(မှန်ပါ့)။

ဟာ...ဒကာကြွယ် **သေ**ပျော်တဲ့တရားပါလား (မှန်ပါ့) ရရဲ့သားနဲ့ ကျုပ်တို့ **ဝိပဿနာ** လုပ်တတ်လို့ ခက်နေတာ (မှန်ပါ့)။

ဘယ့်နယ်ကြောင့် ခက်နေတာပါလိမ့်...(ရရဲ့သားနဲ့ ဝိပဿနာ မလုပ်တတ်လို့ ပါ**ဘုရား) ရတော့**ရပါရဲ့၊ ဝိပဿနာ အသုံးမချတတ်လို့ ခက်နေ**တယ်...(မှန်**ပါ့)။

ဒကာဒကာမတွေ သ**န္တိဋ္ဌိကောဆို**တာလေ...ကိုယ့်သန္တာန် ဖြစ်တဲ့ စိတ်ရှိ... မရှိ သန္တိဋ္ဌိကော ဖြစ်ပါတယ်...(မှန်ပါ့)။

သေသေချာချာ မှတ်စမ်းပါ ဒကာဒကာမတို့၊ ကိုယ့်သန္တာန် ဖြစ်တဲ့ စိတ်ကလေးဟာလဲ ဖြစ်ပြီးပျက်၊ ပျက်ပြီးဖြစ်၊ ဖြစ်ပြီးပျက်၊ ပျ**က်**တိုင်း ပျက်တိုင်း နောက်က အသိလိုက်နေမယ်ဆိုရင် **ဘာဖြစ်**ကြပါလိမ့်... (**သန္တိဋ္ဌိ**ကောပါဘုရား)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



အင်မတန် အရေးကြီးနေပါလား . . . (ကြီးပါတယ်ဘုရား) အင်မတန်အရေးကြီးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာပေါ့(မှန်ပါ့) ဥပဝါဏရဟန်းက လျှောက်လို့နော် . . . (မှန်ပါ့)။

အကယ်၍ ဒကာဒကာမတွေ ရေသောက်ချင်တဲ့ စိတ်က လေး ရှိ . . . မရှိ မတွေးတော့ပါဘူး၊ ဆရာဘုန်းကြီးတရားလဲ နားမထောင်၊ သန္နိဋ္ဌာနကောဆိုတဲ့ ဥစ္စာလဲ အလုပ်မလုပ်ဆိုတော့ ရေသောက်ချင်တယ်ဆိုတာက တဏှာ . . .(မှန်ပါ့)။

မသောက်ရ မနေနိုင်ဘူးလို့ ထွက်မသွားဘူးလား (သွားပါ တယ်ဘုရား) အဲဒါက ဘာပါလိမ့် (ဥပါဒါန်ပါဘုရား)။

ငါ့ဟာငါ သွားသောက်မယ်လို့ ပါးစပ်ကလဲပြော၊ ခြေထောက်ကလဲ လှမ်းဆိုတော့ ကာယကံ, ဝစီကံဆိုတဲ့ ကမ္မဘဝဖြစ်တယ် . . .(မှန်ပါ့)။

ဒါဖြင့် သောက်ချင်တာက တဏှာ၊ မသောက်ရရင် မနေနိုင်တာက . . .(ဥပါဒါန်ပါ) ကာယကံ, ဝစီကံနဲ့ သွားတာက . . .(ကမ္မဘဝပါဘုရား) ကမ္မဘဝ ပစ္စယာ . . .(ဇာတိပါ ဘုရား) ဘယ်လောက်ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ သန္နိဋ္ဌာနကော မလုပ်ရင် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကြီး လည်ပါရောတဲ့ . . . (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ရေသောက်ချင်တဲ့ စိတ်ကလေးဟာ ဒကာဒကာမတွေက ရှိ...မရှိ မတွေးတော့ဘူး၊ သန္နိဋ္ဌာနကောဖြစ်အောင် မလုပ်တော့ဘူး ဆိုပါတော့ဗျာ၊ မလုပ်တော့ ရေသောက်ချင်တာက ဘာပါလိမ့်... (တဏှာပါ) မသောက်ရ မနေနိုင်အောင် ဖြစ်လာတာက... (ဥပါဒါန်ပါဘုရား)။

ကာယကံနဲ့သွားပြီး ဝစီကံနဲ့ ပြောသွားတာက... (ကမ္မဘဝ) သဘောကျပလား...(ကျပါပြီ)ကမ္မဘဝ ပစ္စယာ... (ဇာတိ) ဇာတိပစ္စယာ...(ဇရာ မရဏပါဘုရား)။

ဇရာ, မရဏဆိုတော့ မသွားသေးဘူးလား(သွားပါပြီ) အင်မတန် ကြောက်စရာ မကောင်းဘူးလား...(ကောင်းပါတယ် ဘုရား)။

ဒါဟာ ဘယ့်နှယ်ကြောင့် ဒီလို ပဋိစ္စသမုပ္ပာဒ်ကြီး သံသရာကူးသွား ပါလိမ့်မတုံး၊ ဇာတိဆိုတော့ ရောက်မသွား သေးဘူးလား... (သွားပါပြီ) ဇရာ, မရဏဆိုတော့ ဟိုဘက် သေပွဲမဝင်သေး ဘူးလား...(ဝင်ပါပြီဘုရား)။

အနာဂတ်သေပွဲဝင်ရတယ် သဘောကျပလား...(ကျပါပြီ) အဲဒါ ဘယ့်နှယ်ကြောင့် သံသရာ ဆက်ပါလိမ့်မလဲလို့ မေးခွန်း ထုတ်လို့ရှိရင် သန္နိဋ္ဌာနကော မလုပ်မိလို့ပါဘုရား... (မှန်ပါ့) သံသရာဆက်တာ ဘယ့်နှယ်ကြောင့်ပါလိမ့် (သန္နိဋ္ဌာနကော မလုပ်မိလို့ပါဘုရား) ရှင်းပလား...(ရှင်းပါပြီ)။

ဩော်... ဒကာဒကာမတွေ ပါဠိတွေရရဲ့သားနဲ့ အသုံးမချ တတ်တာနဲ့ သံသရာခရီးသည်ဖြစ်ရတာ နာလိုက်တာဗျာ (မှန်ပါ့) မနာဘူးလား...(နာပါတယ်ဘုရား)။

http://www.dhammadownload.com



ဒကာကြွယ်ရေ လဲသေလိုက်ဖို့ ကောင်းတယ်၊ ပါဠိလဲ အရသားနဲ့ သံသရာချောက်ကျပြီး သေပွဲတွေနွဲရတာ ဘယ်လောက် ဆိုးဝါးသတုံး...(ဆိုးဝါးပါတယ်) ဒါဘာမလုပ်တတ်လို့ပါလိမ့် (သန္နိဋ္ဌိကော မလုပ်တတ်လို့ပါဘုရား)။

ဒါဖြင့် သန္နိဋ္ဌိကော လုပ်တတ်လို့ရှိရင် ဒကာဒကာမတို့ ပဋိစ္စသမုပ္ပာဒ် ဘယ့်နှယ်နေသတုံး (ပြတ်ပါတယ်)စဉ်းစားကြည့် ရေသောက်ချင်တဲ့ စိတ်ကလေး ရှိမရှိ တွေးစမ်း...(မရှိပါ) မရှိတာက ...(အနိစ္စပါ) သိတာက (မဂ္ဂပါ) ဟော...မဂ္ဂကို ဘာခေါ်ကြမယ်...(သန္နိဋ္ဌိကောပါဘုရား)။

သန္နိဋ္ဌိကောခေါ်တယ်၊ မဂ္ဂနဲ့ ကိုယ်တိုင် မမြင်လိုက်ဘူးလား (မြင်လိုက်ပါတယ်) မြင်လိုက်တော့ ဒကာဒကာမတို့ တဏှာ မဟုတ်တော့ပါဘူး၊ အနိစ္စဖြစ်သွားတယ်...(မှန်ပါ့)။

အနိစ္စဖြစ်သွားတော့ ဥပါဒါန်ကို ကျေးဇူးပြုသေးရဲ့လား (မပြုပါ) ဥပါဒါန်ကို ကျေးဇူးမပြုတော့ ကမ္မဘဝဆိုတဲ့ ကာယကံ, ဝစီကံ, လာသေးရဲ့လား...(မလာပါဘုရား)။

ကာယကံ, ဝစီကံမှ မလာလို့ရှိရင် ကမ္မဘဝပစ္စယာ ဇာတိကော... (မလာပါဘုရား) ဇာတိမှမလာဘဲနဲ့ အို, သေ တန်းပြီး နောက်တစ်ခါ နေရဦးမှာလား...(မနေရပါဘုရား)။

အံမာလေး... အဖိုးတန်ထိုက်တဲ့ဖြစ်ခြင်း သန္နိဋ္ဌိက (မှန်ပါ့) အဖိုးတန်လိုက်တဲ့ သန္နိဋ္ဌိက ဒကာဒကာမတွေ ပြောစရာ မရှိတော့ဘူး...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သေသေချာချာ နာကြစမ်းပါ၊ ဒကာဒကာမတို့ ဒါ... အိမ်ကျတော့ လုပ်ကြည့်၊ လမ်းသွားကြည့်တော့လဲ လုပ်ကြည့်တာပေါ့...(မှန်ပါ့ဘုရား)။

နင်းလိုက်တဲ့အခါ ဝေဒနာကလေးပေါ်တယ်၊ ဒီဝေဒနာကလေး ရှိ...မရှိ တွေးလိုက်တဲ့အခါ ခြေကြွတော့ ရှိသေးရဲ့လား (မရှိပါဘုရား) မရှိရင် သန္တိဋ္ဌိက ဖြစ်တာပဲ၊ အနိစ္စနဲ့ မဂ္ဂဖြစ်သွားတာပဲ...(မှန်ပါ့) မဖြစ်ဘူးလားဗျာ...(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ သန္တိဋ္ဌိကော ဘယ်လောက်အရေးကြီးသတုံး...(ကြီးပါတယ်ဘုရား) ဒကာသိက်တို့၊ ဒကာအေးတို့ သန္တိဋ္ဌိကော ဘယ်လောက် အရေးကြီးသတုံး... (ကြီးပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သံသရာရှည်ခဲ့တာ ပေါ်ပလား... (ပေါ်ပါပြီ) ဘာကြောင့် ရှည်ခဲ့ပါလိမ့်...(သန္တိဋ္ဌိကော မလုပ်ခဲ့လို့ပါ) သန္တိဋ္ဌိကော သပိတ်မှောက်ခဲ့လို့...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘာ သပိတ်မှောက်ခဲ့လို့ပါလိမ့်...(သန္တိဋ္ဌိကော သပိတ်မှောက်ခဲ့လို့ပါ) သန္တိဋ္ဌိကောဆိုတာ သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိုယ့်သန္တာန်ဖြစ်တဲ့ လောဘ, ဒေါသ, မောဟနဲ့ ကသိုလ်တွေ ရှိ မရှိတွေးတာ သန္တိဋ္ဌိကတဲ့...(မှန်ပါ့ဘုရား)။

ဟိုဟာက အထွတ်ဆုံး မဂ္ဂပစ္စည်းကို ဟောတာ၊ ဒါက ပုဂ္ဂိုလ်တွေ ဝိပဿနာရှုတဲ့ သန္တိဋ္ဌိကလို့ မှတ်လိုက်(မှန်ပါ့) ဘယ်လောက် အဖိုးတန်သတုံး...(တန်ပါတယ်ဘုရား)။

http://www.dhammadownload.com



သေပျော်ပါပြီ၊ ဒီတရားနာရတာ ဒကာဒကာမတွေ သေပျော်ပလား...(သေပျော်ပါပြီဘုရား) မလုပ်တတ် စရာကော... (မရှိပါဘုရား)။

ကိုယ့်သန္တာန် စိတ်ကလေးပေါ်လဲ ဘယ်စိတ်ပေါ်ပေါ် ဘယ်လိုတွေးရမလဲ (ရှိ မရှိ တွေးရပါမယ်ဘုရား) ရှိ မရှိ တွေးရင် ဘာဖြစ်ပါလိမ့်...(သန္နိဋ္ဌိကော ဖြစ်ပါတယ်ဘုရား) သန္နိဋ္ဌိကော ဖြစ်မှာပဲ၊ မရှိဘူး...မရှိဘူးလို့ဆိုတာ ကိုယ်တိုင် မသိရဘူးလား...(သိရပါတယ်ဘုရား)။

ဒကာကြွယ် သိပ်များ ခက်နေသလား...(မခက်ပါဘုရား) မလုပ်ဖြစ်မှာ စိုးရိမ်ရတယ်၊ မခက်တာ ဆရာဘုန်းကြီးကပြလို့ ရှင်းသွားပြီ...(မှန်ပါ)။

ဒကာဒကာမတွေက အိပ်ကြတဲ့အခါကျတော့ သံသရာ လည်ချင်လာတယ်၊ ရေသောက်ချင်တာလဲ မတွေး၊ မတွေးတော့ ကျုပ်မသောက်ရ မနေနိုင်ဘူးဆိုတဲ့ ဉပါဒါန်ကလာ... (မှန်ပါ ဘုရား)။

ရေသောက်ချင်တာက တဏှာ၊ မသောက်ရ မနေနိုင် တာက... (ဉပါဒါန်ပါဘုရား) ဘယ်သူက ယူပေးမပေးပေး ကျုပ်ဟာ ကျုပ် သွားသောက်မယ်ဆိုတဲ့ ကာယကံ, ဝစီကံ မလုပ်ဘူးလား...( လုပ်ပါတယ်ဘုရား) အဲဒါက ဘာပါလိမ့်... (ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား) ဟာ သံသရာကို ကူးသွား တယ်...(မှန်ပါ)။

http://www.dhammadownload.com



ဓာတိပစ္စယာ...(ဇရာ မရဏပါဘုရား) အင်း... ဒီဘဝတောင် အိုပွဲ, သေပွဲမလွတ်သေးဘူး၊ ဟိုဘဝ အိုပွဲ, သေပွဲဆပ်ပြီးတော့ရမယ်လို့ ရှုယ်ပြီးသား၊ ဆုတောင်းပြီးသား သွားဖြစ်တယ်...(မှန်ပါ့) ဘယ်လောက်များ နာတယ်ဆိုတာ ပေါ်ကြပလား...(ပေါ်လာပါပြီဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ ဘုန်းကြီးများနဲ့ တွေ့ ဆရာကောင်း, သမားကောင်းနဲ့တွေ့၊ သာသနာတွင်းကြုံ၊ ဘုန်းကြီးကလဲ ကျန်းကျန်းမာမာမို့၊ ဒကာဒကာမတွေလဲ ကျန်းကျန်းမာမာမို့ မဂ်ရထိုက်တဲ့ကုသိုလ်ကံ ပါနိုင်ပါတယ်လို့ ဆုံးဖြတ်ချက်ချ...(မှန်ပါ့)။

အားမငယ်ကြစမ်းပါနဲ့၊ အားမငယ်ကြစမ်းပါနဲ့၊ မဂ်ရထိုက်တဲ့စိတ် သန္တိဋ္ဌိကောဂုဏ် ပြည့်စုံရင် ကေန်ရပါတယ်...(မှန်ပါ့) သဘောကျလား...(ကျပါပြီဘုရား)။

သန္ဒိဋ္ဌိကောဆိုတာ ဘာပါလိမ့်...(ကိုယ်တိုင်မြင်အောင် ကြည့်ရပါမယ်ဘုရား) ကိုယ်တိုင်မြင်ရမယ်...(မှန်ပါ့)ဘယ်သူ့ သန္တာန်မှာ မြင်ရမှာပါလိမ့်...(ကိုယ့်သန္တာန်မှာ မြင်ရမှာပါ ဘုရား)။

အဲ...ကိုယ့်သန္တာန်ဖြစ်တဲ့ စိတ်ကလေး ရှိ မရှိကို တွေးလိုက်လို့ မရှိတာတွေ့ရင် သန္ဒိဋ္ဌိကော...(မှန်ပါ့) မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ သန္ဒိဋ္ဌိကော ဆိုတာသည် ကားလို့ ဆိုလို့ရှိရင်ဖြင့် အလွန်အရေးကြီးကြောင်းဖြင့် ဆရာ ဘုန်းကြီးသုံးလေးခါထပ်ပြောလို့သိကြပါပြီ...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သန္တိဋ္ဌကော ဉစ္စာသည်ကားလို့...ဆိုလို့ရှိရင်ဖြင့် သန္တိဋ္ဌကောကို တွဲစရာကလေးတစ်ခု ထည့်ပေးပါဦးမယ်... (မှန်ပါ့ဘုရား)။

တွဲစရာကလေး သတိထားလိုက်စမ်း ဒကာဒကာမတို့၊ ဧဟိပဿိကော...(မှန်ပါ့ဘုရား) ဧဟိ=လာခဲ့၊ ပဿ=ရှုပါတဲ့... (မှန်ပါ့)။

ကျုပ် ရှုစမ်းပါဗျာ၊ ကျုပ် ရှုစမ်းပါဗျာ...လို့ တရားကခေါ် နေတယ် ဆိုပါကလား...(မှန်ပါ့)။

ဧဟိ=လာခဲ့၊ ပဿ=ရှုပါ၊ လာရှုစမ်းပါ၊လာရှုစမ်းပါလို့ ဘယ်သူက ခေါ်သတုံး...(တရားကခေါ်ပါတယ်ဘုရား)။

ဩော်...တရားတွေက ခေါ်ရှာပါရဲ့၊ ခင်ဗျားတို့က ကျောပေးနေလို့ ခက်နေတာ...(မှန်ပါ့) ဘယ့်နှယ်ကြောင့် ခက်နေသလဲ...(ကျောပေးနေလို့ ခက်ပါတယ်ဘုရား)။

မဟုတ်ဘူးဗျာ၊ တရားတော့ ကျောမပေးကြနဲ့၊ ခင်ဗျားတို့ တရားကြောင့် တရားသဘောအတိုင်း လူဖြစ်လာကြတာ... (မှန်ပါ့)။

ခင်ဗျားတို့ကို ဘယ်သူက ဖန်ဆင်းလို့မှ လူဖြစ်လာတာ မဟုတ်ဘး...(မှန်ပါ့) အဲဒီတရားတော့ ကျောမပေးနဲ့... (မှန်ပါ့) တရားကခေါ်ရင် သွားဖြစ်အောင် သွားပါ... (မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဧဟိ=ဘာတဲ့...(လာခဲ့ပါ) ပဿ=ရှုပါ...(မှန်ပါ့) ဘယ်သူက ခေါ်ပါလိမ့်...(တရားကခေါ်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တရားတိုင်းဟာ ခေါ်နေတာချည်းပဲ...(မှန်ပါ့) ခင်ဗျားတို့က မရှုဘူး...(မှန်ပါ့) ဘာဖြစ်နေသလဲ...(ကျောပေးနေပါတယ်ဘုရား)။

ဩော်... ကျေးဇူးရှင်ရကျေးစွပ်တာပဲ...(မှန်ပါ့) ရိပ်မိမလား...(ရိပ်မိပါပြီဘုရား)။

ကျေးဇူးရှင် ကျေးစွပ်တယ်၊ ခင်ဗျားတို့ လူ့ဘဝရလာတာ ဘယ်သူပို့လိုက်တာတုံး...(တရားက ပို့ပါတယ်ဘုရား)။

ဩော်... ပို့ပြီးရင်တော့ သူ့တဝန်ကျေပြီ၊ နောက်များလှည့်တောင် မကြည့်ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ ခင်ဗျားတို့က နေတာလား...(မှန်ပါ့)။

မပြောထိုက်ဘူးလား...(ပြောထိုက်ပါတယ်ဘုရား) အတော်ဆိုးရွားတဲ့ ဒကာဒကာမတွေ၊ မဆိုးရွားဘူးလား... (ဆိုးရွားပါတယ်ဘုရား)။

ဧဟိက ဘာတဲ့...(လာပါ) ပဿက...(ရှုပါ) ဘယ်သူက ခေါ်တာတုံး...(တရားကခေါ်တာပါဘုရား)။

အံမာလေး တရားက ခေါ်လျက်တောင်မှ ခင်ဗျားတို့က မရှုဖြစ်ဘူး ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ကျေးဇူးရှင် ကျေးစွပ်တာပဲ...(မှန်ပါ့) မဆိုထိုက်ဘူးလား...(ဆိုထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ အတော်ခက်တဲ့ ဒကာဒကာမတွေ့တဲ့၊ ဧဟိပဿိကောဆိုတာ ဧဟိ=လာခဲ့၊ ပဿ=ရှုပါလို့ ပြောလျက်သားနဲ့ ခြင်ကိုက်တော့ ခင်ဗျားတို့ မှောင်ထဲမှာခြင်ကိုက်တာတောင်

http://www.dhammadownload.com



ကျောကိုက်လို့ ရှိရင် ခင်ဗျားတို့ စိတ်ကလေးက လက်ကိုညွှန်ပြပြီး အဲဒီနေရာ အယားဖျောက်ဟဲ့ဆိုတာ တရားက ခေါ်လို့ သွားတာ . . .(မှန်ပါ့)။

ခြင်ကိုက်တဲ့နေရာခေါ်တော့ သွားတယ်၊ အနိစ္စရောက်တဲ့ နေရာက ခေါ်တော့ . . .(မသွားပါဘုရား) ဖြစ်မှဖြစ်ရလေ . . . အတော်ဆိုးနေတယ် . . .(မှန်ပါ့)။

ခြင်ကိုက်တဲ့ နေရာကျတော့ စမ်းများသွားလိုက်သေးတယ် လက်ကလေးက . . .(မှန်ပါ့) အနိစ္စရောက်တဲ့နေရာက ခေါ်တော့ . . . (မသွားပါဘုရား)။

သြော် . . .မဂ်ဖိုလ်ရမှာများ ကြောက်ရှာကြတယ်(မှန်ပါ့) အဓိပ္ပာယ်က ဒီမရောက်ဘူးလား . . .(ရောက်ပါတယ်ဘုရား)။

ဘာကြောက်နေကြသလဲ(မဂ်ဖိုလ်ရမှာ ကြောက်နေသလို ပါဘုရား) အပယ်တံခါးပိတ်သွားရင် တပည့်တော် နောက်ထပ် မသွားရရင် ကိုယ်ကျိုးနည်းချည့်ရဲ့၊ ဒီလိုများဖြစ်နေသလို မပြောထိုက်ဘူးလား ပြောထိုက်သလား . . .(ပြောထိုက်ပါတယ် ဘုရား) ခင်ဗျားတို့ဖြစ်စဉ်လေ . . .(မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ ဟိုကဘာတဲ့ (လာပါ) ပဿက(ရှုပါ) လာရှုစမ်းပါ၊ လာရှုစမ်းပါလို့ ဘယ်သူက ခေါ်သတုံး (တရားက ခေါ်ပါတယ်ဘုရား)။

ကိုင်း . . .ဒါဖြင့် တရားကခေါ်လို့ရှိရင်ဖြင့် သန္ဒိဋ္ဌိကောက လိုက်ပါတော့၊ ကိုယ်တိုင်မြင်အောင် လိုက်ပါတော့(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မင်းခေါ်တော့ကွာ၊ ကိုယ်တိုင်မြင်အောင် လိုက်မလား (မှန်ပါ့) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။

ဟေိပဿိကောက အခေါ်သမား(မှန်ပါ့) သန္ဒိဋ္ဌိကောက အရှုသမား(မှန်ပါ့) ဘယ်လိုလုပ်ကြမယ် (ကိုယ်တိုင်မြင်အောင် ရှုရပါမယ်) ဟေိပဿိက ခေါ်တဲ့ဆီကို သန္ဒိဋ္ဌိကလိုက်ပါ(မှန်ပါ့)။

သတိထားစမ်းပါ၊ သတိထားစမ်းပါ၊ ဒီနှစ်လုံးနဲ့ ဒီနေ့ တရားပွဲကြီးမှာ . . . (မှန်ပါ့) ကျပ်ကျပ်သတိထားစမ်းပါ။

ဟေိပဿိကောက ဘာတဲ့ . . .(အခေါ်သမားပါဘုရား) ကျုပ်ဆီလာခဲ့၊ ကျုပ်ဆီလာခဲ့လို့ မခေါ်ဘူးလား (ခေါ်ပါတယ် ဘုရား)။

သန္ဒိဋ္ဌိကောက ဘာလုပ်ရမတုံး (မြင်အောင်ရှုရပါမယ်) သူခေါ်တဲ့ဆီကို ရှုမယ် . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီ ဘုရား)။

ပြန်ပြောစမ်းပါ၊ ဟေိပဿိကောက . . .(အခေါ်သမားပါ) ခေါ်တာလဲ တရားပဲနော် . . .(မှန်ပါ့) သန္ဒိဋ္ဌိကောက ဘာလုပ်ရမလဲ . . .(လိုက်ရှုရပါမယ်) လိုက်ရှုတာလဲ ဉာဏ်နဲ့လိုက်ရှုရမှာပဲ . . . (မှန်ပါ့)။

ဒါဖြင့် အခေါ်သမားနဲ့ အရှုသမား ပေါင်းမိလို့ရှိရင် ခင်ဗျားတို့သည်ကားလို့ . . .ဆိုလို့ရှိရင်ဖြင့် သေသေချာချာ ခင်ဗျားတို့ နိဗ္ဗာန်ရောက်ပါတယ် . . .(မှန်ပါ့)။

အခေါ်သမားက အခု အနိစ္စခေါ်, ဒုက္ခခေါ်, အနတ္တခေါ်မှာ ကိုးဗျ . . .(မှန်ပါ့)။

http://www.dhammadownload.com



နောက်ကျတော့ **အနိစ္စ**, ဒုက္ခ, အနတ္တ ဆုံးသွားတော့ အခေါ်သမားက နိဗ္ဗာန်ဖြစ်နေတယ်...(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒကာကြွယ် ဒါမှတ်စမ်း...**(မှန်ပါ့)** ဘယ်လောက် အရေးကြီး သတုံး...(ကြီးပါ**တယ်ဘုရား)။**

အခုတော့ဖြင့် အခေါ်သမားက **အနိစ္စက**ခေါ်လိုက်၊ ဒုက္ခက ခေါ်လိုက်နဲ့ မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား) နောက်တော့ အနိစ္စ, ဒုက္ခ, အနတ္တတွေက ဆုံးမသွားဘူးလား... (ဆုံးသွားပါတယ် ဘုရား) နိဗ္ဗာန်က ခေါ်မယ်ဆိုတာ မသေချာဘူးလား... (သေချာပါတယ်)။

ဟာ...ဒကာကြွယ် တယ်အဖိုးတန်ပါလား...(မှန်ပါ့) အခုတော့ဖြင့် အနိစ္စကခေါ်လိုက်၊ ဒုက္ခက...(ခေါ်လိုက်ပါဘုရား) အနတ္တက...(ခေါ်လိုက်ပါဘုရား)။

နောက်ကျတော့ အနိစ္စလဲချုပ်၊ ဒုက္ခလဲ ကျုပ်သွားတော့ ဘယ်သူ ခေါ်မတုံး...(နိဗ္ဗာန်က ခေါ်ပါမယ်ဘုရား)။

ဟော...**အနိစ္စအဆုံး**မှာ နိဗ္ဗာန်၊ ဒုက္ခအဆုံးမှာ နိဗ္ဗာန်၊ အနတ္တ နိဗ္ဗာန်*...(မှန်ပါ့) အဲဒါတွေ မခေါ်ဘူးလား ( ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဟေ့ပဿိကောက အခေါ်သမား ဟုတ်လား... (မှန်ပါ့) သန္တိဋ္ဌိကောက လိုက်ရှုသမား၊ သဘောကျပလား (ကျပါပြီ ဘုရား)။

---

* နိဗ္ဗာန်သည်လည်း အနတ္တပင်၊ သို့ဖြစ်၍ သင်္ခတအနတ္တအဆုံးမှာ အသင်္ခတအနတ္တဖြစ်သော နိဗ္ဗာန်ဟု ပြလိုပါသည်။

http://www.dhammadownload.com



မမေ့နဲ့နော် ဒီတရားကို...(မှန်ပါ့)အဲဒီအခေါ်သမားနဲ့ အရှုသမားသာ တွဲနေမယ်ဆိုရင်ဖြင့် ဒကာကြွယ်တို့၊ ဦးစံရီတို့၊ ဒကာအေးတို့ ပဋိစ္စသမုပ္ပာဒ်ပြတ်မပြတ် ကိုယ့်ကိုယ်... (ပြတ်ပါတယ်ဘုရား)။

အနိစ္စခေါ်တဲ့ဆီကို အနိစ္စဉာဏ်သာလိုက်လို့ရှိရင် ဉာဏ်ဟာမဂ်ပဲ...(မှန်ပါ့) မဂ်ဆိုရင် ပဋိစ္စသမုပ္ပာဒ် မပြတ်ဘူးလား...(ပြတ်ပါတယ်ဘုရား) ပြတ်သည်နှင့် တစ်ပြိုင်နက်တည်း သံသရာဆက်ဦးမှာလား...(မဆက်ပါဘုရား) ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား) တယ်လဲ အဖိုးတန်ပါလား... (တန်ပါတယ် ဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ ဒကာဒကာမတို့ ဘယ်နှလုံးမှတ်မှာပါလိမ့်...(နှစ်လုံးပါဘုရား)။

တစ်လုံးက အခေါ်သမားက ဘယ်သူပါလိမ့်...(ဖောဟိပဿိကော ပါဘုရား) အလိုက်သမားက ...(သန္ဒိဋ္ဌိကောပါဘုရား) အလိုက်သမားက သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်မြင်အောင် လိုက်နော်... (မှန်ပါ့)။

အခေါ်သမားကဘာတဲ့...(ဖောဟိ ပဿိကောပါ) ဖောဟိပဿိကော...တဲ့၊ ကျုပ်ပျက်နေပြီ၊ လာရှုလှည့်ပါ၊ ကျုပ်ပျက်တဲ့ဆီကို ရှုစမ်းပါ...(မှန်ပါ့) မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား) အဲဒါက ဖောဟိပဿိကော၊ သဘောကျပလား... (ကျပါပြီဘုရား)။

သန္ဒိဋ္ဌိကောဟာ ပျက်နေရင် ကိုယ်တိုင်ကြည့်ပါ သော်ကော ဆိုပြီး "သာမံ ပဿိ တဗ္ဗော"နဲ့ ကိုယ်တိုင်လိုက်လိုက်...(မှန်ပါ့)

http://www.dhammadownload.com



ကိုယ်တိုင်ကြည့်လိုက်တော့ ဩော်...မရှိတာ မသိရပေဘူးလား... (သိရပါတယ်ဘုရား)။

ဒါဖြင့် မရှိတာက ...(အနိစ္စပါ) ကိုယ်တိုင်သိတာက (မဂ္ဂပါဘုရား)။

အဲ...ဒါကြောင့် ဒိဋ္ဌဓမ္မောဆိုတာ ကိုယ်တိုင်မြင်ပါတယ်... (မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

မသေပျော်သေးဘူးလား ဒကာအေး...(မှန်ပါ့) သေပျော်ပြီ...သေပျော်ပြီ၊ ဒီနှစ်လုံးတည်းနဲ့ နိဗ္ဗာန် ရောက်နိုင်တယ်...(မှန်ပါ့) ဒီနှစ်လုံးတည်းနဲ့ နိဗ္ဗာန်ရောက်တယ် ဆိုတာ ဒကာဒကာမတွေ ရှင်းပလား...(ရှင်းပါပြီဘုရား)။

သိပ်အဖိုးတန်လွန်းလို့ ပြောနေပါတယ်...(မှန်ပါ့) ဒကာဒကာမတွေ ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ထမင်းစားချင်တဲ့စိတ်ကလေး ပေါ်လာပြီ ဟုတ်လား...(မှန်ပါ့) နောက်ကနေ သန္တိဋ္ဌိကောနဲ့ လိုက်လိုက် စမ်းပါ၊ ရှိသေးရဲ့လား...(မရှိပါဘုရား)။

မရှိတဲ့ဆီ လိုက်လိုက်တော့ကို ခင်ဗျားတို့က လိုက်ချင်လို့ လိုက်တာလား၊ ဟိုတရားကိုက ခေါ်နေတာလား...(တရားကိုက ခေါ်တာပါဘုရား) မရှိတဲ့တရားကလေးက ခေါ်မနေဘူးလား... (ခေါ်နေပါတယ်ဘုရား)။

ကျုပ်သေပါပြီ လာကြည့်ပါဦး၊ ကျုပ်သေပါပြီ လာကြည့်ပါဦးဆိုတော့ ကျုပ်သေတာ လာကြည့်ပါဦးဆိုတာက ဧဟိပဿိကော...(မှန်ပါ့)သန္ဒိဋ္ဌိကောကလဲပဲ လာခဲ့မယ်ဆိုပြီး

http://www.dhammadownload.com



ကြည့်လိုက်တော့ အသေမတွေ့ရဘူးလား . . .(တွေ့ရပါတယ် ဘုရား)။

ဒါဖြင့် သေတာအနိစ္စ၊ တွေ့တဲ့ဉာဏ်က . . .(မဂ္ဂပါဘုရား) မဂ္ဂဆိုသဖြင့် **ဒကာဒကာမ**တို့ လောဘသေလို့ နောက်က လိုက်ကြည့်ပြန်လဲ **သေတာက** အနိစ္စ၊ လိုက်ကြည့်တာက . . .(မဂ္ဂပါဘုရား)။

ဒီလိုဆိုတော့ ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ မပြတ်ဘူးလား . . .(ပြတ်ပါတယ်ဘုရား)။

ကဲ . . .ဒေါသကလေးဖြစ်တယ်၊ ဒကာဒကာမတွေက သားတွေ, သမီးတွေ ပေါ်မှာ အဲဒီဖြစ်တဲ့ ဒေါသကလေး ရှိ မရှိ တွေးစမ်း . . .(မရှိပါဘုရား)။

ဒါဖြင့် မရှိတော့ ဘယ်သူက ခေါ်သွားလို့ပါလိမ့်၊ ဖေဟိပဿိကောဆိုတဲ့ အနိစ္စက မခေါ်ဘူးလား . . .(ခေါ်ပါတယ် ဘုရား) ခေါ်တော့ ဒကာဒကာမတွေက သန္နိဋ္ဌာနနဲ့ မလိုက်ရဘူးလား . . . (လိုက်ရပါတယ်ဘုရား)။

ထိုကဲ့သို့ လိုက်ရတဲ့အခါကျတော့ အခေါ်သမားက အနိစ္စ၊ အလိုက်သမားက . . .(မဂ္ဂပါဘုရား)။

ဒေါသနောက်ကနေပြီး မဂ္ဂလိုက်တော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်သေးရဲ့လား . . .(မလိုက်ပါဘုရား) သူမှ မလိုက်ဘဲနဲ့ အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယာကော လိုက်ပါဦးမလား . . .(မလိုက်ပါဘုရား) သံသရာပြတ်ပါကလား ဒကာဒကာမတို့ . . .(မှန်ပါ)။

http://www.dhammadownload.com



ဒုက္ခကြွယ်ရေ...**သေပျော်တယ်၊** သေပျော်တယ်... (မှန်ပါ) အင်မတန် **အရေးကြီး**တယ် ဒကာဒကာမတို့...(မှန်ပါ) နှစ်လုံး တည်းနဲ့ကော မမိဘူးလား...(မိပါတယ်ဘုရား) ဖောဟိပဿိကောက အခေါ်သမား၊ သန္နိဋ္ဌိကောက ဘာ...(လိုက်ရှုသမားပါဘုရား) လိုက်ရှုသမားဆိုတော့ အခေါ်သမားကလဲ မပြတ်ခေါ်နေမှာပဲ...(မှန်ပါ) သန္နိဋ္ဌိကော တရားကလဲ မပြတ်လိုက်နေခြင်းဟာ ပဋိစ္စသမုပ္ပါဒ် ပြတ် မပြတ် ...(ပြတ်ပါတယ်ဘုရား)။

ပြတ်လို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့တရားသည်ဒုက္ခပြတ်တဲ့တရား၊ "ဧဝမေ တဿကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ"...(မှန်ပါ) ဒုက္ခပြတ်တဲ့ တရားဆိုတာ သဘောပါပလား...(ပါပါပြီဘုရား)။

ဒုက္ခပြတ်တယ်ဆိုတော့ ဒုက္ခပြတ်တဲ့ ပုဂ္ဂိုလ်သည် "ဒုက္ခဿန္တံ ကရိဿတိ"=ဒုက္ခဿ=ဒုက္ခ၏၊ အန္တံ=အဆုံးဖြစ်တဲ့ နိဗ္ဗာန်သို့၊ ကရိဿတိ= ရောက်လတ္တံ့...(မှန်ပါ) သဘောကျပလား... (ကျပါပြီဘုရား)။

"ကရိဿတိ ပါပုဏိဿတိ"ဆိုတဲ့ ပါဠိတော်များအရဆိုလို့ရှိရင်ဖြင့် အင်မတန် အဖိုးတန် မသွားဘူးလား... (တန်ပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ နက်ဖြန်ကစပြီး သကာလဒီပဋိစ္စသမုပ္ပါဒ်ကို ၄ နာရီကစပြီး ကွမ်းသီးပင်နဲ့ ကျောင်းပေါ်မှာ

http://www.dhammadownload.com



စပြပြီး ဖြတ်ပုံရော, ဆက်ပုံရော နေ့တိုင်းဆက်ဟော လိမ့်မယ်... (မှန်ပါ့) ၄ နာရီကအစ ၅ နာရီအဆုံးပေါ့ဗျာ...(မှန်ပါ့)။

အဲဒါ လက်တွေ့တရားတွေချည့် ပြလိမ့်မယ်၊ လက်တွေ့တရားတွေချည့်ပြမှာ ဖြစ်လေသောကြောင့် ဒီအပြင်အရေးတွေ နောက်ထားပြီး တကယ့်အရေးရယ်လို့ အဓိကထားပြီး လာကြလို့ရှိရင် ခင်ဗျားတို့အတွက်မှာဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းနိုင်လိမ့်မယ်လို့ မှတ်...(မှန်ပါ့)။

ဟာ... မအားလို့ မလာသေးဘူးဆိုရင်ဖြင့် မအားအောင် ခံနေရတဲ့အပါယ်မှာ ပျော်ကြမှာပဲ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ ဘုရား)

ဒါဖြင့် ဒကာဒကာမတို့ အခေါ်သမားက ဘာတဲ့... (ဇေဟိပဿိကောပါဘုရား) အလိုက်သမားက ...(သန္ဒိဋ္ဌိကောပါ ဘုရား)။

အဲ ...အခေါ်သမားခေါ်တိုင်း ခေါ်တိုင်း အလာသမားကသာ ရှိနေမယ်ဆိုရင်ဖြင့် ပဋိစ္စသမုပ္ပာဒ်ပြတ်၍ နိဗ္ဗာန်မုချရနိုင်သည်လို့ ဆုံးဖြတ်ချက်ချ၊ ဘယ်တရားက ခေါ်ခေါ်သွားပါ... (မှန်ပါ့)။

ခင်ဗျားတို့ သန္တာန်ပေါ်မှာလဲ လောကီတရားချည်းပဲ၊ လောကီတရား ဟူသရွေ့ဟာလဲ အပျက်ချည့်ပဲ ...(မှန်ပါ့) အပျက်ကချည့်ခေါ်မှာပဲ...(မှန်ပါ့) ခေါ်တိုင်းခေါ်တိုင်း သွားကြည့်

http://www.dhammadownload.com



ပါ...(မှန်ပါ့) ခေါ်တာက အနိစ္စ၊ ရှုတာက...(မဂ္ဂပါဘုရား) ဖြတ်တာက သံသရာ...(မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

ခေါ်သမားက...(အနိစ္စပါဘုရား)လိုက်သမားက (မဂ္ဂပါ ဘုရား) ပြင်တာက သံသရာ ပဋိစ္စသမုပ္ပာဒ်၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရမှ ရနိုင်ပါ့မလား (ရနိုင်ပါတယ်ဘုရား) ဆုတောင်းရဦးမှာလား၊ ကိုယ်တိုင် ဖြတ်လိုက်တာလား... (ကိုယ်တိုင် ဖြတ်လိုက်တာပါဘုရား) ကိုယ်တိုင်ဖြတ်ရမှာ ဆုတောင်းနေရုံမျှ နဲ့တော့ မရဘူးလို ဆုံးဖြတ်ချက်ချ...(မှန်ပါ့)။

ကိုင်း...ယနေ့ ၅ နာရီထိုးပြီ၊ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု

http://www.dhammadownload.com



**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**

မိုးကုတ် ဆရာတော်ဘုရားကြီး

မင်္ဂလာတိုက်ကျောင်း၌ ဟောကြားတော်မူအပ်သော

**ပဋိစ္စသမုပ္ပာဒ် စက်လည်ပုံ**

# နေ့အလုပ်ပေး တရားတော်

(၁၃၂၁-ခု၊ ဒုတိယ ဝါဆိုလဆုတ် ၁၀-ရက်)

**ကောင်းသော အကျင့်၊ မကောင်းသော အကျင့်လို့ နှစ်မျိုး ရှိတယ်လို့ မှတ်ထားလိုက်ကြပါ . . .(မှန်ပါ့)။**

ဘာပါလိမ့် . . .(ကောင်းသောအကျင့်၊ မကောင်းသော အကျင့်လို့ နှစ်မျိုးရှိပါတယ်ဘုရား)။

ကောင်းသောအကျင့်၊ မကောင်းသောအကျင့် ဆိုပြီး သကာလ သံယုတ်ပါဠိတော်မှာ နှစ်မျိုးဟောတယ် . . .(မှန်ပါ့) ပဋိစ္စသမုပ္ပာဒ် နားမလည်လို့ ရှိရင်ဖြင့်၊ ပဋိစ္စသမုပ္ပာဒ်အတိုင်း စိတ်အစဉ်တွေဟာ ဖြစ်နေလို့ရှိရင်ဖြင့် ဒါမကောင်းသော အကျင့်ဟု မှတ်ပါ . . .(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပာဒ်အတိုင်း ဖြစ်နေရင် ဘာဆိုကြပါလိမ့် . . . (မကောင်းသော အကျင့်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဖြတ်တဲ့အကျင့်ကို ကျင့်နေလို့ရှိရင် ကောင်းသောအကျင့် . . .(မှန်ပါ့)။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်အတိုင်း **ဆက်ပြီးသကာလ** နေကြရင် ဘာဆိုကြမယ် ...(မကောင်းသော အကျင့်ပါဘုရား) ပဋိစ္စသမုပ္ပါဒ် ဖြတ်ပြီး သကာလ ကျင့်နေကြရင်...(ကောင်းသော အကျင့်ပါ ဘုရား)။

ဒါ့ကြောင့် အားလုံး ဒကာ ဒကာမတွေ တရားချိုး ကတည်းက ဩော်...ကောင်းသောအကျင့်၊ မကောင်းသော အကျင့်လို့ သံယုတ်ပါဠိတော်မှာ ဟောတဲ့ဥစ္စာသည် ပဋိစ္စ သမုပ္ပါဒ်အတိုင်း သွားလာနေကြတာကိုကား မကောင်းသော အကျင့်လို့ မှတ်လိုက်ပါ...(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ကို သူက ဘယ်လိုပင် သွားချင်ငြား သော်လဲ ဆရာအကူအညီနဲ့ ဒကာ ဒကာမတွေက ဒီနေရာ ဖြတ်လိုက်မဟဲ့ ဆိုလို့ရှိရင် ဒါ ကောင်းသောအကျင့် ဖြစ်သွား တာပဲ...(မှန်ပါ့ဘုရား)။

ကောင်းသောအကျင့်ဆိုတာသည် သံသရာပြတ်တဲ့အကျင့် မကောင်းသောအကျင့်ဆိုတာ သံသရာဆက်တဲ့ အကျင့်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့)။

ကောင်းသောအကျင့်ဆိုတာ ဘာပါလိမ့်... (သံသရာ ပြတ်တဲ့ အကျင့်ပါဘုရား) မကောင်းသော အကျင့်ဆိုတာက... (သံသရာဆက်တဲ့ အကျင့်ပါဘုရား)။

သံသရာဆက်တဲ့ အကျင့် ဆိုတာကတော့ မျက်လုံး ဖွင့်လိုက်ရင်၊ မဖြတ်တတ်ရင် ဆက်တော့တာပဲ...(မှန်ပါ့)။

http://www.dhammadownload.com



မျက်လုံးဖွင့်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဝိပဿနာဉာဏ်သွင်းလိုက်လို့ရှိရင် ပြတ်ထွက်သွားလို့ သံသရာပြတ်တာပဲ... (မှန်ပါ)။

သံသရာပြတ်တာ နိဗ္ဗာန်ရောက်တာလို့ ဒကာ ဒကာမတွေက မှတ်ထားပါ...(မှန်ပါ)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ကြည့်ကြပါ၊ ဒီဘက်က နှစ်လုံးချလိုက်တယ်၊ အပြားကလေးနှစ်ခု ချလိုက်တယ်၊ ဒကာ ဒကာမတို့ အားလုံးမြင်ကြရဲ့လား ... (မြင်ပါတယ်ဘုရား)။

အဲဒါသည်ကားလို့ ဆိုရင်ဖြင့် ဇရာနဲ့ မရဏလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ)။

ဒကာ ဒကာမတို့ ဒီနှစ်ခုဟာ ဘာပါလိမ့်...(ဇရာနဲ့ မရဏပါဘုရား) မြန်မာလိုပြန်လိုက်တော့ အိုမှုနဲ့ သေမှု... (မှန်ပါဘုရား)။

ဒါဖြင့် ဒီနေ့မှ လာတဲ့ ဒကာ ဒကာမတို့ ယခုပြထားတဲ့ အပြားကလေး နှစ်ခုဟာ အိုမှု, သေမှုလို့ နာမည်တပ်ပြီး ဆရာဘုန်းကြီးက ဟောလိုက်ပါတယ်...(မှန်ပါ) ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲ ရှိတဲ့ နှစ်ခုလို့ မှတ်ထားလိုက်စမ်းပါ...(မှန်ပါ)။

ဘယ်မှာ ရှိတာပါလိမ့်...(ခန္ဓာကိုယ်ထဲမှာရှိတဲ့ နှစ်ခုပါဘုရား) ခန္ဓာကိုယ်ထဲမှာရှိတဲ့နှစ်ခုလို့ သေသေချာချာမှတ်ပါ... (မှန်ပါ) ခန္ဓာကိုယ်ထဲမှာရှိတဲ့ နှစ်ခုဟာ ဒီဘဝဟာဖြင့် အိုမှုလဲရှိနေပြီ၊ သေမှုလဲရှိနေပြီ ဆိုတဲ့ ဥစ္စာလဲ ငြင်းစရာ မလိုပါဘူး... (မလိုပါဘူး)။

http://www.dhammadownload.com



အိုမှုကလဲ တစ်နေ့တခြား ရင့်ရော်တယ်ဆိုတာ ခန္ဓာကိုယ်မှာ တေဇောဓာတ်က ရှိနေသောကြောင့် တေဇောလောင်လို့ အိုမှုကလဲရှိတယ်...(ရှိပါတယ်ဘုရား) တေဇောလောင်လို့ ပြောင်တဲ့အခါကျတော့ သေမှုရှိတော့တယ်...(မှန်ပါ့)။

လောင်တေဇောကတော့ အိုမှုပေါ့ဗျာ...(မှန်ပါ့) တေဇောလောင်လို့ ပြောင်တဲ့အခါကျတော့ ...(မှန်ပါ့)။

ကိုင်း...ဒကာဒကာမတွေ သန္တာန်မှာ စမ်းကြည့်စမ်းပါ၊ အပူငွေ့ကလေး ရှိသလားလို့ အမေးရှိလို့ ရှိရင်ဖြင့် ကိုယ်တိုင်စမ်းကြည့်စမ်း ဒကာ ဒကာမတို့၊ အပူငွေ့ကလေး မရှိဘူးလား... (ရှိပါတယ်ဘုရား) အဲဒါ လောင်နေတယ်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့)။

သူလောင်လွန်းမက လောင်လို့ ပြောင်သွားတဲ့ အခါကျလို့ ရှိရင် သေမှုပဲလို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ...(မှန်ပါ့)။

အဲဒီတော့ သေမင်း ဝမ်းထဲရှိ...မရှိဆိုတာ သူများပြောလား လက်တွေ့စမ်းကြည့်လိုက်စမ်းပါ...(အပူငွေ့ရှိပါတယ်ဘုရား) စမ်းကြည့်လိုက်တော့ အပူငွေ့ကလေးများ တွေ့ရဲ့လား...(တွေ့ပါတယ်ဘုရား)။

အဲဒါကလေးဟာ ကိုယ်စမ်းနိုင်လို့ ကိုယ်တွေ့နေတာ ကလေးဟာ အိုမှုကလေးလုပ်နေတဲ့ တေဇောလို့ မှတ်လိုက် (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီတေဇောလောင်မှ လောင်လို့ရှိရင် ပြောင်တော့မှာပဲ ဆိုတာကော မသေချာဘူးလား...(သေချာပါတယ်ဘုရား) ပြောင်တော့ သေမှု မဖြစ်ကြဘူးလား (ဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတို့ လက်တွေ့ ဝိပဿနာ ဆိုတာ ကိုယ့်ခန္ဓာ ကိုယ်စမ်းကြည့်လိုက်တဲ့ အခါကျလို့ ရှိရင်ဖြင့် အိုမူကလဲ သူများပြော မဟုတ်ပါဘူး၊ လက်တွေ့ပါပဲ...(မှန်ပါ့)။

စမ်းကြည့်ပါ၊ ပူနွေးနွေးသည်ကားလို့... ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့...ဘာကလေး ပေါင်းကြည့်ကြည့်၊ ပေါင်းချောင်နဲ့ ထည့်ပေါင်းလို့ရှိရင် အမာသည်ကား...လို့ဆိုရင် ပျော့သွားတယ် ဆိုတာ ထင်ရှားတယ်...(မှန်ပါ့)။

အဲဒါ အိုမှုလုပ်တဲ့ တေဇောဥပမာနဲ့ ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ တေဇောကလဲ ဒီလိုပဲ၊ ခန္ဓာကိုယ်ကြီးကို ရင့်ရော်အောင်, ဆွေးမြည့်အောင် လုပ်နေတယ်ဆိုတာလဲ ငြင်းနေဖို့ လိုသေးသလား...(မလိုပါဘုရား)။

အဲဒါ တေဇော တွေ့တိုင်း...တွေ့တိုင်း ဇရာပိ ဒုက္ခာဆိုတာ သြော်...တို့ သူများပြောလား အောက်မေ့တယ်၊ ကိုယ့်ကိုယ်ကို စမ်းကြည့်လဲ ဇရာ, ဒုက္ခဆိုတာက အရှိသားပါကလား ဆိုတာ ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား)။

ဒကာကြွယ်ရေ...လက်တွေ့ပဲမဟုတ်လား...(လက်တွေ့ပါ ဘုရား)။

အားလုံး ဒကာ ဒကာမတွေ စမ်းကြည့်ကြစမ်းပါ၊ ကိုယ့်ကိုယ်ကို၊ ကိုယ့်လက်မောင်းကလေးစမ်းစမ်း၊ ကိုယ့်ရင်ကိုယ်စမ်းစမ်း၊ စမ်းချင်တဲ့နေရာ စမ်းပါ နွေးသေးတယ် မဟုတ်လား... (နွေးပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီ အနွေးဆိုတာကလေးဟာ မီးခါတ်ကလေး၊ တေဇောခါတ်ကလေး၊ ဘာလုပ်နေတာပါလိမ့်၊ သူက ဒီအထဲမှာပဲ...(လောင်နေတာပါဘုရား)။

ခန္ဓာရင့်အောင် လုပ်နေတယ်ဆိုတာကော မမှန်လား...(မှန်ပါ့ဘုရား) ဒါဖြင့် အိုအောင်လုပ်နေတာကော...(မှန်ပါတယ်ဘုရား)။

သူလောင်နေတုန်းတော့ အိုတာလဲ သူလောင်စရာ မရှိလို့ ငြိမ်းသွားတော့ လူသေစမ်းတော့ အေးတယ်...(မှန်ပါ့) အဲဒါ သူမလောင်ဘဲ နေလိုက်တော့ ဒကာ ဒကာမတွေ သေပြီလို့ မသမုတ်ကြဘူးလား...(သမုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လောင်ဆဲမှာအိုမှု...(မှန်ပါ့) သူလောင်စရာ မရှိတဲ့အခါကျတော့ ဒကာဒကာမတွေ သုသာန်ပို့လိုက်ရတယ်...(မှန်ပါ့)။

ဒါဖြင့် တေဇောသည် ဒကာဒကာမတို့ အိုမှုကိုလဲ လုပ်တယ်၊ သေမှုကိုလဲ...(လုပ်ပါတယ်ဘုရား) ဘယ်မှာရှိပါလိမ့်မလဲ...(ခန္ဓာမှာ ရှိပါတယ်ဘုရား)။

လက်တွေ့စမ်းပါ၊ လက်တွေ့စမ်းပါ ဒကာမ ဒကာမတို့... ဘယ်မှာရှိပါလိမ့်...(ခန္ဓာကိုယ်မှာ ရှိပါတယ်ဘုရား) အနံ့အပြားလား...(အနံ့အပြားပါဘုရား)။

အနံ့အပြား ရှိနေတော့ အင်း...ဒါဟာ တို့၏ အိုခြင်းဆိုးလုပ်နေတာ သူပဲ...(မှန်ပါ့) တွေ့ကြပလား...(တွေ့ပါပြီဘုရား) သေခြင်းဆိုး လုပ်နေတာကော...(သူပါပဲဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတို့ "ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ"ဆိုတာကော မမှန်ဘူးလား...(မှန်ပါတယ်ဘုရား)။

သူလောင်စရာ မရှိတော့ အေးသွားတယ်တဲ့၊ လောင်စရာ ကုန်တော့ မလောင်တော့ဘူး...(မှန်ပါ့)။

သူပါ ချုပ်ငြိမ်း ရုပ်သိမ်းသွားတော့ ဒကာ ဒကာမတွေပဲ စဉ်းစားကြပါတော့၊ သွေးတွေ အေးကုန်ပြီလို့ ပြောကြတယ်... (မှန်ပါ့)။

စင်စစ် တေဇောက လောင်စရာမရှိလို့ အသေသတ်ပြီး သကာလ သူလဲ မရှိတော့ဘူး... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ အိုမှု တရား ထင်ရှား ရှိပါရဲ့လား...(ရှိပါတယ်ဘုရား)။

စမ်းကြည့်...စမ်းကြည့်...စမ်းကြည့်ပါ ဒကာ ဒကာမ တို့... သူများပြောလား၊ လက်တွေ့လား...(လက်တွေ့ပါဘုရား) ပူကြသေးရဲ့လား...(ပူပါတယ်ဘုရား) ဒါ ဘာဖြစ်နေတာပါ လိမ့်... (လောင်နေတာပါဘုရား) ဘာလို့ လောင်တာပါလိမ့်... (အိုဖို့ လောင်တာပါ ဘုရား) အိုသည်ထက် အိုအောင်လို့ လောင်နေတာ...(မှန်ပါ့)။

ဘာလုပ်နေကြတာပါလိမ့်...(အိုသည်ထက် အိုအောင် လောင်တာပါ ဘုရား) အိုသည်ထက် အိုအောင်လို့ လောင်နေ တယ်ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



အိုသည်ထက်အိုအောင် လောင်တဲ့အခါ ကျလို့ရှိရင်ဖြင့် နောက်ကျတော့ သေအောင်လောင်တဲ့ အဓိပ္ပာယ်ကော သူက မရှက်ဆောင်ပေဘူးလား...(ရှက်ဆောင်ပါတယ်ဘုရား)။

ထိုကဲ့သို့ ရှက်ဆောင်သည် ဖြစ်လေသောကြောင့်လဲ သေမှုလဲ တေဇောက သတ်လိုက်တာပဲ...(မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်မှာ စိတ်ချလက်ချ နေစရာ ရှိပါရဲ့လား...(ရှိပါတယ်ဘုရား)။

ဒီအထဲကနေပြီးသကာလ တို့တော့ဖြင့် အေးပဟော့... စိတ်ချလက်ချ နေကြတော့လို့ပြောတာ ရှူးလို့ပြောတာ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ ပြောတာပါလိမ့်...(ရှူးလို့ ပြောတာပါ ဘုရား)။

အိုအောင်လုပ်တဲ့ တရားလဲ အထင်အရှား ရှိသားပဲ... (ရှိပါတယ်ဘုရား) သေအောင်လုပ်တဲ့ တရားလဲ... (အထင်အရှား ရှိပါတယ်ဘုရား)။

ဒါကို စိတ်ချလက်ချ နေကြတာဆိုတော့ ဘာပြော ပြောတာတုံး... (ရှူးလို့ပြောတာပါဘုရား) အရှူးပြော... ပြောတာဆိုတာ ဒကာ ဒကာမတွေ ပေါ်ကြပလား...(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဇရာပိ ဒုက္ခာဆိုတာ ရှင်းသွားပြီ... (ရှင်းပါပြီ) ဒုက္ခရနေတာပဲ...(မှန်ပါ့) မရဏမ္ပိ ဒုက္ခံ ဆိုတာလဲ သေအောင်လုပ်တဲ့ တရားဟာဖြင့် ဒုက္ခသစ္စာပဲ ဆိုတာ ပေါ်ကြ ပလား...(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါ ဝိပဿီ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတ္တဝါတွေ ကြည့်လိုက်တော့ သူ့မှာလဲ တဇောနဲ့၊ ငါ့မှာလဲ တဇောနဲ့ အိုအောင်လုပ်တဲ့ တရားကလဲ ဝမ်းထဲမှာ, ခန္ဓာထဲမှာ အပြည့်၊ သေအောင်လုပ်မယ့် တရားကကော... (အပြည့်ပါ ဘုရား)။

ဒီလိုချည့်ပဲ နေကြမယ် ဆိုလို့ရှိရင်ဖြင့် အိုသေနဲ့ ချည့်ပဲ လမ်းဆုံးနေရတာဖြင့် ပင်ပန်းလိုက်တာ၊ ဒီအိုသေကို ဘယ်လိုများ လက်စသိမ်းရပါ့မလဲ မြင်ရတာကဖြင့် အိုသေလက်ရှိနဲ့ ချည့်ပဲဆိုပြီး ဘုရားမဖြစ်ခင်ကတည်းက ဒီအိုသေကြီးက လူတိုင်းလက်ရှိဖြစ်ပြီး သကာလနေတယ်၊ သတ္တဝါတွေ ကြည့်ရတာ ပင်ပန်းလိုက်တာ တွေ့တော့တယ်၊ ကိုယ့်ပြန် ကြည့်တော့လဲ ပင်ပန်းလိုက်တာ တွေ့တော့တယ်၊ ဒီ အိုသေသည် ဘယ်ကလာပါလိမ့်မလဲ၊ လက်သည်ရှာမှ တော်မယ်ဆိုပြီး သကာလ လက်သည်ရှာတယ်၊ ဒကာသစ်တို့ ဒကာကြွယ်တို့ ဦးလှဘူးတို့နော်...(မှန်ပါ့)။

လက်သည်ရှာလိုက်တဲ့ အခါကျတော့ ဒကာ ဒကာမတွေ ဒီမှာကြည့်၊ ဒီနှစ်ခုဟာ အိုသေဆိုတာ သိပြီ...(သိပါပြီဘုရား)။

အိုသေ ဘယ်ကလာသလဲ...လို့ လက်သည် ရှာလိုက်တဲ့ အခါကျတော့ ဝိပဿီ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရားမဖြစ်ခင်ကတည်းက အိုသေဆိုတာ ပဋိသန္ဓေနေမှုဆိုတဲ့ ဇာတိကလာတာ...(မှန်ပါ့)။

http://www.dhammadownload.com



ဒီတစ်လုံးဟာ ဘာပဲ့လိမ့်...(ဇာတိပါဘုရား) ဒီနှစ်လုံးက ဘာပါလိမ့်...(အိုသေပါဘုရား) ဇရာ, မရဏ, မြန်မာလို ပြောတော့...(အိုသေပါဘုရား)။

အိုသေပဲဆိုတော့ အားလုံး ဒကာ ဒကာမတွေ ရှင်းလိုက်စမ်းပါဦး၊ အိုသေသည် ဘယ်က လာပါလိမ့်...(ဇာတိက လာပါတယ်ဘုရား)။

သြော်...အိုသေ၏ လက်သည်ဖြင့် ဒကာသစ်တို့ ဒကာကြွယ်တို့ ဖမ်းမိပြီ...(မှန်ပါ) အိုသေ၏ လက်သည် မိကြပလား (မိပါပြီဘုရား)။

ဘာတွေပါလိမ့် (ဇာတိပါဘုရား) ဇာတိဆိုတဲ့ ပဋိသန္ဓေနေမှုရှိတဲ့ ပုဂ္ဂိုလ်မှာ အိုသေတွေ့ရတယ်...(မှန်ပါ)။

ဒါဖြင့် ပဋိသန္ဓေနေမှုက အကြောင်း...(မှန်ပါ) အိုသေက (အကျိုးပါဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ သြော်...ပဋိသန္ဓေနေမှုရှိတဲ့ပုဂ္ဂိုလ်မှာဖြင့် အိုသေ...ရ...ရမှာပဲဆိုတာ မြေကြီးလက်ခတ် မလွဲပေါ့ဗျာ...(မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဘုရားအလောင်းဖြစ်စဉ် အခါတုန်းက ကြံလိုက်တဲ့ အကြံအစည်ချက်တွေ ဦးလှဘူးတို့ မတည့်လားဗျာ...(တည့်ပါတယ်ဘုရား)။

http://www.dhammadownload.com



အိုသေ ဘယ်ကလာပါလိမ့် ...(ဇာတိကပါဘုရား) ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ဇာတိပစ္စယာ ဇရာ မရဏဆိုတာ ဒကာကြွယ်တို့ ရ,ထားတာ ပေါ်လာပြီ... (ပေါ်လာပါပြီဘုရား)။

ရှေးကတော့ နှုတ်ကရွတ်ရုံတင် ရွတ်တယ်၊ အခုတော့ဖြင့် ဇရာလဲရှိတယ်၊ မရဏလဲရှိတယ်...(မှန်ပါ့) စမ်းကြည့်တော့ ပူပူနွေးနွေးကိုးဗျ...(မှန်ပါ့)။

ဇရာ, မရဏ မရှိဘူးလား...(ရှိပါတယ်ဘုရား) ဒီဇရာ, မရဏ ဘယ်က လာပါလိမ့် ဒကာ ဒကာမတို့... (ဇာတိက လာပါတယ်ဘုရား)။

ဩော်...ခင်ဗျားတို့က ပဋိသန္ဓေနေကတည်းက သူပါ လာတယ်၊ ပဋိသန္ဓေနေကတည်းက ဓာတ်လေးပါးနဲ့ ပဋိသန္ဓေ နေတာ...(မှန်ပါ့) မပါဘူးလား...(ပါပါတယ်ဘုရား)။

ပဋိသန္ဓေနေကတည်းက ပါလာတဲ့ အိုသေပါလားဆိုတာ မပေါ်လာဘူးလား...(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် အိုသေ၏ လက်သည် အကြောင်းရင်း ရှာတဲ့သူ ဒကာ ဒကာမတို့ ဘာတွေ့ကြပါလိမ့်...(ဇာတိပါဘုရား)။

ဒါဖြင့် လူ့ပြည်အစ ဇာတိက...(မှန်ပါ့) နတ်ပြည်အစ (ဇာတိကပါဘုရား) ငရဲအစ (ဇာတိကပါဘုရား) တိရစ္ဆာန် အစ (ဇာတိကပါဘုရား) ပြိတ္တာအစ...(ဇာတိကပါဘုရား)။

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ ဒီဇာတိ မချုပ်သရွေ့ ကာလပတ်လုံး အိုသေ ဇာတ်မသိမ်းပါဘူး...(မှန်ပါ့) ဒကာကြွယ် သဘောကျပလား...(ကျပါပြီဘုရား) နောက်က ဒကာ ဒကာမတွေ...(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဇာတိ လက်စမသတ်သရွေ့ ကာလပတ်လုံး အိုသေ လက်စက သိမ်းပါ့မလား...(မသိမ်းပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဇရာ မရဏာနဲ့ ဇာတိဟာ ဇာတိက အကြောင်း၊ အိုသေက အကျိုးဆိုတော့ သိသွားတော့ အကြောင်းအကျိုး ဘယ်ဟာက သာပြီး ကြောက်စရာ ကောင်းသတုံး...(အကြောင်းက ကြောက်စရာ ကောင်းပါတယ် ဘုရား) ရှင်းကြ ပလား...(ရှင်းပါပြီဘုရား)။

အကြောင်းက သာပြီးကြောက်စရာကောင်းတယ်ဆိုတော့ ဒကာ ဒကာမတို့သည် သစ္စာကလေး သွင်းလိုက်ပါဦး...လို့ ဒကာ ဒကာမတွေ သတိပေးလိုက်တယ်၊ ပဋိစ္စသမုပ္ပာဒ်ထဲမှာ သစ္စာကလေး သွင်းလိုက်ပါဦး...(မှန်ပါ့)။

သွင်းတော့ သွင်းပြီးသားပါပဲ၊ နားမလည်လို့ သွင်းလိုက် ပါဦးလို့ ပြောလိုက်ပါတယ်...(မှန်ပါ့)။

နားမလည်လို့ သွင်းရတော့ ဇာတိပိဒုက္ခာ...တဲ့ ဘုရားက (မှန်ပါ့ဘုရား) ဇာတိပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံလို့ မဟော ဘူးလား... (ဟောပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ လူ့ပြည်အစ ဘယ်က ပါလိမ့်...(ဇာတိကပါဘုရား) နတ်ပြည်အစ (ဇာတိကပါဘုရား) ဗြဟ္မာ့ပြည်အစ...(ဇာတိကပါဘုရား) ဇာတိပိ ဘာတဲ့တုံး... (ဒုက္ခာပါဘုရား)။

ဩော်...ဒုက္ခသစ္စာ မသိတော့ နတ်ပြည် ရောက်ရပါ လို၏၊ လူ့ပြည်ရောက်ရပါလို၏၊ ဗြဟ္မာ့ပြည် ရောက်ရပါလို၏

http://www.dhammadownload.com



ဆိုတော့ ဇာတိဒုက္ခသစ္စာ ကိုယ်တိုင် ရ...ရပါလို၏ ...(မှန်ပါ့) သွားပေါ့ ဒကာကြွယ် ...(မှန်ပါ့ဘုရား) မှားလိုက်တဲ့ ဖြစ်ထွေ ...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ မှားလိုက်တဲ့ ဖြစ်ထွေကဖြင့် ဘာမှ ပြင်လို့ ဆင်လို့ မရလောက်အောင်ကိုဘဲ ဆိုးရွားပါတယ်... (ဆိုးရွားပါတယ်ဘုရား) ဇာတိပိ ဘာတဲ့ဗျာ...(ဒုက္ခာပါဘုရား)။

အင်း...ဇာတိကြည့်တော့ ဇာတိက အကြောင်း၊ ဇရာ မရဏက (အကျိုးပါဘုရား) ရှင်းကြပလား...(ရှင်းပါပြီ ဘုရား)။

အဲဒီ ဇာတိကို ဒကာ ဒကာမတွေက အလှူကြီး ပေးပြီး သကာလ ဇာတိရအောင်တောင်း၊ သီလယူပြီး ဇာတိ ရအောင်တောင်း၊ သမထဝိပဿနာ အားထုတ်ပြီး သကာလ ဇာတိရအောင်တောင်းလိုက်တော့ ဒုက္ခသစ္စာကြီး ပြည့်လာ တယ်... (မှန်ပါ့)။

ဒကာသိုက် ဘာတွေ့ပါလိမ့်... (ဒုက္ခသစ္စာကြီး တွေ့ပါ တယ် ဘုရား) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဘာများတွေ့ပါလိမ့် ... (ဒုက္ခသစ္စာကြီး တွေ့ပါတယ် ဘုရား) အဲဒါ သစ္စာမသိတဲ့ပုဂ္ဂိုလ် ဆုတောင်း၊ ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် လောကကြီးထဲမှာ ရွှေမချမ်းသာ၊ ငွေမချမ်းသာ၊ စိန်မချမ်းသာ၊ မြမချမ်းသာမှာကို မစိုးရိမ်ပါနဲ့ ...(မှန်ပါ့ဘုရား) ပန်းတစ်ပွင့်နဲ့ ဆုတောင်းပြီးသကာလ ရပါတယ် ...(မှန်ပါ့)။

http://www.dhammadownload.com



ဇာတိပိဒုက္ခာတစ်လုံး မသိလို့ရှိရင်ဖြင့် ကိုယ့်လည်ပင်း ကိုယ်ကြိုးတပ်ပြီး သေတဲ့ဆုကိုတောင်းယူတယ် ... (မှန်ပါ့) မတောင်းယူဘူးလား (တောင်းယူပါတယ်ဘုရား) သဘော ကျပလား... (ကျပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အခု နေ့တရားအဖြစ်နဲ့ သနားလို့ ဩော် ... ဒကာဒကာမတွေ သစ္စာ မသိလို့ရှိရင်ဖြင့် ဒုက္ခကို သုခဆိုပြီးသကာလ ပွေ့ပိုက်တော့မှာပဲ ဆိုတာ သချာနေလို့ နေ့တရားဖွင့်ပေးတာ... (မှန်ပါ့) ဉာဏ်ရောက်ကြပလား... (ရောက်ပါပြီဘုရား) တော်တော် အရေးကြီးတယ်ဆိုတာကော သိပလား ... (သိပါပြီဘုရား)။

ကိုင်း ... ဦးလှဘူးတို့၊ ဒကာကြွယ်တို့၊ ဒကာသိုက်တို့က စဉ်းစားပါ၊ လူဖြစ်ရပါလို၏ဆိုတော့ ဘာရ, ရပါလို၏လဲ ... (ဇာတိရ, ရပါလို၏ဘုရား) ဇာတိဒုက္ခသစ္စာ ရ,ရပါလို၏ ... (မှန်ပါ့) နတ်ပြည်ရောက်ရပါလို၏ ဆိုတော့...(ဇာတိဒုက္ခသစ္စာ ရ,ရပါလို၏ ဘုရား) ဗြဟ္မာဖြစ်ရပါလို၏ ဆိုတော့...(ဇာတိ ဒုက္ခသစ္စာ ရ,ရပါလို၏ ဘုရား) အဲဒီလိုတောင်းလို့ ရှိရင်လဲ တောင်းဖြစ်တော့မှာ မဟုတ်တော့ပါဘူး...(မှန်ပါ့)။

အခုတော့ ဇာတိပိဒုက္ခာဆိုတာ ဘယ်အခါမှ မကြား ဘူးတော့ တစ်ခါတည်း ဒီဇာတိဆိုတာ အကောင်းပဲထင်ပြီး ဒကာဒကာမတွေက မတောင်းပေဘူးလား ... (တောင်းပါတယ် ဘုရား) တောင်းလိုက်တော့ ပြည့်လာတော့ ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ခက်လိုက်တဲ့ဖြစ်ခြင်း၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဘာဆု တောင်းယူကြပါလိမ့် ... (ဇာတိဆု တောင်းယူပါတယ် ဘုရား)။

အကုန်ပြင်ပါ ဒကာဒကာမတို့၊ နောက်ကိုဘယ်တော့မှ မတောင်းပါနဲ့ ... (မှန်ပါ့) ဘယ်တော့မှ မတောင်းပါနဲ့လို့ သတိပေးလိုက်ပါတယ် ...(မှန်ပါ့)။

ဘာ့ကြောင့်ပေးရတယ် ဆိုတာလဲ ခင်ဗျားတို့ သစ္စာ သိအောင် **ပြောပြီး**လို့ ဒကာဒကာမတွေ မတောင်းပါနဲ့လို့ ပြောလို**က်ရတယ်** ... (မှန်ပါ့) သိပလား ... (သိပါပြီဘုရား)။

**ဇာတိ** ... (ဒုက္ခာ) ဒုက္ခာသစ္စာသည် ဘယ်အခါ **ကာလများ သုခသစ္စာ**ဖြစ်သေးရဲ့လား ... (မဖြစ်ပါဘုရား)။

သုခဖြစ်မယ်ဆိုရင် နောက်ကသစ္စာကို မတည့်ဘူး၊ အခုတော့ ဇာတိဒုက္ခသစ္စာလို့ ခေါ်ရတယ် ... (မှန်ပါ့) သို့သော် ဒကာဒကာမတွေက စုံလုံးကန်းဖြစ်နေတော့ ရမ်းတောင်းတယ်၊ မရမ်းဘူးလား ... (ရမ်းပါတယ်ဘုရား)။

စုံလုံးကန်းဖြစ်နေတော့ ဒကာဒကာမတွေ ရမ်းတာက အလှူအတန်းတွေလုပ်၊ ဆွမ်းတော်ကြီးတင်၊ ဆွမ်းတွေလောင်းပြီး သကာလ နောက်ဘဝ ချမ်းသာအောင်တော့ လုပ်မှပဲကွာ ဆိုတော့ ဝဋ္ဋကုသိုလ်မျိုးကိုသာ လုပ်လေ့ရှိကြတယ်၊ နောက်ဘဝ ချမ်းသာတာ မချမ်းသာတာတော့ ဘုန်းကြီးမပြောလိုဘူး၊ သစ္စာမျက်စိနဲ့ ကြည့်လိုက်တော့ စ,တာတော့ ဘယ်က စ,သတုံး ... (ဇာတိက စ,ပါတယ်ဘုရား)။

http://www.dhammadownload.com



ဇာတိက ဘာသစ္စာတုံး . . . (**ဒုက္ခသစ္စာ**ပါဘုရား) ချမ်းသာ ပါသေးသလား . . . (မပါ . . . ပါဘုရား)။

ချမ်းသာမပါတာကို ဒကာဒကာမတွေ ဘယ့်နှယ်ကြောင့် တောင်းပါလိမ့်မလဲလို့ ဒကာသိုက်တို့၊ ဒကာကြွယ်တို့ **မေးခွန်း** ထုတ်ရင် ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) **သစ္စာ**မသိလို့ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘာမသိပါလိမ့် . . . (သစ္စာမသိတာပါဘုရား) ဘုရားက ဘယ့်**နှယ်**ဟောသတုံး . . . (ဇာတိပိဒုက္ခာပါဘုရား) ရှင်းပလား . . . (**ရှင်းပါပြီ**ဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့၊ ဒကာသိုက်တို့ သစ္စာမသိရင် သံသရာရှည်မယ်ဆိုတာများ သူများပြောလား၊ ကိုယ် . . . ကိုယ်တိုင် လွန်ကျူးပြီးသားလားသာ မေးလိုက်စမ်း . . . (ကိုယ် . . . ကိုယ်တိုင် လွန်ကျူးပြီးသားပါ) ဒါ မသိတုန်းကလေ . . . (မှန်ပါ့)။

သစ္စာမသိတုန်း**က** ဒီဘဝချမ်းသာလို့ရှိရင် နောက်ဘဝ ဒီထက် ချမ်း**သာအောင်လို့၊ ပေါ**အောင်လို့၊ များအောင်လို့ပဲ၊ ဆွမ်းဆန်တွေ **လောင်းတာ**တောင် မောက်မောက်ကလေး လောင်းပါ . . . (**မှန်ပါ့**)။

ငါက ပိုပိုလျှံလျှံမှ ကြိုက်တယ်ကွ . . . (မှန်ပါ့) ပိုတာ မမှားဘူးကွ၊ ပိုတာလဲ ကိုယ့်အိတ်ထဲဖိတ်တာပဲ၊ ကုသိုလ်ချည့်ပဲ၊ နောက်ဘဝမှာ ပေါပေါများများရှိအောင်ပေါ့ကွ၊ အစရှိသည်နဲ့ ဘဝသမ္ပတ္တိလောက် ရည်ရွယ်ပြီး ဒီလိုကျူး လွန်ပြီးသား ပုဂ္ဂိုလ်ရောလဲ ဒီအထဲအပြည့်ပါမှာပဲ . . . (ပါ . . . ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ ဘာမသိလို့ပါလိမ့် (သစ္စာမသိလို့ပါဘုရား) ဘာသစ္စာ မသိလို့ပါလိမ့် ... (ဒုက္ခသစ္စာပါဘုရား)။

ကဲ... ရှုတ်ပါဦး ... (ဇာတိပိဒုက္ခာပါဘုရား) လူအစက ဘယ်ကပါလိမ့် (ဇာတိကပါဘုရား) နတ်အစ ... (ဇာတိကပါ ဘုရား) ဗြဟ္မာအစ ... (ဇာတိကပါဘုရား) ဘာသစ္စာတဲ့တုံး (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် လူဖြစ်ချင်လို့ရှိရင်လဲ အစ, မပါဘဲနဲ့တော့ ဖြစ်မှာမဟုတ်ဘူး... (မဖြစ်ပါဘုရား) နတ်ဖြစ်ချင်တော့ ဖြစ်မှာမဟုတ်ဘူး ...(မဖြစ်ပါဘုရား) နတ်ဖြစ်ချင်ရင်ကော... (အစ,မပါဘဲနဲ့ မဖြစ်ပါဘုရား) ဗြဟ္မာဖြစ်ချင်ရင်ကော ... (အစ, မပါဘဲနဲ့ မဖြစ်ပါဘုရား) အစ,ကလဲ ဘာသစ္စာတဲ့တုံး... (ဒုက္ခသစ္စာပါဘုရား)။

ဖြစ်မှုဖြစ်ရလေဗျာ၊ ဒီလိုများသိမယ်ဆိုလဲ ဒီဥစ္စာ ဘုရားရှေ့ လက်အုပ်ချီပြီး မတောင်းပါဘူးဗျာ... (မှန်ပါ) ဒကာဒကာမတို့ အမောခံတောင်းပါ့မလား ...(မတောင်းပါဘုရား) ဒီက ရှေ့များ တောင်းချင်သေးသလား... (မတောင်းချင်ပါဘုရား)။

ဒုက္ခကို ကိုယ်တိုင် ရ,ရပါလို၏လို့ ခင်ဗျားတို့ ဆု တောင်းပြည့်ဘုရားမှာ တောင်းချင်သေးသလား... (မတောင်းချင်ပါ ဘုရား) ဘုရားလဲ မကြိုက်ဘူးဗျ၊ ဒီအတောင်းကို (မှန်ပါ) ကြိုက်ပါရဲ့လား ... (မကြိုက်ပါဘုရား)။

ဘုရားက ငါသည် ဒီသစ္စာမသိခဲ့လို့ သံသရာရှည်ခဲ့ တယ်ကွာ...တဲ့၊ မင်းတို့လဲ ဒါမသိရင် ရှည်လိမ့်မယ်၊ သိအောင် လုပ်ပါလို့ မမှာဘူးလား ... (မှာပါတယ်ဘုရား) သဘော ကျပလား ... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ရှင်အာနန္ဒာကို မှာလိုက်တာများ သိပြီးသကာလ ဒကာဒကာမတွေ မှတ်စရာသိပ်ကောင်းတယ် ... (မှန်ပါ့) အာနန္ဒာ မင့်အမျိုးတွေ, မင့်အဆွေတွေ၊ မင့်ဒကာဒကာမတွေများ မင်း...သနားလို့ရှိရင် သစ္စာသိအောင် ဟောပါကွာ...(မှန်ပါ့) ကြည့်စမ်း မှာတော်မူလိုက်တာ ... (မှန်ပါ့)။

မင့်အဆွေတွေ, မင့်ဒကာဒကာမတွေ မင်းတကယ် သနားတယ်ဆိုလို့ရှိရင် လောကွတ်လုပ်မနေနဲ့၊ ရွှေတွေ, ငွေတွေ ပေးမနေနဲ့၊ သစ္စာသိအောင် လုပ်ပေး၊ ဒါမှ သနားရာ, ခင်ရာ, မင်ရာ, ချီးမြှောက်ရာ ရောက်သကွလို့ သေသေချာချာ သစ္စာသံယုတ်မှာ မှာတော်မူတယ်... (မှန်ပါ့) မမှာသင့်ဘူးလား... (မှာသင့်ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးကလဲ ဘုရား၏ တပည့်သားဖြစ်တဲ့ အတွက် ဒကာဒကာမတွေ ခင်ဗျားတို့ သားတွေ, သမီးတွေ, ဆွေတွေ, မျိုးတွေ အလုံးစုံ အကုန်ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်၊ သနားပါတယ် **ဆိုခဲ့**လို့ရှိရင် ယခုပြောတဲ့ ပဋိစ္စသမုပ္ပာဒ်ကိုဖြင့် ဒါက ဒုက္ခသစ္စာ၊ ဒါက သမုဒယသစ္စာလို့ ဆိုတာဖြင့် သိအောင်ဟောကြပါ ... (မှန်ပါ့)။

ဒါမဟောလို့ ရှိရင်ဖြင့် ရွှေတွေပုံပေးလေလေ ... ဒုက္ခ ရောက်လေပဲ... (မှန်ပါ့) ငွေတွေပုံပေးလေ... (ဒုက္ခ ရောက်လေပါ ဘုရား) ဘာဖြစ်လို့တုံး ဆိုလို့ရှိရင် ဒီရွှေငွေတွေနဲ့ သုံးစားပြီး ဇာတိဖြစ်ကြောင်းတွေ လုပ်ဦးမှာကိုးဗျ...(မှန်ပါ့) မလုပ်ပေဘူးလား... (လုပ်ပါတယ်ဘုရား) လုပ်တော့ ဘာသစ္စာ တွေ **ရသလဲ**... (ဒုက္ခသစ္စာတွေ ရပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် အမေအဖေ ပေးခဲ့တဲ့အမွေကြောင့် ကလေးမှာ ဒုက္ခရောက်ပေါ့... (မှန်ပါ့) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး မှာတော်မူတာ မင့်ဆွေ, မင့်မျိုးတွေ, မင့်ဒကာဒကာမတွေ သနားလို့ ဆိုရင်ဖြင့် သစ္စာသိအောင် ဟောပါက္ခာလို့ ဆိုတာ အင်မတန် အရေးကြီးလို့ မှာတဲ့စကား ... (မှန်ပါ့) သဘောပေါက်ပြီး ဉာဏ်ရောက်ကြပလား ... (ရောက်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဇာတိက ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား) ဒီဒုက္ခသစ္စာ ရတဲ့အခါကျတော့ ဇာတိက အကြောင်းလား၊ အကျိုးလား... (အကြောင်းပါဘုရား) ဇရာ, မရဏက... (အကျိုးပါဘုရား)။

အင်း ... ငါ့သားသမီးတွေ, ကလေးတွေ ကျန်းမာရစ်စေတော့၊ ချမ်းသာရစ်စေတော့ ဆိုပြီးသကာလ သစ္စာမဟောဘဲနဲ့ အမွေသာပေးသွားကြမယ်ဆိုရင် မင်းသည်ကား ... လို့ ဆိုရင် ဒုက္ခမျိုးစုံ မင့်မှာ အကုန်ဖြစ်စေသတည်းလို့ ဆိုတာနဲ့ အတူတူပဲ... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)

သစ္စာမှတစ်ပါး ဒကာဒကာမတို့ ကိုးစားရာ, အားထားရာ မရှိဘူး... (မှန်ပါ့)။

အခု ဒုက္ခသစ္စာဟောနေတယ်၊ နောက် နိရောဓသစ္စာကို ဆရာဘုန်းကြီးက ဒီပဋိစ္စ သမုပ္ပါဒ်မှာပဲ ဟောမှာပဲ... (မှန်ပါ့ဘုရား) နိရောဓသစ္စာဟောမှ ချမ်းသာမှာကိုးဗျ... (မှန်ပါ့)။

http://www.dhammadownload.com



ကိုင်း... ဒါဖြင့် ဒကာဒကာမတို့ ဇရာ, မရဏာ၏ လက်သည် တွေ့ပလား ... (တွေ့ပါပြီဘုရား) ဘယ်သူ ပါလိမ့်... (ဇာတိပါဘုရား)။

ကောင်းပြီ... ဒါဖြင့် ဒကာဒကာမတို့ ဇာတိဟာ ဆုမတောင်းကောင်းတဲ့ တရားပဲဆိုတာတော့ သေချာပလား... (သေချာပါပြီဘုရား)။

ဘယ်ဇာတိ ကြိုက်သတုံး ... (ဘယ်ဇာတိမှ မကြိုက်ပါ ဘုရား) ဘာသံနဲ့ ပြောတာပါလိမ့် ခင်ဗျားတို့ ... (သစ္စာသံနဲ့ ပြောတာပါဘုရား) ဘာဉာဏ်နဲ့ ပြောပါလိမ့်... (သစ္စာဉာဏ်နဲ့ ပြောပါတယ်ဘုရား)။

ဆွေမျိုးတွေကိုဖြင့် ဘယ်လိုပြောကြမယ်... (သစ္စာကို ပြောပါမယ်ဘုရား) ဘယ်ဇာတိမှ မလိုချင်ပါနဲ့... (မှန်ပါ့) ဘယ်ဘဝမှ... (မလိုချင်ပါနဲ့ဘုရား)။

အံမာ ... ဒါဖြင့် ဝါဒဖြန့်ကြပါ ... (မှန်ပါ့) ချစ်ကြ, ခင်ကြ, ကြင်နာကြလို့ ရှိရင်ဖြင့် ဘယ်ဘဝမှ မတောင်းနဲ့ဟော့... ဇာတိဟာ ဒုက္ခသစ္စာကြီးဟ... (မှန်ပါ့)။

ဒကာကြွယ် ပြောတတ်ပလား...(ပြောတတ်ပါပြီဘုရား)။

ချစ်တယ်, ခင်တယ်, ကြင်နာပါတယ်ဆိုရင်ဖြင့် ဒကာဒကာမတွေ သစ္စာကိုပဲ သိအောင် ပြောပေးကြပါ ... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ... ဒါဖြင့်ဒကာဒကာမတို့ဒီဇာတိသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာပဲဆိုတာ သိသွားကြပြီ...(မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



ဘုရားကဟောတော်မူတယ် "ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ"လို့ မဟောဘူးလား ... (ဟောပါတယ် ဘုရား) လွဲသေးသလား ... (မလွဲပါဘုရား)။

ကောင်းပြီ၊ ဘုရားလဲ ဒီဒုက္ခတွေ သိတော်မူလို့ ဘုရား ဖြစ်တာ ... (မှန်ပါ့) ခင်ဗျားတို့လဲ ဒါတွေသိတဲ့ အခါကျတော့ ဘယ်ဘဝမှ ဆုမတောင်းတော့ပါဘူးလို့ဆိုတာ ဒီဇာတိ ဒုက္ခ သစ္စာကိုမြင်လို့ မတောင်းတာ ... (မှန်ပါ့)။

မတောင်းချင်တော့ဘူးဆိုတော့ ဇာတိက ဒုက္ခသစ္စာ ... (မှန်ပါ့) ဇာတိဟာ ဒုက္ခသစ္စာလို့ ဒကာဒကာမတွေ ဉာဏ်ထဲမှာ မရောက်သေးဘူးလား ... (ရောက်ပါပြီဘုရား) အဲဒီဉာဏ်က မဂ္ဂသစ္စာ ... (မှန်ပါ့)။

ဇာတိက ဘာသစ္စာ ... (ဒုက္ခသစ္စာပါဘုရား) မတောင်း တော့ ပါဘူး လို့ ဆုံးဖြတ်တဲ့ဉာဏ်က ... (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် မတောင်းတော့ပါဘူးဆိုတော့ တောင်းချင်တဲ့ တဏှာ သေတာက သမုဒယချုပ်တာ ...(မှန်ပါ့ဘုရား) ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

သမုဒယချုပ်ကတည်းကိုက ဒကာဒကာမတို့ ဒုက္ခတွေ နောက်လာဦးမလား ... (မလာပါဘုရား) အဲဒီ မလာတာက နိရောဓသစ္စာ ... (မှန်ပါ့)။

သစ္စာသိလိုက်တဲ့အတွက် ဘယ်လောက်များ အဖိုးတန်သွား သတုံး ... (တန်ပါတယ်ဘုရား) ရှင်းကြပလား ... (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ အသက်အရွယ်ကြီးပြီး မသေနှင့်ပေလို့ ဆရာကလဲ မသေနှင့်ပေလို့ပေါ့ဗျာ ... နို့မဟုတ်ရင် အကုန်ချောက်ကျတယ် ... (မှန်ပါ့)။

ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ ဝိပဿီ ဘုရား အလောင်းတော် လက်သည်ရှာသလို ဘုန်းကြီးတို့ကလဲ ဘုရား၏ တပည့်သားတွေ ဖြစ်လို့ ရှာကြဦးစို့... (မှန်ပါ့)။

ဒကာဒကာမတို့...ဇာတိဟာလဲ အကြောင်းမရှိဘဲနဲ့ ဖြစ်မယ် မဟုတ်ပါဘူး... (မှန်ပါ့) ဇာတိက အကြောင်းမရှိဘဲနဲ့ ဖြစ်ပါ့မလား... (မဖြစ်ပါဘုရား) ဒါဖြင့် ဒကာဒကာမတို့ သိတဲ့အတိုင်း ဘဝပစ္စယာဆိုတာ လာပါဦး... (မှန်ပါ့)။

ဒီဘက်ကသုံးခုက ဘာပါလိမ့်... (ဘဝပါဘုရား) ဘဝပစ္စယာ... (ဇာတိပါဘုရား) ဩော်... ဇာတိက လက်သည် ရှာလိုက်တော့ ဘဝကြောင့်ဖြစ်ရတာပါလိမ့်... (မှန်ပါ့)။

အားလုံး ဒကာဒကာမတွေ ဇာတိဆိုတဲ့ ပဋိသန္ဓေနေမှုဟာ ဘယ်သူ့ကြောင့် ဖြစ်ရပါလိမ့်... (ဘဝကြောင့် ဖြစ်ရပါတယ် ဘုရား)။

ဘဝပေမယ့်လဲ ဒီနေရာကလေး၊ နှုတ်ကလေး တက်နေတာကလေးကို ဖျောက်ပြီးသကာလ အသစ်ကလေး ထည့်ပေးလိုက်စမ်းပါ၊ ကမ္မဘဝပစ္စယာ ဇာတိ... (မှန်ပါ့ဘုရား) သဘောကျပလား ... (ကျပါပြီဘုရား)။

ဘာတဲ့ ...(ကမ္မဘဝပစ္စယာ ဇာတိပါဘုရား) ကမ္မဘဝ ပစ္စယာ ဇာတိဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

http://www.dhammadownload.com



အေး… ဒါကြောင့် ဒကာဒကာမတို့သည်ကားလို့ ဆိုရင် ကမ္မဘဝကြောင့် ဘာဖြစ်ရသတုံး…(ဇာတိဖြစ်ရပါတယ် ဘုရား)။

သြော် … ဒါဖြင့် ခင်ဗျားတို့ကလဲ ကံကောင်းချင်လိုက်တဲ့ ဖြစ်ခြင်း၊ ဇာတိဒုက္ခကို မတွေ့ရမှာ စိုးလွန်းလို့ ဒကာကြွယ်တို့ ကံကောင်းချင်လိုက်တာ လွန်နေတာပဲ… (မှန်ပါ့) ပန်းသပြေနဲ့ ညောင်ရေလောင်းပြီးတော့ ကံကောင်းချင်တဲ့ အလုပ်ချည့် လုပ်နေတော့ ကမ္မဘဝပစ္စယာ ဘာတဲ့… (ဇာတိပါဘုရား)။

သြော်… ဒကာဒကာမတို့ ခက်လိုက်တဲ့ဖြစ်ခြင်း၊ ကံကောင်းချင်တဲ့ ဒကာဒကာမတွေသည် ဘာကိုပြုတာပါလိမ့် (ဇာတိပြုပါတယ် ဘုရား) ဇာတိက ဘာသစ္စာပြုပါလိမ့် … (ဒုက္ခသစ္စာပါ ဘုရား) သြော်… ကံကောင်းမှ ဒုက္ခရောက်မှာ ဘုရား… (မှန်ပါ့) ရိပ်မိပလား … (ရိပ်မိပါပြီဘုရား)၊

ဘာတဲ့တုံး… (ကံကောင်းမှ ဒုက္ခရောက်မှာပါ ဘုရား) ဗေဒင်များ မေးချင်သေးသလား… (မမေးချင်ပါဘုရား) ကံများမေးလို့ ကျုပ်ကံကလေး အစအန ဘယ့်နှယ်နေသေး သတုံး၊ ဒုက္ခမှ လွတ်ပါ့မလား… (မှန်ပါ့) ရိပ်မိပလား … (ရိပ်မိပါပြီဘုရား)။

ကျုပ်ကံကလေး ဘယ့်နှယ်နေသတုံး၊ ဒုက္ခမှ ရောက်ပါ့ မလား ဆိုတာ ထည့်မေးလို့ရှိရင် မမေးဖြစ်တော့ဘူး…(မှန်ပါ့) သဘောကျပလား … (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား) သဘောကျပလား… (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီလို ဆရာကောင်း သမားကောင်းမျိုးနဲ့ မတွေ့လို့ရှိရင် ကံမကောင်းလို့ ကံကောင်းနဲ့ ဆက်ချင်၊ ဆက်ချင်ကြတာတွေလဲ ဒီအထဲ တပုံကြီးပါမယ်... (ပါ...ပါတယ်ဘုရား)။

ဒါဖြင့် အဲဒီကံကလဲ ကမ္မဘဝပစ္စယာ ... (ဇာတိပါဘုရား) ပြော် ... သူဆက်ချင်တာလဲ ကံမကောင်းလို့၊ ကံကောင်းနဲ့ ဆက်ပြန်လဲ ... (ဇာတိ) ကံမကောင်းနဲ့ ဆက်ပြန်ကော ... (ဇာတိပါဘုရား)။

ဒါဖြင့် ကောင်းတာနဲ့ဆက်တာ ကြိုက်သလား၊ မကောင်းတာနဲ့ ဆက်တာ ကြိုက်သလား... (ဘာနဲ့ ဆက်တာနဲ့မှ မကြိုက်ပါဘုရား) ရမှာ ဒုက္ခသစ္စာကြီးပဲ ... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

· ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ကံကောင်းကုသိုလ်လဲ ပယ်လို့ ဘုရားဖြစ်လာပြီး ကံမကောင်းတဲ့ ကိလေသာတွေပယ်လို့ ဘုရားဖြစ်လာရတာ... (မှန်ပါ့)။

ကံပယ်လို့ ဘုရားဖြစ်လာတာ ...(မှန်ပါ့) ဇာတိ မလာဘူး၊ လာသေးရဲ့လား... (မလာပါဘုရား) မပေါ်ကြသေးဘူးလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ စဉ်းစားကြည့်စမ်းပါဦး၊ ဒီဆရာကောင်း, သမားကောင်းနဲ့ တွေ့တုန်းကို ဉာဏ်ကလေးနဲ့, နားကြီးကြီးနဲ့ထောင်ပြီး စဉ်းစားပါ ... (မှန်ပါ့)။

ဘုံဘဝကို လိုချင်တဲ့ ကုသိုလ်ကံတွေဟူသရွေ့လဲ ဘုံဘဝကို ဖြစ်စေတတ်တဲ့ ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ ကံဟူသရွေ့လဲ

http://www.dhammadownload.com



ဒကာဒကာမတို့ ဇာတိဒုက္ခပေးတယ် ... (မှန်ပါ့) အကုသိုလ်ကံတွေ ဟူသရွေ့ကော ... (ဇာတိဒုက္ခပေးပါတယ် ဘုရား)။

ဒါဖြင့် ဘုံဘဝကို မတောင့်တတဲ့ အလုပ်သာလျှင် ဒကာဒကာမတို့ အရေးတကြီး ထားကြပါ ... (မှန်ပါ့)။

ဘုံဘဝတောင့်တလုပ်တဲ့ ကုသိုလ်ဟူသရွေ့ကလဲ ဇာတိရမှာပဲ (မှန်ပါ့) မတောင့်တဘဲနဲ့ မိဘရိုးရာနဲ့ နေပြန်ရင်ကော (ဇာတိ ရမှာပါပဲဘုရား) အကုသိုလ်ကံတွေနဲ့ နေတော့လဲ ဇာတိပေါ့ဗျာ (မှန်ပါ့) ဒီလိုမနေဘူးလား ...(နေပါတယ် ဘုရား)။

ဒါဖြင့် ကမ္မဘဝ ပစ္စယာ ... (ဇာတိပါဘုရား) အဲ... ဘယ်ကံဟူသရွေ့ မဆိုတော့ဘူးပေါ့၊ မင်းတို့ ကံဟူသရွေ့ဟာ ဇာတိလုပ်မှာ မှတ်ပေတော့...(မှန်ပါ့ဘုရား)သဘောကျပလား... (ကျပါပြီဘုရား)။

ဒကာကြွယ်ရေ ... ပဋိစ္စသမုပ္ပာဒ် အကိုက်ရှင်း, သစ္စာသွင်းလိုက်တော့ သိပ်အဖိုးတန်တယ်... (တန်ပါတယ် ဘုရား)။

ဆက်နာပါ၊ ဆက်နာပါ ဒကာဒကာမတို့ ဝိပဿနာဉာဏ်ကို နောက်သုံးလေးရက်ဆိုရင် ရောက်မယ်၊ အခုတော့ဖြင့် ကိုယ့်အဖြစ်ဆိုးကြီး, ကိုယ့်အမှားတော်ပုံကြီး ပြင်တုန်းရှိသေးတယ် ... (မှန်ပါ့) တစ်နေ့တည်းပြင်ပေးတော့ မပြီးနိုင်ပါဘူး (မှန်ပါ့) သဘောကျပလား...**(ကျပါပြီဘုရား)**။

တစ်နေ့တည်း ပြင်**လို့တော့** မပြီးနိုင်ဘူး၊ မှားတာက ကမ္ဘာအသင်္ချေက မှား**ထားတာ**၊ ပြင်ပေးတဲ့ ဘုန်းကြီးက

http://www.dhammadownload.com



တစ်နာရီနဲ့ ပြင်ပေးတော့ မပြီးနိုင်ဘူး...(မှန်ပါ) **ပေးနိုင်ပါ** မလား...(မပေးနိုင်ပါဘုရား)။

ကဲ...ဦးလှဘူးရေ...ဂဏန်းပြည့်ကြီး မှားထားတဲ့ ဥစ္စာ အတော် တွက်ယူရမှာပေါ့ဗျာ...(မှန်ပါ)။

ကိုင်း...ဒကာ ဒကာမတို့ **ဇာတိက** ဘယ်က **လာသတုံး** (ကမ္မဘဝကလာပါတယ်ဘုရား) **ကမ္မဘဝက**လာသည် ပါဠိရွတ် **လိုက်တော့ ကမ္မဘဝပစ္စယာ**...(ဇာတိပါ**ဘုရား)**။

ခင်ဗျားတို့ **ရှ,ထားတာတွေက နှုတ်ကသာ** ရထား တာနော်...(မှန်ပါ) **ခန္ဓာကိုယ်ထဲ ဉာဏ်ရောက်**ကဲ့လား... (မရောက်ပါ ဘုရား) ခုနင်တုန်းက ဇရာ, မရဏကို ရွတ်တော့ ရွတ်တယ်၊ ရွတ်တုန်းက ဇာတိ, မရဏက ဇာတိ, မရဏ ဟုတ်ကဲ့လား...(မဟုတ်ပါဘုရား) **ရမ်းရွတ်**တယ်၊ **စာကျေ** အောင်လို့ ရွတ်တာနဲ့ တူသပေါ့ဗျာ...**(မှန်ပါ)**။

ဒါဖြင့် ဒ**ကာ ဒကာမတို့** ဇာတိ ဘယ်ကလာသတုံး... (ကမ္မဘဝက **လာပါတယ်**ဘုရား)။

ကိုင်း...**ကမ္မဘဝ**ဆိုတာ ဒကာကြွယ်၊ ဒကာသိုက်တို့၊ ဦးလှဘူးတို့ မှတ်လိုက်စမ်းပါဗျာ...ကာယကံ, ဝစီကံ, မနောကံ...(မှန်ပါ) ကုသိုလ် ကာယကံ, ဝစီကံ, မနောကံ... (မှန်ပါ)။

ဘုံဘဝလိုချင်တဲ့ ကာယကံ, ဝစီကံ, မနောကံတွေကော မလုပ်ဘူးလား...(လုပ်ပါတယ်ဘုရား) ဘုံဘဝ **သံသရာထဲ**

http://www.dhammadownload.com



**မှာတောင် သံသရာကြီးလည်စေတတ်တဲ့ အကုသိုလ် ကာယကံ, ဝစီကံ, မနောကံတွေကော မလုပ်ကြဘူးလား...(လုပ်ပါတယ် ဘုရား)။**

ဒါဖြင့် ဒီကံသည် ကုသိုလ်ကာယကံ, ဝစီကံ, မနောကံ၊ အကုသိုလ် ကာယကံ, ဝစီကံ, မနောကံ၊ ဘာအကျိုးပေးပါလိမ့်...(ဇာတိပေးပါတယ်ဘုရား) ကမ္မဘဝ**ပစ္စယာ**... (ဇာတိပါဘုရား) **သဘောကျပလား...(ကျပါပြီဘုရား)။**

ဒါဖြင့် ဒကာ ဒ**ကာမ**တို့ ခင်ဗျားတို့သည်**ကား ဆိုလို့ရှိရင်** ကမ္မဘဝလုပ်နေမယ်ဆိုလို့ရှိရင် ကာယကံ, **ဝစီကံတွေ ကုသိုလ်** ဘက်က လုပ်ပြန်လဲ ဘုံဘဝလိုချင်လို့ လုပ်လို့ရှိရင်ဖြင့် ဇာတိပဲ ရတယ်...(မှန်ပါ့) အကုသိုလ်ကံတွေ လုပ်ပြန်တော့လဲ ဘာရသတုံး...(ဇာတိပဲရပါတယ်ဘုရား) ဇာတိက ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဟာ အလိုလိုပေါ်တာလား၊ ကမ္မဘဝကြောင့် ပေါ်တာလား... (ကမ္မဘဝကြောင့် ပေါ်တာပါဘုရား)။

ဒါဖြင့် ကမ္မဘဝကြောင့်ဆိုတော့ စာသံ ပေသံပါနေတယ်၊ ကာယကံ, ဝစီကံ, မနောကံကြောင့် ဖြစ်တယ် (မှန်ပါ့) အကုသိုလ် ကာယကံ, ဝစီကံ, မနောကံကြောင့်ကော (ဇာတိဖြစ်ပါတယ်ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ သေချာသွားပြီ...တဲ့၊ ပဋိစ္စသမုပ္ပာဒ်ကို နောက်ပြန်လှန်တာက မှတ်ထားလိုက်ပါ... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဒကာ ဒကာမတို့ ဒီနေ့ အရောင်းအဝယ်ကလေး များ နည်းနည်းဖြစ်ကြပါရဲ့လား မေးလို့ရှိရင် ထိုက်တန်သလောက် ဖြစ်ပါရဲ့ ဖြေကြမှာပဲ...(မှန်ပါ့)။

ဘယ့်နှယ်တုံး ဒကာ ဒကာမတွေ ဒီနေ့ အရောင်းအဝယ် ဘယ့်နှယ်နေသတုံး... (ထိုက်တန်သလောက် ဖြစ်ပါတယ်ဘုရား) ထိုက်တန်သလောက်ဖြစ်တော့ ကာယကံနဲ့ကော ပြကြရတယ်... (ပြရပါတယ်ဘုရား)။

ဝစီကံနဲ့လဲ ဒီအဖိုး, ဒီအဖိုးပြောရတယ်...(ပြောရပါ တယ်ဘုရား) မနောကံလဲ ဒီပုဂ္ဂိုလ် ဒီလိုပြောမှ ကြိုက်မှာက စိတ်ထဲမှာ တွေးလုံးနဲ့ကော မကြံရဘူးလား (ကြံပါတယ်ဘုရား)။

ကာယကံ, ဝစီကံ, မနောကံ ပါကြရဲ့လား...(ပါပါတယ် ဘုရား) ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား) သွားပေါ့...(မှန်ပါ့) မသွားသေးဘူးလား...(သွားပါပြီဘုရား)။

ဒီအထဲက ခေါင်းထဲသွားပါတယ်...(မှန်ပါ့) ရိပ်မိ ပလား...(ရိပ်မိပါပြီဘုရား)။

ဒါ ခင်ဗျားတို့က ချီးမွမ်းနေသပေါ့...(မှန်ပါ့) သူတို့ အရောင်းအဝယ်ကလေး ဖြစ်တယ်၊ အပြောကလဲ ဟုတ်တယ်၊ အပြောကလဲ ဟိတ်နဲ့, ဟန်နဲ့ဆိုတော့ နေရာကျတာပေါ့... (မှန်ပါ့ဘုရား)။

အင်း...သူ့ခများဖြင့် ကိုယ်ကျိုးနည်းနေတာ ဘယ်သူမှ မသိဘူး...(မသိပါဘုရား) အခု ကိုယ်ကျိုးနည်းတာ သိပလား... (သိပါပြီဘုရား)။

http://www.dhammadownload.com



ကာယကံနဲ့ကော မပြုကြ, မပြုကြရဘူးလား . . . (ပြုကြရပါတယ်ဘုရား) ဝစီကံနဲ့ ချိုးသာစွာကော . . . (ပြောရပါတယ်ဘုရား) မနောကံနဲ့လဲ **လူကဲခတ်, စိတ်ကဲခတ်** ပါ . . .ပါရဲ့လား . . . (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ကံသုံးပါးလုပ်ပြီး**ကြပလားလို့မေးရင်** (လုပ်ပြီးပါပြီဘုရား) ကမ္မဘဝပစ္စယာ . . .(**ဇာတိပါဘုရား**) ဇာတိပိ (ဒုက္ခာပါ ဘုရား)။

သြော် . . .ဒီဥစ္စာ ဘယ်က လာပါလိမ့် ဒကာကြွယ်ရေ . . . (ကမ္မဘဝပစ္စယာကပါဘုရား) ကာယကံ, ဝစီကံ, မနောကံ ကလာတယ် . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

ဒါဖြင့် **သူတို့အကျိုး**ပေးနေတာ ကံကောင်းလို့ အကျိုးပေးနေတယ်လို့ **ဆိုကြ**မလား၊ ဒုက္ခရောက်ဖို့ အပြစ်ရှာပေါ့လို့ ဆိုကြမလား . . .(ဒုက္ခရောက်**ဖို့ အပြစ်**ရှာပေါ့လို့ ဆိုရပါမယ်) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

သြော် . . .ဒါဖြင့် စီးပွားရှာချိန် မရှိဘူးဘုရား ဒကာကြွယ်တို့က ဆိုချင် ဆိုမပေါ့ဗျာ . . .(မှန်ပါ့) ဒကာ ဒကာမတွေကကော မဆိုရပေဘူးလား . . .(ဆိုရမှာပါဘုရား)။

ခင်ဗျားတို့က အစွဲအလမ်း ဖြစ်နေတာ (မှန်ပါ့) စီးပွားရှာချင်တယ် ဆိုကတည်းကိုက ခင်ဗျားတို့ ဒုက္ခရောက်ပြီးမှ စားချင်တာ . . .(မှန်ပါ့)။

ဒုက္ခမရောက်ဘဲနဲ့ ချမ်းချမ်းသာသာနဲ့ ပြည့်စုံတာ မကြိုက်လို့ ပြောတဲ့စကား (မှန်ပါ့) ရိပ်မိပလား . . .(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဘုန်းကြီးနှယ်...ကတ်ကတ်သတ်သတ် ပြောတယ်လို့များ မအောက်မေ့ပါနဲ့...(မှန်ပါ့) မအောက်မေ့ပါနဲ့ ဒကာ ဒကာမတို့၊ ကတ်ကတ် သတ်သတ် ပြောတယ်လို့ အောက်မေ့မနေပါနဲ့... (မှန်ပါ့ဘုရား)။

မဂ္ဂင်အလုပ်ကို လုပ်စမ်းပါ၊ လုပ်မှ သာလျှင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင် ဇာတိ, ဒုက္ခ သစ္စာကော လာပါ့မလား...(မလာပါဘုရား) ဇရာ, မရဏ ဒုက္ခသစ္စာကော...(မလာပါဘုရား)။

ဒါဖြင့် ဇာတိတို့၏ ချုပ်ရာ, ဇရာ မရဏတို့၏ ချုပ်ရာ သိမ်းရာ နိဗ္ဗာန်လို့ မဆိုရပေဘူးလား...(ဆိုရပါတယ်ဘုရား) နိဗ္ဗာန်ဆိုတာ ငြိမ်းအေးချမ်းသာ မဟုတ်လား... (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတို့ ခင်ဗျားတို့ဟာ စီးပွားရှာချင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘုန်းကြီးရဲ့ စွဲချက်တင်လိုက်တာ မလွဲပါဘူး... (မလွဲပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

မဂ္ဂင်အလုပ်, လုပ်ရင် ချမ်းသာစစ်ရမယ်... (မှန်ပါ့) ခင်ဗျားတို့ ကာယကံ, ဝစီကံ, မနောကံတွေ လျှောက်လုပ်နေရင် ဒုက္ခသစ္စာရမယ်...(မှန်ပါ့)။

ကာယကံ, ဝစီကံ, မနောကံဆိုတော့ ကမ္မဘဝကိုး... (မှန်ပါ့) ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား) ဇာတိပိ...(ဒုက္ခ သစ္စာပါဘုရား) ဩော်...သွားပြီ...(မှန်ပါ့)။

ဒါဖြင့် စီးပွားရှာတဲ့ အလုပ်ဟူသရွေ့ သံသရာတက်ဖို့ပဲ... (မှန်ပါ့) စီးပွားရှာတဲ့ပုဂ္ဂိုလ်မှာ ကာယကံ, ဝစီကံ, မနောကံ

http://www.dhammadownload.com



လွတ်ပါ့မလား . . . (မလွတ်ပါဘုရား) ဒါဖြင့် ကမ္မဘဝပစ္စယာ . . . (ဇာတိပါဘုရား) ဇာတိပိ . . .(ဒုက္ခာပါဘုရား)။

သြော် . . .ခင်ဗျားတို့က ဒုက္ခသစ္စာကြိုက်တော့ စီးပွားရှာဖွေ စားသောက်ဖို့တောင် အကွက်မရှိတော့ဘူး၊ တပည့်တော်ဖြင့် ဘုန်းကြီးတရား နာနေတာ စိတ်များပျက်ပါပေါ့ ဆိုချင်ကြသလား (မဆိုချင်ပါဘုရား) နောက်က ဒကာ ဒကာမတွေက ဆိုချင်သေး သလား (မဆိုချင်ပါဘုရား) လူထဲမို့သာ မဆိုရဲတယ်၊ ဝမ်းထဲက တော့ ဒေါသများ ထွက်နေဦးမှာလား။

အဲဒါသည် ဒကာ ဒကာမတို့ သေသေချာချာ မှတ်ပါတဲ့၊ ကံကုန်မှ နိဗ္ဗာန်ရောက်မှာ . . .(မှန်ပါ့ဘုရား) ကံဆက်နေရင် ဇာတိဆက်မယ် . . .(မှန်ပါ့) ကျေနပ်ပလား . . . (ကျေနပ်ပါပြီ ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ခဏခဏ ပြောတယ်၊ ခင်ဗျားတို့က ကံဇာတာကလေးက သေကိန်း, ပျောက်ကိန်း ရှိတယ်လို့ ဗေဒင်ဆရာကဖြစ်စေ၊ အရပ်သားကဖြစ်စေ ပြောလိုက်လို့ရှိရင် ငါးလွှတ်တယ်၊ စာကလေးလွှတ်တယ် . . .(မှန်ပါ့) မလွှတ် ဘူးလား . . .(လွှတ်ပါတယ်ဘုရား)။

နင့်တစ်ခါလွှတ်, ငါ့ကိုဆယ်ခါလွှတ် ဆိုတာမျိုးတွေ မလာဘူးလား . . .(လာပါတယ်ဘုရား) ငါလဲ ငါးဆယ်ခါ ဖြစ်စေသတည်း၊ စာကလေး ဆယ်ခါ ဖြစ်စေသတည်း၊ ငါလဲ ချောက်ထဲကျနေရင် မင်းလဲ ဆယ်ခါလွှတ် . . .(မှန်ပါ့) စာကလေး ဆုတောင်း၊ ငါး ဆုတောင်းသလို ကျမနေဘူးလား (ကျနေ ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒကာသိုက်တို့ လွှတ်ဖူးသေးလား...(လွှတ်ဖူးပါတယ်ဘုရား) သွားပြီ...(မှန်ပါ့)။

အဲဒါ ကံဆက်တာ...(မှန်ပါ့) ကံဆက်တော့ ဒကာ ဒကာမတို့ ဇာတိဆက်တယ်၊ ဇာတိဆက်တော့ အကောင်ဖြစ်မှာပဲ၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီကံသည်ကား ဆိုလို့ရှိရင်ဖြင့် မဂ္ဂင်တရားမှ ဒီကံကို ဖြတ်နိုင်တယ်...(မှန်ပါ့) ဒီကံ ဆက်နေသရွေ့ ကာလပတ်လုံး ဇာတိဆက်မှာပဲ...(မှန်ပါ့) ဇာတိက ဘာသစ္စာတဲ့... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာဆက်မှာပေါ့... (ဆက်မှာပါဘုရား) ဒကာကြွယ် ကြိုက်သေးရဲ့လား...(မကြိုက်ပါဘုရား) ဉာဏ် ရောက်ကြပလား...(ရောက်ပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ ဒီကံက ဘယ်က လာသတုံးဆိုတဲ့ မေးခွန်းထုတ်ကြစို့...(မှန်ပါ့) ဥပါဒါနပစ္စယာ ကမ္မဘဝေါကိုး...(မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား) ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား)။

ဘုန်းကြီးပြောတာက ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပာဒ်ကို ခန္ဓာကိုယ်ထဲမှာ ပြောနေတာ...(မှန်ပါ့) ကာယကံ, ဝစီကံတွေနဲ့ ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ငွေလိုချင်တဲ့ ဥပါဒါန်လာလို့... (မှန်ပါ့ဘုရား) ဥပါဒါနပစ္စယာ...(ကမ္မဘဝေါပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



**ကာယကံ, ဝစီကံ, မနောကံတွေ**နဲ့ နေ့တိုင်း မအားလပ်အောင် ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ **ဘာကိုစွဲလ**မ်းလို့ လုပ်တာတုံး . . . (ဥပါဒါန် စွဲလမ်းလို့ပါဘုရား)။

ဘာအပေါ်မှာ ဥပါဒါန် စွဲလမ်းပါလိမ့် . . .(ငွေပေါ်မှာ ဥပါဒါန် စွဲလမ်းပါတယ်) **ငွေကို စွဲလမ်းတယ်**၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဥပါဒါနပစ္စယာ **ငွေကိုစွဲလမ်းခြင်း** တည်းဟူသော ဥပါဒါန်ကြောင့် ကမ္မဘဝေါ . . .ကာယကံ, ဝစီကံ, မနောကံတို့နဲ့ အရောင်း**အဝယ် နှတ်ချိုသည်, လက်တိုသည်,** ဟောတိဖြစ်၏ မဆိုနိုင်ဘူးလား . . **(ဆိုနိုင်ပါတယ်)** ရှင်းပလား . . . ဒကာ ဒကာမတို့ . . .(ရှင်းပါပြီဘုရား)။

ဒါ့**ကြောင့်** ဥပါဒါန်ကြောင့် ဘာဖြစ်ပါလိမ့် . . .(ကမ္မဘဝပါဘုရား) ကမ္မဘဝဆိုတဲ့ ကာယကံ, ဝစီကံ, မနောကံ ဖြစ်တယ် . . .(မှန်ပါ့)။

ဥပါဒါန်ကလဲ ဘာကို စွဲလမ်းတယ်ဆိုတာကော သိပလား (သိပါပြီဘုရား) ဘာကို စွဲလမ်းသတုံး . . . (ငွေကို စွဲလမ်းပါတယ်ဘုရား)။

ငွေကိုစွဲလမ်းတယ်၊ **သားသမီး**နဲ့ အိမ်ရာတိုက်တာ**တို့ ကြီးပွား**ရေး၊ ပြင်ဆင်ရေး ဟူ**တာ်လား** . . .(မှန်ပါ့) ဒါတွေ စွဲလမ်းတယ်, မစွဲလမ်းဘူး**လား** . . .**(စွဲ**လမ်းပါတယ်ဘုရား)။

စွဲလမ်းတာ ဘာခေါ်ကြမယ် . . .(ဥပါဒါန်ပါဘုရား) အဲဒီ ဥပါဒါန်ကြောင့် ကာယကံ, ဝစီကံ, မနောကံနဲ့ ရောင်းကြ, ဝယ်ကြ မလုပ်ရပေဘူးလား . . .(လုပ်ရပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကံလုပ်ရောလို့ ဆိုကြပါစို့...(မှန်ပါ) ကမ္မဝိပါကသလို့ ဘုရားဟောသောကြောင့် ကံကြောင့် ဝိပါကဆိုတဲ့ ပဋိသန္ဓေဇာတိ မလာရပေဘူးလား...(လာရပါတယ်ဘုရား)။

ဩော်...ဒါဖြင့် အိမ်မှာ အရောင်းအဝယ် လုပ်နေတဲ့ ပုဂ္ဂိုလ်များမှာ ဘာများ - လုပ်နေကြပါလိမ့်မတုံးဆိုတော့ ဥပါဒါန်ကြောင့် ကံလုပ်နေပါတယ်ဘုရား၊ ကံလုပ်မှ တပည့်တော်တို့ နောင်ဘဝ ဇာတိချောက် ကျမှာဘုရာ့...(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဇာတိချောက်ကျမှ ဇရာရောက်ပါမှ မရဏာနဲ့ အသက်ထွက်ရမှာ၊ ဒါ့ကြောင့် ကြိုးစားနေရတယ်...(မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အံမလေး...ဆိုးရွားလိုက်တဲ့ ဒကာ ဒကာမတွေ၊ ကိုယ့်ဆိုးရွားပုံပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒီထဲကများ ဒီကံတွေ မလုပ်ရတဲ့အခါကျတော့၊ ဒီ အရောင်းအဝယ် မကောင်းတော့ ကာယကံ, ဝစီကံ, မနောကံက အရောင်းအဝယ် မလုပ်ရဘူး ဆိုပါတော့ဗျာ...(မှန်ပါ)။

အရောင်းအဝယ် မလုပ်ရတဲ့ အခါကျတော့ စိတ်ပျက်တယ်၊ နေရထိုင်ရတာ...(မှန်ပါ) ကိုယ့်အတွက်လဲ ပျက်တာပဲ၊ မြို့ရွာပြည်ကို ကြည့်လိုက်ပြန်လဲ ပျက်တာပဲ မလာဘူးလား... (လာပါတယ် ဘုရား)။

အဲဒါကလဲ ပျက်တာပဲ ဆိုတာကလဲ **ဝစီကံတွေဗျ**... (မှန်ပါ့ဘုရား) ကာယကံနဲ့လဲ **ဆိုတာကလဲ** ဟိုအိမ်သွားပြီး

http://www.dhammadownload.com



မေးလိုက်ပါဦးမလေဆိုတော့...ဟိုအိမ်သွားပြီး မေးလိုက်ပါဦးမလေ ဆိုတော့ ကာယကံက လာပြန်တယ်...(မှန်ပါ့)။

မနောကံကလဲ သူတို့အတွက် ကျူပ်ဖြင့်ဗျာ အိပ်တောင် မပျော်ဘူးတဲ့... (မှန်ပါ့) မလာဘူးလား (လာပါတယ်ဘုရား)။

အဲဒီ အခါကျလို့ရှိရင်လဲ ကံသုံးပါးမစုံဘူးလား... (စုံပါတယ် ဘုရား) ကဲ...ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား) သဘောကျ ပလား...(ကျပါပြီဘုရား)။

ဒီကံက ဘယ်ကလာပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် ဆွေမျိုးတွေ, သားတွေ, သမီးတွေအပေါ်မှာ စွဲလမ်းတဲ့ ဥပါဒါန်က လာတာ...(မှန်ပါ့) ဥပါဒါနပစ္စယာ... (ကမ္မဘဝေါပါဘုရား) ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား) ဇာတိပစ္စယာ... (ဇရာ မရဏာပါ ဘုရား) ဇရာ မရဏာဆိုတော့ ဒကာ ဒကာမတို့ သေပေါက်သေဝ သူတိုးတယ်...(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဘာတိုးသလဲ... (သေပေါက်သေဝ သူတိုးပါတယ်ဘုရား) ကြက်ကလေးတွေ ကျော့ကွင်းတိုးတဲ့အခါ ကြက်မို့ မိုက်လိုက်တာလို့ ခင်ဗျားတို့ ပြောသေးတယ်... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီတိရစ္ဆာန်များ သေပေါက်တိုး...တိုးနေတာ တိရစ္ဆာန်များ တကယ်မသိတာပါကလား...ဒါသူတို့ကို ထောင်ထားတာ မသိလို့ ...(မှန်ပါ့)။

http://www.dhammadownload.com



အံမာ...ခင်ဗျားတို့က သွေးကြီးမွေးကြီးနဲ့ မပြော ဘူးလား...(ပြောပါတယ်ဘုရား) ခင်ဗျားတို့က ငွေလိုချင်တာက ဘာလုပ်တာ ...(သေပေါက်တိုးတာပါဘုရား) ဥပါဒါန်ဆိုတဲ့ ငွေများများ လိုချင်တာက ဘာပါလိမ့်...(သေပေါက်တိုးတာပါ ဘုရား) ဥပါဒါန်အားကြီးနေတဲ့ ပုဂ္ဂိုလ်ကျတော့ ကံတွေ, လုပ်မှာလား၊ မလုပ်ဘူးလား...(လုပ်မှာပါ ဘုရား) ကာယကံ, ဝစီကံ, မနောကံဆိုတဲ့ ကမ္မဘဝ မလုပ်ပေဘူးလား... (လုပ်ပါတယ်ဘုရား)။

လုပ်တဲ့အခါကျတော့ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား) ဟော...ဇာတိချောက်ထဲ သူများလို ကျော့ကွင်းတိုးနေတာ မဟုတ်ဘူး၊ တို့က ထိုးချလိုက်တာ...(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အတော် မဆိုးဘူးလား...(ဆိုးပါတယ်) ဇာတိပစ္စယာ... (ဇရာ မရဏပါဘုရား)။

ကိုင်း...ခင်ဗျားတို့ ခင်တွယ်မှုတွေကြောင့် သေပွဲကို တစ်ခါတည်း ဝင်ရတယ်...(မှန်ပါ့) မဝင်ရဘူးလား... (ဝင်ရပါတယ် ဘုရား) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဥပါဒါန်ဆိုတဲ့ ငွေကို စွဲလမ်း၊ သားကို စွဲလမ်း၊ သမီးကိုစွဲလမ်းဆိုတာ ဥပါဒါန်နော်... (မှန်ပါ့ ဘုရား)။

ဥပါဒါန် ဘယ်က လာပါလိမ့်မလဲလို့ လက်သည်ရှာ၊ ရှာလိုက်တော့ တဏှာ...(မှန်ပါ့)။

http://www.dhammadownload.com



ဒီမှာကြည့် ဒကာ ဒကာမတို့ အခု ချလိုက်တာ ဘာပါလိမ့်...(တဏှာပါဘုရား) တဏှာပစ္စယာ...(ဥပါဒါန်ပါဘုရား) ဟော...တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဘယ်သူကြောင့်ပါလိမ့်ဗျာ...(တဏှာကြောင့်ပါ ဘုရား) အချဉ်ကလေးကြောင့် အချဉ်ကြီး ဖြစ်လာတာ...(မှန်ပါ့) အချဉ်ကလေးက တဏှာ...(မှန်ပါ့) အချဉ်ကြီးက...(ဥပါဒါန်ပါ) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အချဉ်ကလေး အစကို လက်မခံပါမှ အချဉ်ကြီး ဥပါဒါန် ကွဲသွားမယ်...(မှန်ပါ့)။

အချဉ်ကြီး ဥပါဒါန်နဲ့ မကွဲသရွေ့ ကာလပတ်လုံး ကာယကံ, ဝစီကံဆိုတဲ့ ကံတွေ လုပ်လိမ့်ဦးမယ်...(မှန်ပါ့ဘုရား) လုပ်ရင် ချောက်ကျဦးမယ်...(မှန်ပါ့) မကျပေဘူးလား... (ကျပါတယ်ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ တဏှာကြောင့် ဘာဖြစ်သတဲ့... (ဥပါဒါန် ဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ ဒီတဏှာဟာ အတော်ဆိုးတယ်...(မှန်ပါ့) သေဝ...သေပေါက် ချောက်တွေ တွန်းတဲ့အထဲ သူပါတာပဲဆိုရင်ကော...(မလွဲပါဘုရား) သဘော ကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ...ဒီတဏှာကို လက်သည်ရှာကြ၊ ရှာပါ ဒကာကြွယ်ရေ...(မှန်ပါ) လက်သည်ရှာကြပါ ဒကာ ဒကာမတို့ ဝေဒနာပစ္စယာ...(တဏှာပါဘုရား) ဟာ...ဝေဒနာက လာတယ်...(မှန်ပါ)။

ဒကာ ဒကာမတို့ ဘယ်က လာပါလိမ့်... (ဝေဒနာက လာပါတယ်ဘုရား) ဝေဒနာ တယ်ကြောက်စရာ ကောင်းပါလား... (ကောင်းပါတယ်ဘုရား) ဝေဒနာကြောင့် ဘာဖြစ်ရသတုံး...(တဏှာဖြစ်ရပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် စွဲလမ်းတဲ့ ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ဖြစ်လို့ ကာယကံ, ဝစီကံတွေ လုပ်ပြန်တယ်...(မှန်ပါ) မလုပ်ဘူးလား... (လုပ်ပါတယ်ဘုရား)။

အဲ...လုပ်တော့ ကမ္မဘဝ ပစ္စယာ ဇာတိဆိုတဲ့ ချောက်ကျတယ်...(မှန်ပါ) ချောက်ကျပြီး သကာလ အရိုက်အနှက်ခံပြီး သေပွဲဝင်တဲ့ ဇရာ မရဏဘက် လှည့်မသွားဘူးလား...(သွားပါတယ် ဘုရား)။

လက်သည်ကို အခု နှောက်ဆုတ်, နှောက်ဆုတ် ရှာလာတော့ ဘာတွေ့သတုံး...(ဝေဒနာတွေ့ပါတယ်ဘုရား)။

ကောင်းပြီ... ဒါဖြင့် ဒကာ ဒကာမတွေ ပြောရတယ်... ဒီဝေဒနာသည်ကားလို့...ဆိုလို့ရှိရင် သူ့ကို ဒီအတိုင်းသာ ဝေဒနာ အတိုင်းသာ ထား့မယ်ဆိုရင် ဝေဒနာပစ္စယာ တဏှာဖြစ်တယ်... (မှန်ပါ)။

http://www.dhammadownload.com



ဝေဒနာကို ဝေဒနာအတိုင်း မထားရဘူး၊ ဝိပဿနာ ရှုပေးပါ...(မှန်ပါ)။

ဝေဒနာဟာ ဖြစ်ပြီးတဲ့တရား မဟုတ်လား...(မှန်ပါ) ဖြစ်ပြီး ပျက်တဲ့တရားကို ခင်ဗျားတို့က ဒီကြားထဲကနေပြီး သင်္ကာလ ဉာဏ်သွင်းလိုက်ပါလို့ ဟောလိုက်တယ်...(မှန်ပါ)။

ဒကာ ဒကာမတို့ ဒီဟာ ဝေဒနာနဲ့ တဏှာဖြတ်တဲ့ ဉာဏ်ကလေးပါလား...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီနေရာ ဉာဏ်သွင်းလိုက်ရင် ဝေဒနာချွာပြီး သင်္ကာလ ဝေဒနာဟာ ဝေဒနာပဲလားမေး၊ ခင်ဗျားတို့ ရှုတဲ့ဉာဏ်နဲ့ အနိစ္စပဲလားလို့ မေးစမ်းပါ...(မှန်ပါ) မေးတော့ သူဘယ်လို ပြောမလဲ...(အနိစ္စလို့ ပြောပါမယ်ဘုရား)။

အနိစ္စလို့ပြောမှာ၊ သူဟာ အသက်မပါဘဲနဲ့ တပည့်တော် တို့ကို ဘယ်လိုလုပ်ပြီး အနိစ္စလို့ ပြောမလဲဘုရာ့...လို့ မေးခွန်း ထုတ်စရာ မလိုဘူးလား...(လိုပါတယ်ဘုရား)။

ပြောလာမယ် ဒကာ ဒကာမတို့၊ ဝေဒနာချုပ်ပြီးမှ ရှုတဲ့ ဉာဏ်က ဖွေ့ရတာ...(မှန်ပါ) အဲဒီတော့...သူက အနိစ္စလို့ ပြောပြီးသား မနေဘူးလား...(နေပါတယ်ဘုရား)။

သတ္တဝါသန္တာန်မှာ ဒီဝေဒနာနဲ့ ရှု ဉာဏ်နဲ့ဟာ ပြိုင်ပြီး ပေါ်ကောင်းပါရဲ့လား...(မပေါ်ကောင်းပါဘုရား) မပေါ်ကောင်း တော့ ဝေဒနာချုပ်ပြီးမှ တဏှာက မလာဘူးလား...(လာပါတယ် ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ချုပ်သွားတဲ့ တရားက အနိစ္စကိုးဗျ...(မှန်ပါ့) ဝေဒနာကိုက ကျုပ်ဟာ အနိစ္စပါလို့ ပြောတယ်... (မှန်ပါ့) ပြောတော့ ခင်ဗျားတို့က မဂ်က ခေါင်းညိတ်ပြီး သကာလ... သြော်...အနိစ္စပါလားလို့ ရှုလိုက်...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ကြည့်ပါလား ဒီကအနိစ္စ၊ ဒီနာမ်က မဂ္ဂ၊ ဒီဘက်က တဏှာချုပ်၊ မဂ်နဲ့ဖြတ်လိုက်တယ်...(မှန်ပါ့)။

ဒကာကြွယ် မဂ်နဲ့ ဖြတ်လိုက်တော့ ဘယ့်နှယ်နေသတုံး (တဏှာချုပ်ပါတယ်) တဏှာချုပ်တော့ ဥပါဒါန်ကော... (ချုပ်ပါတယ်ဘုရား)။

ကံကကော...(ချုပ်ပါတယ်) ဇာတိ ဇရာ မရဏကော... (ချုပ်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ သြော်...ဒီဘက် သမုဒယ သစ္စာသေတဲ့ ဟောဒီနှစ်ခုဟာ သမုဒယ သစ္စာ(မှန်ပါ့ဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဒီနှစ်ခုက တဏှာနဲ့ ဥပါဒါန်က သမုဒယသစ္စာ ကံတွေ၊ ဇာတိ ဇရာ မရဏတွေ ချုပ်သွားတာကလဲ ဒုက္ခတွေ ချုပ်သွားတာ...(မှန်ပါ့) မချုပ်ဘူးလား...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မနေ့ကလဲ ပြောခဲ့ရတယ်၊ ဘုရား ဘယ်နေရာမှာ ပွင့်သတုံး...လို့ မေးတော့ ဒကာ ဒကာမတွေက ဘယ့်နှယ်ဖြေကြသတုံး...(ဝေဒနာနဲ့ တဏှာ ကြားမှာပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒီနေရာမှာ ခင်ဗျားတို့ မဂ်သွင်းရင် ခင်ဗျားတို့ သောတာပန် ဖြစ်တဲ့ နေရာလဲ ဒီနေရာပဲ...(မှန်ပါ့) သကဒါဂါမိဖြစ်တဲ့ နေရာကော...(ဒီနေရာပါဘုရား) အနာဂါမ်ဖြစ်တဲ့ နေရာ ကော...(ဒီနေရာပါ) ရဟန္တာဖြစ်တဲ့နေရာကော... (ဒီနေရာပါ ဘုရား)။

ဒါဖြင့် ဒီနေရာက ဝေဒနာပေါ်တိုင်းသား ရှုနေ(မှန်ပါ့) ဒီဘက်က သံသရာအဆက်ကြီးဟာ ဘယ့်နှယ်နေသတုံး... (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပာဒ် ဒုက္ခစက်ကြီး ဆက်နိုင်သေးရဲ့လား...(မဆက်နိုင်ပါဘုရား) ဘာ့ကြောင့် မဆက်နိုင်ပါလိမ့်မတုံး...လို့ မေးခွန်းထုတ်ရင် ဒကာ ဒကာမတွေ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဝေဒနာကို အနိစ္စရှုတဲ့မဂ် ဝင်လာလို့ သံသရာ ပြတ် သွားတာ...(မှန်ပါ့ဘုရား) ဦးလှဘူး ဝမ်းသာစရာ ကောင်း လိုက်တာ...(မှန်ပါ့ဘုရား)။

ဘယ်နေရာမှာ ဘုရားဖြစ်ပါလိမ့်... (ဝေဒနာနဲ့ တဏှာ ကြားမှာပါ) ပစ္စေကဗုဒ္ဓါ...(ဝေဒနာနဲ့တဏှာ ကြားမှာပါ ဘုရား)။

အေး...နန္ဒမှုလိုဏ်တွေ ဘာတွေက လိုရင်းမဟုတ် ပါဘူး... (မှန်ပါ့) ပဋိစ္စသမုပ္ပာဒ်ကြီးက ဝမ်းထဲမှာ တန်းမနေရ ဘူးလား...(တန်းနေပါတယ်ဘုရား)။

ထုံးစံအတိုင်း ဒီအတိုင်းတန်းနေတဲ့အထဲမှာ ဒီကြားမှာ သူတို့ မဂ်သွင်းကြတယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါ့ကြောင့် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရား ဖြစ်တယ်ဆိုတာ လိုရင်းမဟုတ်ပါဘူး၊ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရား ဖြစ်တယ်...(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဘယ်နေရာမှာ ဘုရားဖြစ်ပါလိမ့်...(ဝေဒနာနဲ့ တဏှာ ကြားမှာပါဘုရား)။

ဗောဓိပင်နဲ့ ရွှေပလ္လင်ဆိုတာ ဗောဓိပင်က ရုပ်တရားကြီးပါ၊ ရွှေပလ္လင်ကလဲ ရုပ်တရားကြီးပါ... (မှန်ပါ့) အဲဒီအပေါ်မှာ ဘုရားဖြစ်တာ လိုရင်းမဟုတ်ပါဘူး၊ မြတ်စွာဘုရား၏ ဝမ်းထဲမှာ ပဋိစ္စသမုပ္ပါဒ် အစဉ်ပြတ်သွားတာသည် ဝေဒနာနဲ့ တဏှာကြားမှာ ဉာဏ်ဝင်လိုက်ပါတယ်...(မှန်ပါ့)။

သဗ္ဗညုတဉာဏ် ဝင်တဲ့အချိန်မှာ ဘာဖြစ်ပါလိမ့်...(ဘုရား ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဗောဓိပင်မှာ ဖြစ်သလား၊ ဒကာ ဒကာမတို့ ဝေဒနာနဲ့ တဏှာ မဆက်မိအောင် လုပ်တဲ့ နေရာမှာ ဘုရား ဖြစ်သလား...(ဝေဒနာနဲ့ တဏှာ မဆက်မိအောင်လုပ်တဲ့ နေရာမှာ ဘုရားဖြစ်ပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီးတို့ နေ့တိုင်း ဟောနေတယ်၊ ဝေဒနာကျော်ပြီး အနိစ္စမြင်အောင်ရှု...(မှန်ပါ့)။

သုခ ဝေဒနာပေါ်လဲ သုခဝေဒနာမရှုနဲ့၊ အနိစ္စလို့ရှု... (မှန်ပါ့) ဒုက္ခဝေဒနာပေါ်လဲ ဒုက္ခဝေဒနာမရှုနဲ့...(အနိစ္စလို့ ရှုရပါမယ်) ဥပေက္ခာ ဝေဒနာပေါ်လာရင်...(အနိစ္စလို့ ရှုရပါမယ်)။

http://www.dhammadownload.com



ဒါကြောင့် သတိပဋ္ဌာန် ပါဠိတော်က "သမုဒယဓမ္မာနုပဿီ ဝါ ဝယ ဓမ္မာနုပဿီ ဝါ ဝေဒနာသုဝိဟာရတိ" ဖြစ်ပျက်သာရှု၊ ဝေဒနာ မရှုနဲ့တဲ့...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာရှုရမှာတုံး... (ဖြစ်ပျက်ကို ရှုရမှာပါဘုရား)။

ဝေဒနာတော့ ဝေဒနာပဲ၊ ဝေဒနာကို ရှုမနေနဲ့... (မှန်ပါ့) သူ၏ အပျက်ကလေးကို မြင်အောင်ကြည့်... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

သူ၏ အပျက်ကလေးကို မြင်အောင်ကြည့်လိုက်တော့ ရှေ့က အပျက် နောက်က မဂ်ဖြစ်သွားတယ်... (မှန်ပါ့) မဂ်ဖြစ်သွားတော့ ဒကာ ဒကာမတွေ ဒီနေရာဟာ သောတာပန်တည်တဲ့နေရာပဲ...(မှန်ပါ့) ကိုယ့်ဝမ်းထဲမှာ မဂ်ပေါ်တာဗျ... (မှန်ပါ့)။

ကိုယ့်ဝမ်းထဲမှာ ကိုယ်ပေါ်တော့ အိမ်ပေါ်မှာ ပေါ်လို့ရှိရင် ဖောစိပင်နဲ့ ရွှေပလ္လင်လိုပဲ...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဝမ်းထဲမှာ ဘုရားဖြစ်တာ...(မှန်ပါ့) ဝမ်းထဲမှာ မဂ်ဝင်လာလို့ ဝမ်းထဲမှာ သောတာပန်တည်တာ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီတရားသည်ကားလို့... ဆိုလို့ရှိရင်ဖြင့် ဩော်...ဝိပဿနာရှုရင် တို့ ဘယ်နေရာမှာ ထိုင်ရှုရမှာလဲဆိုတာ ပေါ်သွားပြီ...(ပေါ်ပါပြီဘုရား) ဘယ်နေရာထိုင်ရှုမလဲ... (ဝေဒနာနဲ့ တဏှာကြားမှာ ရှုရမှာပါဘုရား)။

http://www.dhammadownload.com



ဝေဒနာနဲ့ တဏှာကြားမှာ ထိုင်ရှုပါ၊ သို့သော် ဝေဒနာကတော့ မရှိတာ ကေန်ပါဘဲ၊ ဒီကြားထဲမှာ ရှုရမယ် ဆိုတာက ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ တန်းပြတဲ့ အခါကျတော့ ဝေဒနာပြီး တဏှာလာလို့ တဏှာနေရာမှာ မဂ်ဝင်အောင်လုပ်ပါ ပြောတာ...(မှန်ပါ့)။

ဒကာကြွယ် ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား) အားလုံး ဒကာ ဒကာမတွေ ကျေနပ်ကဲ့လား...(ကျေနပ်ပါတယ် ဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ ဒီကဲ့သို့ အခု ဒီနေ့ တိုးပေးလိုက်မှာက ဝေဒနာကို အနိစ္စမြင်အောင် ကြည့်နိုင်လို့ရှိရင် ဒကာ ဒကာမတို့ မဂ်ဖိုလ်ဆိုက်နိုင်တယ်... (မှန်ပါ့)။

မဂ်ကျလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒကာ ဒကာမတို့ ဒီဇာတိ ဇရာ မရဏဆိုတဲ့ ဥစ္စာ နည်းနည်းကလေး မှတ်လိုက်စမ်း၊ အနာဂတ်ဘဝ... (မှန်ပါ့)။

ဇာတိ ဇရာ မရဏဆိုတာ ဘာပါလိမ့်... (အနာဂတ် ဘဝပါဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား) သေပြီးမှ ဖြစ်ကိုးဗျ...(မှန်ပါ့) သေပြီးမှ ဖြစ်မှာဆိုတော့ သူ့ကို ဘယ်ဘဝ ဆိုကြမလဲ...(အနာဂတ် ဘဝပါဘုရား)။

တဏှာရယ်, ဥပါဒါန်ရယ်, ကံရယ် ဒီသုံးခုသည်ကားလို့ ဆိုလို့ရှိရင် ပစ္စုပ္ပန်... (မှန်ပါ့) ဒါဖြင့် အနာဂတ်အကြောင်းက သုံးခု...(မှန်ပါ့) အနာဂတ်အကျိုးက သုံးခု...(မှန်ပါ့)။

http://www.dhammadownload.com



အနာဂတ်အကြောင်း သုံးခုကို ယနေ့ရှင်းပါ၊ တဏှာ, ဥပါဒါန်, ကံ...(မှန်ပါ့)။

ရွတ်ကြစမ်း ဒကာ ဒကာမတို့၊ အနာဂတ်အကြောင်း ဘယ်သူပါလိမ့်...(တဏှာ, ဥပါဒါန်, ကံပါဘုရား) ဒါ... အနာဂတ် အကြောင်း၊ အနာဂတ် ဖြစ်ဖို့ရာ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

မမေ့စေနဲ့နော်၊ ပဋိစ္စသမုပ္ပါဒ် မဆုံးသေးဘူး ဒကာ ဒကာမတို့၊ ဆုံးပြီးတော့လဲ ဝိပဿနာဉာဏ်တွေ အများကြီး သွင်းရဦးမှာ...(မှန်ပါ့)။

ဒါကြောင့် နည်းနည်း...နည်းနည်းနဲ့ ဒကာ ဒကာမတွေ ခွဲပြီး ဟောနေတယ်...(မှန်ပါ့) တစ်သံသရာလုံး ဖြတ်လမ်း မတွေ့ခဲ့တာ ဒကာကြွယ် ယနေ့ စ, တွေ့တယ်...(မှန်ပါ့)။

တစ်သံသရာလုံးက ဝေဒနာပစ္စယာ, တဏှာနဲ့ သွားတာ ပဲ(မှန်ပါ့ဘုရား) တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ...(ဇာတိ) ဇာတိပစ္စယာ...(ဇရာ မရဏပါဘုရား)။

အဲ...တစ်သံသရာလုံးကတော့ ဒီလမ်းချည့် ချောင်းချောင်း ပြေးနေတာပဲ မှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အခု ဆရာဘုန်းကြီးက ဘုရားဟောတော်မူသော နည်းကို မှီပြီး ဝေဒနာနဲ့ တဏှာကြား ဘုရားပွင့်တယ်...(မှန်ပါ့ဘုရား)

http://www.dhammadownload.com



သောတာပန်ဖြစ်ချင် ဒီကြားဖြစ်...(မှန်ပါ) သကဒါဂါမ် ဖြစ်ချင်...(ဒီကြားမှာ ဖြစ်ပါတယ်ဘုရား) အနာဂါမ်ဖြစ်ချင် ရင်... (ဒီကြားမှာ ဖြစ်ပါတယ်ဘုရား)။

အဲဒါ အခုမှ အထိုင်ကောင်းမှန်းသိတယ်... (မှန်ပါဘုရား) တစ်သံသရာလုံး ဒီနေရာမှာ ထိုင်ပြီး သကာလ နေရမယ်လို့ သိရဲ့လား...(မသိပါဘုရား) ဒီနေရာက ရှုနေရမယ်လို့ သိရဲ့လား...(မသိပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့သည် သံသရာ တစ်ဆက်တည်းသာ ဆက်နေတယ်၊ မပြတ်ခဲ့ပါဘူး...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် တဏှာ, ဥပါဒါန်, ကံတို့သည် ဘာတဲ့... (အနာဂတ်အကြောင်းပါဘုရား) လာလတ္တံ့ဖြစ်တဲ့ ဇာတိ, ဇရာ, မရဏက ဘာပါလိမ့်...(အနာဂတ်အကျိုးပါဘုရား)။

တဏှာ, ဥပါဒါန်, ကံရယ်က ဘာတဲ့...(အနာဂတ် အကြောင်းပါ) အဲဒီတော့ နေ့တိုင်း ဒကာ ဒကာမတွေက တဏှာရယ်, ဥပါဒါန်ရယ်, ကာယကံ, ဝစီကံ, မနောကံ တွေရယ်ဆိုတော့ အနာဂတ်အကြောင်း နေ့တိုင်းလုပ်နေတယ်... (မှန်ပါ)။

ဒါဖြင့် အကြောင်း လုပ်ထားပေါ့ ဒကာသိုက်တို့၊ ဦးလှဘူးတို့ အကျိုးပေးမှ ပေးပါ့မလား...(ပေးပါတယ်ဘုရား) အနာဂတ်အကျိုးက ဘာတဲ့ (ဇာတိ, ဇရာ, မရဏပါဘုရား)။

http://www.dhammadownload.com



အနာဂတ်အကြောင်းက ဘာတဲ့...(တဏှာ, ဥပါဒါန်, ကံပါဘုရား) အဲဒီ အနာဂတ်အကြောင်းကို ယခုဘဝက လုပ်ထားတယ်...(မှန်ပါ့) လုပ်ထားတာက အခု ဘဝပဲ၊ သို့သော် အနာဂတ်အတွက်လုပ်တာ ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

လုပ်နေတုန်းကတော့ ယခုဘဝပဲ၊ သို့သော် ဘယ်အတွက် လုပ်တာတုံး...(အနာဂတ်အတွက်ပါဘုရား) အနာဂတ်မှာ ဇာတိ, ဇရာ, မရဏပေါ်အောင်လို့ လုပ်တာ...(မှန်ပါ့)။

ဒါ့ကြောင့် နေ့တိုင်း ဝိပဿနာကင်းနေတဲ့ ပုဂ္ဂိုလ်မှာ တဏှာ, ဥပါဒါန်, ကံတွေချည့် နေ့တိုင်းလုပ်နေတယ်... (မှန်ပါ့ဘုရား) ဘာအကြောင်းတွေ လုပ်ထားပါလိမ့်...(အနာဂတ် အကြောင်းတွေ လုပ်ထားပါတယ်ဘုရား)။

ဩော်...ဒီဘဝက စုတေသွားတဲ့အခါကျတော့ နောက်က အနာဂတ်အကျိုး ဒုက္ခသစ္စာ သုံးခုရလိုလို့ လုပ်တာ... (မှန်ပါ့ဘုရား)။

ဘာရအောင် လုပ်ပါလိမ့်...(အနာဂတ်အကျိုး ဒုက္ခသစ္စာ သုံးခုရအောင် လုပ်တာပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒါတွေ ဘယ်ဘဝက လုပ်တာတုံးဆိုတော့ ယခု ပစ္စုပ္ပန်ဘဝက လုပ်တာ...(မှန်ပါ့) ဒါ ပစ္စုပ္ပန်ဘဝ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါ...ဘယ်ဘဝပါလိမ့်...(ပစ္စုပ္ပန်ဘဝပါ ဘုရား) ယခု ပစ္စုပ္ပန် ဘဝထဲက သုံးခုက...(မှန်ပါ့) သို့သော် ဘယ်အတွက်

http://www.dhammadownload.com



လုပ်ထား တာပါလိမ့်...(အနာဂတ်အတွက်ပါဘုရား) အနာဂတ် အတွက် လုပ်ထားလို့ အနာဂတ်အကြောင်း ဖြစ်ရတယ်... (မှန်ပါ့)။

အဲဒီလို အနာဂတ်အကြောင်း ပြည့်စုံပြီးသား ပုဂ္ဂိုလ် ကျလာတော့ အနာဂတ်အကျိုးဖြစ်တဲ့ ဇာတိ, ဇရာ, မရဏ လာမလား၊ မလာဘူးလား...(လာပါတယ်ဘုရား)။

အခု ဒကာ ဒကာမတွေ ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ် ဘာများ လုပ်နေသတုံးမေးရင် ဖြေတတ်ကြပလား...(ဖြေတတ် ပါပြီဘုရား) ဘာလုပ်နေသတုံး...(အနာဂတ်အကြောင်းတွေ လုပ်နေပါတယ်ဘုရား) အနာဂတ်အကြောင်းတွေ ဆိုတာ ဘာပါလိမ့်... (တဏှာ, ဥပါဒါန်, ကံပါဘုရား) ရှင်းကြ ပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့်... အိမ်မှာ အလကားနေတဲ့ ဒကာ ဒကာမတွေ၊ ရောင်းဝယ်နေတဲ့ ပုဂ္ဂိုလ်တွေ ဘာတွေများ လုပ်နေသတုံးလို့ မေးခွန်းထုတ်ရင် ပေါ်ပလား...(ပေါ်ပါပြီဘုရား) ဘယ်အကြောင်း တွေ လုပ်နေသတုံး... (အနာဂတ်အကြောင်းတွေ လုပ်နေပါတယ် ဘုရား)။

ဩော်...ဒါမှ သေကြည့်၊ ဒုက္ခရောက်ဖို့ အဆင်သင့် ပြင်ထားတယ်...(မှန်ပါ့)။

ဘာလုပ်ကြတာပါလိမ့်...(သေရင်ဒုက္ခရောက်ဖို့ အဆင် သင့် ပြင်ထားပါတယ်ဘုရား) သေပြီး ဒုက္ခရောက်ဖို့ အဆင်သင့် ပြင်ထားတာပဲဆိုတာ သေချာပလား...(သေချာပါပြီ ဘုရား) ဉာဏ်ရောက်ပလား...(ရောက်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာအလုပ်သည် "ဖျတ်"ခနဲ ဒီဝေဒနာတွေ ရှုလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း မဂ်ဝင်လာတယ်...(မှန်ပါ့)။

မဂ်ဝင်လာတော့ အနာဂတ်အကြောင်း သုံးခုဟာ ဘယ်နှယ့်နေသတုံး...(ပြတ်ပါတယ်ဘုရား) အနာဂတ်အကြောင်း သုံးခုပြတ်တော့ အနာဂတ်အကျိုး သုံးခုကော...(ပြတ်ပါတယ်ဘုရား) သူများပြောလား ဉာဏ်မြင်လား...(ဉာဏ်မြင်ပါဘုရား) ဒါဖြင့် ဒီအလုပ်မှ တစ်ပါး ခင်ဗျားတို့ ဒီဘက် ဒုက္ခတွေကင်းတဲ့ အလုပ် ရှိသေးရဲ့လား...(မရှိပါဘုရား)။

ဒါဖြင့် ဒီအလုပ်ပဲ ဒကာဒကာမတွေ အားကိုးရမယ်...(မှန်ပါ့) တခြားအားကိုးလို့ ဖြစ်ပါ့မလား...(မဖြစ်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာဖြစ်ပျက်ကို ဝေဒနာ မလာအောင် မဂ်သွင်းလိုက်...(မှန်ပါ့) ဝေဒနာက ဖြစ်ပျက်၊ ရှုတာက...(မဂ်ပါဘုရား)။

မဂ်ဆိုတာသည် တဏှာမပြတ်ဘူးလား...(ပြတ်ပါတယ်ဘုရား) တဏှာမရဖစ်တော့ ဥပါဒါန်ကံက အလိုလိုသေ... (မှန်ပါ့ဘုရား) ကံတွေကကော (သေပါတယ်) နောက်လာမယ့် ဇာတိ, ဇရာ, မရဏတွေ...(ပြတ်ပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ ဒီဘက်က အနာဂတ်အကြောင်းက သမုဒယသစ္စာသုံးခု အကုန်သေတယ်...(မှန်ပါ့) အနာဂတ်အကျိုးဖြစ်တဲ့ ဒုက္ခသုံးခုကော...(အကုန်သေပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဝေဒနာရှတဲ့ ပုဂ္ဂိုလ်သည် သမုဒယသစ္စာ သေတယ် ...(မှန်ပါ့) ဒါလဲ သမုဒယသစ္စာပဲ၊ ဒါလဲ သမုဒယသစ္စာပဲ၊ ဒါလဲ သမုဒယသစ္စာပဲ ...(မှန်ပါ့)။

တဏှာလဲ ဘာသစ္စာတုံး ...(သမုဒယသစ္စာပါ) ဥပါဒါန်ကော ...(သမုဒယသစ္စာပါ) ကံကော ...(သမုဒယသစ္စာပါ) သမုဒယ ဆိုတာ အကြောင်း၊ အကြောင်းကြောင့် အကျိုးလာတယ် ...(မှန်ပါ့)။

ဒါဖြင့် သမုဒယသစ္စာသုံးခု မသေဘူးလား ...(သေပါတယ်ဘုရား) ဒုက္ခသစ္စာသုံးခုကော ...(သေပါတယ်ဘုရား)။

ဒါဖြင့် မဂ်သည် သမုဒယနဲ့ ဒုက္ခကိုပယ်သည် ...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်မလုပ်တဲ့ ပုဂ္ဂိုလ်များကျတော့ ဒကာအေးတို့က ဘယ့်နှယ်ဆိုမလဲ... သမုဒယလဲ မပယ်၊ အနာဂတ်အကြောင်းကော ပယ်သေးရဲ့လား ...(မပယ်ပါဘုရား)။

မပယ်တော့ ဒုက္ခကော ...(မပယ်ပါဘုရား) ကိုယ်တိုင်မတွေ့ရဘူးလား ...(တွေ့ရပါတယ်ဘုရား) ဘယ်လောက်ကြောက်စရာကောင်းသတုံး ...(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် တို့ ဘာကိစ္စရှိသတုံး၊ တို့ ကောင်းရောင်းကောင်းဝယ်ခြင်း လုပ်နေတာပဲဆိုတော့ ကောင်းသော ရောင်းဝယ်ခြင်းက အနာဂတ်အကြောင်း လုပ်နေတာ ...(မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



သီလအလိုတော့ မပျက်ပါဘူး၊ ဝိပဿနာအလိုတော့ သေသေချာချာ ပျက်တယ်...(မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်ပုံကလေးကော သဘောကျပလား...(ကျပါပြီဘုရား) မဂ်မလာလို့ရှိရင် တဏှာ ပစ္စယာ...(ဥပါဒါန်ပါဘုရား)။

ဥပါဒါနပစ္စယာ...(ဘဝေါ) ဘဝပစ္စယာ... (ဇာတိပါ) ဇာတိပစ္စယာ... (ဇရာ မရဏပါ ဘုရား) ဒါ မဂ်မလာတဲ့ ပုဂ္ဂိုလ်... (မှန်ပါ့)။

မဂ်လာတဲ့ ပုဂ္ဂိုလ်ကျတော့ ဒကာ ဒကာမတို့ စဉ်းစားလိုက်၊ ဝေဒနာရှုတာ လာတယ်ဆိုတော့ ဝေဒနာရှုရတာလား၊ ဝေဒနာ ချုပ်တာ ရှုရတာလား...(ဝေဒနာချုပ်တာ ရှုရတာပါဘုရား)။

ဝေဒနာချုပ်တာ ရှုတော့ ဝေဒနာက ချုပ်တဲ့ တရား... (မှန်ပါ့) မဂ်ကတော့ တဏှာချုပ်အောင် လုပ်နိုင်တဲ့ တရား ဆိုရင်တော့ လွဲပါ့မလား... (မလွဲပါဘုရား)။

ဒါဖြင့် ဝေဒနာ နိရောဓာ... (တဏှာနိရောဓောပါဘုရား) ဒါဖြင့် မဂ်လာရင် တဏှာနိရောဓော ဖြစ်တယ်... (မှန်ပါ့)။

ဝိပဿနာမလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာပစ္စယာ (တဏှာပါဘုရား) တဏှာပစ္စယာ... (ဥပါဒါန်ပါဘုရား) သွားပြီ ကော... (မှန်ပါ့) ချောက် ဆင်းပြီကော... (မှန်ပါ့)။

ဝိပဿနာ လုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ရွတ်လိုက်စမ်း ဝေဒနာ နိရောဓာ...(တဏှာ နိရောဓောပါဘုရား) ဝေဒနာ နိရောဓာကို မြင်အောင် ရှုလိုက်တော့ ဒီက မဂ်ဝင်မလာ

http://www.dhammadownload.com



ဘူးလား . . . (ဝင်လာပါ တယ်ဘုရား) တဏှာလာသေးရဲ့လား . . . (မလာပါဘုရား) လာလို့ကို ရသေးရဲ့လား. . . . (မရပါဘုရား)။

ဒါဖြင့် ရှုတဲ့ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ်ပြတ်၍ မရှုတဲ့ပုဂ္ဂိုလ်မှာ ဆက်၏ . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား) ဝိပဿနာ ရှုတဲ့ ပုဂ္ဂိုလ်မှာ . . . (ပဋိစ္စသမုပ္ပါဒ် ပြတ်ပါတယ်ဘုရား) ပြတ်တဲ့ ပါဠိတော်ကလေး သွင်းလိုက်စမ်းပါ၊ ဝေဒနာရှုတော့ ဝေဒနာ ရှုရတာလား၊ ဝေဒနာချုပ်တာ ရှုရတာလား . . . (ဝေဒနာချုပ်တာ ရှုရတာပါဘုရား)။

ဒါဖြင့် ရွတ်လိုက်၊ ဝေဒနာ နိရောဓာ . . .(တဏှာနိရောဓော ပါဘုရား) တဏှာနိရောဓောဆိုတာက မဂ်ပေါ်တာ . . . (မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

ဝေဒနာ နိရောဓာ . . . (တဏှာနိရောဓောပါဘုရား) တဏှာနိရောဓောဆိုတာက ဒကာသိုက်ရေ ရမ်းရွတ်လို့ မရဘူး၊ လာကို လာသေးရဲ့လား . . .(မလာပါဘုရား)။

သူ့နေရာ ဘယ်သူရောက်လာသတုံး . . .(မဂ်ရောက် လာပါတယ်) အဲ . . .မဂ်ရောက်ခြင်းကြောင့် မဂ်ကို တဏှာနိရောဓောလို့ မှတ် . . .(မှန်ပါ့)။

တဏှာလာပြီး ချုပ်သွားတယ်လို့ မမှတ်လိုက်ပါနဲ့ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရွတ်ကြစမ်း၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ် ဘယ့်နှယ် ဆိုကြမယ် . . .(ဝေဒနာနိရောဓာ တဏှာနိရောဓောပါ ဘုရား) အဲဒါ ဘယ်လိုပုဂ္ဂိုလ် ဆိုတာပါလိမ့် . . .(ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ပါ

http://www.dhammadownload.com



ဘုရား) ဝေဒနာရှုနေတဲ့ ပုဂ္ဂိုလ်, ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ် ပေါ့ဗျာ...(မှန်ပါ)။

ကိုင်း...ဝိပဿနာကလေးတော့ ဒီနေ့ မလုပ်သေးဘူးပေါ့၊ ညမှပဲ အေးအေးဆေးဆေး လုပ်မယ်ဆိုတော့ နေ့လယ်က လူတို့က ထုံးစံအတိုင်း လုပ်ငန်းဆောင်တာတွေ လုပ်နေတဲ့ ပုဂ္ဂိုလ်ကျတော့ ရှုတ်...(ဝေဒနာပစ္စယာ တဏှာပါဘုရား) တဏှာပစ္စယာ...(ဥပါဒါန်) ဥပါဒါနပစ္စယာ...(ကမ္မဘဝေါပါ)။

အဲဒီကျအောင်သွားတယ်...(မှန်ပါ) သေတော့ ဟိုဟာက အနာဂတ်ဘဝမို့ ဇာတိ ဇရာ မရဏဖြစ်မှာ...(မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာမလုပ်လို့ ရှိရင်ဖြင့် ဝေဒနာပစ္စယာ (တဏှာ) တဏှာပစ္စယာ...(ဥပါဒါန်) ဥပါဒါန ပစ္စယာ...(ကမ္မဘဝေါ) ဘဝေါဆိုတဲ့ ကမ္မဘဝေါ မဖြစ်သေး ဘူးလား...(ဖြစ်ပါတယ်ဘုရား) ဒါဖြင့် ကံတွေ အကုန်စုထားတာ ကိုး...(မှန်ပါ)။

ဒါဖြင့် လုပ်တာ...တဲ့၊ လုပ်တာသည် ပဋိစ္စသမုပ္ပာဒ် ပြတ်တယ်...(မှန်ပါ) မလုပ်တော့...(ဆက်ပါတယ်) ကျေနပ် လား...(ကျေနပ်ပါပြီဘုရား)။

အချိန်က စေ့သွားတယ် ဒကာ ဒကာမတို့...ပြောစရာ ...စရာတွေကတော့ မနည်းဘူးပေါ့ဗျာ...။

ကိုင်း...ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု

http://www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မင်္ဂလာတိုက်ကျောင်း၌ ဟောကြားတော်မူအပ်သော
ပဋိစ္စသမုပ္ပာဒ်အခိုင်း စက်ရဟတ်သည်ပုံ

# နေ့အလုပ်ပေးတရားတော်

(၁၃၂၁–ခု ဒုတိယဝါဆိုလဆုတ် ၁၁–ရက်)

ဒကာ ဒကာမတွေ ရှေးဦးစွာ ခင်ဗျားတို့လာတဲ့ လမ်းခရီးကြီးကို ဘယ်လိုများ နောက်တုန်းက ကြုံခဲ့ဆုံခဲ့ပြီး သကာလ နေခဲ့ရတယ်ဆိုတာကို သတိထားပြီးသကာလ နားထောင်ပါဦး။

အခုလာခဲ့ရတဲ့ ကစ်ဘဝက တစ်ဘဝ ကူးပြီးသကာလ လာခဲ့ရတာ၊ သေတာပြီးတော့ ပဋိသန္ဓေ၊ ပဋိသန္ဓေပြီးတော့ အို၊ အိုရာကနာ၊ နာရာကသေ၊ သေရာကနေပြီး သကာလ ပဋိသန္ဓေ ပြန်နေရ၊ အဲဒီကဲ့သို့ နေရတဲ့ဥစ္စာကို ဒီလိုဆက်လက်ပြီး သကာလ သွားတာကို သံသရာလို့ ခေါ်သည်လို့ မှတ်ထားကြပါ...(မှန်ပါ့ဘုရား)။

စုတိပြီး ပဋိသန္ဓေမလာဘူးလား...(လာပါတယ်) ပဋိသန္ဓေ ပြီးတော့ ဘာလာပါလိမ့်၊ အိုတာလာပါတယ် (မှန်ပါ့)။

အိုတာလာပြီး ဘာလာပါလိမ့်...(နာတာလာပါတယ်) နာတာလာပြီးတော့...(သေတာလာပါတယ်) သေတာလာပြီး သကာလ မဂ်ဖိုလ်မရသေးရင် ဘာလာပါလိမ့်...(ပဋိသန္ဓေ လာပါတယ်) ပဋိသန္ဓေလာတယ်ဆိုတာ အထင်အရှားပေါ့ဗျာ. (မှန်ပါ့)။

http://www.dhammadownload.com



အဲဒီလို ဆက်လက်ပြီး သကာလ သွားနေတာကို သံသရာကြီးလို့ ခေါ်တယ်...(မှန်ပါ့) သဘောကျပလား... (ကျပါပြီ ဘုရား)။

အဲဒီကဲ့သို့ သံသရာကြီးထဲမှာ သွားလာနေတော့ကို... အန္တရာယ်ကင်း, ဘေးကင်းလား...လို့ မေးတဲ့အခါကျလို့ ရှိရင်ဖြင့် ခဏခဏ သေပွဲဝင်ပြီး သကာလ နေခဲ့ရတာတွေကလဲ အထင်အရှား ဖြစ်နေတယ်...(မှန်ပါ့)။

အဲဒီ သေပွဲဝင်ရတဲ့ ဉစ္စာကလဲ သံသရာဆိုတဲ့ ဉစ္စာသည် အားလုံး ဒကာ ဒကာမတွေ မှတ်စရာက ရေပင်လယ်ကြီးနဲ့ တူတာကို သံသရာလို့ခေါ်တယ်...(မှန်ပါ့)။

ရေပင်လယ်ကြီးနဲ့တူတာ ဘာခေါ်ကြမယ်...(သံသရာ ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘက်က ရေပင်လယ် မှတ်လိုက်တာပေါ့... (မှန်ပါ့) အဲဒီ ရေပင်လယ်တည်းဟူသော သံသရာကြီးထဲမှာ ဝဲ...ဆိုတာလဲ ရှိသေးတယ်လို့ မှတ်ရမယ်...(မှန်ပါ့)။

ဒီဘက်က ၁-နံပါတ်က သံသရာကြီး၊ လည်ပတ်နေရတဲ့ သံသရာကြီး၊ စုတိပဋိသန္ဓေ ခဏခဏ ပြောင်းနေရတဲ့ သံသရာကြီး၊ စုတိပဋိသန္ဓေ အို, နာ, သေ ဒီလိုသွားနေရတာ ကြီးက သံသရာရေပြင်ကြီးလို့ မှတ်လိုက်တာပေါ့...(မှန်ပါ့)။

အဲဒီ သံသရာ ရေပြင်ကြီးထဲမှာ ဘာရှိပါလိမ့်မတုံး မေးလို့ရှိရင် ရေပြင်ရှိရင် ဝဲဩဃရှိရတော့မယ်...(မှန်ပါ့) ဒီဘက်က ဝဲဩဃလို့ မှတ်တာပေါ့၊ ဒီဘက်က သံသရာရေပြင်။

http://www.dhammadownload.com



၁-နံပါတ်က ဘာပါလိမ့်... (သံသရာရေပြင်ပါ ဘုရား)။

၂-နံပါတ်က (ဝဲဩဃပါဘုရား)။

ဝဲဩဃရှိလို့ ရှိရင်ဖြင့် ဝဲဩဃဆိုတာ ရေတွေဖြစ်လေသောကြောင့် ရေထဲမှာ ငါးလိပ်မကန်းတွေ ရှိလိမ့်မယ် ဆိုတာလဲ ဒကာ ဒကာမတွေ အထင်အရှားပေါ့ဗျာ... (မှန်ပါ)။

ဒီဘက်က ငါးလိပ်မကန်းတွေလို့ မှတ်လိုက်တာပေါ့ဗျာ... (မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

၁-နံပါတ်က ရေပြင်သံသရာကြီး၊ ၂-နံပါတ်က ဝဲဩဃကြီး၊ ၃-နံပါတ်က ငါးလိပ်မကန်းတွေ၊ ၄-နံပါတ်သည်ကားလို့ဆိုရင် ဒကာ ဒကာမတွေ လှိုင်းတံပိုးတွေလို့ မှတ်ထားစမ်းပါ...(မှန်ပါ)။

ဒါ...ရေပြင်ကြီး၏ အင်္ဂါတွေပဲ၊ ရေပြင်ကြီး ရှိလို့ရှိရင်ဖြင့် အခုပြောခဲ့တဲ့ နောက်က သုံးမျိုးတာ ရှိမြဲ ဓမ္မတာပဲ ဆိုတာ မှတ်ရမယ်နော်...(မှန်ပါ)။

အဲဒီတော့ ဒကာဒကာမတွေသည်ကားလို့...ဆိုလို့ ရှိရင်ဖြင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါတည်းဟူသော ခန္ဓာကိုယ်တွေဆက်နေတဲ့ သံသရာကြီးထဲမှာ လျှောက်ပြီး သကာလ လာတဲ့အခါကျလို့ ရှိရင်ဖြင့် လေ့, သဘော်တွေနဲ့ တူတဲ့ ခန္ဓာကိုယ်တွေဟာ သံသရာရေပြင်ကြီး လျှောက်လာတယ်ဆိုလို့ ရှိရင်ဖြင့် ဒီဘက်က ဝဲဩဃဆိုတာနဲ့တော့ဖြင့် တွေ့မှာပဲ... (မှန်ပါ)။

http://www.dhammadownload.com



ဝဲသြဃနဲ့ တွေ့လို့ရှိရင် ဒကာ ဒကာမတို့သည် ကားလို့ ဆိုလို့ရှိရင် ဝဲထဲမှာ လူပ်ကာ...မြုပ်ကာ မသွားရပေဘူးလား... (သွားရပါတယ်ဘုရား)။

ထိုကဲ့သို့ မြုပ်သွားတဲ့အခါကျတော့ ငါး, လိပ်, မကန်းတို့ အစာတွေ မဖြစ်ရပေဘူးလား...(ဖြစ်ရပါတယ်ဘုရား)။

ဒီ ငါး, လိပ်, မကန်းတွေ အစာတွေက ဘယ့်နှယ်ကြောင့် ဖြစ်ရပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ လှိုင်းလုံးကြီးတွေက ဖိစီးနှိပ်စက်လာပြီဆိုမှဖြင့် ခုနင်က ဝဲတွေ ကလဲ ပြင်းထန်၊ ဝဲတွေက ပြင်းထန်ပြီး သံသရာ့ ခရီးသည်ကို စုပ်ယူသွားတဲ့အခါကျလို့ ရှိရင်ဖြင့် ငါး, လိပ်, မကန်းတို့၏ အစာ မဖြစ်ရပေဘူးလား...(ဖြစ်ရပါတယ်ဘုရား) သဘောကျ ပလား...(ကျပါပြီဘုရား)။

သြော်...ဒါဖြင့် ဒကာ ဒကာမတို့ သံသရာ့ခရီးသည် ဖြစ်ရတာသည် ဒီဘဝ ၁–နံပါတ် သံသရာရေပြင်ထဲ လျှောက် ပြေးနေရတဲ့ ပုဂ္ဂိုလ်သည် ဝဲသြဃလဲ တွေ့မှာပဲ...(တွေ့မှာပါ ဘုရား) လှိုင်းတံပိုးနဲ့ကော... (တွေ့မှာပါဘုရား) ငါး, လိပ်, မကန်းတို့၏ အစာကော...(ဖြစ်ရမှာပါဘုရား)။

ဒါဖြင့် ဘယ်ဘဝရောက်ရောက် ဒီအတိုင်းတွေ့မှာပဲ... (မှန်ပါ) ဒါကြောင့် ဒကာ ဒကာမတို့ ဒီဘဝ, လူဘဝ, နတ်ဘဝဆိုတာကြီးက သံသရာ ကျင်လည်နေတဲ့ ခန္ဓာအာယ တနဓာတ်တို့၏ မပြတ်ကျင်လည်ရာ သံသရာဆိုတာ မှတ်မိ ကြပလား...(မှတ်မိပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီ သံသရာထဲမှာနေတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုရင် မရဏာဆိုတဲ့ ဝဲတော့ဖြင့် လူတိုင်းအစုပ်ခံရမှာပဲ...(မှန်ပါ) ဝဲစုပ်ပြီဆိုမှဖြင့် ဒီပုဂ္ဂိုလ်ပါသွားလို့ ရှိရင်ဖြင့် ၉၆-ပါးတည်း ဟူသော ရောဂါဝေဒနာနဲ့ တူတဲ့ ငါး, လိပ်, မကန်း တို့၏ အစာ မဖြစ်ရပေဘူးလား... (ဖြစ်ရပါတယ်ဘုရား)။

အစာဖြစ်ရတဲ့အခါ ကျလို့ရှိရင်ဖြင့် လှိုင်းတံပိုးတွေကလဲ များတဲ့အထဲ ရောက်ရတော့ အစာဖြစ်ရပြားသော်လဲ၊ အသေ ကောင် ဖြစ်ရပြားသော်လဲ လှိုင်းတံပိုး စီမံသလိုခံပြီး ငါးဆွဲသလို ခံရလိမ့်ဦးမယ်ဆိုတဲ့ အဓိပ္ပာယ်ကလဲ ရှင်းနေပြီ... (ရှင်းပါပြီ ဘုရား)။

ဩော်...ဒါဖြင့် တို့ သံသရာ့ခရီးသည် သံသရာရေပြင်ကြီး လျှောက်ပြီးသကာလ စုတိပဋိသန္ဓေတွေနဲ့ လာခဲ့ရတာသည် တို့ ဘယ်များ ရောက်ပါလိမ့်မတုံးလို့ မေးတော့ သံသရာ့ခရီးသည် လေ့, သဘော်နဲ့တူတဲ့ ပုဂ္ဂိုလ်သည် မရဏာဆိုတဲ့ ဝဲထဲမှာ အစုပ်ခံရတာချည့်ပဲ...(မှန်ပါ)။

အစုပ်ခံရလို့ရှိရင် ငါး, လိပ်, မကန်းတို့၏ အစာကော... (ဖြစ်ရမှာပါဘုရား) လှိုင်းတံပိုးတွေက ငါး, လိပ်, မကန်းတို့၏ အစာဖြစ်တဲ့ **သတ္တဝါကြီးကို** ဟိုလိမ့်...ဒီလိမ့်ဖြစ်အောင်ကော မလုပ်ပေဘူးလား...(လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ငါတို့ **နောက်**တုန်းကနေခဲ့ရတာသည် သံသရာ့ ခရီးဟာ ဘယ်လိုနေခဲ့ရတယ်ဆိုတာ ယနေ့ပေါ်သွားပြီ... (ပေါ်သွား ပါပြီဘုရား) မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



သံသရာ့ခရီးသည် လမ်းလျှောက်လာခဲ့ရတာ ယခု ဒကာ ဒကာမတွေသည် သံသရာ့ခရီးသည် ဖြစ်ပြီးသကာလ နေသောကြောင့် ဘယ်များသွားကြပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ မဂ်ဖိုလ်မရသေးရင် ဝဲစုပ်ခံရမယ်...(မှန်ပါ့) မရဏဝဲစုပ် မခံရပေဘူးလား...(ခံရပါတယ်ဘုရား)။

မရဏဝဲစုပ်တာ ခံချင်လို့ ခံရတာလားလို့ မေးတဲ့အခါကျတော့ မရဏဝဲစုပ်ကို ခံရတဲ့ ပုဂ္ဂိုလ်ဟူသရွေ့မှာ ငါးလိပ်မကန်းတို့၏အစာ၊ ၉၆-ပါးသော ရောဂါဝေဒနာတို့၏ စားဖတ်၊ ဝါးဖတ်ကော မဖြစ်ရပေဘူးလား... (ဖြစ်ရပါတယ် ဘုရား)။

ထိုကဲ့သို့ ဘယ့်နှယ်ကြောင့် ဖြစ်ရပါလိမ့်မတုံးဆိုတော့ လှိုင်းတံပိုးတွေက ကြီးကျယ်သောကြောင့်၊ ကိုယ်ကလဲ ကူးဖို့၊ ခပ်ဖို့ အရေးက အလွန့်ကို ခဲယဉ်းနေသောကြောင့် ငါး၊ လိပ်၊ မကန်းတို့သာ ကျက်စားတဲ့နေရာ ကျင်လည်နိုင်တဲ့နေရာ သူတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် လှိုင်းတံပိုး မကြောက်တဲ့ ပုဂ္ဂိုလ်ဖြစ်လေသောကြောင့် လှိုင်းတံပိုးကလဲ ခန္ဓာကိုယ်ကြီးကို လှိမ့်ကာ လူးကာဖြစ်အောင်၊ ၉၆-ပါး ရောဂါ ဝေဒနာတွေက နှိပ်စက် စားကြ၊ သောက်ကြပြီး သကာလ ဝဲထဲမြုပ်ရတယ်... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဇာတ်ဟာ ကျုပ်တို့ခန္ဓာ အာယာတနဓာတ်တို့နဲ့ မပြတ်လည်ပြီး ပဋိသန္ဓေနေပြီး အိုလိုက်၊ နာလိုက်၊ သေလိုက်၊ ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊

http://www.dhammadownload.com



သေလိုက် ဒီသံသရာထဲ လျှောက်နေရတာသည် ဒီဝဲစာ ငါး, လိပ်, မကန်းတို့၏အစာ ဒီ လှိုင်းတံပိုးတို့၏ စိမ့်သလို ခံရဖို့အခါ မဖြစ်ပေဘူးလား...(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် နောက်တုန်းကနေခဲ့တဲ့ အခြင်းအရာ အာကာရတွေ သိပါသလား...(သိပါပြီဘုရား)။

ဒါဖြင့် ဒီသံသရာ မပြတ်သရွေ့ ကာလပတ်လုံး ဒီဝဲနဲ့ သေပွဲဝင်ရမယ်...(မှန်ပါ့) ဒီ ငါး, လိပ်, မကန်းတို့၏ အစာ ဖြစ်ရမယ်...(ဖြစ်ရပါမယ်ဘုရား)။

ဒီ လှိုင်းတံပိုးတို့၏ လိုမ့်သလို ခံရလိမ့်မယ်...(ခံရမှာပါ ဘုရား) မခံရပေဘူးလား...(ခံရပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သံသရာစခန်းသတ်တဲ့ အလုပ်ကို လုပ်ပါတော့ဆိုတော့ ဘုန်းကြီးများက တိုက်တွန်းပါတယ်... (မှန်ပါ့ဘုရား)။

မလုပ်တော့ပါဘူး ဆိုလို့ရှိရင် သံသရာခရီးသည်ဖြစ်လို့ ရှိရင် ဒီ ဝဲရယ်, ဒီ ငါး, လိပ်, မကန်းတို့၏ အစာရယ်၊ ဒီ လှိုင်းတံပိုးတို့၏ ဖိနှိပ်မှုအလုပ်ကို သေသေချာချာ ခံရလိမ့်မယ် ဆိုတာဖြင့် မြေကြီးလက်ခတ်မလွဲလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့) ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

နောက်ထပ် ဒီလိုပဲ သံသရာ လည်ချင်သေးလို့ရှိရင်၊ သံသရာထဲ ခရီးလျှောက်ချင်သေးလို့ ရှိရင်ဖြင့် သံသရာ ရေပြင်မှာ သဘော်ဆိုတဲ့ခန္ဓာ နောက်ထပ် ဒီလို သံသရာ လည်ချင်သေးလို့ ရှိရင် သံသရာထဲ ခရီးလျှောက်ချင်သေးလို့ ရှိရင်ဖြင့် သံသရာ

http://www.dhammadownload.com



ရေပြင်မှာ သင်္ဘောဆိုတဲ့ ခန္ဓာကိုယ်ကြီးနဲ့ လွှင့်ချင်သေးလို့ ရှိရင်ဖြင့် ဒီဝဲလဲ လွတ်မှာ မဟုတ်ဘူး...(မှန်ပါ့)။

ဒီ ငါး, လိပ်, မကန်းတို့၏ အစာကော...(မလွတ်ပါဘုရား) ဒီ လှိုင်း...လေတို့၏ ဖိနှိပ်မှုကော...(မလွတ်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နောက်တုန်းက နေခဲ့တာ အနေကောင်း...အနေဆိုးတို့တွင် သေသေချာချာ ယခု ဉာဏ်မျက်စိနဲ့ကြည့်ပြီး ဆရာဘုန်းကြီးက ခေါင်းဆောင်ပြသဖြင့် တို့ နောက်တုန်းက နေခဲ့ရတဲ့ အနေဟာဖြင့် အနေဆိုး အသေဆိုး ပါလား...(မှန်ပါ့)။

သံသရာရေပြင်ကြီးထဲမှာလဲ ခန္ဓာကိုယ် ရှက်သင်္ဘောကြီးနဲ့ မောင်းနေရတယ်...(မှန်ပါ့) ဝဲတွေကလဲ သမုဒ္ဒရာသံသရာ ရှိလေသောကြောင့် ဝဲကလဲစုပ်မှာပဲ... (မှန်ပါ့) မစုပ်ပေဘူးလား ...(စုပ်ပါတယ်ဘုရား) ပင်လယ် မဟာသမုဒ္ဒရာဝဲဆိုတာ ယူဇနာများစွာ ကြီးတယ်...(မှန်ပါ့)။

အဲဒီဝဲထဲ ရောက်သွားလို့ရှိရင် ပင်လယ်ငါးတွေ၏ စားဖတ်, ဝါးဖတ်ကော...(ဖြစ်ရမှာပါဘုရား)။

စားတဲ့ဝါးတဲ့အခါမှာ အေးအေးသာသာ ခံရသလား၊ လူးလိမ့်ပြီးသကာလ လှိုင်း၏ အရှိန်အတိုင်း ခံနေရသလား (လှိုင်း၏ အရှိန်အတိုင်း ခံနေရပါတယ်ဘုရား)။

လှိုင်း၏ အရှိန်အတိုင်း ခံပြီးသကာလ နေရသောကြောင့် တော်ပြီ တန်ပြီဆိုတဲ့စိတ် ယနေ့မွေးကြပါ...(မှန်ပါ့)။

http://www.dhammadownload.com



ဘယ်လိုမွေးရမယ် ...(တော်ပြီ ...တန်ပြီဆိုတဲ့စိတ် မွေးရပါမယ်ဘုရား) တော်ပြီ...တန်ပြီ၊ ဒီလမ်းဖြင့် မလျှောက်တော့ပါဘူး၊ သံသရာဖြတ်ပါတော့မယ် ဆိုတဲ့စိတ် မွေးကြပါဆိုတာ အထူး တိုက်တွန်းပါတယ် ...(မှန်ပါ့ဘုရား)။

အားလုံး ဒကာ ဒကာမတွေ သံသရာ ဘာလုပ်ဖို့ သင့်ပါလိမ့် ...(ဖြတ်ဖို့ သင့်ပါတယ်ဘုရား) ဖြတ်ဖို့သင့်တယ် ဆိုတာ သီလရှင်တွေဘက်ကကော ကျေနပ်လား ...(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် သံသရာ ဖြတ်ချင်လို့ရှိရင် သံသရာဖြတ်ဆိုတဲ့ တရားသည် မဂ်ရမှပြတ်မယ် ...(မှန်ပါ့)။

သံသရာပြတ်ဆိုတဲ့ တရားသည် ဘာရမှ ပြတ်ပါလိမ့် ... (မဂ်ရမှ ပြတ်ပါတယ်ဘုရား) မဂ်မရလို့ရှိရင် ...(မပြတ်ပါဘုရား)။

မဂ်ဆိုတာသည် သစ္စာသိမှ မဂ်ဖြစ်တယ် ...(မှန်ပါ့) သစ္စာမသိရင် ...(မဂ်မဖြစ်ပါဘုရား)။

ကောင်းပြီ ...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သစ္စာသိအောင် ပဋိစ္စသမုပ္ပါဒ်ပြကြစို့ ...(မှန်ပါ့)။

ဒကာဒကာမတွေ နေ့တိုင်း နာပြီး သကာလ နေရတဲ့ အတွက် ဒီဘက်က နှစ်ခု ချထားတယ်၊ ဒကာ ဒကာမတွေ မြင်ရတဲ့ပုဂ္ဂိုလ်လဲ မြင်ရပါလိမ့်မယ်၊ နောက်တော့ ကြီးကြီးပြမယ်၊ ယခုတော့ ခပ်သေးသေး ဖြစ်နေသေးတယ် (မှန်ပါ့)၊ ဒီနှစ်ခုက ဘာပါလိမ့် မနေ့ကပြခဲ့တယ် ...(ဇရာ မရဏပါဘုရား) မြန်မာလို ပြန်တော့ အိုမှုနဲ့ သေမှု ...(မှန်ပါ့)။

http://www.dhammadownload.com



ဒကာ ဒကာမတွေ ယခု ဒကာ ဒကာမတွေ၏ အတွင်းမှာ ဒီနှစ်ခု ရှိပါသလားလို့ မေးလိုက်တယ်...(ရှိပါတယ်ဘုရား)။

ဩော်...ဒါဖြင့် အိုမှုလဲ ရှိတယ်နော်...(မှန်ပါ) သေမှုကော...(ရှိပါတယ်ဘုရား) ဘယ်မှာ ရှိပါလိမ့် ဒကာ ဒကာမတို့...(ခန္ဓာထဲမှာ ရှိပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ၊ ဘယ်မှာ ရှိပါလိမ့်...(ခန္ဓာထဲမှာ ရှိပါတယ်ဘုရား) ဟုတ်တယ် ဒကာသိုက်တို့, ဦးလှဘူးတို့ ခန္ဓာထဲမှာ ရှိတယ်ဆိုတာ ဟုတ်တယ်...(မှန်ပါ)။

ဒါ့ကြောင့် မနေ့က ပြောခဲ့ရတယ်၊ တစ်နေ့ကလဲ ပြောခဲ့ရတယ်၊ ခန္ဓာထဲမှာ တေဇောဆိုတဲ့ အပူဓာတ်ကလေး မရှိဘူးလား...(ရှိပါတယ်ဘုရား)။

အပူဓာတ်သည် ဒကာ ဒကာမတို့ သူနဲ့ စပ်နေတာတွေ အကုန်လောင်ကျွမ်းအောင်တော့ လုပ်မှာပဲ...(မှန်ပါ)။

ဒါဖြင့် လောင်ကျွမ်းလို့ ရှိရင်ဖြင့် အရင်မှုတွေ ပျောက်ရမှာပဲ...(မှန်ပါ) နောက်မှုသစ် ပေါ်ရမယ်ဆိုတာ မသေချာဘူးလား... (သေချာပါတယ်ဘုရား)။

ဒါ့ကြောင့် တေဇောသည်, ဝမ်းထဲမှာရှိတဲ့ မီးဓာတ်သည် ဒကာ ဒကာမတို့ နဂိုမူပျောက်အောင် ပျိုတဲ့ အမူအရာတွေပျောက်၊ အိုတဲ့အမူအရာတွေပေါ်အောင် လုပ်သောကြောင့် ဇရာ၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဇရာသည်ကားလို့...ဆိုလို့ရှိရင်ဖြင့် ဇရာကို လက်သည် ကောက်ခဲ့သည်ရှိသော် တေဇောကို ကောက်ပါ... (မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဇရာလက်သည် ကောက်သော်...(တေဇောကောက်ရပါမယ်ဘုရား) တေဇောဆိုတဲ့ မီးခဲတက်ကို ကောက်ရတယ်...(မှန်ပါ့ဘုရား)။

ဦးလှဘူးတို့ လူပျိုတုန်းက ရုပ်ကလာပ်တွေ ရှိသေးရဲ့လား (မရှိပါဘုရား) ဒကာသိုက်တို့ကော...(မရှိပါဘုရား) အားလုံး ဒကာ ဒကာမတွေ ရှိသေးရဲ့လား...(မရှိပါဘုရား)။

ဘယ်သူလောင်လို့ ဒါလောက်တောင် ညှိုးနွမ်းလာပါလိမ့်မလဲဆိုတဲ့ မေးခွန်း ထုတ်ကြည့်စမ်းပါ...(တေဇောလောင်လို့ပါဘုရား)။

ဒါဖြင့် အိုအောင်လုပ်တဲ့ တရား ဝမ်းထဲမှာ ရှိနေတယ်...(မှန်ပါ့) တွဲလို့ ခွဲလို့ ရပါရဲ့လား...(မရပါဘုရား) ခန္ဓာမရှိရင်တော့ ရမှာပဲ၊ ခန္ဓာရှိနေရင်...(မရပါဘုရား) ခန္ဓာမရှိရင်တော့ ရမှာပဲ၊ ခန္ဓာရှိနေရင်...(မရပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာရှိနေတယ်၊ ဘာခန္ဓာ ဖြစ်ရပါလို့၏ ဆိုရင်ဖြင့် တေဇောအလောင်ခံရပါလို့၏ (ဝါ) အိုရပါလို့၏ ပါသွားတယ်၊ ခန္ဓာထဲ အိုတတ်တဲ့တရား ရှိတယ်ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

အရင်တော့ ဒကာ ဒကာမတွေက သိပါရဲ့၊ ကျုပ်တော့ အိုပြီ... အိုပြီလို့ ဘယ်သူလုပ်လို့ အိုတယ်ဆိုတဲ့ လက်သည် မရှာတတ်ဘူး...(မှန်ပါ့) အခုတော့ လက်သည် တွေ့ပလား (တွေ့ပါပြီဘုရား) ဘာပါလိမ့် ဒကာ ဒကာမတို့...(တေဇောပါဘုရား)။

http://www.dhammadownload.com



အဲဒီတော့ တေဇောသည် ဒကာ ဒကာမတို့ကို အိုအောင်လုပ်နေတာ ဘယ်အချိန် ကာလက ပါလိမ့်မတုံး...လို့ မေးခွန်းထုတ်လို့ရှိရင် အချိန်တိုင်းပဲဘုရား...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် ဘာဘဝရရ သူပါမှာပဲ... (ပါမှာပါ ဘုရား) ဘာဘဝရရ နောက်က ဒကာ ဒကာမတွေ... (ပါမှာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဘယ်ဘဝ ကောင်းပါ့မလဲ ဆိုတာများ မစဉ်းစားနဲ့...(မှန်ပါ့) ဘယ်ဘဝကောင်းပါ့ မလဲဆိုတာ ဘယ့်နှယ်တုံး...(မစဉ်းစားနဲ့ပါဘုရား)။

အရင်တုန်းက မသိလို့ စဉ်းစားကြမယ်၊ အင်း... လူ့ဘဝထက် နတ်ဘဝကောင်းမလား၊ နတ်ဘဝထက် ဗြဟ္မာ့ဘဝ ကောင်းမလား ဆိုပြီး သကာလ ဦးလှဘူးတို့ စဉ်းစားခဲ့ ကြတယ်...(စဉ်းစားပါတယ်ဘုရား)။

အဲဒီ တေဇောလောင်မှုကို မသိသေးခင်တုန်းကတော့ဖြင့် ဒါဟာ လူ့ထက် နတ်တော်တယ်၊ နတ်ထက် ဗြဟ္မာတော်တယ် ဆိုတာ စဉ်းစားချင်လဲ စဉ်းစားကြမှာပဲ...(မှန်ပါ့)။

သို့သော် ယခုအချိန်မှာဖြင့် ဇီရဏတေဇောဆိုတဲ့ ရင့်အောင် လုပ်တဲ့ တေဇောကို ဒကာ ဒကာမတွေ ကျကျနနသိတဲ့ အတွက် ဘယ်ဘဝရောက်ရောက် အိုအောင်လုပ်မှာ ပါတာချည့်ပဲ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဘယ်ဘဝရောက်ရောက် အိုအောင်လုပ်မယ့် တေဇောဟာ ဘယ့်နှယ်တုံး...(ပါတာချည့်ပါဘုရား) ပါတာချည့်ပဲ၊ ရုပ်မှာလဲ ပါတာပဲ၊ နာမ်မှာလဲ ပါတာပဲလို့ ဆုံးဖြတ်ချက် ချလိုက်ပါ တော့...(မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ အိုအောင်တင် လုပ်သလားဆိုတော့ သေအောင်လဲ တေဇောပဲ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

မယုံရင် လူတွေ စမ်းကြည့်ရင် ဒကာ ဒကာမတို့ အေးသွားပြီဆိုပါတော့ အပူတေဇော မရှိတာနဲ့ အပူတေဇောက ကဲ...မင်းတို့ကိုဖြင့် ဒီတစ်ခါ နောက်ဆုံးပိတ်လောင်ခြင်း လောင်ပြီး သကာလ ပေးလိုက်မယ်ဆိုတော့ တေဇောလဲ သူ့သတ္တိသူ ရုပ်သိမ်းပါရော ဒကာ ဒကာမတွေလဲ အလောင်း ပြင်ရတယ်...(မှန်ပါ့) မပြင်ရဘူးလာ....(ပြင်ရပါတယ်ဘုရား)။

အဲဒါတွေ ဘယ်သူပါလိမ့်မတုံးလို့ မေးတော့ သတ်တာလဲ တေဇောပဲ၊ အိုအောင်လုပ်တာလဲ...(တေဇောပါပဲဘုရား) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အိုသေဆိုတဲ့ နစ်ခုသည်ကားလို့ ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးရတဲ့ ပုဂ္ဂိုလ် တေဇောဓာတ်ပါသည် ဖြစ်လေသောကြောင့် ဒီတေဇောသည် ကားလို့ဆိုရင် ခင်ဗျားတို့ ရန်သူအကြီးဆုံးပဲဆိုတာ မှတ်ချက် ချပါ...(မှန်ပါ့)။

http://www.dhammadownload.com



တေဇောဟာ ဘာပါလိမ့်...(ရန်သူအကြီးဆုံးပါဘုရား) တေဇောမပါဘဲနဲ့လဲ ဒကာ ဒကာမတွေ နေလို့မဖြစ်ဘူး... (မှန်ပါ့)။

ရှိပြန်တော့လဲ အိုအောင်...သေအောင် လုပ်ပြန်တယ်... (မှန်ပါ့) မရှိပြန်တော့လဲ သုသာန်ပို့ရတယ်...(မှန်ပါ့) ဒါဖြင့် ရန်သူနဲ့ အတူတူနေရတဲ့ဘဝ (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဘာနဲ့ အတူတူ နေရပါလိမ့်...(ရန်သူနဲ့ အတူတူ နေရပါတယ်ဘုရား) ဒါ့ကြောင့် ဇရာပိဒုက္ခာဆိုတော့ ဘယ် ပုဂ္ဂိုလ်များ ညှာသေးသတုံး...(ဘယ်ပုဂ္ဂိုလ်မှ မညှာပါဘုရား)။

တေဇောဟာ မညှာဘူး...(မှန်ပါ့) တရားကိုလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ နေစာလှုံနေတော်မူတဲ့အခါ ကျတော့ ရှင်အာနန္ဒာက... အရှင်ဘုရား အရေတွေ တွန့်လိမ်ပြီး မွေးညင်းပေါက်ကလေးများလဲ တော်တော်ကျယ်ပြီး သကာလ နေပါယေ့လား ဘုရာ့ဆိုတော့..."ဇရာဓမ္မောမှိဇရာ အနတီတော" ကွ၊ ဘုရားရယ်လို့ ငဲ့တာ မဟုတ်ဘူးကွ၊ ဒီဇရာဆိုတဲ့ တေဇောက ငါ့လဲ လောင်တာပဲ...(မှန်ပါ့)။

ဘုန်းတော်ရှင်၊ ဉာဏ်တော်ရှင်၊ ကံတော်ရှင်ဆိုတော့ အဟုမရှိ ပုဂ္ဂိုလ်ကြီးရယ်လို့ ညှာသေးရဲ့လား...(မညှာပါဘုရား)။

မညှာတော့ ဒီတေဇောပါသ့ရွေ့ ဒီကိုယ်တော်ကြီးဟာလဲ အိုတော်မူရတယ်၊ နောက်ဆုံးပိတ် အင်ကြင်းပင်ပျိုတွေကြားမှာ ပရိနိဗ္ဗာန်စံတော်မူရတယ်ဆိုတာ တေဇော သတ်ချလိုက်တာ... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကျုပ်တို့လို ပါမွှားတွေ ပုဂ္ဂိုလ်ကျတော့ ဒီတေဇောက ဘာအသာပေးလိမ့်မလဲ၊ ဘုန်းတော်ရှင်၊ ကံတော်ရှင်၊ ဉာဏ်တော်ရှင်တွေ ကိုတောင်မှ အဖန်ဖန် နှိပ်စက်သေးတာ၊ "ပိဋ္ဌနဒွော"ဆိုတဲ့ ဒုက္ခသစ္စာနှိပ်စက်တတ်တဲ့ တရားဖြစ်နေသောကြောင့် ကျုပ်တို့ကို ခြွင်းချက်ပေးမလားလို့ မေးခွန်းထုတ်ရင် ဘယ့်နှယ်ဖြေပါ့မလဲ...(ခြွင်းချက်မပေးပါဘုရား)။

ဒါဖြင့် တေဇောပါနေသောကြောင့် ဒကာဒကာမတို့ တေဇောသည်ကားလို့ဆိုရင် နှိပ်စက်တတ်သောကြောင့် ဒုက္ခသစ္စာ...(မှန်ပါ့) သေအောင် သတ်သောကြောင့်...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဇရာပိဒုက္ခာ၊ မရဏမ္ပိ...(ဒုက္ခံပါဘုရား) ဒါဖြင့် ဒီဒုက္ခသစ္စာကို ဒကာဒကာမတွေ လက်သည်ရှာကြ... (မှန်လှပါဘုရား)။

ဇရာ မရဏက ဘာသစ္စာပါလိမ့်...(ဒုက္ခသစ္စာပါဘုရား) တေဇောကဝင်ပြီး နှိပ်စက်လိုက်တာ ဒကာဒကာမတို့ မြင်တဲ့တိုင်း, သိတဲ့အတိုင်းပဲ၊ ဘုရားကိုလဲမရှောင်၊ နတ်မင်းကြီးကိုလဲမရှောင်၊ ဗြဟ္မာမင်းကြီးကိုလဲမရှောင်၊ ပုပုရွရွ ပုဂ္ဂိုလ် သတ္တဝါဟူသရွေ့ တို့ကိုလဲမရှောင်ရှားဘူး၊ အကုန်လောင်ပြီး အိုအောင်, သေအောင် လုပ်တယ်ဆိုတာ ရှင်းပလား...(ရှင်းပါပြီဘုရား) သူ့ကို ဘာသစ္စာ ဖွဲ့ကြမယ်...(ဒုက္ခသစ္စာပါဘုရား) ညာတာမဖက် အမြဲနှိပ်စက်တတ်သောကြောင့် တေဇောကို ဒုက္ခသစ္စာ...(မှန်ပါ့) နှိပ်စက်ခံရသောကြောင့်လဲ...(ဒုက္ခသစ္စာပါဘုရား) နှိပ်စက်တတ်သောကြောင့်လဲ...(ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ဒီခန္ဓာကြီးထဲမှာ ဒီဇရာပါပြီး သင်္ကာလ အိုအောင် လုပ်တတ်တဲ့တရား၊ သေအောင်လုပ်တတ်တဲ့ တရားပါနေတော့ ခန္ဓာတောင့်တတဲ့ ပုဂ္ဂိုလ်သည် အိုခြင်းဆိုးနဲ့ ကြုံရပါလို၏ ...(မှန်လှပါ) သေခြင်းဆိုးနဲ့ ကြုံရပါလို၏ ... (မှန်ပါ)။

ဒါကြောင့် ဘယ်ခန္ဓာမှ ဒကာဒကာမတွေ မကောင်းဘူး နှိပ်စက်ခံရတာချည်းပဲလို့ မှတ်လိုက်စမ်းပါ ...(မှန်ပါ) သဘောကျ ပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ဇရာ မရဏက ဘာသစ္စာ...(ဒုက္ခသစ္စာပါ) ဒကာဒကာမတွေ ဒုက္ခသစ္စာဖြစ်ခဲ့လို့ရှိရင် ဒုက္ခဖြစ်ကြောင်း ရှာဦး ...(မှန်ပါ) မရှာရပေဘူးလား ...(ရှာရမှာပါဘုရား)။

ဒုက္ခဖြစ်ခဲ့သော် ဘာရှာရမယ် ...(ဒုက္ခဖြစ်ကြောင်း ရှာရပါ မယ်ဘုရား)။

ဒုက္ခဖြစ်ကြောင်းရှာတော့ ယော်... ဒီဘက်တစ်ခု ချလိုက်၊ ဒကာဒကာမတို့ တစ်ခုကြည့်ပါတဲ့၊ ဒါ ဘာပါလိမ့်မတုံးလို့ မေးခွန်း ထုတ်လို့ရှိရင် ဇာတိ၊ သဘောကျပလား ... (ကျပါပြီ ဘုရား)။

ဇာတိပင္စိသန္ဓေ နေမိလို့ ဇရာ မရဏနဲ့ အသက်ထွက်ရ တယ်ဆိုတာ ပေါ်လာကြပလား ...(ပေါ်လာပါပြီဘုရား) ဇာတိ ပင္စိသန္ဓေ နေမိလို့ ဇရာ မရဏနဲ့ အသက်ထွက်ရတယ်၊ ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဇာတိက အကြောင်း၊ ဇရာမရဏက . . .(အကျိုးပါဘုရား). သဘောကျပလား . . .(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဇာတိဆိုတာ ပုဂ္ဂိုလ်အစ ဇာတိက . . .(မှန်ပါ့) သဘောကျပလား . . .(ကျပါပြီဘုရား)။

ပုဂ္ဂိုလ်အစ ဘယ်ကပါလိမ့် . . .(ဇာတိကပါဘုရား) ပုဂ္ဂိုလ်သတ္တဝါအစ ဇာတိကဖြစ်ပြီး သကာလ နေသောကြောင့် ဇာတိရှိလို့ရှိရင်ဖြင့် ဇရာ မရဏပြေးလို့ မလွတ်ဘူး . . .(မလွတ်ပါဘုရား) လွတ်ပါ့မလား . . .(မလွတ်ပါဘုရား) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဇာတိက အကြောင်း သမုဒယသစ္စာ၊ ဇရာမရဏက အကျိုး ဒုက္ခသစ္စာ၊ ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

ဒါဖြင့် လူ့ဘဝတောင်းရင် ဒီကရတယ် . . .(မှန်ပါ့) ဒီကရရင် ဒီမှာဆုံးမှာပဲ . . .(ဆုံးမှာပါဘုရား) နတ်ဘဝတောင်းရင်လဲ ဒါ . . .စရမယ် . . .(မှန်ပါ့) ဒါစ, ရပြီး ဒီဆုံးမှာပဲ . . .(မှန်ပါ့ဘုရား) ဗြဟ္မာဘဝရရင်လဲ ဇာတိစ, ရမယ်(မှန်ပါ့ဘုရား) ပြီးတော့ ဘယ်မှာ ဆုံးမယ် . . .(ဇရာ, မရဏမှာ ဆုံးပါမယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဆင်းရဲအစနဲ့ ဆင်းရဲအဆုံးပဲရှိတယ် . . .(မှန်ပါ့) ပေါ်ပလား . . .(ပေါ်ပါပြီဘုရား) ဇာတိပိ ဒုက္ခာ . . .ဆင်းရဲအစ . . .(မှန်ပါ့) ဇရာပိဒုက္ခာ . . .မရဏမ္ပိ ဒုက္ခံ . . .(မှန်ပါ့)။

ဒါဖြင့် ပုဂ္ဂိုလ် သတ္တဝါတွေသည် အစ, ဘာသစ္စာလဲ . . .(ဒုက္ခသစ္စာပါဘုရား) အဆုံးကော . . . (ဒုက္ခသစ္စာပါဘုရား) ပေါ်ပလား . . .(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ကျုပ်တို့၏ ဖြစ်စဉ်ဟာဖြင့် သစ္စာဉာဏ်မျက်လုံးတပ်ပြီး ကြည့်လိုက်တဲ့ အခါကျတော့ အစ,လဲမကောင်း...(မှန်ပါ) အဆုံးကော... (မကောင်းပါဘုရား) အလယ်ကော...(မကောင်းပါဘုရား) အလယ်မှာ ဇရာဆိုတာ ဒုက္ခသစ္စာပဲ...(မှန်ပါ) အဆုံး မရဏကော... (ဒုက္ခသစ္စာပါပဲဘုရား) အစ, ဇာတိကကော... (ဒုက္ခ သစ္စာပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံးဒကာဒကာမတို့ ဘာများဖြစ်ချင်သေး သတုံး...(ဘာမှမဖြစ်ချင်ပါဘုရား) ဖြစ်ချင်ရင် ဒါပဲ ဇာတိပါပဲ ဒကာဒကာမတို့...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

အဲဒါ ဇာတိသာရတဲ့ အခါကျလို့ရှိရင်ဖြင့် ဇရာ မရဏ တည်းဟူသော ခုနင်ကပြောခဲ့တဲ့ ဝဲဂယက် လှိုင်းတံပိုးနဲ့ အသက်ထွက်ရမှာပဲ...(မှန်ပါ) မထွက်ရပေဘူးလား... (ထွက်ရပါတယ် ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဇာတိပစ္စယာ ဇရာမရဏ၊ ဇာတိကြောင့် ဘာဖြစ်သတုံး...(ဇရာ မရဏဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ...ဒါဖြင့် ဇာတိက သမုဒယသစ္စာ...(မှန်ပါ) ဇရာ မရဏက...(ဒုက္ခသစ္စာပါဘုရား)။

ဒါ...ဒကာဒကာမတွေ ပါးစပ်က အခု သေသေချာချာ ပြောနိုင်တယ် ဦးလှဘူးရေ...(မှန်ပါ) သေသေချာချာ ပြောနိုင်တဲ့ ဉာဏ်ကို ယနေ့ တရားပွဲမှာ ဒကာဒကာမတွေ ရပါတယ်... (မှန်ပါ)။

http://www.dhammadownload.com



ဒီဉာဏ်ကို ရလိုက်ပါတယ်၊ ဇာတိက ဘာသစ္စာတဲ့... (သမုဒယ သစ္စာပါဘုရား) သမုဒယသစ္စာ ထားလိုက်ပါတော့ ဒကာသိုက်ရာ၊ အကြောင်းအကျိုးစွဲလိုက်တော့...(မှန်ပါ့)။

ဇာတိက ဘာသစ္စာပါလိမ့်...(သမုဒယသစ္စာပါဘုရား) ဇရာ မရဏက...(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါက ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာလာတဲ့ အဓိပ္ပာယ်ကို ပြောနေတယ်လို့ ဒကာဒကာမတွေမှတ်ပါ...(မှန်ပါ့)။

ဇာတိက သမုဒယသစ္စာ၊ ဇရာ မရဏက...(ဒုက္ခသစ္စာပါ ဘုရား) ခင်ဗျားတို့ ဝမ်းထဲမှာ ဘယ်သူက သမုဒယ၊ ဘယ်သူက ဒုက္ခလို့ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ခင်ဗျားတို့ ဇာတိက...(သမုဒယသစ္စာပါဘုရား) ဉာဏ်နဲ့ ပြောတာ မဟုတ်လား...(မှန်ပါ့)အဲဒီဉာဏ်ကလေးဟာ ဘာပါလိမ့်...(မဂ္ဂသစ္စာပါဘုရား)။

ဇရာ မရဏ ဘာပါလိမ့်...(ဒုက္ခသစ္စာပါဘုရား) အဲဒီ ဒုက္ခသစ္စာလို့ ပြောနိုင်တဲ့ ဉာဏ်ကလေးက...(မဂ္ဂသစ္စာပါ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သမုဒယသစ္စာကိုလဲ ခင်ဗျားတို့ သိတာ မဂ္ဂသစ္စာနဲ့ သိတယ်...(မှန်ပါ့) ဒုက္ခသစ္စာကို သိတာလဲ...(မဂ္ဂသစ္စာနဲ့ သိပါတယ်ဘုရား)သဘောကျပလား... (ကျပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ သစ္စာဘယ်နှပါး သိသွားသလဲလို့ မေးခွန်းထုတ်လို့ရှိရင် သုံးပါး သိပါပြီ ဘုရား...(မှန်ပါ့) မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ် ဘုရား)။

ခင်ဗျားတို့ ဝမ်းထဲ သိလုံးကလေးက (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် သစ္စာဘယ်နှပါး ကိုယ်ပိုင်သိသလဲ...(သုံးပါး သိပါတယ် ဘုရား) သုံးပါးကိုယ်ပိုင်သိပြီဆိုတာ ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ... ဒါဖြင့် ဇာတိရော, ဇရာ, မရဏရော ခင်ဗျားတို့ ချုပ်နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်တာက ဇာတိ၊ ပျက်တာက ဇရာ, မရဏ၊ ဖြစ်ပျက်အဆုံးများ ရောက်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဖြစ်ပျက်အဆုံးသိတာသည် နိရောဓသစ္စာ... (မှန်ပါ့)။

ဖြစ်ပျက်ဆုံးတာသည် ဘာတုံး...(နိရောဓသစ္စာပါ ဘုရား) အဲဒီလို ဆုံးအောင် လိုက်နိုင်တဲ့ ပုဂ္ဂိုလ်မှာ သစ္စာလေးပါး အပြည့်အစုံ မရဘူးလား...(ရပါတယ်ဘုရား)

ပြန်ပြောစမ်း၊ ဇာတိက ဘာတုံး...(သမုဒယသစ္စာပါ) ဇရာ မရဏက...(ဒုက္ခသစ္စာပါ) သိတာကလေးက... (မဂ္ဂသစ္စာပါ ဘုရား)။

ဒါကလေးနှစ်ခု ချုပ်အောင်ရှုနိုင်လို့ရှိရင် ချုပ်သွားရင် (နိရောဓသစ္စာပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပေါ်မှုကတော့ ခင်ဗျားတို့ ပွားများပြီး သကာလ ဒကာဒကာမတို့ မရဏဆိုတဲ့ ပျက်မှုကကော (ချုပ်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဇာတိ,ဇရာ, မရဏတို့၏ ချုပ်ရာ, သိမ်းရာ နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့ ကိုယ်တိုင်ရှုပြီး သိမ်းရမှာ (မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ဘာလုပ်ပြီး သိမ်းရမှာပါလိမ့်...(ကိုယ်တိုင်ရှုပြီး သိမ်းရမှာပါဘုရား) ကိုယ်တိုင်ရှုပြီးသကာလ ဇာတိလဲမကောင်းဘူး၊ ဇရာ မရဏလဲ မကောင်းဘူး၊ အဖြစ်နဲ့ အပျက်ပဲရှိတာပဲ... (မှန်ပါဘုရား)။

အဲဒီကဲ့သို့ ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင်ရှုလို့ ဒီဖြစ်ပျက်တွေ မရှိရင် ကောင်းလေစွဆိုတဲ့ ဉာဏ်လာအောင် ရှုလို့ရှိရင်ဖြင့် ဇာတိဟူသရွေ့ အကုန်ချုပ်နိုင်တယ်...(မှန်ပါ)။

အခုဖြစ်နေတဲ့ ဇာတိလဲ ချုပ်မှာပဲ၊ ပဋိသန္ဓေ ဇာတိကော... (ချုပ်မှာပါ) နောက်မှ သေတာကြီးလဲချုပ်မှာပဲ၊ အခု ခဏခဏ သေတာကိုကော...(ချုပ်မှာပါဘုရား)။

အဲဒါ ချုပ်သွားလို့ရှိရင် ဘာသစ္စာတုံး...(နိရောဓ သစ္စာပါဘုရား) နိရောဓသစ္စာဆိုတာ ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)။

အဲဒါကြောင့် ဒီ သစ္စာလေးပါးကို ဒကာဒကာမတွေ သိလိုက်ခြင်းကြောင့် ဇာတိလဲ မကြိုက်တော့ဘူး...(မှန်ပါ) ဇရာ မရဏကော...(မကြိုက်ပါဘုရား) အဲဒီမှာ မကြိုက်တဲ့ မဂ်ဉာဏ် မလာပေဘူးလား...(လာပါတယ်ဘုရား)။

. အဲဒီ မကြိုက်တဲ့မဂ် လာသည်နဲ့ တစ်ပြိုင်နက်တည်း ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဇာတိသမုဒယလဲ ချုပ်၊ ဇရာ

http://www.dhammadownload.com



မရဏာကော...(ချုပ်ပါတယ်ဘုရား) ရှင်းသွားပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတယ်ဆိုတာ ဘာပါလိမ့် မတုံးဆိုတော့ ဪ...**ဒီနှစ်ခုချုပ်သွား**တာကိုး...(မှန်ပါ့) ဇာတိလဲချုပ်၊ ဇရာ မရဏာ**ကလဲ...(ချုပ်ပါ**တယ်ဘုရား)။

ကဲ...ကျုပ်တို့ ဝိပဿ**နာထဲ** ထည့်သွင်းလိုက်တော့ အဖြစ်လဲ ချုပ်, အပျက်တွေကော...(ချုပ်ပါတယ်ဘုရား) အဲဒီ ဖြစ်ပျက် တို့၏ ချုပ်ငြိမ်း ရုပ်သိမ်းရာကို ဘာခေါ်ကြမလဲ... (နိဗ္ဗာန်ပါဘုရား)။

ဒါ**ကြောင့် ဝိ**ပဿနာရှုတဲ့ ပုဂ္ဂိုလ်များ ဖြစ်ပျက်ဆုံးပလား ဟော့လို့ **ဆရာဘုန်း**ကြီးက မေးလေ့ရှိတယ်...(မှန်ပါ့) မမေးသင့်ဘူးလား...**(မေး**သင့်ပါတယ်ဘုရား)။

ဒါဖြင့် **ချုပ်အော**င်ရှုစမ်းပါလို့ ခန္ဓာထဲမှာ စိတ်ဖြစ်ပျက် **ရှု**ရှုဆုံးအောင်**ရှု၊ ရုပ်**ဖြစ်ပျက်ရှုတဲ့ ပုဂ္ဂိုလ်က...**(ဆုံး**အောင်ရှုရပါမယ်ဘုရား)။

ရှုလိုက်လို့ **မတွေ့**တော့ပါဘူးဆိုလို့**ရှိရင်ဖြင့်** ဒကာဒကာမတို့ နိရောဓပေါ်တာပဲ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒီဥစ္စာက အလုပ်စခန်းကလေး အနည်းငယ် ထည့်တာပါ၊ ပဋိစ္စသမုပ္ပာဒ်က အများကြီး ကျန်ပါသေးတယ် (မှန်ပါ့)။

http://www.dhammadownload.com



ဇာတိကို လက်သည်ရှာ**ကြစို့**၊ ဦးလှဘူးတို့၊ ဒကာသိုက်**တို့**...(မှန်လှပါ) **ဇာတိလက်သည်** ရှာတဲ့အခါကျလို့ရှိရင်ဖြင့် **ဇာတိ** ဘယ်ကလာ**ပါလိမ့်မလဲ**လို့ မေးဖို့မလိုဘူးလား... (လိုပါတယ်ဘုရား)။

လာတော့ မနေ့ကပြောခဲ့တယ်၊ ကံကလာတယ်၊ ကံကြောင့် ပဋိသန္ဓေနေတော့ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော ကမ္မဘဝကြောင့် ဘာဖြစ်သတုံး...(ဇာတိလာပါတယ်ဘုရား) **သဘောကျပလား...(ကျပါပြီဘုရား)**။

ကမ္မဘဝကြောင့် **(ဇာတိဖြစ်ပါတယ်)** ကဲ... ပဋိစ္စသမုပ္ပာဒ် ပေါ်ပလား...(ပေါ်ပါပြီဘုရား) ဘဝပစ္စယာ... (ဇာတိပါ) ဇာတိ ပစ္စယာ...(ဇရာ မရဏပါဘုရား) သြော်... ဒီလို သွားနေတာပါ ကလားဆိုတာ ပေါ်လာကြပလား... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာဒကာမတို့ ဒီဘက်သုံးခုက ကာယကံ, ဝစီကံ, မနောကံတွေ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ ဘုရား) ကာယကံ, ဝစီကံ, မနောကံဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

အေး...ဒါဖြင့် ကမ္မဘဝပစ္စယာ...(ဇာတိပါ) ဇာတိ ပစ္စယာ (ဇရာ မရဏပါဘုရား)။

ကောင်းပြီ...ဒီလိုထောက်လိုက်တဲ့ အခါကျတော့ ကမ္မဘဝက အကြောင်း သမုဒယ ရှင်းပလား(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဇာတိက အကျိုး၊ ဒုက္ခသစ္စာကြောင့် ဇာတိပိ ဒုက္ခာ ဆိုတာ ဒီကနေ ထောက်မှဖြစ်ကာ...(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အကြောင်းကနေ ထောက်တော့မှ သူ့အကျိုးဖြစ်တော့မှ ဘာသစ္စာ ဖြစ်သွားသတုံး...(ဒုက္ခသစ္စာဖြစ်ပါတယ်) ကမ္မ ဘဝက... (သမုဒယသစ္စာပါဘုရား) ဇာတိက... (ဒုက္ခသစ္စာ ပါဘုရား)။

သေသေချာချာမှတ်၊ ခင်ဗျားတို့ သိထားတာနဲ့ တခြားစီ...(မှန်ပါ့) သေသေချာချာ မှတ်ပါ ဒကာဒကာမတို့ နောက်ဆုတ် တွေးလာရတယ် ဒကာသိုက်ရ...(မှန်ပါ့)။

ကမ္မဘဝကြောင့် ဘာဖြစ်သတုံး...(ဇာတိဖြစ်ပါတယ်) ဒါဖြင့် သူက အကြောင်း၊ သူကတော့ အကျိုးမနေဘူး လား...(နေပါတယ်ဘုရား) ဒါကြောင့် အကြောင်းဆိုလျှင် သမုဒယ ချည့်မှတ်...(မှန်ပါ့)။

ဒီသုံးခုက ဘာသစ္စာလဲ...(အကြောင်း သမုဒယသစ္စာပါ) ဒီဇာတိက...(အကျိုး ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဒီကံကြောင့် ဒီအကျိုး ပေး နေတာပဲ...(မှန်ပါ့) ဆိုထိုက်ပလား...(ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ......ဒါဖြင့် သူက သမုဒယသစ္စာ...(မှန်ပါ့) ကမ္မဘဝကဘာတဲ့...(အကြောင်း သမုဒယသစ္စာပါ) ဇာတိက... (အကျိုး ဒုက္ခသစ္စာပါ) အကျိုး ဒုက္ခသစ္စာဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား) သေသေချာချာမှတ်ပါ။

http://www.dhammadownload.com



ဒါဖြင့် သစ္စာ ဘယ်နှပါး သိသွားသလဲ... (နှစ်ပါး သိပါတယ်ဘုရား) ကိုယ့်သိလုံးကလေးကို ဘာဆိုကြမယ်... (မဂ္ဂသစ္စာပါ ဘုရား)။

ဒါဖြင့် ဒီကံလဲ ချုပ်မယ်ဆိုရင် ဒီဇာတိ မချုပ်ဘူးလား... (ချုပ်ပါတယ်) ဒါကြောင့် စေတနာကိုလဲ "ရူပသဉ္စေတနာ လောကေ သဒ္ဒသဉ္စေတနာ လောကေ" ဆိုပြီး စေတနာကိုလဲ ဖြစ်ပျက်ရှု၊ ကံကိုလဲ ဖြစ်ပျက်ရှုတဲ့...(မှန်ပါ့) ဘုရားက ဟောလေ့ရှိပါတယ်...(မှန်ပါ့)သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် သူ့ကို ဖြစ်ပျက်ရှုလိုက်လို့ရှိရင်ဖြင့် သူ့ကိုမှန်း၊ သူဆုံးရင်လဲ ဇာတိ လာပါဦးမလား...(မလာပါဘုရား) သဘောကျ ပလား...(ကျပါပြီဘုရား)။

ကောင်းပြီ... ဒါတွေက ထပ်မှာစိုးတဲ့အတွက် ဒကာ ဒကာမ တွေ ကမ္မဘဝ ဘယ်ကလာသတုံး...(ဥပါဒါန်က လာပါတယ်) ဥပါဒါန ပစ္စယာ ကမ္မဘဝေါကိုး...(မှန်ပါ့) ကိုက်ပလား...(ကိုက်ပါပြီဘုရား)။

သေသေချာချာကြည့်တော့ ကံတွေဖြစ်နေလို့ ကမ္မဘဝေါ (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ) ဦးလှဘူးတို့ ရှင်းကြရဲ့လား... (ရှင်းပါတယ်ဘုရား)။

ဥပါဒါနပစ္စယာ ဘယ့်နှယ်ဆိုမယ်...(ကမ္မဘဝေါပါ) ထုံးစံအတိုင်း ခင်ဗျားတို့ ရထားသလို ဆိုလိုက်ပါတော့... (ဘဝေါပါဘုရား) ဘဝေါပဲတဲ့၊ မသိမှာစိုးလို့ ကံကို ဖော်ပြော လိုက်တယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ဒီဥပါဒါန်ကြောင့် ကံတွေဖြစ်လာတယ်...(မှန်ပါ့) မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ် ဘုရား)။

ကောင်းပြီ... ဒါဖြင့် ဥပါဒါနက သမုဒယသစ္စာဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ကံလုပ်တုန်းကလဲ ခင်ဗျားတို့ ကိုယ်၏ဆင်းရဲခြင်း၊စိတ်၏ဆင်းရဲခြင်း မလာရဘူးလား...(လာရပါတယ်) ဒါကြောင့် သူ့ကို ဘာသစ္စာဆိုကြမယ်...(ဒုက္ခသစ္စာပါ) ဒါဖြင့်ဥပါဒါန်က ဘာသစ္စာ...(သမုဒယသစ္စာပါ) ကံက...(ဒုက္ခသစ္စာပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒကာဒကာမတို့ ဒါဟောပြီးသားဖြစ်လို့ ခပ်တိုတိုနဲ့ပဲသွားပါဦးမယ်၊ ဥပါဒါန်က ဘယ်ကလာသတုံး၊ ဘယ်သူ့ကြောင့် ဖြစ်သတုံးဆိုလို့ မေးခွန်းမထုတ်ရပေဘူးလား... (ထုတ်ရပါတယ်ဘုရား)။

ထုတ်လိုက်တော့ ဘာ လာတွေ့ပါလိမ့်...(တဏှာတွေ့ပါတယ်) တဏှာပဲ လာတွေ့တယ်၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒီလို ထောက်လိုက်ပြန်တော့ တဏှာက သမုဒယသစ္စာ၊ ဥပါဒါန်က ဒုက္ခသစ္စာ...(မှန်ပါ့) တဏှာက အကြောင်း၊ ဥပါဒါန်က...(အကျိုးပါ ဘုရား)။

ကောင်းပြီ... ဒါဖြင့် နောက်ဆုတ်တွေးလာတော့ ဒါတွေ အကုန် ဒုက္ခချည့် မဖြစ်ဘူးလား...(ဖြစ်ပါတယ်)ဒါ့ကြောင့်

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်မှာ **"ဇာ မရဏသော ကေဝလဿ** ဒုက္ခက္ခန္ဓဿ" တစ်ခုလုံး ဒုက္ခချည့်ပဲလို့ ဘုရားဟော**တော်မူတာ** ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

တစ်ခုလုံး ဘာသစ္စာတဲ့...(ဒုက္ခသစ္စာပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီ) တစ်ခုလုံး ဘာသစ္စာတဲ့...(ဒုက္ခသစ္စာပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား) နောက်ဆုတ်တွေးမှ ပေါ်တယ်၊ နို့မဟုတ်ရင် ပေါ်ပါ့မလား...(မပေါ်ပါဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာဒ**ကာမ**တို့ ဒီတဏှာဘယ်က လာပါလိမ့်မတုံး...(ဝေဒနာက**လာပါ**တယ်) **ဝေဒနာ**ရှိရင် တဏှာလာမယ်...(မှန်ပါ့) **သဘော**ကျပလား... (ကျပါပြီ ဘုရား)။

ဝေဒနာရှိရင်...(တဏှာလာပါမယ်) သုခဝေဒနာ ပစ္စယာ တဏှာ သဘောကျပလား...(ကျပါပြီ) ဒုက္ခဝေဒနာ ပစ္စယာ လဲ... (တဏှာပါပဲဘုရား)။

ဒုက္ခရောက်တဲ့ ပုဂ္ဂိုလ်ဟာ ပျောက်ချင်တဲ့ တဏှာသုခကို တောင့်တတဲ့တဏှာ လာတာပဲ...(မှန်ပါ့) မလာဘူးလား... (လာပါတယ်) ဆင်းရဲတဲ့ ပုဂ္ဂိုလ်များ ချမ်းသာချင်တဲ့ တဏှာ...(လာပါတယ်ဘုရား)။

ဒါဖြင့် တဏှာမသတ်သရွေ့ ကာလပတ်လုံး ဒကာဒကာမ တို့ သမုဒယသစ္စာ ချုပ်ပါ့မလား...(မချုပ်ပါဘုရား) မချုပ် သေးသရွေ့ ဒီဘက်ကဒုက္ခတွေ အစဉ်အဆက်အတိုင်း မသွားပေဘူးလား...သွားမလား...(သွားပါတယ်) ရှင်း ပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့သည် ဒီနေရာမှာ နေ့တိုင်းပြောခဲ့တယ်...(မှန်ပါ့) ဘုရားပွင့်တော်မူတယ်လို့ မပြောဘူးလား (ပြောပါတယ်ဘုရား)။

ဝေဒနာနဲ့ တဏှာကြားမှာ ဘာတဲ့...(ဘုရားပွင့်ပါတယ်) သောတာပန်ပွင့်ချင်ရင်ကော...(ဝေဒနာနဲ့ တဏှာအကြားမှာပါဘုရား) သကဒါဂါမ်အဖြစ် ပွင့်ချင်ရင်ကော...(ဝေဒနာနဲ့ တဏှာအကြားမှာပါ) အနာဂါမ် ပွင့်ချင်ရင်ကော...(ဝေဒနာနဲ့ တဏှာအကြားမှာပါ ဘုရား)။

ရဟန္တာဖြစ်ချင်ရင်ကော...(ဝေဒနာနဲ့ တဏှာ အကြားမှာပါ) ဝေဒနာနဲ့ တဏှာအကြားမှာ ဖြစ်ရမယ်၊ တခြားသောနည်းမရှိဘူးဆိုတာ ပေါ်လာပလား... (ပေါ်ပါပြီ ဘုရား)။

ဒါကြောင့် သောတာပန် ဘယ်နေရာမှာ တည်ပါလိမ့်မတုံးဆိုတာလဲ ဝေဒနာနဲ့ တဏှာအကြားမှာ...(မှန်ပါ့) ဘုရားဘယ်နေရာမှာ ဖြစ်ပါလိမ့်မတုံး ဆိုတာကော...(ဝေဒနာနဲ့ တဏှာအကြားမှာပါ) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာဒကာမတွေ အခု ဝိပဿနာအလုပ်လုပ်တဲ့ ဒကာဒကာမတွေမှာ ဝေဒနာက သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာသုံးမျိုးအလှည့်အပတ်နဲ့ အကြောင်းတိုက်ဆိုင်သလို မပေါ်ဘူးလား... (ပေါ်ပါတယ်ဘုရား) ပေါ်တာကို ဝေဒနာမရှုနဲ့၊ **အနိစ္စရှု**... (မှန်ပါ့)ဝေဒနာရှိ မရှိ တွေး...(မှန်ပါ့)။

http://www.dhammadownload.com



ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ သုခဝေဒနာကလေး ပေါ်လာတယ်၊ ကိုယ်ပေါ်မှာ ချမ်းသာလုံးကလေး၊ ဝမ်းထဲမှာ ကော ဝမ်းသာလုံးကလေး၊ သုခဝေဒနာ မပေါ်ဘူးလား... (ပေါ်ပါတယ်ဘုရား)။

အဲဒါ ရှိမရှိ တွေးစမ်း...(မရှိပါဘုရား) ဒါဖြင့် မရှိတာ ဘာခေါ်မယ်...(အနိစ္စပါဘုရား) မရှိမှန်းသိတာ... (မဂ္ဂပါ ဘုရား)။

ဒါဖြင့် အနိစ္စနောက် မဂ္ဂမလိုက်ဘူးလား...(လိုက်ပါတယ် ဘုရား) မရှိတာက...(အနိစ္စပါ) မရှိမှန်းသိတာက... (မဂ္ဂပါဘုရား)။

ဒီတဏှာ လာသေးရဲ့လား...(မလာပါဘုရား) ဥပါဒါန် ကော...(မလာပါဘုရား) ကံကော...(မလာပါဘုရား) ဇာတိ... (မလာပါ ဘုရား) ဇရာ မရဏ...(မလာပါဘုရား)။

မြတ်စွာဘုရားသည် ကားလို့... ဆိုရင် ဒီနေရာကနေပြီး သကာလ ဟိုဘက်အကြောင်းတွေကို သတ်လိုက်တာကိုး... (မှန်ပါ) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒီ နောက်ဘဝတွေ ပြတ်သွားတာလဲ သဘောကျပလား... (ကျပါပြီ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဝေဒနာကို မရှုနဲ့ ဒကာဒကာမတို့... ဝေဒနာပေါ်လို့ရှိရင် ဝေဒနာကိုစိုက်ကြည့်ပြီး ဝေဒနာလား၊ ပျက်မှာလားဆိုတာ စိုက်ကြည့်...(မှန်ပါ) ကြည့်လိုက်တဲ့ အခါ ဘာတွေ့ရမလဲ...(ပျက်တာ တွေ့ရပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ပျက်တာက ဘာခေါ်ကြမယ်...(အနိစ္စပါ) ပျက်မှန်းသိတာက...(မဂ္ဂပါဘုရား)။

အဲဒီမဂ္ဂသည် ဒကာဒကာမတို့ တဏှာကို သေစေပါတယ်ဆိုတော့ သူ့နောက်က တဏှာလာသေးရဲ့လား... (မလာပါဘုရား)။

ဒါဖြင့် ဒီဝေဒနာလာတဲ့အခါ ဒကာဒကာမတွေ မရှုဘဲနေတော့ ဝေဒနာပစ္စယာ...(တဏှာပါ) တဏှာပစ္စယာ...(ဥပါဒါန်ပါဘုရား) ဥပါဒါနပစ္စယာ...(ဘဝေါ) ဘဝပစ္စယာ... (ဇာတိ) ဇာတိပစ္စယာ... (ဇရာ မရဏပါဘုရား)။

ဒါက မရှုတဲ့ပုဂ္ဂိုလ် လမ်းစဉ်... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဝေဒနာကလဲ ခန္ဓာကိုယ်ထဲ တော်တော်ကြာ သုခပေါ်ပြန်ပြီ၊ တော်တော်ကြာ ဒုက္ခပေါ်ပြန်ပြီ၊ တော်တော်ကြာ ဥပေက္ခာပေါ်ပြန်ပြီ ဒကာဒကာမတို့၊ မရှုမိကြဘူး ဆိုလို့ရှိရင်ဖြင့် တဏှာက လိုက်မှာပဲ...(မှန်ပါ့)။

လိုက်လို့ရှိရင်ဖြင့် ဒကာဒကာမတို့သည် ဥပါဒါန်လာတော့မှာပဲတဲ့...(မှန်ပါ့) ကံကော... (လာမှာပါ) ဇာတိ ဇရာ မရဏကော...(လာမှာပါဘုရား)။

ဒါဖြင့် မရှုတဲ့ပုဂ္ဂိုလ်ဟာ သံသရာရှည်ပြီ...(မှန်ပါ့) ဒီဘက် ရှည်ထွက်သွားတယ်...(မှန်ပါ့)။

ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ဒကာဒကာမတို့ အနိစ္စနဲ့မဂ္ဂ နှစ်ခုတည်းပဲ ရှိတယ်...(မှန်ပါ့) သဘောကျရဲ့လား... (ကျပါတယ်ဘုရား)။

http://www.dhammadownload.com



ကောင်းပြီ...ဒါဖြင့် ဘယ်ဝေဒနာလာလာ ဘာလုပ်ရမလဲ...(ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တော့ကို ဖြစ်ပျက်က အနိစ္စ၊ ရှုတာက...(မဂ္ဂပါဘုရား)။

မရှုဘဲနေရင် ဝေဒနာပစ္စယာ...(တဏှာပါဘုရား) တဏှာပစ္စယာ...(ဥပါဒါန်ပါဘုရား) ဥပါဒါနပစ္စယာ... (ဘဝေါပါဘုရား) ဘဝပစ္စယာ...(ဇာတိ) ဇာတိပစ္စယာ... (ဇရာမရဏပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ဒီအလုပ်ကို မလုပ်တော့ပါဘူး ဆိုလို့ရှိရင်ဖြင့် ဒီဝဲထဲကို ရောက်ချင်လို့... (မှန်ပါ့ဘုရား)။

ဒီငါး,လိပ်, မကန်းတွေ၏ အစာကော...(ဖြစ်ချင်လို့ပါ) လှိုင်းတံပိုးတွေ၏ ဖိနှိပ်မှုကိုကော...(ခံချင်လို့ပါ) သံသရာ ရေပြင် ကြီးထဲမှာလဲ နေချင်လို့ ဆိုရင်ကော...(မလွဲပါဘုရား) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

အလုပ်... မလုပ်လို့ရှိရင် ပြတ်ပါ့မလား(မပြတ်ပါဘုရား) ဒါဖြင့် ပြတ်ချင်ရင် ဒကာဒကာမတို့ ဒီလိုလုပ်ပါ၊ ဒီလိုလုပ်ပါ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ ဝေဒနာက သမုဒယသစ္စာ၊ တဏှာက...(ဒုက္ခသစ္စာပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဝေဒနာက...(သမုဒယသစ္စာပါ) တဏှာက... (ဒုက္ခသစ္စာ ပါဘုရား) ဒါက ရှင်သာရိပုတ္တရာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ဟောတဲ့နည်း...(မှန်ပါ့)။

http://www.dhammadownload.com



ဟုတ်တယ်တဲ့ ဒကာဒကာမတို့၊ ဒါအကြောင်းတရားတော့ မှန်ပါတယ်၊ ဒါကြောင့် အကြောင်း သမုဒယလို့ ဆိုလိုက်တယ်...(မှန်ပါ့)။

ဝေဒနာက အကြောင်းသမုဒယ၊ တဏှာက အကျိုးဒုက္ခ (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ) နေရာကျပလား...(ကျပါပြီဘုရား)။

သွားပါဦး ဒကာဒကာမတို့၊ ဒီဝေဒနာ ဘယ်ကလာပါလိမ့်မလဲဆိုတဲ့ မေးခွန်းကော ထုတ်ဖို့မလိုဘူးလား...(လိုပါတယ်ဘုရား)။

ဘယ်က လာပါလိမ့်...(ဖဿက လာပါတယ်) ဖဿဆိုတဲ့ ဓမ္မကြောင့် လာတယ်ဆိုတာ သဘောကျပလား... (ကျပါပြီ ဘုရား)။

ဖဿကလာတော့ ဖဿဆိုတာ တွေ့ထိတတ်တဲ့ တရား (မှန်ပါ့) တွေ့ထိတတ်တဲ့ တရားဆိုတာကော ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

တွေ့ထိတတ်သည့် ပုဂ္ဂိုလ်သည် ဒကာဒကာမတို့ ကောင်း...မကောင်း မရွေးပေဘူးလား...(ရွေးပါတယ်ဘုရား) ဒါဖြင့် ဖဿပစ္စယာ...(ဝေဒနာပါဘုရား)။

တွေ့ထိလို့ အကောင်းအဆိုးကို ဝေဖန်တယ်...(မှန်ပါ့) မဝေဖန်ဘူးလား...(ဝေဖန်ပါတယ်ဘုရား)။

ဒကာဒကာမတို့ အထည်ကို စမ်းသပ်တွေ့ထိတာသည် ဖဿ...(မှန်ပါ့)ထူလို့ ကောင်းတယ်၊ ပါးလို့ ကောင်းတယ်

http://www.dhammadownload.com



ဆိုတာက . . . (ဝေဒနာပါ) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ဒါဖြင့် ဖဿပစ္စယာ . . .(ဝေဒနာပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဖဿက သမုဒယသစ္စာ(မှန်ပါ့) ဝေဒနာက . . .(ဒုက္ခသစ္စာပါဘုရား)။

နောက်ဆုတ်သွား, နောက်ဆုတ်သွားပါ ဒကာသိုက်ရ . . . (မှန်ပါ့)ရှေးအမှတ်တွေ အကုန်ဖြုတ်ပါ . . .(မှန်ပါ့)ဖဿပစ္စယာ . . . (ဝေဒနာပါ) ဖဿက ဘာသစ္စာတုံး . . . (သမုဒယသစ္စာပါ ဘုရား)။

ဖဿကြောင့် ဒကာသိုက်ရ ဝေဒနာဖြစ်တယ်၊ အဲဒီတော့ ဖဿက အကြောင်းမနေဘူးလား . . .(အကြောင်းပါဘုရား) အကြောင်းဟူသရွေ့ သမုဒယသစ္စာချည့်မှတ် . . .(မှန်ပါ့) ဝေဒနာ ဘာသစ္စာတုံး . . .(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား . . .(ရှင်းပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဖဿက သမုဒယသစ္စာ၊ ဝေဒနာက ဒုက္ခသစ္စာဆိုတာ ပေါ်ပလား . . .(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဇေ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ မင်းတို့ ဒါတစ်ခုလုံး ဒုက္ခချည့်မှတ်ထားလို့ မပါဘူးလား . . . (ပါပါတယ်ဘုရား)။

အဲဒီ ပါတာကို ခင်ဗျားတို့က မတွေးမိဘူး . . .(မှန်ပါ့) ဒီလို အကြောင်းအကျိုး မဝေဖန်သို့ မတွေးမိတာ . . .(မှန်ပါ့) ပေါ်ပလား . . .(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ရှေးအသုံးအနှုန်းတွေ အကုန်ဖျောက်ပါဆိုတာ သည် ဘုန်းကြီးက အဖျောက်ခိုင်းတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ နားမလည်လို့၊ ဒုက္ခတွေ အကုန်ပါလို့၊ ပြောတဲ့ဆီကို ဉာဏ်မရောက်လို့ ဒကာသိုက် ဖြည့်စွက်ရတာ...(မှန်ပါ့)။

အဆုံးရွတ်ကြည့်၊ ဓဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ ဒုက္ခအစုကြီးတွေကွ...တဲ့၊ ဒီပဋိစ္စသမုပ္ပာဒ် တစ်တန်းလုံး...(မှန်ပါ့) မဆိုဘူးလား...(ဆိုပါတယ်ဘုရား)။

ဒါကြောင့် နောက်ဆုတ်တွေးတော့မှ ဒုက္ခအစုကြီး ဖြစ်လာတယ်ဆိုတာ ပေါ်တယ်...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဖဿက ဘာသစ္စာတုံး...(သမုဒယသစ္စာပါ) ဝေဒနာက...(ဒုက္ခသစ္စာပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကိုင်း...ဒါဖြင့် တွေ့ထိတဲ့ ပုဂ္ဂိုလ်ဟာ အကောင်း, အဆိုး ဝေဖန်တယ်ဆိုတာကော ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ တစ်ခါသွားဦး ဒကာဒကာမတို့၊ ဒီဖဿ ဘယ်က လာပါလိမ့်မလဲလို့ မေးခွန်းထုတ်ကြဦးစို့...(မှန်ပါ့ သဠာယတနက လာပါတယ်ဘုရား)။

အေး... သဠာယတနဆိုတာ ခြောက်ခုရှိတယ်...(မှန်ပါ့) မျက်လုံး, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ပေါ့ဗျာ... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မျက်လုံး, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ကို ဘာခေါ် ကြမယ်...(သဠာယတနပါ) အဲ...သဠာယတနဆိုတာ ခြောက်ခု၊ သဠာယတနပါပဲ ဆိုလိုရင်းကနော်...(မှန်ပါ)။

သဠာယတနပစ္စယာ...(ဖဿောပါ ဘုရား) ဒီကိုကျတော့ သဠာယတနက ဘာသစ္စာတဲ့...(သမုဒယသစ္စာပါ) ဖဿက... (ဒုက္ခသစ္စာပါ) ဒါမှ ဒုက္ခအစုကြီးဖြစ်မှာ... (မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ ဒီနေ့ခပ်ကျဲကျဲနဲ့ပဲ ပဋိစ္စသမုပ္ပါဒ်ကို ဝေဖန်ရအောင်လို့ ဒကာဒကာမတွေ ခပ်ကျဲကျဲသွားလိုက်ပါသေးတယ်...(မှန်ပါ)။

ဒီ သဠာယတနဟာ ဘယ်က လာပါလိမ့်မလဲဆိုတာ တွေးပါဦး...(နာမ်ရုပ်က လာပါတယ်ဘုရား) နာမ်ရုပ်ရှိလို့ ပေါ်လာတာ...(မှန်ပါ)။

နာမ်နဲ့ ရုပ်ရှိလို့ ခုနင်က မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ပေါ်တယ်...(မှန်ပါ) နာမ်ရုပ်မရှိရင်...(မပေါ်ပါဘုရား)။

ဒါဖြင့် နာမ်ရုပ်က ဘာပါလိမ့်...(သမုဒယသစ္စာပါဘုရား) သဠာယတနက...(ဒုက္ခသစ္စာပါဘုရား) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဒီလို သိသိသွားရမယ်၊ ဒီလိုမှသာလျှင် သစ္စာသိတဲ့ အဓိပ္ပာယ် ရောက်တယ်...(မှန်ပါ) သစ္စာသိမှ ဒကာသိုက်တို့ ဦးလှဘူးတို့ မဂ်ဉာဏ်ဖြစ်မှာနော်...(မှန်ပါ)။

http://www.dhammadownload.com



လျှောက်ပြီး ရှုတ်နေရုံနဲ့တော့ မဖြစ်ပါဘူး...(မှန်ပါ) မဖြစ်နိုင်ဘူးဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီနာမ်ရုပ် ဘယ်ကလာပါလိမ့်မလဲ... (ဝိညာဏ်က လာပါတယ်ဘုရား)ဝိညာဏ် ဆိုတာက ပဋိသန္ဓေ၊ ပဋိသန္ဓေနေမိရင် နာမ်ရုပ်မပေါ်ပေဘူးလား... (ပေါ်ပါတယ်ဘုရား)။

နာမ်ရုပ်လာလို့ရှိရင် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,စိတ်ဆိုတဲ့ သဠာယတနဟာ...(ပေါ်ပါတယ်ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား) ဒါ ဒီဘက်ကဟာတွေ အစဉ်အတိုင်း မသွားဘူးလား...(သွားပါတယ်ဘုရား)။

ဒါဖြင့် ဒီဘက်မှာ အခု နောက်ဆုတ်တွေးလိုက်တော့ ဒီကျအောင် ဒါတွေ ဒုက္ခတွေ မဖြစ်ခဲ့ဘူးလား...(ဖြစ်ပါတယ်ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့်...ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ ပဋိစ္စ သမုပ္ပါဒ် တစ်ခုလုံး ဒုက္ခသစ္စာချည်းပဲဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့ ဝိညာဏ်ဘယ်က လာသလဲ တွေးဦး...(သင်္ခါရကပါ) သင်္ခါရသုံးမျိုးက လာတယ်...(မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

အဲဒီ သင်္ခါရဆိုတာ ခင်ဗျားတို့လှူတာ, တန်းတာ, ပေးတာ, ကမ်းတာ ပဋိသန္ဓေနေချင်လို့ လှူတာ, ပေးတာ, ကမ်းတာ၊ ဟူသရွေ့သည် ဘုံဘဝကို တောင့်တပြီး လုပ်တာ၊

http://www.dhammadownload.com



ဘာဖြစ်ချင် ညာဖြစ်ချင် လုပ်တဲ့အလုပ်ဟူသရွေ့ဟာ သင်္ခါရချည့် မှတ်လိုက်...(မှန်ပါ့ဘုရား)။

ဒါဖြင့် သင်္ခါရက ဘာသစ္စာတုံး...(သမုဒယသစ္စာပါ ဘုရား) ဝိညာဏ်က...(ဒုက္ခသစ္စာပါ) ဝိညာဏ်ဆိုတာ ပဋိသန္ဓေနေတာ ဒကာဒကာမတို့...(မှန်ပါ့) သဘောကျ ပလား... (ကျပါပြီဘုရား)။

ဒါဖြင့် အိမ်ကျတော့လဲ ဒကာဒကာမတွေ ဒီအတိုင်းပဲ မှတ်ကြပေါ့ဗျာ... (မှန်ပါ့) မရရင် ဒီလိုပဲ ကွမ်းသီးတို့ ဘာတို့နဲ့ ပုံစံချကြည့်ရင် သိပါလိမ့်မယ်...(မှန်ပါ့)။

ဒီသင်္ခါရ သုံးခုဟာ လှူမှု၊ တန်းမှု၊ ပေးမှု၊ ကမ်းမှု ဘုံဘဝတောင့်တပြီး သကာလ လုပ်ကြတဲ့ သင်္ခါရဟာ ဘယ်ကလာသတုံး...(အဝိဇ္ဇာက လာပါတယ်) ဒါဖြင့် အဝိဇ္ဇာက သမုဒယသစ္စာ၊ သင်္ခါရက...(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ပေါင်းလိုက်တဲ့အခါကျတော့ ဆယ့်နှစ်ခု မရှိပေဘူးလား... (ရှိပါတယ်) တစ်... နှစ်...သုံး... လေး...ငါး...ခြောက်... ခုနစ်...ရှစ်...ကိုး...တစ်ဆယ်... ဆယ့်တစ်...ဆယ့်နှစ်... (မှန်ပါ့) ပဋိစ္စသမုပ္ပာဒ် ဆယ့်နှစ်ပါးဆိုတာ သိပလား ... (သိပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီ အဝိဇ္ဇာသည် ဒကာဒကာမတို့ ယခုအချိန်မှာ သမုဒယ သစ္စာဖြစ်တယ်...(မှန်ပါ့) အဝိဇ္ဇာကြောင့် သင်္ခါရ မဖြစ်ဘူးလား...(ဖြစ်ပါတယ် ဘုရား)။

http://www.dhammadownload.com



သင်္ခါရကြောင့် ...(ဝိညာဏ်ဖြစ်ပါတယ်) ပေယျာလ ထိုးလိုက်၊ ဇာတိကြောင့် ...(ဇရာ မရဏဖြစ်ပါတယ်) ဘယ်နှပါး ဖြစ်သွားသတုံး ...(ဆယ့်နှစ်ပါး ဖြစ်သွားပါတယ်ဘုရား)။

ဆယ့်နှစ်ပါးဖြစ်သွားတယ်ဆိုတော့ ဒကာဒကာမတို့ ဒါက ပဋိစ္စသမုပ္ပာဒ်ကြီး ဖြစ်စဉ်ကို ပြလိုက်ပါတယ်...(မှန်ပါ့) ပဋိစ္စသမုပ္ပာဒ်ဝိုင်းပုံကို သတိထားပါဦး ဒကာဒကာမတို့... (မှန်ပါ့ဘုရား)။

ဝိုင်းတာက ဘာပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေဒ္ဓ ဇရာနဲ့ မရဏဆိုသော ဒီပုဂ္ဂိုလ်ဟာ သံသရာ့ခရီးသည် မဟုတ်လား...(မှန်ပါ့) အခုအတန်းကြီးဟာ သံသရာခရီး တန်းနေတာနော်...(မှန်ပါ့) ပေါ်ပလား...(ပေါ်လာပါပြီ ဘုရား)။

ကဲ ဒီဘဝက ဇာတိပြီးတော့ ခွဲလိုက်ဦး၊ ဒီနေ့ သေသေ ချာချာ မှတ်ကြ ဒကာဒကာမတို့၊ ဒီသုံးခုဟာ အနာဂတ်လို့ မှတ် လိုက်စမ်း...(မှန်ပါ့) ဇာတိနဲ့ ဇရာ မရဏ ဘာခေါ် ကြမယ်... (အနာဂတ်ဘဝပါဘုရား)။

ဟော ဒီတဏှာ, ဥပါဒါန်, ကံ ဒါတွေက အနာဂတ် အကြောင်း...(မှန်ပါ့) ကာလအားဖြင့် ပစ္စုပ္ပန်ကာလ... (မှန်ပါ့ဘုရား)။

အကြောင်းအားဖြင့် ...(အနာဂတ်အကြောင်းပါ) ဖြစ်နေ တဲ့ကာလကတော့ (ပစ္စုပ္ပန်ကာလပါ) သဘောကျပလား... (ကျပါပြီဘုရား)။

http://www.dhammadownload.com



အကြောင်းအားဖြင့် (**အနာဂတ်** အကြောင်းပါဘုရား) ကာလအားဖြင့်...(**ပစ္စုပ္ပန်ကာလ**ပါဘုရား) ပစ္စုပ္ပန်ကာလ ယခုလုပ်နေတာ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေသည် ဒီလိုပဲ ကွဲကပါဦးစို့တဲ့၊ အဝိဇ္ဇာသင်္ခါရ၊ သဘောကျပလား...(ကျပါပြီဘုရား) ၁–ရယ် ၂– ရယ်ဟာ ဘာပါလိမ့်...(အဝိဇ္ဇာ သင်္ခါရပါ ဘုရား)။

အဲဒါသည်ကားလို့ ဆိုလို့ရှိရင် ဒကာဒကာမတွေ မှတ်လိုက် အတိတ်ဘဝ...(မှန်ပါ့) အဝိဇ္ဇာနဲ့ သင်္ခါရဟာ ဘာပါလိမ့်... (အတိတ်ဘဝပါဘုရား)။

ဒါဖြင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ၊ ဒါက ပစ္စုပ္ပန်ဘဝ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါကလေးတွေ မှတ်မိအောင်မှတ်ပါ...(မှန်ပါ့) ဒါက နေပြီး နားလည်မှ ရှေ့ဆက်ရမှာ ဖြစ်ပါတယ်...(မှန်ပါ့)။

ဒကာဒကာမတို့ ဒီသုံးခုဟာ ဇာတိ, ဇရာ, မရဏဟာ ဘယ်ဘဝကပါလိမ့်...(အနာဂတ်ဘဝပါဘုရား) ဝိညာဏ်က အစက အဆုံး ဘယ်ဘဝပါလိမ့်...(ပစ္စုပ္ပန်ဘဝပါဘုရား) အဝိဇ္ဇာနဲ့ သင်္ခါရက... (အတိတ်ဘဝကပါဘုရား)။

ဒါဖြင့် ဒီဘက်က အတိတ်ဘဝ...(မှန်ပါ့) ဒီအလယ်ကြီးက...(ပစ္စုပ္ပန်ဘဝပါဘုရား) ဒီအဆုံးက...(အနာဂတ်ဘဝပါ ဘုရား) ဘဝဘယ်နှပါး ဆက်ပြတာတုံး...(သုံးပါးပြပါတယ် ဘုရား) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့သည် ဘဝသုံးပါးဆက်ပြတာကို ပဋိစ္စသမုပ္ပာဒ်လို့မှတ်ရမယ်...(မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ရပြီးသားအပေါ်မှာ ကာလအားဖြင့်လဲ ဝေဖန်တတ်တဲ့ ဒကာဒကာမတွေ ဖြစ်နေသောကြောင့် ပြန်ပြီးသကာလ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ဖြစ်ပုံကို ပြပါဦး...(မှန်ပါ့)။

ဒကာဒကာမတို့ ဘာပြမယ်ထင်သတုံး...(ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ဖြစ်ပုံကို ပြပါမယ်ဘုရား) စက်ရဟတ်လည်ပုံကို ပြမယ်လို့ဆိုတာ သေသေချာချာ မှတ်ပါ...(မှန်ပါ့)။

ကဲ...လည်ပုံပြတော့မယ်ဆိုတော့ ဒီလိုရှင်းရတယ်၊ ဒကာဒကာမတို့ ကံက ဒီဘက်ရောက်လာတယ်၊ ဇာတိ၊ ဒီဘက်က ဇရာ မရဏ သဘောကျပလား...(ကျပါပြီဘုရား) ဒီက အဝိဇ္ဇာနဲ့ သင်္ခါရ...(မှန်ပါ့) နဂိုနဲ့ကပြထားလို့ ဒကာဒကာမတွေ မရှင်းသေးဘူးလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒီပုဂ္ဂိုလ် သံသရာခရီးသည်ဟာ အနာဂတ်ဘဝမှာ မသေပေဘူးလား...(သေပါမယ်ဘုရား) သေတဲ့အခါကျတော့ ခရီးသည်သေတာ မဂ်ဉာဏ်ရတာ ဟုတ်ကဲ့လား... (မဟုတ်ပါဘုရား)။

သေခါနီးမှာ သူ့ဇရာ မရဏသမားဟာ ဒကာဒကာမတို့ သူသေရမယ့်အတွက် စိုးရိမ်တယ်...(မှန်ပါ့) စိုးရိမ်သောကဗျာပါဒ မလာဘူးလား...(လာပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီအထဲမှာ သောက လာလိမ့်မယ်တဲ့၊ သူ့သေခါနီးမှာ...(မှန်ပါ့) ပရိဒေဝကော...(လာပါတယ်ဘုရား) ဒုက္ခဒေါမနဿကော...(လာပါတယ်ဘုရား)။

ဒါဖြင့် ဒီအထဲမှာ သောကလာလိမ့်မယ်တဲ့၊ သူ့သေခါနီးမှာ...(မှန်ပါ့) ပရိဒေဝကော...(လာပါတယ်) ဒုက္ခဒေါမနဿကော...(လာပါတယ်ဘုရား)။

သေခါနီး ဘာလာပါလိမ့်၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ...(မှန်ပါ့) သေခါနီးမှာ ငါးမျိုးလာဖြစ်လိုက်တယ်(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီပုဂ္ဂိုလ်မှာ ဒါတွေ ဖြစ်ကောင်းတာလား၊ မဖြစ်ကောင်းတာလား...(မဖြစ်ကောင်းတာပါ) သို့သော် သူ့မှာ ဖြစ်ကောင်းတယ်မှတ်လို့ ဖြစ်နေတယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီ ဘုရား)။

ဒါဖြင့် သူမသိလို့ဖြစ်တာ...(မှန်ပါ့) မသိတော့ ဖြစ်တော့ကို သောက ပရိဒေဝ ဒုက္ခ ဒေါမနဿထဲမှာ ဒကာ ဒကာမတွေက မှတ်လိုက်ပါဦး၊ အာသဝဆိုတဲ့ အဝိဇ္ဇာ စသော အာသဝလေးပါး ဝင်လာတယ်...(မှန်ပါ့)။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿနဲ့ သေတဲ့ပုဂ္ဂိုလ်မှာ အာသဝ မလာဘူးလား...(လာပါတယ်ဘုရား)။

ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဆိုတဲ့ အာသဝလေးပါး မလာဘူးလား...(လာပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီ အာသဝေါတရားလေးပါးက ဒီနေရာမှာ လာသော ကြောင့် ဒကာဒကာမတို့ ဒီအာသဝကြောင့် ဟောဒီဘက်က နဂိုကရှိနေတဲ့ အဝိဇ္ဇာ ပြန်ဆက်တယ်...(မှန်ပါ) အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယော...(မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အာသဝ သမုဒယာ...(အဝိဇ္ဇာသမုဒယောပါဘုရား) အဝိဇ္ဇာ ပစ္စယာ...(သင်္ခါရာ) သင်္ခါရ ပစ္စယာ...(ဝိညာဏံ) မဝိုင်း သေးဘူးလား...(ဝိုင်းပါပြီဘုရား)။

နောက်တုန်းက ဘယ်လိုနေရတယ်ဆိုတာ ပေါ်ပြီ... (ပေါ်ပါပြီ)ရှင်းပလား...(ရှင်းပါပြီဘုရား)။

အစကို တွေ့သေးရဲ့လား...(မတွေ့ပါဘုရား)ဒါကြောင့် သတ္တဝါအစ ငါဘုရား မတွေ့ဘူးတဲ့...(မှန်ပါ) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ဖြစ်တဲ့အစက (ရှာမတွေ့ပါဘုရား) ရှာမတွေ့ ဘူး၊ တရားဟောတွေ့တယ်ကွာ၊ ပုဂ္ဂိုလ်အစတော့ ရှာမတွေ့ဘူး... (မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပုဂ္ဂိုလ်အစက ကြက်ဥလိုဖြစ်နေတယ်၊ မတွေ့နိုင်ဘူး၊ သဘောကျပလား...(ကျပါပြီဘုရား)။

ပုဂ္ဂိုလ်အစက ကြက်ဥလို ဖြစ်နေတော့ အစရှာတွေ့ရဲ့ လား...(မတွေ့ပါဘုရား)။

တရားအစတော့ ငါသိတယ်တဲ့၊ အဝိဇ္ဇာနဲ့ တဏှာက စတာ၊ ပုဂ္ဂိုလ်အစတော့ ငါမသိဘူးတဲ့ ...(မှန်ပါ)

http://www.dhammadownload.com



ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) ဘယ်လောက်ထိအောင် ရှည်တယ်ဆိုတာ ပေါ်လာကြပလား...(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ နောက်တုန်းက ဘယ်လို နေခဲ့ရတယ်ဆိုတာ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား) အဝိဇ္ဇာကြောင့် (သင်္ခါရဖြစ်ပါတယ်ဘုရား) သင်္ခါရကြောင့် (ဝိညာဏ်ဖြစ်ပါတယ်ဘုရား) ပေယျာလ ဇာတိကြောင့် (ဇရာ မရဏ ဖြစ်ပါတယ်ဘုရား)။

ဇရာ မရဏ အချိန်မှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဝိုင်းလာတာပဲ...(မှန်ပါ့) ဝိုင်းတော့ အာသဝ ဝင်မလာဘူးလား...(ဝင်လာပါတယ်ဘုရား) အာသဝကြောင့် ဘာဖြစ်ပြန်သတုံး...(အဝိဇ္ဇာဖြစ်ပါတယ် ဘုရား)အဝိဇ္ဇာဖြစ်ပြန်တော့...(သင်္ခါရဖြစ်ပါတယ်ဘုရား) ကဲ...မဝိုင်းသေးဘူးလား...(ဝိုင်းပါတယ်ဘုရား)။

ဘယ်တော့မဆို ခင်ဗျားတို့ နောက်တုန်းကနေခဲ့ရတာ ဤအတိုင်းပဲလို့သာ မှတ်ပေတော့...(မှန်ပါ့ဘုရား) ဒီလို ဆရာကောင်းမှ မတွေ့သေးဘူးဆိုရင် ဘယ်နေရာက ဖြတ်ရ မယ်လို့ မသိပါဘူး...(မသိပါဘုရား) သိကြပလား...(မသိပါ ဘုရား)။

နောက်တုန်းက တပည့်တော်တို့ ဘယ်လိုနေခဲ့ရသတုံး ဟောဒီ အဝိုင်းပေါ်မှာ လျှောက်ပြေးနေတယ်...(မှန်ပါ့) သံသရာ့ခရီးသည်ပဲ...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဘယ်မှာ နေပါလိမ့်ဗျာ...(အဝိုင်းပေါ်မှာ လျှောက်ပြေး နေပါတယ်ဘုရား) အဝိုင်းပေါ်မှာလျှောက်ပြေးနေတယ်ဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ အခု ဆရာဘုန်းကြီးက ဘုရားကိုယ်စားလှယ် လုပ်ပြီးသကာလ အဝိုင်းပြေးကိုရပ် ဟောလိမ့်မယ်...(မှန်ပါ) တစ်နေ့တည်း ဟောလို့တော့ မပြီးဘူး... (မှန်ပါ) ကိုယ်ဝိုင်းနေတာသိတော့မှ ဘယ်လို ဖြတ်ရမယ်ဆိုတာ ပေါ်လာတယ်...(မှန်ပါ)။

အခု ဝိုင်းပုံပေါ်ခဲ့ပလား...(ပေါ်ပါပြီဘုရား) နောက် တုန်းက ဘယ်လိုနေခဲ့ရသလဲ...(အဝိုင်းပြေး...ပြေးခဲ့ရပါတယ် ဘုရား) ရှေ့ကိုလဲ ဒကာဒကာမတွေ ဖြတ်နည်းကိုမပြရင် ဘယ်လိုသွားကြမယ်...(အဝိုင်းပြေး ပြေးနေမှာပါ ဘုရား)။

ကောင်းပြီး၊ ဖြတ်နည်းပြလို့ရှိရင်ဖြင့် ခင်ဗျားတို့သည် အဝိုင်းဇာတ်သိမ်းပြီး သကာလ သံသရာပြတ်ပြီ... (မှန်လှပါ ဘုရား) မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား) ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု

http://www.dhammadownload.com



ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မင်္ဂလာတိုက်ကျောင်း၌ ဟောကြားတော်မူအပ်သော
အဓိပတိ သုံးပါးထား၍ တရားအားထုတ်ပါ
ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကိုသာ ဝိပဿနာရှုပါ

# နေ့အလုပ်ပေး တရားတော်

(၁၃၂၁–ခု ဒုတိယ ဝါဆိုလဆုတ် ၁၂–ရက်)

တရားနာခြင်းသည် ဒကာဒကာမတွေ ဘယ်အကျိုးရှာတုံး ဆိုလို့ရှိရင် ပဋိသန္ဓေနေခြင်း ဆင်းရဲလွတ်ချင်လို့...(မှန်ပါ) အိုခြင်း ဆင်းရဲ...(လွတ်ချင်လို့ပါဘုရား) နာခြင်းဆင်းရဲ... (လွတ်ချင်လို့ပါဘုရား) သေခြင်းဆင်းရဲ...(လွတ်ချင်လို့ ပါဘုရား) ကွဲခြင်းခွဲခြင်း ဆင်းရဲ...(လွတ်ချင်လို့ပါဘုရား) သောကပရိဒေဝ ဆင်းရဲ...(လွတ်ချင်လို့ပါဘုရား) ဒုက္ခ ဒေါမနဿ...(လွတ်ချင်လို့ပါ ဘုရား)။

အဲဒီတော့ ဆင်းရဲလွတ်ချင်လို့ တရားနာကြ, တရား အားထုတ် ကြတာ ဖြစ်လေသောကြောင့် ဆင်းရဲလွတ်ချင် လို့ရှိရင်ဖြင့် အကြီးအကဲ သုံးခုထားပြီး ကြိုးစားပါလို့ ဘုရားက ဟောတော်မူတယ်...(မှန်ပါ)။

အကြီးအကဲ သုံးခုဆိုတာ ဘာပါလိမ့်မလဲလို့ မေးလို့ ရှိရင်ဖြင့် ၁–နံပါတ် မိမိကိုယ်ကို အကြီးအကဲပြုပြီး သကာလ အားထုတ်နည်း တစ်မျိုး...(မှန်ပါဘုရား) ၂–သူတစ်ပါးကို

http://www.dhammadownload.com



အကြီးအကဲထားပြီး သကာလ အားထုတ်နည်း တစ်မျိုး၊ ၃-တရားကို အကြီးအကဲထားပြီး သကာလ အားထုတ်နည်း တစ်မျိုး၊ ဘယ်နှမျိုးပါလိမ့်...(သုံးမျိုးပါဘုရား)။

ဒါ သေသေချာချာ မှတ်ထားကြစမ်းပါ ဒကာဒကာမတို့၊ မိမိကိုယ်ကို အကြီးအကဲထား၍ အားထုတ်နည်းတစ်မျိုး...(မှန်ပါ့) သူတစ်ပါးကို အကြီးအကဲထား၍...(အားထုတ်နည်း တစ်မျိုးပါဘုရား) တရားကို အကြီးအကဲထား၍ ...(အားထုတ်နည်း တစ်မျိုးပါဘုရား)။

မမေ့စေနဲ့ မမေ့စေနဲ့ ဒကာဒကာမတွေ၊ ပဋိစ္စသမုပ္ပာဒ် မပြမီဒီဥစ္စာ သတိပေးတာကို ရှေ့ပိုင်းကထားပါတယ်။

၁-နံပါတ်က ဘယ်သူ့ အကြီးအကဲထားရမယ်... (မိမိကိုယ်ကို အကြီးအကဲထားရပါမယ်ဘုရား) ၂-နံပါတ်က (သူတစ်ပါးကို အကြီးအကဲထားရပါမယ်ဘုရား) ၃-နံပါတ်က... (တရားကို အကြီးအကဲထားရပါမယ်ဘုရား)။

ဤကြိုးစားနည်း သုံးမျိုးနဲ့ ဒကာဒကာမတွေ ကြိုးစားကြပါမှကား အင်္ဂုတ္တိုရ်ပါဠိတော်မှာ သေသေချာချာ ဒီဘဝမှာပင် ခုနင်ကပြောခဲ့တဲ့ ဒုက္ခတွေ ကျွတ်ပါလိမ့်မယ်၊ လွတ်ပါလိမ့်မယ် လို့ ဘုရားဟောတယ်လို့ မှတ်ရမယ်...(မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ပဋိစ္စသမုပ္ပာဒ်မပြမီ ဒါကို ရှေ့ပိုင်းက ဒကာဒကာမတွေ သြော်...တို့...ကြိုးစားနည်းဟာ ဒီအကြီးအကဲ

http://www.dhammadownload.com



သုံးမျိုးနဲ့ ကြိုးစားမှ တို့...ဒီဘဝမှ ဆင်းရဲမျိုးစုံ အကုန်လွတ် ပါလားလို့ မှတ်ထားကြပါ...(မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဒကာဒကာမတို့ မိမိတို့ တရားအား ထုတ် နေတယ်၊ စိတ်ကလေးဖြစ်ပျက် အားထုတ်, အားထုတ် ဝေဒနာကလေး၏ ဖြစ်ပျက်ကိုပဲ အားထုတ်, အားထုတ်, အားထုတ်တဲ့အခါမှာ မိမိကိုယ်ကို အကြီးအကဲထားပြီး အားထုတ် ရမယ်...(မှန်ပါ့)။

ဘယ်လို အကြီးအကဲထားပြီးအားထုတ်ရမှာတုံး ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကိုယ့်ကိုယ်ကို မြှောက်ပေး ရမယ်...(မှန်ပါ့)။

ငါသည် အဝတ်လိုလို့လဲ တရားအားထုတ်တာမဟုတ်ဘူး၊ အစားလိုလို့လဲ အားထုတ်တာ မဟုတ်ဘူး၊ နေရာထိုင်ခင်းလိုလို့လဲ တရားအားထုတ်တာ မဟုတ်ဘူး၊အဝတ်အစား နေရာထိုင်ခင်း ပေါ့ဗျာ...(မှန်ပါ့)။

ဟိုဘဝက ဒီဘဝကိုရောက်ချင်လို့ အားထုတ်တာလဲ မဟုတ်ဘူး၊ မူလက ပြောခဲ့တဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့မှ ကျွတ်လိုလွတ်လိုလို့ အားထုတ်တာ...(မှန်ပါ့)သဘောကျပလား...(ကျပါပြီဘုရား)။

မိမိအားထုတ်တာသည် ဇာတိ, ဇရာ , မရဏ စသည်တို့မှ ကျွတ်လိုလွတ်လိုလို့ အားထုတ်တာဆိုပြီး သကာလ မိမိတို့၏ ဒီတရားကလေးတွေကို တစ်ခါတည်း ပေါ်တိုင်း, ပေါ်တိုင်း

http://www.dhammadownload.com



အပျက်ကလေးတွေ မြင်အောင် ကြည့်ကြည့်, ကြည့်ကြည့်ပြီး သကာလ ဒကာဒကာမတွေသည် ကြိုးစားရမယ်... (မှန်ပါ့ ဘုရား)။

ဒကာဒကာမတွေ ကြိုးစားရမှာက မိမိကိုယ်ကို အကြီးအကဲ ထားပြီး ကြိုးစားရမယ်နော်...(မှန်ပါ့)။

ကိုယ့်ကိုယ်ကို မြှောက်တင်ပါ၊ ငါသည် အဝတ်လိုလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ အစားလိုလို့...(တရားအား ထုတ်တာ မဟုတ်ပါဘုရား)။

နေရာထိုင်ခင်းလိုလို့ကော...(တရားအားထုတ်တာ မဟုတ်ပါဘုရား) ဟိုဘဝ ဒီဘဝရောက်ချင်လို့ အားထုတ် တာလား...(မဟုတ်ပါဘုရား)။

ဒီလိုလဲမဟုတ်တော့ ဒါ... မိမိကိုယ်ကို အဓိပတိ ထားရမယ်နော်...(မှန်ပါ့)။

ထိုကဲ့သို့ အကြီးအကဲထားပြီး သကာလ ငါသည် ဇာတိ ဇရာ ဗျာဓိ မရဏတို့မှ လွတ်လိုလို့ ကြိုးစားတာဆိုပြီး သကာလ မိမိတို့၏ ဝေဒနာဖြစ်ပျက်ပေါ်၌ လည်းကောင်း၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်က စိတ်ဖြစ်ပျက်ပေါ်၌ လည်းကောင်း ရှူးရှူး စိုက်စိုက်သာရှုပြီး သကာလ အားထုတ်ကြမယ် ဆိုလို့ရှိရင်လဲ ဒီဘဝမှာ ခုနင်ကပြောခဲ့တဲ့ ဒုက္ခတွေ အကုန်သိမ်းပါ လိမ့်မယ်...(မှန်ပါ့)။

ဒါ...ဘယ်သူ့ကို အကြီးအကဲထားပြီး အားထုတ်တာ တုံး... (မိမိကိုယ်ကို အကြီးအကဲထားပြီး အားထုတ်တာပါ

http://www.dhammadownload.com



ဘုရား) မိမိသည် အဝတ်လိုလို့လဲ တရားအားထုတ်တာ မဟုတ်ဘူး...(မှန်ပါ့ဘုရား)။

အစားလိုလို့လဲ...(အားထုတ်တာ မဟုတ်ပါဘုရား) နေရာထိုင်ခင်း လိုလို့လဲ...(အားထုတ်တာ မဟုတ်ပါဘုရား)။

ဟိုဘဝ ဒီဘဝရောက်ချင်လို့လဲ...(အားထုတ်တာ မဟုတ်ပါဘုရား) ဇာတိ ဇရာ ဗျာဓိ မရဏတို့မှ ကျွတ်လို လွတ်လိုလို့ အားထုတ်တာလို့ မိမိကိုယ်ကို အကြီးအကဲထားပြီး အားထုတ်ပါ မူကား ဒကာဒကာမတွေ ဒီဘဝမှာ ဒုက္ခချုပ်သိမ်း ငြိမ်းပါလိမ့်မယ် လို့ ဘုရားက ဟောတော်မူတယ်...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

၁–နံပါတ် အားထုတ်နည်းကို အားထုတ်တတ်ကြပလား (အားထုတ်တတ်ပါပြီ) ဘယ်သူ့ကို အကြီးအကဲထားပြီး အားထုတ်ရမလဲ...(မိမိကိုယ်ကို အကြီးအကဲထားပြီး အားထုတ်ရပါမယ် ဘုရား)။

ကောင်းပြီ...၁–နံပါတ် အတိုင်း ကြိုးစားပါ။

၂–နံပါတ်က သူတစ်ပါးကို အကြီးအကဲထားပြီး ကြိုးစား ရမယ်တဲ့၊ တရားအားထုတ်တဲ့ အခါမှာနော်...(မှန်ပါ့)။

သူတစ်ပါး အကြီးအကဲထားပြီး အားထုတ်ရမယ် ဆိုတာသည် ဒကာဒကာမတို့ မိမိက တရားအားထုတ်နေတယ်၊ အဖြစ်အပျက်ကလေး မြင်အောင်ကြည့်ပြီး သကာလ အားထုတ် နေတုန်း လောဘကလေး ဝင်လာမယ်၊ ဒေါသကလေး ဝင်လာမယ်၊ သားရေး, သမီးရေး၊ စီးပွားရေးနဲ့ ပတ်သက်တဲ့

http://www.dhammadownload.com



အကြောင်းကလေး ဝင်လာမယ်ဆို လို့ရှိရင် ဒကာဒကာမတွေ ဖြေဖျောက်ရမယ်...(မှန်ပါ့)။

သူတစ်ပါးကို အကြီးအကဲထားပြီး သကာလ ဖြေဖျောက်ပစ်ရမယ်...(မှန်ပါ့) ဘယ်လို အကြီးအကဲထားပြီး သကာလ ဖြေဖျောက်ရမလဲလို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် ဪ... မင်းသည်ကား ဆိုလို့ရှိရင်ဖြင့် အဝတ်အစား နေရာထိုင်ခင်း ဟိုဘဝ ဒီဘဝလိုလို့လဲ တရားအားထုတ်တာ မဟုတ်ဘူး... (မှန်ပါ့ဘုရား)။

မင်း တရားအားထုတ်နေတဲ့အချိန်မှာ မင်းသန္တာန်မှာ အခု လောဘကလေး ဝင်လာတယ်၊ ဒေါသကလေး ဝင်လာတယ်၊ မောဟကလေး ဝင်လာတယ်၊ မင်းမရှက်ဘူးလား၊ သူတစ်ပါးက မင်းကိုသိတယ်...(မှန်ပါ့)။

အသိဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေက မသိပေဘူးလား... (သိပါတယ်ဘုရား) ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်တွေ ကကော... (သိပါတယ်ဘုရား)။

မင်းမရှက်ဘူးလား၊ မင့်ဟာ အဝတ်အစား, ဘုံဘဝလိုလို့ အားထုတ်တာမဟုတ်ဘဲနဲ့ အိုဘေး, နာဘေး, သေဘေးလွတ်အောင်လို့ အားထုတ်တာ၊ မင်းက ယခုကြည့်စမ်း... တရားကို ကန့်ကွက်တဲ့ တရားတွေ လက်ခံတယ်။

လောဘ,ဒေါသ, မောဟဆိုတဲ့ တရားတွေ လက်ခံလာတယ်၊ သားရေး, သမီးရေး, စီးပွားရေးတွေ မင်းဝမ်းထဲဝင်ပြီး သကာလ အကြောင်းတိုက်ဆိုင်ချင်လို့ ပေါ်လာတာတွေ မင်းက

http://www.dhammadownload.com



ထိုင်တာကတော့ တရားအားထုတ်နေတယ်၊ ဝင်လာတဲ့ တရားတွေက သားရေး, သမီးရေး, စီးပွားရေးဆိုတဲ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသ ဝိတက်တွေ ဝင်လာတယ်။

မင်းမရှက်ဘူးလား၊ မင်းကိုယ်စောင့်နတ်လဲ မင်းမရှက်၊ တရားအားထုတ်နေတာ မဟုတ်ဘူး၊ မင်းဒီဝိတက်တွေ လက်ခံနေတာ...(မှန်ပါ့ ဘုရား)။

သူတစ်ပါးစိတ်ကို အဘိညာဏ်သိတဲ့ အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်တွေက မင်းကိုသိတယ်၊ မင်း တရားအားထုတ်နေတာ မဟုတ်ဘူး၊ မင်း ဒါတွေ လက်ခံနေတယ်ဆိုတာ မင်းကိုသိတယ် (မှန်ပါ့)။

သူတစ်ပါးစိတ်ကို ပိုင်းခြားသိတဲ့ ပုဂ္ဂိုလ်တွေကလဲ မင်းဖြစ်နေတဲ့ ဖြစ်စဉ်ကြီး အကုန်သိတယ်၊ မင်း သူတစ်ပါးကို မရှက်ဘူးလား၊ သူတစ်ပါးကို မလေးစားဘူးလား၊ တစ်ပါးပေါ်မှာ မင်းသည်ကားလို့ ဆိုလို့ရှိရင် ရှက်ကြောက်မှုကင်းပြီး သကာလ လက်ခံတာလားဆိုပြီး သူ့ကို အကြီးအကဲထားပြီး သကာလ သူတစ်ပါးကိုငဲ့ပြီး သူတစ်ပါး သိလိမ့်မယ်ဆိုပြီး သကာလ ဒီဝိတက်တွေ လာလို့ရှိရင် ဒကာဒကာမတွေ ရှုနေရင်း မတ္တနဲ့ ခုနင်က သားရေး, သမီးရေးဆိုတဲ့ ကာမဝိတက်တွေ ဝင်လာမယ်။

စားရေး သောက်ရေးဆိုတဲ့ စိုးရိမ်မှု ဗျာပါဒဝိတက် ဝင်လာမယ်၊ သူတစ်ပါးကို ညှဉ်းဆဲချင်တဲ့စိတ်တွေ ဝင်လာမယ် ဆိုရင်ဖြင့် မင်းမရှက်ဘူးလား။

http://www.dhammadownload.com



မင်းသည်ကားလို့ . . . ဆိုရင်ဖြင့် တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကတော့ မင်းဟုတ်ပါရဲ့၊ မင်း လက်ခံထားတာတွေကတော့ ငါးပါးအာရုံ ကာမဂုဏ်ဝိတက်တွေ ဒေါသစိတ်တွေ ဗျာပါဒဝိတက် စိတ်တွေ ဒါတွေ ဝင်လာတာ မင့်ကိုယ်စောင့်နတ်ကလဲ မင့်ကို စိုက်ကြည့်ရင် သိတာပဲ။

လောကကြီးမှာ သူတစ်ပါးစိတ်သိတဲ့ အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်တွေကလဲ မင့်ဖြစ်နေတဲ့ ဖြစ်စဉ်ကိုသိတယ်၊ မင်းဟာ သူတစ်ပါးမှ မင့်ဘဲနဲ့ မင်းလက်ခံမှုလုပ်နေတာ မင်း အင်မတန် ဆိုးတယ်ဆိုပြီး သူတစ်ပါးကို အကြီးအကဲထားပြီး သူတစ်ပါး မြင်မှာ၊ သူတစ်ပါးသိမှာ၊ သူတစ်ပါးစိတ်ကူးထဲပေါ်မှာ စိုးတာနဲ့ ကိုယ့်အလုပ်ကို ရဲရဲတင်းတင်း ဒါတွေ ခွာပြီး သကာလ ဖြစ်ပျက်လုပ်လို့ရှိရင် သူတစ်ပါးကို အကြီးအကဲထားပြီး ကြိုးစားသောကြောင့်လဲ မဂ်ဖိုလ်ကို ဒီဘဝရပါတယ် . . .(မှန်ပါ့) ဒုက္ခခပ်သိမ်း ငြိမ်းပါတယ် . . .(မှန်ပါ့ဘုရား) သဘောကျ ပလား . . .(ကျပါပြီဘုရား)။

၁-နံပါတ်က ဘယ်သူအကြီးအကဲ ထားရမယ် . . . (မိမိကိုယ်ကို အကြီးအကဲထားရမယ်)၂-နံပါတ်က . . . (သူတစ်ပါးကို အကြီးအကဲ ထားရပါမယ်ဘုရား)။

အဲ . . .သူတစ်ပါးကို အကြီးအကဲထားပြီး ကြိုးစားလို့ ရှိရင်လဲ မဂ်ဖိုလ်ဆိုက်ပါတယ်၊ သဘောကျပလား . . .(ကျပါပြီ ဘုရား)။

http://www.dhammadownload.com



၃–နံပါတ်ဆိုတာက **ဘာကို အကြီးအကဲထားပြီး အားထုတ်ရမှာတုံး ...(တရားကို အကြီးအကဲထားပြီး အားထုတ်ရမှာပါဘုရား)။**

တရားကို အကြီးအကဲထားပြီး ကြိုးစားရမယ် ဒကာဒကာမတို့၊ ဒကာဒကာမတွေက တရားအားထုတ်နေတယ်၊ ဘယ်သူဟောတာ အားထုတ်ပါလိမ့်မတုံးဆိုတော့ ဘုရားဟောတာ၊ ဘုရားဟောအတိုင်း ဆရာဘုန်းကြီးတို့က ဟောတာ... (မှန်ပါ့ဘုရား)။

ဒါတွေအားထုတ်ပြီး ဖြစ်ပျက်ရှုနေကြတယ်၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် ရှုနေကြတယ်။

ဒီစိတ်ကလေးကိုပဲ၊ ဒီဝေဒနာကလေးကိုပဲ ဖြစ်ပျက်ရှုပြီးနေတဲ့အချိန်မှာ ခင်ဗျားတို့ ဒီလိုစဉ်းစားလိုက်တော့ သွာက္ခာတော ဘဂဝတာဓမ္မော၊ ဘဂဝတာ=မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ ဓမ္မော=တရားကို၊ သွာက္ခာတော= ကောင်းစွာဟောတော်မူအပ်၏။ ဘုရားဟောတော်မူတဲ့ တရားကတရားကောင်း မဟုဝ်လား...(မှန်ပါ့)။

တရားကောင်းတွေ ဟောထားတော့ တစ်ခါ သန္ဒိဋ္ဌိကော ကိုယ်တိုင်မြင်လာလိမ့်မယ်ဆိုတာကော မမှန်ဘူးလား... (မှန်ပါတယ်ဘုရား)။

အကာလိကော=အခါမလင့် အကျိုးပေးမယ်ဆိုတာကော... (မှန်ပါတယ်ဘုရား) ဒါ တရားလုပ်ရင် ဒီအတိုင်းလာရမယ် မဟုတ်လား...(မှန်ပါ့)။

http://www.dhammadownload.com



အဲဒီတော့ ဒီတရားတွေကို အားထုတ်နေတဲ့အချိန်မှာ၊ ဖြစ်ပျက်တွေ အားထုတ်နေတဲ့ အချိန်မှာ ဒကာဒကာမတွေက ဩော်...တရားကိုကလဲ ကောင်းစွာဟောတဲ့တရား အားထုတ်လိုက်လို့ရှိရင်လဲ ကိုယ်တိုင်မြင်မယ့်တရား၊ ကိုယ်တိုင်မြင်ပြီး သကာလ ကိုယ်တိုင်အကျိုးခံစားရမယ့်တရား၊ မိမိ အားထုတ်နေတာ ဖြစ်ပါလျက်သားနဲ့ မင်းသည်ကားလို့...ဆိုလို့ရှိရင်ဖြင့် ဤကဲ့သို့သော တရားတွေဟာ ကောင်းစွာ ဟောတော်မူတဲ့တရား ဖြစ်ပါလျက်၊ ကိုယ်တိုင်မြင်ရမယ့်တရား ကေန်ဖြစ်ပါလျက်၊ အကျိုးချက်ချင်းပေးမယ့် တရား ကေန်ဖြစ်ပါလျက် မင်းသည်ကာလို့... ဆိုလို့ရှိရင်ဖြင့် ကောင်းစွာဟောတော်မူတဲ့ တရားတွေဟာလဲ ပျက်ကုန်မှာပဲ (မှန်ပါ့)။

တရားတွေ ဖျက်ပစ်တာနဲ့ မတူဘူးလား...(တူပါတယ်ဘုရား) ကိုယ်တိုင်မြင်ရမယ့် တရားတွေကို ဘုရားက ဟောထားပါလျက်သားနဲ့ ရှုရင် ကိုယ်တိုင်မြင်ရပါမယ်ဆိုတဲ့ ဥစ္စာလဲ မင်းဖျက်ပစ်တာနဲ့ အတူတူပဲ...(မှန်ပါ့)။

အခါမလင့် အကျိုးပေးမယ်ဆိုတာကိုလဲ တရားသဘောက အကျိုးပေးတာ မှန်ပါလျက်သားနဲ့ မင်းမမြင်ဘူးဆိုလို့ရှိရင်ဖြင့် မင်း တရားကို အကြီးအကဲထားပြီး သကာလ ဒီလိုဖြစ်လိမ့်မယ်ဆိုလို့ ဒီလိုကြိုးစားတာပဲလို့ ရဲရဲတင်းတင်း ကြိုးစားရမယ့် အလုပ်ဟာ မင်းသန္တာန် မပေါ်လာဘူးလား ဆိုရင်ဖြင့် တရားသဘောတွေဟာ ကေန်အမှန် အကျိုးပေးပါလျက်သားနဲ့

http://www.dhammadownload.com



မင်းဖျက်တဲ့ ပုဂ္ဂိုလ်ဆိုပြီး **သကာလ တ**ရားကိုပဲ ဖြစ်ထိုက်တဲ့ တရားမို့ ဖြစ်အောင်လုပ် **မဟုတ်...ဆိုတဲ့** ဝီရိယပြင်ပြီးသကာလ တရားကိုအကြီးအကဲထားပြီး **ကြိုးစားလိုက်**လို့ရှိရင်လဲ ဒီဘဝမဂ်ရ ရမယ်တဲ့(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား) ဘယ်နှမျိုးပါလိမ့်... (သုံးမျိုးပါ ဘုရား)။

ဒါဖြင့်... ဒကာဒ**ကာမတို့ တ**ရားကြိုးစားတဲ့ ပုဂ္ဂိုလ်မှာ သုံးမျိုးထားပြီး ကြိုး**စားရမယ်နော်**...(မှန်ပါ့)မိမိကိုယ်ကို အကြီးအကဲထား၍လဲ...(**ကြိုးစား**ရပါမယ်ဘုရား)။

သူတစ်ပါးမြင်မှာတွေ**ကို ကြောက်**သဖြင့်လဲ...(ကြိုးစား ရပါမယ်) တရားက ကောင်းစွာဟောတဲ့တရားမို့ ကောင်းကျိုး ပေးမှာကိုပင်လျှင် ကေန်သိသောကြောင့်လဲ (ကြိုးစားရပါမယ် ဘုရား)။

ကြိုးစားမယ်ဆိုတော့ အဓိပတိဘယ်နှပါးနဲ့ ကြိုးစား ရမလဲ... (သုံးပါးနဲ့ ကြိုးစားရပါမယ်ဘုရား)။

ဤကဲ့သို့ ဒကာဒကာမတွေ ဤသုံးမျိုးနဲ့ ကြိုးစားလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဆိုတဲ့ ဝဋ်ပဋိစ္စသမုပ္ပာဒ်ကြီးမှ မုချကျွတ်လွတ်ပြီးသကာလ ဒုက္ခခပ်သိမ်း ငြိမ်းပါလိမ့်မယ်လို့ ဘုရားက ဟောတော်မူလိုက်တယ်...(မှန်ပါ့)။

အဓိပတိ ဘယ်နှမျိုးထားပြီး ကြိုးစားရမလဲ... (သုံးမျိုး ထားပြီး ကြိုးစားရပါမယ်ဘုရား) ရှင်းကြပလား... (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဒီသုံးမျိုး မွေးဖြစ်အောင် မွေးပါလို့ဆိုတာ သတိပေးလိုက်ပါတယ်... (မှန်ပါ့) ဘယ်နှမျိုး ပါလိမ့်...(သုံးမျိုးပါဘုရား)။

ကိုယ့်ကို အဓိပတိထားသဖြင့်...(ကြိုးစားရပါမယ်ဘုရား) သူတစ်ပါးတွေက မြင်မှာ စိုးရိမ်သဖြင့်... (ကြိုးစားရပါမယ် ဘုရား)။

တရားတွေ ကောင်းစွာ ဟောပါလျက်သားနဲ့ ကိုယ့်သန္တာန် မကောင်းတဲ့တရား ဝင်လာလို့ရှိရင် တရားကို အဓိပတိ မထားလို့ရှိရင်လဲ မကောင်းတဲ့တရားတွေ ဝင်မှာပဲ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒါ တရားကြိုးစားနည်း သုံးမျိုးလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်လိုက်စမ်းပါ...(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာဒကာမတို့ ပဋိစ္စသမုပ္ပာဒ်ကို ပြကြစို့။

ဒကာဒကာမတို့ သန္တာန်မှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေမှာ အိုမှု, သေမှုအတွင်းမှာ ရှိပါရဲ့လားလို့ မေးရင်... (ရှိပါတယ် ဘုရား)။

အိုမှုလဲ ရှိတယ်နော်...(မှန်ပါ့)သေမှုကော...(ရှိပါတယ် ဘုရား) အိုမှုကလဲ မီးလောင်လို့အိုတာပဲ...(မှန်ပါ့) သေတာလဲ မီးလောင်လို့ ပြောင်တာပဲ...(မှန်ပါ့)။

http://www.dhammadownload.com



ဒါကြောင့် ဒကာဒကာမတွေ သန္တာန်မှာ အိုမှု, သေမှု ဆိုတာ ရှိနေတယ်ဆိုတာဖြင့် သူများပြောလား၊ ကိုယ့်လက်ကိုယ် စမ်းကြည့်၊ ကိုယ့်ရင်ဘတ်ကိုယ် စမ်းကြည့်ရင် မတွေ့နိုင် ဘူးလား ... (တွေ့နိုင်ပါတယ်ဘုရား)။

ပူမှုကလေး မတွေ့လား ... (တွေ့ပါတယ်ဘုရား) အဲဒါ အိုအောင်လုပ်နေတဲ့ သူပဲ ...(မှန်ပါ့) သေအောင် လုပ်နေတာ ကော ... (သူပါပဲဘုရား)။

ဒါဖြင့် အိုမှု, သေမှု မရှိတော့ ဒကာဒကာမတွေ ခန္ဓာကိုယ်ထဲမှာ သေမင်းများ ပါရဲ့လား ...(ပါ ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သူတို့နှစ်ခုရှိနေလို့ ရှိရင်ဖြင့် ငါတို့ဒီဘဝဖြင့် နေကောင်းပါရဲ့၊ကျန်းမာပါရဲ့၊ချမ်းသာပါရဲ့ ဆိုငြားသော်လဲ စမ်းမကြည့်လို့ ပြောတာ ...(မှန်ပါ့)။

အိုတတ်တဲ့ တရားက အမြဲတမ်း အိုအောင်လုပ်နေတယ်၊ သေအောင်လုပ်တဲ့ တရားကကော ...(အမြဲတမ်း သေအောင် လုပ်ပါတယ်ဘုရား)။

ကောင်းပြီ ... အဲဒီ အိုမှု, သေမှု ရှိနေသရွေ့ ကာလပတ် လုံးဖြင့် ချမ်းသာသည်ဆိုတဲ့စိတ် ဘယ်တော့မှ မတွေးပါနဲ့ ... (မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ချမ်းသာတဲ့စိတ် ဘယ်တော့မှ မတွေးပါနဲ့၊ ဘာရှိနေလို့ ပါလိမ့် ...(အိုတဲ့တရား ရှိနေလို့ပါဘုရား)။

လက်တွေ့စမ်းကြည့်ပါ၊ ခန္ဓာကိုယ်ထဲမှာ ပူပူနွေးနွေး ရှိပါရဲ့လား ...(ရှိပါတယ်) အဲဒါ မီးခဲတ်မဟုတ်လား ...

http://www.dhammadownload.com



(မီးခတ်ပါ ဘုရား) ဘာလုပ်နေတာပါလိမ့်... (လောင်နေတာပါဘုရား)။

လောင်လာတာ၊ ဘယ်လိုဖြစ်အောင် လောင်တာပါလိမ့်... (အိုအောင်လောင်တာပါ) နောက်ကျတော့ ပြောင်အောင် လောင်တာ... (မှန်ပါ) မလာပေဘူးလား... (လာပါတယ် ဘုရား)။

ဘာလာမယ်ထင်ကြသတုံး...(ပြောင်အောင် လောင်တာ လာပါမယ်) အိုအောင်လဲ လောင်မှာပဲ၊ ပြောင်အောင်ကော... (လောင်မှာပါဘုရား)။

ဒါဖြင့် သူတို့ကို **ပါဠိသုံးတဲ့ အခါ**ကျတော့ ဘယ့်နှယ် သုံးကြမလဲ...(**ဇရာ မရဏာပါဘုရား**) **ရှင်း**ကြပလား...(ရှင်းပါပြီဘုရား)။

အဲဒါဖြင့် ပဋိစ္စသမုပ္ပာဒ်အဆုံးမှာ ဇရာ မရဏာရှိတယ်ဆိုတာ မှတ်ထားပါ...(မှန်ပါ)။

ဒီဘက်က ဇရာ၊ ဒီဘက်က မရဏာ၊ ဒကာဒကာမတွေ... အားလုံးမြင်ကြရဲ့လား...(မြင်ရပါတယ်ဘုရား) ဘာတဲ့... ဒီနှစ်ခုက...(ဇရာ မရဏာပါဘုရား) အိုအောင်လုပ်တဲ့ တရားနဲ့ သေအောင်လုပ်တဲ့ တရား...(မှန်ပါ)။

ဩော်...ဘယ်မှာနေပါလိမ့်...(ခန္ဓာကိုယ်ထဲမှာပါ ဘုရား) ခန္ဓာကိုယ်ထဲမှာ ရှိတယ်ဆိုတော့ ဝေဒနာခတ်ဆိုတာ ပေါ်ကြပြီ...(မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့်... ဒကာဒကာမတွေ ဒီဘဝဖြင့် အိုမှုဒုက္ခကြီးလဲ တို့မှာ အပြည့်ရှိနေတာပဲလို့ ခန္ဓာကိုယ်ထဲ စွဲချက်တင်လိုက်ပါတော့... (မှန်ပါ)။

သေမှုဒုက္ခလဲတို့မှာကြုံရတော့မှာပဲ၊ ဆုံရတော့မှာပဲဆိုတာ မှတ်လိုက်ပါတော့...(မှန်ပါ) ရှိမနေဘူးလား...(ရှိပါတယ်ဘုရား) ဘယ်အထဲမှာ ရှိပါလိမ့်...(ခန္ဓာကိုယ်ထဲမှာပါဘုရား)။

ရှာကြ, ရှာကြပါ၊ ခန္ဓာကိုယ်ထဲရှာတော့ ဒကာဒကာမတွေ မတွေ့ပေဘူးလား...(တွေ့ပါတယ်ဘုရား)။

ခန္ဓာကိုယ်ထဲရှာတော့ တွေ့တော့ ဩော်...ဇရာ မရဏ သည်ကားလို့...ဆိုရင် တို့ကို နှိပ်စက်တဲ့ တရားပဲလို့ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာက နှိပ်စက်သမား၊ တဏှာမှ တစ်ပါးသော ကျန်တဲ့ရုပ်နာမ်တွေက အနှိပ်စက်ခံသမား... (မှန်ပါ) နှိပ်စက်တတ်တဲ့တရားနဲ့ အနှိပ်စက်ခံတတ်တဲ့တရားနဲ့ တွဲလျက်ကြီး ဖြစ်နေတယ်...(မှန်ပါ) သဘောကျပလား...(ကျပါပြီ ဘုရား)။

နှိပ်စက်တတ်တဲ့ တရားနဲ့ အနှိပ်စက်ခံတဲ့တရားနဲ့ ဘာဖြစ်နေသတုံး...(တွဲလျက်ကြီးပါဘုရား)။

ဒါ ဒကာဒကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ ဇရာဖြစ်အောင် လုပ်တဲ့ တဏှာ၊ မရဏပြောင်အောင်လုပ်, သေအောင်လုပ်တဲ့ တဏှာဆိုတာက ဒကာဒကာမတွေ အပြည့်ရှိပြီး သကာလ နေသောကြောင့် သူနှိပ်စက်သရွေ့ဖြင့် ကျုပ်တို့ မငြင်းမဆန် ခံနေရတယ်...(မှန်ပါ)သဘောကျပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



မငြင်းမဆန်ဘဲနဲ့ ခံနေရတယ်ဆိုတာက ထ, သွားလဲ ပါတာပဲ...(မှန်ပါ့)ထ,နေကော...(ပါ...ပါတယ်ဘုရား) နှိပ်စက်တတ်တဲ့ တေဇောကပါတော့ အနှိပ်စိပ်စက်ခံရတဲ့ ကျန်တဲ့ ရုပ်နာမ်တွေက မငြင်းမဆန် ခံရတော့တယ်ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ယခုလက်ရှိ ခန္ဓာကိုယ်ကြီးမှာ တေဇောလဲရှိ၊ တေဇောအလောင်ခံရတဲ့ မီးလဲရှိ၊ ထင်းလဲရှိပေါ့ဗျာ...(မှန်ပါ့) အဲ...မီးနဲ့ထင်းနဲ့ အတူတူနေရတယ်...(မှန်ပါ့)။

ဒါဖြင့် ဒီခန္ဓာကြီးသည် ဘာသစ္စာ ခေါ်ကြမလဲ (ဒုက္ခသစ္စာပါ) ဒါကြောင့် ဇရာပီ ဒုက္ခာ၊ မရဏမ္ပိ...(ဒုက္ခံပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါ... ထပ်ပြီးသကာလ ပြောပါတယ်ဒကာဒကာမတို့...(မှန်ပါ့)ကောင်းပြီ...လက်ရှိခန္ဓာကြီးဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

နှိပ်စက်တတ်တဲ့ တရားက ဘယ်သူပါလိမ့်...(တေဇောပါဘုရား) အနှိပ်စက်ခံရတာက ကျန်တဲ့ရုပ်နာမ်...(မှန်ပါ့)။

နှိပ်စက်တတ်တဲ့ တရားက (တေဇောပါဘုရား) အနှိပ်စက်ခံရတဲ့တရားက...(ကျန်တဲ့ရုပ်နာမ်ပါ) တေဇောနဲ့ ကျန်တဲ့ ရုပ်နာမ်နဲ့ တွဲမနေဘူးလား...(တွဲနေပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် နှိပ်စက်တတ်တဲ့ တရားရယ်၊ အနှိပ်စက်ခံရတဲ့ တရားရယ် တွဲနေသောကြောင့် တရစပ်မပြတ် အနှိပ်စက်ခံ နေခြင်းကြောင့် လက်ရှိခန္ဓာကို ဘာသစ္စာဖွဲ့ကြမယ်...(ဒုက္ခ သစ္စာပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဇရာပိ ဘယ့်နှယ်ဆိုကြမယ်...(ဒုက္ခာပါ ဘုရား) မရဏမ္ပိ...(ဒုက္ခံပါဘုရား)။

ဒါဖြင့် တရားနာနေကြတဲ့ ဘယ်သူတွေပါလိမ့်မတုံး... မေးရင် ဖြေတတ်ကြပလား...(ဖြေတတ်ပါပြီ) ဘယ်သူတွေ ပါလိမ့်မတုံးဗျာ...(ဒုက္ခသစ္စာတွေပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

သေသေချာချာ ဝိပဿနာဉာဏ်, သစ္စာဉာဏ် ဆိုက်အောင် ပြောနေတယ်...(မှန်ပါ့)။

သစ္စာဉာဏ်ဆိုက်အောင် ပြောနေတယ် ဒကာဒကာမတွေ၊ ဒီအချိန်ဟာ သောတာပန် တည်ချင်တည်နိုင်တဲ့ အချိန်ပါပဲ... (မှန်ပါ့) **ခန္ဓာကိုယ်သာ** ဉာဏ်ကလေး လှည့်ပေးလိုက်ပါ... **(မှန်ပါ့) ရှင်း**ပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယခုရှင်းသာ ရှင်းနေရတယ် ဘာသစ္စာ ပါလိမ့်...(ဒုက္ခသစ္စာပါဘုရား) မီးနဲ့ ထင်းနဲ့ တွဲလျက် မနေ ဘူးလား...(နေပါတယ်ဘုရား) ဒါဖြင့် ဘာသစ္စာပါလိမ့်...(ဒုက္ခ သစ္စာပါဘုရား)။

http://www.dhammadownload.com



တရားနာနေကြတာ ကျန်းမာ ချမ်းသာလို့ နာနိုင်ကြသလား၊ ဒုက္ခရောက်လျက်နဲ့ နာနေရတာလား... (ဒုက္ခရောက်လျက် နာနေရတာပါဘုရား) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

အေး...မီးလောင်ခံပြီး နာနေရသောကြောင့် အအိုခံပြီး နာရ၊ အသေခံပြီး နာရ၊ ဒကာသိုက် ဒီမရောက်ဘူးလား... (ရောက်ပါတယ် ဘုရား)။

ကောင်းပြီ...ဒါဖြင့် သြော်...တို့သည်ကားလို့... ဆိုရင်ဖြင့် ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးဆိုတာ ထင်ရှားတယ်... (ထင်ရှား ပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ ဒီဇရာသည်ကားလို့... ဆိုလို့ရှိရင်ဖြင့် အလိုလိုလား၊ လက်သည် ရှိသေးသလားဆိုတာ မေးပါ...(လက်သည် ရှိပါတယ်ဘုရား)။

လက်သည် ဘယ်သူပါလိမ့်...(ဇာတိပါဘုရား)သြော်... ဇာတိကြောင့် ဘာဖြစ်ပါလိမ့်...(ဇရာ မရဏဖြစ်ပါတယ် ဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဇာတိပစ္စယာ=ပဋိသန္ဓေနေမှုကြောင့်၊ ဇရာ မရဏ= အိုတတ် သေတတ်တဲ့ သဘောကြီး ဖြစ်ရသည်၊ ဟောတိ=ဖြစ်၏။

သြော်...ဒကာဒကာမတို့ ပဋိသန္ဓေနေမှုကြောင့် ဘာဖြစ်ရပါလိမ့်...(ဇရာ မရဏဖြစ်ပါတယ် ဘုရား) မြန်မာလို ဆိုတော့ အိုမှု,သေမှုဖြစ်ရသည်...(မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ပဋိသန္ဓေနေမှုကြောင့်...(အိုမှု, နာမှု, သေမှုဖြစ်ရပါတယ်) နာမှုမထည့်ပါနဲ့တော့၊ စာအတိုင်းပဲသွားကြပါစို့...(မှန်ပါ့)။

အိုမှု, သေမှုဖြစ်ရသည်၊ ရှေ့က နှစ်လုံးပြထားတယ်၊ မြင်ကြပလား...(မြင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အိုမှု, သေမှုဟာ ဘယ်က လာပါလိမ့်...(ဇာတိက လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ပဋိသန္ဓေနေမှုက သမုဒယသစ္စာ၊ အိုမှု, သေမှုက...(ဒုက္ခသစ္စာပါဘုရား)။

ဒါက သူ့အကြောင်း သူပြောရတယ် ဒကာသိုက်ရဲ့၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ဟောတော်မူတယ်...(မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ အမိဝမ်းခေါင်းထဲမှာ အောင်းရခြင်းက ဇာတိ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒီအထဲက တစ်ခါတည်း လောင်လာရပြီးသကာလ... တစ်နေ့တခြား အိုပြီ တစ်နေ့တခြားသေခါနီးဖြစ်ပြီး ပြောင်းသွားရဘဲ့ ဥစ္စာသည် ဇရာ မရဏဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)။

ဇရာ မရဏ၏ လက်သည်ဟာ ဘယ်သူပါလိမ့်... (ဇာတိပါဘုရား) ရှင်းကြပလား...(ရှင်းပါပြီဘုရား) ဇာတိရှိလို့ ဇရာ မရဏ လာတာပဲဆိုတာ ကောင်းကောင်းသဘော ကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ အကြောင်းနဲ့အကျိုး ခဲပစ်တဲ့လူနဲ့ ခဲ ဘယ်ဟာကကြောက်စရာ ကောင်းသတုံးလို့ မေးလို့ရှိရင်

http://www.dhammadownload.com



ဘယ့်နှယ်**ဖြေကြမလဲ**. . .(ခဲပစ်တဲ့လူက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ခဲက ကြောက်စရာ မဟုတ်ဘူး၊ ခဲပစ်တဲ့လူက **ပိုကြောက်**စရာ ကောင်းတယ်. . .(မှန်ပါ့) ခဲပစ်တဲ့လူက **ဒကာဒကာမတွေကို** နှိပ်စက်တာ၊ ခဲက **နှိပ်စက်**တာ မဟုတ်ဘူး. . .(မှန်ပါ့) **သဘောကျ**ပလား. . .(ကျပါပြီဘုရား)။

ခဲဟာ သူ့ဟာသူ နေလို့ရှိရင်ဖြင့် ဘယ်သူမှ မမှန်ဘူး၊ ခဲပစ်တဲ့လူလက်ထဲ ရောက်သွားပြီဆိုမှဖြင့် မှန်ချင်တဲ့ ပုဂ္ဂိုလ် မှန်တော့တာပဲ. . .(မှန်ပါ့ဘုရား) သဘောကျပလား. . .(ကျပါပြီဘုရား)။

ဒါဖြင့် ခဲပစ်တဲ့လူနဲ့ ခဲဟာ ဘယ်ဟာက သာကြောက်စရာကောင်းသလဲ. . .(ခဲပစ်တဲ့လူက သာပြီး ကြောက်စရာ ကောင်းပါတယ် ဘုရား)။

ဒါဖြင့် ဇရာ မရဏနဲ့ ဇာတိ ဘယ်ဟာက သာပြီး ကြောက်စရာ ကောင်းသတုံး. . .(ဇာတိက သာပြီး ကြောက်စရာ ကောင်းပါတယ်ဘုရား) မပေါ်သေးဘူးလား. . .(ပေါ်ပါပြီဘုရား) ဇာတိက ခဲပစ်သမား၊ ဇရာ မရဏက ခဲတွေ. . .(မှန်ပါ့ဘုရား) သဘောကျပလား. . .(ကျပါပြီဘုရား)။

ဒါကြောင့် ဇာတိနဲ့ ဇရာ မရဏ ဘယ်ဟာက ကြောက်စရာ ကောင်းသတုံး. . .(ဇာတိက ကြောက်စရာ ကောင်းပါတယ်ဘုရား) ဇာတိက ကြောက်စရာကောင်းတာပေါ့၊ ဇာတိရှိလို့ ဒကာသိုက်တို့ ဦးလှဘူးတို့ ဇရာ မရဏဆိုတဲ့ အိုမှု, သေမှု

http://www.dhammadownload.com



တွေ့ရတယ်...(မှန်ပါ) သူ့သာမရှိမယ်ဆိုရင်...(မတွေ့ပါဘုရား) ဒါဖြင့် အကြောင်းနဲ့ အကျိုးကော ဆက်စပ်မိပါသလား... (ဆက်စပ်မိပါတယ် ဘုရား)။

ဩော်... ဇာတိပစ်လိုက်တဲ့ ခဲကြောင့် ဇရာ မရဏကို တို့ ကိုယ်ပိုင်ကိုယ်ဆိုင် ခံနေရတယ်ဆိုတာ မပေါ်သေးဘူး လား...(ပေါ်ပါပြီဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ်သူ ကြောက်စရာ ကောင်းသတုံး (ဇာတိ ကြောက်စရာ ကောင်းပါတယ်ဘုရား) ဇာတိဆိုတာ ပဋိသန္ဓေ နေမှုနော်... (မှန်ပါ)။

ဒါဖြင့် ဘုန်းကြီး မေးလိုက်ပါတယ်၊ လူဖြစ်ရပါလို၏ ... ဆိုတော့ ဘယ်ကစ,မလဲ ..(ဇာတိက စ မယ်ဘုရား) နတ်ဖြစ်ရ ပါလို၏ ...(ဇာတိက စပါတယ်ဘုရား)။

ဒါဖြင့် ဇာတိနဲ့ ဇရာ မရဏ ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး...(ဇာတိက ကြောက်စရာ ကောင်းပါတယ် ဘုရား) ဇာတိက ခဲပစ်သမားကိုး မဟုတ်ဘူးလား (မှန်ပါ) ဇရာ မရဏတို့က ခဲကိုး...(မှန်ပါ) ကြောက်စရာကောင်း တာကို ခင်ဗျားတို့က ဆုတောင်းယူတယ်...(မှန်ပါ)။

ဘာပါလိမ့်...(ကြောက်စရာကောင်းတာကို ဆုတောင်း ယူပါတယ်ဘုရား) အဲဒါသည် ခင်ဗျားတို့ ဇာတိကို သမုဒယ သစ္စာလို့ မသိလို့ ဆုတောင်းယူတာ...(မှန်ပါ)။

ဇာတိဟာ ဇရာ မရဏဖြစ်ကြောင်း သမုဒယသစ္စာလို့ မသိကြလို့ ခင်ဗျားတို့ လူဖြစ်ရပါလို၏ဆိုတော့ ဇာတိဖြစ်ရ

http://www.dhammadownload.com



ပါလို၏ ...(မှန်ပါ) နတ်ဖြစ်ရပါလို၏ကော... (ဇာတိဖြစ်ရပါလို၏ဘုရား) ဗြဟ္မာဖြစ်ရပါလို၏ကော...(ဇာတိဖြစ်ရပါလို၏ဘုရား)။

ဇာတိနဲ့ ဇရာ မရဏက ဘယ်ဟာ ကြောက်စရာကောင်းပါ သတုံး...(ဇာတိက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ကြောက်စရာ ကောင်းတာကို ဒကာဒကာမတွေက ဘယ်လို လုပ်ယူကြပါလိမ့်...(ဆုတောင်းယူပါတယ်ဘုရား) ဒီထက်လွဲပြီးများ ရှိသေးသလား...(မရှိပါဘုရား)အတော့်ကို ဆိုးနေပါပေါ့လား...(ဆိုးပါတယ်ဘုရား)။

အဲဒါ ဇာတိက သမုဒယသစ္စာ၊ ဇရာ မရဏက ဒုက္ခသစ္စာ ဆိုတဲ့နှစ်ခုကို သစ္စာဉာဏ်နဲ့ ကိုယ်ပိုင်မသိလို့ ဆုတောင်းတာ... (မှန်ပါဘုရား)သစ္စာမသိလို့ ဆုတောင်းလိုက်တာပါ ဒကာဒကာမတို့...(မှန်ပါ) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဆုတောင်းလိုက်တာပါလိမ့်... (သစ္စာမသိလို့ ဆုတောင်းလိုက်တာပါ ဘုရား) ဇာတိက ဘာသစ္စာဘုံး...(သမုဒယသစ္စာပါဘုရား) ဇရာ မရဏ ကကော... (ဒုက္ခသစ္စာပါ ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ရမ်းပြောလို့မရဘူး၊ ခင်ဗျားတို့ ထင်ထားတာတွေ မပြောပါနဲ့၊ ခင်ဗျားတို့ ထင်ထားတာတွေက အလွဲချည့်ပဲ... (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒကာဒကာမတို့ ဒါ...ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ရှင်သာရိပုတ္တရာဟောလို့ ဘုရားကထောက်ခံချက်ပေးတယ်တဲ့၊ ပဋိစ္စသမုပ္ပာဒ်ထဲမှာ ခွဲရတဲ့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာလို့ မှတ်လိုက်စမ်းပါ ဒကာသိုက်ရေ...(မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် ဒီပြထားတာကိုလဲကြည့်ပါ၊ ပြထားတာ မကြည့်ဘဲ ပါးစပ်က ရမ်းပြောနေရင် အလွဲချည့်ဖြစ်နေမှာပဲ...(မှန်ပါ့) ဇရာ မရဏက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ ဘုရား) ဇာတိက...(သမုဒယသစ္စာပါ ဘုရား)။

ဇာတိကြောင့် ဇရာ မရဏ ဖြစ်ပါတယ်ဆိုတော့ သူက သမုဒယဆိုတာ အကြောင်းဟောတာ...(မှန်ပါ့) ဇာတိကြောင့် ဘာဖြစ်သလဲ...(ဇရာမရဏဖြစ်ပါတယ် ဘုရား) ဇာတိက ဘာသစ္စာလဲ...(သမုဒယသစ္စာပါဘုရား) ဇရာ မရဏက... (ဒုက္ခသစ္စာပါဘုရား)။

ဒါမှ အမေးနဲ့ အဖြေ ခင်ဗျားတို့ ပါဠိတော် ကိုက်တော့ မပေါ့...(မှန်ပါ့) ကိုယ်ဖြေချင်တာ ဖြေနေလို့ ရှိရင်ဖြင့် အကျိုးပေးရင် အကြောင်းဖြေဖြစ်နေဦးမှာပေါ့...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဟာ သစ္စာမပိုင်သေးသရွေ့ ရမ်းနေကြမယ်ဆိုတာ ပေါ်ပလား...(ပေါ်လာပါပြီဘုရား) ဒါကြောင့်လဲ သံသရာရှည်နေတာပဲ...(မှန်ပါ့)။

ဇရာ မရဏက ဘာသစ္စာပါလိမ့်...(ဒုက္ခသစ္စာပါဘုရား) ဇာတိက...(သမုဒယသစ္စာပါဘုရား) ဟုတ်သားပဲ...

http://www.dhammadownload.com



ဇာတိကြောင့် ဇရာ မရဏဖြစ်တယ်...(မှန်ပါ့ဘုရား) ဇာတိကြောင့်ဆိုတော့ အကြောင်း သမုဒယ မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

ဇရာ မရဏက အကျိုး ဒုက္ခဆိုတာ မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏ဆိုတော့ ဇာတိနဲ့ မရဏက ဘယ်ဟာက အရင်စ ပြီးရမှာတုံး...(ဇာတိက စပြီးရမှာပါ ဘုရား) ဒါဖြင့် သမုဒယသစ္စာ စပြီးရတယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ခဲပစ်တတ်တဲ့လူ ရတာပေါ့...(မှန်ပါ့) ခဲပစ်တတ်တဲ့လူ ရလို့ရှိရင်ဖြင့် ခဲပစ်ခံရပါလို၏ ဆိုတာကော... (လာပါတယ်ဘုရား) မပါဘူးလား...(ပါ...ပါတယ်ဘုရား)။

ကောင်းပြီ... ဒါဖြင့် ဇာတိက ဘာသစ္စာလဲ...(သမုဒယသစ္စာပါ) ဇရာ မရဏက...(ဒုက္ခသစ္စာပါ) သစ္စာဘယ်နှပါးသိသလဲ...(နှစ်ပါးသိပါတယ်) သိတာက ဘာပါလိမ့်... (မဂ္ဂပါဘုရား)။

အဲဒီ မဂ္ဂသစ္စာနဲ့ ဇာတိက သမုဒယသစ္စာ၊ ဇရာ မရဏက ဒုက္ခသစ္စာလို့ ယခုလို ပုံချပြီးသကာလ ခန္ဓာကိုယ်ဖြစ်စဉ်၌ မသိသောကြောင့် ခင်ဗျားတို့သည် ဇာတိပဲ ဆုတောင်းယူတယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘာ ဆုတောင်းယူပါလိမ့်...(ဇာတိပဲ ဆုတောင်းယူပါတယ် ဘုရား) ဇာတိဆုတောင်းယူတော့ ဇရာ မရဏ

http://www.dhammadownload.com



**လိုက်ခဲ့ဦးမယ်**...(မှန်ပါ) **မပြော**ပေဘူးလား...(ပြောပါတယ် ဘုရား)။

**ဇာတိ ဆုတောင်းယူတဲ့ ပုဂ္ဂိုလ်** ဘယ်သူလိုက်ဦးမလဲ (ဇရာ မရဏက လိုက်ဦးမှာပါ)။

ဒါဖြင့် သမုဒယသစ္စာရော ဒုက္ခသစ္စာရော အပြည့်အစုံ ရပါလို၏ ဘုရား...ဆိုတော့ ပယ်ရမယ့် သစ္စာနှစ်ခုကို ခင်ဗျားတို့က ပြည့်စုံရပါလို၏ ဆုတောင်းယူလိုက်တယ်... (မှန်ပါ) လွဲပုံများ ဘယ်လောက် ကြီးကျယ်တယ်ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဘုရားက ဒီသစ္စာနှစ်ပါး **သမုဒယနဲ့ ဒုက္ခကို** သမုဒယ သစ္စာပယ်၊ ဒုက္ခကို ပိုင်းခြားထား**ခဲ့လို့** **မဟော**ဘူးလား... (ဟောပါတယ်ဘုရား)။

ခင်ဗျားတို့က ဒီသစ္စာနှစ်ခု **မသိတော့ကို** သမုဒယမှန်းလဲ မသိ၊ ဒုက္ခမှန်းကော...(မသိပါဘုရား) မသိလို့ လူဖြစ်ရ ပါလို၏...ဆိုတော့ ဇာတိရတယ်...(မှန်ပါ) ဇရာ မရဏလဲ လိုက်လာတယ်...(မှန်ပါ)။

ဘယ်သစ္စာ နှစ်ပါးရသတုံး...ဆိုတော့ ဘုရားမကြိုက်တဲ့ သစ္စာနှစ်ပါးကို ဆုတောင်းယူလိုက်တယ်...(မှန်ပါ) သဘော ကျပလား...(ကျပါပြီဘုရား)။

ပြီးတော့ ခင်ဗျားတို့က **ဗုဒ္ဓဘာသာတဲ့**...(မှန်ပါ) ဘုရား မကြိုက်တာလဲလုပ်သေးရဲ့၊ **ပြီးတော့ ဘာ** ဘာသာလို့ နာမည်ခံသတုံး (ဗုဒ္ဓဘာသာလို့ နာမည်ခံပါတယ်ဘုရား)။

http://www.dhammadownload.com



ဘုရားက သမုဒယသစ္စာကို ပယ်ကွ၊ ဟုတ်လား...(မှန်ပါ) ဒုက္ခသစ္စာကို ပိုင်းခြားထားခဲ့၊ မင်းတို့နောက် မလိုက်စေနဲ့ မဟောဘူးလား...(ဟောပါတယ်ဘုရား)။

သမုဒယသစ္စာတော့ ဘာတဲ့...(ပယ်ရပါမယ်ဘုရား) ဒုက္ခသစ္စာကို...(ပိုင်းခြားထားခဲ့ရပါမယ်)။

အဲဒီ သစ္စာနှစ်ပါးကို မင်းတို့ကိုယ်ပိုင် မလုပ်နဲ့လို့ မဟောဘူးလား...(ဟောပါတယ်ဘုရား) ဟောတာကို ခင်ဗျား တို့က လူဖြစ်ရပါလို၏...ဆိုတော့ ဇာတိဖြစ်ရပါလို၏... (မှန်ပါ) နတ် ဖြစ်ရ ပါလို၏...(ဇာတိဖြစ်ရပါလို၏) ဗြဟ္မာ ဖြစ်ရပါလို၏...(ဇာတိဖြစ်ရပါလို၏) လူချမ်းသာကြီး ဖြစ်ရ ပါလို၏...(ဇာတိဖြစ်ရ ပါလို၏) နတ်မင်းကြီး ဖြစ်ရပါလို၏... (ဇာတိဖြစ်ရပါလို၏) စကြဝတေးမင်း ဖြစ်ရပါလို၏.. (ဇာတိဖြစ်ရပါလို၏)။

ဒါဖြင့် ဇရာ မရဏက ဘယ်နှယ်ပြောသတုံး... (လိုက်မှာပါဘုရား) လိုက်ခဲ့ဦးမယ် ပြောတာပေါ့...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ဇာတိပါလာတော့ ဒကာသိုက်ရာ...ဇရာ မရဏ မလိုက်ဘဲ နေပါ့မလား...(မနေပါဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒီသစ္စာနှစ်ပါးဟာ ဘုရားက ပယ်ရမယ့်၊ ပိုင်းခြားသိရမယ့် သစ္စာနှစ်ပါးတဲ့...(မှန်ပါ)။

ခင်ဗျားတို့ကတော့ ဆုတောင်းယူတဲ့ သစ္စာနှစ်ပါး... (မှန်ပါဘုရား) ရှည်မှ ရှည်ပါ့မလား သံသရာ...(ရှည်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဘုရားက ဘာတဲ့ . . .(ပယ်ရပါမယ်ဘုရား) ခင်ဗျားတို့က ဘာလုပ်သလဲ . . .(တောင်းယူပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်တော့မှ ဒီသစ္စာကိုသိတဲ့ **မဂ်ဉာဏ်** သံသရာ တစ်ခွင်လုံးမှာ မပေါ်ခဲ့ဘူး . . .(မှန်ပါ) **ဇရာ မရဏက** ဒုက္ခသစ္စာလို့ **အခုပါးစပ်ထဲ** ထည့်ဖူးတာပဲ . . .(မှန်ပါ)။

ရှေးကဖြင့် **ဒီဥစ္စာကို သစ္စာသဘော**နဲ့ မသိဘူး၊ **ကိုယ်ပိုင်** လုပ်ချင်တဲ့သဘော **တဏှာနဲ့သာ** ယူနေတာပဲ . . .**(မှန်ပါ)** **သစ္စာသဘောနဲ့ သိသေးရဲ့လား . . .(မသိပါဘုရား)**။

အဲဒါကြောင့် တစ်သံသရာလုံး ကိုယ်ကျိုးနည်းပြီး ဇာတိဒုက္ခ၊ ဇရာ မရဏ ဒုက္ခချည့် လှည့်နေတယ် . . .(မှန်ပါ) ဘာ မသိလို့ပါလိမ့် . . .(သစ္စာမသိလို့ပါဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီ ဘုရား)။

ဒီ သစ္စာနှစ်ပါးကို ဘုရားက ဘာလုပ်ရမယ်တဲ့ . . . (ပယ်ရမယ်၊ပိုင်းခြားသိရပါမယ်) ခင်ဗျားတို့က . . .(ဆုတောင်းယူပါတယ်ဘုရား)။

ဖြစ်မှဖြစ်ရလေ ဗုဒ္ဓဘာသာလားဗျာ . . . ဗုဒ္ဓဘာသာ ဆိုတာလား . . .(ဗုဒ္ဓဘာသာ မစစ်သလိုပါဘုရား) ဘုရားက ပယ်ဆိုရင်ပယ်မှ ဘုရား အယူအစစ်လိုက်တာကိုး . . .(မှန်ပါ)။

ဘုရားက ဒီဥစ္စာ ကိုယ်ပိုင်ထားဆိုလို့ ကိုယ်ပိုင်ထားရင် ဘုရားအယူ . . .(မှန်ပါ) ဘုရားက ပယ်ခိုင်းတာ ခင်ဗျားတို့က ကိုယ်ပိုင်ထားတော့ ဒါဘယ့်နှယ်ဆိုကြမလဲ . . .(ဘုရားအဆုံး **တိုက်**ရာ ကျပါတယ်) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဆိုင်းဘုတ်တော့ **သူ့အမေအဖေကလဲ ဗုဒ္ဓဘာသာ** ဆိုင်းဘုတ်ဆွဲလို့၊ **သူ့**သားသမီးတွေလဲ ဗုဒ္ဓဘာသာဆိုတဲ့ ဆိုင်းဘုတ်တော့ ဆွဲလိုက်တာပဲ၊ ရုံးတော့ မှတ်ပုံ**တင်** လိုက်တာပဲ... (မှန်ပါ့) တင်ပင်တင်ငြားသော်လဲ ဝမ်းထဲက **တင်**ထားတာ မဟုတ်ဘူး၊ ရိုးရာတင်တာလို့ မှတ်လိုက်ကြပါ... **(မှန်ပါ့)**။

ဘုရားက ဇာတိ သမုဒယသစ္စာနဲ့ ဇရာ မရဏ ဒုက္ခသစ္စာကို ဘာလုပ်ရမတဲ့တုံး...(ပယ်ရပါမယ်ဘုရား)။

ခင်ဗျားတို့ ဘုရားဆိမှာ သွားပြီးသကာလ နောက်ဘဝ လူချမ်းသာ ဖြစ်ရပါလို၏၊ နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ ဖြစ်ရပါလို၏ ...ဆုတောင်း**လိုက်တော့** ဘုရားက ပယ်လို့ခိုင်းတဲ့ **တရားကို ကိုယ်တော်မြတ်ကြီးဆီမှာ အရ**တောင်းနေကြတယ်... **(မှန်ပါ့)** ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့သည် **သစ္စာ** မသိလို့ တောင်းတာ...(မှန်ပါ့) ဘုရားက ငါလဲ သစ္စာမသိလို့ သံသရာ ရှည်ခဲ့ရတယ်...(မှန်ပါ့)။

အိုဘေး, နာဘေး, သေဘေးနဲ့ အဖော်လုပ်ခဲ့ရတယ်... (မှန်ပါ့)မင်းတို့လဲ သစ္စာမသိရင် သံသရာရှည်ရမယ်၊ အိုဘေး, နာဘေး, သေဘေးနဲ့ အဖော်လုပ်ရမယ်၊ ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

ဒါကြောင့် ဒီတရားကို ရေရေလည်လည် ဒကာဒကာသည် ဒကာဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ဟောနေတာသည် **သစ္စာနဲ့**တွဲ ဟော နေတာမို့ ဆက်ပြီးတော့ နာပါ...**(မှန်**ပါ့) တစ်နေ့

http://www.dhammadownload.com



**တည်းပြီးတဲ့ တရားမျိုးကလဲ မဖြစ်နိုင်ဘူး**...(မှန်ပါ့) **ဖြစ်နိုင်ပါ့မလား**... (မဖြစ်နိုင်ပါဘုရား)။

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ တစ်သက်လုံး မည်းလာတဲ့ **အနှစ်**အစိတ်လောက် သုတ်လာတဲ့ လက်သုတ်ပဝါက ဆီသည် တစ်ခါမှ မဖွပ်ရသေးဘဲကိုး၊ အခုမှ သုံးလေးရက် ဖွပ်ရုံနဲ့တော့ ဖြူပါ့မလား...(မဖြူပါဘုရား)။

ခင်ဗျားတို့ တစ်သံသရာလုံး **အဝိဇ္ဇာဓာတ်**နဲ့မည်းလာတဲ့၊ **အဝိဇ္ဇာ**ကြောင့် **မသိမှုကြောင့် မည်း**လာတဲ့ သစ္စာနှစ်ပါးကို **ဒီနေ့** တစ်ခါတည်း **မဂ်ဉာဏ်,ဖိုလ်**ဉာဏ်ဆိုက်အောင်ဆိုတာ မဖြစ်နိုင်ဘူး...(မှန်ပါ့)။

အခုမှဖွပ်စ, **လျှော်စကလေးရှိ**သေးတယ်လို့ ဆုံးဖြတ်ချက် ချလိုက်...(မှန်ပါ့)ရှင်း**ပလား**...(ရှင်းပါပြီဘုရား)။

ဒါဖြင့် **ဓာတိက** ဘာသစ္စာ...(သမုဒယသစ္စာပါ) ဓရာ မရဏက...**(ဒုက္ခသစ္စာ**ပါဘုရား)၊

**ဒါဖြင့် ဒကာဒကာ**မတို့ ဓာတိနဲ့ ဓရာ မရဏဘယ်ဟာ ကြောက်**စရာ ကောင်း**သတုံး... (ဓာတိက ကြောက်**စရာ** ကောင်းပါ တယ်ဘုရား)။

အကြောင်းနဲ့ အကျိုးကိုးဗျ၊ အကြောင်းသာ **ကြောက်စရာ** ကောင်းတာပေါ့၊ အကြောင်းရှိနေတော့ အကျိုးက မလာပါနဲ့ဆိုလို့ ကန့်ကွက်လို့ ရသေးသလား...(မရပါဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ သေသေချာချာ မှတ်ပါ၊ **အလုပ်မလုပ်ခင်** ပောနေဟာ...(မှန်ပါ့)။

http://www.dhammadownload.com



အလုပ်လုပ်တာ **ဒီလို သစ္စာသိပြီး** အလုပ်လုပ်လိုက်ရင် ခဏကလေး **ပေါက်သွားမယ်...(မှန်ပါ့)** သစ္စာမသိဘဲနဲ့မှ ဆရာက ပေးတာ **ရမ်းမှန်းပြီး လုပ်နေတော့** ဘယ်နည်းနဲ့မှ မပေါက်ဘူးလို့ မှတ်ပါ...(မှန်ပါ့)။

သစ္စာသိလိုက်တော့ **ယထာဘူတဉာဏ်** မဝင်လာဘူးလား...(ဝင်လာပါတယ်) ယထာဘူတဉာဏ်ရရင် နိဗ္ဗိန္ဒဉာဏ် ဝင်ဖို့ရာ နီးသွားပြီ...(မှန်ပါ့)။

နိဗ္ဗိန္ဒဉာဏ် ငြီးငွေ့လာတဲ့ တစ်နေ့ကျတော့ **ဇာတိရော၊** ဇရာ မရဏရော မလိုချင်ဘူးဆိုတဲ့ မဂ်ဉာဏ် ချက်ချင်းဝင်မယ် (မှန်ပါ့) မဝင်ဘူးလား...(ဝင်ပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ ဇာတိ ဘာသစ္စာလဲ... (သမုဒယ သစ္စာပါ) ဇရာ မရဏက...(ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် ဘုရားသခင် **ကိုယ်တော်မြတ်ကြီးသည်** ဘုရား ဖြစ်လာတာဟာ ဘယ့်နှယ်**ကြောင့် ဘုရား**ဖြစ်လာပါလိမ့် မေးတော့ ခင်ဗျားတို့ ပါရမီဆယ်ပါး**အပြားသုံးဆယ်**ကြောင့် ဘုရားဖြစ်တယ်လို့ ပြောလိမ့်မယ်...(မှန်ပါ့)။

ဘုရားဖြစ်တာ ဘယ်လိုကြောင့် ဘုရား**ဖြစ်လာ**ပါလိမ့်မယ် (ပါရမီဆယ်ပါး အပြားသုံးဆယ် **ဖြည့်ကျင့်လို့**ပါ ဘုရား) ပါရမီဆယ်ပါး အပြားသုံးဆယ် **စွန့်ခြင်းကြီး** ငါးပါးတွေ စွန့်ခဲ့လို့...ဒါကို အကုန်သိထားတယ် ဘုရားဖြစ်ကြောင်း... (မှန်ပါ့ဘုရား)။

ဒါတွေဟာ ပဓာန မဟုတ်ပါဘူး ဒကာဒကာမတို့နော်... (မှန်ပါ့) ဒါတွေချည့် လုပ်ပြီးသကာလ နေငြားသော်လဲ ဥပမာ

http://www.dhammadownload.com



ပါရမီဆယ်ပါး...ဒါနပါရမီ၊သီလပါရမီ အစရှိသော ပါရမီဆယ်ပါး အပြားသုံးဆယ်ဆိုတာ သူ့ကို တစ်ခုလျှင် သုံးခုစီ ပြလိုက်လို့ သုံးဆယ်ဖြစ်တာကိုး...(မှန်ပါ)။

စွန့်ခြင်းကြီး ငါးပါးဆိုတာကတော့ သိပြီးသားအတိုင်း အင်္ဂပရိစာဂ ပုတ္တပရိစာဂ စတဲ့စွန့်ခြင်းကြီး ငါးပါးပေါ့ဗျာ... (မှန်ပါ)။

ခင်ဗျားတို့က ဒါကြောင့် ဘုရားဖြစ်တယ်လို့ အောက်မေ့ကြတယ်...(မှန်ပါ) ဒကာဒကာမတို့ အဲဒါက ဝေးသော အကြောင်း တွေပါ...(မှန်ပါ)။

နီးသော အကြောင်းကို ရှင်းပြပါ့မယ်...နီးသောအကြောင်း ရှင်းပြမှ ဒကာဒကာမတွေ သေချာသွားမယ်...(မှန်ပါဘုရား) နီးသော အကြောင်းကတော့ ဇရာ မရဏတို့မှ လွတ်ပြီး ဘုရားအဖြစ်ကို ယူတော်မူတာ...(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဘာ လွတ်ချင်လို့ပါလိမ့်...(ဇရာ မရဏတို့မှ လွတ်ချင်လို့ပါဘုရား)။

ဒါဖြင့် ဇရာ မရဏတို့ ကြောက်ပြီး ဘုရားဆုတောင်းပြီး ဘုရားဖြစ်လာတာ...(မှန်ပါ) ဇရာ မရဏသာ မရှိမယ်ဆိုရင် သူအိုက မအိုဘူး၊ သေလဲမသေဘူး၊ သူအမြဲ ဖြစ်နေမယ်ဆိုလို့ ရှိရင်ဖြင့် ဇရာမရဏ မရှိတဲ့ ပုဂ္ဂိုလ်ဟာ ဇရာမရဏ လွတ်ကြောင်း ဆိုတဲ့ ဘုရားဖြစ်ကြောင်းတွေ လုပ်ပါ့မလား...(မလုပ်ပါဘုရား)။

ဇရာ မရဏရှိနေတဲ့အတွက် ဇရာ မရဏ လွတ်ကြောင်း ဆိုတဲ့ ဘုရားဆုတောင်းပြီး လုပ်ပါတယ်...(မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ဘုရားဖြစ်လာတာ ဒကာဒကာမတို့...ဘယ်သူ့ကြောင့် ဘုရားဖြစ်လာတယ်ဆိုတာ ပေါ်ရောပေါ့...(ပေါ်ပါပြီဘုရား)။

ဘယ်သူ့ကြောင့်ပါလိမ့်...(ဇရာ မရဏကြောင့်ပါဘုရား)။

ကိုယ့်အနာရှိလို့ ကိုယ်ဆေးကုချင်တာဗျာ...(မှန်ပါ့) ကိုယ့်အနာမရှိရင်...(ကိုယ် ဆေးမကုချင်ပါ)။

အဲဒီတော့ **ဘုရားအလောင်း**မှာ နုစဉ်အခါကတည်းက ဇရာ မရဏ ရှိ...**မရှိ**...(**ရှိ**ပါတယ်ဘုရား) အဲဒီ ဇရာ မရဏကိုဖြင့် ငါ...လွတ်**အောင် ကျွတ်**အောင်တော့ လုပ်မှာပဲ၊ ဇရာ မရဏ အကြောင်း **သိ**အောင်လုပ်မှပဲဆိုပြီး သကာလ ဖြစ်လာတာ...(မှန်ပါ့)။

ဒါကြောင့် ဘုရားဖြစ်ခြင်း အစ ဇရာ မရဏက...(မှန်ပါ့) **သ**ဘောကျပလား...(ကျပါပြီဘုရား)။

ဘုရားဖြစ်ခြင်းအစ **ဘယ်က** စပါလိမ့်... (ဇရာ မရဏကပါ) ဇရာ **မရဏ တွေးလုံးပေါ်**ပြီး ဘုရားဖြစ်ချင်လို့ ဘုရားဖြစ်ကြောင်း**တွေ လုပ်တယ်**...(မှန်ပါ့)။

ဇရာ မရဏ **မရှိရင် ဘုရား**အလုပ်ကို လုပ်ဖြစ်တော့မယ် **မဟုတ်**ပါဘူး...(မှန်ပါ့) ဇရာ မရဏမရှိရင် နိဗ္ဗာန်ရောက်နေမှာကိုး...(မှန်ပါ့) သဘောကျပလား(ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားသည် ဘယ်သူ့ကြောင့် ဘုရားအဖြစ်ကို ယူပါလိမ့်မတုံး...(ဇရာ မရဏကြောင့်ပါဘုရား)။

http://www.dhammadownload.com



အဲ... ဇရာ မရဏကြောင့် ဘုရားဖြစ်လာတာ၊ ဇရာ မရဏကို ရွံလွန်းလို့၊ မုန်းလွန်းလို့ ဇရာ မရဏမှ ထွက်ကြောင်းကိုဖြင့် ရှာတော့မယ်ဆိုပြီး ရှာလိုက်တော့ သဗ္ဗညုတဉာဏ်တော်ကြီးရလို့ ဇရာ မရဏမှ လွတ်သွားတယ်...(မှန်ပါ)။

ဒါဖြင့်...ဒကာဒကာမတို့ ဘုရားဖြစ်လာတာ ဘယ်သူ့ကြောင့်တဲ့... (ဇရာ မရဏကြောင့်ပါဘုရား)။

ခင်ဗျားတို့ သိထားတာက ဘာတဲ့...(ပါရမီဆယ်ပါး အပြားသုံးဆယ်ပါ) အဲဒါက ဝေးသောအကြောင်းတွေပါ(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

အကယ်၍ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒကာဒကာမတို့ ဇရာ မရဏ မရှိတော့ဘူးဆိုလို့ရှိရင် သူ ဘယ်သူ့ကြောင့် သံဝေဂဉာဏ် ဝင်မတုံ...(ဝင်စရာ မရှိနိုင်ပါဘုရား) ဝင်စရာမရှိနိုင်ရင် ဘုရားဖြစ်ချင်စိတ် ပေါ်ပါဦးမလား...(မပေါ်ပါဘုရား)။

ဇရာ မရဏမှ လွတ်ချင်တဲ့သဘော ရှိလာတော့ ဪ... ဒါသည် သဗ္ဗညုတဉာဏ်ရမှ လွတ်မှာပါလား၊ ဒီအတိုင်း တွေးနေလို့တော့ သိမှာမဟုတ်ပါဘူးဆိုပြီး သကာလ ဇရာ မရဏကတော့ သိရဲ့၊ ဇရာ မရဏလွတ်ကြောင်းကို ဇရာ မရဏကနေပြီး တိုက်တွန်းတာနဲ့ ဘုရားအဖြစ်ကို မရ အရ ယူလိုက်တယ်လို့မှတ်ပါ...(မှန်ပါ)ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ အရင်သိထားပုံနဲ့တော့ အတော်ကွာနေပြီ... (မှန်ပါ့) ဒါက အရင်းကျကျ၊ ဟိုဟာက အဖျားတွေ... (မှန်ပါ့ဘုရား)။

ဒီဟာ တွေးလုံးပေါ်ပြီးတော့မှ ပါရမီဆယ်ပါး အပြားသုံးဆယ်က လုပ်တယ်...(မှန်ပါ့) ဒါကအစ, ရိပ်မိပလား... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဘုရားသည် ဘယ်သူ့ကြောင့် ဘုရားဖြစ်လာပါလိမ့်...(ဇရာ မရဏကြောင့်ပါ) ဇရာ မရဏကို ကိုယ်တိုင်တွေးလိုက်တော့ ရွံခြင်း၊ မုန်းခြင်းတွေ ဖြစ်ပြီးလာတော့မှ ဘုရားလုပ်မှပဲ၊ သဗ္ဗညုတဉာဏ်ရမှ ဒီဇရာ မရဏလက်သည် တွေ့မှာပဲ ဆိုပြီး သကာလ ဇရာ မရဏ၏ တိုက်တွန်းနှိုးဆော်ချက် အကူအညီကြောင့် ဘုရားဖြစ်ချင်လာတယ်၊ နောက်မှ ပါရမီဆယ်ပါး အပြားသုံးဆယ်တွေ လုပ်တာပါ... (မှန်ပါ့)။

ဘုရားဖြစ်ဖို့ရာ မူလတိုက်တွန်းချက်ကတော့ ဘယ်သူဆိုတာ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား) ဘယ်သူပါလိမ့်... (ဇရာ မရဏပါဘုရား)။

ဒါ တစ်သက်လုံး တစ်ခါမှ ခင်ဗျားတို့ ကြားဖူးကြမယ် မဟုတ်သေးပါဘူး...(မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီ ဘုရား)။

ခင်ဗျားတို့ မှတ်ထားတာက ဘုရားဟာ ဘယ်သူ့ကြောင့် ဘုရားဖြစ်လာသတုံး...(ပါရမီဆယ်ပါး အပြားသုံးဆယ်

http://www.dhammadownload.com



ကြောင့်ပါဘုရား) ဝေးသောအကြောင်းတွေပါ (မှန်ပါ့)ဘုရား၏ စိတ်ကူးပေါ်လာပုံကို တွေးပါ...(မှန်ပါ့)။

ဘယ်လိုတွေးမိကြသတုံး...(ဇရာ မရဏလွတ်ချင်လို့ပါ) ဇရာမရဏမှ ဘယ်လို လွတ်အောင် လုပ်ရမတုံး၊ သူ့ကိုယ်မှာ ဇရာနဲ့ မရဏကလဲ ရှိနေတယ်၊ အိုလာတာကိုလဲ သိတော်မူတယ်၊ သေမှာကော...(သိပါတယ်ဘုရား)။

နောက်တစ်ခါ အိုမှာကော...(သိပါတယ်) နောက်တစ်ခါ သေမှာကော...(သိပါတယ်) အဖန်ဖန် အိုမှာကော...(သိပါတယ် ဘုရား)။

အဖန်ဖန် သေမှာကော...(သိပါတယ်ဘုရား) ဒါဘယ်လို လွတ်အောင် ရှန်းရပါ့မတုံး...(မှန်ပါ့)။

သဗ္ဗညုတဉာဏ်ရမှ ဒီဥစ္စာလွတ်မှာပဲ...(မှန်ပါ့) ဉာဏ်မရ ရင်တော့...(မလွတ်ပါဘုရား)။

အဲဒီတော့ ဇရာ မရဏကြောင့် သဗ္ဗညုတဉာဏ်တော်ကို လိုက်ရှာတာ...(မှန်ပါ့) ရှာတော့ ပါရမီဆယ်ပါး အပြား သုံးဆယ်နဲ့ ရှာရတယ်...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဘုရားဖြစ်ခြင်းအစ, ဘယ်က ကျေးဇူးပြုတာတုံး (ဇရာ မရဏကပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကိုလဲ ဇရာ မရဏက စပြောနေတယ်၊ သောတာပန်, သကဒါဂါမ် အပြန်ပြန် တည်နိုင်အောင်လို့... (မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ယောင်ချာချာလုပ်ပြီး မနေကြပါနဲ့၊ ဘုရားတောင် ဒီက စရတယ်,သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဇရာ မရဏက ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား) ဇာတိက...(သမုဒယ သစ္စာပါဘုရား)။

ဒါဖြင့် ဘုရားက ဒီတရားနှစ်ခုကို သူ့ပယ်ချင်လွန်းလို့ သဗ္ဗညုတဉာဏ်ရအောင် ကြိုးစားတာ...(မှန်ပါ) ခင်ဗျားတို့က ဆုတောင်းယူ ရင် ဗုဒ္ဓဘာသာ စစ်နိုင်ပါဦးမလား...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားအလိုကျအောင် ဗုဒ္ဓဘာသာ အစစ်ကတော့ ယနေ့မှ စရတယ်...(မှန်ပါ)သဘောပါရဲ့လား... (ပါ...ပါတယ်ဘုရား)။

အင်မတန်အရေးကြီးတဲ့ တရားဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား) ဗုဒ္ဓဘာသာတရားမှာ အခြေအမြစ်ကိုကိုင်ပြီး ပြောနေတယ်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ ဇာတိ၏လက်သည်ကို နှောက် ဆုတ်ရှာပါဦး...တဲ့၊ ဘုရားကနော်...(မှန်ပါ) ဇာတိ ဘယ်က လာသတုံး...လို့ မေးခွန်းထုတ်ပြန်တယ်...(မှန်ပါ)။

ဘယ့်နှယ်တုံး...(ကမ္မဘဝက လာပါတယ်ဘုရား) ကမ္မဘဝဆိုတာ ကာယကံ, ဝစီကံ, မနောကံပေါ့ဗျာ...(မှန်ပါ)။

ခင်ဗျားတို့ ရပြီးသား ပါဠိတော်အတိုင်း ဆိုရင်တော့ ဘဝ...(မှန်ပါ) ဘဝလို့သုံးချင်သုံး၊ သို့သော် ထင်ရှားအောင်လို့ ကမ္မဘဝလို့ သုံးလိုက်ပါ...(မှန်ပါ)။

http://www.dhammadownload.com



ဒီသုံးခုက ဘာပါလိမ့်...(ကမ္မဘဝပါ) ကာယကံဆိုတော့ ကံပဲ မဟုတ်လား...(မှန်ပါ) ဝစီကံ...(ကံပါပဲ) မနောကံ... (ကံပါပဲ) ဒါဖြင့် ကမ္မဘဝပေါ့...(မှန်ပါ) သဘောကျ... (ကျပါပြီဘုရား)။

ကမ္မဘဝပစ္စယာ ဇာတိဆိုတော့ သူက အကြောင်း၊ သူက အကျိုးဖြစ်တယ်...(မှန်ပါ)။

ဒါဖြင့် ကမ္မဘဝက သမုဒယသစ္စာ၊ ဇာတိက... (ဒုက္ခသစ္စာပါဘုရား) ဒီလိုသွားရမှာ ဒကာသိုက်ရေ...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

သုံးလေးရက်ဟောမှ ခင်ဗျားတို့ နည်းနည်းကလေး ဖြေတတ်လာတာ...(မှန်ပါ) သိဖို့ရာ အသာထားစမ်းပါဦး အဖြေမှန်ကလေး ရဖို့ရာ မနည်းကြိုးစားရတယ်... (မှန်ပါ) ဒကာသိုက် လွယ်ရဲ့လား...(မလွယ်ပါဘုရား)။

မိဘရိုးရာ သိထားတာ ဒီအသိမှ မဟုတ်ဘဲ၊ အခုတော့ သေသေချာချာ အကြောင်းအကျိုးဆက်တော့...ဒကာသိုက်တို့ ဦးလှဘူးတို့ ယုံပလား...(ယုံပါပြီဘုရား)။

ဒီကမ္မဘဝကြောင့် ဇာတိဖြစ်တယ်...(မှန်ပါ) ဒါဖြင့်ကမ္မဘဝက အကြောင်းသမုဒယ၊ ဇာတိက အကျိုးဒုက္ခ...(မှန်ပါ) မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)။

ဒီလို နောက်ဆုတ်သွားရမှာ ဒကာဒကာမတွေ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ...ဒါဖြင့် ဒကာဒကာမတို့ ကာယကံ, ဝစီကံ, မနောကံ,ခင်ဗျားတို့ ဆွမ်းတော် ကွမ်းတော်တင် ဟုတ်လား... သားတွေ သမီးတွေ ပြောဆိုမြည်တွန်ဆိုတော့ ကာယကံ, ဝစီကံ, မနောကံတွေ မလုပ်ပေဘူးလား...(လုပ်ပါတယ်ဘုရား)။

အကုသိုလ်လဲ လုပ်မှာပဲ၊ အကုသိုလ် ကာယကံ, ဝစီကံ, မနောကံ...(လုပ်ပါတယ်ဘုရား)နောက်ဘဝ ကောင်းစားရေး မလုပ်ပေဘူးလား...(လုပ်ပါကယ်ဘုရား)။

လုပ်လို့ရှိရင် ကမ္မဘဝ ပစ္စယာ...(ဇာတိ) ကမ္မဘဝ ဘာ သစ္စာ (သမုဒယသစ္စာပါဘုရား) ဇာတိက (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒီကံ လုပ်တုန်းကလဲ သမုဒယ၊ နောက် ရတာ ကော...(ဒုက္ခပါဘုရား)။

ဒါဖြင့် ဇာတိပိ ဒုက္ခာလို့ဆိုတာ ဒီအချိန်ကျမှ ဟောရတယ်၊ ခုနတုန်းက သမုဒယသစ္စာ ဟောရတယ်...(မှန်ပါ့) ရှင်း ပလား... (ရှင်းပါပြီဘုရား)။

ဒီလို အကွက်ချပြောမှ ဒကာသိုက်ရ...သိသွားမှာ၊ နို့မဟုတ် ခင်ဗျားတို့ဟာ တောက်လျှောက်ကြီး ဖြစ်နေမှာပဲ... (မှန်ပါ့)ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ကမ္မဘဝက ဘာတဲ့...(သမုဒယသစ္စာပါ) ဇာတိက ဘာတဲ့ (ဒုက္ခသစ္စာပါ) သူနဲ့ထောက်မှ ဒုက္ခဖြစ်တာ၊ သူနဲ့ မထောက်ခင် တုန်းက သူဟာ သမုဒယဖြစ်နေတယ်...(မှန်ပါ့) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော အကုသိုလ်ကံတွေကိုလဲ ခင်ဗျားတို့ ဖြတ်ကြပါ... (မှန်ပါ့)။

http://www.dhammadownload.com



ဇာတိဖြစ်မယ့် ကာယကံ,ဝစီကံ, မနောကံဆိုတဲ့ ကုသိုလ်ကံတွေကိုလဲ ဖြတ်ကြပါ...(မှန်ပါ့) လုပ်တော့ လုပ်ကြပါ၊ လှူဒါန်းပေးကမ်းကြပါ၊ ဇာတိဒုက္ခမှ လွတ်ရပါလို၏ ဆိုပြီး လုပ်ကြပါ...(မှန်ပါ့) လုပ်တတ်ကြပလား...(လုပ်တတ်ပါပြီ ဘုရား)။

ကုသိုလ်လုပ်တိုင်း...လုပ်တိုင်း ဘာလုပ်ရမယ်...(ဇာတိ ဒုက္ခမှ လွတ်ရပါလို၏ဘုရား)။

အဲဒီ ကံတွေကျတော့လဲ ဇာတိချုပ်ရာ နိဗ္ဗာန်ကျေးဇူး ပြုတယ်...(မှန်ပါ့) ဇာတိချုပ်တော့ ဇရာ မရဏာကကော... (ချုပ်ပါတယ်ဘုရား) နိဗ္ဗာန်ရောက်တဲ့ အခါကျတော့... (မှန်ပါ့)သဘောကျပလား...(ကျပါပြီဘုရား)။

ဇာတိကိုသာ ဆုတောင်းယူရင်တော့ဖြင့် ဒုက္ခ ရောက် မှာပဲ... (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား) ကမ္ဘာဝက ဘာသစ္စာလဲ...(သမုဒယသစ္စာပါ) ဇာတိက... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် နောက်ဘဝ လူကောင်းဖြစ်ချင်လို့ရှိရင်ဖြင့် ဒုက္ခ သစ္စာဖြစ်ရပါလို၏...(မှန်ပါ့) နတ်ကောင်း ဖြစ်ချင်ရင်... (ဒုက္ခသစ္စာဖြစ်ပါလို၏) ဗြဟ္မာကောင်းဖြစ်ချင်ရင်...(ဒုက္ခသစ္စာ ဖြစ်ရပါလို၏ဘုရား)။

ဒကာဒကာမတို့ သေသေချာချာ အခုလို အကွက်ချ ပြတော့မှ သြော်...တို့လုပ်သရွေ့ဟာ အလွဲချည်းပဲကိုး၊ ကိုယ့် ပစ္စည်းနဲ့ကိုယ် ထောင်ကျခံတာ...(မှန်ပါ့) သဘော ကျပလား... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါန...သီလ ကံတွေက ဘာသစ္စာတုံး... (သမုဒယ သစ္စာပါ ဘုရား) ဇာတိက...(ဒုက္ခသစ္စာပါဘုရား) မလုပ် ကောင်းဘူးတဲ့...(မှန်ပါ့ဘုရား)။

လုပ်ပါဆိုပြီး ဆရာဘုန်းကြီး ပြောတဲ့နည်းလုပ် (မှန်ပါ့) ဒါနတွေလှူကြပါ၊ သီလတွေစောင့်, သမထဝိပဿနာတွေ လုပ်ပါ၊ လုပ်တိုင်း...လုပ်တိုင်း ဇာတိဒုက္ခမှ ကျွတ်ရပါလို၏... (မှန်ပါ့ဘုရား)။

ဇရာ မရဏဒုက္ခမှ...(ကျွတ်ရပါလို၏) အဲ...ဇာတိဒုက္ခ ကျွတ်ရပါလို၏ ဆိုရင် ပြီးတာပဲ...(မှန်ပါ) ကျန်တာ အလိုလို ကျွတ်သွားတာပဲ...(မှန်ပါ့) သဘောကျပလား... (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒါန, သီလတွေ လုပ်တတ်ကြပလား...(လုပ်တတ် ပါပြီဘုရား) မလုပ်တတ်လို့ရှိရင်တော့ ကမ္မဘဝပစ္စယာ...(ဇာတိ) ဇာတိပစ္စယာ...(ဇရာ...မရဏပါ) ဒီလိုချည့် သွားမှာပဲ... (မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာဒကာမတွေ မပြီးဘဲနေလိမ့်မယ်၊ ကမ္မဘဝက ဘယ်ကလာပါလိမ့်မတုံး...(ဥပါဒါန်က လာပါ တယ်ဘုရား) ဥပါဒါန်ဆိုတာ စွဲလမ်းတာ...(မှန်ပါ့)။

ဥပါဒါန်ဆိုတာသည် ဒကာဒကာမ ကို ဘာတဲ့... (စွဲလမ်းတာပါ) စွဲလမ်းတာ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု ပါဒါန်, အတ္တဝါဒုပါဒါန်လို့ ဥပါဒါန်က လေးမျိုးကော့ ရှိတယ်...(မှန်ပါ့)။

http://www.dhammadownload.com



သို့သော် ဖြည်းဖြည်းမှ ချဲ့ပါမယ်လို့ ဥပါဒါန်ကို ဥပါဒါန်ပဲ မှတ်ထားပါဦး...(မှန်ပါ့)။

ဒါဖြင့် ဥပါဒါန်ကြောင့် **ဘာဖြစ်သ**တုံး...(ကမ္မဘဝဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဥပါဒါန်က သမုဒယသစ္စာ၊ ကမ္မဘဝက... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကံတွေသည်ကားလို့ဆိုရင်ဖြင့် ဒုက္ခသစ္စာတွေ...(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါကြောင့် နောက်ဆုံးပိတ် တရားနိဂုံးချုပ်တော့ ကောဝလဿ ဒုက္ခက္ခန္ဓဿ ဒုက္ခအစုကြီးလို့ မလာဘူးလား... (လာပါတယ် ဘုရား) သဘောပါပလား...(ပါ...ပါပြီဘုရား)။

ဒီအထဲမှာ သုခကို မပါဘူး၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ကြံဖန်ရှာရင်တော့ မတတ်နိုင်ဘူး၊ သုခတော့ မပါတာ အမှန်ဘဲ...(မှန်ပါ့) ပါသေးရဲ့လား...(မပါ...ပါဘုရား)။

အဲဒါ ရွတ်တော့ ပါးစပ်က ရွတ်လိုက်တာပဲ၊ ဘယ်ဟာတွေပါ...ပါလိမ့် မတုံးလို့လဲ မတွေးဘူး...(မှန်ပါ့) မတွေးတော့ ခင်ဗျားတို့ ကာယကံ, ဝစီကံဟာလဲ ဒုက္ခသစ္စာပဲ၊ နောက်လာမယ့် ဇာတိကော...(ဒုက္ခသစ္စာပါ) နောက် လာလတ္တံ့သော ဇရာ မရဏကော...(ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ... ဒါဖြင့် ဥပါဒါန်က သမုဒယသစ္စာ၊ ကံတွေက...(ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ဥပါဒါန်**က ဘယ်ကလာသတုံး**...(တဏှာက လာပါတယ်) ဒါဖြင့် **တဏှာက အကြောင်း**ဖြစ်ပြန်တယ်...**(မှန်ပါ့)** တဏှာက **ဘာသစ္စာ...(သမုဒယသစ္စာပါ) ဥပါဒါန်က...** (ဒုက္ခသစ္စာပါ) **ရှင်းပလား**...(ရှင်းပါပြီဘုရား)။

ကြည့်...ဒါလဲဒုက္ခ၊ ဒါလဲဒုက္ခ၊ ဒါလဲဒုက္ခ ဖြစ်လာပြီး နောက်ဆုတ်လာတော့ အကုန်ဒုက္ခချည့်လာပြီ...(မှန်ပါ့) မလာသေး ဘူးလား...(လာပါပြီဘုရား)။

မြင်ကြရဲ့လား...(မြင်ပါတယ်ဘုရား) ဒါမှ မမြင်ရင်တော့ မပြောတတ်ဘူး၊ **တော်တော့်ကို** ရှင်းအောင်ပြနေပြီ၊ ပစ္စည်းကလဲ ကြီးတယ်...(မှန်ပါ့)။

တဏှာ ဘယ်ကလာသတုံး ဒကာဒကာမတို့... (ဝေဒနာက လာပါတယ်) အေး...ဝေဒနာကလာတယ်၊ ဝေဒနာကလဲ **သုံးပါးတောင်**ရှိ၊ ငါးပါးတောင်ရှိ ရှိပ**စေ၊** ဝေဒနာ**အကြောင်းတော့** နှစ် နှစ် သုံး နှစ်လောက် ဟောလာလို့ နားလည်တယ်**ထားပါတော့**...(မှန်ပါ့)။

ဝေဒ**နာ**ကြောင့် ဘာဖြစ်သတုံး...(တဏှာဖြစ်ပါတယ်) **ဝေဒနာက ဘာသစ္စာ**တုံး...(သမုဒယသစ္စာပါ) တဏှာက... **(ဒုက္ခသစ္စာ**ပါဘုရား)။

**အဲ**...ဒီပြင်နေရာမှာတော့ တဏှာကို သမုဒယအဖြစ်နဲ့သာ သုံးတယ်၊ဒုက္ခသစ္စာအဖြစ်နဲ့ မသုံးဘူး...(မှန်ပါ့) သဘောကျ ပလား...(ကျပါပြီဘုရား)။

http://www.dhammadownload.com



အခု ဒီမှာတော့ ဝေဒနာက...(သမုဒယသစ္စာပါ) တဏှာက...(**ဒုက္ခသစ္စာပါဘုရား**)။

**ကိုင်း၁...၂...၃...၄...**၅တွေ့ပြီ၊ ဒါဒုက္ခချည့်ပဲ(**မှန်ပါ့**) **နောက်ဆုတ်သွေးတော့ သူ့ကို** ဘာချည့်ဆိုသတုံး...(ဒုက္ခချည့်ပါ **ဘုရား**)။

ဒါဖြင့် ဒကာဒကာမတို့ ဘုရားဘယ်နေရာမှာ ပွင့်သတုံးလို့ မေးပြန်တော့ ဘယ်လိုဖြေကြသလဲ...(ဝေဒနာနဲ့ တဏှာကြားမှာ ပွင့်ပါတယ်ဘုရား)။

သောတာပန် ဖြစ်ချင်ရင် ဘယ်ကြားမှာ အားထုတ်ရမလဲ...(ဝေဒနာနဲ့ တဏှာကြားမှာပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီ ဘုရား)။

အနာဂါမ် ရဟန္တာဖြစ်ချင်ရင်ကော...(ဝေဒနာနဲ့ တဏှာကြားမှာပါ) ပစ္စေကဗုဒ္ဓါ ဖြစ်ချင်ရင်ကော...(ဝေဒနာနဲ့ တဏှာကြား မှာပါ ဘုရား)။

အဲ... ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပျက်ရှုတဲ့မဂ်ပေါ်လာတယ်...(မှန်ပါ့)။

ဒီ ဝိပဿနာမဂ်က မဂ်စစ်ဖြစ်သွားတဲ့ အခါကျတော့ ဒီနေရာမှာ ဘုရားဖြစ်တယ်၊ ပစ္စေကဗုဒ္ဓါဖြစ်တယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဒီနေရာဖြစ်တာ ချည့်မှတ်...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒါ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး...(မှန်ပါ့) ဝေဒနာလဲ ခင်ဗျားတို့ ခန္ဓာကိုယ်၊ တဏှာကော...(ခန္ဓာကိုယ်ပါ) ဥပါဒါန်ကော...(ခန္ဓာကိုယ်ပါဘုရား)။

http://www.dhammadownload.com



ဒီဘက်က ကာယကံ, **ဝစီကံ တွေဆိုတာ** ရှင်တုန်းလုပ်တာ၊ ခင်ဗျားတို့ ခန္ဓာပဲ မဟုတ်လား...(မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ သောတာပန်တည်ရမှာ...(မှန်ပါ) သောတာပတ္တိမဂ် ရောက်ရမယ်... သကဒါဂါမိ မဂ်ကော...(ရောက်ရမှာ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဘုရားလဲ ခန္ဓာထဲမှာ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်လေးပါးဆိုက်ပြီး သကာလ ပွားတာနဲ့ ဩော်...ဒီနေရာမှာ ဘုရားဖြစ်တယ်...(မှန်ပါ)။

ဘုရားဆိုတာ သောတာပ**န် စ, တည်**ရတယ် ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘုရား ဘယ်က **စ, တည်**ရသလဲ...(သောတာပန်ကစ, တည်ရပါတယ်) ဒါဖြင့် ဘုရား သောတာပန်တည်တာ ဘယ်နေရာတုံး...(**ဝေဒနာနဲ့** တဏှာကြားမှာပါဘုရား)။

သကဒါဂါမ်, **အနာ**ဂါမ်, ရဟန္တာ ဖြစ်တာကော (ဝေဒနာနဲ့ တဏှာကြားမှာပါ) ဘုရားဖြစ်တာကော...(ဝေဒနာနဲ့ တဏှာကြားမှာပါ) အဲဒါ ဗောဓိပင်နဲ့ ရွှေပလ္လင်ပါပဲ...(မှန်ပါ)။

ဒီမှာ ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်ကိုခံယူတာ ဒီအချိန်ပဲလို့မှတ်ပါ(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဥစ္စာ ဆုံးအောင်ပဲ ပြပါဦးမယ်တဲ့... ဝေဒနာသုံးပါးရှိတယ် ဒကာ ဒကာမတို့...၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ...(မှန်ပါ)။

http://www.dhammadownload.com



ဝေဒနာဟာ သုံးမျိုးလုံးရှမှနော် . . .(မှန်ပါ့) ဒုက္ခဝေဒနာကလေးတစ်ခုတည်း ရှုနေလို့လဲမဖြစ်ဘူး . . .(မှန်ပါ့) ဝေဒနာက နဂိုက ဘယ်နှပါးရှိသတုံး . . .(သုံးပါးရှိပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခဝေဒနာကလေးသာ ရှာပြီးရှုနေကြမယ်ဆိုရင်ဖြင့် သုခဝေဒနာ ပေါ်လာချိန် မသိတော့ အဝိဇ္ဇာဖြစ်တယ် . . .(မှန်ပါ့)။

ဥပေက္ခာပေါ်တဲ့အချိန် မသိတော့ . . .(အဝိဇ္ဇာဖြစ်ပါတယ်) အဲ . . . ဝေဒနာကို ဒုက္ခကလေးတစ်ခုသာရှာပြီး ရှုနေရင်တော့ မဖြစ်ဘူး . . .(မှန်ပါ့)။

ဘာဖြစ်လို့တုံးဆိုတော့ သုခဝေဒနာ လှည့်ပေါ်လာတာလဲ သိလိုက်သေးရဲ့လား . . .(မသိပါဘုရား)ဥပေက္ခာ လှည့်ပေါ်လာတာကော . . .(မသိပါဘုရား)။

မသိတဲ့ အချိန် ဘာဖြစ်နေသလဲ . . .(အဝိဇ္ဇာဖြစ်ပါတယ်) မသိတော့ အဝိဇ္ဇာဖြစ်တော့ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်လို့ လှည့်သွားလိမ့်မယ် . . .(မှန်ပါ့) မလှည့်ပေဘူးလား . . . (လှည့်ပါ တယ်ဘုရား)။

ဒါ့ကြောင့် ဒုက္ခဝေဒနာတစ်ပါးတည်း မရှုကောင်းဘူးဆိုတာ ပေါ်ပလား . . .(ပေါ်ပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် သုခဝေဒနာ ပေါ်လို့ရှိရင်လဲ သုခဝေဒနာ မရှုပါနဲ့ . . .(မှန်ပါ့) ဘာရှုရမလဲ . . .(ဖြစ်ပျက် ရှုရပါမယ်) အပျက် မြင်အောင်ရှု . . .(မှန်ပါ့)။

ဒုက္ခဝေဒနာ ပေါ်လာလဲ ဘာတုံး . . .(အပျက် မြင်အောင်ရှုရပါမယ်) ဥပေက္ခာဝေဒနာ ပေါ်လာရင်ကော . . . (အပျက်မြင်အောင် ရှုရပါမယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် သူတို့သုံးခုက အပျက်...(မှန်ပါ့) ရှုတာက... (မဂ်ပါဘုရား)သဘောကျပလား...(ကျပါပြီဘုရား)။

မဂ်ဖြစ်သွားတော့ ဒီဘက်က တဏှာ, ဥပါဒါန် ဘယ့်နှယ်နေသလဲ...(ချုပ်သွားပါတယ်) ဒီဘက်က ဒုက္ခတွေ မချုပ်ဘူးလား...(ချုပ်ပါတယ်ဘုရား)။

ကောင်းပြီ ...ဒါဖြင့် ဒကာဒကာမတို့ ဒီဘက်ကဒုက္ခတွေ ချုပ်သွားသောကြောင့် **ဒုက္ခတို့၏** ချုပ်ငြိမ်းရာ ဘာခေါ်မလဲ ...(နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ဒကာဒကာ**မတို့ ဒုက္ခတွေ**ဟာ မဂ်နောက်မှာ ချုပ်တယ်ဆိုတာ ကောင်း**ကောင်းကျေနပ်ပလား**...(ကျေနပ်ပါပြီ ဘုရား)။

မဂ်ရှေ့မှာ ဖြစ်ပျက်ပဲ မြင်ပါ**တယ်၊** တကယ်ချုပ်တာက မဂ်နောက်မှာ မလာတာတွေကိုဆိုတာ ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာကြောင့် ဒီတဏှာဖြစ်တယ်ဆိုတာ သိပလား...(သိပါပြီ) ဒါရှုတဲ့ ပုဂ္ဂိုလ်လား၊ မရှုတဲ့ပုဂ္ဂိုလ်လား...(မရှုတဲ့ပုဂ္ဂိုလ်ပါဘုရား)။

မရှုတဲ့ ပုဂ္ဂိုလ်မှာ သံသရာ ဘာတုံး...(ဆက်ပါတယ် ဘုရား) ရှုတဲ့ပုဂ္ဂိုလ်မှာ...(ပြတ်ပါတယ်ဘုရား) ဒီသံသရာ ပြတ်တယ်...(မှန်ပါ့)။

မရှုတဲ့ပုဂ္ဂိုလ်မှာ ဆက်ပြပါဆိုတော့ ဝေဒနာပစ္စယာ... (တဏှာပါ) တဏှာပစ္စယာ...(ဥပါဒါန်)ဥပါဒါနပစ္စယာ ...(ကမ္မဘဝေါ)။

http://www.dhammadownload.com



ရှုတဲ့ပုဂ္ဂိုလ်ကျတော့ **အပျက်ကိုမြင်အောင်** ရှုဆိုသောကြောင့် အပျက်ဟာ ချုပ်တယ်၊ **ဝေဒနာ** ချုပ်သွားတာ မဟုတ်လား...(မှန်ပါ့)။

ဝေဒနာ နိရောဓာ...(တဏှာနိရောဓော) တဏှာနိရောဓော ဆိုတဲ့ မဂ်ပေါ်လာတယ်...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ထိုကဲ့သို့ မဂ်ပေါ်လာလို့ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတွေသည် ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်သောကြောင့် တဏှာနိရောဓောဟာ တဏှာချုပ်တာလား၊ မဂ်ပေါ်တာလား...(မဂ်ပေါ်ပါတယ်ဘုရား)။

တဏှာကို လာသေးရဲ့လား...(မလာပါဘုရား) ဒါဖြင့် မလာဘဲနဲ့ ချုပ်တာကို နိရောဓ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာနိရောဓာ...(တဏှာ နိရောဓော) သံသရာပြတ်တယ်...(မှန်ပါ့) အားမထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာပစ္စယာ...(တဏှာ) တဏှာပစ္စယာ...(ဥပါဒါနံ) ဥပါဒါန ပစ္စယာ...(ဘဝေါ)။

ဟော... ပစ္စုပ္ပန်ဘဝနဲ့ အနာဂတ်ဘဝ တွဲလိုက်တယ်...(မှန်ပါ့)။

အားမထုတ်တဲ့ ပုဂ္ဂိုလ်မှာ ပစ္စုပ္ပန်ဘဝနဲ့...(အနာဂတ် ဘဝ တွဲပါတယ်ဘုရား)။

အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာနိရောဓာ...(တဏှာ နိရောဓောပါ ဘုရား) တဏှာနိရောဓောဆိုတော့ ပစ္စုပ္ပန်

http://www.dhammadownload.com



ဘဝမှာလဲ အနာဂတ် အကြောင်းတွေ မပြတ်ဘူးလား... (ပြတ်ပါတယ်ဘုရား)။

ဒါကြောင့် အနာဂတ် အကျိုးသုံးခု လာသေးရဲ့လား... (မလာပါဘုရား)သေသေချာချာ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါက အလုပ်... လုပ်တဲ့ပုဂ္ဂိုလ် **အကျိုးကိုပြ**တယ်၊အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ် အပြစ်မြင်တယ်...**(မှန်ပါ့) ရှင်း**ပလား... (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ **သူ့**ကို ဆုံးအောင် **သွားကြ**ပါဦးစို့၊ ဒကာ ဒကာမတို့ ဝေဒနာ ဘယ်သူ့ကြောင့် **ဖြစ်ပါလိမ့်**...(ဖဿကြောင့် ဖြစ်ပါတယ်ဘုရား)။

ဖဿဆိုတာ တွေ့ထိတာ၊ ဖ**ဿ**...(မှန်ပါ့)တွေ့ထိလို့ အကောင်းအဆိုးရွေးတယ်...(မှန်ပါ့) **အကောင်းအဆိုး** ရွေးတဲ့ အခါကျတော့ ကြိုက်တယ်၊ ကြိုက်တာက ဘာ**တုံး**...(တဏှာပါ ဘုရား)။

မရ...မနေနိုင်ဘူး...(ဥပါဒါန်ပါ) ကိုယ်တိုင် အားထုတ်မယ် ဆိုတော့...(ကမ္မဘဝပါ) ကာယကံ, ဝစီကံတွေ မလုပ်ပေဘူးလား...(လုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ခက်နေတာ...(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဖဿက ဘယ်ကလာပါလိမ့်...(သဠာယတနက လာပါတယ်) သဠာယတနဆိုတာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,စိတ်...(မှန်ပါ့)။

http://www.dhammadownload.com



မျက်စိကမြင်တော့ တွေ့ချင်တယ်...(မှန်ပါ) မြင်တာကလေးကို မတွေ့ချင်ဘူးလား...(တွေ့ချင်ပါတယ်) တွေ့ချင်ရင်ဖြင့် အကောင်းအဆိုး ခံစားမှာပဲ၊ ခံစားရင်ဖြင့် နှစ်သက်မှာပဲ၊ နှစ်သက်စွဲလမ်းမယ်၊ စွဲလမ်းရင် ကိုယ်တိုင် အားထုတ်မယ်... (မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

ကောင်းပြီ၊ သဠာယတန ဘယ်ကလာပါလိမ့်...(နာမ်နဲ့ ရုပ်က လာပါတယ်) ခင်ဗျားတို့ နာမ်ရုပ်ရှိလို့ လာတာ... (မှန်ပါဘုရား)။

ဒါဖြင့် နာမ်ရုပ်က ဘယ်ကလာသတုံး...(ဝိညာဏ်က လာပါတယ်) ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေကလာတာ...(မှန်ပါ)။

ကောင်းပြီ၊ ဒကာဒကာမတို့ ဒီဝိညာဏ်သည် ဘယ်က လာပါလိမ့်မတုံ...(သင်္ခါရက လာပါတယ်)သင်္ခါရ သုံးမျိုးက လာပြန်တယ်...(မှန်ပါ)။

ဒီသုံးမျိုးက ဘယ်ကလာသတုံး...လို့မေးခွန်းထုတ်ပြန်တယ်...(အဝိဇ္ဇာက လာပါတယ်ဘုရား)။

ကောင်းပြီ၊ ဒကာဒကာမတို့ ဒါက အတိတ်ဘဝ (မှန်ပါဘုရား) ဒီ ၁– နဲ့ ဒီ၂– ကို ဘာခေါ်ကြမယ်...(အတိတ်ဘဝပါဘုရား)။

တစ်ခါ ၃...၄...၅...၆...၇...၈... ဒကာဒကာမတို့ ဟောဒီကံ ကျအောင်သည် ပစ္စုပ္ပန်ဘဝလို့ မှတ်လိုက်...(မှန်ပါ)။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်,ကံ, ဒါ ခင်ဗျားတို့ ယခုဘဝ၊ သဘောကျပလား...(ကျပါပြီဘုရား)။

သုံးပိုင်း ပိုင်း၊ ခင်ဗျားတို့ ယခုဘဝကို ဆက်လုပ်တဲ့ ပုဂ္ဂိုလ်မှာ အနာဂတ်ဘဝ,ဒီနှစ်ခု လာဦးမယ်... (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ဇာတိနဲ့ ဇရာ မရဏာသည် ဘယ်ဘဝပါလိမ့်... (အနာဂတ် ဘဝပါဘုရား)။

ဝိညာဏ်က အစ၊ ကမ္မဘဝ အဆုံး ဘယ်ဘဝပါလိမ့်... (ပစ္စုပ္ပန် ဘဝပါ) အဝိဇ္ဇာ သင်္ခါရ... (အတိတ်ဘဝပါ) ပဋိစ္စသမုပ္ပာဒ်ဆိုတာ သုံးဘဝ ဆက်ပြတာလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာနဲ့ သင်္ခါရက ဘယ်ဘဝပါလိမ့်... (အတိတ်ဘဝပါ) ဝိညာဏ် အစ၊ ကံ အဆုံး... (ပစ္စုပ္ပန်ဘဝပါ) ဇာတိနဲ့ ဇရာ မရဏာက... (အနာဂတ်ဘဝပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝိပဿနာရှုတော့ကို အနာဂတ် ဘဝလဲမရောက်သေးလို့ မရှုနဲ့... (မှန်ပါ) အတိတ်ဘဝလဲ လွန်ပြီးသားဖြစ်နေလို့ ရှုစရာမလိုဘူး... (မှန်ပါ) ဒီပစ္စုပ္ပန် ဘဝထဲမှာ ရှုရမယ်...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ်ကိုရှုမယ်... (ပစ္စုပ္ပန်ဘဝထဲ ရှုပါမယ်ဘုရား) ခင်ဗျားတို့ အသက်ရှင်တုန်း ရှုရမယ်။

ဒါဖြင့် ခင်ဗျားတို့သည် သေသေချာချာ မှတ်ပါတဲ့၊ ဒီပါဠိ သေသေချာချာကြည့်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဥပါဒါန်, ကံ ဘယ်ဘဝပါလိမ့်... (ပစ္စုပ္ပန် ဘဝပါဘုရား)။

ပစ္စုပ္ပန်ဘဝဆိုတာ ခင်ဗျားတို့ ယခုဖြစ်နေတာ...(မှန်ပါ)။

ခင်ဗျားတို့ ယခု ဝိညာဏ်ကော မရှိဘူးလား...(ရှိပါတယ်) သဠာယတနဆိုတဲ့ မျက်လုံးကလေးတွေ စသည်ကော... (ရှိပါတယ် ဘုရား) ဖဿတွေကော...(ရှိပါတယ်) ဝေဒနာ တွေကော...(ရှိပါတယ်) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါက ဝေဒနာတွေ ရှိနေတယ်၊ တဏှာ အခုရှိသလားလို့

http://www.dhammadownload.com



မေးတော့ မရှိဘူးဆိုရမယ်၊ ဥပါဒါန်ကော...(မရှိပါဘုရား) ကံကော...(မရှိပါဘုရား)။

မရှိတာက တရားနာနေတုန်းမို့ မရှိတာ၊ အိမ်ရောက်တော့ ဒီအတိုင်း ဆက်တာပဲ...(မှန်ပါ့)သဘောကျပလား...(ကျပါပြီ ဘုရား)။

တရားနာနေတုန်းတော့ ဝေဒနာနောက်က ဒီတရားနာ နေတဲ့ ဝိပဿနာ မဂ်က ဝင်နေတယ်...(မှန်ပါ့) သဘော ကျပလား... (ကျပါပြီဘုရား)။

တရားမနာတော့ပါဘူး ဆိုလို့ရှိရင် ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ...(မှန်ပါ့) ဒီကျအောင် သွားနေတယ်...(မှန်ပါ့) တရားနာနေတဲ့ အခါကျတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာမဂ်...(မှန်ပါ့) သဘောကျပလား... (ကျပါပြီ ဘုရား)။

တရားနာနေတုန်းတော့ ဒီလိုဖြစ်နေတယ်...(မှန်ပါ့) တရားနာနေတုန်းတော့ ပစ္စုပ္ပန်ဘဝမှာပဲ ပြတ်နေတယ်... (မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

တရားမနာ, တရား အားမထုတ်လို့ရှိရင်ဖြင့် ပစ္စုပ္ပန် ဘဝမှာကို ဘာဖြစ်နေသတုံး...(ဆက်နေပါတယ်ဘုရား)။

ဘယ်ကျအောင် ဆက်သတုံး...လို့ မေးခွန်းထုတ်လို့ရှိရင် သေသည်၏အခြားမဲ့၌ နောက်ဘဝ ပဋိသန္ဓေနေရအောင် ဆက် တာပဲ ...(မှန်ပါ့)မဆက်ဘူးလား...(ဆက်ပါတယ်ဘုရား)။

ဒီကံကျမှ ရပ်တာကိုး၊ ဒီကံပြီး သေတဲ့အခါကျတော့ နောက်ဘဝ ဇာတိရမယ်၊ မရပေဘူးလား...(ရပါတယ်ဘုရား) သဘောပါပလား...(ပါပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ကို ယနေ့ရှင်းထား ပါ၊ နက်ဖြန် ဒါမရှင်းတော့ဘူး...(မှန်ပါ့)။

http://www.dhammadownload.com



ဒါ ဘယ် ဘဝပါလိမ့်၊ အဝိဇ္ဇာသင်္ခါရ...(အတိတ်ဘဝပါ) ဝိညာဏ်က အစ၊ ကံ အဆုံး...(ပစ္စုပ္ပန်ဘဝပါ) ဇာတိအစ၊ ဇရာ မရဏအဆုံး...(အနာဂတ်ဘဝပါ)။

ဒါဖြင့် ခင်ဗျားတို့ ရထားတဲ့ ပဋိစ္စသမုပ္ပာဒ် ခင်ဗျားတို့ သွားမယ့်လမ်းကို ခင်ဗျားတို့ ခင်းနေတာနဲ့ အတူတူပဲ...(မှန်ပါ့) ဆက်လာမယ်ဆိုတာ သိရဲ့လား...(သိပါတယ်ဘုရား)။

ဖြတ်ချင်ရင် ဝေဒနာ နောက်ကနေပြီး ဘာလုပ်ရမလဲ... (ဝိပဿနာ လုပ်ရပါမယ်) မဂ်သွင်းလိုက်...(မှန်ပါ့) ဝေဒနာ ဖြစ်ပျက်ရှုလဲ မဂ်ဖြစ်မှာပဲ...(မှန်ပါ့)။

ဖဿ ဖြစ်ပျက်ရှုရင်ကော...(မဂ်ဖြစ်ပါတယ်) သဠာယတန ရှုရင်ကော...(မဂ်ဖြစ်ပါတယ်) နာမ်ရုပ်ဖြစ်ပျက် ရှုရင်ကော...(မဂ်ဖြစ်ပါတယ်) စိတ်ကိုဖြစ်ပျက် ရှုရင်ကော... (မဂ်ဖြစ်ပါတယ် ဘုရား)။

ကဲ...ရှုစရာက ၁-၂-၃-၄-၅ သဘော ကျပလား (ကျပါပြီဘုရား)။

ရှုစရာက ရှေ့ပိုင်းက ဘယ်နှခုတုံး...(ငါးခုပါဘုရား) ရှေ့ပိုင်းက ငါးခုအနက် တစ်ခုခု ရှုလို့ရှိရင် နောက်ပိုင်းက သုံးခု ပြတ်တယ်၊ တဏှာ, ဥပါဒါန်, ကံပြတ်တယ်...(မှန်ပါ့)။

ရှေ့ပိုင်းက ငါးခု တစ်ခုခုရှုရင်...(နောက်ပိုင်းသုံးခု ပြတ်ပါတယ် ဘုရား)။

သုံးခုက ဘာပါလိမ့်...(တဏှာ,ဥပါဒါန်,ကမ္မဘဝပါ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒါလောက်နဲ့ပဲ ယနေ့ တော်ကြဦးစို့။

သာဓု...သာဓု...သာဓု

**ဤတွင် အမှတ်စဉ် (၂၇) ပြီးဆုံးပါပြီ။**